# မုဒ္ဒါဘိသေကာဒီပဋ္ဌက

-----

မင်းတိုင်ပင်အမတ်ကြီးမဟာစမ္မသကြာ်

## မုဒ္ဒါဘိသေကဒီပနီ

ဆရာကြီးဦးရာကျော်

## မြန်မာမဟာမင်္ဂလာမင်းခမ်းတော်

မြသိန်းတန်စေတီ

## ရွှေထီးတော်တင်မင်္ဂလာ

မဟာဝိသုဒ္ဓါရာမဆရာတော်

## မာယာဒေဝီဝတ္ထုမှ မင်းခမ်းများ

နောက်ဆက်တွဲ

## မင်းခမ်းဝင်ပါဠိစပ်ရာအထွေထွေ

ဤမုဒ္ဒါဘိသေကာဒိပဥ္စက(၅-ကျမ်းတွဲ)ကျမ်းကြီးကို
အဆက်မပြတ် ထုတ်ဝေနိုင်ရန် ရည်သန်၍ ငွေပဒေသာပင်
စိုက်ထူကာ ပညာသံဝဏ္ဏနိကကုသိုလ်ပြုကြသော
ဓမ္မဒါန ဒါယကာများ

------

ရန်ကုန်မြို့၊ ရွှေသုဝဏ်ကျောင်းတိုက်

၁၂-ကြိမ်မြောက်

**အေးမြစိုးဖောင်ဒေးရှင်း**

**ကထိန်အလှူတော်ကြီး၏**

ကထိနပရိဝါရ (ကထိန်နောက်ဆက်တွဲ အခြံအရံအလှူ)

ကထိန်ဒါယကာ, ဒါယိကာမများ

မိသားစုတို့ ကောင်းမှု

နတ်လူသာဓုခေါ်စေသော၀်။

ပုံနှိပ်မှတ်တမ်း

-----

ပထမအကြိမ်

အုပ်ရေ- ၁၀၀၀

၁၃၇၂-ခုနှစ်၊ ( ၂၀၁၀-ခုနှစ် )

ဗုဒ္ဓစာပေအဖွဲ့ဝင် ဦးမြင့်စိုး၊ ဦးသိန်းအောင်၊ ဦးစိုးတင့်တို့ ကြီးကြပ်ပြင်ဆင်သည်။

ရန်ကုန်မြို့၊ ကမ္ဘာအေး သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန ကမ္ဘာအေးပုံနှိပ်တိုက်အတွက် ညွှန်ကြားရေးမှူး ဦးဝင်းနိုင် မှတ်ပုံတင်အမှတ်(၀၃၈၄၃)က ပုံနှိပ်၍ ဗုဒ္ဓစာပေအဖွဲ့ ဦးညွန့်မောင် ယာယီမှတ်ပုံတင်အမှတ်(၁၃၈၅)က ထုတ်ဝေသည်။

# မုဒ္ဒါဘိသေကာဒိပဥ္စက

-----

မင်းတိုင်ပင်အမတ်ကြီးမဟာမ္မေသကြံ

## မုဒ္ဒါဘိသေကဒီပနီ

ဆရာကြီးဦးရာကျော်

## မြန်မာမဟာမင်္ဂလာမင်းခမ်းတော်

မြသိန်းတန်စေတီ

## ရွှေထီးတော်တင်မင်္ဂလာ

မဟာဝိသုဒ္ဓါရာမဆရာတော်

## မာယာဒေဝီဝတ္ထုမှ မင်းခမ်းများ

နောက်ဆက်တွဲ

## မင်းခမ်းဝင်ပါ။စပ်ရာအထွေထွေ

# မုဒ္ဒါဘိသေကာဒိပဋ္ဋက(၅–ကျမ်းတွဲ)

## မာတိကာ


၁။ မုဒ္ဒါဘိသေကဒိပနီ [၇]

၂။ မြန်မာမဟာမင်္ဂလာမင်းခမ်းတော် ၁၂၁

၃။ မြသိန်းတန်စေတီ၊ ရွှေထီးတော်တင်မဟာမင်္ဂလာ
အခမ်းအနား ၃၄၅

၄။ မယ်တော်မာယာဝတ္ထုမှ မင်းခမ်းတော်များ ၃၇၁

၅။ မင်းခမ်းစပ်သွယ်၊ မှတ်ဖွယ်အထွေထွေ ၄၁၇

- ဘိသိက်ခဏ်း နှာ- ၄၁၈။ - ရတနာနဒီဘွဲ့မော်ကွန်း (ဦးပုည) - ၄၃၆

- ရတနာနဒီမော်ကွန်း(ကင်းဝန်)-၄၄၆။ - ပလ္လင်တော် ၈-ခန်းဘွဲ့- ၄၄၈။

(၁)

## မင်းတိုင်ပင်အမတ်ကြီး မဟာစည်သကြီး

မောင်းထောင်သာသနာပိုင် (မြန်မာ ၁၁၅၁-၁၁၇၃)"ဟောင်း"

# မူဒ္ဒါဘိသေကဒီပနီ

## (မုဒ္ဒါဘိသိက်ခံ စာတမ်း)

၁၃၄၂ ၂၀၁၀

## မြန်မာနိုင်ငံ၊ ပြက္ခဒိန်အကြံပေးအဖွဲ့

| | |
|---|---|
| ရွှေသုဝဏ်ဆရာတော်၊ (ဓမ္မာစရိယ) | ဥက္ကဋ္ဌ |
| ဆရာတော်ဦးပညိန္ဒ | အဖွဲ့ဝင် |
| ဆရာကြီးဦးသန်းညွန့်၊ (ဓမ္မာစရိယ) | ။ |
| ဆရာကြီးဦးအောင်ချစ်၊ (ဓမ္မာစရိယ) | ။ |
| ဆရာကြီးဦးပြေငြိမ်း | ။ |
| ဆရာကြီးဦးကျော် | အတွင်းရေးမှူး |

အောက်ဖော်ပြပါ ကျမ်းများသည် ခေတ်အဆက်ဆက်က လက်ရေးမူ, လက်နှိပ်စက်မူဆိုက်အမျိုးမျိုးဖြင့် ရှိနေ၍ စုစုစည်းစည်း ထိမ်းသိမ်းထားရန်လည်း ခက်ခဲသည်။ သို့ဖြစ်ရာ ဤပြက္ခဒိန်အကြံပေးအဖွဲ့ ဆရာကြီး ၆-ဦး (၂၀၁၀-ပြည့်နှစ်)တို့ အလွယ်တကူ သုတေသနပြုနိုင်ရန် ရွှေသုဝဏ်ကျောင်းက သန့်စင်သည်အထိ ကွန်ပျူတာစာစီ လှူဒါန်းထားသည်။

### ဆရာကိုင်ကျမ်းများ

၁။ တွက်ရိုး (၈-စောင်တွဲ)
၂။ သံဒိဋ္ဌဋီကာသစ်ကျမ်းကြီး (ဖက်ပင်အိုင်)
၃။ မုဒ္ဒါဘိသေကာဒီပဋ္ဌက (၅-ကျမ်းတွဲ)
၄။ ရာဇသေဝကဒီပနီကျမ်း
၅။ အဓိမာသ် (၉-ကျမ်း)
၆။ သရစုံ ၁၀-ဖွဲ့
၇။ နေမိတ္တကဝိဇ္ဇာ,လင်္ကာနှင့် အထွေထွေ
၈။ အင်္ဂဝိဇ္ဇာဋီကာကြီး (၃-ကျမ်းတွဲ)

၉။ ရာဇမတ္တဏ္ဍနိဿရည်း (သုတ်သင်ဆဲ)
၁၀။ ဇောတိတတ္ထနိဿရည်း (သုတ်သင်ဆဲ)
၁၁။ သရဒွေး(သရောဒယ)(ပ-တွဲ) ။
၁၂။ ။ ။ (ဒု-တွဲ) ။
၁၃။ သူရိယသိဒ္ဓါန္တဋီကာနိဿရည်း ။
၁၅။ လီလာဝတီကျမ်း ။

# မုဒ္ဒါဘိသေကဒီပနီ၊ မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| - | အမှာစာ | [ ၁၃ ] |
| *က– | ဂန္ထာရမ္ဘ ၅-ဂါထာပါဌ် | ၁ |
| *ခ– | စကားထားဖွယ် အစဉ် ၃-ပါး | ၄ |
| *ဂ– | စကားဖွယ်ရာ အင်္ဂါ ၄-ပါး | ၄ |
| *ဃ– | စကားစစ်ဖွယ် အစိတ် ၅-ပါး | ၅ |
| *င– | အကျဉ်းဥဒ္ဒေသစကား (ကျမ်းကိုး ၁၈-ကျမ်း အမည်ပါသည်။) | ၅ |
| [ ၁ ] | ဘိသိက်အပြား | ၁၀ |
| [ ၂ ] | မုဒ္ဒါဘိသေကသော အရင်းမူလပဋ္ဌာန | ၁၁ |
| [ ၃ ] | မုဒ္ဒါဘိသိက်ခံသော် အကျိုးများစွာရ | ၁၂ |
| [ ၄ ] | မုဒ္ဒါဘိသိက်မခံသော် များစွာအပြစ်ရှိ | ၁၅ |
| [ ၅ ] | မုဒ္ဒါဘိသိက်ခံထိုက်သော အကြောင်း ၅-ပါး | ၁၅ |
| [ ၆ ] | ဘိသိက်မြောက်ရာသော အင်္ဂါ ၃-ပါး | ၁၆ |
| [ ၇ ] | ဘိသိက်ခံရာသော နှစ်အပိုင်းအခြား | ၁၇ |
| [ ၈ ] | ဘိသက်ခံရာသော အခါသမယ | ၁၈ |
| [ ၉ ] | ဘိသိက်မခံမီ သာသနာရေးကို ရှင်းလင်းသုတ်သင်ထားရခြင်း | ၁၈ |
| [ ၁၀ ] | ဘိသက်မခံမီ တိုင်းပြည်ရေးကို ရှင်းလင်းသုတ်သင်ထားရခြင်း | ၂၀ |
| [ ၁၁ ] | မင်းအဆောင်အယောင်များကို မဟာသင်္ကြန် ဘိသိက်တော်မီအောင် တင်ယင်လုပ်ဆောင်ရခြင်း | ၂၀ |
| [ ၁၂ ] | မင်းဝတ်,မင်းစားများကို တင်ယင်လုပ်ဆောင်ရခြင်း | ၂၁ |
| [ ၁၃ ] | ဝဲ,ယာခင်းကျင်းရန် မင်းခမ်းမင်းနားများကို တင်ယင်လုပ်ဆောင်ရခြင်း | ၂၂ |

# {၁} မုဒ္ဒါဘိသေကဒီပနီ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| [ ၁၄ ] | ရွှေတံဆိပ်တုံး၊ ရွှေပေများကို တင်ယင်လုပ်ဆောင်ရခြင်း | ၂၃ |
| [ ၁၅ ] | အရှင် ၂-ပါး တံဆိပ်,နာမံတော်များကို ရွေးချယ်ရေးသားထုလုပ်ရခြင်း | ၂၃ |
| [ ၁၆ ] | တံခါး ၂၅-ရပ်၊ မော်ကွန်း ကပ်ထားစိုက်ထူရကြောင်း | ၂၄ |
| [ ၁၇ ] | မဟာသင်္ကြန်ခေါ်တော်မူရာမြေကို မင်္ဂလာသမုတ်၍ တမတ်တိုင် စိုက်ရကြောင်း | ၂၄ |
| [ ၁၈ ] | မဟာသင်္ကြန် နန်းတော် | ၂၆ |
| [ ၁၉ ] | သင်္ကြန်တော်ခေါ်တော်မူရန် အဆောက်အဦ | ၂၇ |
| [ ၂၀ ] | ဘေးမဲ့လွှတ်ရန် သတ္တဝါစု | ၂၉ |
| [ ၂၁ ] | သင်္ကြန်တော် ရေမျိုးစုံ | ၃၀ |
| [ ၂၂ ] | သင်္ကြန်ရေတော်ခပ်အစီအစဉ် | ၃၂ |
| [ ၂၃ ] | သင်္ကြန်ရေတော်ခပ်သောအခြင်းအရာ | ၃၄ |
| [ ၂၄ ] | ပြိုဟ်နည်းတူ ပသပူဇော်သောအစီအစဉ် | ၃၆ |
| [ ၂၅ ] | သင်္ကြန်ခေါ်တော်မူသောအကြောင်း | ၃၈ |
| [ ၂၆ ] | ယာယီစံနန်းတော်အစီအရင် | ၄၀ |
| [ ၂၇ ] | ဘိသိက်နန်းတော်ကြီးအစီအရင် | ၄၀ |
| [ ၂၈ ] | အတွင်းရေသဖန်း နန်းတော်အစီအရင် | ၄၄ |
| [ ၂၉ ] | မြေပလ္လင်တော်အစီအရင် | ၄၅ |
| [ ၃၀ ] | ဘဒ္ဒပိဌမည်သော ရေသဖန်းအင်းပျဉ်တော်အစီအရင် | ၄၆ |
| [ ၃၁ ] | အခါတော်စောင့်နန်းတော်အစီအရင် | ၄၇ |
| [ ၃၂ ] | ဝတ်လဲတော်နန်းအစီအရင် | ၄၈ |
| [ ၃၃ ] | သိကြားရေစင်ခံနန်းတော်အစီအရင် | ၄၉ |
| [ ၃၄ ] | ရွှေကန်တော့နှင့် ရွှေလင်ပန်းအပေါက်-၁,၀၀၀ | ၄၉ |
| [ ၃၅ ] | ရေထားတန်ဆောင်းအစီအရင် | ၅၀ |
| [ ၃၆ ] | နဝတတ်အိုင်အစီအရင် | ၅၀ |

# မာတိကာ




| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၇ | မဟာပိန္နဲအစောင့်နှင့် ရေစင်သွန်း သိကြားအစီအရင် | ၅၁ |
| ၃၈ | အထွတ်တပ်သော ပြာသာဒ်နန်းတော်အစီအရင် | ၅၂ |
| ၃၉ | ဂြိုဟ်နတ်ပူဇော်ရန်, ပရိတ်တော်ရွတ်ရန် တန်ဆောင်းအစီအရင် | ၅၂ |
| ၄၀ | ရေမျိုးစုံအစီအရင် | ၅၃ |
| ၄၁ | မြေမျိုးစုံအစီအရင် | ၅၃ |
| ၄၂ | ဂြိုဟ်နတ် ပသပူဇော်သောအစီအရင် | ၅၄ |
| ၄၃ | သိကြားရေစင်တော်, ဘိသိက်တော်ရေ ဆောင်ယူသောအစီအရင် | ၅၆ |
| ၄၄ | သိကြားရေစင်ခံတော်မူရန် အဆောက်အအုံ | ၅၈ |
| ၄၅ | အခါတော်စောင့်လင့်တော်မူသောအစီအရင် | ၅၉ |
| ၄၆ | ဝတ်လဲတော်ဆင်သောအစီအရင် | ၆၂ |
| ၄၇ | သိကြားရေစင်ခံတော်မူသောအစီအရင် | ၆၃ |
| ၄၈ | အထွဋ်တပ်သည့်ပြာသာဒ်တော်တွင် ဗြဟ္မာမင်း၏အဝတ်ကို ဆင်တော်မူသောအစီအရင် | ၆၄ |
| ၄၉ | ဘိသိက်နန်းတော်တွင် အတည်အထား | ၆၆ |
| ၅၀ | နမန္တာဘက်, ခေတ်ဘက် တပ်စုံအခင်းအကျင်း | ၆၉ |
| ၅၁ | အဘိသေက ထီးဖြူတော်ဖွင့်သောအစီအရင် | ၆၉ |
| ၅၂ | လက်ဝဲ, လက်ယာ ကျင်းပရာသော မင်းခမ်းတော်စု | ၇၀ |
| ၅၃ | ဘိသိက်နန်းတော်သို့ အသျှင် ၂-ပါး ကူးကြွတော်မူသောအစီအရင် | ၇၁ |
| ၅၄ | မြေနန်းရာဇပလ္လင်တက်တော်မူသောအစီအရင် | ၇၂ |
| ၅၅ | ၁။မင်းမြောက်တန်ဆာ ၅-ပါးဆက်ခြင်း, ၂။နာမံတော်ဆက်ခြင်းအစီအရင် | ၇၃ |
| ၅၆ | မုဒ္ဒါဘိသိက်တော်သွန်းခြင်းအစီအရင် | ၇၅ |
| ၅၇ | ဘိသိက်ခံတော်မူဆုံးတွင် ကျက်သရေမင်္ဂလာနိမိတ်ဩဘာ ဖြစ်ပွါးစေခြင်းအစီအရင် | ၇၉ |
| ၅၈ | ရွှေနန်းတော်ကြီး တက်သိမ်းစံပယ်တော်မူသောအစီအရင် | ၈၁ |


(ဤမာတိကာများကို ရှေ့နှာ ၅ — ၈-တွင်လည်း တွေ့ရလတ္တံ့။)

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| * ၈– | အလောင်းမင်းတရား၏ ဘိုး,ဘေး,ဘီ,ဘင် အစဉ်အဆက် (ကျမ်းကိုး ၁၈-ကျမ်း အမည်ပါသည်။) | ၉၀ |
| * ဆ– | နိဂုံးဂါထာ | ၉၄ |
| * ဇ– | ဘိသိက်ခံတော်မူသည်မှစ၍ ရွှေနန်းတော်ကြီး တက်သိမ်းစံတော်မူသည့်တိုင်အောင် ဘိသိက်နန်းတော်ပတ်လည် အရပ် ၈-မျက်နှာ၊ နမဿာဘက်၊ ဓာတ်ဘက်၊ ဆင်,မြင်း,သူရဲသူခက် ခင်းကျင်းရန်ထားသည့် ဇယားစာရင်း | ၉၇ |
| * ဈ– | ဘိသိက်ခံတော်မူရာအခမ်းအနားများတွင် အသျှင်ဘဝရှင်မင်းတရားကြီးကိုယ်တိုင်တော် ရွတ်တော်မူသည့် ဂါထာစု | ၁၀၄ |
| * ည– | ကျမ်းဂန်လာသော ရာဇာဘိသေကမင်းခမ်းစု ဇယားအင်း | ၁၁၁ |
| * ဋ– | ဘိသိက်နန်းတော်တွင် မာရဘင်တံခါး လက်ဝဲ,လက်ယာထီးဖြူ ၄-စင်း, ယပ်မား ၂-စင်း စိုက်ဆောက်၍ အတင်တော် စင်ရှင်နှင့် ခင်းကျင်းမြဲ မင်းခမ်းမင်းနား ၁၃-စီ ဇယားအင်း | ၁၁၂ |
| * ဌ– | သီရိဓမ္မာသောကမင်းက ဒေဝါနံပိယတိဿမင်းအား ဘိသိက်ခံရန် ပေးလိုက်သော ရာဇာဘိသေကမင်းခမ်းစု | ၁၁၃ |

မာတိကာ ပြီး၏။

----- x -----

## မုဒ္ဒါဘိသေကာဒိပဥ္စက (၅-ကျမ်းတွဲ) အမှာစာ

ကုန်းဘောင်ခေတ် မြန်မာနှစ် ၁၁၈၅-ခုနှစ်တွင် မောင်းထောင်သာသနာပိုင် ဆရာတော်ဘုရားကြီး တဖြစ်လဲ မင်းတိုင်ပင်အမတ်ကြီး မဟာဓမ္မသင်္ကြံသည် ၃-နှစ်တိုင်တိုင် သုတေသနပြု၍ ရေးသားစီရင်အပ်သော ၁-မုဒ္ဒါဘိသေကဒီပနီကျမ်း လက်နှိပ်စက်စာမူကို ရှေးဟောင်းစာပေသုတေသီ ၁-ဦးက ကျေးဇူးပြုသဖြင့် ကွန်ပျူတာစာစီထားပါသည်။

ထို့ပြင် မန္တလေးမြို့ မန္တလေးတိုင်း သတင်းစာပုံနှိပ်တိုက်၌ ခေတ်သမယ အလိုက် အထိုက်လျော်စွာ သတင်းစာဆရာ အယ်ဒီတာအလုပ် လုပ်ကိုင်၍ အသက်မွေးရပါသော စာရေးတော်ကြီး ဦးရာကျော်သည် ထီးဆောင်း, ဥကင်ဖွင့်, ဘိသိက်ခံ, အိမ်ရှေ့နှင်း-စသော (သုမင်္ဂလ), သင်္ဂြိုဟ်ထမ်း(ဒုမင်္ဂလ)အခမ်းအနားများနှင့် ကုန်းဘောင် ၁၁-ဆက် မင်း, မိဖုရား, သားတော်, သမီးတော်အကြောင်းတော်များကို ပြဆိုရာဖြစ်သော ၂-မြန်မာမဟာမင်္ဂလာ မင်းခမ်းတော် စာတမ်းကိုလည်းကောင်း၊

တဖန် ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးနှင့် မင်းကွန်းဘုရားများသမိုင်း (လယ်တီဦးလှပိုင်)ကျမ်းများမှ ၃-မြသိန်းတန်စေတီရွှေထီးတော်တင်မင်္ဂလာ အခမ်းအနားမှာ မှတ်သား ဖွယ်ရာ ကောင်းလှသဖြင့် ယင်းကိုလည်းကောင်း၊

တဖန်တုံ ဂေါတမဘုရားရှင် အလောင်းတော်သိဒ္ဓတ္ထမင်းသား၏ မင်္ဂလာအခမ်း အနားများကို ပြဆိုရာဖြစ်သော သိရီမဟာမာယာဒေဝီဝတ္ထုတော်ကို မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရား အနက်ပြန်ဆိုသော ၄-မာယာဒေဝီဝတ္ထုမှ မင်းခမ်းများကိုလည်းကောင်း၊

ထိုမှတပါး မန်လည်ဆရာတော်ဘုရားကြီးရေး မဃဒေဝဘိသိက်ခဏ်း၊ စလေ ဆရာကြီး ဦးပုညရေး ရတနာနုဒိဘွဲ့မော်ကွန်း၊ ကင်းဝန်မင်းကြီးရေး ရတနာနုဒိမော်ကွန်းနှင့် မြဝတီမင်းကြီး ဦးစ-ရေး ပလ္လင်တော် ၈-ခန်းဘွဲ့များကို စုပေါင်း၍ ၅-မင်းခမ်းဝင်ပါ၊ စပ်ရာ အထွေထွေစာစုကိုလည်းကောင်း ရွှေသုဝဏ်ကျောင်းက ကွန်ပျူတာစာစီထားပါသည်။

ယင်း ၅-ကျမ်းလုံးကို ပေါင်း၍ ဆရာကိုင်ရန်အတွက် မိတ္တူ ၁၀-စုံကူးကာ စာအုပ် ချုပ်လုပ်လှူဒါန်းရာ အလိုရှိသူ များပြားလှ၍ ဗုဒ္ဓစာပေအဖွဲ့က အေးမြစိုးဖောင်ဒေးရှင်း ကထိန်အလှူငွေဖြင့် ကထိန်အခြံအရံ ဓမ္မဒါနအဖြစ် ပုံနှိပ်ထုတ်ဝေပါသည်။

ဘဒ္ဒန္တသဒ္ဓိယ
(၁၀.၁၂.၂၀၁၀)

# အမှာစာ

ယခုတင်ပြမည့် မောင်းထောင်ဆရာကြီး၏ မုဒ္ဒါဘိသေကဒီပနီခေါ် မုဒ္ဒါဘိသိက်ခံ စာတမ်းပုရပိုက်ကို မန္တလေးမြို့ သမိုင်းကော်မရှင် ဦးမောင်မောင်တင်ထံမှ ရရှိခြင်း ဖြစ်ပါသည်။ ပုရပိုက်မှ ဖယောင်းမူသို့ ကူးရာတွင် ပုရပိုက်မူမှ လက်နှိပ်စက်ဖြင့် တိုက်ရိုက်ကူးယူရခြင်းဖြစ်၍ အချို့နေရာများတွင် လက်နှိပ်စက် အကူးမှားသည်ကို ပြန်လည်စိစစ်၍ စာအုပ်နောက်ပိုင်းတွင် အမှားပြင်ဆင်ချက် ထည့်သွင်းပေးထားပါသည်။ ထို့ကြောင့် ရိုက်နှိပ်ရာတွင်လည်း အပိုဒ်ခွဲခြင်း, အခန်းခွဲခြင်းများ စနစ်တကျ မပြုလုပ်နိုင်ခဲ့၍ ဖတ်ရှုရာတွင် လွယ်ကူစေရန် အခန်းများကို အမှတ်စဉ်ထိုး၍ ကွင်းဝိုက်ပြထားပြီး အခန်းပြီးဆုံးကြောင်းကို မျဉ်းသား၍ ပြထားပါသည်။

ပုရပိုက်မူတွင် ပါသရွေ့ မူရင်းအတိုင်းသာ ရိုက်နှိပ်တင်ပြထားခြင်း ဖြစ်ပါသည်။ တည်းဖြတ်တိုက်ဆိုင် ပြင်ဆင်ခြင်း မပြုလုပ်နိုင်ခဲ့ပါ။ သက္ကတ, ပါဠိဂါထာများတွင် မူအတိုင်း တတ်နိုင်သမျှ ရရှိအောင် ရိုက်ကူးသော်လည်း သက္ကတစာလုံးများ၏ ခက်ခဲမှုကြောင့် အနည်းငယ် ချို့ယွင်းနေမည်ကို တွေ့ရှိပါက ပညာရှင်တို့ ပြင်ဆင်ဖြည့်စွက် ဖတ်ရှုကြပါရန် အနူးအညွတ် ပန်ကြားအပ်ပါသည်။ တင်ပြသူ၏ ရည်ရွယ်ချက်မှာ တိမ်မြုပ်နေသော ရှေးဟောင်းစာမူကို ပညာရှင်များ၏ လက်တွင်းသို့ ဖြန့်ချိအပ်နှံခြင်းသာ ဖြစ်ပါသည်။

မုဒ္ဒါဘိသိက်ခံ(ယူပုံ)များကို ရာဇဝင်ကြီးများတွင် သီးခြားစာတမ်းရှိပြီးဖြစ်၍ မဖော်ပြတော့-ဟုသာ အဆုံးသတ်ထားကြသည်။ ဗြိတိသျှခေတ်ဦးပိုင်း ပညာရှင်ကြီးများ ပြုစုသည့် မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း, ရွှေနန်းသုံးအဘိဓာန်-စသည်တို့တွင်လည်း မုဒ္ဒါဘိသိက်ခံယူပုံကို အကျဉ်းမျှသာ ဖော်ပြထားကြပါသည်။ ဤသို့ဖြင့် အသေးစိတ် ဖော်ပြထားသော မှတ်တမ်းများမှာ တိမ်မြုပ်ပျောက်ကွယ်လာပြီး ပညာရှင်များနှင့် အလှမ်းဝေးရသည့်ဘဝသို့ ရောက်ရှိလာရတော့သည်။ ထိုအခက်အခဲများကို ကျော်လွှန်နိုင်ရန်အတွက် ဤစာတမ်းကို ကူးယူဖြန့်ဝေလိုက်ရခြင်း ဖြစ်ပါသည်။

ရှေးခေတ်က မြန်မာတို့၏ ယဉ်ကျေးမှု, အယူဝါဒ၊ အုပ်ချုပ်ပုံနည်းစနစ်, စာပေ စသည်တို့မှာ မင်းနေပြည်တွင် စုဝေးပြီး ထွန်းကားသန္ဓေတည်ခဲ့ကြရသည်။ မင်းနေပြည်တွင် မင်းသည် အချုပ်ဖြစ်ခဲ့သည်။ မင်းတွင်မှ မုဒ္ဒါဘိသိက်ခံယူသော မင်းမှသာလျှင် မင်းကောင်း, မင်းမြတ်၊ မင်းစစ်ဖြစ်သည်-ဟု ယူဆကြသည်။ ထို့ကြောင့် မုဒ္ဒါဘိသေကခံစာတမ်းမှာ ရှေးခေတ် အုပ်ချုပ်ပုံစနစ်၏ အထွတ်အထိပ်မှတ်တမ်း-ဟု ခေါ်ဆိုထိုက်ပေသတည်း။

ရှေးဟောင်းစာပေ သုတေသီတစ်ဦး

## မင်းတိုင်ပင်အမတ်ကြီး မဟာစည်သကြီး

# မုဒ္ဒါဘိသေကဒီပနီ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### *က— ဂန္ထာရမ္ဘ ၅-ဂါထာပါဌ်

ဇယတု သဗ္ဗမင်္ဂလံ။

၁။ ဝိနေသိ ရာဇရာဇာ ယော၊ သုရာဇာနော သုစရိတ။
သုဓမ္မေန သုဓမ္မဒ္ဒိ၊ ဓနနန္ဒနသိံ နမေ။ *(ထီးဖြူဂါထာ)*

၂။ ရာဇရာဇာ နယံ ယေန၊ ဟိတံ ရာဇာဘိရာဇာနံ။
နန္ဒိတံ ရာဇရာဇူဘိ၊ ဝန္ဒေ လောကမဟာဟိတံ။ *(မှန်ကင်းဂါထာ)*

၃။ ရာဇရာဇသုတော ယောဝ၊ မုတ္တော သမ္မာ ဇရာဇရာ။
ရာဇရာဇဟိတံ နေသိ၊ ဝန္ဒေ မုတ္တံ ဇရာဇရာ။ *(တံခွန်ဂါထာ)*

၄။ ဇဝံ နတွာန ပူဇေယျံ၊ သာဓုကံ ရတနတ္တယံ။
အာယာစေတွာ လောကပါလ- ဒေဝေ လောကဟိတေသိနော။ (ဝိပုလမိဿက)

၅။ အမ္ဗံ ရာဇာမိရာဇဿ၊ မုဒ္ဒါဘိသေကကာရဏံ။
ယထာဂန္ထံ ယထာတန္တိံ၊ ပဝက္ခာမိ အနာကုလံ။ *(ပထျာဝတ္တဂါထာ)*

# {၁} မုဒ္ဒါဘိသေကဒီပနီ

၁။ ဝိနေသိ ရာဇရာဇာ ယော၊ သုရာဇာနော သုစရိတာ။
သုဓမ္မေန သုဓမ္မဒ္ဒံ၊ ဓနနဒ္ဓနသီ နမေ။ *(ထီးဖြူဂါထာ)*

၁။ ယော ဇိနော၊ အကြင်မြတ်စွာဘုရားသည်။ ရာဇရာဇာ၊ ဓမ္မသနင်း၊ မင်းထက်မင်း ဖြစ်တော်မူ၍။ သုရာဇာနော၊ မင်းကောင်း,မင်းမြတ်တို့ကို။ သုစရိတာသုဓမ္မေန၊ ကောင်းသော အကျင့်၊ ကောင်းသောတရားဖြင့်။ ဝိနေသိ၊ ဆုံးမတော်မူလေပြီ။ သုဓမ္မဒ္ဒံ၊ ကောင်းမြတ်သော တရားကို ပေးတတ်ထသော။ ဓနနဒ္ဓနသီ၊ ဥစ္စာရှိသူ, မရှိသူ၊ ခပ်သိမ်းသောသူတို့၏ဥစ္စာ ရတနာအစစ် ဖြစ်တော်မူထသော။ တံ ဇိနံ၊ ထိုမြတ်စွာဘုရားကို။ နမေ နမာမိ၊ ရှိခိုးပါ၏။

၂။ ရာဇရာဇာ နယံ ယေန၊ ဟိတံ ရာဇာဘိရာဇာနံ။
နန္ဒိတံ ရာဇရာဇူဘိ၊ ဝန္ဒေ လောကမဟာဟိတံ။ *(မှန်ကင်းဂါထာ)*

၂။ ယေန ဓမ္မေန၊ အကြင်တရားတော်ဖြင့်။ ရာဇရာဇာ၊ ဓမ္မသနင်း၊ မင်းထက်မင်း ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ရာဇာဘိရာဇာနံ၊ လောကသနင်း၊ မင်းထက်မင်းဖြစ် သော မင်းတရားတို့၏။ ဟိတံ၊ ပစ္စုပ္ပန်,သံသရာ၊ ချမ်းသာစီးပွါးကို။ နယံ နေသိ၊ ဆောင်ရွက် တော်မူလေပြီ။ ရာဇရာဇူဘိ၊ လူများသနင်း၊ မင်းထက်မင်းဖြစ်သော မင်းတရားတို့သည်။ နန္ဒိတံ၊ နှစ်သက်အပ်ထသော။ လောကမဟာဟိတံ၊ လူ ၃-ပါးတို့၏ မြတ်သောအစီးအပွါး ဖြစ်ထသော။ တံ ဓမ္မံ စ၊ ထိုတရားတော်ကိုလည်း။ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏။

၃။ ရာဇရာဇသုတော ယောဝ၊ မုတ္တော သမ္မာ ဇရာဇရာ။
ရာဇရာဇဟိတံ နေသိ၊ ဝန္ဒေ မုတ္တံ ဇရာဇရာ။ *(တံခွန်ဂါထာ)*

၃။ ယော သံယော၊ အကြင်သံဃာတော်သည်။ ရာဇရာဇသုတော၊ ဓမ္မသနင်း၊ မင်းထက်မင်းဖြစ်သော မြတ်စွာဘုရား၏ သားတော်အစစ် ဖြစ်ရကား။ ဇရာဇရာ၊ အိုခြင်း, သေခြင်း-စသော သံသရာဆင်းရဲမှ။ သမ္မာ၊ ကောင်းစွာ။ မုတ္တော၊ ကင်းလွတ်တော်မူသည် ဖြစ်၍။ ရာဇရာဇဟိတံ၊ လူများသနင်း၊ မင်းထက်မင်းဖြစ်တော်မူသော မင်းတရားတို့၏ အစီးအပွါးကို။ နေသိ၊ ရွက်ဆောင်တော်မူလေပြီ။ ဇရာဇရာ၊ အိုခြင်း, သေခြင်း-စသော သံသရာဆင်းရဲမှ။ မုတ္တံ၊ ကင်းလွတ်စေတတ်ထသော။ တံ သံဃံ စ၊ ထိုသံဃာတော်ကို လည်း။ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏။

၄။ ဧဝံ နတွာန ပူဇေယျံ၊ သာဓုကံ ရတနတ္တယံ။
အာယာစေတွာ လောကပါလ- ဒေဝေ လောကဟိတေသိနော။(ဝိပုလမိဿက)

၄။ ဧဝံ ဣမာဟိ ဂါထာဟိ၊ ဤသို့ဆိုခဲ့ပြီးသော၊ ထီးဖြူဂါထာ၊ မှန်ကင်းဂါထာ၊ တံခွန်ဂါထာတို့ဖြင့်။ သာဓုကံ၊ ကောင်းမွန်စွာ။ ပူဇေယျံ၊ ပူဇော်ထိုက်ထသော။ ရတနတ္တယံ၊ ရတနာ ၃-ပါးအပေါင်းကို။ နတွာန၊ ရှိခိုးပြီး၍။ လောကဟိတေသိနော၊ လူတို့အစီးအပွါးကို ရှာမှီးတတ်ကုန်သော။ လောကပါလဒေဝေ စ၊ လောကပါလနတ်တို့ကိုလည်း။ အာယာစေတွာ၊ ခယတောင်းပန်ပြီး၍။

**၅။ အမှံ ရာဇာဓိရာဇဿ၊ မုဒ္ဒါဘိသေကကာရဏံ။**
**ယထာဂန္ထံ ယထာတတ္ထံ၊ ပဝက္ခာမိ အနာကုလံ။** *(ပထျာဝတ္တဂါထာ)*

၅။ အမှံ ရာဇာဓိရာဇဿ၊ မင်းတကာတို့ထက် ကဲလွန်သော မင်းထက်မင်းဖျား၊ မင်းတရားအစစ် ဖြစ်တော်မူသော စတုတ္ထရတနာပူရ၊ ရွှေမြို့တည်၊ နန်းတည်၊ လွှက်*(လက်နက်)* စကြာအသျှင်၊ ဆဒ္ဒန်ဆင်မင်းသခင်၊ ဆင်ဖြူများရှင်၊ ငါတို့အသျှင်၊ ဘဝရှင်မင်းတရားကြီး ဘုရား၏။ ယထာဂန္ထံ၊ ကျမ်းဂန်နှင့် လျော်ညီစွာ။ ယထာတတ္ထံ၊ စာတမ်းထုံးစံရှိသည့်အတိုင်း။ မုဒ္ဒါဘိသေကကာရဏံ၊ မုဒ္ဒါဘိသိက်ခံတော်မူသော အကြောင်းအရာကို။ အနာကုလံ၊ အနှောင့်အယှက်မရှိ သန့်ရှင်းစင်ကြယ်စွာ။ ပဝက္ခာမိ၊ အပြားအားဖြင့် ဆိုပေလတ္တံ့။

ဤသို့လျှင် ခပ်သိမ်းသော ကျမ်းဦး၌ ထားမြဲသော ဂန္ထာရမ္ဘ ၅-ဂါထာကို စတုတ္ထ-ရတနာပူရမြို့တည်၊နန်းတည်၊ လွှက်*(လက်နက်)*စကြာအသျှင်၊ ဆဒ္ဒန်ဆင်မင်းသခင်၊ ဆင်ဖြူများရှင် အသျှင်ဘဝရှင်မင်းတရားကြီးဘုရား မုဒ္ဒါဘိသေက ရာဇာဘိသိက်ခံတော်မူသည့် အတိုင်း နောက်နောင် ကာလအရှည်၊ သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အညွန့်၊ အဓွန့်ရှည်စွာ၊ ကမ္ဘာကျေလည်း ဥဒါန်းမကျေ အမြဲထုံးစံဖြစ်စိမ့်သောငှာ အသေအချာ စာတမ်းမော်ကွန်း ပြဋ္ဌာန်းရေးသားထားလို၍ ဆိုသတည်း။

ယင်းသို့ ဆိုရာ၌ အတိုင်းမသိ များလှစွာသော ရတနာ ၃-ပါးတို့ ဂုဏ်ကျေးဇူး ရှိငြားသော်လည်း ရတနာအပေါင်းတို့၏ တည်ရာ မဟာသမုဒ္ဒရာဝယ် အလိုရှိသော ရတနာကို ထုတ်ယူနိုင်မှု အလိုရှိတိုင်း ရဘိသကဲ့သို့ ဂုဏ်ကျေးဇူးအပေါင်း၏ တည်ရာဖြစ်သော ရတနာ ၃-ပါးတို့၌ အလိုရှိသော ဂုဏ်ကျေးဇူးဖြင့် ချီးမွမ်းလိုမှု၊ အလိုရှိတိုင်း ရသည်ဖြစ်၍ ထိုထိုအရာဌာနနှင့် လျော်စွာ ချီးမွမ်းထောမနာပြုဖြစ်ရကား လူများသနင်း မင်းတရားတို့ အခမ်းအနားကို ဆိုသောအရာဌာနနှင့် သင့်လျော်အောင် မင်းတကာတို့ထက် ကဲလွန်သော ဓမ္မသနင်း မင်းထက်မင်းဖြစ်သော ရာဇရာဇာ-အစရှိသော ဂုဏ်ကျေးဇူးအထူးဖြင့် ချီးမွမ်း ထောမနာပြုသတည်း။

ယင်းသည် ဂန္ထာရမ္ဘ ၅-ဂါထာဖြင့် ဘုရား ၅-ဆူတို့ပွင့်ရာ ဤဘဒ္ဒကပ်ကမ္ဘာ၏ အစ ရှေးဦးကလည်း ခရုသင်း ၃-လုံးဖြင့် ဘိသိက်ခံသော မဟာသမ္မတမင်းမြတ်ဖြစ်၍ သတ္တဝါ အပေါင်းကို စိုးအုပ်စောင့်ရှောက်တော်မူခြင်း, အလယ်၌လည်း မန္ဓာတ်သုဒဿန, သီလဝ, နေမိ-အစရှိသော မင်းတို့သည် ခရုသင်း ၃-လုံးဖြင့် ဘိသိက်ခံသော မင်းမြတ်ဖြစ်၍ သတ္တဝါ တို့ကို စောင့်ထိန်းဆုံးမတော်မူခြင်း, အဆုံးစွန်လည်း ၈၂,၀၁၂-ယောက်သော အာဒိစ္စဝင် မင်းတို့ အဆက်အနွယ် ခရုသင်း ၃-လုံးဖြင့် ဘိသိက်ခံသော သိဒ္ဓတ္ထကုမာရမင်းမြတ်တို့ ဖြစ်၍ သတ္တဝါတို့ ချမ်းသာစီးပွါးကို ရွက်ဆောင်တော်မူခြင်းများဖြင့် မင်းတကာတို့ထက် ကဲလွန်သော မင်းထက်မင်းဖြစ်သော ရာဇရာဇာ-အစရှိသော ဂုဏ်ကျေးဇူးအထူးဖြင့် ရတနာ ၃-ပါးကို ကြည်ညိုစွာ ရှိခိုးပူဇော်ဦး၍ ဤလောကကို စောင့်ရှောက်မ-စပေးတတ်သော သိကြား, စတုလောကပါလ, ပရမေသွရာ, မဟာပိသဿနိုး, မဟာဝိနာယက, လက္ခမီ, သူရဿ- တီ-အစရှိသော ကမ္ဘာစောင့်နတ်တို့ကိုလည်း ရိုသေစွာ ခယပန်ကြားဦး၍ လွှက်*(လက်နက်)* စကြာအသျှင်, ဆဒ္ဒန်ဆင်မင်းသခင်, ဆင်ဖြူများရှင်, ငါတို့အသျှင်, ဘဝရှင်မင်းတရားကြီး ဘုရား မူဒ္ဒါဘိသိက်ခံတော်မူသည့်အတိုင်း အသေအချာ စာတမ်းမော်ကွန်း ပြုစွန်းရေးသား ထားပေလတ္တံ့-ဟူ၍ ပဏ္ဏာမပဋိညာဉ်ကို ပြသတည်း။ ။ ဂန္ထာရမ္ဘစကား ပြီး၏။

## * ခ — စကားထားဖွယ်အစဉ် ၃-ပါး

ယင်းသို့ ပြခဲ့ပြီးသော ဂန္ထာရမ္ဘပဏ္ဏာမပဋိညာဉ်နှင့်အညီ–

- အကျဉ်းသာ ထားသော ဥဒ္ဒေသစကား၊
- မကျဉ်းမကျယ်ပြသော နိဒ္ဒေသစကား၊
- အကျယ်ဖွင့်သော ပဋိနိဒ္ဒေသစကား-ဟူ၍ စကားထားဖွယ်အစဉ် ၃-ပါး။

## * ဂ — စကားဖွယ်ရာ အင်္ဂါ ၄-ပါး

- သုဘာသိတဝါစာ- ကောင်းစွာအပြေအပြစ် အသေအချာ ဆိုသောစကား၊
- ဓမ္မဝါစာ- တရားနှင့် ညီညွတ်အောင် ဆိုသောစကား၊
- ပိယဝါစာ- ချစ်ခင်နာပျော်ဖွယ် ဆိုသောစကား၊
- သစ္စဝါစာ- ဟုတ်မှန်သည်အတိုင်း မယိုမယွင်းရအောင် ဆိုသောစကား-

ဟူ၍ စကားဖွယ်ရာ အင်္ဂါ ၄-ပါး။

## *ဃ— စကားစစ်ဖွယ် အစိတ် ၅-ပါး

- ပဋိညာ- ဆုံးဖြတ်သောစကား၊ - ဥပမာ- ပုံပမာ ခိုင်းနှိုင်းသောစကား၊
- ဟေတု- အကြောင်းကို ဆောင်ညွှန်းသော စကား၊
- ဥဒါဟရဏ- သက်သေသာဓေ ထုတ်ပြသော စကား၊
- နိဂမန- အပြီးနိဂုံး ချုပ်အုပ်သောစကား—

ဟူ၍ စကားစစ်ဖွယ် အစိတ် ၅-ပါးတို့ဖြင့် ကျမ်းဂန်စာတမ်း စီကုံးရေးဖွဲ့မြဲ ကဝိလက္ခဏာ ဓမ္မတာသဘောကို ကျမ်းဂန်ဆိုသည်နှင့်အညီ အကျဉ်းသာထားသော ဥဒ္ဒေသစကားကို လက်ဦးစွာဆိုပြီးမှ စကားဖွယ်ရာ အင်္ဂါ ၄-ပါး၊ စကားစစ်ဖွယ် အစိတ် ၅-ပါးတို့ဖြင့် သင့်တင့် ညီညွတ်စွာ တန်ဆာဆင်ယင်၍ မကျဉ်းမကျယ်ပြသော နိဒ္ဒေသစကား၊ အကျယ်ဖွင့်သော ပဋိနိဒ္ဒေသစကား အစီအစဉ် ရှင်းလင်းသိသာအောင် ဆိုပေလတ္တံ့။

## * င— အကျဉ်း ဥဒ္ဒေသစကား

လက်ဦးစွာ အကျဉ်းထားသော ဥဒ္ဒေသစကားကား—

[ ၁ ] လူတို့အထွဋ် သမ္မုတိနတ် ဖြစ်တော်မူသော ရေမြေသနင်း မင်းတရားတို့ ခံရသော ဘိသိက်သည် ၂-ပါး, ၃-ပါး, ၄-ပါး, ၅-ပါး, ၆-ပါးတိုင်အောင် ကျမ်းဂန်အဆို အတိုင်း အထူးအပြား များစွာရှိကြောင်း၊

ထိုသို့များသော ဘိသိက်အပြားတို့တွင်—

[ ၂ ] မုဒ္ဓါဘိသေကရာဇာဘိသိက်သာ ရှေးဦးစွာခံရသော အရင်းမူလပဋ္ဌာနဖြစ်ကြောင်း

[ ၃ ] ရာဇာဘိသိက်ခံသော် အကျိုးများစွာရကြောင်း

[ ၄ ] ရာဇာဘိသိက်မခံသော် အပြစ်များစွာရှိကြောင်း

[ ၅ ] ဘိသိက်ခံထိုက်သောအကြောင်း ၅-ပါး

[ ၆ ] ဘိသိက်မြောက်ရာသော အင်္ဂါ ၃-ပါး

[ ၇ ] ရာဇာဘိသိက်ခံရသော နှစ်အပိုင်းအခြား

[ ၈ ] ရာဇာဘိသိက်ခံရသော အခါသမယ

[ ၉ ] ဘိသိက်ခံသောအခါသမယ မတိုင်မရောက်မီ သာသနာတော်ရေးရှိသမျှကို သုတ်သင်စီရင်ရကြောင်း

[ ၁၀ ] တိုင်းရေး, ပြည်ရေး ရှိသမျှကိုလည်း သုတ်သင်ရှင်းလင်းရကြောင်း

[ ၁၁ ] ပဟိုရ်စည်၊ ဓာတ်စည်၊ မင်္ဂလာမင်းကြားစည်၊ စည်တော်စုံ၊ သူရဲကြီးအလံ၊ ရဲတံခွန်အလံ၊ ဝင်း ၄-မျက်နှာအလံ၊ ထီးဖြူတော်ဆောင်းသောဆင်က၊ နန်ပေါင်းက၊ ပေါင်းဝန်က၊ သက္ကဒါန်က၊ ရဲက၊ သဥ္စာလိက၊ တပ်ဆောင်က၊ မင်းစီးရထား၊ သူရဲစီးရထား-အစရှိသော မင်းဆောင်,မင်းယောင်များကို မဟာသကြိန်တော်, ဘိသိက်တော်မီအောင် တင်ယင်လုပ်ဆောင်ရကြောင်း

[ ၁၂ ] မကိုဋ်တော်၊ ဒုယင်တော်မှ စ၍ မင်းဝတ်,မင်းစားများကို တင်ယင်လုပ်ဆောင်ရကြောင်း

[ ၁၃ ] ထီးဖြူတော်, ယပ်မားတော်မှ စ၍ လက်ဝဲ,လက်ယာ ခင်းကျင်းရန် မင်းမြောက်တန်ဆာ၊ မင်းခမ်း, မင်းနားများကို အစုံအလင် တင်ယင်လုပ်ဆောင်ရကြောင်း

[ ၁၄ ] အသျှင်ဘဝရှင် မင်းတရားကြီးဘုရား သံတံဆိပ်တော်၊ ရွှေပေ ပတ္တမြားစီ နာမံတော်၊ အသျှင်မိဖုရားခေါင်ကြီးဘုရား ရွှေပေ ပတ္တမြားစီ နာမံတော်များကို ရေးသားထုလုပ်ရန် တံဆိပ်တုံး, ရွှေပေ တင်ယင်လုပ်ဆောင်ရကြောင်း

[ ၁၅ ] အသျှင်ဘဝရှင် မင်းတရားကြီးဘုရား နာမံတော်၊ အသျှင်မိဖုရားခေါင်ကြီးဘုရား နာမံတော်များကို သင့်မြတ်အောင် ရွေးချယ်၍ ရေးသားထုလုပ်ရကြောင်း

[ ၁၆ ] ရွှေနန်းတော်၊ နန်းမြို့တော်၊ မော်ကွန်းတံခါး ၂၅-ရပ် မော်ကွန်းများကို ထုလုပ်တပ်ထား စိုက်ထူရကြောင်း

[ ၁၇ ] ဘိသိက်မင်္ဂလာတော်၏ ပရိကံ,ဥပစာဖြစ်သော မဟာသကြိန်ခေါ်တော်မူအံ့သော ငှာ ရွှေမြို့တော်မှ တာ ၃၀၀-ကွာ နေ့နံသင့်ရာအရပ်တွင် စတုရန်းတာ ၅၀-မြေကို မင်္ဂလာသညာသမုတ်၍ ဆွဲစာနှင့် တမတ်တိုင် စိုက်ရကြောင်း

[ ၁၈ ] ထိုအရပ်တွင် တဲ,တန်ဆောင်း, အခြံအရံနှင့် မဟာသကြိန်နန်းတော်

[ ၁၉ ] သကြိန်ခေါ်တော်မူရန် အဆောက်အအုံ

[ ၂၀ ] ဘေးမဲ့လွှတ်ရန် သတ္တဝါစု

[ ၂၁ ] သကြိန်ရေမျိုးစုံ

[ ၂၂ ] ရေတော်ခပ်သော အစီအစဉ်

[ ၂၃ ] ရေတော်ခပ်သော အခြင်းအရာ

[ ၂၄ ] ဗြိုဟ်နည်းတူ ပ-သပူဇော်သော အစီအစဉ်

[ ၂၅ ] သကြံန်ခေါ်တော်မူသော အကြောင်းအရာ

[ ၂၆ ] မြေနန်းတော် မြောက်တွင် ဘိသိက်ခံတော်မူခါနီးကို စံတော်မူရန် ယာယီစံနန်းတော်

[ ၂၇ ] မြေနန်းတော်ရှေ့တွင် မဏ္ဍပ်ကြီး ဘိသိက်နန်းတော်

[ ၂၈ ] ထိုမဏ္ဍပ်ကြီး၏ အတွင်း၌ ရေသဘင်မဏ္ဍပ်တော်

[ ၂၉ ] ထိုရေသဖန်းမဏ္ဍပ်၏အလယ် မာရဘင်ဦးကင်း တံခါးပြင်က မြေပလ္လင်တော်

[ ၃၀ ] ထိုမြေပလ္လင်ထက်တွင် ဘဒ္ဒပီဌ-မည်သော ရေသဖန်းအင်းပျဉ်တော်

[ ၃၁ ] အခါတော်စောင့်နန်းတော်

[ ၃၂ ] ဝတ်လဲတော်နန်းတော်

[ ၃၃ ] သိကြားရေစင်ခံနန်းတော်

[ ၃၄ ] ရွှေကန်တော့နှင့် ရွှေလင်ပန်းအပေါက်-၁,၀၀၀

[ ၃၅ ] ၎င်းက အနောက်တောင် ရေထားတန်ဆောင်း

[ ၃၆ ] ၎င်းသိကြားရေစင်ခံနန်းတော်က အနောက်စူးစူး နဝတတ်အိုင်

[ ၃၇ ] ၎င်းက အရှေ့စူးစူး မဟာပိန္နဲအစောင့်နှင့် ရေစင်သွန်းသိကြား

[ ၃၈ ] သိကြားရေစင်ခံနန်းတော်က မြောက်စူးစူး အထွဋ်တပ်သည့် ပြာသာဒ်နန်းတော်

[ ၃၉ ] မြေနန်းတော် ရှေ့တန်ဆောင်းနှင့် နန်းမြို့တော်ပတ်လည် တန်ဆောင်း ၈-ရပ်

[ ၄၀ ] ရေမျိုးစုံ

[ ၄၁ ] မြေမျိုးစုံ

[ ၄၂ ] ဗြိုဟ်,နတ် ပ-သပူဇော်သော အစီအရင်

[ ၄၃ ] သိကြားရေစင်တော်, ဘိသိက်တော်ရေဆောင်ယူသော အစီအစဉ်

[ ၄၄ ] သိကြားရေစင်ခံတော်မူရန် အဆောက်အအုံ

[ ၄၅ ] အခါတော်စောင့်လင့်တော်မူသော အစီအရင်

[ ၄၆ ] ဝတ်လဲတော်ဆင်တော်မူသောအစီအရင်

[ ၄၇ ] သိကြားရေစင်ခံတော်မူသောအစီအရင်

[ ၄၈ ] အထွဋ်တပ်သော ပြာသာဒ်တော်တွင် ဗြဟ္မာမင်း၏အဝတ်ကို ဝတ်ဆင်တော်မူသော အစီအရင်

[ ၄၉ ] ဘိသိက်နန်းတော်တွင် အတည်အထား

[ ၅၀ ] ဘိသိက်နန်းတော်ပတ်လည် နမန္တာဘတ်, ဓာတ်ဘက်, တပ်စုံအခင်းအကျင်း

[ ၅၁ ] အဘိသေကမြေနန်း ရာဇပလ္လင်တော်တွင် အဘိသေကထီးဖြူတော်ဖွင့်သောအစီအရင်

[ ၅၂ ] လက်ဝဲ,လက်ယာကျင်းပရသော မင်းခမ်းတော်

[ ၅၃ ] ဘိသိက်နန်းတော်သို့ အရှင် ၂-ပါး ကူးကြွတော်မူသော အစီအရင်

[ ၅၄ ] ဘိသိက်နန်းတော်သို့ ရောက်၍ မြေနန်းရာဇပလ္လင် တက်တော်မူသော အစီအရင်

[ ၅၅ ] ရာဇပလ္လင်သို့ တက်တော်မူပြီးလျှင် မင်းမြောက်တန်ဆာ ၅-ပါးဆက်ခြင်း, တံဆိပ်နာမံတော်လျှောက်ခြင်း အစီအရင်

[ ၅၆ ] မင်္ဂလာအခါတော်ရောက်လျှင် ဘိသိက်တော်သွန်းခြင်း အစီအရင်

[ ၅၇ ] ဘိသိက်ခံတော်မူဆဲတွင် အထူးထူးအပြားပြားရှိ ကျက်သရေမင်္ဂလာနိမိတ်, ဩဘာဖြစ်ပွါးစေခြင်း အစီအရင်

[ ၅၈ ] ဘိသိက်ခံတော်မူပြီးလျှင် ရွှေနန်းတော်ကြီး တက်သိမ်းစံပယ်တော်မူသော အစီအရင်

ယင်းသို့ ဆိုခဲ့ပြီးသော ၅၈-ပါးသော စကားအချုပ်, အရာမကသော စကားအစိတ်အဆစ်အပိုင်းတို့ကို သာသနာကျမ်း, လောကီကျမ်း, စာတမ်းထုံးစံများနှင့် ညီညွတ်နိုင်းယှဉ်ဆွေးနွေးဆင်ခြင်စေ၍ မယိုမယွင်း၊ မယုတ်မလွန်, သင့်မြတ်မှန်ကန်စွာသော အစီအရင်ဖြင့်မုဒ္ဒါဘိသေက ရာဇာဘိသိက်ခံတော်မူသည်။

ဤမျှလောက်သော အစီအစဉ်အားဖြင့် အကျဉ်းအမြွက်မျှထားသော ၅၈-ပါးသော ဥဒ္ဒေသစကား ပြီး၏။

----- x -----

ယင်းသို့ထားခဲ့သော ဥဒ္ဒေသစကားကို—

၁။ သမန္တပါသာဒိကအဋ္ဌကထာ,

၂။ သီဟနာဒသုတ်အဋ္ဌကထာ,

၃။ သုမင်္ဂလဝိလာသိနီအဋ္ဌကထာ,

၄။ ပပဉ္စသူဒနီအဋ္ဌကထာ,

၅။ သာရတ္ထဒီပနီဋီကာ,

၆။ မဟာဝင်ဋီကာ,

၇။ သီလက္ခန္ဓဝဂ္ဂဋီကာ,

၈။ ပါထေယျဝဂ္ဂဋီကာ – စသော သာသနာကျမ်း၊

၉။ သကလာဘိသေက,

၁၀။ ရာဇာဘိသေက,

၁၁။ သရောဒယ-စသော လောကီကျမ်း,

၁၂။ ပုဏ္ဏားတို့ ဆက်သော သင်္ကရိုက်အဘိသေကစာတမ်း,

၁၃။ ရာမညတိုင်း မင်းတို့ ဘိသိက်ခံသော မွန်အဘိသေကစာတမ်း,

၁၄။ ဟရိဘုဉ္ဇတိုင်း မင်းတို့ ဘိသိက်ခံသော ယွန်းအဘိသေကစာတမ်း,

၁၅။ သုဓမ္မပူရမြို့ မင်းတို့ ဘိသိက်ခံသော သထုံအဘိသေကစာတမ်း,

၁၆။ မြန်မာတိုင်းပြည် မင်းအဆက်ဆက် ဘိသိက်ခံသော မြန်မာအဘိသေကစာတမ်း,

၁၇။ ဒိသာဗေယျစာတမ်း,

၁၈။ ရာဇမင်္ဂလာစာတမ်း၊

ဤ ၁၈-စောင်သော အဘိသေကကျမ်း စာတမ်းအစောင်စောင် (နာ ၉၃, ၉၄-လုမ်းရှု) နှိုင်းညှိတိုက်ဆိုင်၍ ယုတ္တာ ယုတ္တိ သဘောသကန် ညီညွတ်သင့်မြတ်ရာ ရွေးချယ်စိစစ်လျက် မကျဉ်း, မကျယ်ပြသော နိဒ္ဒေသစကား၊ အကျယ်ဖွင့်သော ပဋိနိဒ္ဒေသစကားတို့ဖြင့် သိသာ ခြားနားစွာ အစဉ်အတိုင်း ဖွင့်ပြပေလတ္တံ့။

## [ ၁ ] ဘိသိက်အပြား

လူတို့အထွဋ် သမုတိနတ်ဖြစ်တော်မူသော ရေမြေအသျှင် မင်းတရားတို့ ခံရသော ဘိသိက်ကား–

၁။ မင်းမြောက်သော ခတ္တိယာဘိသေက,
၂။ ဘုန်းကျက်သရေ အသစ်သွင်းသော သီရိပဝေသနာဘိသေက- ဟူ၍လည်း ၂-ပါး။

၁။ ဦးထိပ်ထက် စိုက်၍သွန်းသော မုဒ္ဒါဘိသေက,
၂။ အိမ်ရှေ့နှင်းသော ဥပရာဇာဘိသေက,
၃။ ဆင်ဖြူရတနာ-စသည်ကို သိမ်းမြန်းသော မင်္ဂလာဘိသေက-ဟူ၍လည်း ၃-ပါး။

၁။ မင်းမြောက်သော ရာဇာဘိသေက,
၂။ ရွှေဘုံ,ရွှေနန်း သိမ်းမြန်းသော ဒွါရာဘိသေက,
၃။ ရန်စစ် အောင်မြင်စိမ့်သောငှာ ခံသော ဇေယျာဘိသေက,
၄။ ထိမ်းများအံ့သောငှာ ခံသော ဝိဝါဟာဘိသေက-ဟူ၍လည်း ၄-ပါး၊

၁။ ခရုသင်း ၃-လုံးဖြင့် ဦးထိပ်၌ စိုက်၍သွန်းသော မုဒ္ဒါဘိသေက,
၂။ မိဖုရားကြီးမြောက်သော မဟေသီဘိသေက,
၃။ အိမ်ရှေ့နှင်းသော ဥပရာဇာဘိသေက၊

၁။ ဆင်ကောင်း, မြင်းကောင်း-အစရှိသည်ကို သိမ်းမြန်းသော မင်္ဂလာဘိသေက၊
၂။ ရန်စစ် အောင်မြင်စေခြင်းငှာ ခံသော အာယုဘိသေက၊
၃။ စီးပွါးချမ်းသာ များစေလို၍ ခံသော မဟာဘိသေက,
၄။ ရန်စစ် အောင်မြင်စေလိုသဖြင့် ခံသော ဝိဇယာဘိသေက၊
၅။ တိုင်းပြည်အလုံးငြိမ်ဝပ်သာယာအောင် ခံသော သကလာဘိသေက-ဟူ၍လည်း ၅-ပါး၊

ဤသို့လျှင် မဟာသုတသောမဇာတ်-စသော နိပါတ်, အဘိဓာန်, ဒီပဝင်, မဟာဝင်, သကလာဘိသေကကျမ်း, မွန်အဘိသေကစာတမ်း-စသော ကျမ်းဂန်အမြင်အတိုင်း ဘိသိက်အပြား များစွာရှိသည်။ ဘုန်းကျက်သရေသွင်းသော ဘိသိက်ခံနည်းကို မဟာသုတသောမဇာတ်, ဝေဿန္တရာဇာတ်, မဏိကုဏ္ဍလဇာတ်များမှာ ဆိုသည်။

အိမ်ရှေ့နှင်းသော ဘိသိက်ခံနည်းကို ပါရာဇိကဏ်အဋ္ဌကထာ, မဟာဝင်များမှာ လာသည်။

ဆင်ကောင်း, မြင်းကောင်း-စသည်ကို သိမ်းမြန်းသော ဘိသိက်ခံနည်းကို အလီန-စိတ္တဇာတ်, သိန္ဓဝဇာတ်များမှာ ဟောသည်။

မိဖုရားမြှောက်သော ဘိသိက်ခံနည်းကို ဓမ္မပဒအဋ္ဌကထာ, ကာလိင်္ဂဇာတ်, အဘိဓာန်များမှာ မိန့်သည်။

ရန်စစ် အောင်မြင်စိမ့်သောငှာ ဘိသိက်ခံနည်းကို သကလာဘိသေကကျမ်း, သရောဒယကျမ်း, မွန်အဘိသေကစာတမ်းများမှာ ရှိသည်။

ရွှေဘုံရွှေနန်း သိမ်းမြန်းသောအခါ, ထိမ်းမြားမင်္ဂလာပြုသောအခါများ၌ ဘိသိက်ခံနည်းကို အဘိသေကစာတမ်းများမှာ ညွှန်သည်။

အသက်ရှည်စေခြင်း၊ စီးပွါးချမ်းသာ များစေခြင်း၊ တိုင်းပြည်အလုံး ငြိမ်ဝပ်သာယာစေခြင်းငှာ ဘိသိက်ခံနည်းကို သကလာဘိသေကကျမ်းမှာ ပြသည်။ မင်းမြှောက်အံ့သောငှာ ဘိသိက်ခံနည်းကို အထက်မှာ ဆိုပေလတ္တံ့။

ဤတွင်ရွှေ့ ဘိသိက်အပြား ပြီး၏။

* * * * * *

## [၂] မုဒ္ဓါဘိသေကသာ အရင်းမူလပဌာန

ယင်းသို့ ဆိုခဲ့ပြီးသော ဘိသိက်အပြားတွင်လည်း မင်းမြှောက်အံ့သောငှာ ခရုသင်း ၃-လုံးဖြင့် အစဉ်ဆိုရိုး ထုံးစံစကားကို ရွတ်ဆို၍ ဦးထိပ်၌သွန်းသော မုဒ္ဓါဘိသေကသာ ရှေးဦးစွာ ခံရသော အရင်းမူလပဌာနဘိသိက်ကြီး ဖြစ်သည်။ "ရာဇာဘိသေကံ ပြထမ-မေဝ ကာယျံ"စသော ဂါထာဖြင့် မင်းမြှောက်ဘိသိက်ကို ရှေးဦးစွာခံပြီးမှ ကြွင်းသော ဘိသိက်များကို ခံရာသည်-ဟူ၍ သကလာဘိသေကကျမ်း၌လည်း ဆိုသည်။ နန်းတက်တော်မူသည်ကကို-

- ၅-နှစ်မြောက်၌ မင်းမြှောက်ဘိသိက်ကို ခံရာ၏၊
- ၇-နှစ်မြောက်၌ စီးပွါးချမ်းသာ ပွါးစေတတ်သော ဘိသိက်ကို ခံရာ၏၊
- ၉-နှစ်မြောက်၌ စစ်အောင်မြင်စေတတ်သော ဘိသိက်ကို ခံရာ၏၊

- ၁၆-နှစ်မြောက်၌ တိုင်းပြည်အလုံး ငြိမ်ဝပ်သာယာစေတတ်သော ဘိသိက်ကို ခံရာ၏။

**ကျက်သရေသွင်းသော ဘိသိက်, အသက်ရှည်စေတတ်သော ဘိသိက် ၂-ပါးကိုကား နှစ်,လ** အပိုင်းအခြား မရှိ။ ရံခါရံခါ လျောက်ပတ်သင့်မြတ်သော အခါသမယ၌ ခံရာ၏- ဟူသတည်း။ "နန်းတက်တော်မူသည်ကကို ၅-နှစ်မြောက်၌ မင်းမြောက်ဘိသိက်ကို ခံရာ၏" ဆိုသော သံသကရိုက် သကလာဘိသေကကျမ်း၊ နန်းတက်တော်မူသည့်နောက် ၄-နှစ် မြောက် တိုင်းရေး,ပြည်ရေးကို သုတ်သင်ရှင်းလင်းပြီးမှ သီရိဓမ္မာသောကမင်းကြီး မင်းမြောက်ဘိသိက်ကို ခံသည်ဆိုသော သာသနာကျမ်းသည် ဂင်္ဂါရေနှင့် ယမုနာရေကို ရောနှောသော် အခြားမထင်သကဲ့သို့ မထူးမခြား ညီညွတ်စွာသောကြောင့် ဤသို့ ဆိုပြီးသော ထုံးစံများသည် ရှေးမင်းကောင်း,မင်းလောင်းတို့ သုံးစွဲမြဲထုံးစံ အမှန်ဖြစ်ကြောင်းကို သိရ သည်။ ၄-နှစ် မြောက်ဆိုလျှင် ၄-နှစ်ကျော်, ၅-နှစ်ရောက်ပြီ-ဟူ၍ သဒ္ဒါသဘောအဓိပ္ပါယ် ယူမြဲ။ အဘယ့်ကြောင့် မင်းမြောက်ဘိသိက်ကို လက်ဦးစွာ ခံရသနည်း-ဟူမူကား လူများ သနင်း မင်းအဖြစ်သို့ ရောက်ပြီးမှ ခပ်သိမ်းသောဘိသိက်များကို ခံပိုင်,ခံထိုက်သောကြောင့် မင်းမြောက်ဘိသိက်ကို လက်ဦးစွာ ခံရသတည်း။

**ဤတွင်ရွေ့ မင်းမြောက်သော မုဒ္ဓါဘိသေကသာ အရင်းမူလပဋ္ဌာနဖြစ်ကြောင်း ပြီး၏။**

* * * * * *

## [ ၃ ] မုဒ္ဓါဘိသိက်ခံသော် အကျိုးများစွာ-ရ

မင်းမြောက်သော မုဒ္ဓါဘိသိက်ခံမှသာ ဇေကန် စင်စစ် မင်းမည်ထိုက်သည်။ မုဒ္ဓါ- ဘိသိက်မခံမူ ဇေကန်စင်စစ် မင်း မမည်ထိုက်-ဟူ၍ "အနာပတ္တိ န ခတ္တိယာဘိသေကေန အဘိသိတ္တော ဟောတိ"စသဖြင့် ရာဇသိက္ခာပုဒ်၌ ဟောတော်မူသည်။ မုဒ္ဓါဘိသိက်ခံ သော်သာ တံဆိပ်နာမံ ခံထိုက်ကြောင်းကို "မုဒ္ဓါဘိသိတ္တာ ကတနာမဓေယျာ"ဟူ၍ မဟာ- သုတသောမဇာတ်*(ဇာ၊ဋ၊၅။၅၃၇)*၌ လာသည်။

ထိုဇာတ်အဋ္ဌကထာ၌လည်း "မုဒ္ဓနိ အဘိသိတ္တတ္တာ ကတနာမဓေယျာ"ဟု မုဒ္ဓါ- ဘိသိက်ခံခြင်း*(သည်)* အကြောင်း, တံဆိပ်နာမံ ခံရခြင်းသည် အကျိုး ဟိတ်ဖိုလ်အဖြစ်ဖြင့် ဖွင့်သည်။ မုဒ္ဓါဘိသိက်ခံသော မင်း၌သာ မဟာရာဇာ-ဟူသော ဝေါဟာရ ဖြစ်သင့်သည်။ မခံသောမင်း၌ မဖြစ်သင့်-ဟူ၍ သဒ္ဒနီတိကျမ်း၌ "အနဘိသိတ္တေ အရာဇိနိ မဟာရာဇာတိ-

ဝေါဟာရော န ပဝတ္တတိ"စသည်ဖြင့် ဆိုသည်။ ယင်းသို့ မုဒ္ဒါဘိသိက်ခံမှသာ မင်းမည်သင့်၍ မခံသော် မင်းမမည်သင့်သောကြောင့် သိန်းခိုကျွန်း ဝိဇယမင်း၏အခြားမဲ့၌ မုဒ္ဒါဘိသိက် မခံဘဲ ဥပတိဿအမတ် ၁-နှစ် မင်းပြုသည်ကို "မင်းသုဉ်းသော ၁-နှစ်"ဟူ၍လည်းကောင်း၊ အဘယမင်း၏ အခြားမဲ့၌ မုဒ္ဒါဘိသိက် မခံဘဲ ၁၇-နှစ် ပဏ္ဍုကာဘယ မင်းပြုသည်ကို "၁၇-နှစ် မင်းသုဉ်းသည်"ဟူ၍လည်းကောင်း မဟာဝင်၌ ဆိုလေသည်။ ကျမ်းဂန်ထုံးစံရှိတိုင်း မုဒ္ဒါဘိသိက်ခံမှသာ ရှေးရှေးသောဘဝက ပြုခဲ့ဖူးသော ကောင်းမှုကံကို မုဒ္ဒါဘိသိက်၏ အာနုဘော်ဖြင့် ထောက်ပံ့သည်ဖြစ်၍ များစွာသော မင်း၏ဘုန်းတန်ခိုးတို့ လာရောက်ကုန် သည်။

သီရိဓမ္မာသောကမင်း, ဒေဝါနံပိယတိဿမင်းတို့အား မုဒ္ဒါဘိသိက် အာနုဘော်ဖြင့် ဘုန်းတန်ခိုးများစွာ လာရောက်ကြောင်းကို သမန္တပါသာဒိကာအဋ္ဌကထာ၌ ဆိုသည်။ အရိယာတို့အား ရှေးရှေးဘဝက ပြုခဲ့ဖူးသော ကောင်းမှုကံ၏ အကျိုးဖြစ်သော ပဋိသမ္ဘိဒါ ဉာဏ်-အစရှိသော ဂုဏ်အထူးတို့သည် မဂ်၏အာနုဘော်ဖြင့် လာရောက်ကုန်သကဲ့သို့ ရှေးရှေးဘဝက ပြုခဲ့ဖူးသော ကောင်းမှုကံ၏ အကျိုးဖြစ်သော များစွာသော မင်း၏ဘုန်း တန်ခိုးတို့သည် မုဒ္ဒါဘိသိက်၏ အာနုဘော်ဖြင့် လာရောက်ကုန်သည်-ဟူ၍ ပမာပမည်း ခိုင်းနှိုင်းသဖြင့် သာရတ္ထဒီပနီဋီကာ, မဟာဝင်ဋီကာများ၌ ဖွင့်သည်။

"စကြာမင်းတို့အား စကြဝတေး ဝတ် ၁၂-ပါးကို ပညာထက်မြက်သော် ၁၂-နှစ် ပတ်လုံး ဖြည့်ပြီးမှ စကြာရတနာ လာရောက်သည်။ ပညာအလတ်ဖြစ်သော် ၂၅-နှစ်ပတ်လုံး ဖြည့်ပြီးမှ စကြာရတနာ လာရောက်သည်။ ပညာနုံ့ညံ့သော် နှစ် ၅၀-ပတ်လုံး ဖြည့်ပြီးမှ စကြာရတနာ လာရောက်သည်"ဟူ၍ စက္ကဝတ္တိသုတ်ဋီကာ၌ ဆိုသကဲ့သို့ မုဒ္ဒါဘိသိက်ခံပြီးမှ မင်း၏ဘုန်းတန်ခိုးအထူးတို့ ရှေးကံအားလျော်စွာ လာရောက်ကုန်သည်။ အဘယ်ကြောင့် နည်းဟူမူကား မင်းကျင့်တရားကို ဆောက်တည်မိဋ္ဌာန်ခြင်းသည်ပင်လျှင် မုဒ္ဒါဘိသိက်ခံ သည် မည်သောကြောင့်တည်း။ မင်းကျင့်တရားကို ကျင့်ဆောင်အံ့-ဟု အဓိဋ္ဌာန်ပြုခြင်းသည် ပင် မုဒ္ဒါဘိသိက်ခံသည်-မည်သော ဟူလိုသည်။

ဝိဝဋ္ဋကပ်၏ အဦးအစ မဟာသမ္မတမင်းအား ခရသင်း ၃-လုံးဖြင့် မုဒ္ဒါဘိသိက် သွန်းကြောင်းကို "တေ ပန ဿ ခေတ္တသာမိနော တီဟိ သင်္ခေဟိ အဘိသေကမ္ပိ အကံသု" ဟူ၍ ပါထေယျအဋ္ဌကထာ*(၅၄)*၌ လာသည်။

"တီဟိ သင်္ခေဟီတိ တိဝိဓေဟိရိယာဘိသင်္ခေတေဟိ တီဟိ သင်္ခေဟိ ခတ္တိယာဒီဟိ တီဟိ ဝဏ္ဏေဟိ ပရိဂ္ဂဟိတေဟိ"ဟူ၍ မင်းသမီး, ပုရောဟိတ်, သူဌေး ၃-ဦးတို့ အစဉ်အတိုင်း မဟာသမ္မတမင်းအား မုဒ္ဒါဘိသိက်သွန်းကြောင်းကို ပါထေယျဝဂ္ဂဋီကာ*(၄၈)*၌လည်း

ဖွင့်သည်။ ထိုသို့ ကမ္ဘာဦးက မဟာသမ္မတမင်းကို မုဒ္ဒါဘိသိက်သွန်းသည် ဆိုသောကြောင့် မဟာသမ္မတမင်း၏ သား,မြေး,မြစ်ဖြစ်သော ရောဇ, ဝရရောဇ, ကလျာဏ, ဝရကလျာဏ-အစရှိသော မင်းစဉ်မင်းဆက်တို့လည်း မုဒ္ဒါဘိသိက် ခံမြဲဖြစ်ကြောင်းကို သိအပ်ရကား မုဒ္ဒါဘိသိက်ခံသဖြင့် ဓမ္မိကဓမ္မရာဇာဖြစ်သော မင်းတရားတို့ အဆက်အနွယ် ပဝေဏီထုံးစံ၌ တည်တံ့ရခြင်းအကျိုးလည်း ရှိသည်။ "မုဒ္ဒါဘိသိက်ခံသော မင်းတို့ကို မစားအပ်"ဟူ၍ ပေါရိသာဒအား မဟာသုတသောမမင်းကြီး ဆုံးမကြောင်းကို–

ယေ ခတ္တိယာသေ ဣဓ ဘူမိပါလာ၊
မုဒ္ဒါဘိသိတ္တာ ကတနာမဓေယျာ။
န တာဒိသေ ဘူမိပတီ အဒေသိ –

စသဖြင့် မဟာသုတသောမဇာတ်(ဇာ၄၊၅၊၅၃၇)၌ လာသောကြောင့် မုဒ္ဒါဘိသိက်ခံသော မင်းတရားကို တပါးမင်းတို့ မနှိပ်စက်အပ်သော ထုံးစံရှိသည်ကိုလည်း သိအပ်သည်။

- ဘိသိက်ခံသဖြင့် လူ-အစရှိသော သတ္တဝါအပေါင်းတို့ ရှိခိုးပူဇော်ထိုက်သော အဖြစ်၌ တည်ခြင်း၊
- ခပ်သိမ်းသော မင်္ဂလာနှင့် ယှဉ်ခြင်း၊
- ဣဿရိယ-အစရှိသော ဘုန်း ၆-ပါးနှင့် ပြည့်စုံခြင်း၊
- ထိတ်လန့်ပူပန်သည်မှ ချမ်းငြိမ်းခြင်း၊
- ရန်သူတကာတို့ မဖျက်ဆီးနိုင်ခြင်း–

ဤသို့ ဘိသိက်ခံခြင်းအကျိုး ၅-ပါးရှိကြောင်းကိုလည်း ရာဇာဘိသေကကျမ်း၌ ဆိုသည်။ ကျွန်းကြီး ၄-ကျွန်း, ကျွန်းငယ် ၂,ဝဝဝ-ကိုသော်လည်း ပိုင်လင့်ကစား၊ အကာနိဋ္ဌ ဗြဟ္မာ့ပြည်တိုင်အောင်သော်လည်း ရတနာ ၇-ပါးအတိ ရှိလင့်ကစား ကျမ်းဂန်လာတိုင်း မစီရင်သော်, ဘိသိက်မမြောက်သော် မင်း-ဟူသော အမည် မဖြစ်သင့်။ ရာဇဝင်လည်း မသွင်းအပ်။ ကမ္ဘာမကျေသရွေ့လည်း ဥဒါန်းမော်ကွန်း မထွန်း၊ တက်သစ်သော နေမင်းကဲ့သို့ တန်ခိုးတေဇော်လည်း မရှိ။ ထိုအကြောင်းကို မဟာသမ္မတမင်း အောက်မေ့၍ စီရင်ပိမ့်သသူကို မိဋ္ဌာန်သစ္စာပြုလျှင် ပဏ္ဍုကမ္ဗလာကျောက်ဖျာ ခက်တရော်ရှိသဖြင့် သိကြားမင်း-သိ၍ ဟိမဝန္တာ၌နေသော ရသေ့ ၁-ပါးကို ကြည်းဆောင်ပေးလှာသဖြင့် ထိုရသေ့ စီရင်၍ မဟာ-သမ္မတမင်း ဘိသိက်ခံကြောင်းကို ဒိသာဇေယျကျမ်း၌ ဆိုသည်။

**ဤတွင်ရွေ့ မုဒ္ဒါဘိသိက်ခံသော် အကျိုးများစွာရကြောင်း ပြီး၏။**

* * * * * *

## [၄] မုဒိတာဘိသိက် မခံသော် များစွာ အပြစ်ရှိ

မင်းမမြောက်သော်, မုဒိတာဘိသိက်မခံသော်-

- ဇာကန်စင်စစ် မင်း-မမည်ထိုက်၊ တံဆိပ်နာမံ မခံထိုက်၊
- မဟာရာဇာ-ဟူသော ဝေါဟာရကို မရထိုက်၊
- များစွာသော မင်း၏ဘုန်းတန်ခိုးတို့ မလာမရောက်၊
- ဓမ္မိကဓမ္မရာဇာ-ဖြစ်သော မင်းတရားတို့ အဆက်အနွယ်, ပဝေဏီထုံးစံ၌ မတည်၊
- မင်းတပါးတို့ မနှိပ်စက်အပ်သော ထုံးစံကို မရ။

အကျိုး ၅-ပါးနှင့် မပြည့်စုံ။ ရာဇဝင်၌လည်း မဝင်။ ဥဒါန်းမော်ကွန်း မထွန်း၊ တန်ခိုး,တေဇော် မပေါ်,မထင်။ ဤသို့ ယခင် ကျမ်းဂန်များနှင့်အညီ အကျိုးမှ ပြန်ကာသာ အပြစ်ကို ယူရာသည်။

ဤတွင်ရွေ့ မုဒိတာဘိသိက်မခံသော် များစွာ အပြစ်ရှိကြောင်း ပြီး၏။

* * * * * *

## [၅] မုဒိတာဘိသိက်ခံထိုက်သော အကြောင်း ၅-ပါး

၁။ အသမ္ဘိန္နခတ္တိယအစစ် ဖြစ်ခြင်း၊

၂။ မင်းကျင့်တရား၌ တည်ကြည်ခြင်း၊

၃။ ပြည်သူ,ပြည်သား သတ္တဝါများအား ရင်ဝယ်သားကဲ့သို့ ချစ်ခင်သနားသဖြင့် အကျိုးစီးပွါးကို အလိုရှိခြင်း၊

၄။ အနီး,အဝေး၊ အရင်း,အဖျား၊ အထူးအခြား မရှိ၊ သတ္တဝါများ၌ ချမ်းသာစီးပွါးဖြင့် ထပ်တူထပ်မျှ မေတ္တာစိတ်ရှိခြင်း၊

၅။ ပြည်သူ, ပြည်သား သတ္တဝါများက ချစ်ခင်မြတ်နိုးကြသဖြင့် ဆုတောင်း,ဆုယူ စောင့်ရှောက်လုံခြုံစေအပ်သည် ဖြစ်ခြင်း၊

ဤသို့အားဖြင့် ဘိသိက်ခံထိုက်သော အကြောင်း ၅-ပါး ဖြစ်သတည်း။

စူဠသီဟနာဒသုတ်အဋ္ဌကထာ၊ သာရတ္ထဒီပနီဋီကာ၊ မဟာဝံသဋီကာများတွင် လာသော-

အဘိဇစ္စ ခတ္တိယံ နိသီဒါပေတွာ။ ရာဇမေမွေသု ဌိတော။ပ။
ပုတ္တသိနေဟာနုကမ္ပာယ သဟိတစိတ္တော ဟိတသမမေတ္တစိတ္တော စ ဘဝ၊
ရက္ခာဝရဏဂုတ္တိယာ တေသံ ရက္ခိတော စ ဘဝါဟိ -*(သာရတ္ထ၊ဋီ၊၁။၁၆၅)*။

ဟူ၍ဆိုသော စကားရပ်ကို အသီးသီးထုတ်နုတ်၍ ဆိုသည်။

**ဤတွင်ရွေ့ မုဒ္ဒါဘိသိက်ခံထိုက်သော အကြောင်း ၅-ပါး ပြီး၏။**

* * * * * *

## [ ၆ ] ဘိသိက်မြောက်ရာသော အင်္ဂါ ၃-ပါး

၁။ ရှေးရှေး မင်းကောင်းမင်းမြတ်တို့ ထုံးစံနှင့်လျော်ညီစွာ မင်းခမ်းမင်းနား အဆောက်အအုံ စီရင်ခင်းကျင်းခြင်း၊

၂။ ရေမြေသခင် အရှင်မင်းဧကရာဇ်အဖြစ် မင်းမြောက်လို၍ ဆိုရိုးထုံးစံစကားဖြင့် သွန်းခြင်း၊

၃။ ဦးထိပ်ထက်၌ လက်ယာရစ် ခရုသင်းကို စိုက်ထောင်၍ သွန်းခြင်း၊

ဤသို့လျှင် မင်းမြောက်ရာသောအင်္ဂါ ၃-ပါး ရှိသတည်း။ ယင်း သည်အင်္ဂါ ၃-ပါး ပြည့်စုံမှသာ မုဒ္ဒါဘိသိက် မြောက်သည်။ ထိုအကြောင်းကို သိစိမ့်သောငှာ **"ယထာဝိဓာန-ဝိဟိတေန ခတ္တိယာဘိသေကေန မုဒ္ဓနိ အဝသိတ္တော"**ဟူ၍ သီလက္ခန်အဋ္ဌကထာ*(၁၆၄)*, ပဏ္ဏာသအဋ္ဌကထာများ၌ ဆိုလေသည်။

ယထာဝိဓာနဝိဟိတေန၊ အခမ်းအနားအစီအရင် ထုံးစံနှင့်လျော်စွာ စီရင်သော။ ခတ္တိယာဘိသေကေန၊ မင်းမြောက်လို၍ ဆိုသော သွန်းခြင်းဖြင့်။ မုဒ္ဓနိ၊ ဦးထိပ်၌။ အဝ-သိတ္တော၊ သွန်းအပ်၏။

ထိုအင်္ဂါ ၃-ပါးတွင် ထုံးစံနှင့်လျော်စွာ မင်းခမ်းမင်းနား အဆောက်အအုံ စီရင်ခင်းကျင်းသော-ဟူသည်ကား တေမိမင်းသား, အယောဃရမင်းတို့ကို အဘိသိက်သွန်းအံ့သောငှာ မင်းမြောက်တန်ဆာ ၅-ပါးကို စီရင်သကဲ့သို့ နည်း(ယုတ်)စွာအဆုံး မင်းမြောက်တန်ဆာ ၅-ပါးကိုသော်လည်း စီရင်ခင်းကျင်းရာသည်။ သီရိဓမ္မာသောကမင်း, ဒေဝါနံပိယတိဿ

မင်းတို့ကဲ့သို့ များစွာအဆုံး ဘုန်းကံအလျောက် ရတိုင်းသော်လည်း စီရင်ခင်းကျင်းရာသည်။ "ရညော ဂမနကာလေ သဒါ အာဒါတဗ္ဗတော ကကုဓာနိ"ဟူ၍ အဘိဓာန်ဋီကာ၌ ဆိုရကား မင်းမြှောက်တန်ဆာ ၅-ပါးသည် အခါခပ်သိမ်း မကင်းရာသော အခမ်းအနား ဖြစ်သည်။

ပဥ္စမံ တာ၀ အဘိသေကံ ဂဏှန္တာနံ ရာဇူနံ သုဝဏ္ဏမယာဒိနိ တီဏိ သင်္ခါနိ စ ဂင်္ဂေါဒကဥ္စ ခတ္တိယကညဥ္စ လဒ္ဓုံ ဝဋ္ဋတိ။

*(သာရတ္ထ၊ဋီ၊၁၊၁၆၆)*ဟူ၍ စူဠသီဟနာဒသုတ်အဋ္ဌကထာ၌ ဆိုသည်နှင့်အညီ လက်ယာရစ် ခရုသင်း ၃-လုံး, ဂင်္ဂါရေ, အသမ္ဘိန္နခတ္တိယစစ် မင်းသမီးတို့ကိုလည်း အသင့်ရှိစေရသည်။

မင်းမြှောက်လို၍ ဆိုရိုးထုံးစံစကားဖြင့် သွန်းသောဟူသည်ကား "ဒေဝ တံ သဗ္ဗေပိ ခတ္တိယဂဏာ"အစရှိသဖြင့် အထက်မှာ ဆိုလတ္တံ့သော ကျမ်းဂန်လာတိုင်း ဆိုရိုးစကားပါ၌ အနက်အစုံကို ရွတ်ဆို၍ သွန်းရာသည်။

ဦးထိပ်ထက်၌ လက်ယာရစ် ခရုသင်းကို စိုက်ထောင်၍ သွန်းသော-ဟူသည်ကား–

ဂင်္ဂေါဒကပုဏ္ဏံ သာမုဒ္ဒကံ ဒက္ခိဏာဝဋ္ဋသင်္ခံ ဥဘောဟိ ဟတ္ထေဟိ သက္ကစ္စံ ဂဟေတွာ သီသောပရိ ဥဿာပေတွာ တေန တဿ မုဒ္ဓနိ အဘိသေကောဒကံ အဘိသိဥ္စတိ။

ဟူ၍ သာရတ္ထဒီပနီဋီကာ*(ပ။၁၆၅)*, မဟာဝံသဋီကာများ၌ လာသည်နှင့်အညီ ဂင်္ဂါရေဖြင့် ပြည့်သော လက်ယာရစ် သမုဒ္ဒရာဇာတိ ခရုသင်းကို လက် ၂-ဖက်တို့ဖြင့် ရိုသေစွာကိုင် မြှောက်၍ ဦးခေါင်းအထက်၌ စိုက်ထောင်လျက် ငုံ့ယောင်မှုသဖြင့် ဘိသိက်ရေကို သွန်းရာသည်။ ဤသို့ စေ့စပ်သေချာ ကျမ်းဂန်လာသော စကားကို သတိထားအပ်သတည်း။

ဤတွင်ရွေ့. ဘိသိက်မြှောက်ရာသော အင်္ဂါ ၃-ပါး ပြီး၏။

* * * * * *

## [၇] ဘိသိက်ခံရာသော နှစ်အပိုင်းအခြား

"မည်သည့်နှစ်, မည်သည့်လ, မည်သည့်ရက်, မည်သည့်အချိန်အခါကို မုဒ္ဓါ-ဘိသိက်ခံတော်မူမည်"ဟူ၍ ကောင်းမြတ်သော နှစ်, လ, ရက်, အချိန်အခါကို ရှေးဦးစွာ ရွေးချယ်ရသည်။ နှစ်ကို ရွေးချယ်ရာ၌ ရွှေနန်းတက်တော်မူသည်ကကို ၅-နှစ်ရောက်သော် မင်းမြှောက်ဘိသိက်ခံရာသည်-ဟူ၍ သကလာဘိသေကကျမ်း၌ ဆိုသည်။ [၁]အစွန်း ၂-ခု, ၆-ခု, ၉-ခု-စသည်မှတပါး အခြား နှစ်စွန်း၌လည်းကောင်း၊ [၂]သိဟ်တွင် ကြာသပတေး မနေ

သောနှစ်၌လည်းကောင်း၊ ၇ကိုယ့် 'နံ' မကြွင်းသောနှစ်၌လည်းကောင်း ဘိသိက်ခံရာသည်-ဟူ၍ ဗေဒင်ကျမ်းတို့၌ ဆိုသည်။

**ဤတွင်ရွေ့ ဘိသိက်ခံရာသော နှစ်အပိုင်းအခြား ပြီး၏။**

* * * * * *

## [ ၈ ] ဘိသိက်ခံရာသော အခါသမယ

လ,ရက်,အချိန်အခါကို ရွေးချယ်ရာ၌ "သိန်းခိုကျွန်းဝယ် ကဆုန်လပြည့်နေ့ ဒေဝါနံ-ပိယတိဿမင်း ဘိသိက်ခံသည်ကို စွဲ၍ ကဆုန်လပြည့်နေ့ သိန်းခိုမင်းတို့ ဘိသိက်ခံကြောင်း" ကို သာရတ္ထဒီပနီဋီကာ၊ မဟာဝံသဋီကာများ၌ ဆိုသည်။ "ဘုရားလောင်းတို့ ဗျာဒိတ်ခံသည်, ဖွားသည်, ဘုရားဖြစ်သည်များလည်း ကဆုန်လပြည့်နေ့သာ ဖြစ်သည်ကို အကြောင်းပြု၍ ကဆုန်လပြည့်နေ့၌ ဘိသိက်ခံခြင်း ထုံးစံဖြစ်သည်"ဟူ၍ စာတမ်းများတွင် ရှိသည်။

ဝိသာခါရာသီကြိုက်မှ ဘိသိက်ခံသင့်ကြောင်းကို ဒိသာဗေယျစာတမ်း၌ လာသည်။ ဝိသာခါနက္ခတ်သည် နရပတိရာဇပလ္လင် အမြင်နက္ခတ်ဖြစ်၍ ရှေးမင်းတို့ထုံးစံ၌ တည်ခြင်း, သက်တော်ရှည်ခြင်းအကျိုး၏ နိမိတ်ဖြစ်သည်-ဟူ၍ သရောဒယကျမ်း၌ လာသည်။ ဝိသာခါရာသီ၌ ဝိသာခါနက္ခတ်နှင့် ယှဉ်သောစန်းသည် ဥစ်ရ၍ ဌာနဗလ အားကြီးကြောင်းကို ဗြိဟာဇ်ကျမ်း၌ ပြသည်။ သကလာဘိသေကကျမ်း, ရာဇာဘိသေကကျမ်းများ၌ကား ကဆုန်လပြည့်နေ့သာ-ဟူ၍ အထူးမဆို၊ နက္ခတ်, စန်း, လဂ်, တြင်း, နဝင်း ကောင်းမြတ်သောအခါ ဘိသိက်ခံရာသည်-ဟူ၍သာ ဆိုသည်။ သရောဒယကျမ်း၌လည်း ဆတ္တစက်၊ သီဟာသနစက်၊ တောရဏစက်များတွင် သီဟနက္ခတ်-စသော ကောင်းမြတ်သော နက္ခတ်အယှဉ်အချိန်အခါ၌ ခံရာသည်-ဟူ၍သာ ဆိုသည်။

**ဤတွင်ရွေ့ ဘိသိက်ခံရာသော အခါသမယ ပြီး၏။**

* * * * * *

## [ ၉ ] ဘိသိက်မခံမီ သာသနာရေးကို ရှင်းလင်းသုတ်သင်ထားရခြင်း

သီရိဓမ္မာသောကမင်းကြီးသည် ဘိသိက်မခံမီ ၄-နှစ်မြောက် အရေးအကြောင်းရှိသမျှကို သုတ်သင်ရှင်းလင်းပြီး၍ ၄-နှစ်ကျော်၊ ၅-နှစ်ရောက်မှ ဘိသိက်ခံကြောင်းကို ပါရာဇိကဏ်အဋ္ဌကထာ၊ မဟာဝင်ကျမ်းများတွင် လာသည်။

ထိုသို့ သုတ်သင်ရှင်းလင်းစေလို၍ ရွှေနန်းတော်(မှ) ထွက်တော်မူသည့်နောက် ၅-နှစ်ရောက်မှ ဘိသိက်ခံကြောင်းကို သကလာဘိသေကကျမ်း၌ ဆိုသည်များနှင့်အညီ အရေးအကြောင်းရှိသမျှကို ဘိသိက်မခံမီ ရှေးဦးစွာ သုတ်သင်ရှင်းလင်းသင့်(သည်)ကို စီမံလုပ်ဆောင်စေရသည်။ "အပြည့်ကို မြောက်သည်"ဆိုသည်၊ "အဝင်ကို ရောက်သည်"ဆိုသည်-ဟု အမိပ္ပါယ်ယူမြဲ။

သာသနာရေးမှာ သက်တော်ရှည်ရာသော ဒီဃာယုကတရား ၆-ပါးရှိသည်နှင့်အညီ ရွှေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း မြို့, ရွာများမှာ စေတီ, ပုထိုး ယိုယွင်းသည်များကို စရိတ်,ကံကျွေးပေးအပ်၍ ကောင်းမွန်လျောက်ပတ်အောင် ခန့်ထားပြင်ဆင် လုပ်ဆောင်စေပြီးလျှင် ရွှေထီးအထွတ် တင်လှူရသည်။ အပရိဟာနိယတရား ၇-ပါး ရှိသည်နှင့်အညီ ရွှေမြို့တော်မှစ၍ အဓိကရသော မြို့အစောင့်, ရွာအစောင့်, တောင်စောင့်နတ်, နတ်စင်ကွန်းများကိုလည်း စရိတ်,ကံကျွေးပေး၍ ကောင်းမွန်အောင် ပြင်ဆင်လုပ်ဆောင်ရသည်။

တိုင်းနိုင်ငံတော်အတွင်း၌ တရားနှင့်မညီသော အမှုအရာကို မြစ်တားရသည်။ တရားနှင့်ညီသော အမှုအရာကိုသာ ဖြစ်ထွန်းစေရမည်-ဟူ၍ ဆိုသောကြောင့် စကြာမင်းတို့ကျင့်ဝတ်တရား ၁၂-ပါး ရှိသည်နှင့်အညီ ဘုရားသခင် အဆုံးအမတော် သာသနာတော်မြတ်ကို သုတ်သင်ပြုစုမည့်သူ, သာသနာပြုဆရာ ခန့်ထားရသည်။ မပျက်မစီး အရှည်တည်ထွန်းအံ့သော မင်္ဂလာနိမိတ်, ဩဘာကို ရည်သဖြင့် သီဟိုဠ်ကျွန်းမှစ၍ မင်းအဆက်ဆက် တံဆိပ်နာမံ ပေးအပ်မြဲထုံးစံရှိသည်နှင့်အညီ သာသနာတော်မြတ်ကို အထူးသဖြင့် ဆောင်ရွက်နိုင်သော သတ္တိ,ဗျတ္တိရှိသော သီလဝန်, ဂုဏဝန် ရဟန်းတို့ကိုလည်း တံဆိပ်တော် ပေးအပ်ချီးမြှင့်ရသည်။

သီရိဓမ္မာသောကမင်းကြီးလက်ထက် သာသနာပြုစေလွှတ်သော ထုံးစံရှိသည်နှင့်အညီ တိုင်း,နိုင်ငံတော်အတွင်း သာသနာတော်မြတ် မစည်,မထွန်းသေးသော မြို့,ရွာများသို့လည်း သတ္တိ,ဗျတ္တိရှိသည့် ပုဂ္ဂိုလ်နှင့်အပါ ဂိုဏ်းပြည့်သံဃာ ၅-ပါးစီ သာသနာပြုဆရာတော်က ရွေးချယ်၍ ပိဋကတ်အစုံနှင့် သာသနာပြု စေလွှတ်ရသည်။ ပိဋကတ်တော် ရွှေရေး, မင်ရေး, ကညစ်ရေး လူများကို အရေးအသား သင်ကြားပြသ၍ ရေးသားရန် ပေတော်, မင်တော်များကို ပွဲစဉ်မီအောင် အခါသမယနှင့် အသင့်လုပ်ဆောင်ထားရသည်။

ဤတွင်ရွှေ. ဘိသိက်မခံမီ သာသနာတော်ရေးကို ရှင်းလင်းသုတ်သင်
စီရင်ရကြောင်း ပြီး၏။

* * * * * *

## [ ၁၀ ] ဘိသိက်မခံမီ တိုင်းပြည်ရေးကို ရှင်းလင်းသုတ်သင်ထားရခြင်း

တိုင်းရေးပြည်ရေးမှာ ရွှေနန်း(တက်)တော်မူလျှင် မင်းညီ,မင်းသား၊ မင်းဆွေမျိုး, မှူးတော်မတ်တော်တို့ကို အစဉ်ထုံးစံရှိသည့်အတိုင်း သစ္စာတော် ပေးရသည်။ အဝေးမြို့ဝန်၊ စစ်ကဲ၊ စော်ဘွား၊ မြို့စားတို့ကိုလည်း ထုံးစံနှင့်အညီ သစ္စာတော် တိုက်စေရသည်။ နိုင်ငံတော် အစွန်အနား ကင်းထား အစောင့်အနေများသို့လည်း လုံခြုံစေ့စပ်အောင် ဆင့်ဆိုမှာထားရသည်။ အဝေးမြို့စောင့် လူတို့ကိုလည်း အလဲအလှယ် ဆော်တန်ခန့်ထားရသည်။ နိုင်ငံတော်အတွင်းမှာ မုဒိမ်းတန္တ, သူခိုး,ဓားပြ၊ ပုန်ကန်သောင်းကျန်းသူ မရှိရအောင် ဆော်နိုးဆင့်ဆိုရသည်။ ဤသို့ ဘိသိက်ခံတော်မမူမီ တိုင်းရေး,ပြည်ရေး မငြိမ်မဝပ် မရှိရအောင် ထိန်းသိမ်းအုပ်ချုပ်ရသည်။

**ဤတွင်ရွှေ့ ဘိသိက်မခံမီ တိုင်းရေးပြည်ရေးကို ရှင်းလင်းသုတ်သင်
စီရင်ရကြောင်း ပြီး၏။**

* * * * * *

## [ ၁၁ ] မင်းဆောင်,မင်းယောင်များကို မဟာသကြန်ဘိသိက်တော်မီအောင် တင်ယင်လုပ်ဆောင်ရခြင်း

မင်းရေးမင်းခမ်းမှာ ပဟိုရ်စည်တော်, ဓာတ် ၄-ရပ်စည်တော်များကို ဘိသိက်မခံမီ မတီးစေရ၊ ပဟိုရ်ကို နရည်းစရာသာ တီးစေရသည်။ ဘိသိက်ခံပြီးမှ တချိန်တခါတည်း စ၍ တီးရသည်။ အစဉ်ထုံးစံရှိသည့်အတိုင်း ရာဇာဘိသေကကျမ်းနှင့်အညီ သစ် ၉-ပါးတွင် သင့်ရာရွေးချယ်၍ ဘိသိက်ခံတော်မူ မီအောင် ကောင်းမြတ်သောအခါသမယ၌ လုပ်ဆောင် စေပြီးလျှင် သစ္စေအနီ သုတ်လူးစေ၍ ဆေးတော်လိမ်းကျံစေပြီးမှ အမအစနှင့် ကြက်လုပ် စေရသည်။

မင်္ဂလာ မင်းကြားစည်တော်နှင့် စည်တော်စုံများကိုလည်း ရာဇာဘိသေကကျမ်းလာ သစ်ကိုပါ လွှတ်တော်ရေးသင့်ရာ ကန္နားပြင်ပါ တန်ဆောင်း ၂-ထပ်တွင် လုပ်ဆောင်စေ ပြီးလျှင် မဟာသကြန်တော်မီအောင် သစ္စေးနီ, ရွှေလိမ်းကျံပြီးမှ အမအစနှင့် ပန်းကုံးမျက်နှာ သားရေ ကြက်လုပ်စေရသည်။ သန္တာရိုး, သန္တာတိုင်နှင့် အထွင့်မှန်ကင်းတပ်သော ရဲတံခွန် ကြီးကို ရှေ့ကဆောင်ရွက်လျက် ဝေဿဝဏ်နတ်မင်း သွားလာကြောင်းကို ဆိုသော နန္ဒမာတာ

ဝတ္ထုကို ထောက်၍ လူမင်းတို့လည်း ရဲတံခွန်အလံ ဆောင်၍ကျက်မြဲထုံးစံရှိသည့်အတိုင်း သူရဲကြီးအလံ, ရဲတံခွန်အလံ, ဝင်း ၄-မျက်နှာ ဝင်းမှတ်အလံများကိုလည်း ရာဇာဘိသေက ကျမ်းနှင့်အညီ ကောင်းမြတ်သော အခါသမယကို ရွေးချယ်၍ ချုပ်လုပ်စေရသည်။

သူရဲကြီး ဖဲနီအလံ-၁၊ အလျား-၇၊ အနံ-၆၊ မျောက်ရုပ်, ဂဠုန်ရုပ်, ဥဒေါင်းရုပ်, ဘီလူးရုပ်, ခြင်္သေ့ရုပ်, ဆင်ရုပ်, နဂါးရုပ် မင်ရေး-၁။ ရဲတံခွန်အလံ ဖဲနီ-၁၊ အလျား-၇၊ အနံ-၁,၂ (၁-တောင်, ၂-မိုက်)၊ ဆင်ရုပ်မင်ရေး။ (၎င်းအလံ ဖဲရွှေ-၁။ ၎င်းနဂါးရုပ်မင်ရေး။ ၎င်းအလံ ဖဲဖြူ-၁၊ ၎င်းအလံ ဖဲစိမ်း-၁၊ ၎င်းခြင်္သေ့ရုပ်မင်ရေး။ ၎င်းအလံ ဖဲနက်-၁၊ ၎င်း ဥဒေါင်းရုပ်မင်ရေး။ ၎င်းအလံ ဖဲရွှေ-၁၊ ၎င်းနဂါးရုပ်မင်ရေး။ ၎င်းအလံ ဖဲဖြူ-၁၊ ၎င်းဂဠုန် ရုပ်မင်ရေး-၇)။ ရွှေဝင်းအလံ ဖဲဖြူ-၃၁။ အလျား-၇။ အနံ ၁,၂ (၁-တောင်, ၂-မိုက်)။ လက်ယာဝင်းအလံ ဖဲစိမ်း-၃၁၊ ၎င်းလက်ဝဲဝင်းအလံ ဖဲဝါ-၃၁၊ ၎င်းနောက်ဝင်းအလံ ဖဲပြာ-၃၁။ ၎င်းထီးဖြူတော် ဆောက်သော်က၊ နန်းပေါင်းက၊ ပေါင်းဝန်က၊ သက္ကဒါန်က၊ ရဲက၊ သဥ္ဇာလီက၊ တပ်ဆောင်က။ မင်းစီးရထား၊ သူရဲစီးရထားများကိုလည်း စာတမ်းထုံးစံ များနှင့်အညီ လုပ်ဆောင်ရသည်။ "မင်းစီးရထားကား အများစီးလောက်သည်၊ သူရဲစီးသော ရထားကား ၂-ယောက်, ၃-ယောက်သာ စီးလောက်သည်"ဟူ၍ မူလပဏ္ဏာသအဋ္ဌကထာ၌ လာသည်။

ဤတွင်ရွှေ မင်းဆောင်,မင်းယောင်များကို မဟာသကြန်တော် ဘိသိက်တော် မီအောင် တင်ယင်လုပ်ဆောင်ရကြောင်း ပြီး၏။

* * * * * *

## [ ၁၂ ] မင်းဝတ်,မင်းစားများကို တင်ယင်လုပ်ဆောင်ရခြင်း

မင်းဧကရာဇ်တို့နှင့်သာ ထိုက်တန်သော အသွန်းများစွာရှိသော သင်းကျစ်ပါ မကိုဋ်တော်၊ အဖိုးအတိုင်းမသိထိုက်သော မဟာမုနိဒုယင်တော်, ဝတ်လဲတော်မှ စ၍ မင်းဝတ်, မင်းစားများကိုလည်း ကောင်းမြတ်သော အခါသမယတွင် စာတမ်းထုံးစံများနှင့် အညီ အတွင်းတော်မှာ ကောင်းမွန်စွာ လုပ်ဆောင်ရသည်။

ဤတွင်ရွှေ မင်းဝတ်,မင်းစားများကို တင်ယင်လုပ်ဆောင်ရကြောင်း ပြီး၏။

* * * * * *

၂၇၃၆၆

## [ ၁၃ ] ဝဲ,ယာခင်းကျင်းရန် မင်းခမ်း,မင်းနားများကို တင်ယင်လုပ်ဆောင်ရခြင်း

၁။ လက်ဝဲ,လက်ယာ ခင်းကျင်းမြဲ ထီးဖြူတော် ၈-စင်း၊

၂။ ယပ်မားတော် ၄-စင်း၊

၃။ အဘိသေကထီးဖြူတော်၊

၄။ ၂-ဘက်သွား သန်လျက်တော်၊

၅။ သားမြီးယပ်တော် –

စသော မင်းမြောက်တန်ဆာ ၅-ပါးနှင့် ကျင်းပရန် မင်းခမ်း,မင်းနားများကိုလည်း ကောင်းမြတ်သောအခါသမယတွင် ရာဇာဘိသေကကျမ်း စာတမ်းများနှင့်အညီ အတွင်းတော်မှာ ကောင်းမွန်စွာ ပြင်ဆင်လုပ်ဆောင်ရသည်။

သန်လျက်မှာ - အလျား ၃၃-သစ်-ဟူ၍ သေနကဇာတ်၌ လာသည်။

- အချိန် ၃၃-ပိုလ်-ဟူ၍ ပဥ္စာဝုဓဇာတ်၌ မိန့်သည်။

- ဗျက် ၂-သစ်ခွဲ, အဆောက် ၂-မုတ်-ဟူ၍ စာတမ်းများ၌ ဆိုသည်။

သားမြီးယပ်မှာ တေမိဇာတ်၌ "ဝါဠဗီဇနီ၊ သားရဲမြီးယပ်"ဟူ၍ ဆိုသည်။ မဟာပဒါန သုတ်အဖွင့် ဂါထာ၌ "စာမရာ၊ စာမရီ သားမြီးယပ်"ဟူ၍ လာသည်။

အောင်း-မည်သော သား-အထူးသည်လည်း သားရဲမျိုးဖြစ်ကြောင်းကို ဝိနည်းကျမ်းဂန်၌ ဆိုသည်ဖြစ်၍ အောင်းမြီးယပ်သည်ပင် မင်းမြောက်တန်ဆာ အပါအဝင်ဖြစ်သည်။ ခြသေ့်မြီးမူကား သားတကာတို့ကို အစိုးရသည်ဖြစ်၍ အထူးသဖြင့် ကျက်သရေမင်္ဂလာရှိလှစွာသော ဝါဠဗီဇနီ၊ မင်းမြောက်တန်းဆာအဝင်ဖြစ်သည်။ ရတနာအရိုး ၁၂-လက်သစ်-ဟူ၍ စာတမ်းများ၌ ဆိုသည်။

ဤတွင်ရွေ့ လက်ဝဲ,လက်ယာ ခင်းကျင်းရန် မင်းခမ်း,မင်းနားကို အစုံအလင် တင်ယင်လုပ်ဆောင်ရကြောင်း ပြီး၏။

* * * * * *

## [ ၁၄ ]  ရွှေတံဆိပ်တုံး, ရွှေပေများကို တင်ယင်လုပ်ဆောင်ရခြင်း

တံဆိပ်၌ရှိသော အက္ခရာအရေးသည် ခံသောပေသို့ မပါဘဲလျက် အက္ခရာ အရေး တင်လေသကဲ့သို့ တစ်ဘဝ၌ ပဋိသန္ဓေ ဝိညာဉ်ဖြစ်ကြောင်းကို ကျမ်းဂန်များ၌ မိန့်သည်။ "မုဒ္ဒါဘိသိတ္တာ နာမဓေယျာ"စသည်ဖြင့် မုဒ္ဒါဘိသိက်ခံသော် တံဆိပ်နာမံ ခံမြဲဖြစ်ကြောင်းကို မဟာသုတသောမဇာတ်(၅၃၇)၌ လာသည်။ ညီတော်မင်းနန်ကို ထီးဆောင်းမင်္ဂလာပြုသနေ့ ရွှေဘွဲ့နာမံလည်း တပ်ကြောင်း "ပဋ္ဋဗန္ဓောတိ အသုကရာဇာတိ နလာဋေ သုဝဏ္ဏပဋ္ဋဗန္ဓနံ"ဟူ၍ ဝိနည်းအဋ္ဌကထာ, ဋီကာ၌ ဆိုသည်များနှင့်အညီ တံဆိပ်နာမံတော် ရေးသားထုလုပ်ရန် အတွင်းတော်မှာ သင့်ရာအရပ်တွင် တန်ဆောင်း ၃-ထပ် ဆောက်လုပ်၍ အခါတော်နှင့် အမအစ ခန့်ထားလျက် သံတွေစေပြီးလျှင် တံဆိပ်တုံး-၁၊ သံလက်ရိုက်-၁၊ ကညစ်-၂၊ ပတ္တမြားစီ ရွှေပေများကို လုပ်ဆောင်ရသည်။   (ဝိမတိ၊၂။၁၁၃)

ဤတွင်ရွှေ. တံဆိပ်တုံး,ရွှေပေများကို တင်ယင်လုပ်ဆောင်ရကြောင်း ပြီး၏။

* * * * * *

## [ ၁၅ ]  အရှင် ၂-ပါး တံဆိပ်,နာမံတော်များကို ရွေးချယ် ရေးသားထုလုပ်ရခြင်း

အရှင် ၂-ပါး တံဆိပ်နာမံတော်ကို ဆန်းကျမ်း၌လာသော ဣဋ္ဌဂိုဏ်း ၄-ပါးတွင် စုတ်နက္ခတ်ရသော ဣဋ္ဌဂိုဏ်းနှင့် ယှဉ်စေရသည်။ သရောဒယကျမ်း၌လာသော ဝဂ္ဂစက် အသင့် ၈-ပါးတွင် အားကြီးစွာသော တံခွန်အခိုး အသင့်ကြိုက်စေရသည်။ မာတြိကာစက် ၄-ပါး၊ အကြွင်းသေသ များစေရသည်။ အက္ခရာ နံကြွင်း, နံတက် သင့်စေရသည်။ ဤသို့ ဆန်းနည်း, ဗေဒင်နည်း သင့်မြတ်လှအောင် ရွေးချယ်ပြီးလျှင် အမအစခန့်ထား၍ ပြာသာဒ် တော်တွင် အခါတော်နှင့် ရေးသားထုလုပ်ရသည်။ အရှင်ဘဝသျှင်မင်းတရားကြီးဘုရား သံတံဆိပ်တော်-၁၊ ရွှေပေ ပတ္တမြားစီနာမံတော်-၁၊ အသျှင်မိဖုရားခေါင်ကြီးဘုရား ရွှေပေ ပတ္တမြားစီနာမံတော်-၁။

ဤတွင်ရွှေ. အရှင် ၂-ပါး တံဆိပ်တော်,နာမံတော်များကို သင့်မြတ်လှအောင် ရွေးချယ်၍ ရေးသားထုလုပ်ရကြောင်း ပြီး၏။

* * * * * *

## [ ၁၆ ] တံခါး ၂၅-ရပ် မော်ကွန်းကပ်ထား စိုက်ထူရကြောင်း

ရွှေနန်းတော်, နန်းမြို့တော်, ရွှေမြို့တော်ကြီး၏ တံခါး ၂၅-ရပ် မော်ကွန်းများကို ဆန်းနည်း, ဗေဒင်နည်း သင့်မြတ်လှအောင် မင်္ဂလာသညာ နာမံသမုတ်၍ ရေးသားထုလုပ်ကပ်ထား စိုက်ထူမြဲထုံးစံရှိသည့်အတိုင်း အမအစ ခန့်ထား၍ အခါတော်နှင့် ရေးသားထုလုပ်ကပ်ထားစိုက်ထူရသည်။

**ဤတွင် ရွှေနန်းတော်,နန်းမြို့တော်, ရွှေမြို့တော်ကြီး တံခါး ၂၅-ရပ် မော်ကွန်းကပ်ထား စိုက်ထူရကြောင်း ပြီး၏။**

* * * * * *

## [ ၁၇ ] မဟာသကြိန်ခေါ်တော်မူရာ မြေကို မင်္ဂလာသမုတ်၍ တမှတ်တိုင် စိုက်ရကြောင်း

ဤသို့လျှင် ယခင်ဆိုခဲ့ပြီးသော သာသနာကျမ်း, လောကီကျမ်း စာတမ်းထုံးစံနှင့် အညီ–

၁။ မဟာသမ္မတမင်းမှ စ၍ အသမ္ဘိန္နနွယ်စစ် ဖြစ်တော်မူခြင်း၊

၂။ မင်းကျင့်တရား ၁၀-ပါး-စသော ရာဇဓမ္မတရားတို့၌ မြဲမြံတည်ကြည်တော်မူခြင်း၊

၃။ ပြည်သူ,ပြည်သား သတ္တဝါများတို့အား ရင်ဝယ်သားကဲ့သို့ ချစ်ခင်သနားတော်မူသဖြင့် အကျိုးစီးပွါးကို အလိုရှိတော်မူခြင်း၊

၄။ အနီး, အဝေး၊ အရင်း, အဖျား၊ အထူးအခြား မရှိ၊ သတ္တဝါများ၌ ဇာတိတော်ကပင် အမြဲအစွဲပါသော မေတ္တာတော်ဖြင့် ချမ်းသာစီးပွါး ထပ်တူထပ်မျှ သနားမေတ္တာရှိတော်မူခြင်း၊

၅။ ပြည်သူပြည်သား သတ္တဝါများလည်း ကိုယ်တော်မြတ်၌ ချစ်ကြည်မြတ်နိုးကြသဖြင့် ဆုတောင်း,ဆုယူ စောင့်ရှောက်လုံခြုံစေခြင်း-

ဟူသော ဘိသိက်ခံထိုက်သော အကြောင်း ၅-ပါးနှင့် မယိုမယွင်း မချွတ်မလွဲ ပြည့်စုံသော စတုတ္ထရတနာပူရ ရွှေဝမြို့တည်၊ ရွှေနန်းတည်၊ သိုက်ဝင်မင်းစစ်ဖြစ်တော်မူသော အထူးထူးသော တိုင်းကြီး,ပြည်ကြီး ထီးဆောင်းမင်းများသခင်၊ ရွှေတွင်း, ငွေတွင်း, ပတ္တမြားတွင်း,

ပယင်းတွင်း-စသော ဖြစ်ရာဌာနနှင့်တကွသော ရတနာအပေါင်းတို့၏အသျှင်, လှ္ကက် *(လက်နက်)* စကြာအသျှင်, ဆဒ္ဒန်ဆင်မင်းသခင်, ဆင်ဖြူရှင် မင်းထက်မင်းဖျား မင်းတရားကြီးဘုရားသည် တခဏချင်းပင် အထောင်မကသော အမှုကိစ္စကို သိမြင်နိုင်သော သိကြားနတ်မင်း၏ ပညာမျက်စိနှင့်တူသော ဘဝအဆက်ဆက် ဖြည့်တော်မူပြီးသော ပါရမီတော်ကြောင့်ဖြစ်သော ပဋိသန္ဓေပညာအမြင်တော်ဖြင့် အထူးအထူးသော ဘိသိက်အပြားတို့တွင် မုဒ္ဓါ-ဘိသိက်သာ အရင်းမူလပဌာနဖြစ်ကြောင်း, မုဒ္ဓါဘိသိက်ခံသော် အကျိုးများစွာရကြောင်း, မုဒ္ဓါဘိသိက်မခံသော် အပြစ်များစွာရှိကြောင်း အစရှိသော ၅၈-ပါးသော စကားအချုပ်၊ အရာမကသော စကားအစိတ်၊ အဆစ်အပိုင်းတို့ကို ထောက်ထားဆင်ခြင် သိမြင်တော်မူ၍-

၁။ ရှေးရှေး မင်းလောင်း,မင်းမြတ်တို့ ထုံးစံနှင့်လျော်ညီစွာ မင်းခမ်းမင်းနား အဆောက်အအုံ စီရင်ခင်းကျင်းခြင်း၊

၂။ ရေမြေသခင် အရှင်မင်းဇကေရာဇ်အဖြစ် မင်းမြှောက်လို၍ ဆိုရိုး, ထုံးစံစကားဖြင့် သွန်းခြင်း၊

၃။ ဦးထိပ်ထက်၌ လက်ယာရစ်ခရုသင်းကို စိုက်ထောင်၍ သွန်းခြင်း။

ဤသို့အားဖြင့် မုဒ္ဓါဘိသိက်မြှောက်ရာသော အင်္ဂါ ၃-ပါးကို ကျမ်းဂန်ဆိုသည်နှင့်အညီ အင်္ဂါ ၃-ပါး ညီညွတ်စေလျက် မဟာသမ္မတ၊ ရောဇ၊ ဝရရောဇ၊ ကလျာဏ၊ ဝရကလျာဏ၊ သုဒဿနမန္ဓာတ်-အစရှိသော ကမ္ဘာဦးက လာသော မင်းမြတ်, မင်းတရားတို့ ထုံးစံအတိုင်း အမရပူရမြို့တည်, နန်းတည် လှ္ကက်*(လက်နက်)* စကြာအသျှင်, ဆဒ္ဒန်ဆင်မင်းသခင်, ဆင်ဖြူများရှင်, ဘိုးတော်မင်းတရားကြီးဘုရား ခံတော်မူသကဲ့သို့ မင်းသာမညတို့ မခံဝံ့, မခံထိုက်။ မင်းမြတ်, မင်းတရားတို့သာ ခံဝံ့၊ ခံထိုက်သော မုဒ္ဓါဘိသေကရာဇာဘိသိက်ကို ခံတော်မူအံ့သောငှာ စကြာမင်းတို့အား စကြာမလုပ်မီ သကြိန်ခေါ်မြဲ ကျမ်းဂန်ထုံးစံရှိသည်နှင့်အညီ မင်္ဂ,ဖိုလ်၏ရှေး၌ ဖြစ်မြဲသော ပရိကံဥပစာကဲ့သို့ မုဒ္ဓါဘိသေကမဟာမင်္ဂလာတော်၏ ရှေး၌ ပြုမြဲသော ပရိကံဥပစာဖြစ်သော မဟာမင်္ဂလာ သကြိန်တော်ကို ဘိသိက်မခံမီ ရှေးဦးစွာ သကြိန်ခေါ်တော်မူသည်။ သကြိန်နန်းတော် မဆောက်လုပ်မီလည်း နံစံသင့်ရာ မြေအရပ်ကို ရွေးချယ်ရသည်။

ရွှေမြို့တော်ကြီးမှ တာ ၃၀၀-ကွာ ညီညွတ်သာယာစွာသော စတုရန်းတာ ၅၀-ရှိသော ဂဟပတိမြေရပ်ကို အခါသမယ ကောင်းမြတ်သနေ့ နတ်ရကာအခင်းအကျင်းနှင့် သာယာစွာသော မင်္ဂလာ သညာသမုတ်၍ ၈-မျက်နှာ, တမှတ်တိုင် စိုက်ရသည်။ ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော အသျှင်ဘဝရှင် မင်းတရားကြီးဘုရား မဟာသကြိန်ခေါ်

တော်မူရန် ရွှေမြို့တော်မှ မည်မျှကွာ, မည်သည့်အရပ်, စတုရန်း မည်မျှမြေကို မည်သည့် သညာ သမုတ်တော်မူသည်-ဟူ၍လည်း တမှတ်တိုင်တွင် စာဆွဲရသည်။

**ဤတွင်ရွှေ့ မဟာသကြ်န်ခေါ်တော်မူရာ မြေကို မင်္ဂလာသညာသမုတ်၍ တမှတ်တိုင် စိုက်ရကြောင်း ပြီး၏။**

* * * * * *

## [ ၁၈ ] မဟာသကြ်န်နန်းတော်

ယင်း သည်တမှတ်တိုင်စိုက်ရာအရပ်တွင် ကောင်းမြတ်သောအခါသမယကို ရွေးချယ်၍ ခန့်ထားဆောင်ယူစေသည့် နံစံသင့်သော သစ်မျိုးစုံနှင့် မဟာသကြ်န်နန်းတော် ဆောက်လုပ်ရသည်။

[၁]ပရိတ်နာဆောင် ဘုံ ၅-ဆင့် ၁။ [၂]ဂြိုဟ်သန္ဒေဆောင် ဘုံ ၅-ဆင့် ၁။

[၃]ဝတ်လဲတော်ဆောင် ဘုံ ၅-ဆင့် ၁။ [၄]ဆေးစင်တော်ဆောင် ၃-ဆင့်။

[၅]နှစ်ထပ်လည်ပေါ်, ကွန်းရစည်, စမြင် ၃-မျက်နှာ မင်းမိဖုရားအဆောင်တော် ၁။

[၆]အင်ကြင်းသစ်သလွန်တော် ၁။ [၇]သကြ်န်တော်ရေထားတန်ဆောင်း ၁။

[၈]ကိုးပါး ပုဏ္ဏားတို့ ဟုန်းတန်ဆောင်း ၁။ [၉]ပညာရှိတို့နေရန် တဲ ၁။

[၁၀]မြင်းဇောင်းတော်တဲ ၁။ [၁၁]နာရီတော်တဲ ၁။

[၁၂]ရေကြည်တော်တဲ ၁။ [၁၃]အသန့်စောင်တဲ ၁။

[၁၄]ဝင်းမှူးတို့ နေရန် စံကြောတဲ ၄။ [၁၅]မင်းညီမင်းသားတို့နေရန် စကြောတဲ ၂။

[၁၆]အတိုးအက သဘင်သည်တို့နေရန် တဲ ၁။ [၁၇]မှူးတော်မတ်တော်တို့နေရန်တဲ ၁။

[၁၈]ဝန်ကြီးတို့နေရန် တဲ ၁။ [၁၉]မြင်းမှူးမင်းသားတို့နေရန် တဲ ၁။

[၂၀]ပညာရှိပုဏ္ဏားကြီးတို့နေရန် တဲ ၂။ [၂၁]ပုဏ္ဏားတို့ အသင့်စောင့်ပြီးနေရန်တဲ ၁။

[၂၂]မန္တန်တော်တို့ ရွတ်သရဇ္ဈာယ်ပြီးလျှင်နေရန် တဲ ၁။

[၂၃]ဝင်းအကာပုရွက်ကြောင်း ၃၅။ [၂၄]ဝေါတော်ကြီးရှည် ၁။

[၂၅]မင်း,မိဖုရားဝေါရှည်စု ၁။ [၂၆]စည်တော်စုံတင် စင်ရှင် ၁။

၂၇ ကျိုင်းတော်စိုက်ကျည် ၈။

၂၈ ဘေးမဲ့လွှတ် လူ့တိရစ္ဆာန်ထားရန် ကနားပြင်(*မဏ္ဍပ်*) ၁။

၂၉ ကတော်မယားတို့နေရန် ကနားပြင်(*မဏ္ဍပ်*) ၁။

၃၀ အိမ်သာကြမ်း ၁။ ၃၁ ဝင်းပြင်ရာဇမှတ်စု ၁။

၃၂ ဆင်ကတင်ရန် စင် ၁။ ၃၃ ဆင်မင်းနန်း-

စသည်များကို ပြီးပြေအောင် ခန့်ထားစီရင် ဆောက်လုပ်ရသည်။

ဆေးစင်တော်အတွင်းကြမ်းမှာ အလျား, အနံ ၃၊ ၁၊ ၄ (၃-တောင်, ၁-မိုက်, ၄-မတ်) ဖောက်သည်။ အပေါက် အောက်တည့်တည့် မြေတွင်းအဝ ၂ (၂-တောင်)၊ စောက် ၃ (၃-တောင်) တွင်းတူး၍ အသင့်ရှိစေရမည်။

**ဤတွင်ရွှေ. မဟာသကြ်န်နန်းတော် ပြီး၏။**

* * * * * *

## [ ၁၉ ] သကြ်န်ခေါ်တော်မူရန် အဆောက်အဦ

မဟာသကြ်န်ခေါ်တော်မူရန် အဆောက်အဦကား–

၁ သံနန်းချည်အရှည် ၁ဏ်(၁၈-တောင်)-၁။ ၂ ရွှေနန်းချည်အရှည် ၁ဏ်- ၁။

၃ ငွေနန်းချည်အရှည် ၁ဏ်- ၁။ ၄ ကြေးဖြူနန်းချည်အရှည် ၁ဏ်- ၁။

၅ မိုးကြိုးနန်းချည်အရှည် ၁ဏ်- ၁။ ၆ ငုံတော်မူရန် နဝရတ်ထုပ်-၁။

၇ လက်တော်စွပ် ပတ္တမြားကွင်း-၁၀။ ၈ ခြေတော်စွပ် ပတ္တမြားကွင်း-၁၀။

၉ ၂ိ-စီလုပ် မိုးကြိုးဖလားငယ်-၂။ ၁၀ ၂ိ-စီလုပ် ရွှေဖလားငယ်-၂။

၁၁ ၁ိ-စီလုပ် ရွှေဖလား-၂။ ၁၂ တရော်ရည်ထည့် ၁၂ိ-လုပ်ငွေဖလား-၁။

၁၃ နဝရတ်စီရွှေဖလား-၁။ ၁၄ လက်တော်ဆေး ငွေချိန်-၄ိ။

၁၅ ၁ိ-လုပ် ရွှေနေရုပ်-၁။ ၁၆ ၁ိ-လုပ် ငွေလရုပ်-၁။

၁၇ အဝန်း ၄-ထွာရှိ ရွှေချလင်ပန်း-၄။ ၁၈ ရင်းငွေချလင်ပန်း-၄။

၁၉ ရွှေချဋ္ဌန်း-၄။

၂၀ ငွေချဋ္ဌန်း-၄။

၂၁ ဆံတော်စွပ် ပိတ်အရှည်-င်္၂။

၂၂ ရေစစ်ပိတ်အရှည်-င်္၃။

၂၃ နံ့သာမှုန့်အိုးနှင့်-၁။

၂၄ အမွှေးရည်အိုးနှင့်-၁။

၂၅ ဆေးစင်တော်ဆွဲရန် ရေလျှော်ဖျင်-င်္၄။

၂၆ ဝတ်လဲတော်ပိတ် အနံ-င်္၃,အလျား-၁င်္၀။

၂၇ ကျိတ်ပေါင်း-၁ဝိ။

၂၈ ဂမုန်းပေါင်း-၁ဝိ။

၂၉ ပျံပေါင်း-၁ဝိ။

၃၀ ဂုံဂမံ-၁ဝိ။

၃၁ ကြာမျိုးငါးပါးဝတ်ဆံ-၁ဝိ။

၃၂ အုန်းသီးရည်-၁ဝိ။

၃၃ သကြား-၁ဝိ။

၃၄ ပျားရည်-၁ဝိ။

၃၅ ထောပတ်-၁ဝိ။

၃၆ သရက်စေး-၅ိ။

၃၇ ခံစေး-၅ိ။

၃၈ ညောင်စေး-၅ိ။

၃၉ ပိန္နဲစေး-၅ိ။

၄၀ သဖန်းစေး-၅ိ။

၄၁ ကြံရည်-၁ဝိ။

၄၂ နံ့သာမျိုးငါးပါး ၁ိ-စီ။

၄၃ တရော်ရမည် အချိန်-၅ဝိ။

၄၄ သဖန်းသီးအချိန်-၁ိ။

၄၅ ပန်းပေါင်း အချိန်-၁ဝိ။

၄၆ ပူဇော်ပွဲကွမ်း,လှက်,ပေါက်ပေါက်နှင့်-၁၅။

၄၇ သစ်ပွတ်ကလပ်ဖြူ-၅။

၄၈ ချိပ်တိုက်ကလပ်နီ-၁၀။

၄၉ နံ့သင့်သစ်သားတိုင်ပျဉ်-၁။

၅၀ ချည်(ခြေ)ဆေးလက်ခုံပါ-၈။

၅၁ တရော်ထု နံ့သင့်သစ်သား-၁။

၅၂ ကင်ပွန်းသီးပြုတ်ဖျဉ်းအိုး-၁။

၅၃ သနပ်ခါးဘီး-၄။

၅၄ ဆံချုပ်-၄။

၅၅ ပရိတ်အိုး-၅။

၅၆ အဆောင်ဆောင်ထားရန် တရော်ရည်ခံဖျဉ်း-၅၀။

၅၇ အရိုး င်္၃(၃-တောင်)တပ် ခေါက်ကြီး ကွမ်းလှက်-၂၀။

၅၈ ဓားလွယ်-၄။

၅၉ ငသွတ်(သေနတ်)-၄။

၆၀ လှံ-၄။

၆၁ လေး-၄။

၆၂ ကဝါချချည် ၉-မျှင် င်္၇-ကွင်း-၁။

၆၃ ရင်း ၃၂-မျှင် င်္၇-ကွင်း-၁။

၆၄ ရင်း ၂၅-မျှင် င်္၇-ကွင်း -၁။

၆၅ ရင်း ၁၆-မျှင် င်္၇-ကွင်း-၁။

[၆၆]ဇုင်း ၁၀-မျှင် ၇-ကွင်း-၁။
[၆၇]ဇုင်း ၈-မျှင် ၇-ကွင်း-၁။
[၆၈]ဇုင်းမင်းကိုချည် ၁၀၇-မျှင် ၈-ကွင်း-၁။
[၆၉]ပရိတ်ချည် ၁-ကွင်း-၃။
[၇၀]ချည်ဝင်-၂၀။
[၇၁]၁၀၀-သော မင်းတို့၏အရုပ်-၁၀၀။

စသည်များကိုလည်း ပြည့်စုံအောင် ခန့်ထားရှိစေရသည်။

[၁]ပတ္တမြားစီအိုး-၈။
[၂]ပုလဲစီအိုး-၈။
[၃]ရွှေအိုး-၁၂။
[၄]ငွေအိုး-၁၆။
[၅]ကြေးနီအိုး-၂၀။
[၆]မြေအိုး-၄၄။
[၇]သဲအိုးစု ၁၀၈-များကိုလည်း အသင့်ရထားရှိစေရသည်။

**ဤတွင်ရွှေ သကြိန်ခေါ်တော်မူရန် အဆောက်အဦ ပြီး၏။**

* * * * * *

## [ ၂၀ ] ဘေးမဲ့လွှတ်ရန် သတ္တဝါစု

သကြိန်တော်, ဘိသိက်တော်များတွင် သတ္တဝါတို့အား ဘေးမဲ့ပေးကြောင်းကို စန္ဒကုမာရဇာတ်၌ လာသည့်အတိုင်း စာတမ်းထုံးစံရှိသည်နှင့်အညီ ဘေးမဲ့လွှတ်တော်မူရန် သတ္တဝါများကိုလည်း ဆေးစင်တော်အနောက် ကနားပြင်(မဏ္ဍပ်)တွင် ဆိုင်ရာခန့်ထား၍ အသင့်ရှိစေရသည်။

[၁]ဆင်,မြင်း,ကျွဲ,နွား အဖို,အမ ၁-ခုစီ။
[၂]ဆိတ် ဖို,မ-၁၅။
[၃]ဝမ်းဘဲ ဖို,မ-၃၀။
[၄]ဝက်ဖို-၁၇။
[၅]ဝက်မ-၁၃။
[၆]ကြက်ဖို-၁၃။
[၇]ကြက်မ-၁၇။
[၈]ခို ဖို,မ-၃၀။
[၉]စာ ဖို,မ-၅၀။
[၁၀]ခိုးသားယောက်ျား-၁။

စသည်များကို သမန်းကြိုးအရှည် ၁၈(၁၈-တောင်)နှင့် အစဉ်တပ်၍ ချည်ပြီးလျှင် ဆေးစင်တော်အောက်သို့ လျှောက်သွယ်၍ သကြိန်ခေါ်တော်မူသည့်ကာလ ချည်ထားရသည်။

ဤတွင်ရွှေ ဘေးမဲ့လွှတ်တော်မူရန် သတ္တဝါစု ပြီး၏။

* * * * * *

## [ ၂၀ ] သကြ်န်တော် ရေမျိုးစုံ

သကြ်န်တော်ရေမျိုးစုံကား မန္တန်တော်သမား ၈-ယောက်တို့ ဝတ်ကောင်း,ဝတ်သန့်နှင့် အင်္ကျီဖြူ စံပယ်တင်လျက် ရေထားတန်ဆောင်းတွင် နတ်ရကာပသ၍ စုတ်မန်းရန် ရေကို ၃-ကြိမ် စစ်ပြီးလျှင် တရော်ကြီး, တရော်ညို, တရော်ဖြူ, ဖက်သက်, အုံတုံ, ကောင်တဲစာ, ပင်စာတရော်ရမည်နှင့် ကြာမျိုး ၅-ပါးဝတ်ဆံ, နံ့သာဖြူ, နံ့သာနီ, ကရမက်, အကျော်, ရှင်ငေါ်, စမွာတို့ကို ပေါင်း၍ စိမ်ရသည်။ စိမ်ပြီးတရော်ရည်ကို ၃-ကြိမ်စစ်၍ ရွှေသားမြူတာ, ငွေသားမြူတာနှင့် ထည့်ပြီးလျှင် အကြိမ်အဖန်များစွာ စုတ်မန်းရသည်။ ယင်းသည့် တရော်ရည်နှင့် လက်ဦးစွာ သကြ်န်တော်ခေါ်သည်။

ထို့နောက် ယခင်အထက်က ရာဇာဘိသေကကျမ်းနှင့်အညီ–

- ရံထားခဲ့သော နွားနို့စိမ်း, သကြား, ထောပတ်, ပျားရည်, အုန်းရည်၊ သည် ၅-ပါးကို ရေနှင့် ဖျော်ပြီးလျှင် ရွှေအိုးနှင့်ထည့်၍ ပဌမသွန်းလောင်းရန် ပဉ္စအမတရသရေ။
- သရက်စေး, ပိန္နဲစေး, သဖန်းစေး, ခံစေး, ညောင်စေး၊ သည် ၅-ပါးကို ရေနှင့် ဖျော်ပြီးလျှင် ရွှေအိုးနှင့်ထည့်၍ ဒုတိယသွန်းလောင်းရန် ပဉ္စကသရေ။
- ကြံရည်, ဆီစိမ်း, ကရမက်ရည်, ရေကြက်, ပရုပ်၊ သည် ၅-ပါးကို ရေနှင့် ဖျော်ပြီးလျှင် ရွှေအိုးနှင့်ထည့်၍ တတိယသွန်းလောင်းရန်ရေ။
- ရွှေအိုးနှင့် စတုတ္ထ သွန်းလောင်းရန် ဝဲဘန်ရေ။
- ဠင်းပဉ္စမ သွန်းလောင်းရန် နံ့သာရေ။
- ဆဌမ သွန်းလောင်းရန် သစ်သီးမျိုးရေ။
- သတ္တမ သွန်းလောင်းရန် ပန်းပွင့်မျိုးရေ။
- အဌမ သွန်းလောင်းရန် နေဇာမြက်ရေ။
- နဝမ သွန်းလောင်းရန် စပါးအရိုး, အရွက်ရေ။
- သကလာဘိသေကကျမ်းနှင့်အညီ ဒသမ သွန်းလောင်းရန် မြေအိုးချောနှင့် နီသော အဆင်းရှိသော ရေ။

- ဇကာဒသမ သွန်းလောင်းရန် ကြေးနီအိုးနှင့် ကန်ရေ။
- ဒွါဒသမ သွန်းလောင်းရန် ငွေအိုးနှင့် သမုဒ္ဒရာရေ။
- တေရသမ သွန်းလောင်းရန် ရွှေအိုးနှင့် တောင်ထိပ်ရေ။
- စုဒ္ဒသမ သွန်းလောင်းရန် ပတ္တမြားအိုးနှင့် ဂင်္ဂါရေ။
- ပန္နရသမ သွန်းလောင်းရန် ပုလဲစီအိုးနှင့် ဂင်္ဂါရေ။
- စာတမ်းများနှင့်အညီ သောဠသမ သွန်းလောင်းရန် ဂေါရာစဉ်း,ကရမက်,ကတိုး, ပရုပ်, ကုံကမံ, ကြာဝတ်ဆံ၊ သည်ဆေးစုကို ဖျော်၍ ရွှေအိုးနှင့် ထည့်သောရေ။
- သတ္တရသမ သွန်းလောင်းရန် ရတနာ ၇-ပါးရေ။
- အဋ္ဌာရသမ သွန်းလောင်းရန် ဘုတ်သက်ကယ်ကျင်း အောင်ပင်လယ်ကန်တွင်း ကျုံးဝန်းလက်ပန်း*(ကြုဝန်လက်ပံ)*ရေ။
- နဝါဒသမ*(ဇကူနဝီသတိမ)* သွန်းလောင်းရန် ပွဲလမ်းသဘင်နှင့် ဆောင်သော ယခင် ရေစုမှ တပါးသော ရေမျိုးစုံ။

ယခင် တရော်ရည်နှင့်တကွ သည်ရေစု ၂၀-ကို သကြ္ကန်ခေါ်တော်မူသည့်ကာလ ဆိုလတ္တံ့သောနည်းအတိုင်း သွန်းလောင်းရသည်။

ပြာဟ္မဏမျိုးတို့က ဆက်သော အဘိသေကစာတမ်းတွင်လည်း အကြိမ် ၂၀-တိုင် အောင် သကြ္ကန်တော် ခေါ်သင့်ကြောင်းကို ဆိုသည်။ ဘုန်းတန်ခိုးကြီးမြတ်သော အလောင်းအလျာတို့ အာနုဘော်ကြောင့် ရှာသော ပေါက္ခရဝဿမည်သော မိုးရေသည် နီသောအဆင်းရှိသည်ဟူ၍ ကျမ်းဂန်လာသည်နှင့်အညီ ပေါက္ခရဝဿမိုးရေကို ရည်၍ နီသောရေကိုလည်း မင်္ဂလာရေအဖြစ်ဖြင့် သကလာဘိသေကကျမ်း၌ ဆိုသည်။

မင်းကိုချည်, ဘီးတော်, ဆံချပ်တော်, ထိုင်ပျဉ်, ကလပ်, ကြုတ်ခွက်, ပန်းပိုးတော်, ဝတ်လဲတော်အဖြူထည်များကိုလည်း လူပရိတ်ရွတ်တို့ကို ပရိတ်တော်မွမ်းစေရသည်။ သကြ္ကန်ရေတော်များကိုလည်း ပုဏ္ဏားတို့ ရေသန္ဒေးစေရသည်။

ဤတွင်ရွေ့ သကြ္ကန်ရေတော်များ ရေမျိုးစုံ ပြီး၏။

* * * * * *

## [ ၂၂ ] သကြ္ကန်ရေတော်ခပ် အစီအစဉ်

သကြ္ကန်ရေတော်မခပ်မီ လွှတ်တော်ရှေ့စွယ်တော်စင် အနောက်မြောက်တွင် နာဂသျှန်တြိတန်ဆောင်း ၃-ထပ်လည်ပေါ် ဆောက်လုပ်ရှိစေရသည်။ ဇလပူဇာပြုရသော အကြောင်းကို ရာဇာဘိသေကကျမ်း, သကလာဘိသေကကျမ်းစာတမ်းများ၌ ဆိုသည်နှင့် အညီ သကြ္ကန်ရေတော်ကို မျှို့မင်္ဂလာမြောက်အောင် ခပ်ယူရသည်။

**ရေတော်ခပ်သော အစီအစဉ်ကား-**

| | |
|---|---|
| လက်ရွေးကြီးလှော်ကားတော်၊ | ပြည်လုံးအုံလှော်ကားတော်၊ |
| ရွေးကြီးလှော်ကားတော်၊ | လက်သစ်လှော်ကားတော်။ |

သည် ၄-စင်းတွင် လက်ရွေးကြီးလှော်ကားတော်မှာ-

| | |
|---|---|
| ရွှေသားမြှုတာ- ၁၂။ | ငွေသားမြှုတာ-၁၂။ |
| ရွှေချမြှုတာ-၁၂။ | ငွေချမြှုတာ-၁၂။ |
| ရွှေချအိုးချော့ဖုံးစုံ-၁၂။ | ငွေချအိုးချော့ဖုံးစုံ-၁၂။ |
| ဖက်စိမ်းအုပ် အိုးစရည်းကြီး-၁၂။ | ခရုသင်းစွဲလျက် ပုဆိုးအနားပါဝတ်ပုဏ္ဏားး-၂။ |
| မန္တန်သမား-၁။ | ဆုတောင်းစာဖတ် အဆောင်တော်မြဲ-၁။ |
| နရည်းစရာ။ | |

ပြည်လုံးအုံလှော်ကားတော်မှာ-

| | |
|---|---|
| ပုဝါနီစည်းအိုးချော-၁၀၈။ | ခရုသင်းစွဲလျက် အနားပါဝတ်ပုဏ္ဏားး-၂။ |
| မန္တန်သမား-၁။ | နရည်းစရာ။ |

ရွေးကြီးလှော်ကားတော်မှာ-

| | |
|---|---|
| ဖက်စိမ်းအုပ် မျှို့သန္ဓေမြှုတာ-၁၀၈။ | ခရုသင်းစွဲလျက် အနားပါဝတ်ပုဏ္ဏားး-၂။ |
| မန္တန်သမား-၁။ | အကြပ်အမ အမတ်-၁။ |
| နရည်းစရာ။ | |

လက်သစ်လှော်ကားတော်မှာ–

ရေခပ်အိုး ဖက်စိမ်းအုပ်-၁၀၈။ ခရုသင်းစွဲလျက် အနားပါဝတ်ပုဏ္ဏား-၂။

မန္တန်သမား-၁။ နရည်းစရာ။

လမ်းတလျှောက် အကာရာဇမတ်၊ ရင်းရေချမ်းအိုး ရေပြည့် ပန်းစိုက်။ မြစ်ဆိပ် ဝဲ,ယာ တဲကနားပြင်ကြီး ၂-များကို အသင့်လျောက်လုပ်ဆောင်ပြီးလျှင်–

[၁]ရွှေဖျား စမြောင်သိုင်းနှင့်-၂၊ ရင်းနောက် [၂]ဝဲ,ယာ မြန်မာအတီး,အက၊ ရင်းနောက်

[၃]ဝဲ,ယာ မွန်အတီး,အက၊ ရင်းနောက် [၄]ဝဲ,ယာ ယိုးဒယား အတီး,အက၊ ရင်းနောက်

[၅]ဝဲ,ယာ ပူဇော်ပွဲ-၅၊ ရင်းနောက် [၅]ဆုတောင်းတော်စာ၊ ရင်းနောက်

[၆]ဆုတောင်းစာဖတ် အဆောင်တော်မြဲ-၁၊ ရင်းနောက်

[၇]ဂြိုဟ်ပူဇော်ပုဏ္ဏား-၂၀၊ ရင်းနောက် [၈]သူဌေး,သူကြွယ်၊ ရင်းနောက်

[၉]အင်းတော်ရေး၊ ရင်းနောက် [၁၀]မန္တန်ခေါင်းနှင့် မန္တန်သမား၊ ရင်းနောက်

[၁၁]ရွှေသားမြူတာ-၁၂၊ ရင်းနောက် [၁၂]ငွေသားမြူတာ-၁၂၊ ရင်းနောက်

[၁၃]ရွှေချမြူတာ-၁၂၊ ရင်းနောက် [၁၄]ငွေချမြူတာ-၁၂၊ ရင်းနောက်

[၁၅]ရွှေချအိုးချောဖုံးစုံ-၁၂၊ ရင်းနောက် [၁၆]ငွေချအိုးချောဖုံးစုံ-၁၂၊ ရင်းနောက်

[၁၇]ပုဝါမိုးစည်းအိုးချော-၁၀၈၊ ရင်းနောက် [၁၈]ဖက်စိမ်းအုပ် မှို့သန္ဒေမြူတာ-၁၀၈၊ရင်းနောက်

[၁၉]ဖက်စိမ်းအုပ် အိုးစရည်းကြီး-၁၂၊ ရင်းနောက် [၂၀]နရည်းစရာစုံ၊ ရင်းနောက်

[၂၀]မင်းညီမင်းသား၊ ရင်းနောက် [၂၂]မှူးတော်မတ်တော်၊ ရင်းနောက်

[၂၃]စုရေးစုကိုင်။

ဤသို့ စီစဉ်ခင်းကျင်းလျက် ပွဲလမ်းသဘင်နှင့်သွား၍ ရန်အောင်မြင်, ချမ်းသာကြီး-စသော သင့်ရာ ရေတော်ဆိပ်သို့ ရောက်လျှင် တဲကနားပြင်များတွင် ပွဲလမ်းသဘင် ခံနေစေရသည်။ လှော်ကားတော် ၄-စင်းကိုလည်း မြစ်လယ်သို့ ဖွင့်ပြီးလျှင် မစုံ,မဆန်စေရ အောင် လှော်၍ ဗုံ, မောင်း, ခရာ တီးမှုတ်လျက် ရွှင်ပစွာ ရပ်တန့်နေစေရသည်။

**ဤတွင်ရွှေ. သကြိန်ရေတော်ခပ်သော အစီအစဉ် ပြီး၏။**

* * * * * *

## [ ၂၃ ] သကြန်ရေတော်ခပ်သော အခြင်းအရာ

အခါတော်နီးလျှင် ရေစောင့်နတ်မင်း, မဏိမေခလာနတ်သမီးတို့ကို အမိန့်တော်ပြန်စေရသည်။ ရေစောင့်နတ်, မဏိမေခလာတို့အသွင် ဟန်ဆောင်၍ နေနှင့်စေရသူကလည်း ခွင့်ပြုကြောင်းကို ကောင်းချီးပေးစေရသည်။ ထို့နောက် ရေစောင့်နတ်, မဏိမေခလာတို့ကို ပူဇော်ပွဲနှင့် ပူဇော်ပသ၍ ဆုတောင်းစာ ဖတ်စေရသည်။

ထို့နောက် အခါတော်ကြားလျှင် အခါတော်နှင့်တပြိုင်နက် ပုဏ္ဏားတို့ **နာဂသျှိ ဂါထာမန္တရား**ကို ရွတ်မန်း၍ ရွှေမြူတာ, ငွေမြူတာများတွင် ပိတ်ခါသာ ၇-ထပ်ဖြင့် စစ်လျက် လက်ယာရစ် ခရုသင်းနှင့် ခပ်လောင်းစေရသည်။

### ပြန်ရန် အမိန့်တော်

"ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော လွှက်*(လက်နက်)*စကြာအရှင်, ဆဒ္ဒန်-ဆင်မင်းသခင်, ဆင်ဖြူများရှင်, အသျှင် ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်။ မြစ်ကြီး ၅-စင်း, မြစ်ငယ်-၅၀၀, မဟာသမုဒ္ဒရာကို စောင့်သော နတ်မင်း, မဏိမေခလာနတ်သမီး- မည်သည့်နှစ်, မည်သည့်လ, မည်သည့်နေ့ရက်အခါရောက်လျှင် သကြန်တော်ခေါ်တော်မူမည်ဖြစ်၍ ရေခပ်ယူလာစေသည်။ နတ်မင်း, နတ်သမီးတို့အား ပူဇော်တော်ဖြင့် ပ-သတိုင်ကြားစေသည်။ သကြန်တော်ရေ ပေးမြဲပေး၍ ရေခပ်လာသူတို့ကို ဆောင်ယူစေ။ သာသနာတော်မြတ်စီးပွါး၊ ကိုယ်တော်မြတ်စီးပွါး၊ သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အညွန့်၊ အခွန့်ရှည်စွာ၊ ပြည်သူလူတကာတို့စီးပွါး ဆောင်ရွက်တော်မူနိုင်မည့်အကြောင်းကို ရေစောင့်နတ်မင်း, မဏိမေခလာနတ်သမီးတို့ မ-စပေးအပ် ခပ်ယူစေ"။ **ပြန်ရန် အမိန့်တော်စာ။**

### ရေစောင့်နတ်, မဏိမေခလာတို့ အသွင်ဆောင်၍ နေနှင့်သူတို့က ခွင့်ပြုကြောင်းနှင့် ကောင်းချီးပေးစာ

"ဘုန်းတော်အလွန်ကြီးမြတ်တော်မူလျက် သက်တော် အလွန်ရှည်တော်မူ၍ သာသနာတော်မြတ်စီးပွါး၊ ကိုယ်တော်မြတ်စီးပွါး၊ သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အညွန့်၊ အခွန့်ရှည်စွာ၊ ပြည်သူလူတကာ၊ သတ္တဝါတို့ စီးပွါးကို တရားနှင့်အညီ ဆောင်ရွက်တော်မူလိုသောကြောင့် သကြန်ခေါ်တော်မူရန် ဤသည်ရေကို ခပ်ယူလာစေ

သည့်အတိုင်း ခပ်ယူတော်မူပါစေ။ ဘုန်းတော်အလွန်ကြီး၍ သက်တော်ရာကျော်ပတ်လုံး သာသနာတော်မြတ်စီးပွါး၊ ကိုယ်တော်မြတ်စီးပွါး၊ သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အညွန့်၊ အခွန့်ရှည်စွာ၊ ပြည်သူလူတကာ၊ သတ္တဝါအပေါင်းတို့စီးပွါးကို တရားနှင့် အညီ ဆောင်ရွက်တော်မူနိုင်သည် ဖြစ်စေသော်။ သာဓု၊ သာဓု။ သြော် ကောင်းစွ၊ ကောင်းစွ။ ခပ်ယူတော်မူပါစေ"။

## ရေစောင့်နတ်မင်း, မဏိမေခလာနတ်သမီးတို့အား ကောင်းချီးပေးရန်စကား

"အလွန်ကြီးမြတ်သော ဘုန်းတန်ခိုးအာနုဘော်နှင့် ပြည့်စုံသော ရေစောင့်နတ်မင်း, မဏိမေခလာနတ်သမီး၊ သာသနာတော်မြတ်စီးပွါး၊ ကိုယ်တော်မြတ်စီးပွါး၊ သားတော် အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အညွန့်၊ အခွန့်ရှည်စွာ၊ ပြည်သူလူတကာ သတ္တဝါ အပေါင်းတို့စီးပွါးကို ဆောင်ရွက်တော်မူလို၍ သကြ်န်ခေါ်တော်မူအံ့သောငှာ ရေတော် ခပ်ယူလာစေသည်ကို အရှင်နတ်မင်းတို့ မစချီးမြှင့်၍ ရန်မာရ်ဘေးဒဏ် အန္တရာယ်ခပ်သိမ်း ကင်းငြိမ်းတော်မူလျက် သက်တော်ရာကျော်ပတ်လုံး ရှည်တော်မူ၍ သာသနာတော် မြတ်စီးပွါး၊ ကိုယ်တော်မြတ်စီးပွါး၊ သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အညွန့်၊ အခွန့်ရှည်စွာ၊ ပြည်သူလူတကာ၊ သတ္တဝါအပေါင်းတို့စီးပွါးကို တရားနှင့်အညီ ကောင်းစွာ ကျင့်ဆောင်တော်မူနိုင်သည်ဖြစ်စေသော်။" ဖတ်ရန် ဆုတောင်းစာ။

အမိန့်တော်စာ, ဆုတောင်းစာများကို ထန်းရွက်ညွန့်ရှည်နှင့် သတ်စုံ ရေးစေရသည်။ ရေတော်ကို ခပ်ယူပြီးလျှင် အစဉ်အတိုင်း လာခဲ့ရသည်။ ရွှေမြို့တော်အနီးသို့ ရောက်လျှင် ၎င်းရေတော်ခပ်ပြီး၍ ရွှေသားမြူတာ-၈၊ ငွေသားမြူတာ-၈၊ ရွှေချအိုးချောဖုံးစုံ-၈၊ ငွေချအိုး ချောဖုံးစုံ-၈၊ ပုဝါနီစည်းအိုးချော-၁၀၀၊ ဖက်စိမ်းအုပ် ရေခပ်အိုး-၉၀၊ အိုးစရည်းကြီး ၆- ကို သကြ်န်ရေထားတန်ဆောင်းသို့ ရွှေမြို့တော်တံခါး အပြင်ကပင် ပွဲသဘင်နှင့် ဆောင်သွား စေရသည်။ ကျန်ရေတော်စုကို လွှတ်တော်ရှေ့ နာဂသျှန္တိတန်ဆောင်း, အရှင်မိဖုရားသကြ်န် တော် ရေထားတန်ဆောင်းများသို့ ဆောင်ယူသွင်းထားစေရသည်။

ဘုတ်သစ်ခွရေ၊ ကျုံးဝန်းလက်ပံရေ၊ အောင်ပင်လယ်ကန်တွင်း လက်ပန်းရေများကို လည်း ရွှေအိုး, ငွေအိုး, ပွဲနတ်ရကာ အခင်းအကျင်းများနှင့် ဆောင်ယူမြဲ ဆောင်ယူစေ၍ တဝက်ရေကို မဟာသကြ်န်နန်းတော်သို့ ဆောင်ယူထားစေရသည်။ တဝက်ရေကို နန်းတော် အတွင်း အရှင်မိဖုရားသကြ်န်ရေထားတန်ဆောင်းသို့ ဆောင်ယူထားစေရသည်။

ဤတွင်ရွှေ့ သကြ်န်ရေတော်ခပ်သော အခြင်းအရာ ပြီး၏။

## [ ၂၄ ] ဂြိုဟ်နည်းတူ ပသပူဇော်သော အစီအစဉ်

အပရိဟာနိယတရား ၇-ပါးကိုဆိုသော သာသနာကျမ်း၊ ရာဇာဘိသေကကျမ်း၊ သကလာဘိသေကကျမ်း၊ စာတမ်းထုံးစံများနှင့်အညီ သကြ်ံန်တော်ခေါ် ထွက်တော်မမူမီ ၁-ရက်က နာဂသျှုန္တိတန်ဆောင်းတွင် ဆိုလတ္တံ့သော ဂြိုဟ် ၉-ပါး၊ နတ် ၁၀-ပါးတို့အရုပ်ကို ပိတ်တွင်ရေး၍ တန်ဆောင်း စင်ရှင်နှင့် ၉-ပါး ပုဏ္ဏားတို့ကို ထုံးစံရှိရာ ခင်းကျင်းပသ ပူဇော်စေရသည်။ နန်းဦးနတ်ကိုလည်း စင်ရှင်နှင့် ခင်းကျင်းပသ ပူဇော်စေရသည်။

၁-နွေဂြိုဟ်ပူဇော်ရန် [၁]ပတ္တမြားလက်စွပ်-၁၊ ရှင်းထီးနီ-၁၊ ရှင်းတံခွန်နီ-၁၊ ရှင်းကြက်လျှာနီ-၆၊

၂-လ်ာဂြိုဟ်ပူဇော်ရန် [၂]ပုလဲလက်စွပ်-၁၊ ရှင်းထီးဖြူ-၁၊ ရှင်းတံခွန်ဖြူ-၁၊ ရှင်းကြက်-လျှာဖြူ-၁၅၊

၃-ဂါဂြိုဟ်ပူဇော်ရန် [၃]သန္တာလက်စွပ်-၁၊ ရှင်းထီးနီ-၁၊ ရှင်းတံခွန်နီ-၁၊ ရှင်းကြက်လျှာနီ-၈၊

၄-ဟူးဂြိုဟ်ပူဇော်ရန် [၄]မြလက်စွပ်-၁၊ ရှင်းထီးစိမ်း-၁၊ ရှင်းတံခွန်စိမ်း-၁၊ ရှင်းကြက်လျှာစိမ်း-၁၇၊

စနေဂြိုဟ်ပူဇော်ရန် [၇]နီလာလက်စွပ်-၁၊ ရှင်းထီးနက်-၁၊ ရှင်းတံခွန်နက်-၁၊ ရှင်းကြက်လျှာနက် ၁၀၊

၅-တေးဂြိုဟ်ပူဇော်ရန် [၅]ဥဿဖရားလက်စွပ်-၁၊ ရှင်းထီးဝါ-၁၊ ရှင်းတံခွန်ဝါ-၁၊ ရှင်းကြက်-လျှာဝါ-၁၉၊

ရာဟုဂြိုဟ်ပူဇော်ရန် [၈]ဂေါမိတ်လက်စွပ်-၁၊ ရှင်းထီးပြာ-၁၊ ရှင်းတံခွန်ပြာ-၁၊ ရှင်းကြက်-လျှာပြာ-၁၂၊

၆-ကြာဂြိုဟ်ပူဇော်ရန် [၆]စိန်လက်စွပ်-၁၊ ရှင်းထီးဖြူ-၁၊ ရှင်းတံခွန်ဖြူ-၁၊ ရှင်းကြက်လျှာဖြူ-၂၁၊

ကိတ်ဂြိုဟ်ပူဇော်ရန် [၉]ကြောင်လက်စွပ်-၁၊ ရှင်းထီးပြောက်-၁၊ ရှင်းတံခွန်ပြောက်-၁၊ ရှင်းကြက်လျှာပြောက်-၁၀။

*(မြား-လဲ-သန်-မြ၊ ဥဿဖရား၊ စိန်သား နီလာ၊ ဂေါမုတ္တာ၊ ကြောင်ပါ နဝရတ် ၉-သွယ်တည်း။)*

ဂြိုဟ်နံ့သင့် နဝရတ်ကို ရတနာပရိက္ခာကျမ်းနှင့် ညီညွတ်စွာဆိုသည်။ အခြားစာတမ်းများ၌ မညီမညွတ် ရှိတတ်သည်။

မဟာပိန္နနတ်-၁၊ ပရမိဿွာနတ်-၁၊ ဝဇီကာရနတ်-၁၊
စန္ဒိနတ်- ၁၊ ယမနတ်-၁၊ နရာယနနတ်-၁၊
ဝရုဏနတ်-၁၊ ဝါသုဒေဝနတ်-၁၊ ဂန္ဓဗ္ဗနတ်-၁၊
ဗာသုကီနတ်-၁၊ *(ပေါင်း နတ် ၁၀-ပါး)*

သည်နတ် ၁၀-ပါးကို ခေါင်းအုံး(စောင်အုံး),မွေ့ယာ, တံခွန်ဖြူ, တံခွန်နီ, ပတ္တမြား လက်စွပ်, ကြာသွတ်အိုး-စသည်များဖြင့် ပသပူဇော်စေရသည်။ မဟာသကြ်န်တော်ခေါ် ထွက်တော်မမူမီ ၁-ရက် သကြ်န်နန်းတော်အတွင်း ဆောက်ထားသည့် ဟုန်းတန်ဆောင်းမှာ ဟုန်းနတ်ရုပ်ကို ပိတ်တွင်ရေးစေပြီးလျှင် စင်ရှင်ပြာသာဒ် ၅-ဆင့်နှင့် နတ်ရကာ အဖွယ်အရာ ပေးအပ်၍ ဟုန်းနတ်ပူဇော်မြဲ ပုဏ္ဏားတို့ကို ပသပူဇော်စေရသည်။ ပိတ်အုပ်, ကြေးလင်ပန်း, ကြေးနီဖလား, ကြေးဝါဖလား, ထီး,ယပ်-စသည်များဖြင့် ပူဇော်စေရသည်။

မုရိုးထင်း၊ ပေါက်ထင်း၊ ရှားထင်း၊ သစ်ဆိမ့်ထင်း၊ ပဒေါင်ထင်း၊ သဖန်းထင်း၊ သမန်းထင်း၊ နေစာမြက်ထင်း၊ တောင်(မ)ရိုးထင်း၊ ဇီးသားထင်း။ ဟုန်းတွင်း ၄-ထောင့်စိုက်ရန် နံ့သာအရှည်-၇ှ်(၇-တောင်)၊ ၎င်းသရက်သား အရှည်-၇ှ်၊ ၎င်းပဒေါင်သားအရှည်-၇ှ်၊ ၎င်းသဖန်းသား အရှည်-၇ှ်၊ ဇီးသား ယောက်မ-အစရှိသော ဟုန်းအဆောက်အအုံ, ဆန်, အုန်းသီး-အစရှိသော နတ်စာချက်ရန်များကိုလည်း အသင့်စီရင်ခန့်ထားပေးအပ်စေရသည်။

ဟုန်းတန်ဆောင်း ကြက်ရန်။ ။မျက်နှာကြက်-၁၊ လေးမျက်နှာဖွဲ့ရန် ပုဆိုးဖြူ-၄၊ ၎င်းပုဆိုးနီ-၄၊ ၎င်းပုဆိုးဝါ-၄၊ ၎င်းပုဆိုးနက် ၄-များကိုလည်း အသင့်စီရင်ခန့်ထားရှိစေရသည်။ ဟုန်းတန်ဆောင်းတွင် ဟုန်းတွင်းအနားမှာ **မဟာပိန္န, ပရမိဿွာ, ဝဇီကာရ, စန္ဒိ, ယမ, နရာယန, ဝရုဏ, ဝါသုဒေဝ, ဂန္ဓဗ္ဗ, ဗာသုကီ၊** ၁၀-ပါးသော နတ်တို့ကို ပိတ်တွင် ရေး၍ ဆွဲထားပြီးလျှင် ပုဏ္ဏားတို့ကို ပူဇော်မြဲ အဖွယ်အရာပေးအပ်၍ ဟုန်းနတ်နှင့် တပြိုင်နက် ပူဇော်စေရသည်။ မိတ္တဗြိဟ်နှင့်တကွ ဗြိဟ် ၉-ပါး၊ သည်အထက် ဗြိဟ် ၁၀-ပါး ကိုလည်း ဗြိဟ်ပူဇော်တန်ဆောင်းတွင် ပုဏ္ဏားတို့ကို ပူဇော်မြဲ ပူဇော်စေရသည်။

မိတ္တဗြိဟ်ပူဇော်ရန်မှာ- ဣန္ဒနီလာလက်စွပ်, ထီးပြောက်, တံခွန်ပြောက်, ကြက်လျှာပြောက်၊ ကျန် ၉-ပါးမှာ ယခင်ရှေ့ကနည်းပင်။ သိကြား, ဗြဟ္မာ, စတုလောကပါလ, နေနတ်, လနတ်, မဟာပိန္နနတ်, ရာဟုနတ်၊ သည်အထက် နတ် ၁၀-ပါးကိုလည်း ယခင် မဟာပိန္န- စသော နတ် ၁၀-ပါးကို ပူဇော်သည့်နည်းတူ ဟုန်းတွင်း အနီးအပါးတွင် ပုဏ္ဏားတို့ကို ပသပူဇော်စေရသည်။ မဟာသကြ်န်နန်းတော် ဆေးစင်တန်ဆောင်းတွင်လည်း သကြ်န် တော် မခေါ်မီ ၁-ရက်က မဟာဗြဟ္မာ, မဟာပိန္န, မဟာပိဿနိုး, စန္ဒိ, ပရမိဿွာ, သူရဿတီ,

ယမ၊ သည်နတ် ၇-ပါးအရုပ်ကို ပိတ်တွင်ရေး၍ ပုဏ္ဏားတို့ကို ယခင်နည်း ပသပူဇော်စေရသည်။

**ဤတွင်ရွှေ ဖြိုဟ်နည်းတူ ပသပူဇော်သော အစီအစဉ် ပြီး၏။**

* * * * * *

## [ ၂၅ ] သကြၤန်ခေါ်တော်မူသောအကြောင်း

မဟာသကြၤန်တော်ခေါ် ထွက်တော်မူရာ အတီး,အက, သဘင်စုံများနှင့် ရှေ့တပ်, နောက်တပ်များကို ထွက်တော်မူကြီး ခန့်ထားရသည်။ ရွှေနန်းတော်က ထွက်တော်မူမည့် ဝေါတော်ရှည်သို့ ရောက်၍ ဝေါတော်မှာ အရှင် ၂-ပါး စမွယ်တော်မူမိလျှင် အဝင်ဝ၌ ၂-ဦးအဆောင်အမြောက်သံလည်း ၁၂-ချက် ပေးရသည်။ အတွင်းဝန်တို့က အဆောင်တော်မြဲ လူပျိုတော်ကို စေ၍ မင်္ဂလာမင်းကြားစည်တော်ကို တီးစေဆင့်ရသည်။ စည်တော်သွေးသောက်ကြီးတို့က စည်ကို ၁၁-ချက်တီးရသည်။ မင်္ဂလာအမြောက်သံလည်း ၁၂-ချက် ပေးရသည်။

သကြၤန်နန်းတော်သို့ ရောက်တော်မူလျှင် ရှေ့တပ်, နောက်တပ်များကို သကြၤန်နန်းတော်ပတ်လည် ဝင်းလှည့်အတိုင်း အစဉ်သင့် ချထားခင်းကျင်း စောင့်နေရသည်။ သကြၤန်ခေါ်တော်မူပြီးမှ တပ်စဉ်အတိုင်း ခင်းကျင်းမြဲ ခင်းကျင်းစေရသည်။ သကြၤန်ခေါ်မည့် စံနန်းတော်က ဝတ်လဲနန်းတော်သို့ ကူးကြွတော်မူပြီးလျှင် ရေခံဝတ်ဖြူ လဲတော်မူသည်။ ဝတ်လဲနန်းတော်တွင် မင်းကိုချည်သန်း၍ လူပရိတ်ရွတ်တို့ ပရိတ်ရွတ်ရသည်။ မင်းကိုချည်ကို လည်တွင် ဆင်တော်မူသည်။ ဆေးစင်တော်တံခါးသို့ ဝင်တော်မူသည့်ကာလ ဘေးတော်, ဘိုးတော်, ဘွားတော်, မယ်တော်, ခမည်းတော်တို့အား ပူဇော်တော်ပွဲများကို အတွင်းမြဲလူပျိုတော် မှူးသား, မတ်သားတို့ ဆက်ရသည်။

ပူဇော်တော်မူပြီး၍ အတွင်းသို့ရောက်လျှင် ချည်မန်းချတ်ချည်တို့ကို သီသတော်က စွပ်သည်။ လက်တော်စွပ်, ခြေတော်စွပ်ကို လက်တော်, ခြေတော်များမှာ စွပ်သည်။ ပတ္တမြား ငုံတော်မူသည်။ တရော်ရည်အိုးကို ချည်မန်းဖြင့် သိုင်း၍ ကိုယ်တော်နှင့် တချက်တည်း စွပ်သည်။ တရော်ရည်ကို လက်ဝဲ, လက်ယာ မန္တန်တော် ၂-ယောက်နေ၍ မန်းရသည်။ ကိုယ်တော် လက်ဝဲ, လက်ယာ လက်ဝါးတွင် တရော်ဖတ်ကို မန္တန်သမား ၂-ယောက်ကိုင်၍ များစွာသော မန္တန်ရွတ်မန်းလျက် အောက်သို့ သပ်ကာ,သပ်ကာ ချရသည်။ သမ္ဗုဒ္ဓေ မုန့်ညက် လိမ်းရသည်။

ပြီးလျှင် ယခင်ဆိုခဲ့ပြီးသော ရေအိုး ၁၉-ကို ရာဇာဘိသေကကျမ်း၌ လာသော ဂါထာစုံနှင့် အောင်ခြင်းချုပ်ဂါထာကို အသီးအသီး ရွတ်မန်းစေပြီးမှ ၎င်းရေစုဖြင့် ပဌမအစ, ကေ့ုနဝိသတိမ အဆုံးတိုင်အောင် အစဉ်အတိုင်း ကိုယ်တော်ကို သွန်းလောင်းရသည်။ ပြီးလျှင် မန္တန်တော်ရေ, လူပရိတ်ရွတ်တို့ ရွတ်သည့်ရေကို အစဉ်အတိုင်း ချိုးတော်မူရသည်။ ပြီးလျှင် ဝတ်လဲတော်လဲပြီးမှ ဆေးစင်တံခါးက ထွက်တော်မူ၍ ဝတ်လဲတော်တန်ဆောင်းသို့ ကူးတော်မူမိလျှင် တန်ထား*(တံတား)*အဆက်ကို သိမ်းရသည်။ ဝတ်လဲတော်တန်ဆောင်းတွင် ဆံတော်ကို ယပ်လေဖြင့် သွေ့စေ၍ မကိုဋ်တော်, ရွှေပုဆိုး, ရွှေအင်္ကျီ ဆင်ယင်တော်မူ၍ ဂြိုဟ်သန္ဓေနန်းသို့ ကူးတော်မူပြီးမှ ပရိတ်နာတန်ဆောင်းသို့ ထွက်တော်မူသည်။ ငြိမ်သက်လျှင် ဘုရား ၇-ဆူ အလှူတော်စာကို ဖတ်လျှောက်၍ စည်တော်ရွမ်းလျက် တင်လှူတော်မူသည်။

ပရိတ်နာတန်ဆောင်းတွင် သံဃာတော် ၈-ပါးရှေ့ ပရိတ်အိုး ၈-လုံးတည်ထား၍ ကိုယ်တော်ကို မင်းကိုချည် ဝန်းပြီးလျှင် လက်သုတ်ပဝါဖြူအသစ် ဆရာတော်တို့ကို ကပ်၍ ၎င်းလက်သုတ်ပဝါဖြင့် မင်းကိုချည်ကို ကိုင်လျက် မင်္ဂလသုတ်, ရတနသုတ်, မေတ္တသုတ်, ဂုဏ်တော် ၉-ပါး, အဋ္ဌဇယမင်္ဂလာ မွမ်းရွတ်သည်ကို မင်းညီ,မင်းသား, မှူးကြီး,မတ်ကြီးတို့ ဝန်းရံလျက် ပရိတ်နာတော်မူသည်။ ပြီးလျှင် မင်းကိုချည်ကို လည်တွင် ဆင်တော်မူသည်။ ပြီးလျှင် ဆရာတော်တို့နှင့် အတန်ကြာ စကားပြောဆိုနေတော်မူ၍ ဘေးမဲ့လွှတ်တော်မူရန် ထားသည့် လူ, တိရစ္ဆာန်များကို လွှတ်တော်မူသည်။

ပရိတ်ရွတ်ဆရာတော်တို့ ကြွသွားလျှင် မင်္ဂလာရတု လျှောက်ရသည်။ ပြီးလျှင် စည်တော်များကို တပြိုင်နက် ရွမ်းရသည်။ ဘဝရှင် မင်းတရားကြီးဘုရား သကြ္ဍန်နန်းက သက်တော်မူလျှင် ဘိသိက်တော်ဆက် ၈-ပါး ပုဏ္ဏားတို့ ကောင်းချီးမင်္ဂလာလျှောက်ဆို၍ ဘိသိက်တော် ဆက်ရသည်။ ပြီးလျှင် စံနန်းတော်သို့ ကူးတော်မူ၍ ရတနာဝေါတော်တွင် အရှင် ၂-ပါး စမွယ်တော်မူပြီးလျှင် လမ်းစဉ်အတိုင်း တပ်အခင်းအကျင်းနှင့် ရွှေမြို့တော် အတွင်း ယာယီစံနန်းတော်သို့ ဝင်တော်မူသည်။ ရွှေမြို့တော်ကြီးအတွင်းသို့ ဝေါတော် ဝင်မိလျှင် သကြ္ဍန်နန်းတော်ကို လက်ဝဲမီးတိုက်, လက်ယာမီးတိုက်တို့ မီးကျွမ်းအောင် တိုက်စေရသည်။ အရှင်မိဖုရား သကြ္ဍန်ခေါ်တော်မူမည့် အခမ်းအနားကိုလည်း နေ့နံတော်နှင့် အထိုက်အလိုက် ကောင်းမွန်သင့်မြတ်အောင် ယခင်နည်းကို မှီ၍ ခန့်ထားစီရင်ရသည်။

ဤတွင်ရွှေ့ သကြ္ဍန်ခေါ်တော်မူသော အကြောင်းအရာ ပြီး၏။

* * * * * *

## [ ၂၆ ] ယာယီစံနန်းတော် အစီအရင်

"ပြဋ္ဌမဥ္စ(ဂေ)ဟာရမ္မံ အဘိသေကံ တတော ပရံ"အစရှိသဖြင့် ဘိသိက်မွန် ရှေးဦးစွာ စံနန်းတော် စီရင်သင့်ကြောင်းကို သကလာဘိသေကကျမ်း, စာတမ်းများ၌ ဆိုသည်နှင့် အညီ ဘိသိက်ခံတော်မူခါနီးတွင် စံတော်မူရန် ယာယီစံနန်းတော်ကို ရှေးဦးစွာ စီရင်ရသည်။ မြေနန်းတော် မြောက်တွင် ယာယီစံနန်းတော် လည်ပေါ် ဝဲ ၃-မျက်နှာ၊ နန်းမတော်အဆောင်၊ တောင်ဆောင်၊ မြောက်ဆောင်၊ နောက်တန်းလျှားဆောင်များနှင့်တကွ အခါနေ့ရက် ရွေးချယ်၍ သစ်, ဝါး, ကြိမ်, ရိုင်း သက်ကယ်များနှင့် တင့်တယ်စွာ ဆောက်လုပ်ရသည်။ "ယာယီကို နဂိုရ်, နဂိုရ်ကို ယာယီ မလုပ်ကောင်း"ဟူ၍ ဆိုသော လောကသင်္ကေတနှင့်အညီ ယာယီသာဖြစ်၍ သစ်ပျဉ်နှင့်ချည်း မလုပ်ဆောင်ရ။

**ဤတွင်ရွေ့ ယာယီစံနန်းတော်အစီအရင် ပြီး၏။**

* * * * * *

## [ ၂၇ ] ဘိသိက်နန်းတော်ကြီး အစီအရင်

**မြေနန်းတော်ရှေ့တွင် ဘိသိက်နန်းတော် အစီအရင်ကား** ဘုမ္မိနက်သန်မြောက်အောင် မြေကို ညီညွတ်ပြင်ဆင်ရမည်။ ရာဇမတ္တဏ်-စသော လောကီကျမ်း စာတမ်းထုံးစံ ရှိသည်နှင့်အညီ ရှေးဦးစွာ မြေစနစ်ရသည်။ မြေစနစ်မည့်အခါတော် မရောက်မီ ၁-ရက်က မြေနန်းတော်ရှေ့ ဆောက်ထားရှိသည့် ပရိတ်ရွတ်တန်ဆောင်းတွင် သောတာပန်, သကဒါဂါမ်, အနာဂါမ်, သိကြား, ဗြဟ္မာ, စတုလောကပါလ, အာကာသစိုး, ဘုမ္မစိုး, ပဋ္ဌာန်နတ်, နေနတ်, လနတ်, မီးနတ်, လေနတ်, အသုရိန်နတ်, မဏိမေခလာနတ်, တောင်သမန်နတ်, တောင်မြင့်နတ်, တောင်ကျည်းနတ်, တောင်ပြုံးနတ်၊ ရွှေဖျင်းညီနောင်နတ်, အောင်စွာမင်းကြီး, ၅-စီးရှင်, ဆင်ဖြူရှင်, ဗွေးမကြီး, ပြောင်မကြီး, ရွှေပြည်ရှင်နတ်, ဘိုးမင်းကျော်နတ်တို့ကို နတ်ရကာ အဖွယ်အရာပေးအပ်၍ လူပညာရှိ, ပုဏ္ဏားပညာရှိတို့ကို တင်ကြားပသစေရသည်။

ဘုရား ၇-ဆူ အလျှုတော်ကိုလည်း စည်တော်ရွှမ်း၍ ပူဇော်မြဲ ပူဇော်စေရသည်။ မြေနန်းတော်ရှေ့တန်ဆောင်းတွင် ဘုရား ၉-ဆူ အလျှုတော်ကိုလည်း ပူဇော်မြဲ ပူဇော်စေရသည်။ မြေနန်းတော်ရှေ့တန်ဆောင်းကြီးတွင် ပရမီသွာ, မဟာပိန္နဲ, မဟာပိဿနိုး, စန္ဒီ, သူရဿတီနတ်ကြီး ၅-ပါးကိုလည်း ပသ-မြဲ ပသတင်ကြားစေရသည်။ ၎င်းတန်ဆောင်း

ကြီးတွင် စင်ရှင်နှင့် ပြိုဟ် ၈-ပါးကိုလည်း တင်ကျွေးပသစေရသည်။ ဘိသိက်နန်းတော်ရာ မြေတွင် ခင်းကျင်းရန် ရွှေကန္နက်, ငွေကန္နက်၊ ရွှေလက္ခတ်, ငွေလက္ခတ်၊ ရွှေလက်ရိုက်, ငွေလက်ရိုက်၊ ရွှေပေါက်တူး, ငွေပေါက်တူး၊ ရွှေတူရွင်း, ငွေတူရွင်း၊ ရွှေထွန်, ငွေထွန်၊ ရွှေကြေးမှျင်, ငွေကြေးမှျင်၊ ရွှေတမျဉ်း, ငွေတမျဉ်း၊ မြေတော်စုံ, ရေတော်စုံများကို သံယာတော် ၈-ပါး ပင့်ဖိတ်၍ ပရိတ်တော် မွမ်းစေရသည်။ မြေစနစ်မည့်အခါတော် ရောက်၍ အခါကြားလျှင် ဘိသိက်နန်းတော်ရာ, သိကြားရေစင်ခံနန်းတော်ရာတို့ကို ဘိသိက်ပေးပုဏ္ဏားတို့ လက်ယာရစ်လည်၍ ဘိသိက်ပေးပြီးလျှင်–

ရွှေပေါက်တူး, ငွေပေါက်တူး၊ ရွှေတူရွင်း, ငွေတူရွင်း၊ ရွှေထွန်, ငွေထွန်၊ ရွှေကြေးမှျင်, ငွေကြေးမှျင်များဖြင့် သူဌေး, သူကြွယ်, မြင်းတော်သည်တို့ကို ခန့်ထားတူးဆွ ထွန်ယက်စေရသည်။

ရွှေပေါက်တူး, ငွေပေါက်တူးတို့ဖြင့် သူဌေး, သူကြွယ်တို့ ရှေးဦးစွာ တူးပေါက်စေ။ ၎င်းနောက် ရွှေတူရွင်း, ငွေတူရွင်းတို့ဖြင့် မြင်းတော်သည်တို့ တူးဆွစေ။ ၎င်းနောက် နေ့နံသင့်သူ သူဌေး ၄-ယောက်, သူကြွယ် ၄-ယောက်တို့ကို ထွန်စီးစေ၍ ဒက်လှ လည်လျှောက်, ရစ်ခေါက် ထောင့်သန်း, လဝန်း, ခရုပတ်-ဟူသော ထွန်ရေးခြင်းတို့ဖြင့် လက်ယာရစ် ထွန်ယက်စေ။

ဗိသုကာကြီး, ပုဏ္ဏားကြီးတို့ကိုလည်း ရှေ့က ပြသွားစေ။ ရွှေထွန်, ငွေထွန်တို့ဖြင့် ထွန်ယက်ပြီးနောက် မြင်းတော်သည်တို့ကို ဝတ်သန့်ဝတ်ကောင်း အပေါင်းအထုပ် ဝတ်စားဆင်ယင်၍ စပါးမျိုး, ပဲမျိုးများကို ကြဲမွမ်းဖျန်းပက်စေ။

၎င်းနောက် ၉-ပါး ပုဏ္ဏားတို့ကို ဝတ်သန့်ဝတ်ကောင်း အပေါင်းအထုပ် ဝတ်စားဆင်ယင်၍ ရေမျိုးစုံ ဖျန်းပက်စေ။

၎င်းနောက် ၉-ပါးပုဏ္ဏားတို့ကို ဝတ်သန့်ဝတ်ကောင်း အပေါင်းအထုပ် ဝတ်စားဆင်ယင်၍ မြေမျိုးစုံ ကြဲမွမ်းဖျန်းပက်စေ။

၎င်းနောက် မြင်းမှူး, မြို့စား, မင်းသားတို့ကို ဝတ်ကောင်း, နားတောင်း, အပေါင်းအထုပ် ဝတ်စားဆင်ယင်၍ အရပ်ရပ် နန်းရာမြေများကို ကြဲမွမ်းဖျန်းပက်စေ။ ရေမျိုးစုံ နန်းရာမြေများကို အထက်မှာ ဆိုလတ္တံ့။

၎င်းနောက် ၉-ပါးပုဏ္ဏားတို့ကို ဝတ်သန့်ဝတ်ကောင်း, အပေါင်းအထုပ် ဝတ်စားဆင်ယင်၍ ရွှေမြေ, ငွေမြေ, မြေဖြူ, မြေနီ, မြေဝါ, မြေနက်များကို ကြဲမွမ်းဖျန်းပက်စေ။

ဂုင်းနောက် မြင်းတော်သည်တို့ကို ဝတ်သန့်ဝတ်ကောင်း, အပေါင်းအထုပ် ဝတ်စားဆင်ယင်၍ ရွှေလက်ခတ်, ငွေလက်ခတ်နှင့် ဘိသိက်နန်းရာမြေကို ညှိပြင်စေ။

ဂုင်းနောက် ပြာဟ္မဏမျိုး ၈-ပါးပုဏ္ဏားတို့ကို ဝတ်သန့်ဝတ်ကောင်း အပေါင်းအထုပ် ဝတ်စားဆင်ယင်၍ နွားချေးနှင့် နေဇာမြက်ကို ရောနှောလိမ်းကျံစေပြီးမှ ရွှေကြေးမှျင်, ငွေကြေးမှျင်များကို စွဲကိုင်ညှိပြင်စေ။

ဂုင်းနောက် မန္တန်တော်သမားတို့ကို ဆိတ်ဖူး၊ လင်းလေ နှောဖျော်သော ပအုန်းရည်ဖြင့် မန္တရား, မန္တန်ရွတ်မန်း ဖျန်းပက်စေ။

ဂုင်းနောက် ၉-ပါးပုဏ္ဏားတို့ကို အမွှေးအထုံရည်ဖြင့် ဂါထာမန္တန်ရွတ်မန်း ဖျန်းပက်စေ။

ဘိသိက်နန်း၊ သိကြားရေစင်ခံနန်းရာမြေများကို ဆိုပြီးသည့်အတိုင်း ညှိညွတ်ပြင်ဆင်ပြီးလျှင်–

- ဘိသိက်နန်း,
- သိကြားရေစင်ခံနန်း,
- ဝတ်လဲတော်နန်း,
- အခါတော်စောင့်နန်း,
- ရေထားတန်ဆောင်း,
- နဝတတ်အိုင်,
- အထွဋ်တပ်သော ပြာသာဒ်နန်းတော်များကို

အစဉ်သင့် ရွှေတမျဉ်း, ငွေတမျဉ်းများနှင့် တိုင်းတာ ချပေး၍ မှတ်တိုင်ကန္နက် စိုက်ထားရသည်။

လူသူ အဝင်,အထွက်၊ အကျော်, အနင်းမရှိအောင် ရာဇမတ်ကာဆီးစေရသည်။ မြေစနစ်ပြီးလျှင် ဘိသိက်နန်းတော်, သိကြားရေစင်ခံနန်းတော်ကို တချိန်တခါတည်း ငြမ်းစိုက်ထူစေရသည်။

အဘိသေကမင်္ဂလတ္ထံ၊ ဘိသိက်မင်္ဂလာအကျိုးငှာ။ အလင်္ကတပဋိယတ္တသာ၊ တန်ဆာဆင်ခြင်းနှင့် စပ်သော။ မဏ္ဍပဿ၊ မဏ္ဍပ်၏။ အန္တော၊ အတွင်း၌။ ကတဿ၊ ပြုအပ်သော။ ဥဒုမ္ဗရဿ မဏ္ဍပဿ၊ ရေသဖန်းသစ်ဖြင့် စီရင်သောမဏ္ဍပ်၏။ မဇ္ဈေ၊ အလယ်၌။ သုပတိဋ္ဌိတေ၊ ကောင်းစွာတည်သော။ ဥဒုမ္ဗရဘဒ္ဒပီဌမှိ၊ ရေသဖန်းကြိမ်ခက် အင်းပျဉ်ထက်၌။ နိသီဒါပေတွာ၊ နေစေ၍။ အဘိသိဉ္စတိ၊ ဘိသိက်သွန်း၏။ *(သာရတ္ထ၊ဋီ၊၁၊၁၆၄)*–

ဟူ၍ စူဠသီဟနာဒသုတ်အဋ္ဌကထာ, သာရတ္ထဒီပနီဋီကာ, မဟာဝံသဋီကာ, သီလက္ခန်ဋီကာများတွင် အသေအချာလာသည်နှင့်အညီ သင့်ရာသစ်တို့ဖြင့် တန်ဆာဆင်ယင်သော မဏ္ဍပ်ကြီးကို ဆောက်လုပ်ပြီးမှ ဂုင်းမဏ္ဍပ်ကြီး၏အတွင်း၌ ရေသဖန်းမဏ္ဍပ်ကို ဆောက်လုပ်၍ ဂုင်းရေသဖန်းမဏ္ဍပ်ကြီး အလယ်တွင် ရေသဖန်းအင်းပျဉ်ကို တည်ထားရသည်။

အချို့စာတမ်းများတွင် ရေသဖန်းမဏ္ဍပ်ကိုသာ ဆောက်လုပ်သည်။ မဏ္ဍပ်ကြီး မပါ၊ ကျမ်းဂန်နှင့် မညီ၊ ဤအရာ၌ နန်းကိုပင် မဏ္ဍပ်ဆိုသည်။

ဒိသာဇေယျကျမ်း၌လည်း "မြေနန်း၏ အထက်က ဝါးတန်ဆောင်းသော်လည်း ပြု၊ ပြာသာဒ်သော်လည်း ပြု"ဟူ၍ ဆိုသည်။ ဘိသိက်နန်းတော်ကြီး ဘုံ ၇-ဆင့်၊ စမြင်ပါအဝန်း ၁၀၈-စွာ၊ ရာဇမင်္ဂလာတွင် ဆိုသည်။ ခြသေ့်သင့်။ ငြမ်းဆောက်ပြီး၍ တွင်းဝန်း, တိုင်ထူခါနီးလျှင် မြေနန်းတော်ရှေ့တန်ဆောင်းနှင့် တန်ဆောင်း ၈-ရပ်၊ ဝင်းရုံ ၄-ရပ်များမှာ သံဃာတော် ၈-ပါးစီ ပင့်ဖိတ်၍ ပရိတ်တော်, ဂုဏ်တော် မွမ်းရွတ်ဆိုစေရသည်။ ဘိသိက်နန်းရာမြေတွင် သမ္မာဒေဝနတ်မြတ်တို့အား နတ်ရကာ တင်ကြားပသစေရသည်။

နေကျော်သားတို့ကို ပရိတ်တော်ပန်း ပန်စေ၍ ဝတ်သန့်, ဝတ်ကောင်း၊ အပေါင်း, အထုပ်နှင့် ရွှေတူရွှင်း, ငွေတူရွှင်း စွဲကိုင်လျက် အခါတော်ရောက်လျှင် တပြိုင်နက် ဘိသိက်နန်းတော် စ၍ ဝန်းစေရသည်။ တပ် ၄-ရပ် နံသင့်။

| | | | | |
|---|---|---|---|---|
| ဂျွမ်း၊ | ယိုးဒယား၊ | ကုလား၊ | ရှမ်း၊ | မြန်မာ၊ |
| တလိုင်း၊ | တရုတ်၊ | ကတူး၊ | သက်၊ | ကသည်း – |

လူမျိုးတို့ကို ဝင်းရုံ ၄-ရပ်က ဘာသာအပေါင်း,အထုပ်နှင့် ရွှေတူရွှင်း, ငွေတူရွှင်း စွဲကိုင်စောင့်နေစေပြီးလျှင် အခါတော်ပြည့်စုံမှ အရှေ့-စသော ဆိုင်ရာဓာတ်ရပ်က ဝင်၍ တူးဆွစေရသည်။

- တွင်းဝန်းပြီး၍ သစ်တော်မတ်မီလျှင် ဘိသိက်ပေးပုဏ္ဏားတို့ ပတ္တမြားစီ လက်ယာရစ်ခရုသင်းနှင့် ဘိသိက်သွန်းလောင်းစေရသည်။
- ဘိသိက်နန်းတော်ရာ မြေပြင်တွင် ခင်းကျင်း၍ ဘုရား ၇-ဆူ အလှူတော်ကိုလည်း ပူဇော်မြဲ ပူဇော်စေရသည်။
- ၎င်းဘိသိက်နန်းတော်ရာတွင် ဘေးတော်ဘုရား၊ ဘိုးတော်,ဘွားတော်၊ ခမည်းတော်, မယ်တော်ဖုရားတို့ကို ပူဇော်တော်မူစေရသည်။

ဘိသိက်နန်းတော်တည်သည့်နေ့ကို–

- ကိုယ်တော်မြတ်ကို စောင့်သော နတ်၊
- ထီးနန်းဦးကင်း ရာဇပလ္လင်ကို စောင့်သောနတ်၊
- ရွှေပြည်တော် မြို့တွင်း, မြို့ပြင်မှစ၍ အရပ်ရပ်နတ်ပေါင်း-

တို့ကိုလည်း လုပ်ဆောင်လျှုဒါန်းတော်မူသမျှ ကုသိုလ်တော်အဖို့ကို အမိန့်တော် စာဖတ်၍ အမျှဝေစေရသည်။ ဗိသုကာကြီးတို့ကိုလည်း နတ်ရကာ ပေးအပ်၍ တိုင်ကြားပသစေရသည်။ စစ်ကိုင်း၊ သောတာပန်နတ် ၉၉-ပါးတို့ကိုလည်း မြို့ဝန်တို့သို့ ဆင့်ဆိုမှာထား၍ တင်ကြားပသစေရသည်။

ဘိသိက်နန်းတော်ရာ မြေပြင်တွင် တိက္ခဗလနတ် ၃၃-ပါးတို့ကို ပိတ်တွင် ရေး၍ တန်ဆောင်းစင်ရှင်နှင့် ၉-ပါး ပုဏ္ဏားတို့ကို တင်ကြားပ-သစေရသည်။ အပင့်အခေါ် ဂါထာမန္တန် ရွတ်မန်း၍ ထုံးစံရှိတိုင်း ပူဇော်စေ။ ရွှေနန်းတော် ၈-မျက်နှာစောင့် နတ်တို့ကိုလည်း ပ-သပူဇော်စေရသည်။

ယင်းသည် ဘိသိက်နန်းတော်ကြီးကို သင်ဖြူးမိုးကပ်ပြီးမှ အပေါ်က သမန်းသက်-ကယ် မိုးရသည်။ ၎င်းအပေါ်ကို ပိတ်မွှမ်းရသည်။ လည်သီးကို ဖျင်နီ၊ ကပွတ်ကို ငွေဖျင်ပြောက် ရစ်မွှမ်းရသည်။ အမွှမ်းဖျင်ပိတ်များကို အင်္ဂလိပ်စက္ကူကပ်၍ ရွှေ,ငွေ,ဆေးစုံ ခြယ်လှယ်ရသည်။ ထီးကိုလည်း ရွှေမွှမ်းမံရသည်။ မျက်နှာကြက် ရွှေညောင်ရွက် ဆွဲတိုင်, ရွှေဖျင်မွှမ်း၊ သံတောင်လည်, ငွေဆန်ကာ ပန်းဆွဲ, ပန်းမျိုးစုံ, ပန်းကုံး, ပန်းဆိုင်းများဖြင့် နတ်ဗိမာန်ကဲ့သို့ ဆန်းကြယ်တင့်တယ်စွာ လုပ်ဆောင်ရသည်။ ကြမ်းမစီဘဲ မြေတွင်သာ သဲမွှေကြဲဖြူးရသည်။

**ဤတွင်ရွှေ ဘိသိက်နန်းတော်ကြီး အစီအရင် ပြီး၏။**

* * * * * *

## [ ၂၈ ] အတွင်း ရေသဖန်းနန်းတော် အစီအရင်

ယင်းသည် ဘိသိက်နန်းတော်ကြီး၏ အတွင်း၌ ရေသဖန်းနန်းတော် ဘုံ ၇-ဆင့် ဆောက်လုပ်ရသည်။ ဝမုကီသုကရဇာတ်, တစ္ဆကသုကရဇာတ်များ၌ ရေသဖန်းသားထက် လက်ယာရစ်ခရုသင်းဖြင့် ဘိသိက်သွန်းဖူးသည်ကို စွဲ၍ တိရစ္ဆာန်တို့ပင်လည်း ဤကဲ့သို့ မြင့်မြတ်ဖူးလေသည်-ဟူသော ဒိဋ္ဌသုတမင်္ဂလာကို ရည်လျက် ရေသဖန်းသားထက် လက်ယာရစ် ခရုသင်းဖြင့် ဘိသိက်ခံခြင်း ထုံးစံဖြစ်လေသည်ကို အကြောင်းပြု၍ ဥဒုမ္ဗရ-သာခမဏ္ဍပဿ-ဟု ကျမ်းဂန်၌ ဆိုသည့်အတိုင်း ရေသဖန်းသားဖြင့်သာ ဆောက်လုပ်မြဲ၊ အခြားသစ်သား မနှောမစပ်ရ။ ၎င်းရေသဖန်းနန်းတော်ကို သင်ဖြူးမိုးကပ်ပြီးမှ အပေါ်က သမန်းသက်ကယ် မိုးရသည်။ ၎င်းအပေါ်ကို ပိတ်မွှမ်းရသည်။ လည်သီးကို ဖျင်နီ၊ ကပွတ်ကို ငွေဖျင်ပြောက် ရစ်မွှမ်းရသည်။

အမွမ်းဖျင်ပိတ်များကို အင်္ဂလိပ်စက္ကူကပ်၍ ရွှေ,ငွေ, ဆေးစုံ ခြယ်လှယ်ရသည်။ ထီးကိုလည်း ရွှေမွမ်းမံရသည်။ မျက်နှာကြက် ရွှေညောင်ရွက်ဆွဲတိုင်, ရွှေဖျင်မွမ်း သံတောင်လည်, ငွေဆန်ကာ, ပန်းဆွဲ, ပန်းမျိုးစုံ, ပန်းအိုး, ပန်းဆိုင်းများဖြင့် နတ်ဗိမာန်ကဲ့သို့ ဆန်းကြယ်တင့်တယ်စွာ လုပ်ဆောင်ရသည်။ ရေသဖန်းနန်းတော်အလယ်တွင် ဦးကင်တံခါး အရပ်-၄၊ အကျယ်-၅၊ ကျည်းပေါင်, ကျည်းခွေ, ဒုယင်, မှန်ကင်းနှင့် လုပ်ဆောင်ရသည်။

လက်ဝဲ သည်မခန်းတွင် တံခါး-၁၊ ကနားပြင်ခန်းတွင် တံခါး-၁၊ လက်ယာသည်မခန်းတွင် တံခါး-၁၊ ကနားပြင်ခန်းတွင် တံခါး ၁-များမှာ အရပ်-၄၊ အကျယ်-၅၊ ဒုယင်, မှန်ကင်း မပါ။ ကျည်းပေါင်, ကျည်းခွေများနှင့်သာ လုပ်ဆောင်ရသည်။ တံခါးရွက်တွင် သိကြားရုပ် ရပ်လျက် သန်လျက်စွဲဟန် ရွှေဇဝါရေးရသည်။ ဦးကင်တံခါးရွက်မှာ ကြိုးကြာသံ၊ ကရဝိက်သံ၊ ကြေးစက်တတက် ၂၀-စီ ထည့်ရသည်။

**ဤတွင်ရွှေ. အတွင်း ရေသဖန်းနန်းတော်အစီအရင် ပြီး၏။**

* * * * * *

## [ ၂၉ ] မြေပလ္လင်တော် အစီအရင်

**"အပရာဇိတပလ္လင်္ကေ၊ သီသေ ပုထုဝိပုက္ခလေ"**ဟူ၍ ကျမ်းဂန်ဆိုသော ဘုရားတို့ ပွင့်ရာ အပရာဇိတပလ္လင်သည် မြေသက်သက်ပလ္လင်သာ ဖြစ်သည်။ မြေပလ္လင်တွင်ပင် ဘုရားအဖြစ်သို့ ရောက်သည်ကို အကြောင်းပြု၍ မြေပလ္လင်ထက် ဘိသိက်ခံမြဲထုံးစံကို ရာဇာဘိသေကကျမ်း, စာတမ်းအစောင်စောင် လာသည်။

ပုဏ္ဏားတို့က ဆက်သော အဘိသေကစာတမ်းတွင်လည်း မြေတောင်မြှောက်ရမည်-ဆိုသည်ဖြစ်၍ အရပ်ရပ်ထုံးစံရှိသည်နှင့်အညီ မြေတောင်ရာဇပလ္လင်ကို နံ,လျား, နိမ့်,မြင့် သင့်တင့်အောင် ရွေးချယ်၍ မင်္ဂလာအခါတော်နှင့် နေ့လျော်သားတို့ကို စ၍ လုပ်ဆောင်စေရသည်။

ရေသဖန်းနန်းတော် ကွန်းစင်ခန်းတွင် မြေပလ္လင် အမြင့်ညီ-ဟူ၍ စာတမ်းရှိသည်။ နံ, လျားမှာ ဘဒ္ဒပီဌအင်းပျဉ် တင်ထားလောက်အောင် လုပ်ဆောင်ရသည်။ အုတ်ချပ်ရေ-၁,၀၀၀၊ မြေနီအတင်း ၁၀၀-နှင့် လုပ်၍ အုတ်ရိုးပြီးပြေလျှင်–

| | | | |
|---|---|---|---|
| နွားနို့, | ထောပတ်, | သကာ, | သကြား, |
| တင်လဲ, | ပျားရည်, | နံ့သာမျိုး ၅-ပါး, | ကြာမျိုး ၅-ပါး, |

ကက္ကုကမျည်း, ကတိုး, ပရုပ်, ဘုမ္မသိန်-
များကို မြေနှင့်ရော၍ အင်္ဂတေကဲ့သို့ မွမ်းမံသုတ်လုပ်စေရသည်။

အထက်မှာ ဆိုလတ္တံ့သော မြေတော်စုံ, ရေတော်စုံများကိုလည်း ရာဇပလ္လင်ထိပ်ပြင် အလယ်တွင် သွန်းလောင်းစေပြီးမှ အုပ်ရိုးပိတ်၍ မြေနီသရွတ် မွမ်းမံလိမ်းကျံစေရသည်။ ရာဇပလ္လင်ပတ်လည် စက္ကူဖြူ မွမ်းမံပြီးလျှင် ဆေးစုံခြယ်လှယ်စေရသည်။

**ဤတွင်ရွေ့ မြေပလ္လင်တော်အစီအရင် ပြီး၏။**

* * * * * *

## [ ၃၀ ] ဘဒ္ဒပီဌမည်သော ရေသဖန်းအင်းပျဉ်တော် အစီအရင်

သာသနာကျမ်း, လောကီကျမ်း, အဘိသေကစာတမ်းအစောင်စောင် အညီအညွတ် လာသော ထုံးစံနှင့်အညီ ဘိသိက်ခံ ရေသဖန်းအင်းပျဉ်ကို သေချာကောင်းမွန်အောင် လုပ်ဆောင်ရသည်။

- အနံတို၍ အလျားရှည်သော နေရာကို **မဉ္စညောင်စောင်း**၊
- အလျား,အနံ စတုရန်းညီသောနေရာကို **ပီဌအင်းပျဉ်**-

ဟူ၍ ကျမ်းဂန် အသေအချာ ဆိုသည်။ ဝမ္မကီသုကရဇာတ်၊ တစ္ဆကသုကရဇာတ် မပေါ်မီ ရှေးက မင်္ဂလာကျောက်ဖျာ ရတနာစုံများ၌ ဘိသိက်ခံသည်။ ၎င်းဇာတ်များပေါ်သည်တွင်မှ ရေသဖန်းအင်းပျဉ်၌ ဘိသိက်ခံသောထုံးစံ ထင်ရှားဖြစ်သည်။ အသျှင်ဘဝရှင်မင်းတရားကြီး ဘုရား၏လက်တော်နှင့် ရေသဖန်းအင်းပျဉ်တော် အနံ-၄် ဒိ ၄ံ (၄-တောင် ၁-မိုက် ၄-မတ်)၊ အလျား-၄် ဒိ ၄ံ-အထုရှိ ခြေ ၄-ချောင်းအရပ်-ဒိ ၄ံ၊ ထောင့်ခံခြသေ့-၄။ ညောင် စောင်း, အင်းပျဉ်မှာ သုံးဆောင်သူလက်နှင့်သာ တိုင်းမြဲ။

အခြားစာတမ်းများတွင် အလျား-၄် (၄-တောင်)၊ အနံ-၃် (၃-တောင်)-စသဖြင့် ဆိုသည်များသည် ကျမ်းဂန်နှင့် မညီ။ ဘဒ္ဒပီဌအနက်ကို ဝေတ္တမယပီဌ-ဟူ၍ဖွင့်သော သာသနာကျမ်းဂန်နှင့်အညီ ကြိမ်ဖြင့် မြက်ကွက်ခတ်ရသည်။

ဘဒ္ဒပီဌမည်သော အင်းပုံ ကြာပဒုမ္မာရေးရမည်-ဆိုသော သရောဒယ-စသော သင်္ကရိုဠ်ကျမ်းနှင့်အညီ အလယ်တွင်–

ပွင့်ချပ် ၈-ချပ်စီ ၈-ထပ်၊ *(၈×၈=၆၄)* ပွင့်ချပ်ပေါင်း ၆၄-နှင့် စတုရန်း ၁-ရှိသော ကြာပဒုမ္မာပွင့် ရေးရသည်။ ပဒုမ္မာနီ, ပဒုမ္မာဖြူ-ဟူ၍ ကြာပဒုမ္မာမျိုး ၂-ပါးရှိသည်တွင် အနီမျိုးကား ပွင့်ချပ် ၁၀၀-ရှိသည်။ အဖြူမျိုးကား ပွင့်ချပ် ၁၀၀-မရှိ။ ဤအရာတွင် အဖြူမျိုးကို လိုသောကြောင့် ကျမ်းဂန်ထုံးစံရှိသည်နှင့်အညီ ပွင့်ချပ်ကို ဆန်မှုန့်ညက်ဖြင့် ရေးရသည်။ အရိုး,အရွက်များကို ဆေးစုံ ခြယ်လှယ်ရသည်။

ပုဏ္ဏားတို့က ဆက်သော အဘိသေကစာတမ်းတွင်လည်း ဖြူသော အဆင်းရှိအောင် ဆန်မှုန့်ညက်ဖြင့် ရေးသင့်ကြောင်းကို ဆိုသည်။

**ဤတွင်ရွှေ ဘဒ္ဒပိဌမည်သော ရေသဖန်းအင်းပျဉ်တော်အစီအရင် ပြီး၏။**

* * * * * *

## [ ၃၁ ] အခါတော်စောင့်နန်းတော် အစီအရင်

- မြေနန်းတော်မြောက်တွင် ယာယီစံနန်းတော်၊
- မြေနန်းတော်ရှေ့တွင် ဘိသိက်နန်းတော်၊
- ၎င်းက တောင်စူးစူးတွင် သိကြားရေစင်ခံနန်းတော်၊
- ၎င်းက တောင်စူးစူးတွင် ဝတ်လဲတော်နန်းတော်၊
- ၎င်းက တောင်စူးစူးတွင် အခါတော်စောင့်နန်းတော်၊
- သိကြားရေစင်ခံနန်းတော်က အနောက်တောင်ထောင့်တွင် ရေထားတန်ဆောင်းတော်၊
- သိကြားရေစင်ခံနန်းတော်က အနောက်စူးစူးတွင် နဝတတ်အိုင်၊
- ၎င်းအရှေ့က ရေစင်သွန်း သိကြားရုပ်၊
- ၎င်းလက်ဝဲဘက်က အစောင့်မဟာပိန္နဲ၊
- သိကြားရေစင်ခံနန်းတော်က မြောက်စူးစူးတွင် အထွဋ်တပ်သည့်ပြာသာဒ်နန်းတော်။

ဤကား အနေအထားကို မှတ်ခြင်းတည်း။

- သိကြားရေစင်ခံနန်းတော်၊ - ဝတ်လဲတော်နန်းတော်၊
- အထွဋ်တပ်သည့် ပြာသာဒ်နန်းတော်-

သည် ၃-ရပ်ကို သိကြားရေစင်တော်ခံ ပြာသာဒ် ၃-ဆောင်-ဟူ၍လည်း အချို့စာတမ်းများ၌

ခေါ်ဝေါ်ရေးသားကြသည်။ အကွာကိုလည်း ၁-တာခြားစီ-ဟူ၍ ဆိုသည်။ အရပ်ဒေသ ပမာဏကို ထောက်၍ သင့်တင့်လျောက်ပတ်အောင်ကိုသာ လုပ်ဆောင်သင့်သည်။ အသင့်ကိုလည်း–

**- အဦးပြာသာဒ်မှာ ဆင်၊ - အလယ်ပြာသာဒ်မှာ ကျီး၊**

**- အဆုံးပြာသာဒ်မှာ မြည်း သင့်စေ-**

ဟူ၍ အချို့စာတမ်းများတွင် ဆိုသည်။ မဟာမင်္ဂလာအရာနှင့် မတန်၊ သဘောယုတ္တိ မရှိ၊ **"တြိသိဟော ရာဇဂေဟော"**ဟူ၍ ဗိသုကာကျမ်း၌ ဆိုသည်နှင့်အညီ မင်းနေရာ အခမ်းအနား မဟာမင်္ဂလာအရာဖြစ်၍ ခြင်္သေ့သင့်မှ အရာနှင့် တန်သည်၊ သဘောယုတ္တိရှိသည်။ အခါတော်စောင့် နန်းဘုံ ၅-ဆင့်၊ နီပါးထည့်မွမ်း၊ ထီး, ထုပိကာ, ကလပ်ခြေအနီသုတ်၊ ဒင်းအရှေ့လှေကား၊ မြောက်တွင် ရတနာဝေါတော်ရှည်စင် ၃-ဆင့်နှင့် တံခါး ၁-ထားရသည်။

ကွန်းစင်တွင် မျက်နှာကြက်၊ အပေါ်ကြာယပ်၊ လှဇရွဲ ဆွဲရသည်။ အခါတော်စောင့်နန်းနှင့် ဝတ်လဲတော်နန်းအကြား စမုတ်ကူးဆောင် ဘုံ ၂-ဆင့်မှာ အမိုး နီပါးထည့်မွမ်း၊ အတွင်းမျက်နှာကြက်, အပေါ်ကြာယပ်, လှဇရွဲ ဆွဲရသည်။

**ဤတွင်ရွှေ အခါတော်စောင့်နန်းတော် အစီအရင် ပြီး၏။**

* * * * * *

## [ ၃၂ ] ဝတ်လဲတော်နန်း အစီအရင်

ဝတ်လဲနန်းဆောင်ဘုံ ၅-ဆင့်၊ ထီး, ထုပိကာ, ကလပ်ခြေများကို နီပါးထည့်မွမ်းရသည်။ ကွန်းစင်တွင် မျက်နှာကြက်, အပေါ်ကြာယပ်, လှဇရွဲ ဆွဲရသည်။ ဝတ်လဲတော်နန်းနှင့် သိကြားရေစင်ခံနန်းအကြား စမုတ်ကူးဆောင် ဘုံ ၂-ဆင့်မှာ အမိုးနီပါးထည့်မွမ်း၊ အတွင်းမျက်နှာကြက်၊ အပေါ်ကြာယပ်၊ လှဇရွဲ ဆွဲရသည်။ အချို့စာတမ်းများတွင် **"ဝတ်လဲတော်နန်း, သိကြားရေစင်ခံနန်းများကို အထွဋ် မတပ်"**ဟူ၍ ဆိုသည်။ မဟာမင်္ဂလာအရာနှင့် မတန်၊ သဘောယုတ္တိလည်း မရှိ။ သကလာဘိသေကကျမ်း, အခြားစာတမ်းများတွင်လည်း မဆို။ မဟာမင်္ဂလာအရာဖြစ်၍ အထွဋ်, ထုပိကာနှင့် လျောက်ပတ်တင့်တယ်စွာ လုပ်ဆောင်သည်မှသာ သဘောယုတ္တိ ရှိသည်။

**ဤတွင်ရွှေ ဝတ်လဲတော်နန်း အစီအရင် ပြီး၏။**

## [ ၃၃ ] သိကြားရေစင်ခံနန်းတော် အစီအရင်

သိကြားရေစင်ခံနန်းတော် ဘုံ ၅-ဆင့်၊ အမိုးအုပ်စု၊ ထီး, ထုပိကာ, ကလပ်ခြေများကို နီပါးထည့်မွမ်းရသည်။ အတွင်းမျက်နှာကြက်ပိတ် အပေါ်ကြာယပ် လှဇရွဲ ဆွဲရသည်။ ၎င်းအတွင်းလည်း ရေခံမျက်နှာကြက် ၁-ထပ် ဆွဲရသည်။ ၎င်းလည်သီး ရိုင်,ပျဉ်, ကပွတ်သတ်၊ ကြမ်းပြင်ကိုကာ ရိုင်, ပျဉ်, ကပွတ်သတ်၊ ရှေ့မျက်နှာတံခါး-၁၊ လှေကား-၁၊ အနောက်တောင်ထောင့် ရေထားတန်ဆောင်းနှင့် ဆီးသည့် တံခါးပေါက် ၁-ထားရသည်။ ၎င်းလှေကား တံခါးရွက်ပျဉ်, လက်ရမ်း, ရိုင်, ပျဉ်, ကပွတ်သတ်, အမွှမ်းဖျင်ပိတ် လည်သီး အလုံးစုံကိုလည်း အနီသုတ်လူးရသည်။ အပြင်မျက်နှာကြက်, သံတောင်လည်မှာ စမွယ်, စကား, ချရား, ဇလပ်-စသော ပန်းဆိုင်းဆွဲရသည်။ အတွင်းရေခံ မျက်နှာကြက် သံတောင်လည်မှာ ရွှေပန်းဆိုင်း, ငွေပန်းဆိုင်း, ပတ္တမြားပန်းဆိုင်း-စသော ရတနာပန်းဆိုင်းတို့ကို သီကုံးဆွဲထားရသည်။

ဤတွင်ရွှေ့ သိကြားရေစင်ခံနန်းတော် အစီအရင် ပြီး၏။

* * * * * *

## [ ၃၄ ] ရွှေကတော့နှင့် ရွှေလင်ပန်းအပေါက်- ၁,၀၀၀

အပေါက် ၁,၀၀၀-က ထွက်သော ရေလျဉ် ၁,၀၀၀-ဖြင့် သွန်းလောင်းသင့်ကြောင်းကို ရာဇာဘိသေကကျမ်း, မွန်အဘိသေကစာတမ်း, ပုဏ္ဏားတို့က ဆက်သော အဘိသေကစာတမ်း အစောင်စောင်လာရှိသည်နှင့်အညီ သိကြားရေစင်ခံနန်းတော်အတွင်း ရေခံမျက်နှာကြက် အလယ်တည့်တည့်တွင် အပေါက် ၁,၀၀၀-ဖောက်သော ရွှေလင်ပန်းကို ရွှေကတော့ဖြင့် စွပ်၍ ဆွဲရသည်။ ရွှေလင်ပန်း အချိန် ၅ဝိ-လုပ်၊ ရွှေကတော့အချိန် ၃ဝိ-လုပ်၊ အချို့စာတမ်းများတွင် ရွှေကွန်ချာ-ဟူ၍လည်းကောင်း, ရွှေဆန်ကာ-ဟူ၍လည်းကောင်း ခေါ်ဝေါ်ရေးသားသည်။

ရွှေပြားတွင် သက်တော် ၈၀-အင်းကို ချ၍ ရွှေကတော့အတွင်းမှာ တည်ထားရသည်။ ရွှေလင်ပန်းအနားဝန်းကျင် ရွှေပန်းဆိုင်း, ငွေပန်းဆိုင်း, ပတ္တမြားပန်းဆိုင်း-စသော ရတနာ ၇-ပါး *(ပန်း)*ဆိုင်းကို ဆွဲရသည်။ သက်တော် ၈၀-အင်း အနားဝန်းကျင်လည်း ၁-မျက်နှာ ၁၀-လုံးစီ၊ ပတ္တမြားလုံးရေ ၅၀-စီရသည်။ ကောင်းမြတ်သော အခါသမယကို

ရွှေးချယ်၍ မျက်နှာကြက်တွင် ရွှေလင်ပန်းဆွဲသည့်ကာလ အတွင်းတော်က အဆောင်တော် မြဲတို့က ဆွဲရသည်။

**ဤတွင်ရွှေ. ရွှေကတော့နှင့် ရွှေလင်ပန်းအပေါက် ၁,၀၀၀-ပြီး၏။**

* * * * * *

## [ ၃၅ ] ရေထားတန်ဆောင်း အစီအရင်

သိကြားရေစင်ခံနန်းတော်က အနောက်တောင်ယွန်းတွင် ရေထားတန်ဆောင်းဘုံ ၂-ဆင့်, အမိုး, ထီး, ထုပိကာ, ကလပ်ခြေများကို နီပါးထည့်မွမ်းရသည်။ သိကြားရေစင်ခံ နန်းတော်နှင့် ဆီးသည့်တံခါး ထားရသည်။

"လဝိကောပရိ ပွတ်တိုင်, ပွတ်ခုံပေါ်တွင်။ ဘဒြပီဌဇန္တြမချေ၊ ဘဒြပီဌ အင်းပျဉ် အလယ်၌။ ဘွာပယေတ်၊ ထားရာ၏"ဟူ၍ ရာဇာဘိသေကကျမ်း၌ ဆိုသည်နှင့်အညီ သိကြားရေစင်တော်, ဘိသိက်တော်ရေ တင်ထားရန် ဘဒြပီဌအင်းရေးသော ပွတ်တိုင်, ပွတ်ခုံများလည်း အသင့်လုပ်ဆောင် ရှိစေရသည်။

**ရေသည်သာလျှင် အမူအပြီးအဆုံးဖြစ်၍ ရေကို မှီ့မင်္ဂလာမြောက်အောင် ရာဇာဘိသေက ကျမ်း, သကလာဘိသေကကျမ်း, စာတမ်းများတွင် အထူးထူးအပြားအပြား ဆိုသည်။**

**ဤတွင်ရွှေ. ရေထားတန်ဆောင်းအစီအရင် ပြီး၏။**

* * * * * *

## [ ၃၆ ] နဝတတ်အိုင် အစီအရင်

"အနောတတ္တောဒကမေဝ ဂင်္ဂေါဒကန္တိ ဝုတ္တံ" (သာရတ္ထ၊ဋီ၊၁။၁၆၂)ဟူ၍ အဘိသေက မင်္ဂလာအရာ၌ နဝတတ်အိုင်ရေကိုသာ ဂင်္ဂါရေ-ဟူ၍ ဆိုအပ်ကြောင်းကို သာရတ္ထဒီပနီ ဋီကာ, မဟာဝံသဋီကာများ၌ ဆိုသည်နှင့်အညီ သိကြားရေစင်ခံနန်းတော်က အနောက် စူးစူးတွင် နဝတတ်အိုင် ဖန်ဆင်းရသည်။ နဝတတ်အိုင်စင် ကြမ်းပြင် ၉-ဆင့်၊ ပျဉ်ခါးပန်း သတ်၊ လက်သုံးတိုင် ဝါးတန်းများကို အနီသုတ်လူးရသည်။

အပေါ်ဆုံးစင်မြင့်မှာ သံကွန်ရက်အုပ် တောင် ၅-လုံးနှင့် လက်ယာရစ် ၁၂-ပတ် စီဟန် နဝတတ်အိုင်လုပ်၍ တင်ထားရသည်။ အရှေ့မျက်နှာမှစ၍ လက်ဝဲလှည့် "ခြင်္သေ့,ဆင်,

မြင်း၊ နွားခံတွင်း” ပြွန် ၄-ပေါက်ရှိသည့်တွင် တောင်မျက်နှာက နွားလားဥသဘ ခံတွင်းပြွန်ဖြစ်ကြောင်းကို “ဒက္ခိဏဒိသာဘာဂေ ဥသဘမုခတော နိက္ခန္တဥဒကဓာရာ”စသည်ဖြင့် ကျမ်းဂန်လာသည့်အတိုင်း ပြွန် ၄-ပေါက်ထား၍ တောင်မျက်နှာမှ နွားလားဥသဘ ခံတွင်းက ထွက်သည့်ရေကို သိကြားမင်းလက်ကိုင် ခရုသင်းသို့ သက်ဝင်စေရသည်။ အခြားစာတမ်းများတွင် တောင်မျက်နှာခံတွင်းက ထွက်သည့်ရေ-ဟူ၍ အဆိုချွတ်လေသည်။

**ဤတွင်ရွှေ နဝတတ်အိုင် အစီအရင် ပြီး၏။**

* * * * * *

## [ ၃၇ ] မဟာပိန္နဲအစောင့်နှင့် ရေစင်သွန်း သိကြားအစီအရင်

မဏိစောရဇာတ်၌ ဗာရာဏသီမင်းကို သိကြားမင်း ဘိသိက်သွန်းကြောင်း, ခဏ္ဍဟာလဇာတ်၌ စန္ဒကုမာရမင်းကို သိကြားမင်း ဘိသိက်သွန်းကြောင်း-စသည်ကို ဆိုသော ကျမ်းဂန်ကို စွဲ၍ သိကြားရေစင်တော်ခံ ထုံးစံအစဉ်ဖြစ်သည်။ နဝတတ်အိုင်ကို အရှေ့စူးစူးတွင် အုတ်ပလ္လင်အမြင့်-၃်(၃-တောင်)၊ ယင်းအထက်တွင် သိကြားမင်းအရုပ် အမြင့်-၆်(၆-တောင်) ရွှေမျက်ပါး ချ၍ အရှေ့သို့ မျက်နှာရည်လျက် စိုက်ထားရသည်။ မဇ္ဈိမပုရိသ ၄်-(၄-တောင်)ကို ရည်၍ ပကတိပုရိသ ၆် (၆-တောင်)လုပ်ဆောင်သည်။ သိကြားစွဲသော ခရုသင်းကသည် သိကြားရေစင်ခံနန်းအတွင်း မျက်နှာကြက်သို့ ရောက်အောင် ရွှေချပြွန်ကို တပ်ထားသည်။

မွန်အဘိသေကစာတမ်းတွင် ပြဟ္မာရုပ်လုပ်, ပြဟ္မာရေစင် ဆိုလေသည်။ သိကြားမင်းသာ လောကကို များသောအားဖြင့် ကြည့်ရှုစောင့်ရှောက်လေ့ရှိသည်ဖြစ်၍ သိကြားရုပ်နှင့် သိကြားရေစင်ဆိုခြင်းသာ အလွန်သင့်မြတ်သည်။ မဟာပိန္နဲသည် အမှုခပ်သိမ်းကို ဖျက်လည်း ဖျက်ဆီးတတ်သည်၊ စောင့်လည်း စောင့်ရှောက်တတ်သည်-ဟူ၍ဆိုသော လောကီကျမ်းဂန်ထုံးစံနှင့်အညီ သိကြားရုပ် လက်ဝဲတော် နဝတတ်အိုင်အစွန်းက ကွက်ရုပ်စီးလျက် မဟာပိန္နဲနတ်မင်းအရုပ် အစောင့်ထားရသည်။

အချို့စာတမ်းတွင် “နဝတတ်အိုင် မြောက်က သိကြားရုပ် ထားရမည်” ဆိုသည်။ သိကြားရေစင်ခံနန်းတော်အတွင်း မျက်နှာကြက်နှင့် ကွာဝေးသောကြောင့် မသင့်။

ဤတွင်ရွှေ မဟာပိန္နဲအစောင့်နှင့် ရေစင်သွန်း သိကြားအစီအရင် ပြီး၏။

* * * * * *

## [ ၃၈ ] အထွဋ်တပ်သော ပြာသာဒ်နန်းတော် အစီအရင်

သိကြားရေစင်ခံနန်းတော်က မြောက်စူးစူးတွင် အထွဋ်တပ်သည့် ပြာသာဒ်နန်းတော်ဘုံ ၇-ဆင့်ကို ပြဟ္မာမင်း၏ အဝတ်နှင့်တူသော ဝတ်လဲတော်များ ဆင်ယင်တော်မူရန် ဆောက်လုပ်ရသည်။ အထွဋ်တပ်သည့် ပြာသာဒ်နန်းတော်ဘုံ ၇-ဆင့်၊ အမိုးအုပ်စု, ထီး, ထုပိကာ, ကလပ်ခြေများကို နီပါးထည့်မွမ်းရသည်။ အတွင်းမျက်နှာကြက် ပိတ်, အပေါ်ကြာယပ်, လှဇရွဲ ဆွဲရသည်။

လည်သီး ရိုင်, ပျဉ်, ကမွတ်သတ်။ ကြမ်းပြင်တိုင်ကာ ရိုင်, ပျဉ်, ကမွတ်သတ်။ အရှေ့, တောင်,မြောက် တံခါး-၃, လှေကား-၃, တံခါးရွက် ပျဉ်, လက်ရန်း, ရိုင်, ပျဉ်,ကမွသတ်, အမွမ်းဖျင်ပိတ်၊ လည်သီးအလုံးစုံကို အနီသုတ်လူးရသည်။ မျက်နှာကြက် သံတောင်လည်တွင် စံပယ်, စံကား, ချရား, ဇလပ်-အစရှိသော ပန်းမျိုးစုံကို ပန်းဆိုင်း သီကုံးဆွဲရသည်။

ဝတ်လဲတော်နန်း, သိကြားရေစင်ခံနန်းများကို အထွဋ်မတပ်လေလျှင် ဤနန်းကို အထွဋ်တပ်သော ပြာသာဒ်-ဟူ၍ ခေါ်ဝေါ်ရေးသားကြသည်။

**ဤတွင်ရွေ့ အထွဋ်တပ်သော ပြာသာဒ်နန်းတော်အစီအရင် ပြီး၏။**

* * * * * *

## [ ၃၉ ] ဗြိုဟ်နတ်ပူဇော်ရန်, ပရိတ်တော်ရွတ်ရန် တန်ဆောင်းအစီအရင်

ဗြိုဟ်နတ်ပသပူဇော်ရန်, ပရိတ်တော်ရွတ်ရန်—

- မြေနန်းတော်ရှေ့ တန်ဆောင်း ၄-ထပ်-၁၊
- နန်းမြို့တော်ပတ်လည် မြင်းကတန်ဆောင်း ၃-ထပ်စီ-၈၊

စမြင်ပတ်လည် ကြမ်းနိမ့်, ကြမ်းမြင့်နှင့်ချည်း ဆောက်လုပ်ရသည်။

**ဤတွင်ရွေ့ ဗြိုဟ်နတ်ပသပူဇော်ရန်, ပရိတ်တော်ရွတ်ရန် တန်ဆောင်းအစီအရင် ပြီး၏။**

* * * * * *

## [ ၄၀ ] ရေမျိုးစုံအစီအရင်

ရေမျိုးစုံကား–

- ကဆုန်နွေလ မခန်းသောရေ၊ ဧရာဝတီမြစ်ရေ၊ ဒုဋ္ဌာဝတီမြစ်ရေ၊
- သလ္လာဝတီမြစ်ရေ၊ မုတ္တမမွန်သံလွင်ရေ၊ လက်ယက်ရ တွင်းရေ၊
- ပုပ္ပါးတောင်ထိပ်ရေ၊ သိကြားတွင်းရေ၊ ဘုတ်သက်ကယ်ကျင်းရေ၊
- အောင်ပင်လယ်ကန်တွင်း လက်မံရေ၊ ကြူဝန်ကျွန်းလှလက်ပန်ရေ-

စသည် ထူးမြတ်သောရေ-ဟူသမျှတည်း။ အမရပူရမြို့တည်, နန်းတည်ဘုရား ဘိုးတော်ဘုရားလက်ထက်တော် အဆောင်တော်မြဲအမတ်, ပုရောဟိတ်ပုဏ္ဏားတို့ကို မဇ္ဈိမဒေသသို့ စေတော်မူ၍ ဆောင်ယူခဲ့သော ဂင်္ဂါရေ, ပယာဂဆိပ်ရေ၊ စတုတ္ထရတနာပူရမြို့တည်, နန်းတည်လှူက်(လက်နက်)စကြာအရှင် ဆဒ္ဒန်ဆင်သခင်, ဆင်ဖြူများရှင်, ဘဝရှင်မင်းတရားကြီးဘုရားလှူက်(လက်နက်)နိုင်ငံတော်ဖြစ်သော လိစ္ဆဝီတိုင်း, သောမာရတိုင်း, အဿကတိုင်းက ဆက်သသော ယမုနာ, ဂင်္ဂါ, မလ္လာ, ယမုနာမြစ်ရေ, ဗြဟ္မကုဏ္ဍအိုင်ရေများသည်လည်း ထူးမြတ်လှသောရေ ဖြစ်သည်။

**ဤတွင်ရွေ့ ရေမျိုးစုံ ပြီး၏။**

* * * * * *

## [ ၄၀ ] မြေမျိုးစုံအစီအရင်

မြေမျိုးစုံကား–

- ပုပ္ပါးတောင်ထိပ်မြေ၊ တကောင်း ရွှေတောင်ဦးမြေ၊ မြတောင်မြို့မြေ၊
- ဘိုးကောင်းတောင်ထိပ်မြေ၊ ဖိုးဦးတောင်ထိပ်မြေ၊ မင်းဝံတောင်ထိပ်မြေ၊
- ကျွန်းတော်မြေ၊ နေအရုဏ် အဆင်းရှိသော အရုဏာဝတီမြေ၊
- ရှေးသရောခါ ဈာန်အဘိညာဉ်ရသော ရသေ့မုနိတို့ကို တောင်းပန်၍ ဆောင်ယူစေခဲ့သော စစ်ကိုင်းကြီး၏ အနောက်တောင်ထောင့် ဧရာဝတီမြစ်မှ ဝင်သော စကြိန်ချောင်း၏ မြောက်ဖက်၌ရှိသော ၄-ကျွန်းမြေ-ဟူ၍ အစဉ်သမုတ်ကြသော ၄-ကျွန်းမြေ-

စသော မြေ-ဟူသမျှတည်း။

အမရပူရမြို့တည်,နန်းတည် ဘိုးတော်ဘုရားလက်ထက်တော် အဆောင်တော်မြဲ အမတ်, ပုရောဟိတ်ပုဏ္ဏားတို့ကို မဖို့မတိုက်၊ ဉရုဝေဠနိဂုံး၊ ဗောဓိဂယာ *(ဗုဒ္ဓဂယာ)* အရပ်သို့ စေတော်မူ၍ မဟာဗောဓိပင်ငယ်နှင့်တကွ မဟာဗောဓိမြေကို ဆောင်ယူခဲ့စေပြီးလျှင် မင်းကွန်းပုထိုးတော်ကြီး၏ မြောက်အရပ်တွင် မဟာဗောဓိပင်ကို စိုက်၍ ထိုမဟာဗောဓိပင် ရင်းတွင်ထားသော၊ ကမ္ဘာပေါ်စက မြေတကာတို့ ရှေ့ဦးစွာပေါ်သော၊ ကမ္ဘာပျက်သည့် ကာလလည်း မြေတကာတို့ နှောင်းဆုံးမှပျက်သော၊ ဘုရားတကာတို့ မာရ် ၅-ပါးကို အောင်မြင်ရာ, ကိလေသာအပေါင်းကို စွန့်ပယ်ရာ, သစ္စာ ၄-ဆင့် ပွင့်လင်းရာဖြစ်သော၊ အလွန်တရာ ရခဲစွာသော မဟာဗောဓိမဏ္ဍိုင် မြေသည်လည်း အတုမရှိ ထူးမြတ်လှသော မြေဖြစ်သည်။

သရေခေတ္တရာ, ပုဂံ, မြင်စိုင်း, ပင်းယ, စစ်ကိုင်း, သထုံ, မုတ္တမ, ဒဂုံ ဟံသာဝတီ, မက္ခရာ, ပင်လယ်, ဇင်းမယ်, တကောင်း, ဟံသာနဂရ, ကေတုမတီ, ဉဿဝတီ, ရတနာသိယ် နန်းရာမြေ-စသည့် မြို့နန်းတည်ဟူသမျှ မြေများသည်လည်း ထူးမြတ်သော မြေမျိုးအဝင် ဖြစ်သည်။ စတုတ္ထရတနာပူရမြို့တည်, နန်းတည် လှော်က်*(လက်နက်)*စကြာအရှင် ဆဒ္ဒန်ဆင်မင်း သခင်, ဆင်ဖြူများရှင်, ဘဝရှင်မင်းတရားကြီးဘုရား လှော်က်*(လက်နက်)*နိုင်ငံတော်ဖြစ်သော ဝေသာလီရောင်ဂွတ်၊ ဂေါ်ရစောင်၊ ဟော်လဲ-ပူရိ၊ ဇူရဟတ်မြို့ နန်းရာမြေများသည်လည်း ထူးမြတ်လှသော မြေမျိုးအဝင် ဖြစ်သည်။

ဤတွင်ရွှေ. မြေမျိုးစုံ ပြီး၏။

* * * * * *

## [ ၄၂ ] ဂြိုဟ်နတ် ပ-သ ပူဇော်သောအစီအရင်

ဂြိုဟ်နတ်ပသပူဇော်သော အစီအရင်ကား ဘိသိက်နန်းတော်, သိကြားရေစင်ခံနန်းတော် မြေစနစ်မည့်အခါ၊ သိကြားရေစင်တော်ခံမည့်, ဘိသိက်သွန်းမည့်အခါ မတိုင်မီ ၇-ရက်ပတ်လုံး မြေနန်းတော် ရှေ့တန်ဆောင်း, နန်းမြို့တော်ပတ်လည် တန်ဆောင်း ၈-ရပ် များတွင် သံဃာတော် ၈-ပါးစီ၊ ညပရိတ်တော်ရွတ်, နံနက်ဆွမ်းတော် လှူဒါန်းရသည်။ ပွဲလမ်းသဘင် စည်ပင်သာယာစွာ ခံစေရသည်။ ရွှေမြို့တော်ကြီး တံခါး ၂၅-ရပ် စောင့်နေသော နတ်မှစ၍ မြို့စောင့်နတ်များကိုလည်း နီးစပ်သည့် အရပ်အကွက်များက ကနား ဆောက်လုပ်စေ၍ နတ်ထိန်း, နတ်နေတို့ကို အတင်တော်ပေးအပ် ကျွေးမွေးစေရသည်။

ရွှေမြို့တော်ပတ်လည် အောင်စွာမကြီး, ငါးစီးရှင်, ထီးဖြူဆောင်း, ကိုးသိန်းရှင်, တောင်မကြီး, သောတာပန်, ပြောင်မကြီး, မြင်းဖြူရှင်, ရှင်တိုင်းကွ ၁၀၁-ပါး, ဘိုးမင်းကျော်, မင်း၂-ပါး, သတိုးမင်းစော, တက်သေးရှင်မ, သိကြားမင်းကြီး, ကြက်ရုံးညီနောင်, ကန်စွယ် နတ်တို့ကိုလည်း ကနားဆောက်လုပ်၍ ပွဲသဘင် စည်ပင်သာယာစွာ နတ်ထိန်း, နတ်နေတို့ကို အတင်တော် ပေးအပ်ပသ ကျွေးမွေးစေရသည်။

ဘေးလောင်းတော်, ဘိုးလောင်းတော်တို့လက်ထက် ထာဝရကွန်း ကွန်းတန်ဆောင်းနှင့် ချီးမြှင့်ပြုစုရသည်။ ရတနာသိယ်, ရတနာပူရ, မဟာဇေယျပူရ, ဝိဇယပူရ တောင်ဘက် ၉-ခရိုင် ဆည်တော်စောင့်သော နတ်တို့အားလည်း နတ်ကနားဆောက်လုပ်၍ ထမင်း, မုန့်, ယို, အချို, အဆိမ့်, အုန်း, ကြံ, ငှက်ပျောပွဲစုံ, ပန်း, ပေါက်ပေါက်, အမွှေးအထုံ, ကြေး, ဆန်များနှင့် ဆိုင်ရာ မြို့ရှင်, ရွာရှင်တို့သို့ ဆင့်ဆိုမှာထား တင်ကြားပသစေရသည်။ ရွှေနန်းတော် ရာဇပလ္လင် ဥကင်တော်စောင့်, ထီးချက်တော်စောင့်, ပြာသာဒ်တော်စောင့်နတ်တို့အားလည်း တင်ကြားပ-သစေရသည်။ နန်းမြို့တော် ၄-ထောင့်စောင့်သော နတ်၊ ဝင်းရုံ ၄-မျက်နှာစောင့်သော နတ်၊ လွှတ်တော်စောင့်သော နတ်၊ မြို့တွင်း, မြို့ပြင်, လမ်းသေး, လမ်းမ, ကုန်း, ကျင်း, တော, တောင်, ဧရာဝတီ, ဒုဋ္ဌဝတီ, သလ္လာဝတီမြစ်, ချောင်း, မြောင်းစောင့်သော နတ်တို့အားလည်း တင်ကြားပ-သစေရသည်။

ရွှေမြို့တော်မှစ၍ တန်ခိုးကြီးစေတီ, ပုထိုး, ဘုရားများသို့လည်း မြင်းတော်သည်တို့ကို ခန့်ထား၍ တံခွန်, ကုက္ကား, မုလေးပွါး, သင်ပုတ်, ရေချမ်း, ရွှေပန်းခိုင်, ငွေပန်းခိုင်, ရွှေတန်ဆောင်း, ငွေတန်ဆောင်း အလှူတော် တင်စေရသည်။ ရွှေပြည်တော် မြို့တွင်း, မြို့ပြင်, ရပ်စု, ကွက်စု ကျေးရွာမှစ၍ နိုင်ငံတော်အတွင်း မြို့,ကျေးရွာများမှာ စေတီ, ပုထိုး, ဗောဓိညောင်တော် ရှိသည်များကိုလည်း တံခွန်, ကုက္ကား, မုလေးပွါး, ဆီမီး, တန်ဆောင်း, ပန်း, ပေါက်ပေါက်, အမွှေးအထုံ, သင်ပုတ်ရေချမ်း သဒ္ဓါဟုံအားအမျှ တင်လှူပူဇော်ကြမည့်အကြောင်း၊ ပါဏာတိပါတ်-စသည်ကို ကြဉ်ရှောင်၍ ၇-ရက်အတွင်း သီလသီတင်း ဆောက်တည်ကြမည့်အကြောင်းနှင့် မြို့ဝန်, မြို့အုပ်, မြေတိုင်း, သူကြီးခေါင်း အကြီးတို့ကို စေ့နှံ့အောင် နှိုးဆော်ဆင့်ဆိုစေရသည်။

ဤတွင် ပြိုဟ်နတ်ပသပူဇော်သော အစီအရင် ပြီး၏။

* * * * * *

## [ ၄၃ ] သိကြားရေစင်တော်, ဘိသိက်တော်ရေ ဆောင်ယူသော အစီအစဉ်

သိကြားရေစင်တော်, ဘိသိက်တော်ရေ မဆောင်မယူမီ ၂-ရက်, ၃-ရက်က ရေတော်ခပ်လမ်းတလျှောက် သုတ်သင်ရှင်းလင်း၍ သဲမွှေကြဲခြင်း၊ ရာဇမတ်ကာခြင်း၊ ငှက်ပျောပင်ရှင်, ကြံပင်ရှင်, ရေချမ်းအိုး ပန်းစိုက်တည်ထားခြင်း၊ ပုဆိုးပစ္စု, တံခွန်, ကုက္ကား, မုလေးပွါး တွဲစိုက်ခြင်းများကို ဆင့်ဆိုနှိုးဆော်၍ ရေတော်ခပ်အခါတော်ရသောနေ့ ပွဲလမ်းသဘင်, အတီး, အကအစုံနှင့် ဆောင်ယူစေရသည်။ လမ်းဆုံ, လမ်းခွများမှာလည်း နီးစပ်သည့်အရပ်က ပွဲသဘင်ခံရန် ကနားပြင် ရေအိုးရေပြည့် ထည့်ထားစေ၍ ပွဲသဘင် စည်ပင်သာယာအောင် တီးမှုတ်,ကခုန် မြူးထူးရွှင်လန်းစေရသည်။ ရန်အောင်မြင်မြစ်ဆိပ်မှာ နဝတတ်အိုင်သဏ္ဍာန် ပီပြင်စွာ လှပကောင်းမွန်အောင် လုပ်ဆောင်ဖန်ဆင်းစေရသည်။ ဤအဘိသေကအရာ၌ "ဂင်္ဂါရေ-ဟူသည်ကား နဝတတ်ရေတည်း"ဟု သာရတ္ထဒီပနီတွင် လာသည်ကို စွဲ၍ နဝတတ်အိုင်သဏ္ဍာန် စီရင်ဖန်ဆင်းသော ထုံးစံဖြစ်သည်။

ရေတော်ဆောင်ယူသော အစီအစဉ်ကား–

[၁] ရှေ့ဖျား စမြောင်သိုင်းနှင့် ၂။ ရင်းနောက်
[၂] စည်တော်စုံ၊ ရင်းနောက်
[၃] မြန်မာဇာတ်ကြီး အတီး,အက၊ ရင်းနောက်
[၄] ယိုးဒယား ဇာတ်ကြီးအတီး,အက၊ရင်းနောက်
[၅] ခရာဗုံတောင်၊ ရင်းနောက်
[၆] ထက, ကွင်းလှို, ကြိမ်တန်းလျှောက်၊ရင်းနောက်
[၇] ဒေါင်းမြီးက၊ ရင်းနောက်
[၈] လင်ပန်းလှည့်၊ ရင်းနောက်
[၉] ဂျွမ်းထိုး, တိုင်တက်၊ ရင်းနောက်
[၁၀] မွန်အတီး,အက၊ ရင်းနောက်
[၁၁] မြန်မာအက၊ ဗောင်းခရမ်း ရွှေကုံးစွပ်-၁၀၊ ရင်းနောက်
[၁၂] မြန်မာဆိုင်း-၂၊ ရင်းနောက်
[၁၃] ပူဇော်ပွဲ-၂၊ ရင်းနောက်
[၁၄] ဆုတောင်းတော်စာ-၁၊ ရင်းနောက်
[၁၅] တက်လူ-၁၊ ရင်းနောက်
[၁၆] သူငွေး, သူကြွယ်၊ ရင်းနောက်
[၁၇] မန္တန်တော်သမား-၈၊ ရင်းနောက်
[၁၈] အင်းတော်ရေး-၆၊ ရင်းနောက်
[၁၉] ထမ်းစင်စီး ပုဏ္ဏား-၈၊ ရင်းနောက်
[၂၀] ရွှေသားမြှုတာပိုက်လျက် ထမ်းစင်စီး မင်းသမီး-၄၊ ရင်းနောက်
[၂၁] ရွှေသားမြှုတာပိုက်လျက် ထမ်းစင်စီး အမတ်သမီး-၄၊ ရင်းနောက်

[၂၂]ငွေသားမြူတာပိုက်လျက်၊ ထမ်းစင်စီး သူဌေးသမီး-၄၊ ရင်းနောက်

[၂၃]ငွေသားမြူတာပိုက်လျက် သူကြွယ်သမီး-၄၊ ရင်းနောက်

[၂၄]ရွှေချမြူတာ-၄၊ ရင်းနောက်

[၂၅]ရွှေချအိုးချောဖုံးစုံ-၂၀၊ ရင်းနောက်

[၂၆]ငွေချအိုးချောဖုံးစုံ-၂၀၊ ရင်းနောက်

[၂၇]မြူတာလွတ်-၈၊ ရင်းနောက်

[၂၈]အိုးချောဖုံးစုံ ပဝါနီစည်း-၁၀၈၊ ရင်းနောက်

[၂၉]အိုးစရည်းကြီး ဖက်စိမ်းအုပ်-၁၂၊ ရင်းနောက်

[၃၀]နရည်းစရာ၊ ရင်းနောက်

[၃၁]မင်းညီမင်းသားစု၊ ရင်းနောက်

[၃၂]မှူးတော်မတ်တော်စု–

သည်အတိုင်း အစီအစဉ်သွား၍ ရေတော်ခပ်ရာ မြစ်ဆိပ်သို့ရောက်လျှင် ပွဲလမ်းသဘင် စည်ပင်ရွှင်လန်းစွာ ခံနေစေရသည်။ အခြားစာတမ်းများတွင် ဆင်, မြင်း, ဥသဘ, အခြံအရံများလည်း ပါသည်။ စစ်အင်္ဂါ ၄-ပါးစုံအောင်သော်လည်း မပါ။ ရေတော်ခပ်နှင့်လည်း မဆိုင်ဖြစ်၍ သင့်မည်မထင်သောကြောင့် ဤစာတမ်းတွင် မဆိုသည်။

အခါတော်ပြည့်စုံ၍ အခါကြားလျှင် ဆုတောင်းစာကို ပူဇော်တော်ပွဲ ခင်းကျင်း၍ ဖတ်မြဲဖတ်စေရသည်။ စည်တော်ကိုလည်း တပြိုင်နက် ရွမ်းစေရသည်။ ထမ်းစင်စီး ၈-ပါးပုဏ္ဏားတို့ကို ခရုသင်း ကိုယ်စီစွဲလျက် နဝတတ်အိုင် အရှေ့စောင်းတန်းလှေကားက ရေတော်အခပ်,အယူ တက်စေရသည်။ တက်မိလျှင် အိုင်စောင့်ဘီလူး ၄-ဦး အဟန့်အဆောင်၍ နေနှင့်စေသည့်သူတို့က "ငါတို့ စောင့်သည့်ရေအိုင်သို့ အဘယ်အလို့ငှာ သာကြသနည်း"ဟု ၃-ကြိမ် ငေါက်ငမ်း၍ မေးနှင့်စေရသည်။

ရေတော်ခပ်သော ပုဏ္ဏားတို့က "ဘေးလောင်းတော်, ဘိုးလောင်းတော်, မဟာ-ဓမ္မရာဇ်တို့ ဘိသိက်မင်္ဂလာ ဆောင်တော်မူသည့်အတိုင်း ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော လှ္ကက်စကြာအရှင်၊ ဆဒ္ဒန်ဆင်မင်းသခင်, ဆင်ဖြူများရှင်၊ အသျှင် ဘဝရှင်မင်းတရားကြီးဘုရား ဘိသိက်မင်္ဂလာဆောင်တော်မူလိုသည်ဖြစ်၍ ရေတော်ခပ်ယူလာရသည်"ဟု ပြန်ပြောစေရသည်။ အိုင်စောင့် ဘီလူး ၁-ယောက်ယောက်က "သာသနာတော်မြတ်စီးပွါး, ပြည်သူလူတကာတို့ စီးပွါးကို တရားနှင့်ညီစွာ ကျင့်ဆောင်နိုင်အံ့လော"ဟု ၁-ကြိမ်ထပ်၍ မေးမြန်းစေရသည်။ ရေတော်ခပ်ပုဏ္ဏားတို့က "သာသနာတော်မြတ်စီးပွါး, ပြည်သူလူတကာတို့စီးပွါးကို တရားနှင့်ညီစွာ ကျင့်ဆောင်တော်မူလိုသောကြောင့် ရေတော်ခပ်ယူလာရသည်"ဟု ပြန်ပြောစေရသည်။

အိုင်စောင့်ဘီလူး ၁-ယောက်ယောက်က "ဘေးရန်ရောဂါ အန္တရာယ်အပေါင်း ကင်းစင်တော်မူလျက် သက်တော်ရာကျော် ရှည်တော်မူ၍ သာသနာတော်မြတ်စီးပွါး, ပြည်သူလူတကာတို့စီးပွါး, သားတော်အစဉ်, မြေးတော်အဆက်, မြစ်တော်အညွန့်, အခွန့် ရှည်စွာ တိုးတက်ပွါးစီး ခိုင်ဖြိုးကြီးမြတ်တော်မူသည် ဖြစ်စေသောဝ်၊ သာဓု, သာဓု။ ဩော် 'ကောင်းစွ, ကောင်းစွ'-"ဟု ကောင်းချီးစကားကို ဆို၍ ခွင့်ပြုစေရသည်။

၈-ပါးပုဏ္ဏားတို့လည်း မင်းသမီး, မှူးမတ်သမီး, သူဌေးသူကြွယ်သမီးတို့လက်မှ ရွှေသားမြူတာ, ငွေသားမြူတာများကို ယူ၍ နဝတတ်အိုင်ရေကို ခရုသင်းဖြင့် ပြည့်အောင် ခပ်ယူသွန်းလောင်းပြီးမှ မင်းသမီး, မှူးမတ်သမီး, သူဌေးသူကြွယ်သမီးတို့သို့ ပေးအပ်စေရသည်။ ရွှေချမြူတာ, ငွေချမြူတာနှင့် ကျန်အိုးချောမြူတာ, ရေခပ်အိုး, အိုးစရည်းကြီးများကို ထမ်းဆောင်သူတို့ အသီးသီး နဝတတ်အိုင်မှ ရေကို ပြည့်အောင် ခပ်ယူစေရသည်။ ပြီးလျှင် လမ်းစဉ်အတိုင်း စီစဉ်ခင်းကျင်း၍ ပြန်လည်ခဲ့မှ ရွှေနန်းတော် အရှေ့မျက်နှာ သစ်တပ်ပြင်သို့ ရောက်လျှင် ရွေးတော်ယူကသည် တံခါးနီတော်သို့ ဝင်၍ ရေထားတန်ဆောင်းတော်မှာ သွင်းထားစေရသည်။ သိကြားရေစင်တော် သွန်းလောင်းရန် မဟာသင်္ကြန်တော်က ဆိုခဲ့သည့် ရေစုံကိုလည်း မန္တန်သမားတို့ စုတ်မန်းပြီးလျှင် ရေထားတန်ဆောင်းမှာ အသင့်တည်ထား ရှိနှင့်စေရသည်။

**ဤတွင်ရွှေ့ သိကြားရေစင်တော်, ဘိသိက်တော်ရေ ဆောင်ယူသောအစီအစဉ် ပြီး၏။**

* * * * * *

## [ ၄၄ ] သိကြားရေစင်ခံတော်မူရန် အဆောက်အအုံ

သိကြားရေစင်ခံတော်မူရန် အဆောက်အအုံကား—

[၁]ဓာတ်သက်စေ့ ရေခံငွေချိန်-၈ဝိ၊
[၂]တရော်ရည်သွန်း ရွှေဖလား-၁၊
[၃]ငုင်းနဝရတ်စီ ရွှေဖလား-၁၊
[၄]၁၂-ရာသီ ငွေဖလား-၁၊
[၅]လက်တော်စွပ် ကျောက်နီကွင်းပြီး-၁ဝ၊
[၆]ခြေတော်စွပ် ကျောက်နီကွင်းပြီး-၁ဝ၊
[၇]အဝန်း-၁၆၊
[၈]ရွှေနန်းကြီးကွင်း-၁၊
[၉]အင်ကြင်းသား သလွန်တော်-၁၊
[၁၀]တရော်ရမည် ခြင်းနှင့်-၁၊
[၁၁]ပန်းပေါင်းချိန်-၁ဝိ၊
[၁၂]မင်းပေါင်းချိန်-၁ဝိ၊

၁၃ဂမုန်းပေါင်းချိန်-၁ဝိ၊
၁၄တရော်ခဲ-၂၊
၁၅ထိုင်ခုံတော်-၂၊
၁၆တရော်ရည်စိမ်ရန် ဖျဉ်းအိုး၊
၁၇ရေမျိုး,တရော်မျိုးတို့နှင့် ရောနှော၍စိမ်ရန် ပတ္တမြားလုံးရေ-၁၀၊
၁၈ဍင်းသန္တာလုံးရေ-၁၀၊
၁၉ဍင်းမြလုံးရေ-၁၀၊
၂၀ဍင်းစိန်လုံးရေ-၁၀၊
၂၁ဍင်းကြောင်လုံးရေ-၁၀၊
၂၂ဍင်းဂေါ်မုတ်လုံးရေ-၁၀၊
၂၃ဍင်းဥဿဖရားလုံးရေ-၁၀၊
၂၄ဍင်းပုလဲလုံးရေ-၁၀၊
၂၅ဍင်းနီလာလုံးရေ-၁၀-

စသည်များကို သိကြားရေစင်ခံနန်းတော်တွင် အသင့်ရှိစေရသည်။ အိုးစရည်းကြီး-၃၊ မြူတာ ၃-မျိုးကိုလည်း ကွမ်းဘူး၊ ကွမ်းလင်း၊ သပြေ၊ နေဇာ၊ မုရား၊ ကံ့ကော်ညွန့်စိုက်၍ ရေထား တန်ဆောင်းက ရေနှင့် ရေပြည့် အသင့်တည်ထားစေရသည်။

**ဤတွင်ရွှေ သိကြားရေစင်ခံတော်မူရန် အဆောက်အအုံ ပြီး၏။**

* * * * * *

## [ ၄၅ ] အခါတော် စောင့်လင့်တော်မူသော အစီအရင်

အခါတော် စောင့်လင့်တော်မူသော အစီအစဉ်ကား အပရာဇိတပလ္လင်သို့ ကြွတော်မူသော လမ်းစဉ်နည်းဖြင့်–

- ယာယီစံနန်းတော်ကသည် အခါတော်စောင့်နန်းတော်တိုင်အောင် အရှေ့မြို့နားသို့ လျှောက်၍ တောင်သို့ အစဉ်အတိုင်းသွားပြီးမှ အနောက်သို့ ယွန်း၍လည်းကောင်း၊
- အခါတော်စောင့် နန်းတော်ကသည် ဝတ်လဲတော်နန်း, သိကြားရေစင်ခံနန်း, အထွဋ်တပ်သည့် ပြာသာဒ်နန်းတော်တိုင်အောင် မြောက်သို့ စူးစူးသွား၍ လည်းကောင်း၊
- အထွဋ်တပ်သော ပြာသာဒ်နန်းတော်ကသည် ဘိသိက်နန်းတော် အရှေ့လှေကား တိုင်အောင် အနောက်သို့ ယွန်းလျက် ဘိသိက်နန်းတော်ကို လက်ယာရစ်လှည့်၍ လည်းကောင်း၊

သုတ်သင်ရှင်းလင်းပြီးလျှင် သဲမွှေကြဲခြင်း, ရာဇမတ်ကာခြင်း, ငှက်ပျောပင်ရှင်, ကြံပင်ရှင်, ရေချမ်းအိုး ပန်းစုံစိုက်တည်ထားခြင်း၊ ပုဆိုး ပစ္စူ, တံခွန်, ကုက္ကား, မုလေးပွါး တွဲစိုက်ခြင်းများဖြင့် မဟာသုဒဿနနတ်လမ်းမကဲ့သို့ လျောက်ပတ်တင့်တယ်လှစွာ မင်းလမ်းကို စီရင်ရသည်။

ဒိသာဧယျကျမ်းတွင် လမ်းအကျယ် ၁-တာ-ဟူ၍ ဆိုသည်။ အထွဋ်ရှတပ်သော ပြာသာဒ်နန်းတော်ကသည် ဘိသိက်နန်းတော်သို့ အကူးလမ်းတွင် လက်ဝဲ,လက်ယာ ဝတ်စားတန်ဆာ, အသုံးအဆောင်တို့ဖြင့် ကြွယ်မျှသီးသော ပဒေသာ ၄-ပင် စိုက်ထားရသည်။ ဘိသိက်ခံဆဲတွင် ပဒေသာပင် ထင်ရှားဖြစ်သော **နန္ဒရာဇ်မင်းဝတ္ထု**ကို အကြောင်းပြု၍ ပဒေသာပင်စိုက်သောထုံးစံ ဖြစ်သည်။

- [၁]ရွှေဖျား မင်္ဂလာစီးတော်ဆင် ကြိုးကစုံ-၈၊ ငင်းနောက်
- [၂]စီးတော်မြင်းဖြူ ကြိုးကစုံ-၈၊ ငင်းနောက်
- [၃]ရွှေဓား-၁၀၊ ငင်းနောက်
- [၄]ရွှေလွှား-၁၀၊ ငင်းနောက်
- [၅]ရွှေလေး-၁၀၊ ငင်းနောက်
- [၆]မီးပေါက်-၁၀၊ ငင်းနောက်
- [၇]ရွှေလှံ့-၁၀၊ ငင်းနောက်
- [၈]ရွှေဒိုင်း-၁၀၊ ငင်းနောက်
- [၉]ရွှေကာ-၁၀၊ ငင်းနောက်
- [၁၀]သူဌေး,သူကြွယ်သမီး ရွှေမြူတာ, ငွေမြူတာပိုက်လျက်-၈၊ ငင်းနောက်
- [၁၁]အမတ်သမီး လက်ဝဲလက်က ရွှေမြူတာ, ငွေမြူတာပိုက်၍ လက်ယာလက်က တန်ဆောင် ကိုင်လျက်-၈၊ ငင်းနောက်
- [၁၂]သိကြားရေစင် ခံတော်မူရာ ဆောင်ရွက်ရန် သားမြီးယပ်ကိုင်-၁၊
- ရွှေတည်ယပ်ကိုင်-၁၊
- ထန်းရွက်ယပ်ကိုင်-၁၊
- ကြေးမုံတော်ကိုင်-၁၊
- ရတနာကြောင်အိမ်ပိုက်-၁၊
- ရတနာကြောင်ပိုက်-၁၊

သည်မင်းသမီး ၆-ယောက်ကိုလည်း သင့်ရာခန့်ထားလိုက်စေရသည်။ ငင်းနောက်

- [၁၃]အောင်းမွှေးယပ်တောင်-၁၊ ဆံစည်းနှင့် လူပျိုတော် ကိုင်ရသည်။ ငင်းနောက်
- [၁၄]ထီးဖြူတော်-၈၊ ၅၀-တော်သားတို့ ကိုင်ရသည်။ ငင်းနောက်
- [၁၅]ရတနာ သန်လျက်တော်-၁၊ ၄၀-တော်သားတို့ ကိုင်ရသည်။ ငင်းနောက်
- [၁၆]သားမြီးယပ်တော်-၁၊ ငင်းနောက်
- [၁၇]ခြေနင်းတော်-၁၊ ငင်းနောက်

- [၁၈]တောင်ဝေ့တော်-၁၊ ၄၀-တော်သားတို့ ကိုင်ရသည်။ ၎င်းနောက်
- [၁၉]စားတော်ကွမ်းရေ၊ ၎င်းနောက်
- [၂၀]ဝေါတော်-၁၊ ၎င်းနောက်
- [၂၁]မင်းမိဖုရား, မင်းသမီးစု၊ ၎င်းနောက်
- [၂၂]စီးတော်ဆင်-၅၊ ၎င်းနောက်
- [၂၃]ရွှေဓား-၁၀၊ ၎င်းနောက်
- [၂၄]ရွှေလှံ-၁၀၊ ၎င်းနောက်
- [၂၅]ရွှေလေး-၁၀၊ ၎င်းနောက်
- [၂၆]ရွှေဒိုင်း-၁၀၊ ၎င်းနောက်
- [၂၇]ရွှေကာ-၁၀၊ ၎င်းနောက်
- [၂၈]မီးပေါက်-၁၀၊ ၎င်းနောက်
- [၂၉]မြင်း-၁၀၊ ၎င်းနောက်
- [၃၀]ရထား-၄၊

ဤသို့ စီစဉ်ခင်းကျင်းပြီးမှ ယာယီစံနန်းတော်ကသည် ဝေါတော်သို့ အရှင် ၂-ပါး တက်စံတော်မူမိလျှင် ရှေ့တပ်များကို ယခင် လမ်းစဉ်အတိုင်း **အခါတော်စောင့်နန်းတိုင်** အောင် သွားစေရသည်။ ရောက်လျှင် မြေနန်းတော်သို့ ရှေးရှု ခင်းကျင်းနေစေရသည်။

မြူတာပိုက် သူငွေး,သူကြွယ်သမီး ၈-တို့မှာ နဝတတ်အိုင်မြောက်က အသင့်နေရသည်။ အမတ်သမီး ၈-တို့မှာ ရွှေမြူတာ, ငွေမြူတာကို သိကြားရေစင်ခံနန်းတော်က ဆီးကြိုနေနှင့်သော မင်းသမီး ၈-ယောက်တို့မှာ အပ်၍ ဝတ်လဲနန်းတော်သို့ သွားပြီးမှ ဆက်သရန် ဝတ်လဲတော်များကို ခင်းကျင်းစောင့်နေရသည်။ သားမြီးယပ်ကိုင်-စသော မင်းသမီး ၆-ယောက်တို့ကိုလည်း အခါတော်စောင့် နန်းတွင်ပင် အသင့်ရှိစေရသည်။ စစ်အင်္ဂါ ၄-ပါး၊ မင်းခမ်း, မင်းနား၊ မင်းမြောက်တန်ဆာဖြစ်၍ ယခင်အခင်းအကျင်းများကို ဆိုသည်။

ရှေးသရောအခါ ကြောင် ၁-ခု*(ကောင်)*သည် မင်းသား, သူဌေးသားတို့အား ပတ္တမြားကို ယူဆောင်ပေးသဖြင့် သူ့ကျေးဇူးကို သိတတ်သည်ဆိုသော ဝတ္ထု၊ သစ်, ကျား, ခြင်္သေ့-စသော သားတကာတို့ဆရာ ဖြစ်သည်*(ဟု)* ဒိဋ္ဌပါရာ-လာသော စကားများကို အကြောင်းပြု၍ ဒိဋ္ဌသုတမင်္ဂလာအလို့ငှာ ရတနာကြောင်ရုပ်ကို ဆောင်ရွက်မြဲထုံးစံ ဖြစ်လေသည်။ **အခါတော်စောင့်နန်းသို့** ရောက်တော်မူလျှင် သိကြားရေစင်တော်အခါ, ဘိသိက်-တော်အခါများကို ရုပ်တန့်စောင့်လင့်တော်မူသည်။ ထိုသို့ စောင့်လင့်တော်မူခိုက်ကို ပွဲလမ်းသဘင် သာယာရွှင်လန်းစွာ ခံစေရသည်။

ဤတွင်ရွှေ့ အခါတော် စောင့်လင့်တော်မူသော အစီအရင် ပြီး၏။

* * * * * *

## [ ၄၆ ] ဝတ်လဲတော်ဆင်သော အစီအရင်

သိကြားရေစင်ခံ အခါတော်နီးလျှင် အခါတော်နီးကြောင်းကို ပညာရှိအမတ်, ပညာရှိပုဏ္ဏား ၂-တို့က လျှောက်ထားစေရသည်။ အခါတော်နီးလျှင် သိကြားရေစင်ခံနန်းတော်တွင် ယခင်က ထားနှင့်သော အဆောက်အအုံများကို မန္တန်တော်တို့က အထိုက်အလိုက် သင့်ရာစီမံ ရံထားရှိနှင့်စေရသည်။ လက်တော်စွပ်, ခြေတော်စွပ်များမှာ ရောက်တော်မူမှ သင့်တော်မူစေရသည်။ ထိုသို့ပြည့်စုံအောင် အသင့်ရံထားပြီးမှ ယပ်,ကြေးမုံကိုင်, ရတနာကြောင်အိမ်,ကြောင်ပိုက် မင်းသမီးများနှင့်တကွ ရံထားမြဲ အခင်းအကျင်းနှင့် ဝတ်လဲတော်နန်းသို့ ကြွတော်မူသည်။ ဝတ်လဲဆင်တော်မူရန်ကို ဝတ်လဲတော်ဆက် ခန့်ထားသူ ကြန်အင်္ဂါလက္ခဏာနှင့် ပြည့်စုံသည့် မျှုးမတ်သမီးတို့ အသျှင် ၂-ပါးကို ဝတ်လဲတော် ဆက်စေရသည်။ ဤအဘိသေကမဟာမင်္ဂလာအရာ၌ သူဌေး,သူကြွယ်သမီး, မျှုးမတ်သမီး, မင်းသမီး အခမ်းအနားဝင်သမျှမှာ မာန်မရှည်ကိုသာ စာဟောင်းစာတမ်းများ၌ ယူသည်။ ရာဇာဘိသေကကျမ်း, သကလာဘိသေကကျမ်းများ၌လည်း ကန္ယာသဒ္ဒါနှင့် ရှိသည်။

ကညာ-ဟူသည်ကား ၁၀-နှစ်, ၁၂-နှစ်ရွယ်၊ မာန်မရှည်-ဟူသည်ကား အိမ်ထောင်မရှည်-ဆိုလိုသည်။ ယင်းသည် ဝတ်လဲနန်းတော်တွင် ဆက်သည့် ဝတ်လဲတော်ကား သိကြားရေစင်ခံတော်မူရန် ရေခံဝတ်လဲတော်တည်း။ ဆိုလတ္တံ့သော အထွဋ်တပ်သည့် ပြာသာဒ်နန်းတော်တွင် ဆက်သည့်ဝတ်လဲတော်ကား ဘိသိက်ခံတော်မူရန် ဖြဟ္မာမင်းဝတ်လဲတော်တည်း။ အဘိသေကမင်္ဂလာ ပရိကံ, ဥပစာအလို့ငှာ ရွှေမြို့တော်ပြင်မှာ သကြန်ခေါ်တော်မူသည်ကား မဟာသကြန်တော်တည်း။ သိကြားရေစင်ခံနန်းတော်တွင် ဘိသိက်ခံတော်မူခါနီး သကြန်ခေါ်တော်မူသည်ကား သိကြားရေစင်တော်တည်း။

ဤသို့ သီးသီးခြားခြား မှတ်သားရာသည်။ အချို့စာတမ်းများတွင် ရေခံဝတ်လဲတော်နှင့် ဖြဟ္မာမင်းဝတ်လဲတော်ကို အနှောနှောအယှက်ယှက် ဆိုသည်။ မဟာသကြန်တော်နှင့် သိကြားရေစင်တော်ကိုလည်း အရှုပ်ရှုပ်အထွေးထွေး ဆိုသည်။ ယခင် သီးသန့်ခြားနားသည့်ပြင် သဘောယုတ္တိရှိနိုင်စရာ အကြောင်းမထင်ပြီ။ ဝတ်လဲတော် ဆင်တော်မူခိုက်ကိုလည်း ရှေ့ကနားပြင်တွင် ယောက်ျားတီး, မိန်းမတီး, အငြိမ့်တီးခြင်း၊ နန်းချင်းများကို သာယာပျော်ဖွယ် တီးမှုတ်စေရသည်။

ဤတွင်ရွှေ. ဝတ်လဲတော်ဆင်သော အစီအရင် ပြီး၏။

* * * * * *

## [ ၄၇ ] သိကြားရေစင်ခံတော်မူသော အစီအရင်

အခါတော် ရောက်လုဆဲတွင် ဝတ်လဲတော်နန်းကသည် သိကြားရေစင်ခံနန်းတော်သို့ ယခင်အခင်းအကျင်းနှင့် အရှင် ၂-ပါး ကူးကြွတော်မူသည်။ လှေကားသို့ ရောက်တော်မူလျှင် အလျင်သွားနှင့်သည့် ဗြာဟ္မဏမျိုးရိုးစစ် ၈-ပါးပုဏ္ဏားတို့က–

**"ဘုန်းတော်ကြီးခြင်း၊ သက်တော်ရှည်ခြင်း၊ သာသနာတော်မြတ်စီးပွါး, ကိုယ်တော်မြတ်စီးပွါး, သားတော်အစဉ်, မြေးတော်အဆက်, မြစ်တော်အညွန့်၊ အဓွန့်ရှည်စွာ၊ ပြည်သူလူတကာ သတ္တဝါအပေါင်းတို့ စီးပွါးကို ဆောင်ရွက်တော်မူနိုင်သောအကျိုးကို ပေးခြင်းငှာ တတ်စွမ်းနိုင်သော သိကြားနတ်မင်းကြီး၏ ရေစင်ကို ခံတော်မူဘုရား"-**

*(ဟု)* လျှောက်စေရသည်။

အရှင်မင်းတရားကြီး မြောက်က, အရှင်မိဖုရားကြီး တောင်က နေတော်မူ၍ အတူတကွ ရေစင်တော်,ဘိသိက်တော် ခံသင့်ကြောင်းကို သကလာဘိသေကကျမ်း, မွန်အဘိသေကစာတမ်းများတွင် ဆိုသည်နှင့်အညီ အရှင် ၂-ပါး တက်တော်မူ၍ သိကြားရေစင်ခံနန်းတော်မှာ အတွင်းမျက်နှာကြက် ဗိတာန်အလယ် ရွှေပြားတွင် သက်တော် ၈၀-အင်းချ၍ နဝရတ် ၉-ပါးစီသည်။

ရွှေပန်းဆိုင်း, ရွှေညောင်ရွက် ထက်ဝန်းကျင် ဆွဲသည်။ အလယ်တည့်တည့် စံနေတော်မူသည်။ ရွှေမြူတာ, ကြာသွတ်အိုးများနှင့် တည်ထားနှင့်သော ရေကို အမျိုးအမည်, အရည်အချင်း, အဆင်းလက္ခဏာ၊ ကြန်အင်္ဂါနှင့်ပြည့်စုံသော မှူးမတ်သမီး, သူဌေး,သူကြွယ်သမီးတို့ နဝတတ်အိုင်သို့ သွန်းလောင်းစေ၍ နဝတတ်အိုင်တောင်မျက်နှာ ဥသဘခံတွင်းမှ ထွက်သောရေသည် သိကြားမင်းလက်ကိုင် ခရုသင်းသို့ သက်ပြီးလျှင် မျက်နှာကြက်ဗိတာန်အပေါက် ၁,၀၀၀-ရှိသော ရွှေလင်ပန်းသို့ ဆင်း၍ အလျဉ် ၁,၀၀၀-ဖြင့် ထွက်စီးပြီးမှ ရွှေကတော့က စီးကျသည့်ရေကို ရတနာပန်းတောင်းတွင် ပတ္တမြားစီဖလားနှင့် မင်းသမီးစစ်ခံ၍ တရော် ၇- ပါး၊ နဝရတ် ၉-ပါး၊ ရွှေ, ငွေ, ကျောက်သံ, ပတ္တမြား, ဆေးဝါးမန္တန်ပေါင်းစု စီရင်ထားသည့်ရေနှင့် ရောနှော၍ ကိုယ်တော်ကိုသာ သွန်းလောင်းစေရသည်။

"သာသနာတော်မြတ် အစီးအပွါး၊ ကိုယ်တော်မြတ် အစီးအပွါး၊ ပြည်သူလူတကာ, သတ္တဝါတို့ အစီးအပွါးကို တရားသဖြင့် ကျင့်ဆောင်တော်မူနိုင်စိမ့်သောငှာ သီတာ, နဝတတ်ရေမြတ်ဖြင့် သွန်းလောင်းပါသည်။ ကိုယ်တော်,စိတ်တော် အေးမြချမ်းကြည် ရွှင်လန်းသည်

ဖြစ်၍ သာသနာတော်မြတ် အစီးအပွါး၊ ကိုယ်တော်မြတ် အစီးအပွါး၊ ပြည်သူလူတကာ၊ သတ္တဝါတို့ အစီးအပွါးကို သက်တော်ရာကျော်ပတ်လုံး အခွန့်ရှည်စွာ ကျင့်ဆောင်တော်မူနိုင်မည်။ ဘုန်းတော် အလွန်ကြီးမြတ်တော်မူမည်။ သက်တော် ၁၂၀-ရှည်တော်မူမည်။ ဆင်ဖြူစကြာရတနာ ရတော်မူမည်။ စကြဝတေးမန္ဓာတ်မင်းတို့ဝယ် တန်ခိုး ၄-ပါး၊ ရတနာ ၇-ပါးနှင့် ပြည့်စုံသကဲ့သို့ ပြည့်စုံတော်မူမည်ဘုရား”ဟူ၍ သွန်းလောင်းဆဲတွင် မင်္ဂလာစကားကိုလည်း ဆိုစေရသည်။

ပြီးလျှင် မဟာသကြန်တော်ခေါ်တွင် စီရင်သည့်နည်း ရွှေအိုး ရေစုံပေါင်း ၁၉-ကို သိကြားရေစင်နှင့် ရော၍ ကိုယ်တော်ကိုသာ ပညာရှိမန္တန်တော် ၂-တို့ သွန်းလောင်းစေရသည်။ ယခင် မင်္ဂလာစကားကိုလည်း ဆိုစေရသည်။ ပြီးလျှင် ၁၂-ရာသီ ရွှေဖလားပေါ်တွင် လက်ယာရစ်ခရုသင်းနှင့် သိကြားရေစင်ကို အမတ်သမီး ခံယူ၍ ဆံတော်ဖျားကိုသာ သွန်းလောင်းစေရသည်။ ယခင်နည်း မင်္ဂလာစကားကိုလည်း ဆိုစေရသည်။ ပြီးလျှင် ပြာဟ္မဏပုဏ္ဏားတို့ လက်ယာရစ်ခရုသင်းဖြင့် သိကြားရေစင်ကို ခံ၍ ဂြဟာသျှန္တိဂါထာကို ရွတ်မန်းလျက် သွန်းလောင်းစေရသည်။

အရှင်မိဖုရားကြီးမှာလည်း ၁၂-ရာသီ ရွှေဖလားပေါ်တွင် လက်ယာရစ်ခရုသင်းတင်၍ သိကြားရေစင်ကို အမတ်သမီး နေ့နံသင့် ခံယူပြီးလျှင် ဆံတော်ဖျားကိုသာ သွန်းလောင်းစေရသည်။ သိကြားရေစင်ခံတော်မူပြီးလျှင် ဆင်မြဝတ်လဲတော်ကို အရှင် ၂-ပါး ဝတ်ဆင်တော်မူသည်။ အငြိမ့်တီး ပွဲလမ်းသဘင်လည်း ယခင်နည်း သာယာရွှင်လန်းစွာ ခံစေရသည်။

**ဤတွင်ရွှေ့ သိကြားရေစင်ခံတော်မူသော အစီအရင် ပြီး၏။**

* * * * * *

## [ ၄၈ ] အထွဋ်တပ်သည့် ပြာသာဒ်နန်းတော်တွင် ဗြဟ္မာမင်း၏အဝတ်ကို ဆင်တော်မူသော အစီအရင်

မုဒ္ဓါဘိသိက်ခံတော်မူမည့် အခါတော်နီးလျှင် အထွဋ်တပ်သည့် ပြာသာဒ်နန်းတော်တွင် နံ့သာသလွန်တော်ကို ခင်းထားရသည်။ ၎င်းနံ့သာသလွန်တော်ထက် မကိုဋ်တန်ဆာတော်၊ ဘွဲ့ဖြူတော်၊ ဒုယင်တော်၊ စလွယ်တော်၊ ရွှေရက်ဖျားသတ် ဝတ်လဲတော်ပုဆိုး၊ သားမြီးယပ်တော်၊ သန်လျက်တော်၊ လက်ယာရစ်ခရုသင်း ပတ္တမြားစီ၊ ပန်အိုးတော်အုပ်၊ နံ့သာထီးတော်၊ မှန်တော်၊ ခြေနင်းတော်များကို သံဃာတော် ၈-ပါးပင့်၍ စတုဘာဏဝါရ၊

အဋ္ဌဇယမင်္ဂလာ၊ မဟာသမယ၊ ပရိတ်ကြီး ၈-စောင်၊ ပရိတ်တော်၊ ဂုဏ်တော်များကို ရွတ်မွမ်းစေရသည်။ ထို့နောက် ပုဏ္ဏားတို့ သိဒ္ဓိဂါထာမန္တန်များကို ရွတ်၍ သိဒ္ဓိတင်စေရသည်။ ယင်းသို့ စီမံခန့်ထားပြီးမှ ယခင်အခင်းအကျင်းနှင့် အထွဋ်တပ်သော ပြာသာဒ်နန်းတော်သို့ အရှင် ၂-ပါး ကူးကြွတော်မူသည်။ ရောက်တော်မူလျှင် ဝတ်လဲတော်ဆက် ခန့်ထားသည့် မှူးမတ်သမီးတို့ အသီးအသီး တစ်ယောက်စီ ဝတ်လဲတော် ဆက်စေရသည်။

"သာသနာတော်မြတ်အစီးအပွါး၊ ကိုယ်တော်မြတ်အစီးအပွါး၊ ပြည်သူလူတကာ သတ္တဝါတို့ အစီးအပွါးကို အခွန့်ရှည်စွာ ကျင့်ဆောင်တော်မူနိုင်မည်။ ဘုန်းတော် အလွန်ကြီးမြတ်တော်မူမည်။ သက်တော် ၁၂၀-ရှည်တော်မူမည်။ ဆင်ဖြူစကြာရတနာ ရတော်မူမည်။ စကြဝတေးမန္ဓာတ်မင်းတို့ဝယ် တန်ခိုး ၄-ပါး၊ ရတနာ ၇-ပါးနှင့် ပြည့်စုံသကဲ့သို့ ပြည့်စုံတော်မူမည်ဘုရား" ဟူ၍ မင်္ဂလာစကားကိုလည်း ဆိုစေရသည်။

မကိုဋ်တန်ဆာတော်၊ ဘွဲ့ဖြူတော်၊ ဒုယင်တော်၊ စလွယ်တော်၊ ရွှေရက်ဖျားသတ်ဝတ်လဲတော် ပုဆိုးများကိုသာ အထွဋ်တပ်သည့် ပြာသာဒ်နန်းတော်တွင် ဆက်ရသည်။ သားမြီးယပ်တော်၊ သန်လျက်တော်၊ လက်ယာရစ်ခရုသင်းတော်၊ ခြေနင်းတော်များကို ဘိသိက်နန်းတော်တွင်မှ ဆက်ရသည်။

ဝေဿန္တရာဇာတ်၊ ရာဇာဘိသေကကျမ်း၊ စာတမ်းများတွင် ဘိသိက်ခံစဉ် အဖြူဝတ်ဆင်ကြောင်းကို ဆိုသည်နှင့်အညီ ပြဟ္မာမင်း၏အဝတ်နှင့်တူသော ဘွဲ့ဖြူဝတ်ဆင်ခြင်းထုံးစံဖြစ်သည်။ ဘုရားလောင်းဖွားမြင်သောအခါ လာသောပြဟ္မာမင်းတို့ ဘွဲ့ဖြူဝတ်ကြောင်းကို "ဗြဟ္မဒုကုလံ ဧကံသံ ကတွာ" ကျမ်းဂန်လာသောကြောင့် ဘွဲ့ဖြူကို ပြဟ္မာမင်းတို့ အဝတ်-ဟူ၍ ဆိုသည်။

ယင်းသို့ ပြဟ္မာမင်း၏ အဝတ်နှင့်တူသော ဝတ်စားတန်ဆာတော်ကို ဝတ်ဆင်တော်မူပြီးလျှင် အထွဋ်တပ်သည့် ပြာသာဒ်နန်းတော်တွင် မုဒ္ဓါဘိသိက်အခါတော်ကို ငံ့လင့်စံနေတော်မူသည်။ ထိုအခါ မှူးတော်မတ်တော်တို့လည်း သန့်ရှင်းစင်ကြယ်သော ဘွဲ့ဖြူပုဆိုးဝတ်ဆင်ကြရသည်-ဟူ၍ စာဟောင်းစာတမ်း ရှိသည်။ ယခင်ကနည်း အငြိမ့်ပွဲလမ်းလည်း သာယာနာပျော်ဖွယ် ရွှင်လန်းစွာ ခံစေရသည်။

ဤတွင်ရွှေ့ အထွဋ်တပ်သည့် ပြာသာဒ်နန်းတော်တွင် ပြဟ္မာမင်း၏အဝတ်ကို ဆင်တော်မူသော အစီအရင် ပြီး၏။

* * * * * *

## [ ၄၉ ] ဘိသိက်နန်းတော်တွင် အတည်အထား

ဘိသိက်နန်းတော်တွင်–

- အရှေ့မျက်နှာက နန်းဦးသင်္ဃာန်, လွှတ်တော်သင်္ဃာန်၊
- အရှေ့တောင်ထောင့်က သားမြီးယပ်သင်္ဃာန်၊
- တောင်မျက်နှာက ချွန်းတောင်းသင်္ဃာန်၊
- အနောက်တောင်ထောင့်က ဒေါင်းမြီးယပ်သင်္ဃာန်၊
- အနောက်မျက်နှာက နန္ဒာသီရိပန်းသင်္ဃာန်၊
- အနောက်မြောက်ထောင့်က ထမင်းပွဲသင်္ဃာန်၊
- မြောက်မျက်နှာက ခရုသင်းလက်ယာရစ်သင်္ဃာန်၊
- အရှေ့မြောက်ထောင့်က နွားလားဥသဘသင်္ဃာန်-

များကို ဘိသိက်နန်းတော် ကနားပြင်ပါ ၈-ဘုံအနက် ကနားပြင် အခြင်စွန်းအတွင်းက ပိတ်တွင် ရေး၍ ဆွဲစေရသည်။

"သင်္ခေါ၊ ခရုသင်း။ စက္ကံ၊ စက်ဝန်း။ ပုဏ္ဏကုမ္ဘော၊ ရေပြည့်အိုး။ ဂယာ၊ စေတီ။ သီရိဝစ္ဆော၊ အိမ်မွန်။ အင်္ကုသော၊ ချွန်းတောင်း။ ဓဇံ တံခွန်။ သောဝတ္ထိကံ၊ လည်ရေး ၃-ဆင့်။ ဣတိ၊ ဤသည်တို့ကား။ အဋ္ဌမင်္ဂလာနိ နာမ၊ မင်္ဂလာ ၈-ပါးမည်ကုန်၏။ မစ္ဆယုဂလနန္ဒိယာ-ဝဋ္ဋာဒိဝသေနာပိ၊ ငါးကြင်းပွတ်, ဇလပ်ပန်း-အစရှိသော အစွမ်းအားဖြင့်လည်း။ ဝဒန္တိ၊ ဆိုကုန်၏"-ဟူ၍ ဝိနည်းကျမ်းဂန်လာသော မင်္ဂလာ ၈-ပါးကို ရည်သဖြင့် ဤသည် အဆွဲများကို ဆွဲထားခြင်းထုံးစံ ဖြစ်သည်။ နန်းဦးသင်္ဃာန်, လွှတ်တော်သင်္ဃာန်ကား သီရိဝစ္ဆ-ဟု ဆိုအပ်သော အိမ်မွန်မင်္ဂလာကို အရာနှင့်လျော်စွာ ရည်၍ ဆွဲသည်။ (ဝိဋ္ဌ၊၁။၅၆)

**နန္ဒာသီရိပန်းကား**- နန္ဒိယာဝဋ္ဋမည်သော ဇလပ်ပန်းသင်္ဃာန် ဖြစ်သည်။ သထုံအဘိသေကစာတမ်းတွင် ပြဟ္မာရုပ်, ပရမီသွာရုပ် လုပ်၍ ဘိသိက်မြောက်စေရမည်-ဆိုသည်။ ရွှေနန်းကြော့ရှင်နရပတိလည်း သည်အတိုင်းပင် စီရင်သည်ကို အကြောင်းပြု၍ ထုံးစံလည်းကျ၊ ကျန်လည်း မကျန်ရအောင် ရည်ဆောင်လျက် မြေနန်းမဏ္ဍပ်လယ်၌ ပရမီသွာ, ပိဿနိုး, မဟာပိန္နဲရုပ်ကို တည်ထားရမည်-အချို့စာတမ်းတွင် ဆိုလေသည်။ အခြားစာတမ်းများတွင် မရှိ။ ယခင်က ဗြိဟ်, နတ် ပ-သရာလည်း ပါဝင်ပြီးဖြစ်၍ မသင့်။

တံခွန်တိုင်ကြီး အရွက်ပါ၊ ရွှေတန်ဆောင်ကြီး, ပညောင်ပင်ရှင်, သဖန်းပင်ရှင်, ငှက်ပျောပင်ရှင်, ကြံပင်ရှင်, ရွှေလင်ပန်းနှင့် အရသာစုံ၊ တန်ဆာဆင်သော ဆင်တော် ၁-များကို ဘိသိက်နန်းတော်အရှေ့က ခင်းကျင်းထားစေရသည်။

တံခွန်တိုင်ကြီး အရွက်ပါ၊ ရွှေတန်ဆောင်ကြီး, ပညောင်ပင်ရှင်, သဖန်းပင်ရှင်, ငှက်ပျောပင်ရှင်, ကြံပင်ရှင်, ငွေလင်ပန်းနှင့် အရသာစုံ၊ တန်ဆာဆင်သော ဆိတ်မြန်မာ ၁-များကို အရှေ့တောင်ထောင့်က ခင်းကျင်းစေရသည်။

တံခွန်တိုင်ကြီး အရွက်ပါ၊ ရွှေတန်ဆောင်ကြီး, ပညောင်ပင်ရှင်, သဖန်းပင်ရှင်, ငှက်ပျောပင်ရှင်, ကြံပင်ရှင်, သံလင်ပန်းနှင့် အရသာစုံ၊ တန်ဆာဆင်သော ကျွဲမ ၁-များကို တောင်စူးစူးက ခင်းကျင်းထားစေရသည်။

တံခွန်တိုင်ကြီး အရွက်ပါ၊ ရွှေတန်ဆောင်ကြီး, ပညောင်ပင်ရှင်, သဖန်းပင်ရှင်, ငှက်ပျောပင်ရှင်, ကြံပင်ရှင်, ခဲမလင်ပန်းနှင့် အရသာစုံ၊ လူအိမ်ထောင်စုံ ၁-များကို အနောက်တောင်ထောင့်က ခင်းကျင်းထားစေရသည်။

တံခွန်တိုင်ကြီး အရွက်ပါ၊ ရွှေတန်ဆောင်ကြီး, ပညောင်ပင်ရှင်, သဖန်းပင်ရှင်, ငှက်ပျောပင်ရှင်, ကြံပင်ရှင်, ခဲဖြူလင်ပန်းနှင့် အရသာစုံ၊ တန်ဆာဆင်သော မြည်း ၁-များကို အနောက်စူးစူးက ခင်းကျင်းထားစေရသည်။

တံခွန်တိုင်ကြီး အရွက်ပါ၊ ရွှေတန်ဆောင်ကြီး, ပညောင်ပင်ရှင်, သဖန်းပင်ရှင်, ငှက်ပျောပင်ရှင်, ကြံပင်ရှင်, ကြေးနီလင်ပန်းနှင့် အရသာစုံ၊ တန်ဆာဆင်သော သမင် ၁-များကို အနောက်မြောက်ထောင့်က ခင်းကျင်းထားစေရသည်။

တံခွန်တိုင်ကြီး အရွက်ပါ၊ ရွှေတန်ဆောင်ကြီး, ပညောင်ပင်ရှင်, သဖန်းပင်ရှင်, ငှက်ပျောပင်ရှင်, ကြံပင်ရှင်, ရွှေလင်ပန်းနှင့် အရသာစုံ၊ တန်ဆာဆင်သော မြင်းထီး ၁-များကို မြောက်စူးစူးက ခင်းကျင်းထားစေရသည်။

တံခွန်တိုင်ကြီး အရွက်ပါ၊ ရွှေတန်ဆောင်ကြီး, ပညောင်ပင်ရှင်, သဖန်းပင်ရှင်, ငှက်ပျောပင်ရှင်, ကြံပင်ရှင်, ငွေလင်ပန်းနှင့် အရသာစုံ၊ တန်ဆာဆင်သော နွားလားဥသဘ များကို အရှေ့မြောက်ထောင့်က ခင်းကျင်းထားစေရသည်။

အရေးအသား မညီမညွတ်သောကြောင့် စာဟောင်းအစောင်စောင်နှင့် ညီညွတ်၍ ရေးသားသည်။ ရတနာစုံထက် ဘိသိက်ခံသော ကျမ်းဂန်ထုံးစံရှိသည်နှင့်အညီ ဧင်းထုံးစံလည်း ပါဝင်စေခြင်းငှာ ရွှေခဲ အိတ်နီနှင့် အချိန်-၁ဝိ၊ သန္တာလုံးရေ-၁ဝဝ၊ ပတ္တမြားလုံးရေ

၁၀၀-များကို အဘိသေကရာဇပလ္လင်အနီး လက်ရန်းအတွင်းတွင် ရွှေသားကလပ်နှင့် ခင်းကျင်းထားစေရသည်။ ပုဆိုးပြောက်ရစ် ဂဝိရေပြည့် အိုးစရည်းကြီး ၁-ကိုလည်း သရက်ညွန့်စိုက်၍ အဘိသေကရာဇပလ္လင်တော်ရှေ့တွင် တည်ထားစေရသည်။

စပါးမျိုးစုံအညွန့်ပေါက်, ပဲမျိုးစုံအညွန့်ပေါက်များကိုလည်း ခြင်းနှင့် ထည့်၍ ယခင် အိုးစရည်းကြီးအပါးတွင် ခင်းကျင်းထားစေရသည်။ ငှက်ပျောခိုင်, အုန်းခိုင်, ဩဇာသီး, တလည်းသီး, မာလကာသီး, ပိန္နဲသီး, ထောပတ်အိုး, နို့ဓမ်းအိုးများကိုလည်း ယခင် အိုးစရည်းကြီးအပါးတွင် ခင်းကျင်းထားစေရသည်။ အဘိသေကရာဇပလ္လင်တော်တွင် ဆောက်သည့် အဘိသေက ထီးဖြူတော်-၁၊ ၎င်းရာဇပလ္လင်တော် ဝဲ,ယာဆောက်သည့် ထီးဖြူတော်-၈၊ ၎င်းရာဇပလ္လင်တော် ဝဲ,ယာခင်းကျင်းသည့် မင်းခမ်းတော်စုံ၊ ထီးဖြူတော်ဖွင့် မင်းသားများကို အသင့်ရံထားရှိစေရသည်။ ဘိသိက်နန်းတော် ဥကင်တံခါးဖွင့် မင်းသမီး ၄-ယောက်ကိုလည်း အသင့်ခန့်ထားရှိစေရသည်။

၇၀-လုပ် မင်္ဂလာငွေမောင်း၊ ၂၀-လုပ် ငွေသံလွင်၊ တီးခတ်ရန် လက်ရိုက်များကို ဥကင်တံခါးတော်တွင် လက်ဝဲတော်က ဆွဲထားစေရသည်။ ရွှေချအင်ကြင်းသလွန်တော်ကို ၃-ခုတွင်းသင့်အောင် လုပ်ဆောင်၍ ဖျာသင်ဖြူး အနားမွှမ်း၊ ပိတ်မွေ့ရာ, ရွှေအုံးများနှင့် မာရဘင်ဥကင်တံခါးအတွင်း လက်ယာတော်က တောင်,မြောက် ခင်းထားစေရသည်။ မဟာဇနက္ကဇာတ်တွင် အင်ကြင်းသားဖြင့် သလွန်တော်လုပ်ကြောင်းကို လာသည်ဖြစ်၍ အင်းကြင်းသလွန်တော် ဆိုသည်။

အခြားစာတမ်းများတွင်ကား ဘိသိက်အင်းပျဉ်တော်နှင့် ရောနှော၍ ရေသဖန်း သလွန်တော် ဆိုလေသည်၊ မသင့်။ ရတနာမုနောလင်ပန်း-၁၊ ရွှေသားသန္ဓေး-၁၊ ရွှေသား ဇွန်း -၁၊ ရွှေချဒေါင်းပေါင်-၃၊ ရွှေချအုပ်ဆောင်း-၃၊ ကောင်းပင်စည် ထမင်း ၂-(၂-တင်း)ချက်၊ ကျောက်ဖရုံသီးဟင်း၊ ငါးခေါင်းမြီးစုံကြော်ပြီးပွဲ၊ စနပ်ပွဲများကို သလွန်တော်အပါး ခင်းကျင်း ထားစေရသည်။

| | |
|---|---|
| ခင်းရန် သင်ဖြူး၊ ၎င်းအပေါ် | စပါးတောင်း၊ ၎င်းအပေါ် |
| ဆန်တောင်း၊ ၎င်းအပေါ် | ကြာသွတ်အိုး ခက်ပြီး၊ ၎င်းအပေါ် |
| အုန်းပင်ပေါက်၊ ၎င်းအပေါ် | လွှမ်းရန်ပိတ်၊ |

ရွှေလင်ပန်းနှင့် အရသာစုံပြင်ပြီး–

| | |
|---|---|
| စိုက်ရန် ဖယောင်းတိုင်-၂၊ | အခိုးအထုံထည့် ဖလား-၁၊ |
| ရတနာခေါင်းလောင်း လက်ခတ်ပါ-၁၊ | ဘိသိက်ပေးပုဏ္ဏား ၈-များကို- |

သလွန်တော်အပါး ခင်းကျင်းရှိစေရသည်။ ဥဒေါင်း-၂၊ ကြိုးကြာ-၂၊ ဝက်-၂၊ ဆိတ်-၂၊ မြန်မာခို-၂၊ ကြက် -၂၊ ဝမ်းဘဲ-၂၊ ကျေးကြုတ်-၂၊ စာဝတီး ၂၀-များကို ဘိသိက်နန်းတော် အရှေ့မြောက် ကနားပြင်တွင် ဘေးမဲ့ပေးတော်မူရန် အသင့်ရှိစေရသည်။

ဤတွင်ရွှေ ဘိသိက်နန်းတော်တွင် အတည်အထား ပြီး၏။

* * * * * *

## [ ၅၀ ]  နမန္တာဘက်, ဓာတ်ဘက်တပ်စုံ အခင်းအကျင်း

ဒိသာဗေယျ-စသော စာတမ်းများတွင် ဆိုသည်နှင့်အညီ ဘိသိက်နန်းတော်ပတ်လည် နမန္တာဘက်, ဓာတ်ဘက်တပ်စုံကိုလည်း နေ့နံနှင့် သင့်အောင် ဆင်ပေါက်,မ ကြိုး,ကစုံ၊ ဆင်စီးသူရဲ၊ မြင်းထီး,မ ကြိုး,က-စုံ၊ မြင်းစီးသူရဲ အမည်အရည် ရွေးချယ်၍ သေချာစွာ ခန့်ထားခင်းကျင်းစေရသည်။ ၎င်းတပ်စုကို နောက်မှ ဇယားပြ၍ ထားမည်။

ဘိသိက်ရာဇပလ္လင်တော်သို့ မျက်နှာတူရှု ရှေ့ရှုလျက် ရွှေဓားထမ်း၍ မောက်တို၊ မောက်လူ၊ မျည်းတို၊ မျည်းရှည်၊ စစ်ဝတ်တန်ဆာ, အဆင်အယင်နှင့် တပ်မှူး, ဗိုလ်မှူးတို့ကို ဘိသိက်နန်းတော် ၄-ထောင့်က စောင့်နေစေရသည်။

ဘိသိက်နန်းတော် အရှေ့မျက်နှာတွင်လည်း သူရဲကြီးအလံ-၁, ရဲတံခွန်အလံ ၇-နှင့် ရွှေကာစွဲ သူရဲကြီးအစုသားတို့ကို တပ်ခင်းကျင်းစေရသည်။

ဤတွင်ရွှေ နမန္တာဘက်, ဓာတ်ဘက်တပ်စုံ အခင်းအကျင်း ပြီး၏။

* * * * * *

## [ ၅၁ ]  အဘိသေကထီးဖြူတော်ဖွင့်သော အစီအရင်

အထွဋ်တပ်သည့် ပြာသာဒ်နန်းတော်က ဘိသိက်နန်းတော်သို့ မကူးမကြွမီ ဘိသိက်ခံတော်မူမည့်အခါတော်နီးလျှင် မြေပလ္လင်တော်တွင် ဘဒ္ဒပိဌသလွန်တော် အထက်ဆီထိမိုးကာမိအောင် အဘိသေကထီးဖြူတော်ကို ဂါထာမန္တန်ရွတ်မန်း၍ ပုရောဟိတ်ပုဏ္ဏားတို့ စိုက်ဆောက်စေရသည်။ ၎င်းပုရောဟိတ်ပုဏ္ဏားတို့ပင် ဂါထာမန္တန် ရွတ်မန်း၍ အဘိသေကထီးဖြူတော်ကို ဖွင့်စေရသည်။

ရာဇာဘိသေကကျမ်း, သကလာဘိသေကကျမ်းတွင် မင်းသားတို့ စိုက်ဆောက်ရမည်, ဖွင့်ရမည်-ဆိုသည်။ အဘိသေကမဟာမင်္ဂလာအရာဖြစ်၍ ဘိသိက်တော်သွန်းသော ပုဏ္ဏားတို့ ဖွင့်ခြင်းသည်သာ သင့်မြတ်မည် အထင်ရှိသည်။ အဘိသေကထီးဖြူတော်ကား အသျှင်ဘဝရှင်မင်းတရားကြီးဘုရား လက်တော်နှင့် အချင့်-၄၅။ အဝန်း-၁၂၆၊ အချင့်အဝန်းမုတ်ပေါင်း-၄၉၊ ၈-ခုစားသော် နေမင်းနံ ၁-ခုကြွင်း၍ နေခြည်ကာသော ထီးဆိုသည်။ စွန်ဆုပ်နားတောင်း ၁၂-ပေါက်၊ ထီးတံ ၃-ကြော၊ ယပ် ၃-ဆင့်၊ ညောင်ရွက်-၁၀၈၊ ပုလဲဆိုင်း, သန္တာဆိုင်း-၁၀၈၊ ထီးချက်စလောင်းအချင့်-၁၊ စောက်-၁ ၂၊ ထီးရိုးကို ထီးဝန်းအမျှ လုပ်ရသည်။

ဤတွင်ရွေ့ အဘိသေကထီးဖြူတော်ဖွင့်သော အစီအရင် ပြီး၏။

* * * * * *

## [ ၅၂ ] လက်ဝဲ,လက်ယာ ကျင်းပရာသော မင်းခမ်းတော်စု

အထွဋ်တပ်သည့် ပြာသာဒ်နန်းတော်က ဘိသိက်နန်းတော်သို့ မကူးမကြွမီ ဘိသိက်ခံတော်မူမည့်အခါတော်နီးလျှင် ရာဇပလ္လင်တော် လက်ဝဲ,လက်ယာ ခင်းကျင်းမြဲ ထီးဖြူတော် ၈-စင်းကိုလည်း အဘိသေကမြေနန်း ရာဇပလ္လင်တော် ဝဲ,ယာ မင်းညီ,မင်းသားတို့ စိုက်ဆောက်စေရသည်။ မင်းညီ, မင်းသားတို့ပင် ဖွင့်စေရသည်။ အဘိသေကထီးဖြူတော်မှတပါးအခမ်းအနား ခင်းကျင်းမြဲ ထီးဖြူတော်များဖြစ်၍ ရာဇာဘိသေကကျမ်း၊ သကလာဘိသေကကျမ်းနှင့်အညီ မင်းညီ,မင်းသားတို့ ဖွင့်ခြင်းသည်သာ သင့်မြတ်သည်။ လက်ဝဲ-၁၃၊ လက်ယာ-၁၃ ခင်းကျင်းမြဲ မင်းခမ်းတော်များကို အဘိသေကမြေနန်းရာဇပလ္လင်တော် ဝဲ,ယာခင်းကျင်းရသည်။ ဒေဝါနံပိယတိဿမင်းသို့ သီရိဓမ္မာသောကမင်းက ဘိသိက်ခံရန် ပေးလိုက်သော မင်းခမ်းတော်များကိုလည်း မပါ,မဝင်သေးသည်ကို လောင်းစွက်ခင်းကျင်းရသည်။

အချို့စာတမ်းတွင်–

- ထီးဖြူတော် ၈-စင်းအနက် ၁-စင်းကို မာရဘင်အတွင်း သလွန်တော် ခေါင်းရင်းတွင် စိုက်ရမည်။
- ကျန် ၇-စင်းကို ရေသဖန်းအင်းပျဉ်တော်တွင် စိုက်ရမည်-ဆိုသည်။

၈-စင်း မကွဲသာသောကြောင့် မသင့်။ ၎င်းမင်းခမ်းတော်များကို အထက်မှာမှဇယားပြ၍ ဆိုအံ့။ ထီးဖြူတော်, မင်းခမ်းတော်များကို ဘိသိက်ခံတော်မမူမီ ၁-ရက်၊ ခံတော်မူ

သနေ့ နံနက်ကပင် အခါသမယကို ထောက်၍ စိုက်ဆောက်ခင်းကျင်းလျှင်လည်း သင့်မြတ်သည်ပင် ဖြစ်သည်။

ဤတွင်ရွှေ လက်ဝဲ,လက်ယာ ကျင်းပရာသော မင်းခမ်းတော်စု ပြီး၏။

* * * * * *

## [ ၅၃ ] ဘိသိက်နန်းတော်သို့ အသျှင် ၂-ပါး ကူးကြွတော်မူသော အစီအရင်

မုဒ္ဓါဘိသိက်ခံတော်မူမည့် မင်္ဂလာအခါတော် ရောက်လုဆဲဆဲတွင် ယခင် အခင်းအကျင်းများနှင့်တကွ အထွဋ်ရုံတပ်သည့် ပြာသာဒ်နန်းတော်က ဘိသိက်နန်းတော်သို့ အသျှင် ၂-ပါး ကူးကြွတော်မူသည်။ ဗြာဟ္မဏမျိုးရိုး စစ်မှန်သော ၈-ပါးပုဏ္ဏားတို့သည် ရှေ့တော်က လိုက်သွားရသည်။ ယာယီစံနန်းတော်က စ၍ တစ်ဆောင်နှင့်တစ်ဆောင် ကူးကြွတော်မူသမျှမှာ ၈-ပါးပုဏ္ဏားတို့ ရှေ့တော်က လိုက်သွားရသည်ချည်း။ လမ်း ၂-ဖက် ဝဲ,ယာ ၂-ယောက်စီ စောင့်နေစေ၍ ဗေဒင်ကျမ်းလာသည့်အတိုင်း မန္တန်ဂါထာကို ရွတ်မန်းလျက် သမ္မာဒေဝနတ်မြတ်တို့အား အချို့,အဆိမ့် ပူဇော်တော်ပွဲနှင့် ဆီမီးတန်ဆောင် ညီထွန်း ပူဇော်စေရသည်။ မြူတာတွင်လည်း ပန်းမွှေးရည်ထည့်၍ တင်ကြားပ-သစေရသည်။ ယခင် ရှေ့ကပြခဲ့သည့်အတိုင်း တိက္ခဗလ-စသော ဗြိုဟ်,နတ်တို့ကိုလည်း ဘိသိက်ခံတော်မူသနေ့ အတိုင်းထက်အလွန် ပ-သပူဇော်စေရသည်။

သုဇိတာနတ်မိဖုရားနှင့်တကွ တင့်တယ်စံပယ်သော, အသုရာတို့ကို အောင်မြင်ခဲ့သော သိကြားနတ်မင်းကဲ့သို့ မဟလ္လတာတန်ဆာတော် ဆင်ယင်သော အသျှင်မိဖုရားခေါင်ကြီးနှင့်တကွ တင့်တယ်စံပယ်စွာ ကူးကြွတော်မူဆဲတွင် ဝဲ,ယာ စိုက်ထားသည့် ပဒေသာ ၄-ပင်က အသီး,အပွင့် အသုံးအဆောင် အလှူတော်များကို ဝေငှစွန့်ကြဲ ဆွတ်လှူတော်မူသည်။ အချို့စာတမ်းတွင် သိကြားရေစင်ခံနန်းတော်က အထွဋ်ရုံတပ်သည့် ပြာသာဒ်နန်းတော်သို့ ကူးကြွတော်မူဆဲတွင် ပဒေသာပင်ကို ဆွတ်လှူတော်မူသည်-ဟူ၍ ဆိုသည်။ ခရီးလမ်းတာ မကျယ်မရှင်းသောကြောင့် မသင့်။

ယခင်အထက်က စီရင်ရံထားနှင့်သည့် မဟာသုဒဿနနတ်လမ်းနှင့်တူသော မင်းလမ်းခရီးဖြင့် ဘိသိက်နန်းတော်ကို ငြိမ်သက်တည်ကြည်စွာ လက်ယာရစ်လည်တော်မူ၍ အရှေ့တံခါးဝသို့ ရောက်တော်မူလျှင် အမျိုးအမည် သီလသီတင်း သန့်ရှင်းစင်ကြယ် ကောင်းမွန်သော ပုဏ္ဏားပုရောဟိတ်တို့က "ဘုန်းတော် အလွန်ကြီးမြတ်တော်မူ၍ သက်တော် ရာကျော် ရှည်တော်မူလျက် သာသနာတော်မြတ်စီးပွါး၊ ကိုယ်တော်မြတ်စီးပွါး၊ ပြည်သူလူ

ရဟာန်းတို့ အစီးအပွါးကို သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အညွန့်တိုင်အောင် ရှည်မြင့်စွာ ရွက်ဆောင်တော်မူစိမ့်သောငှာ မုဒ္ဒါဘိသေက ခံတော်မူရန် ဤသည့်မြေနန်းတော်ကို စီရင်သည်။ တက်သိမ်းစံပယ်တော်မူဘုရား”ဟု ကောင်းချီးမင်္ဂလာ လျှောက်စေရသည်။

အချို့စာတမ်းတွင် ဗောင်းကြီးညွန့်သွယ် ဝတ်ကောင်းနားတောင်းနှင့် ဗိသုကာကြီး လျှောက်စေရသည်-ဆိုသည်။ **နန်းတော်ကြီးသိမ်းနှင့် ရောနှောယှက်တင် ဆိုမှားလေသည်။** အဘိသေကမင်္ဂလာအရာနှင့် မသင့်။ ဘိသိက်နန်းတော် ရွှေတံခါးဝတွင် ရပ်တော်မူ၍ “ထမင်းမိုးရွာစေ” အမိန့်တော်မြွက်ရှိလျှင် “ဘုန်းကြီးပါစေ၊ သက်တော်ရှည်ပါစေ၊ ဆင်ဖြူ စကြာရတနာ ရောက်ပါစေ၊ ပြည်ထဲ ၄-မျက်နှာ ဝပြောသာယာပါစေ”၊ တညီတညွတ်တည်း ကြွေးကြော်၍ အရပ် ၈-မျက်နှာက တပြိုင်နက် **ကောင်းပင်စည်ထမင်းမိုး** ရွာစေရသည်။ ကောင်းပင်စည်ဆန်ကိုလောက်အောင် ထမင်းချက်စေရသည်။ ထမင်းမိုးရွာသည်နှင့် တပြိုင်နက် ပွဲလမ်းသဘင်, စည်, စောင်း, ငြင်း, အတီးအမှုတ်များကိုလည်း မဟာသမုဒ္ဒရာ လှိုင်းထသကဲ့သို့ အုတ်အုတ်ကျက်ကျက် ရွှင်ရွှင်လန်းလန်း မြူးထူးတီးမှုတ်စေရသည်။

**ဤတွင်ရွှေ ဘိသိက်နန်းတော်သို့ အသျှင် ၂-ပါး ကူးကြွတော်မူသောအစီအရင် ပြီး၏။**

* * * * * *

## [ ၅၄ ] မြေနန်းရာဇပလ္လင် တက်တော်မူသော အစီအရင်

မြေနန်းတော်သို့ ရောက်တော်မူ၍ အဘိသေကရာဇပလ္လင်တော်သို့ လက်ယာခြေတော်ကို ချီ၍ တက်တော်မူမည်-ရည်တော်မူဆဲတွင် ရှေးဦးစွာ သန်လျက်, တောင်ဝှေးကို ပြာဟ္မဏမျိုးရိုး ပုရောဟိတ်ပုဏ္ဏားတို့ ဂါထာမန္တန် ရွတ်၍ ဆက်စေရသည်။ ဆက်သသည့် သန်လျက်, တောင်ဝှေးကို စွဲကိုင်တော်မူ၍ အဘိသေက မြေနန်းရာဇပလ္လင်တော်သို့ ဇယ-မင်္ဂလာဂါထာကို ရွတ်တော်မူလျက် လက်ယာခြေတော်ကို ချီ၍ တက်တော်မူသည်။

ဒိသာဇေယျစာတမ်းတွင် သန်လျက်ကို အသျှင်မင်းဧကရာဇ် စွဲတော်မူသည်။ တောင်ဝှေးကို အသျှင်မိဖုရားကြီး ကိုင်တော်မူသည်-ဆိုသည်။ ရွတ်ရန် ဂါထာများကို အထက်မှာ ပေါင်းစု၍ ထားအံ့။ ရာဇပလ္လင်တော်သို့ တက်တော်မူဆဲတွင် နေ့နံသင့်သူ ပြာဟ္မဏမျိုးရိုး ပုဏ္ဏားစစ် ကောင်းချီးမင်္ဂလာဂါထာ ရွတ်သရဇ္ဈာယ်၍ အသျှင်ဘဝရှင်

မင်းတရားကြီးဘုရား လက်ယာလက်တော်ကို မ,စေရသည်။ ရာဇပလ္လင်သို့ တက်တော်မူမိလျှင် အသျှင်မိဖုရားခေါင်ကြီးကို လက်ယာတော်ကထား၍ အရှေ့သို့ မျက်နှာရည်တော်မူလျက် ထက်ဝယ်ဖွဲ့ခွေ နေတော်မူသည်။

"ဥတ္တရမုခဘာဝေါ ပန သဗ္ဗလောကုတ္တရဘာဝဿ ပုဗ္ဗနိမိတ္တံ-ဟူ၍ မြောက်သို့ ရှေ့ရှု ဘုရားလောင်းကြွတော်မူခြင်းသည် လူခပ်သိမ်းတို့ထက် မြတ်သောအဖြစ်၏ ပုဗ္ဗနိမိတ်ဖြစ်ကြောင်း"ကိုသီလက္ခန်အဋ္ဌကထာ*(၆၁)* စသည်၌ ဆိုသည်ကို နည်းမှီ၍ ခပ်သိမ်းသော လူတို့ထက် မြတ်ထွင်ရှုံအံ့သော မင်္ဂလာနိမိတ်အကျိုးငှာ **အသျှင်မိဖုရားကြီး တောင်က, အသျှင်မင်းဧကရာဇ် မြောက်က** စံတော်မူရခြင်း ထုံးစံဖြစ်သည်။ ရာဇမင်္ဂလာ, ဒိသာဇေယျစာတမ်းများ၌ အသျှင်မိဖုရားကြီး တောင်က, အသျှင်မင်းဧကရာဇ် မြောက်က နေတော်မူရသည်-ဆိုသည်။ ရာဇပလ္လင်တော်သို့ တက်တော်မူမိလျှင် တံခါးနီတော်အတွင်း လက်ယာဘက်က တန်ဆောင်းနှင့် ဆွဲထားသော မင်္ဂလာမင်းကြားစည်တော်ကို ၇-ချက် ရွှေပြည်စိုး တီးရှမ်းစေရသည်။

**ဤတွင်ရွှေ့ မြေနန်းရာဇပလ္လင် တက်တော်မူသောအစီအရင် ပြီး၏။**

* * * * * *

## [၅၅] မင်းမြောက်တန်ဆာ ၅-ပါးဆက်ခြင်း, နာမံတော်ဆက်ခြင်းအစီအရင်

၁။ မုဒ္ဓါဘိသိက်ခံတော်မူမည့် အခါတော်နီးလျှင် ဘုရား ၇-ဆူ အလျှုတော်ကို နာခံတော်ကြီး ဖတ်လျှောက်၍ စည်တော်ရှမ်းလျက် တင်လှူမြဲ တင်လှူစေရသည်။ ဘေးတော်, ဘိုးတော်, ဘွားတော်, ခမည်းတော်, မယ်တော်ဘုရားတို့ကိုလည်း နှလုံးတော်ထား၍ လက်အုပ်ချီတော်မူသည်။ ၈-ပါးပုဏ္ဏားတို့ကိုလည်း ပူဇော်ဂါထာ ရွတ်မြဲရွတ်၍ ပူဇော်တော်ပွဲနှင့် ကိုယ်စားတော် ပူဇော်စေရသည်။ ၎င်းနောက် ထီးဖြူ, သင်းကျစ်, သားမြီးယပ်, သန်လျက်, ခြေနင်းအားဖြင့် ၅-ပါးမြောက်သော မင်းမြောက်တန်ဆာကို ဗြာဟ္မဏမျိုးရိုးစစ် ၈-ပါးပုဏ္ဏားတို့ အသီးအသီး ဂါထာရွတ်၍ တစ်ပါးတစ်ပါးစီ ဆက်စေရသည်။

မင်းမြောက်တန်းဆာ ၅-ပါးတွင် ထီးဖြူတော်များကို ရည်၍ ဂါထာရွတ်ပြီးလျှင် "အတုမရှိ ဘုန်းတန်ခိုးတေဇော် အာနုဘော်ကြီးမြတ်တော်မူသော လူတို့အထွဋ် သမုတိနတ်မြတ်ဖြစ်တော်မူသော အသျှင်ဘဝရှင်မင်းတရားကြီးဘုရားနှင့်သာ ထိုက်တန်တော်မူသော မင်းမြောက်တန်ဆာ ရတနာထီးဖြူတော်ဘုရား"ဟု မင်္ဂလာစကားကို ဆိုသဖြင့်သာ ဆက်ရသည်။ "သင်းကျစ်တော်ဘုရား"ဟု မင်္ဂလာစကားဖြင့်သာ ဆက်ရသည်။ သားမြီးယပ်,

သန်လျက်, ခြေနင်းတော်များကိုလည်း ယခင်နည်း ဂါထာရွတ်ပြီးလျှင် မင်္ဂလာစကားကို ဆို၍ အသီးအသီး ရည်မှတ်လျက် "မင်းမြောက်တန်ဆာ ရတနာသားမြီးယပ်တော်, ရတနာသန်လျက်တော်, ရတနာခြေနင်းတော်ဘုရား"ဟူ၍ မင်္ဂလာစကားဖြင့်သာ အသီးအသီး ဆက်ရသည်။

- ထီးဖြူကို အသီးအခြားယူလျှင် ရာဇပလ္လင်နှင့်တကွ မင်းမြောက်တန်ဆာ ၅-ပါးကို ရေတွက်ရသည်။
- ထီးဖြူကို အသီးအခြား မယူလျှင် ထီးဖြူနှင့်တကွ မင်းမြောက်တန်ဆာ ၅-ပါးကို ရေတွက်ရသည်။

ဤသို့ နန္ဒရာဇ်မင်းဝတ္ထုအဖွင့်၊ အင်္ဂုတ္တရမဟာဋီကာ၌ဆိုသော မင်းမြောက်တန်ဆာ ၅-ပါး ရေတွက်ခြင်း ၂-နည်းရှိသည်တွင် ဤအရာ၌ ထီးဖြူကို အသီးအခြားမယူဘဲ ထီးဖြူနှင့်တကွ မင်းမြောက်တန်ဆာ ၅-ပါးကို ရေတွက်သောနည်းဖြင့် ဆိုသည်။

**"ပဉ္စရာဇကကုဓဘဏ္ဍာနံ ပဋိလာဘော ပဉ္စဟိ ဝိမုတ္တိဟိ ဝိမုစ္စနဿ ပုဗ္ဗနိမိတ္တံ-** ဟူ၍ မင်းမြောက်တန်ဆာ ၅-ပါးကို ရခြင်းသည် ဝိမုတ္တိ ၅-ပါးတို့ဖြင့် သံသရာဆင်းရဲမှ ကင်းလွတ်အံ့သော ပုဗ္ဗနိမိတ်ဖြစ်သည်"ဆိုသော မဟာပဒါနသုတ်အဋ္ဌကထာ(ဒီ၊၃၊၂။၃၁) နှင့်အညီ မင်းမြောက်တန်ဆာ ၅-ပါးကို ဆောင်ရွက်ခြင်းသည် ဘေးရန်အန္တရာယ် ကင်းငြိမ်းအံ့သော မင်္ဂလာနိမိတ် ဖြစ်သည်။

**"သေတစ္ဆတ္တဓာရဏံ အရဟတ္တဝိမုတ္တိဝရဝိမလသေတစ္ဆတ္တပဋိလာဘဿ ပုဗ္ဗနိမိတ္တံ-** ဟူ၍ ထီးဖြူဆောင်းခြင်းသည် အရဟတ္တဖိုလ်ထီးဖြူကို ရအံ့သော ပုဗ္ဗနိမိတ်ဖြစ်သည်" ဆိုသော သီလက္ခန်အဋ္ဌကထာ*(နှာ-၆၁)*နှင့်အညီ ထီးဖြူကို ဆောင်ရွက်ခြင်းသည် ၁၀၁-စင်း ထီးဆောင်းမင်းတို့ကို ပိုင်နိုင်အံ့သော မင်္ဂလာနိမိတ် ဖြစ်သည်။

**"စာမရုက္ခေပေါ ပန သဗ္ဗတိတ္ထိယနိမ္မဒ္ဒနဿ ပုဗ္ဗနိမိတ္တံ-**ဟူ၍ သားမြီးယပ်ကို ဆောင်ရွက်ခြင်းသည် တိတ္ထိအပေါင်းကို နှိမ်နင်းနိုင်အံ့သော ပုဗ္ဗနိမိတ်ဖြစ်သည်"ဆိုသော သီလက္ခန်အဋ္ဌကထာ*(နှာ-၆၁)*နှင့်အညီ သားမြီးယပ်ကို ဆောင်ရွက်ခြင်းသည် ဆန့်ကျင်ဘက် ဖြစ်သော ရန်သူအပေါင်းကို နှိမ်နင်းနိုင်အံ့သော မင်္ဂလာနိမိတ် ဖြစ်သည်။

၂။ အချို့စာတမ်း၌ နာမံတော်ကို ဆက်ပြီးမှ မင်းမြောက်တန်ဆာ ၅-ပါးကို ဆက်ရသည် ဆိုသည်။ **မင်းမြောက်ရာသော အဆောက်အအုံပြည့်စုံမှ မင်း၏အမည်နာမံ ထိုက်တန်သည်ဖြစ်၍ မင်းမြောက်တန်ဆာကို ဆက်ပြီးမှ နာမံတော်ကို ဆက်ခြင်းသာ သင့်မြတ်မည် အထင်ရှိသည်။**

သကလာဘိသေကကျမ်း၊ မဟာဘိသေကအရာ၌လည်း မင်းမြောက်တန်ဆာ ဆက်ပြီးမှ နာမံတော်ကို ဆက်ရမည်-ဆိုသည်။ ၎င်းနောက် အသျှင်ဘဝရှင် မင်းတရားကြီး ဘုရား သံတံဆိပ်တော်နှင့် ရွှေပေနာမံတော်ကို ရတနာကွမ်းခွက်တွင် တင်၍ မင်းသားပိုက်ချီ စေရသည်။ ရွှေပေနာမံတော်ကို အမတ်ကြီးရပ်လျက် ၃-ကြိမ် ဖတ်လျှောက်ရသည်။

ပြီးလျှင် ရွှေလက်တော်သို့ ဆက်ရသည်။ လှမ်းယူတော်မူ၍ ရာဇပလ္လင် ရှေ့မြောက် ယွန်းတွင် တင်ထားတော်မူသည်။

ရာဇစိဟ္မေ မင်း၏တံဆိပ်ဖြင့်။ အဘိသေဥ္စနံ၊ ဘိသိက်သွန်းခြင်းကို။ ကတ္တပံ့(*ကာတဖွဲ့*) ပြုအပ်၏-ဟု သကလာဘိသေကကျမ်း၊ မဟာဘိသေကအရာ၌ ဆိုသည်နှင့်အညီ သံတံဆိပ် တော်ကိုလည်း ပါစေရသည်။ အသျှင်မိဖုရားခေါင်ကြီးဘုရား ရွှေပေနာမံတော်ကိုလည်း ရတနာကွမ်းခွက်တွင် တင်၍ မင်းသားပိုက်ချီစေရသည်။ အမတ်ကြီး ရပ်လျက် ၃-ကြိမ် ဖတ်လျှောက်ရသည်။ ပြီးလျှင် ရာဇပလ္လင်သို့ တင်၍ ရှေ့တောင်ယွန်းတွင် ထားရသည်။

**ဤတွင်ရွှေ့ မင်းမြောက်တန်ဆာ ၅-ပါးဆက်ခြင်း, နာမံတော်ဆက်ခြင်းအစီအရင် ပြီး၏။**

* * * * * *

## [ ၅၆ ] မုဒ္ဓါဘိသိက်တော်သွန်းခြင်း အစီအရင်

ရေထားတန်ဆောင်းက ရေကို ယူ၍ တည်ထားနှင့်သော ယခင်အိုးစရည်းတွင် ရှိသော နဝတတ်ဂင်္ဂါရေဖြင့် ပြည့်သော, ရတနာအပေါင်းစီခြယ်သော ဘိသိက်တော်ရေ ရွှေသားမြူတာအိုး ၈-လုံးကို အမျိုးအမည်, အရောင်အဆင်း, ကြွန်အင်္ဂါလက္ခဏာနှင့်ပြည့်စုံ သော သတို့သမီး ၈-ယောက်တို့ ပိုက်ချီ၍ ရာဇပလ္လင်တော်မြောက်က ဘယ်,ညာမကွက် မလှည့် ဖြောင့်မတ်တည်ကြည်စွာ ရာဇပလ္လင်တော်သို့ ရှေ့ရှုရပ်လျက် နေစေရသည်။ မင်္ဂလာ အခါတော်ရောက်လျှင် ရှေးဦးစွာ မင်္ဂလာရှိသော ရတနာတန်ဆာဆင်ယင်သော မင်းသမီး စစ်သည် ယခင် ဂင်္ဂါရေဖြင့်ပြည့်သော လက်ယာရစ် ရွှေခြယ်ခရုသင်းကို လက် ၂-ဖက်ဖြင့် ချီမ၍ ဘိသိက်သွန်းဂါထာကို လျှောက်ဆိုလျက် ရှိသေစွာ အသျှင် ဘဝရှင်မင်းတရားကြီး ဦးထိပ်တော်ထက်၌ သွန်းလောင်းရသည်။

မင်းသမီးစစ် ဘိသိက်သွန်းလောင်းပြီးလျှင် ဇာတိ, မန္တ, ဝဏ္ဏ, သီလ, ပညာ-အင်္ဂါ ၅-ပါးနှင့် ပြည့်စုံသော ပုဏ္ဏားစစ်သည် ဝတ်သစ်,ဝတ်ကောင်း အပေါင်းအထုပ် ဆင်ယင်ပြီး လျှင် ယခင်ဂင်္ဂါရေဖြင့် ပြည့်သော လက်ယာရစ် ငွေခြယ်ခရုသင်းကို လက် ၂-ဖက်ဖြင့်

ချီမ၍ ဘိသိက်သွန်းဂါထာကို လျှောက်ဆိုလျက် ရှိသေစွာ အသျှင် ဘဝရှင်မင်းတရားကြီး ဦးထိပ်တော်ထက်၌ သွန်းလောင်းရသည်။

ဗြာဟ္မဏမျိုး ပုဏ္ဏားစစ် ဘိသိက်သွန်းလောင်းပြီးလျှင် သီလသီတင်းနှင့် ပြည့်စုံသော သူဌေးကြီးသည် ဝတ်ကောင်း,နားတောင်း အပေါင်းအထုပ်နှင့် ဘွဲ့ဖြူပုဆိုး ဆင်ယင်ပြီးလျှင် ယခင်ဂင်္ဂါရေဖြင့် ပြည့်သော ရတနာမျိုးခြယ် လက်ယာရစ် ခရုသင်းကို လက် ၂-ဖက်ဖြင့် ချီမ၍ ဘိသိက်သွန်းဂါထာကို လျှောက်ဆိုလျက် ရှိသေစွာ အသျှင်ဘဝရှင်မင်းတရားကြီး ဦးထိပ်တော်ထက်၌ သွန်းလောင်းရသည်။ **သေနံအရပ်ကချည်း ရပ်၍ သွန်းစေရသည်။**

**၁။ မင်းသမီးလျှောက်ဆိုရသည့် ပါဠိအနက်ကား–**

"ဒေဝ၊ အသျှင်မင်းမြတ်။ တံ၊ အသျှင်မင်းမြတ်ကို။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ခတ္တိယဂဏာ၊ မင်းမျိုးအပေါင်းတို့သည်။ အတ္တာနံ၊ မိမိကိုယ်ကို။ အာရက္ခဏတ္ထံ၊ စောင့်ရှောက်စေခြင်းငှာ။ ဣမိနာ အဘိသေကေန၊ ဤအဘိသိက်သွန်းခြင်းဖြင့်၊ အဘိသေစိတံ၊ အဘိသိက်ခံသော။ မဟာရာဇံ မင်းမြတ်ကို။ ကရောန္တိ ပြုကုန်အံ့။ တွံ၊ အသျှင်မင်းမြတ်သည်။ ရာဇဓမ္မေသု၊ မင်းကျင့်တရား ၁၀-ပါးတို့၌။ ဌိတော၊ တည်တော်မူလျက်။ ဓမ္မေန၊ တရားနှင့်။ သမေန၊ ညီသဖြင့်။ ရဇ္ဇံ မင်းအဖြစ်ကို။ ကာရေဟိ၊ ပြုတော်မူလော့။ ဧတေသု ခတ္တိယဂဏေသု၊ ထိုမင်းမျိုးအပေါင်းတို့၌။ တွံ၊ အသျှင်မင်းမြတ်သည်။ ပုတ္တသိနေ္နဟာနုကမ္ပာယ၊ ရင်ဝယ်သားကဲ့သို့ ချစ်ခင်သနားတော်မူသဖြင့်။ သဟိတစိတ္တော စ၊ အစီးအပွါးကို လိုသောစိတ် ရှိတော်မူသည်လည်း။ ဘဝ၊ ဖြစ်တော်မူလော့။ ဟိတသမမေတ္တစိတ္တော စ၊ အစီးအပွါးဖြင့်မျှသော မေတ္တာစိတ် ရှိတော်မူသည်လည်း။ ဘဝ၊ ဖြစ်တော်မူလော့။ ရက္ခာဝရဏဂုတ္တိယာ၊ စောင့်ရှောက်ဆီးကာ လုံခြုံစေခြင်းဖြင့်။ တေသံ၊ ထိုမင်းမျိုးတို့သည်(*တို့ကို*)။ ရက္ခိတော စ၊ စောင့်ရှောက်အပ်သည်လည်း။ ဘဝါဟိ၊ ဖြစ်တော်မူလော့"။ (သာရတ္ထ၊ဋီ၊၁။၁၆၅)

**၂။ ပုရောဟိတ်လျှောက်ဆိုရသည့် ပါဠိအနက်ကား–**

"ဒေဝ၊ အသျှင်မင်းမြတ်။ တံ၊ အသျှင်မင်းမြတ်ကို။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ဗြာဟ္မဏဂဏာ၊ ပုဏ္ဏားမျိုးအပေါင်းတို့သည်။ အတ္တာနံ၊ မိမိကိုယ်ကို။ အာရက္ခဏတ္ထံ၊ စောင့်ရှောက်စေခြင်းငှာ။ ဣမိနာ အဘိသေကေန၊ ဤအဘိသိက်သွန်းခြင်းဖြင့်၊ အဘိသေစိတံ၊ အဘိသိက်ခံသော။ မဟာရာဇံ မင်းမြတ်ကို။ ကရောန္တိ ပြုကုန်၏။ တွံ၊ အသျှင်မင်းမြတ်သည်။ ရာဇဓမ္မေသု၊ မင်းကျင့်တရား ၁၀-ပါးတို့၌။ ဌိတော၊ တည်တော်မူလျက်။ ဓမ္မေန၊ တရားနှင့်။ သမေန၊ ညီသဖြင့်။ ရဇ္ဇံ မင်းအဖြစ်ကို။ ကာရေဟိ၊ ပြုတော်မူလော့။ ဧတေသု ဗြာဟ္မဏဂဏေသု၊ ထိုပုဏ္ဏားမျိုးအပေါင်းတို့၌။ တွံ၊ အသျှင်မင်းမြတ်သည်။ ပုတ္တသိနေ္နဟာနုကမ္ပာယ၊

ရင်ဝယ်သားကဲ့သို့ ချစ်ခင်သနားတော်မူသဖြင့်။ သဟိတစိတ္တော စ၊ အစီးအပွါးကို လိုသော စိတ် ရှိတော်မူသည်လည်း။ ဘဝ၊ ဖြစ်တော်မူလော့။ ဟိတသမမေတ္တစိတ္တော စ၊ အစီးအပွါး ဖြင့်မျှသော မေတ္တာစိတ် ရှိတော်မူသည်လည်း။ ဘဝ၊ ဖြစ်တော်မူလော့။ ရက္ခာဝရဏဂုတ္တိယာ၊ စောင့်ရှောက်ဆီးကာ လုံခြုံစေခြင်းဖြင့်။ တေသံ၊ ထိုပုဏ္ဏားမျိုးတို့သည် *(တို့ကို)*။ ရက္ခိတော စ၊ စောင့်ရှောက်အပ်သည်လည်း။ ဘဝါဟိ၊ ဖြစ်တော်မူလော့"။ (သာရတ္ထ၊ဋီ၊၁။၁၆၅)

၃။ **သူဌေးကြီးလျှောက်ဆိုရသည့် ပါဠိအနက်ကား–**

"ဒေဝ၊ အသျှင်မင်းမြတ်။ တံ၊ အသျှင်မင်းမြတ်ကို။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန် သော။ ဂဟပတိဂဏာ၊ သူကြွယ်မျိုးအပေါင်းတို့သည်။ အတ္တာနံ၊ မိမိကိုယ်ကို။ အာရက္ခ- ဏတ္ထံ၊ စောင့်ရှောက်စေခြင်းငှာ။ ဣမိနာ အဘိသေကေန၊ ဤအဘိသိက်သွန်းခြင်းဖြင့်။ အဘိသေစိတံ၊ အဘိသိက်ခံသော။ မဟာရာဇံ မင်းမြတ်ကို။ ကရောန္တိ၊ ပြုကုန်၏။ တွံ၊ အသျှင်မင်းမြတ်သည်။ ရာဇဓမ္မေသု၊ မင်းကျင့်တရား ၁၀-ပါးတို့၌။ ဌိတော၊ တည်တော်မူ လျက်။ ဓမ္မေန၊ တရားနှင့်။ သမေန၊ ညီသဖြင့်။ ရဇ္ဇံ မင်းအဖြစ်ကို။ ကာရေဟိ၊ ပြုတော်မူ လော့။ ဧတေသု ဂဟပတိဂဏေသု၊ ထိုသူကြွယ်မျိုးအပေါင်းတို့၌။ တွံ၊ အသျှင်မင်းမြတ် သည်။ ပုတ္တာသိန္နေဟာနုကမ္ပာယ၊ ရင်ဝယ်သားကဲ့သို့ ချစ်ခင်သနားတော်မူသဖြင့်။ သဟိတ- စိတ္တော စ၊ အစီးအပွါးကို လိုသောစိတ် ရှိတော်မူသည်လည်း။ ဘဝ၊ ဖြစ်တော်မူလော့။ ဟိတသမမေတ္တစိတ္တော စ၊ အစီးအပွါးဖြင့်မျှသော မေတ္တာစိတ်ရှိတော်မူသည်လည်း။ ဘဝ၊ ဖြစ်တော်မူလော့။ ရက္ခာဝရဏဂုတ္တိယာ၊ စောင့်ရှောက်ဆီးကာ လုံခြုံစေခြင်းဖြင့်။ တေသံ၊ ထိုသူကြွယ်မျိုးတို့သည်*(တို့ကို)*။ ရက္ခိတော စ၊ စောင့်ရှောက်အပ်သည်လည်း။ ဘဝါဟိ၊ ဖြစ်တော်မူလော့"။ (သာရတ္ထ၊ဋီ၊၁။၁၆၅)

ဘိသိက် ၃-ကြိမ်သွင်းသော ပါဠိစကား ၃-ချက်သည် ဥတ္တိ စတုတ္ထကမ္မဝါစာ၌ ကမ္မဝါ ၃-ချက်ကဲ့သို့ အက္ခရာ,ပုဒ်,ဝါကျ ရှေ့နောက် မကွဲမပြား မြိမြိသေချာလှသော အနှစ်, ဩဇာ, ရသာအတိ၊ ဌာန်,ကရိုဏ်းမြောက်သော စကားအဖြစ်ဖြင့် ကျမ်းဂန်ရှိသည်။ **သူဌေးကြီး ဘိသိက်သွန်းရာ၌ သန္တာဖြင့်ပြီးသော ခရုသင်း-ဟူ၍ ဇာတ်ဋီကာတွင် ဆိုသည်။** အခြား ကျမ်းဂန်များနှင့် မညီ။ ယင်းသို့ဆို၍ ဘိသိက်သွန်းရာ၌ အရှင်မင်းဧကရာဇ်ကိုသာ ယခင်ပါဠိ အနက်စကားဖြင့် ဘိသိက်သွန်းရသည်။

၄။ **အရှင်မိဖုရားကြီးကို သီးခြား မသွန်းရ။**

အဘယ့်ကြောင့်နည်းဟူမူကား ရာဇပလ္လင်တွင် အတူတကွနေတော်မူခြင်းဖြင့်ပင် အတူတကွ ဘိသိက်သွန်းခြင်းကိစ္စ ပြီးသောကြောင့်တည်း။ ထိုအကြောင်းကို ရည်၍

သုမေဓာမိဖုရားနှင့် အတူတကွ သုရုစိမင်းကို ဘိသိက်သွန်းသည်ဆိုသောဇာတ်၊ ဥဒယဘဒ္ဒါမိဖုရားနှင့် အတူတကွ ဥဒယဘဒ္ဒမင်းကို ဘိသိက်သွန်းသည်ဆိုသောဇာတ်၊ သမ္ဗုလမိဖုရားနှင့် အတူတကွ သောတ္ထိသေနမင်းကို ဘိသိက်သွန်းသည်ဆိုသော ဇာတ်နိပါတ်များတွင် "ဧကတောဝ အဘိသိဉ္စိသုံ၊ အတူတကွ တချက်တည်းသာ ဘိသိက်သွန်းသည်"ဟူ၍ ဆိုလေသည်။

သာရတ္ထဒီပနီဋီကာ, မဟာဝံသဋီကာများတွင်လည်း မင်းဧကရာဇ်ကိုသာ မုဒ္ဓါဘိသိက်သွန်းရမည်-ဆိုသည်။ သကလာဘိသေကကျမ်းတွင်လည်း–

ဥဒုမ္ဗရမဟာပီဌေ၊ ရေသဖန်းအင်းပျဉ်ကြီးထက်။ သဟ ဒေဗျာ၊ မိဖုရားနှင့်အတူတကွ။ ဥပဝေတိ၊ နေစေရာ၏။ ဘူပတိံ၊ အရှင်မင်းကြီးကို။ အဘိသိဉ္စတိ၊ ဘိသိက်သွန်းရ၏-ဟူ၍ မင်းဧကရာဇ်ကိုသာ ရာဇာဘိသိက်သွန်းရမည် ဆိုသည်။ **အရှင်မင်းဧကရာဇ်နှင့် အရှင်မိဖုရား ရာဇပလ္လင်တွင် အတူတကွ မနေဘဲ အခြားစီ ဘိသိက်ခံမှုကား အရှင်မိဖုရားကိုလည်း ဝေဿန္တရာဇာတ်တွင် မဒ္ဒီမိဖုရားကို သွန်းသော ထုံးစံစကားကို မှီ၍ အခြားပင် ဘိသိက်သွန်းရသည်။** ဘိသိက်သွန်းမှ အဂ္ဂမဟေသီမိဖုရား မည်ကြောင်းကိုလည်း အဘိဓာန်ကျမ်းတွင် ဆိုသည်။

ဤသို့ ၃-ကြိမ်မြောက်သွန်း၍ ဘိသိက်ခံတော်မူပြီးတွင် ရေသဖန်းအင်းပျဉ်ထက် နေတော်မူလျက် "အဂ္ဂေါ ဟ'မသ္မိ"စသော စကားကောင်းညွှန်း၊ "ယဒါ ဟဝေ ပါတု ဘဝန္တိ" စသော ၃-ဂါထာများကို ရွတ်တော်မူသည်။ "သဗ္ဗိ'တိယော ဝိဝဇ္ဇန္တု"စသော ဆုတောင်း ဂါထာများကိုလည်း ရေသဖန်းအင်းပျဉ်တွင်ပင် နေတော်မူလျက် ရွတ်တော်မူသည်။ ဂါထာများကို နောက်မှ စု၍ ရေးသားမည်။ ၎င်းနောက် ရွှေကရားကို ကိုင်တော်မူ၍ ရေစက်သွန်းတော်မူလျက် "မြေမှုန့်လုံးမျှ၊ ကျုံး၍ချသို့၊ ဒါနဟူသား၊ အလှူအားဖြင့် ဤရွှေနန်းစည်းစိမ်ကို ငါရသည်။ ပြည်သူလူရဟန်းတို့ စီးပွါးချမ်းသာကို ရှာအံ့။ တရား ၁၀-ပါးကို ကျင့်အံ့။ အသက်မြင့်ရှည် တည်ပါစေသော်။ ရန်မာန်ခပ်သိမ်း ကင်းငြိမ်းပါစေသော်။ ဆင်ဖြူစကြာရတနာ ရောက်ပါစေသော်။ ဘုန်းတန်ခိုးအာဏာအသရေ တက်သစ်နေကဲ့သို့ ထွန်းလင်းပါစေသော်။" ဤသို့ မိဋ္ဌာန်သစ္စာဆိုတော်မူပြီးလျှင် တောင်,မြောက် ၄-ပါး မကြည့်မငဲ့၊ ကိုယ်လက်အင်္ဂါ မလှုပ်မရှား၊ ငြိမ်သက်စွာ ဂုဏ်တော် ၃-ပါးကို နှလုံးဖြင့် ဆင်ခြင်တော်မူသည်။

၅။ ဘေးမဲ့လွှတ်ခြင်း

ထို့နောက် 'စန္ဒကုမ္မာမင်းကို ဘိသိက်သွန်းအဆုံးတွင် သတ္တဝါတို့အား ဘေးမဲ့လွှတ်သည်'ဆိုသော ကျမ်းဂန်ထုံးစံနှင့်အညီ ထောင်တန်း၊ အကျဉ်း, အမြောင်း၊ အချုပ်အတည်း၊ အပို့အထား ရှိသမျှသတ္တဝါတို့အား ဘေးမဲ့ပေးတော်မူ၍ မြို့တွင်း, မြို့ပြင် မောင်းခတ်စေရသည်။

ဘေးမဲ့ပေးရန် ကနားပြင်တွင် ထားသည့်သတ္တဝါများကိုလည်း ဘေးမဲ့လွှတ်တော်မူသည်။ ဗိမ္ဗိသာရမင်း-စသော မဇ္ဈိမဒေသမင်းတို့ ဘိသိက်ခံပြီးတွင် "တော,တောင်, အင်းအိုင်, မြစ်, သမုဒ္ဒရာအရပ် ၁၀-မျက်နှာ၌ အသိမ်းအဆည်း, အစောင့်အရှောက်, အပြုအစု မရှိသော မြက်, ထင်း, သစ်ပင်, အမြစ်, အရွက်, အပွင့်, အသီးများကို ရဟန်း, ပုဏ္ဏား, သတ္တဝါများတို့ အလိုရှိရာ ယူဆောင်သုံးစားစေ"ဟူ၍ ခွင့်ပြုမြဲ ထုံးစံရှိကြောင်းကို ဝိနည်းကျမ်းဂန် ဆိုသည့်အတိုင်းလည်း ခွင့်ပြုတော်မူသည်။ ယင်းသည် အမိန့်တော် ၃-ရပ်ကို နာခံတော်ကြီး ဖတ်ပြန်ရသည်။

အတန်ကြာလျှင် ၈-ပါးပုဏ္ဏားတို့ ဆက်သမြဲ ဘိသိက်ကို ဆက်သစေရသည်။ ဘိသိက်တော်ပန်းကို ရွှေသားကလပ်တွင် ပတ္တမြားစီဖလားနှင့် အဆောင်တော်မြဲတို့ ခံ၍ ဆက်စေရသည်။ ထက်ဝန်းကျင် ပရိသတ်အပေါင်းတို့လည်း တပါးသို့ မျက်နှာမကွက်မလှည့် အသျှင်မင်းဧကရာဇ်ကိုသာ ရှေ့ရှု၍ ရိုသေစွာတုပ်ပျပ်လျက် ယခင်နည်း ကောင်းချီး ရတနာ *(ပတ္တနာ)* ပြုကြရသည်။

၆။ **ကျိန်စာဆိုခြင်းမဟုတ်**

> **တေ ပန တဿ ဧဝံ ဝဒန္တာ "သစေ တွံ အမှာကံ ဝစနာနုရူပေန ရဇ္ဇံ ကာရေဿသိ၊ ဣစ္စေတံ ကုသလံ။ နော စေ ကာရေဿသိ၊ တဝ မုဒ္ဓါ သတ္တဓာ ဖလတူ"တိ ဧဝံ ရညော အဘိသပန္တိဝိယာ'တိ ဒဋ္ဌဗ္ဗံ-**

ဟူ၍ သာရတ္ထဒီပနီဋီကာ*(၁၊၁၆၅)*, မဟာဝံသဋီကာများတွင် ရာဇဓမ္မ၌ အားထုတ်စေလို၍ **ဆိုသော စကားကို ကျိန်ဆဲသောစကား-ဟု အယူမှား၍ မုဒ္ဓါဘိသိက် မခံဝံ့ဆိုကြသည်ကား** အလျှင်းပင် သဘောယုတ္တိ မရှိ။ မဆိုကောင်း မဆိုသင့်။

**ဤတွင်ရွှေ. မုဒ္ဓါဘိသိက်တော်သွန်းခြင်းအစီအရင် ပြီး၏။**

* * * * * *

## [ ၅၄ ] ဘိသိက်ခံတော်မူ ဆုံးတွင် ကျက်သရေမင်္ဂလာနိမိတ်ဩဘာ ဖြစ်ပွါးစေခြင်း အစီအရင်

ထို့နောက် အတန်ကြာလျှင် အောင်ဖြူ, ကြိမ်ခွေ, သံတွေ, ရွှေတွေ, ငွေတွေ, ပိတ်အုပ်, ဖန်မှန်, သန္တာ, ဘုမ္မသိန်, ဟိန်းဂို, ပုလဲ, မြ, လက်ဆောင်တော်ဆက် ခန့်ထားသူမျုးမတ်၊ သူဌေး,သူကြွယ်၊ သူကောင်း၊ စော်ဘွား၊ မြို့ဝန်တို့မှာ ဗောင်းကြီးညွန့်သွယ်၊ ဝတ်ကောင်းနားတောင်း၊ ဘွဲ့ဖြူပုဆိုး ဆင်ယင်လျက် ဆက်သရန်ကို ဆိုင်ရာထုတ်ယူ၍ တံခါးနီ

တော်ပြင် လွှတ်တော်မြောက် မှူးမတ်နေ တဲဆောင် ဆောက်ထားသည်။ လက်ယာ စကြောတဲတွင် နာခံတော်တို့ ချထားရာ နေစေရသည်။ ဆက်သချိန်ရောက်မှ အညီအညွှတ်ဝင်စေ၍ လျှောက်စာအသီးသီးနှင့် ဆက်သစေရသည်။ ဆက်သချိန်ရောက်လျှင် သက်တော်ရှည်စေသော်, ဘုန်းတော်ကြီးစေသော်-ဟု မင်္ဂလာစကားကို ဆို၍ အောင်ဖြူ, ကြိမ်ခွေ, သံတွေများကို အမတ်ကြီး ဆက်စေရသည်။ သူဌေးကို ရွှေတွေ ဆက်စေရသည်။ သူကြွယ်ကို ငွေတွေ ဆက်စေရသည်။ သူကောင်းသူဝကို ပိတ်, ပုဆိုး ဆက်စေရသည်။

**အရှေ့ပြုဗ္ဗဝိဒေဟာကျွန်းကို အစိုးရသောမင်းက ဆို၍** ကျိုင်းရုံးသည်စော်ဘွားကို ငွေတွေ, ငွေချောင်း, ဟိန်းဂို, လက်ဆောင်တော် ဆက်စေရသည်။ **အနောက် အပရဂေါယာကျွန်းကို အစိုးရသောမင်းက ဆို၍** ရခိုင်မြို့ဝန်ကို ပိတ်အုပ်, ဖန်,မှန်, သန္တာ, ဘုမ္မသိန်, ဟိန်းဂို လက်ဆောင်တော် ဆက်စေရသည်။ **မြောက်ဥတ္တရကုရုကျွန်းကို အစိုးရသောမင်းက ဆို၍** အာသံမင်းကို ရွှေတွေ, ရွှေချောင်း, ဟိန်းဂို လက်ဆောင်တော် ဆက်စေရသည်။ **တောင်ဇမ္ဗူ-ဒီပါကျွန်း ၁၀၀-သော ပဒေသရာဇ်မင်းတို့က ဆို၍** မုတ္တမမြို့ဝန်ကို ပုလဲ, မြ, ဟိန်းဂို လက်ဆောင်တော် ဆက်စေရသည်။

ဤသို့ စာတမ်းများတွင် ပရိယာယ် ဆက်သခြင်းကိုသာ ဆိုသည်။ တိုင်းပြည်, ကျေးရွာ အပေါင်းအစု ဆော်နှိုးညီညွတ်၍ မုက္ခဆက်သမှ သာ၍ မျို့မင်္ဂလာဖြစ်မည့် အကြောင်းရှိသည်။ ကြွင်းသော မင်းအမတ်တို့ကလည်း အထိုက်အလျောက် ထုံးစံရှိသည့်အတိုင်း ပူဇော်ဆက်သရသည်။ အနာရောဂါကို ညှဉ်းဆဲတတ်, ဖျက်ဆီးတတ်သောကြောင့် ဟိင်္ဂုမည်သည်-ဆိုသော ဒိဋ္ဌသုတမင်္ဂလာအားဖြင့် အရပ် ၄-မျက်နှာမှ ရောဂါအန္တရာယ် ပျောက်ပြယ်စေခြင်းငှာ ၄-ကျွန်းသားတို့ဆက်ရာ ဟိန်းဂိုပါမြဲထုံးစံဖြစ်သည်။ မြင်းမိုရ်တောင်မှ အရောင် ၄-ချက် ထွက်ရာဖြစ်၍လည်း ၄-ကျွန်းလက်ဆောင် ထူးပြားသည်။

ထို့နောက် အတန်ကြာလျှင် "ဘုန်းတော်ကြီးပါစေ၊ သက်တော်ရှည်ပါစေ၊ ဆင်ဖြူစကြာရတနာ ရောက်ပါစေ၊ ရန်မာရ်ခပ်သိမ်း ကင်းငြိမ်းပါစေ၊ ပြည်ထဲ ၄-မျက်နှာ သာယာဝပြောပါစေ"မင်္ဂလာစကား လျှောက်ဆို၍ ဆွဲထားသည့် ငွေမောင်း, ငွေသံလွင်ကို ၅-ချက်စေ့အောင် မင်းသမီး ၂-တီးစေရသည်။ ငွေမောင်း, ငွေသံလွင်တီးလျှင် အသျှင် ၂-ပါးမာရဘင်အတွင်း သလွန်တော်၌ ငြိမ်းချမ်းသာယာစွာ စံနေတော်မူသည်။ ထိုအခိုက်လည်း အငြိမ့်သဘင်စုံ နာပျော်ဖွယ် ခံစေရသည်။

**ဤတွင်ရွှေ ဘိသိက်ခံတော်မူ ဆုံးတွင် အထူးထူးအပြားပြား ကျက်သရေမင်္ဂလာ နိမိတ်ဩဘာ ဖြစ်ပွါးစေခြင်းအစီအရင် ပြီး၏။**

## [ ၅၈ ]  ရွှေနန်းတော်ကြီး တက်သိမ်းစံပယ်တော်မူသော အစီအရင်

ဤမျှလောက်သော စကားအစဉ်အားဖြင့် မဟာသကြ်န်တော်ခေါ်, သိကြားရေစင်တော်ခံ, မုဒ္ဓါဘိသိက်တော်သွန်းအစီအရင် အလုံးစုံအကြွင်းမဲ့ ပြီးစီးပြည့်စုံခြင်းသို့ ရောက်သတည်း။

**မုဒ္ဓါဘိသိက်ခံတော်မူပြီး၍ အခါတော်ရလျှင် ရွှေနန်းတော်ကြီး တက်သိမ်းစံပယ်တော်မူသည့်အစီအရင် အခင်းအကျင်း, အတည်အထား,အစီအစဉ်ကား–**

နန်းမြို့တော် ရွှေးတော်ယူတံခါးပြင်တွင်–

- ပဌမသင်္ဂါယနာတင်ရန် တန်ဆောင်း ၃-ထပ် ၁။
- ၎င်းအရှေ့ ဒုတိယသင်္ဂါယနာတင်ရန် တန်ဆောင်း ၃-ထပ် ၁။
- ၎င်းအရှေ့ တတိယသင်္ဂါယနာတင်ရန် တန်ဆောင်း ၃-ထပ် ၁။

ဆောက်လုပ်စေ၍–

- ပဌမတန်ဆောင်းတွင် သံဃာတော် ၅၀-ပင့်၍ ပဌမသင်္ဂါယနာ ကျမ်းဦးများကို ရွတ်သရဇ္ဈာယ် စေရသည်။
- ဒုတိယတန်ဆောင်းတွင် သံဃာတော် ၇၀-ပင့်၍ ဒုတိယသင်္ဂါယနာ ကျမ်းဦးများကို ရွတ်သရဇ္ဈာယ်စေရသည်။
- တတိယတန်ဆောင်းတွင် သံဃာတော် ၁၀၀-ပင့်၍ တတိယသင်္ဂါယနာ ကျမ်းဦးများကို ရွတ်သရဇ္ဈာယ်စေရသည်။

နံနက်ကိုလည်း ဆွမ်းလုပ်ကျွေးရသည်။

- ပဌမနေ့ ပဌမတန်ဆောင်းတွင်,    - ဒုတိယနေ့ ဒုတိယတန်ဆောင်းတွင်,
- တတိယနေ့ တတိယတန်ဆောင်းတွင်–

၃-ရက်ဆက်၍ ရွတ်သရဇ္ဈာယ်စေရသည်။

ပိတ်ဖြူ၌ -ပဌမတန်ဆောင်းတွင် ဆွဲကြက်ရန် ရဟန္တာရုပ်-၅၀၀,

- ဒုတိယတန်ဆောင်းတွင် ဆွဲကြက်ရန် ရဟန္တာရုပ်-၇၀၀,
- တတိယတန်ဆောင်းတွင် ဆွဲကြက်ရန် ရဟန္တာရုပ် ၁,၀၀၀-

ရေးသား ဆွဲကြက်ရသည်။

အင်းတော်ရေးတို့ကို ရေးစေရသည်။ ရွှေမြို့တော် အနောက်တောင်ထောင့် ပိဋကတ်တိုက် ပဋ္ဌာန်းတန်ဆောင်းတွင်လည်း ပိတ်ဖြူမှာ အင်းတော်ရေးတို့ကို အသီတိ မဟာသာဝကရဟန္တာရုပ် ၈၀-ရေးစေ၍ ဆွဲကြက်စေပြီးလျှင် ၎င်းတန်ဆောင်းတွင် သံဃာတော် ၈-ပါး ပင့်ဖိတ်စည်းဝေးစေ၍ တတိယသင်္ဂါယနာတင်နှင့် တပြိုင်နက် ညဉ့် ၃-ယံ ကျမ်းဦးများကို ရွတ်သရဇ္ဈာယ်စေရသည်။ နံနက်လည်း ဆွမ်းအလှူတော်ကို ခံစေရသည်။

ရှေ့ဝင်းရုံးတော်တွင် "**ဗြဟ္မဂဏာ မဟေသိနော**"အစရှိသော ဇာတတ္တကီကျမ်း, အပဒါန်ကျမ်း(၄၁၁။၈၉။ ဇာ၄၁၁။၈၇)များတွင် လာသော "ဇယော"ဂါထာနှင့်အညီ ဘုရားသခင်ကို ဗြဟ္မာအပေါင်းတို့ ရှိခိုးလျက် ကောင်းချီးပေးဟန် ပိတ်ဖြူတွင်ရေး၍ ၁-ပုံ၊ လက်ယာဝင်းရုံးတော်တွင် "**ဒေဝဂဏာ မဟေသိနော**" အစရှိသော ဇယောဂါထာနှင့်အညီ ဘုရားသခင်ကို နတ်အပေါင်းတို့ ရှိခိုးလျက် ကောင်းချီးပေးဟန် ၁-ပုံ၊ နောက်ဝင်းရုံးတော်တွင် "**သုပဏ္ဏ-ဂဏာ မဟေသိနော**" အစရှိသော 'ဇယော'ဂါထာနှင့်အညီ ဘုရားသခင်ကို ဂဠုန်အပေါင်းတို့ ရှိခိုးလျက် ကောင်းချီးပေးဟန် ၁-ပုံ၊ လက်ဝဲဝင်းရုံးတော်တွင် '**နာဂဂဏာ မဟေသိနော**' အစရှိသော ဇယောဂါထာနှင့်အညီ ဘုရားသခင်ကို နဂါးအပေါင်းတို့ ရှိခိုးလျက် ကောင်းချီးပေးဟန် ၁-ပုံ၊ ၄-ပုံရေး၍ အသီးအသီး ကြက်စေရသည်။

၎င်းဝင်းရုံ ၄-ရပ်တွင် ပရိတ်အိုးပန်းစိုက် ၂-လုံးစီ, ပရိတ်တော်ခံ သဲဖြူ ၁'-စီ၊ ဆီအိုးနှင့် ဒီ-စီ၊ ဆီမီးခွက် မီးစာပါ ၁၀၀-စီ တည်ထားစေရသည်။ ဝင်းရုံး ၄-ရပ်တွင် သံဃာ ၈-ပါးစီ ပင့်၍ ညဉ့် ၃-ယံ ပိဋကတ် ၃-ပုံ ကျမ်းဦး, ပရိတ်တော်များကို ရွတ်သရဇ္ဈာယ်စေရသည်။ နံနက်ဆွမ်းတော် လှူဒါန်းရသည်။ ၉-ပါး ပုဏ္ဏား ၂-စီကိုလည်း အသင့်ခန့်ထား စောင့်နေစေရသည်။ ပရိတ်တော်တရားတော် နာပြီးလျှင် ပရိတ်ဆီမီးစာများကို မီးထွန်းခန့်ထားသူတို့ အသီးအသီး ဆီမီးထွန်းညှိရသည်။ မီးငြိမ်းလျှင် ပရိတ်တော်ခံသဲ, ပရိတ်ရေများကို စောင့်နေသည့် ပုဏ္ဏားတို့ ကြဲဖြန့်စေရသည်။

ရွှေနန်းတော်, မြေနန်းတော်, ဇေတဝန်ဆောင်, ပြတိုက်ဆောင်, တောင်စမုတ်, မြောက်စမုတ်, အနောက်ပွဲတက်သဘင်နန်းတော်, ရွှေလွှတ်တော်, ပဟိုရ်စင်, နန်းမြို့တော် သစ်တပ်ပြင် တန်ဆောင်း ၈-ရပ်၊ ရှေ့ရုံး, နောက်ရုံး, ရွှေမြို့တော်တံခါး ၂၅-ရပ်, တောင်ပြကြီး ၄-ရပ်များမှာ ပရိတ်အိုး, ပရိတ်သဲ, ပရိတ်ဆီမီးခွက်, မီးစာများကို တည်ထား၍ သံဃာတော် ၈-ပါးစီ ပရိတ်တော် ရွတ်စေရသည်။ နံနက်ဆွမ်း လုပ်ကျွေးစေရသည်။ ပရိတ်တော် နာပြီးလျှင် ဆီကို ဆီမီးညှိထွန်းစေရသည်။ မီးငြိမ်းလျှင် ပရိတ်သဲ၊ ပရိတ်ရေများကို စောင့်နေသည့် ပုဏ္ဏားတို့ ကြဲဖြန်းစေရသည်။

ရွှေနန်းတော် အရှေ့မျက်နှာတွင် ထားရန်–

- အတင်အနီသုတ်-၂၊
- ၎င်းတွင် တင်ရန် ကောင်းပင်စည်စပါး တောင်းနှင့်-၁၊
- မီးမယ်ဖျူ-၁။

ရွှေနန်းတော် အရှေ့တောင်ထောင့်တွင် ထားရန်–

- အတင်အနီသုတ်-၂၊
- ၎င်းတွင် တင်ရန် ဒူးလေး-၁၊
- မြားကျည်တောက်-၁။

ရွှေနန်းတော် တောင်စူးစူးတွင် ထားရန်–

- အတင်အနီသုတ်-၂၊
- ၎င်းတွင် တင်ရန် ကျောက်ပျဉ်-၁။
- ကျောက်သား-၁၊
- သစ်သားငါးကြင်းရုပ် ၃-ကောင်ပူး-၁၊
- သပိတ်ပိုက်လျက် ရှင်သီဝလိဆင်းတု-၁၊
- ပိဋကတ်စာထုပ်-၁။

ရွှေနန်းတော် အနောက်တောင်ထောင့်တွင် ထားရန်–

- အတင်အနီသုတ်-၂၊
- ၎င်းတွင် တင်ရန် မင်္ဂလာဆင်စွယ်စုံ-၁၊
- ကမ္ဗလာနီ-၁။

ရွှေနန်းတော် အနောက်စူးစူးတွင် ထားရန်–

- အတင်အနီသုတ်-၂။
- ၎င်းတွင် တင်ရန် ကြောင်အိမ်-၁၊
- ကြောင်နီ-၁၊
- ရွှေခဲ အိတ်နှင့်-၁၊
- ငွေခဲ အိတ်နှင့်-၁။

ရွှေနန်းတော် အနောက်မြောက်ထောင့်တွင် ထားရန်–

- အတင်အနီသုတ်-၂
- ကြေးလင်ပန်းငွေချ-၁၊
- ကြေးသန္ဓေးငွေချ-၁၊
- ကြေးဇွန်းငွေချ-၁၊
- ထမင်း, မုန့်, ယို, အချိုပွဲစုံ-၁။

ရွှေနန်းတော် မြောက်စူးစူးတွင် ထားရန်–

- အတင်အနီသုတ်-၂၊
- ၎င်းတွင် တင်ရန် ထောပတ်အိုးဖက်စိမ်းအုပ်-၁၊

- နွားနို့အိုးဖက်စိမ်းအုပ်-၁၊ - နေဇာပန်းစိုက်ခရုသင်း-၁။

ရွှေနန်းတော် အရှေ့မြောက်ထောင့်တွင် ထားရန်–

- အတင်အနီသုတ်-၂၊ - ရေပြည့်အိုးဖက်စိမ်းအုပ်-၁၊
- ထီးဖြူအရိုးနီ အထွင့်ရွှေချ-၁၊ - ကျိုင်းရွှေချ-၁၊
- တံခွန်, ကုက္ကား-၁။

နန်းမတော်ဆောင် ကြင်နန်းမတိုင်တွင် ထားရန်–

- ထမီစက်နား-၁၊ - တဘက်ဖြူ-၁၊
- သိုရင်း *(အင်္ကျီ)*-၁၊ - ခေါင်းတင်ခါသာပိုင်း-၁၊
- ရွှေပုတီးအရံ-၁၊ - လက်စွပ်-၁။

နန်းမတော်ဆောင် ကြင်နန်းဖိုတိုင်တွင် ထားရန်–

- ပုဆိုးစက်နား-၁၊ - အင်္ကျီလက်ကြယ်-*(၁)*
- ခေါင်းပေါင်းခါသာပိုင်း-၁၊ - ဗောင်းနားတောင်း-၁။

နန်းမတော်ဆောင်အောက်က ထားရန်–

- မြင်းဖြူမ သမီးငယ်ပါ မေတူ-၁၊ - နွားနီမ သမီးငယ်ပါ မေတူ-၁။

နန်းမတော်ဆောင် ကွန်းစည်တွင် ထားရန်–

- ကောင်းပင်စည်ထမင်း-၅ *(၁-တင်း)*ချက်-၁၊ - ကျောက်ဖရုံသီးဟင်း-၁၊
- ငါးခေါင်းမြီးစုံကြော်ပွဲ-၁၊ - စနပ်ပွဲ-၁၊
- ရတနာမုနောလင်ပန်း-၁၊ - ရွှေသားသန္ဓေး-၁၊
- ရွှေသားဇွန်း-၁၊ - ရွှေချဒေါင်းပေါင်-၃၊
- ရွှေချအုပ်ဆောင်း-၃၊ - ခင်းရန် နှီးကြောဖျာ-၁၊
- သင်ဖြူးအနားမွှမ်း-၁။

သကလာဘိသေကကျမ်း, စာတမ်းများတွင် မညီမညွတ် အထူးထူး အခြားခြား အတင်အထားများကို အလိုရှိရာ ဆိုကြသည်။ ဤစာတမ်းတွင်ကား အစဉ်ထုံးစံရှိတိုင်းသာ မယုတ်မလျော့ရအောင် အတင်အထားများကို ဆိုသည်။

နန်းတော်ဆောင် ဥရုတိုင်တွင် ဥရုစောင့်နတ်တို့ကို ပူဇော်ရန်-

- ကောင်းပင်စည်ထမင်း ဆန် ၁၀-ချက်၊
- ကျောက်ဖရုံသီးဟင်း-၁၊
- မုန့်နီ-၁၊
- ငွေချသနွေး -၁၊
- ငါးခေါင်းမြီးစုံကြော်ပွဲ -၁၊
- မုန့်ဖြူ-၁၊
- ငွေချလင်ပန်း-၁၊
- ငွေချဇွန်း-၁။

ပြာသာဒ်တော်ကြီးအတွင်း တပင်တိုင်နှင့် ထားသည့် မဟာဂိရိနတ်ကို ပူဇော်ရန်-

- ကောင်းပင်စည်ထမင်း ၁၀-ချက်၊
- ကျောက်ဖရုံသီးဟင်း-၁၊
- မုန့်နီ-၁၊
- ငွေချသနွေး-၁၊
- ငါးခေါင်းမြီးစုံကြော်ပွဲ-၁၊
- မုန့်ဖြူ-၁၊
- ငွေချလင်ပန်း-၁၊
- ငွေချဇွန်း-၁။

နန်းမတော်ဆောင် အရှေ့ကြမ်းပြင်တွင် နန်းတော်အဆောင်ဆောင်ကို စောင့်သော နတ်တို့အား ပူဇော်ပသရန်-

- ကောင်းပင်စည်ထမင်း ၁၀-ချက်၊
- ကျောက်ဖရုံသီးဟင်း-၁၊
- မုန့်နီ-၁၊
- ငွေချသနွေး-၁၊
- ငါးခေါင်းမြီးစုံကြော်ပွဲ-၁၊
- မုန့်ဖြူ-၁၊
- ငွေချလင်ပန်း-၁၊
- ငွေချဇွန်း-၁။

သည်ဆိုခဲ့ပြီးသော နတ်တို့ကိုလည်း နှိုးကြော်ဖျာ၊ သင်ဖြူးအနားမွှမ်းခင်း၍ ဗိသုကာကြီး, ပညာရှိအမတ်တို့ကို ပသပူဇော်စေရသည်။

နန်းမတော်ဆောင် အရှေ့ကြမ်းပြင်တွင် ဗိသုကာတို့ကိုလည်း ၎င်းနတ်စာနှင့်အတူ ကျွေးမွေးစားသောက်စေရသည်။ မြေနန်းတော် မင်းတက်လှေကား လက်ဝဲတော်က ၂-တာ ကွာတွင် ရတနာဝေါတော်တင်ရန် ခိုင်ခဲ့သည့် မြေမှာ ဝေါတော်တင်စင်၊ လှေကားစောင်းတန်းပါ ဆောက်လုပ်ရသည်။ ၎င်းမြေနန်းမင်းတက်လှေကားကသည် နန်းမတော်ဆောင် ရောက် နှိုးကြော်ဖျာ, သင်ဖြူးအနားမွှမ်း, ကော်ဇော, ပိတ်ရမတီများကို ကောင်းမွန်လျောက် ပတ်ဖွယ်ရာအောင် တော်သင့်သူတို့ကို ကြီးကြပ်စေ၍ လက်ဆောင်ယူထိုက်သားတို့ ခင်းရသည်။

မြေနန်းသို့ တက်မိလျှင် ပူဇော်တော်မူရန် မြေနန်းမင်းတက်လှေကား လက်ယာတော်က ဝတ်သန့်, ဝတ်ကောင်း အပေါင်းအထုပ်နှင့် အတွင်းသား အဆောင်တော်မှူး ၂-တို့ ရွှေသားကလပ်နှင့် ပူဇော်တော်ပွဲ, ရွှေချကလပ်နှင့် ပူဇော်တော်ပွဲများကို စွဲကိုင်၍ အသင့်စောင့်နေရသည်။ တက်တော်မူမိလျှင် ရတနာ ၃-ပါး သမ္မာဒေဝနတ်များကို ဂုဏ်ပူဇော်ပွဲနှင့် ပူဇော်တော်မူသည်။ ဆဒ္ဒန်ဆင်မင်းသခင်၊ ဆင်ဖြူများရှင်၊ အသျှင်ဘဝရှင် မင်းတရားကြီးဘုရား လက်ယာခြေတော်ကို ချီ၍ ရွှေနန်းတော်ကို တက်သိမ်းတော်မူမည်-ရည်တော်မူလျှင် ဗောင်းကြီးညွှန့်သွယ် ဝတ်ကောင်း, နားတောင်း, အပေါင်းအထုပ်နှင့် ဘွဲ့ဖြူပုဆိုး ဆင်ယင်လျက် ဗိသုကာကြီး စောင်းတန်းဦးက နေ၍ "ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ရေမြေသခင် အသျှင်ဘဝရှင် မင်းတရားကြီးဘုရား အမိန့်တော်မြတ်နှင့်အညီ စီရင်လုပ်ဆောင်သည့် ရွှေနန်းတော်ကြီးသည် ခိုင်ခံ့ကြီးကျယ် သာယာလှသည်။ သာသနာတော်မြတ်စီးပွါး, ကိုယ်တော်မြတ်စီးပွါး, သားတော်အစဉ်, မြေးတော်အဆက်, မြစ်တော်အညွန့်၊ အခွန့်ရှည်စွာ, ပြည်သူလူတကာ သတ္တဝါတို့စီးပွါးကို တရားသဖြင့် ရွက်ဆောင်တော်မူနိုင်မည်၊ ဘုန်းတော်ကြီးမည်၊ သက်တော်ရှည်မည်၊ ဆင်ဖြူစကြာရတနာ ရောက်မည်၊ စကြ-ဝတေး မန္ဓာတ်မင်းတို့ကဲ့သို့ တန်ခိုး ၄-ပါး, ရတနာ ၇-ပါးနှင့် ပြည့်စုံတော်မူမည်။ တက်သိမ်းစံပယ်တော်မူဘုရား"ဟု မင်္ဂလာစကား လျှောက်ဆိုစေရသည်။

ပြာဟ္မဏမျိုး ပုဏ္ဏားရိုးစစ် ၈-ပါးပုဏ္ဏားလည်း မြေနန်း သတ္တဒါန်ဦးက ဆီးကြိုစောင့်နေ၍ ယခင်ရှေးကနည်း ဘုန်းတော်ကြီးရာ, သက်တော်ရှည်ရာသော မင်္ဂလာစကားကို လျှောက်ဆိုပြီးလျှင် လက်ယာလက်တော်ကို မ၍ တင်စေရသည်။

ရာဇပလ္လင် ဥကင်တော်ရှေ့ ဆောင်တော်ဦးက ဝတ်သန့်, ဝတ်ကောင်း, အပေါင်းအထုပ်နှင့် ရတုဆိုသူ စောင့်နေ၍ မင်္ဂလာရတုပိုဒ်စုံများကို လျှောက်ဆိုစေရသည်။ ပြာသာဒ်တော် မာရဘင်အတွင်း ဘုန်းတော်ကြီးရာ, သက်တော်ရှည်ရာသော မင်္ဂလာစကားကို လျှောက်ဆို၍ မင်းသမီးတို့ တီးရန် ငွေမောင်း, ငွေသံလွင်, လက်ရိုက်, လက်ခတ်များကို ခုံတန်းနှင့် အသင့်ဆွဲထားရသည်။ ငွေမောင်း အချိန် ၅-သားလုပ်-၁၊ ငွေသံလွင်အချိန် ၇၅-လုပ်-၁၊ တက်တော်မူမိလျှင် ၅-ချက် တီးခတ်စေရသည်။

ပြာသာဒ်တော် ရာဇပလ္လင်ရှေ့တွင် ခုံဆောင်း ပန်လှတိုင်တန်နှင့် ပိတ်တွင် နန်းဦးသဏ္ဌာန်, လွှတ်တော်သဏ္ဌာန်, ပိဋကတ်တိုက်သဏ္ဌာန်-ဟူသော ပါဒနက်သန်တွင် ပါသောအိမ်မွန်၊ သီရိဝစ္ဆမင်္ဂလာကို ရည်၍ အသင့်ဆွဲထားပြီးလျှင် တက်တော်မူသည့်ကာလ ပုဏ္ဏားပညာရှိတို့ကို ပူဇော်စေရသည်။ ဝိနည်းကျမ်းဂန်၌လာသော မင်္ဂလာ ၈-ပါးတွင် အရာနှင့်လျော်စွာ သီရိဝစ္ဆမင်္ဂလာကို ပူဇော်ခြင်း ထုံးစံဖြစ်သည်။

ရာဇပလ္လင်တော် လက်ပြင်က ဗောင်းဖြူ အင်္ကျီခါသာရွှေမော်ကဲ၊ စမွယ်တင်၊ ပုဆိုးစက်နားတပ် ဝတ်ဆင်ပေါင်းထုပ်လျက် ခရုသင်းကိုယ်စီ စွဲကိုင်ပြီးလျှင် ဘိသိက်တော်ပန်း, ဘိသိက်တော်ရေများနှင့် ဘိသိက်ဆက် ၈-ပါးပုဏ္ဏားတို့ အသင့်စောင့်နေ၍ ဘိသိက်တော် ဆက်ရသည်။ ၎င်းပုဏ္ဏားတို့ဆက်သည့် ဘိသိက်ပန်း,ရေများကို ရာဇပလ္လင်တော်လက်ဝဲ, လက်ယာက ရွှေသားကလပ်, ရွှေသားဖလားနှင့် အဆောင်တော်မြဲတို့ ဝတ်သန့်,ဝတ်ကောင်း အပေါင်းအထုပ် ဆင်ယင်၍ အသင့်စောင့်နေ ခံယူဆက်သရသည်။

မြေနန်းတော်သို့ တက်တော်မူမိလျှင် သမ္မာဒေဝနတ်များကို ကြဖြန်းပူဇော်တော်မူရန် ရွှေခဲ-၁ဝ၊ ငွေခဲ-၁ဝ၊ ကျောက်သံပတ္တမြား, ပုလဲ, သန္တာ လုံးရေ ၁ဝ-စီများကို ရွှေသားကလပ်နှင့်ထည့်၍ အစောင့်တော်မြဲတို့ အသင့်စောင့်နေ ဆက်သရသည်။ ၎င်းရတနာများဖြင့် ကြဖြန်းပူဇော်တော်မူသည်။ ထမင်းမိုးလည်း တပြိုင်နက် တချက်တည်း ရွာစေရသည်။ ကောင်းပင်စည်ထမင်း ၅ိ-ချက်, ပြာသာဒ်တော် မာရဘင်အတွင်းတွင် မုနောလင်ပန်း, ရွှေသန္ဓေ, ရွှေခွက်, ရွှေဇွန်းများနှင့် ထမင်းပွဲရုံ, ငါးခေါင်းမြီးစုံကြော်ပွဲ, မုန့်,ယို, အချိုပွဲစုံများကိုလည်း ခင်းကျင်းထားရသည်။

မြေနန်းတော် ရာဇပလ္လင်အောက်တွင် ရွှေခဲချိန်-၁ဝ၊ ငွေခဲချိန်-၁ဝ၊ သန္တာလုံးရေ-၁ဝ၊ ပတ္တမြားလုံးရေ ၁ဝ-များကို ခင်းကျင်းထားရသည်။

- မြေနန်းတော်လှေကား-၃၊ ပြာသာဒ်တော်လှေကား၊
- ရှေ့စနု လက်ဝဲ, လက်ယာ လှေကား၊ ဗြဲတိုက်တော်လှေကား၊
- ဇေတဝန်ဆောင် အနောက်မြောက် လှေကား၊
- တောင်ဒဝယ်, မြောက်ဒဝယ်လှေကား၊
- တောင်စမုတ်, မြောက်စမုတ် လှေကား၊
- ပွဲတက်ဆောင် လက်ဝဲ, လက်ယာလှေကားတော်များမှာ

လှေကား ၁-လျှင် ခါသာအုပ်-၂၊ အုန်းသီးခိုင်-၂၊ ငှက်ပျောပင်ရှင်-၂၊ ကြံပင်ရှင် ၂-စီ စိုက်ဆွဲထားရသည်။

ရွှေနန်းတော်ကြီး တက်သိမ်းစံပယ်တော်မူမည့် အခါတော်တိုင်ရောက်လျှင် ယခင်ရှေ့ကနည်း စီရင်သော မဟာသုဒဿနမင်းလမ်းဖြင့် ရွှေနန်းတော်ကို လက်ယာရစ်လှည့်၍-

- အရှင်မင်းတရားကြီးလက်တော်မှာ ရွှေပန်းခိုင်,
- အရှင်မိဖုရားကြီးလက်တော်မှာ ရွှေကြာခိုင်-

စွဲကိုင်တော်မူလျက် မြေနန်းစောင်းတန်းဦးသို့ ရောက်တော်မူသော် ယခင်ကနည်း ဗိသုကာကြီး မင်္ဂလာစကားကို လျှောက်ဆို၍ ပြာဟ္မဏပုဏ္ဏား လက်ယာလက်တော်ကို မ-ပြီးမှ ယခင်ဆိုခဲ့သော အပူဇော်အပသနှင့်တကွ မြေနန်းတော် မင်းတက်လှေကားကသည် ပြာသာဒ်ဆောင်တော်, ဇေတဝန်ဆောင်တော် လမ်းစဉ်အတိုင်း သင်ဖြူး, ကော်ဇော, ပိတ်ပုဆိုး ခင်းထားရှိသည့်အပေါ်သို့ ရွှေစက်တော်မြတ် ဖြန့်တော်မူ၍ ရွှေနန်းတော်ကျက်သရေတိုက် သလွန်တော်ရောက် ကြွတော်မူသည်။

ကျက်သရေတိုက်သလွန်တော် အပါးတွင်–

- ပွဲတော်ထမင်းအိုး-၁၇၀၊ ငရင်းဟင်းအိုး-၁၇၀၊
- ရွှေသပြာ ၂၅၀-လုပ် မုနောလင်ပန်း၊ - ၁၂၂-သပြာစီလုပ် ရွှေကြက်၊
- ငရင်းငွေကြက်၊ - ၁၀-သပြာစီလုပ် ရွှေငါးကြင်း၊
- ငရင်းငွေငါးကြင်း၊ ငရင်းရွှေမုန့်, ငရင်းငွေမုန့်၊
- ၈-သပြာစီလုပ် ရွှေငါးရံ့၊ ငရင်းငွေငါးရံ့၊
- ၇-သပြာစီလုပ် ရွှေပုစွန်ထုပ်, ငရင်းငွေပုစွန်ထုပ်၊
- ၂၆-သပြာစီလုပ် ရွှေဝမ်းဘဲ, ငွေဝမ်းဘဲ၊
- ရွှေစားပွဲ, ငွေစားပွဲ၊ ရွှေသင်ဖြူး, ငွေသင်ဖြူး၊
- ရွှေသောက်ရေတင်, ငွေသောက်ရေတင်၊ - ရွှေဖထိုင်, ငွေဖထိုင်၊
- ရွှေမျက်နှာကြက်, ငွေမျက်နှာကြက် –

စုံလင်အောင် ခင်းကျင်း၍ ရွှေတင်းတိမ်, ငွေတင်းတိမ် ကာရသည်။ အမြိန်အရသာကိုလည်း-

- ရွှေကြက်, ငွေကြက်၊ ရွှေဝမ်းဘဲ, ငွေဝမ်းဘဲ၊
- ရွှေငါးကြင်း, ငွေငါးကြင်းများမှာ သွတ်၍–

မုနောလင်ပန်းနှင့် တင်ရသည်။ ပြည့်စုံလျှင် မင်း,မိဖုရား အသျှင် ၂-ပါး ပွဲတော်မတည်မီ နံ့ဖြိုဟ်သင့်ရာ ဘုရားကိုလည်း တင်လှူတော်မူသည်။ ဖြဟ္မာ, သိကြား, ထီးချက်စောင့်နတ်, ရွှေနန်းတော်စောင့်နတ်, ရွှေမြို့တော်စောင့်နတ်များကိုလည်း ပသတော်မူသည်။ နန်းဦး, နန်းပြင်သို့လည်း ကြွတော်မူသည်။ ပြီးလျှင် ရှေးဦးစွာ ကြောင် ၂-ခု*(ကောင်)*ကို ကျွေးတော်မူသည်။

ထို့နောက် ၁-နာရီခြားတွင် လူ ၂-ယောက်ကို စားစေတော်မူသည်။ ထို့နောက် ၁-နာရီကြာမှ အသျှင် ၂-ပါး ပွဲတော်တည်တော်မူသည်။ ထို့နောက် မင်းညီ,မင်းသား မှူးတော်, မတ်တော်တို့ကို ဝလင်စွာ ကျွေးမွေးတော်မူသည်။ ရွှေမြို့တော်ကြီး အတွင်း,အပြင်ရှိသော စေတီ, ပုထိုး, ရုပ်တု, ဆင်းတု, အရိယာသံဃာတို့အားလည်း ကြီးစွာသောအလှူကို စီရင်တော်မူ၍ ရက်လည်အောင် လှူတော်မူသည်။

တိုင်းနိုင်ငံတော်အတွင်း၌ရှိသော စေတီ, ပုထိုး, ဘုရား, အရိယာသံဃာ, သီလဝန်, ဂုဏဝန်တို့အားလည်း ပရိက္ခရာ ၈-ပါး လှူတော်မူရန်များကို ဆင့်ဆိုပေးအပ်၍ လှူစေတော်မူသည်။ ရွှေနန်းတော်ကြီး တက်သိမ်းစံပယ်တော်မူ၍ ၃-ရက်မြောက်လျှင် သီရိပဝေသနာ မဟာဥကင်္ဆဖွင့်တော်မူမည့် အခမ်းအနားများကို ဆင့်ဆိုမြဲ ဆင့်ဆိုစီရင်၍ ကျက်သရေသွင်း သီရိပဝေသနာ မဟာဥကင်္ဆ ဖွင့်တော်မူသည်။ မဟာဥကင်္ဆ ဖွင့်တော်မူသည်တွင်မှ မင်းညီ,မင်းသား၊ မှူးတော်,မတ်တော်၊ ရာထမ်း,မှုထမ်း၊ သူရဲ,သူခက်၊ ဆင်တော်, မြင်းတော်များကို ဘွဲ့အမည် သနားတော်မူသည်။

## ဘွဲ့မည်မရ ကျန်သသူများကို ဘွဲ့အမည်ပေးခြင်း

မဟာဥကင်္ဆ ဖွင့်တော်မူသည့်နောက် ၇-ရက်အတွင်းတွင် အခါတော်ရသနေ့ ထွက်၍ လွှတ်တော်သိမ်းတော်မူသည်။ ဘွဲ့အမည်မရ ကျန်သူများကိုလည်း ဘွဲ့အမည်သနားတော်မူသည်။ လွှတ်တော်သိမ်း ထွက်တော်မူသည့်နောက် ၇-ရက်အတွင်းတွင် အခါတော်သင့်သနေ့ ထွက်တော်မူ၍ ဗြဲတိုက်တော် သိမ်းတော်မူသည်။ ဘွဲ့အမည်မရ ကျန်သူများကိုလည်း ဘွဲ့အမည် သနားတော်မူသည်။ ဗြဲတိုက်တော်သိမ်း ထွက်တော်မူသည့်နောက် ၇-ရက်အတွင်းတွင် အခါတော်ကောင်းသနေ့ ထွက်တော်မူ၍ ရွှေမြို့တော်ကြီး သိမ်းတော်မူသည်။

ရွှေမြို့တော်သိမ်း ထွက်တော်မူသည့်နောက် ကောင်းမြတ်သောအခါတော် ပြည့်စုံသနေ့ ပိဋကတ် ၃-ပုံက စ၍ ပေထက် ရေးတင်စေတော်မူသည်။ နေ့နံတော်သင့်ရာအရပ်တွင် တန်ဆောင်း ၃-ထပ် ဆောက်လုပ်၍ သဘင်တော်စုံနှင့် စ၍ ရေးသားရသည်။ ၇-ရက်လည်မှ ပိဋကတ်တိုက်တော်မှာ အမြဲရေးသားရသည်။ မုဒ္ဓါဘိသိက်ခံတော်မူ၍ ရွှေနန်းတော်ကြီး တက်သိမ်းစံပယ်တော်မူသည့်နောက် လွှတ်တော်, ဗြဲတိုက်တော်, ရွှေမြို့တော်သိမ်း ထွက်တော်မူပြီးလျှင် သာသနာတော်ရေး ပိဋကတ်မှုကို စ၍ ရေးသားစေတော်မူသည်။ ထို့နောက် တိုင်းရေးပြည်မှုများကို တရားနှင့်အညီ ရွက်ဆောင်ပြုစုတော်မူသည်။ ဤအရာများမှာ စာတမ်း,ရာဇဝင် အထင်အရှားရှိလေပြီ။

ဤတွင်ရွှေ့. ရွှေနန်းတော်ကြီး တက်သိမ်းစံပယ်တော်မူသောအစီအရင် ပြီး၏။

* * * * * *

## *စ – အလောင်းမင်းတရား၏ ဘိုး, ဘေး, ဘီ, ဘင် အစဉ်အဆက်

ဘုရား ၅-ဆူတို့ပွင့်ရာ ဤဘဒ္ဒကပ်ကမ္ဘာ၏အစ ဝိဝဋ္ဋဋ္ဌာယီကပ်၏အဦး၌ ပြဟ္မာ့ပြည်က ဥပပတ်ဖြစ်လာသော လူတို့မှ ၄-ဆက်မြောက်သော လူတို့လက်ထက် မတရားသောအမူအရာ ထင်ရှားစွာ ဖြစ်သောကြောင့် ထိုမတရားသော အမူအရာကို ပယ်ဆုံးမ ကံမြစ်စိမ့်သောငှာ–

- ပြဟ္မာ့ပြည်က ဖြစ်လာသော လူ၏သား မရိစိ၊ ၎င်းသား-
- ကဿပ၊ ၎င်းသား- - အသိတျ၊ ၎င်းသား
- မနု —

မည်သော ၄-ဆက်မြောက်သောသူကို ခရုသင်း ၃-လုံးဖြင့် မုဒ္ဒါဘိသိက်သွန်း၍ မင်းမြှောက်ကြသည်တွင် မဟာသမ္မတမင်း-ဟု လက်ဦးမူလအစစွာ မင်းဖြစ်ကြောင်းကို အဂ္ဂညသုတ် အဋ္ဌကထာ၊ နရသီဟပုရာဏ်-စသော သာသနာကျမ်း, လောကီကျမ်း အထင်အရှားရှိသည်။

ယင်းသို့ ကမ္ဘာဦးကဖြစ်သော မဟာသမ္မတမင်းမှစ၍ အသင်္ချေ မရေတွက်နိုင်သော မျိုးတူမျိုးခြား၊ မင်းဆက်, မင်းချုပ်၊ မင်းအပေါင်းတို့တွင် သုဒ္ဓေါဒန၊ သိဒ္ဓတ္ထကုမာရမင်းတို့ မျိုးတူမျိုးဆက် တချက်တည်းကိုသာ ရွေးကောက်ပေါင်းစု၍ သုံးသိန်း, သုံးသောင်း, လေးထောင်, ငါးရာ, ခြောက်ကျိပ်,ကိုး (၃,၃၄,၅၆၉)ယောက်သော သိဒ္ဓတ္ထကုမာရမင်းတိုင်အောင် မင်းအပေါင်းကို မဟာဝင်, မဟာဝံသဋီကာ-စသော ကျမ်းဂန် အထင်အရှားလာသည်။ ယင်းသည် မင်းအပေါင်းတို့တွင်လည်း ကပိလဝတ်ပြည်၌သာ ဆက်စိုးစံနေသော ရှစ်သောင်း, နှစ်ထောင်, တစ်ကျိပ်,သုံး(၈၂,၀၁၃)ယောက်သော မင်းတို့ကို သာကီဝင်မင်းမျိုး-ဟူ၍ ပဗ္ဗဇ္ဇသုတ်, သက္ကပဥ္ဟအဘိဓာန်-စသော သာသနာကျမ်း, လောကီကျမ်းများတွင် အထင်အရှားပြသည်။

ယင်းသို့ပြသော သာကီဝင်မင်းမျိုးတို့အနက်က ဇမ္ဗူဒီပဓဇမင်းသည် ဂေါတမဘုရား ပွင့်တော်မမူမီ နှစ် ၃၀၀-ကျော်ကာလတွင် သင်းတွဲအရပ်သို့ ပြောင်းလာ၍ တကောင်းပြည်ကို တည်ထောင်ပြုစုသည်။ သတ္တဝ-ဟု ရှေးဆရာတို့ မာဂဓပေါင်၌ ဖွဲ့စီသည်နှင့်အညီ အစွမ်းသတ္တိရှိသောကြောင့် သတိုး-ဟု ခေါ်ဝေါ်သည်။ တိုင်းပြည်အသစ်ရသောကြောင့် သတိုးတိုင်းရ-ဟူ၍လည်း တွင်သည်။ ၎င်းသတိုးတိုင်းရ ဇမ္ဗူဒီပဓဇမင်းမှ စ၍ တကောင်းမင်းရိုးသတိုး ၇၇-ဆက် ဖြစ်ပွါးကြောင်းကို မင်းစဉ်ရာဇဝင် အထင်အရှား ဆိုသည်။

ယင်းသည် တကောင်းမင်းရိုး သတိုး ၇၇-ဆက်တွင် သတိုးမင်းကြီး၏ သားဖြစ်သော မဟာသမ္ဘဝ, စူဠသမ္ဘဝမင်းက စ၍ မျက်စိ ၃-ခု အတုမဲ့ခေါင် ဒွတ္တပေါင်မင်းတို့ အဆက်အနွယ် ပုဂံပြည်ကို တည်ထောင်သော သမုန္ဒရာဇ်မင်းကသည် ၄၉-ဆက်မြောက် ဆင်ဖြူများသခင်၊ အောင်စကြာရှင် အရိမဒ္ဒနာစည်သူမင်းကြီး နောက်သားတော် ဇေယသိခ်မင်း ဖြစ်ကြောင်းကို ဗောဓိဝင်ဋီကာတွင်လာသော ဇေယသိခ်မင်း၏ နှမတော်အရင်း စည်သူမင်းကြီး၏ သမီးတော်အစစ် ကျောင်းတော်သည်နှင့် အလောင်းစည်သူမင်းကြီး၏ မြေးတော်အရင်း မင်းယဉ်နရသိခ်၏ သားတော်အစစ် အနန္တသူရိယကို စည်သူမင်းကြီး စုံဖက်တော်မူကြောင်းကို ရာဇဝင်များတွင် အထင်အရှား ထားသည်။

ယင်းသို့ စုံဖက်တော်မူသည်တွင် ဖွားမြင်သော သားတော် မင်းသိဒ္ဓိကာမှစ၍ သားစဉ်မြေးဆက် မပြတ်လာသော-

- ဘဲကြီးရတနာ, ဘဲငယ်ရတနာ,
- လမ္ဘူးရန္တသူ, ပေါက်မြိုင်မင်းပုလဲ,
- ငမြန်စေဒီယာ, မိုးညင်းမင်းတရား၊
- ဝပါနေဘ်ရထာ, မြောက်ဘက်နေဘ်ရထာကသည် -
- မင်းကြီး မင်းစစ်နိုင်, မင်းကြီးသီရိမဟာဓမ္မရာဇာတိုင်အောင်

၁၇-ဆက်သော ဆွေစဉ်မျိုးဆက်အားဖြင့် ကမ္ဘာဦးက မဟာသမ္မတမင်း၏ အရိုက်အရာ၊ သတိုးတိုင်းရ ဇမ္ဗူဒီပဓဇမင်း၏ အမျိုးအရိုး၊ သီရိခေတ္တရမြို့တည် ဒွတ္တပေါင်မင်း၏ အဆက်အနွယ် အလောင်းစည်သူ၊ နရပတိစည်သူမင်း၏ သား,မြေး,မြစ်ဆင်းသက်၍ အာဒိစ္စဝံသအသမ္ဘိန္နခတ္တိယစင်စစ်မှန်သော ရတနာသိယ်မြို့တည်,နန်းတည် အလောင်းမင်းတရားကြီး၏ မြစ်တော်အညွန့်လည်း ဖြစ်တော်မူသော-

သားတကာကို အာဏာထန်ပြင်း ရဲရင့်ခြင်းဖြင့် နှိမ်နင်းနိုင်သော ကေသရာဇာခြင်္သေ့မင်းနှင့် တူသော မဟာဇေယပူရ မြို့တည်,နန်းတည် မင်းတရားကြီး၊ ရေနတ်နဂါး, ရန်သူများကို စွမ်းအားပြင်းဟုန် တုန်လှုပ်စေနိုင်သော ဂဠုန်ငှက်မင်းနှင့် တူသော တတိယရတနာပူရ မြို့တည်,နန်းတည် မင်းတရား၏ မြေးတော်အဆက်လည်း ဖြစ်တော်မူသော-

အလွန်ထူးမြတ်သော ဘုန်း, လက်ရုံး, အာဏာ, ပညာ, လုံ့လ, သရီရသော အင်္ဂါ တန်ခိုးကျက်သရေအပေါင်းဖြင့် လူ့ပြည်မဆန့်၊ နတ်ပြည်နှံ့မျှ ထွန်းလင်းတင့်တယ်သော-

ပညာမျက်စိ အမြင်တစ်ထောင်ဆောင်သော သိကြားနတ်မင်း, နေမင်း, လမင်းနှင့် တူသော-

အမရပူရမြို့တည်, နန်းတည် လှေ့ကစကြာအသျှင်, ဆဒ္ဒန်ဆင်မင်းသခင်, ဆင်ဖြူများရှင် မင်းတရားကြီးဘုရား၏ မြေးတော်အရင်းလည်း ဖြစ်တော်မူသော–

သတ္တိ ၃-ပါး, သင်္ဂဟ ၄-ပါး, အား ၅-ပါး, နာယကဂုဏ် ၆-ပါး, အပရိဟာနိယ ၇-ပါး, ရာဇဓမ္မ ၁၀-ပါး, စကြာမင်းတို့ ကျင့်ဝတ် ၁၂-ပါး-စသော ကျေးဇူးတရားအပေါင်းဖြင့်လည်း တင့်တယ်တော်မူသော–

ရဟန်း,ရှင်,လူ ပြည်သူပြည်သား သတ္တဝါများကို ရင်ဝယ်သားကဲ့သို့ သနားကြင်နာချစ်ခင်မြတ်နိုးခြင်း ရှိတော်မူသဖြင့် ဇာတိတော်ကပါသော ဗြဟ္မဝိဟာရ ဗြဟ္မစိုရ်တရား ၄-ပါးနှင့်လည်း အထူးအပြား အထင်အရှား ပြည့်စုံတော်မူသော–

ဘုန်းလက်ရုံး, အာဏာတန်ခိုး, ကျက်သရေ အရောင်အဝါဖြင့်လည်း နေမင်း,လမင်းကဲ့သို့ ထွန်းလင်းတော်မူသော–

စိန့်တိုင်း၊ တရုတ် တရက်ပြည်, အာသံတိုင်း၊ ရောက်ဝွတ်ပြည်, ဝဇ္ဇီတိုင်း၊ ဝေသာလီပြည်, ကာသိတိုင်း၊ ဗာရာဏသီပြည်, အင်္ဂပတ်တိုင်း၊ ကောသာရီပြည်, သီဟိုဠ်ပြည်, အစည်, မာလကာ, ဂီတာပြည်, ယွန်းကြီး, ကျော်ကသည်, မျက်နှာမည်းပြည်-စသော အတိုင်းတိုင်း, အပြည်ပြည် အကျွန်းကျွန်းမင်းတို့က ဆင်ကြီး,မြင်းကြီး၊ သမီးကညာ၊ ပဏ္ဏာကာရ ဆက်သလာသဖြင့် ရွှေဖဝါးတော်မြတ်အောက် ပျပ်ဝပ်ရိုညွတ် ခယကြ၍ ရာဇပြေကတော့ ရရှင် ၇-ပါးလည်း အပြည့်အစုံ ရှိတော်မူသော–

အထူးထူးသော တိုင်းကြီး, ပြည်ကြီး ထီးဆောင်းမင်းများသခင် ရွှေတွင်း, ငွေတွင်း, ပတ္တမြားတွင်း, ပယင်းတွင်း-စသော ရတနာအပေါင်းတို့၏ အရှင်၊ လှေ့ကစကြာအသျှင်၊ ဆဒ္ဒန်ဆင်မင်းသခင်၊ ဆင်ဖြူများရှင်၊ ဘဝရှင်မင်းတရားကြီးဘုရားသည်–

ဘိုးတော်စကြာမင်း၏ အရိုက်အရာကို ဆက်ခံသော မဂ္ဂဖိုးမင်းဆက် ရှစ်သောင်း, လေးထောင်(၈၄,၀၀၀)၊

ဘိုးတော် ထီးလှိုင်ရှင်မင်းကြီး၏ အရိုက်အရာကို ဆက်ခံသော အလောင်းစည်သူမင်းတို့ကဲ့သို့ အမရပူရ မြို့တည်, နန်းတည်, လှေ့ကစကြာအသျှင်၊ ဆဒ္ဒန်ဆင်မင်းသခင်၊ ဆင်ဖြူများရှင်၊ ဘိုးတော်မင်းတရားကြီး၏ အရိုက်အရာကို ဆက်ခံတော်မူ၍ ကောဇာသက္ကရာဇ် ၁၁၈၁-ခု၊ သာသနာတော် ၂၃၆၃-ခု၊ နယုန်လဆန်း၊ ၁၃-ရက်နေ့ ရွှေနန်းရွှေတောင်တက်တော်မူပြီးလျှင်–

မောရိယသာကီဝင်မင်းရိုးဖြစ်သော သီရိဓမ္မာသောကမင်းသည် ထိုမောရိယသာကီဝင်မင်းမျိုးပင်ဖြစ်သော အသန္ဓိမိတ္တာမိဖုရားနှင့် ဘိသိက်ဥကင် ဖွင့်ကြောင်းကို

ကျမ်းဂန်ဆိုသည့်အတိုင်း ပင်းယ ငါးစီးရှင် မြစ်တော်၊ မိုးညင်းမင်းတရား အဆက်အနွယ် ရတနာမဉ္ဇူဒါယကာ ပြည်စုန်မင်းတရား သမီးတော်ဖြစ်သော စောမင်းထွတ်၏ သားတော် တပယင်း(ဒီပဲယင်း)မင်းကြီးက ဆက်နွယ်သဖြင့် ယခင်က ပြခဲ့သော အာဒိစ္စဝံသအသမ္ဘိန္န-ခတ္တိယ စင်စစ်မှန်သော–

သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရီဩတ္တပ္ပ-စသော မိဖုရားမြတ်တို့၏ လက္ခဏာ ကလျာ ၅-ပါးနှင့် ပြည့်စုံတော်မူသော အသျှင်မိဖုရားခေါင်ကြီးနှင့်တကွ ၎င်းသက္ကရာဇ် တန်ဆောင်မုန်းလဆန်း၊ ၁၅-ရက်နေ့ ထီးဆောင်းမင်္ဂလာ မဟာဥကင်သ ဖွင့်တော်မူပြီးမှ ကမ္ဘာဦးက ပဒုမ္မစန္ဒသူရိယမင်း, ဝရဇာမင်း, ဝါသုဒေဝမင်းတို့လက်ထက် မြို့ကြီး, ပြည်ကြီး ဖြစ်ထွန်း၍ အကြိမ်များစွာ ရတနာမိုးကြီး ရွာရာဖြစ်သော–

ကဿပ, ကောဏာဂုံ, ကကုသန်၊ ဘုရား ၃-ဆူတို့ သာသနာတော် တည်ထွန်းရာ ဖြစ်သော တို့ဆရာ ဂေါတမမြတ်စွာဘုရားသည်လည်း "သာသနာတော်မြတ် တည်ထွန်းရာ မဟာရာဇဌာနီပြည်ကြီး ဖြစ်လတ္တံ့"ဟူ၍ ဗျာဒိတ်တော်ထားရာဖြစ်သော စိန္တာမဏိကျမ်းလာ မြို့ရာမြေပုံ ၁၆-ပါးတွင် ပြိဟန္ဒူစ ခြသေ့်မင်း ပုံသဏ္ဌာန်ရှိသော ဧရာဝတီ၊ ဒုတ္တာဝတီ၊ နဒီယှက်ဆုံ၊ သန်လျက်ခုံထက်၊ ရတနာပူရ ရွှေဝမြို့ကြီးကို သိုက်, ဓာတ်, နိမိတ်၊ ဗျာဒိတ်တော် နှင့်အညီ ရွှေနန်း,ရွှေဘုံ-စသော အကြွင်းမဲ့ အလုံးစုံ အဆောက်အအုံများနှင့်တကွ တည်ထောင်ပြုစုတော်မူပြီး၍ အမြင်တစ်ထောင်ဆောင်သော သိကြားနတ်မင်း၏ ဉာဏ် အမြင်နှင့်တူသော ရွှေဉာဏ်တော်ဖြင့် မုဒ္ဓါဘိသိက်ခံရာ, မင်းမြောက်ရာသော ထုံးစံအစီအရင် ကို ဆင်မြင်တော်မူသဖြင့် မင်းလောင်းမင်းလျာတို့ ကျင့်ဆောင်မြဲ အစဉ်ထုံးစံကို ကျောက်ထီး ကဲ့သို့ အလေးအမြတ်ပြုတော်မူလျက် မှန်ကင်း,တံခွန်ကဲ့သို့ စိုက်ဆောက်တော်မူ၍ မင်း သာမညတို့ မခံဝံ့, မခံထိုက်သော မုဒ္ဓါဘိသိက်ကို အမရပူရ မြို့တည်, နန်းတည် လွှက် (လက်နက်)စကြာအသျှင်, ဆဒ္ဒန်ဆင်မင်းသခင်, ဆင်ဖြူများရှင်, ဘိုးတော်မင်းတရားကြီး ဘုရားခံတော်မူသကဲ့သို့ မုဒ္ဓါဘိသိက် ခံတော်မူအံ့သောငှာ–

၁။ သမန္တပါသာဒိကာအဋ္ဌကထာ,
၂။ သီဟနာဒသုတ်အဋ္ဌကထာ,
၃။ သုမင်္ဂလဝိလာသိနီအဋ္ဌကထာ,
၄။ ပပဉ္စသူဒနီအဋ္ဌကထာ,
၅။ သာရတ္ထဒီပနီဋီကာ,
၆။ မဟာဝင်ဋီကာ,
၇။ သီလက္ခန်ဋီကာ,
၈။ ပါထေယျဝဂ်ဋီကာ-စသော သာသနာကျမ်း,
၉။ သကလာဘိသေက,
၁၀။ ရာဇာဘိသေက,
၁၁။ သရောဒယ-စသော လောကီကျမ်း၊

၁၂။ ပုဏ္ဏားတို့ဆက်သော သင်္ကရိုဋ္ဌအဘိသေကစာတမ်း၊

၁၃။ ရာမညတိုင်း မင်းတို့ ဘိသိက်ခံသော မွန်အဘိသေကစာတမ်း၊

၁၄။ ဟရိဘုဉ္ဇတိုင်း မင်းတို့ ဘိသိက်ခံသော ယွန်းအဘိသေကစာတမ်း၊

၁၅။ သုဓမ္မပူရမြို့ မင်းတို့ ဘိသိက်ခံသော သထုံအဘိသေကစာတမ်း၊

၁၆။ မြန်မာတိုင်းပြည် မင်းအဆက်ဆက် ဘိသိက်ခံသော မြန်မာအဘိသေကစာတမ်း၊

၁၇။ ဒိသာဇေယျစာတမ်း၊ ၁၈။ ရာဇမင်္ဂလာစာတမ်း၊

ဤ ၁၈-စောင်သော **အဘိသေကကျမ်း, စာတမ်းအစောင်စောင်ကို ၃-နှစ်ကျော်ပတ်**လုံး နှိုင်းညှိတိုက်ဆိုင်စေ၍ ယုတ္တာယုတ္တိသဘောသကန် ညီညွတ်သင့်မြတ်ရာ ရွေးချယ်စိစစ်လျက် မယိုမယွင်း၊ မယုတ်မလွန်၊ သင့်မြတ်မှန်ကန်စွာသော အစီအရင်ဖြင့် မုဒ္ဒါဘိသိက်ခံတော်မူသည်ကို သားတော်အစဉ်, မြေးတော်အဆက်, မြစ်တော်အညွန့်, အခွန့်ရှည်စွာနောက်နောင်ကာလမြင့်ရှည် မင်းအဆက်တိုင်အောင် ကမ္ဘာကျေလည်း ဥဒါန်းမကျေ အစဉ်ထုံးစံဖြစ်စေခြင်းငှာ အကျဉ်းအမြွက်မျှသာ ပေါင်းစုရေးသား၍ ကောဇာသက္ကရာဇ် ၁၁၈၅-ခု၊ သာသနာတော် ၂၃၆၇-ခု၊ **နယုန်လဆန်း၊ ၇-ရက်နေ့** ပြီးစီးပြည့်စုံ၏။

* * * * * *

*** ဆ – ယင်းသို့ ပြီးစီးပြည့်စုံသောအဖြစ်ကို ဥဒါန်းမော်ကွန်း ထွန်းစိမ့်သောငှာ ဤနိဂုံး ဂါထာကို ဆိုသတည်း။**

၁။ တမ္ဗဒီပဝှယေ ရဋ္ဌေ၊ ’နေကရဋ္ဌမကုဋ္ဌဇေ။
ရာဇဓာနီမဟာပူရံ၊ ရတနာပူရနာမကံ။ ။

၂။ အင်္ဂပစ္စင်္ဂသမ္ပန္နံ၊ ဟေမပါသာဒသောဘိတံ။
နာနာကုလသမာကူလံ၊ ဗုဒ္ဓသာသနဇောတနံ။ ။

၃။ ဖီတံ အာဠကမန္ဒာဝ၊ သုဒဿနံဝ ပါကဋံ။
ယထာတတ္ထိ ယထာဂန္ထံ၊ တတြ ကတွာ’ဘိသေစနံ။ ။

၄။ ရဇ္ဇံ ကာရေသိ ဓမ္မေန၊ သမေန ယော ယထာနွယံ။
အသမ္ဘိန္နာ’ဒိစ္စဝံသော၊ သိရာဒီသိရိလဋ္ဌနော။ ။

၅။ သဗ္ဗရာဇူနံ မကုဋ္ဌ-ကုဋ္ဌသယ်ဋ္ဌစာရဏော။
ပရမ္ပရာပဝတ္တာယ၊ တဿာ'ဘိသေကကာရဏံ။ ။

၆။ ရာဇမန္တီအမစ္စေန၊ တန္တိံ ကတွာန သာဓုကံ။
ဌပိတံ သန္တသီလေန၊ သစ္စဘူတတ္ထဝါဒိနာ။ ။

၇။ နေတ္တိဒ္ဓိကာ ကတာ ယေန၊ သီလက္ခန္ဓဋ္ဌိကာ သုဘာ။
တေနေဝါ'ယံ ကတာ တန္တိ၊ မုဒ္ဓါဘိသေကဒီပနီ။ ။

၈။ ယာဝ လောကေ သာဓုစမ္မော၊ တိဋ္ဌတေ ဓမ္မရာဇုသု။
တာဝ တိဋ္ဌတု ဧသာပိ၊ သစ္စဘူတတ္ထ ဒီပယံ။(မိဿကဝိပုလာ နိဂုံး ၈-ဂါထာ)

----- x -----

**၁။ တမ္ဗဒီပဝှယေ ရဋ္ဌေ'-နေကရဋ္ဌမကုဋ္ဌဇေ။**
**ရာဇဓာနီမဟာပူရံ၊ ရတနာပူရနာမကံ။ ။**

အနေကရဋ္ဌမကုဋ္ဌဇေ များစွာသော တိုင်းကားခရိုင် နိုင်ငံတို့၏ မကိုဋ်သဖွယ် ဖြစ်သော။ တမ္ဗဒီပဝှယေ၊ တမ္ဗဒိပ်-ဟူသည့် တိုင်းအမည်ဖြင့် ထင်ရှားသော။ ရဋ္ဌေ၊ မဟာ-ဝိသယ တိုင်းမတိုင်းကြီးထက်၌။ ရာဇဓာနီမဟာပူရံ၊ ရာဇဓာနီ မင်းနေပြည့်ကြီးသည်။ ရတနာပူရနာမကံ၊ ရတနာပူရ၊ ရွှေဝမြို့ကြီး အမည်ရှိ၏။

**၂။ အင်္ဂပစ္စင်္ဂသမ္ပန္နံ၊ ဟေမပါသာဒသောဘိတံ။**
**နာနာကုလသမာကူလံ၊ ဗုဒ္ဓသာသနဇောတနံ။ ။**

အင်္ဂပစ္စင်္ဂသမ္ပန္နံ၊ မင်းနေပြည်ကြီး၏ ဖွယ်ရာ အင်္ဂါကြီး,ငယ်နှင့် ပြည့်စုံ၏။ ဟေမ-ပါသာဒသောဘိတံ၊ ဝေဇယန္တာမင်္ဂလာ ရွှေနန်းပြာသာဒ်ဖြင့် တင့်တယ်၏။ နာနာကုလ-သမာကူလံ၊ အထူးထူးအပြားပြား များစွာသောလူမျိုးတို့ဖြင့် ပြွမ်း၏။ ဗုဒ္ဓသာသနဇောတနံ၊ ဘုရားသခင်သာသနာတော်မြတ် မပြတ်သန့်ရှင်း ထွန်းလင်းရာဖြစ်၏။

**၃။ ဖီတံ အာဋ္ဌကမန္ဒာဝ၊ သုဒဿနံဝ ပါကဋံ။**
**ယထာတန္တိံ ယထာဂန္ထံ၊ တတြ ကတွာ'ဘိသေစနံ။ ။**

အာဋ္ဌကမန္ဒာဝ၊ အာဋ္ဌကမန္ဒာမည်သည် ဝေဿဝဏ်နတ်မင်းပြည်ကဲ့သို့။ ဖီတံ၊ ဝပြောစည်ပင်စွာ၏။ သုဒဿနံ၊ သုဒဿနမည်သည် သိကြားပြည်ကဲ့သို့။ ပါကဋံ၊ ကျော်စော ထင်ရှားစွာ၏။ ယော မဟာဓမ္မရာဇာ၊ အကြင်မင်းတရားမြတ်သည်။ တတြ၊ ထိုရတနာပူရ၊

ရွှေဝပြည်ကြီး၌။ ယထာဂန္ထိ ကျမ်းဂန်နှင့် လျော်ညီစွာ။ ယထာတန္တိ စာတမ်းထုံးစံလာရှိတိုင်း။ အဘိသေစနံ၊ မုဒ္ဒါဘိသိက်ခံခြင်းကို။ ကတွာ၊ ပြုတော်မူ၍။

၄။ ရဇ္ဇံ ကာရေသိ ဓမ္မေန၊ သမေန ယော ယထာ'နွယံ။
အသမ္ဘိန္နာ'ဒိစ္စဝံသော၊ သိရာဒီသိရိလဉ္ဆနော။ ။

ယထာ'နွယံ၊ မင်းစဉ်မင်းဆက်အလျောက်။ ဓမ္မေန၊ တရားနှင့်။ သမေန၊ ညီသဖြင့်။ ရဇ္ဇံ မင်းအဖြစ်ကို။ ကာရေသိ၊ ပြုတော်မူ၏။ အသမ္ဘိန္နာ'ဒိစ္စဝံသော၊ အသမ္ဘိန္နခတ္တိယ၊ အာဒိစ္စဝင်၊ မင်းစင်မင်းစစ် ဖြစ်တော်မူ၏။ သိရာဒီသိရိလဉ္ဆနော၊ ကျက်သရေကို ဟောသော သိရီ-သဒ္ဒါ၊ အစစွာတည်သော ပညာ, ပုညသရီရ၊ သောဘဂ္ဂ-စသော ကျက်သရေကို ပွါးစေတတ်သော တံဆိပ်နာမံ ရှိတော်မူ၏။

၅။ သဗ္ဗရာဇူနံ မကုဋ-ကုဋ္မသယ်ငုစာရဏော။
ပရမ္ပရာပဝတ္တာယ၊ တဿာ'ဘိသေကကာရဏံ။ ။

သဗ္ဗရာဇူနံ၊ ခပ်သိမ်းသောမင်းတို့၏။ မကုဋကုဋ္မသယ်ငုစာရဏော၊ မကိုဋ်အထွဋ်ဖြင့် ဦးခိုက်ပျပ်ဝပ်အပ်သော ရွှေဖဝါးတော်မြတ်ရှိတော်မူ၏။ တဿ မဟာဓမ္မရာဇဿ၊ ထိုမင်းတရားမြတ်၏။ အဘိသေကကာရဏံ၊ မုဒ္ဒါဘိသိက်ခံတော်မူသော အကြောင်းအရာကို။ ပရမ္ပရာပဝတ္တာယ၊ မင်းအဆက်ဆက် အစဉ်ထုံးစံ ဖြစ်စေခြင်းငှာ။

၆။ ရာဇမန္တီအမစ္စေန၊ တန္တိံ ကတွာန သာဓုကံ။
ဌပိတံ သန္တသီလေန၊ သစ္စဘူတတ္ထဝါဒိနာ။ ။

သာဓုကံ၊ ကောင်းမွန်စွာ။ တန္တိံ ကတွာန၊ မုဒ္ဒါဘိသေကစာတမ်းပြု၍။ သန္တသီ-လေန၊ သူတော်ကောင်းတို့ ပြကတေ့အကျင့်ရှိသော။ သစ္စဘူတတ္ထဝါဒိနာ၊ ဟုတ်မှန်စွာသော အကြောင်းအရာကို ဆိုလေ့ရှိသော။ ရာဇမန္တီအမစ္စေန၊ မင်းတိုင်ပင်အမတ်သည်။ ဌပိတံ၊ ဖွဲ့စီရေးသား ထားအပ်ပြီ။

၇။ နေတ္တိဂ္ဂိကာ ကတာ ယေန၊ သီလက္ခန္ဓဋီကာ သုဘာ။
တေနေဝါ'ယံ ကတာ တန္တိ၊ မုဒ္ဒါဘိသေကဒီပနီ။ ။

ယေန၊ အကြင်ဆရာသည်။ သုဘာ၊ ကောင်းမွန်တင့်တယ်သော။ နေတ္တိဋီကာ စ၊ နေတ္တိဋီကာသစ်ကိုလည်းကောင်း။ သီလက္ခန္ဓဋီကာ စ၊ သီလက္ခန်ဋီကာသစ်ကိုလည်းကောင်း။ ကတာ၊ စီရင်လေပြီ။ တေနေဝ၊ ထိုဆရာသည်ပင်လျှင်။ မုဒ္ဒါဘိသေကဒီပနီ၊ မုဒ္ဒါဘိသိက် အစီအရင်ကို ပြရာ ပြကြောင်းဖြစ်သော။ အယံ တန္တိ၊ ဤမုဒ္ဒါဘိသေကစာတမ်းကို။ ကတာ၊ ဖွဲ့စီရေးသား ထားပါသတည်း။

၈။ ယာဝ လောကေ သာဓုဓမ္မော၊ တိဋ္ဌတေ ဓမ္မရာဇုသု။
တာဝ တိဋ္ဌတု ဧသာပိ၊ သစ္စဘူတတ္ထ ဒီပယံ။

ယာဝ၊ အကြင်မျှလောက် ကာလပတ်လုံး။ သာဓုဓမ္မော၊ သူတော်ကောင်းတို့တရားသည်။ လောကေ၊ ဤလောကဝယ်။ ဓမ္မရာဇုသု၊ မင်းတရားတို့၌။ တိဋ္ဌတေ၊ တည်၏။ တာဝ၊ ထိုမျှလောက် ကာလပတ်လုံး။ ဧသာပိ၊ ဤမုဒ္ဒါဘိသေကစာတမ်းသည်လည်း။ သစ္စဘူတတ္ထံ၊ ဟုတ်မှန်စွာသော အကြောင်းအရာကို။ ဒီပယံ၊ ထင်ရှားပြလျက်။ တိဋ္ဌတု၊ တည်ပါစေသတည်း။

၁၁၈၅-ခု၊ နယုန်လဆန်း၊ ၇-ရက်၊ ၆-ကြာနေ့၊ နံနက် ၁-ချက်တီးကျော်၊ ၄-မောင်းအချိန်တွင် ပုရပိုက်ထက် ရေးသားတင်ထား၍ ပြီးသည်။

* * * * * *

* ၉ – ဘိသိက်ခံတော်မူသည့်မှ စ၍ ရွှေနန်းတော်ကြီး တက်သိမ်းစံတော်မူသည် တိုင်အောင် ဘိသိက်နန်းတော်ပတ်လည် အရပ် ၈-မျက်နှာ၊ နမက္ကာဘက်, ဓာတ်ဘက် ဆင်,မြင်း၊ သူရဲသူခက် ခင်းကျင်းရန် ထားသည့်ဇယားစာရင်း

ဘိသိက်နန်းတော် အရှေ့မျက်နှာ လက်ဝဲတော်က ခင်းကျင်းရန် နမက္ကာဘက်ဆင်,မြင်း-

- ချက်လုလင် ဆင်-၁၊ စီးလူ ကျော်စောင်ရဲလှ၊
- ဆင်မ လှပန်းရုံး-၁၊ စီးလူ လက်ဝဲကျော်၊
- မြင်းထီး နတ်ကောင်းကင်လေယာဉ်-၁၊ စီးလူ ကျော်ခေါင်ရဲလှ၊
- ၎င်းသင်းခွေမ လေယာဉ်ကျော်-၁၊ စီးလူ ဝေလုကျော်ခေါင်၊ ပေါင်း-၄။

၎င်းလက်ယာတော်က ခင်းကျင်းရန် ဓာတ်ဘက် ဆင်,မြင်း-

- ဥပေါ်ထွတ်တင် ဆင်-၁၊ စီးလူ ဥဒိန်နန္ဒ၊
- ဆင်မနန်းတော်ဦး-၁၊ စီးလူ နာဂရန်အောင်၊
- မြင်းထီးနတ်ယာဉ်အောင်-၁၊ စီးလူ နရာရန်အောင်၊
- မြင်းမ အောင်ပန်းစံတင်-၁၊ စီးလူ ဣန္ဒကျော်ထင်၊ ပေါင်း-၄။

အရှေ့တောင်ထောင့်က ခင်းကျင်းရန် နမန္တာဘက် ဆင်, မြင်း–

- ဇမ္ဗူဒိပ် ဆင်-၁၊ စီးလူ ဇေယသူ၊
- ဆင်မ စံသူဇာ-၁၊ စီးလူ သူရသာစည်၊
- မြင်းထီး ဖောင်းဝတ်စံကျော်ရည်သာ-၁၊ စီးလူ စန္ဒသူ၊
- မြင်းမ စံယဉ်သာ-၁၊ စီးလူ သိခ်သာစည်၊ ပေါင်း-၄။

ဘိသိက်နန်းတော် အရှေ့မျက်နှာ လက်ဝဲ, လက်ယာ၊ အရှေ့တောင်ထောင့် ၃-ရပ်တွင် ခင်းကျင်းရန် နမန္တာဘက်၊ ဓာတ်ဘက် သူရဲသူခက်–

- ရွှေဓားစွဲသူရဲ-၅၀၊ - ရွှေလှံစွဲသူရဲ-၅၀၊
- ရွှေဒိုင်းစွဲသူရဲ-၅၀၊ - ရွှေကာစွဲသူရဲ-၅၀၊
- ရွှေလေးစွဲသူရဲ-၅၀၊ - ရွှေလွှားစွဲသူရဲ-၅၀၊
- မီးပေါက်စွဲသူရဲ-၅၀၊ ပေါင်း-၃၅၀။

ဘိသိက်နန်းတော် တောင်မျက်နှာလက်ဝဲတော်က ခင်းကျင်းရန် နမန္တာဘက် ဆင်,မြင်း-

- လုလင်ကျော်ဆင်-၁၊ စီးလူ လက်ယာကျော်၊
- ဆင်မ ချစ်မဝ-၁၊ စီးလူ ဂဇလုလင်၊
- မြင်းနီထီး ဝေလယဉ်ကျော်-၁၊ စီးလူ ဝေလုကျော်၊
- မြင်းစိုင်လျော်မ ကောင်းကင်လေယာဉ်-၁၊ စီးလူ ကျော်ထင်လှ၊ ပေါင်း-၄။

ၕင်းလက်ယာတော်က ခင်းကျင်းရန် ဓာတ်ဘက် ဆင်, မြင်း–

- ကောင်ကြီးပြောင်မွန်ဆင်-၁၊ စီးလူ ဂဇရဲမှန်၊
- ဆင်မ ဘိုးခေါင်ရင့်မာ-၁၊ စီးလူ ဗလပျံချီ၊
- မြင်းထီး နတ်ကောင်းကင်ယာဉ်ပျံ-၁၊ စီးလူ ကျော်သူဒိဗ္ဗ၊
- မြင်းရွှေမ မြတ်ယဉ်ကျော်-၁၊ စီးလူ မြမြန်ကျော်၊ ပေါင်း-၄။

အနောက်တောင်ထောင့် ခင်းကျင်းရန် နမန္တာဘက် ဆင်, မြင်း–

- နတ်ပေးရဲဆင်-၁၊ စီးလူ နာဂနရာ၊
- ဆင်မ ရတနာဝတီ-၁၊ စီးလူ ရာဇရဲတိုင်၊

- မြင်းစိုင်လျော်ထီး နတ်ဆက်ရာ ၁-၊ စီးလူ နတ်သူရဲ၊
- ဖောင်းဝတ်မ ရတနာယာဉ်-၁၊ စီးလူ ရဲကျော်ထင်၊ ပေါင်း-၄။

ဝင်းတောင်မျက်နှာ လက်ယာ, လက်ဝဲ၊ အနောက်တောင်ထောင့် ၃-ရပ်တွင် ခင်းကျင်းရန် နမန္တာဘက်, ဓာတ်ဘက် သူရဲသူခက်–

- ရွှေဓားစွဲသူရဲ-၅၀၊ - ရွှေလှံစွဲသူရဲ-၅၀၊
- ရွှေဒိုင်းစွဲသူရဲ-၅၀၊ - ရွှေကာစွဲသူရဲ ၅၀၊
- ရွှေလေးစွဲသူရဲ-၅၀၊ - ရွှေလွှားစွဲသူရဲ-၅၀၊
- မီးပေါက်စွဲသူရဲ-၅၀၊ ပေါင်း-၃၅၀။

ဘိသိက်နန်းတော် အနောက်မျက်နှာ လက်ဝဲတော်က ခင်းကျင်းရန် နမန္တာဘက် ဆင်,မြင်း-

- ဘုန်းတော်ဦး ဆင်-၁၊ စီးလူ ဗလရန်အောင်၊
- ဆင်မ အင်စုံပြည့်-၁၊ စီးလူ ဥဒိန်ရဲဘော်၊
- မြင်းနီထီး မြန်းလှယာဉ်အောင်-၁၊ စီးလူ ပုညရန်အောင်၊
- မြင်းရွှေမ အောင်ယာဉ်ပျံ-၁၊ စီးလူ ဥဒိန်မြဲမြန်၊ ပေါင်း-၄။

ဝင်းလက်ယာတော်က ခင်းကျင်းရန် ဓာတ်ဖက် ဆင်, မြင်း–

- ဇေယစက်ရောင်ဆင်-၁၊ စီးလူ စန္ဒသီရိ၊
- ဆင်မ ရဲလှစွာ-၁၊ စီးလူ ရဲလှရာဇာ၊
- မြင်းဖောင်းဝတ်ထီး စံလွန်ရန်-၁၊ စီးလူ စန္ဒနရာ၊
- မြင်းဖောင်းဝတ်မ စံလှယဉ်-၁၊ စီးလူ ရဲလှကျော်စွာ၊ ပေါင်း-၄။

အနောက်မြောက်ထောင့်က ခင်းကျင်းရန် နမန္တာဘက် ဆင်, မြင်း–

- ရန်တိုင်းနိုင်ဆင်-၁၊ စီးလူ ရဲလှရန်နိုင်၊
- ဆင်မ နတ်ချစ်ရန်-၁၊ စီးလူ နရာသီရိ၊
- မြင်းရွှေကြာထီး ရဲရတနာ-၁၊ စီးလူ ရာဇာတင်၊
- မြင်းဖောင်းဝတ်မ နတ်သရာ-၁၊ စီးလူ နရာဇေယ၊ ပေါင်း-၄။

၎င်းအနောက်မျက်နှာ လက်ဝဲ,လက်ယာ၊ အနောက်မြောက်ထောင့် ၃-ရပ်တွင် ခင်းကျင်းရန် နမန္တာဘက်, ဓာတ်ဘက် သူရဲ, သူခက်–

- ရွှေဓားစွဲသူရဲ-၅၀၊ - ရွှေလှံစွဲသူရဲ-၅၀၊
- ရွှေဒိုင်းစွဲသူရဲ-၅၀၊ - ရွှေကာစွဲသူရဲ-၅၀၊
- ရွှေလေးစွဲသူရဲ-၅၀၊ - ရွှေလွှားစွဲသူရဲ-၅၀၊
- မီးပေါက်စွဲသူရဲ-၅၀၊ ပေါင်း-၃၅၀။

ဘိသိက်နန်းတော် မြောက်မျက်နှာလက်ဝဲတော်က ခင်းကျင်းရန် နမန္တာဘက် ဆင်,မြင်း–

- သမြင်းစွာ ဆင်-၁၊ စီးလူ သီရိဂဇ၊
- ဆင်မ စံညင်သာ-၁၊ စီးလူ စန္ဒရဲသူ၊
- မြင်း ဖောင်းဝတ်ညိုသူတော်စင်-၁၊ စီးလူ သူရကျော်စွာ၊
- မြင်းနီမ သံလျင်စွာ-၁၊ စီးလူ စံလွတ်သူ၊ ပေါင်း-၄။

လက်ယာတော်က ခင်းကျင်းရန် ဓာတ်ဘက် ဆင်, မြင်း–

- ၄-ကျွန်းရန်သင် ဆင်-၁၊ စီးလူ လက်ဝဲသူ၊
- ဆင်မ သိုက်ဝင်သလ္လာ-၁၊ စီးလူ သီဟရဲလှံ၊
- မြင်း ဖောင်းဝတ်ယာဉ်လျင်သာ-၁၊ စီးလူ ဝဏ္ဏာသူ၊
- မြင်းနီမ သာမြတ်ယာဉ်-၁၊ စီးလူ သာလှနရာ၊ ပေါင်း-၄။

အရှေ့မြောက်ထောင့်က ခင်းကျင်းရန် နမန္တာဘက် ဆင်, မြင်း–

- အောင်မြို့ပေါက်ဆင်-၁၊ စီးလူ ဥဒိန်ရဲဘော်၊
- ဆင်မ မုံအာ-၁၊ စီးလူ ဘယရန်အောင်၊
- မြင်း ဖောင်းဝတ်ထီး အောင်ပွဲပိုင်-၁၊ စီးလူ ဥဒိန်ဒပ္ပ၊
- မြင်းစိုင်လျော်မ ပန်းလှဦး-၁၊ စီးလူ ပွဲလုံးအောင်၊ ပေါင်း-၄။

၎င်းမြောက်မျက်နှာ လက်ဝဲ,လက်ယာ၊ အရှေ့မြောက်ထောင့် ၃-ရပ်တွင် ခင်းကျင်းရန် နမန္တာဘက်,ဓာတ်ဘက် သူရဲ, သူခက်–

- ရွှေဓားစွဲသူရဲ-၅၀၊ - ရွှေလှံစွဲ သူရဲ-၅၀၊

- ရွှေဒိုင်းစွဲသူရဲ-၅၀၊ - ရွှေကာစွဲသူရဲ-၅၀၊
- ရွှေလေးစွဲသူရဲ-၅၀၊ - ရွှေလွှားစွဲ သူရဲ-၅၀၊
- မီးပေါက်စွဲသူရဲ-၅၀၊ ပေါင်း-၃၅၀။

ဤသို့ ဇယားအင်းပြခဲ့သည့်အတိုင်း-

- ၄-မျက်နှာ လက်ဝဲနမန္တာဘက်၊
- လက်ယာစာတ်ဘက်၊
- ထောင့် ၄-ရပ် နမန္တာဖက် စီစဉ်၍ တပ်မှူး၊ တပ်ရေးအစုနှင့် နန်းတော်သို့ ရှေ့ရှုရံထား ခင်းကျင်းစေရသည်။

သူရဲ၊ သူခက်မှာ ၉-တပ်ရံစေ-ဟူ၍ စာတမ်းများတွင် ဆိုသည့်အတိုင်း ဆင်၊ မြင်းအတွင်းက ၉-တပ်အနေအထား သင့်အောင် စီမံ၍ ဝင်း ၉-တပ် ခင်းကျင်းစေရသည်။

တံခါးနီပြင် လက်ဝဲက ခင်းကျင်းရန်-

- "က"တင်ဆင်မ- ၁၀၊ - ကြိုးကတန်ဆာစုံ မြင်းမ-၁၀၊
- သူရဲစီးရထား-၅၊ - ရွှေလက်ဝဲသေနတ်-၅၀၊
- လက်ဝဲကြောင်းသေနတ်-၅၀၊ - လက်ဝဲဝင်း၊ နောက်ဝင်းအိပ် ရွှေကာစွဲ -၅၀၊
- ငုင်းရွှေလေးစွဲ-၅၀၊ - ငုင်းရွှေဒိုင်းစွဲ-၅၀၊
- ငုင်းရွှေလှံစွဲ-၅၀၊ ပေါင်း-၃၂၅။

တံခါးနီပြင် လက်ယာက ခင်းကျင်းရန်-

- "က"တင်ဆင်ပေါက်-၁၅၊ - မြင်းထီး ကြိုးကတန်ဆာစုံ-၁၅၊
- သူရဲစီးရထား-၅၊ - ရွှေလက်ယာသေနတ်(သေနတ်)-၅၀၊
- လက်ယာကြောင်းသေနတ်-၅၀၊ - ရှေ့ဝင်း၊ လက်ယာဝင်းအိပ် ရွှေကာစွဲ-၅၀၊
- ငုင်းရွှေလေးစွဲ -၅၀၊ - ငုင်းရွှေဒိုင်းစွဲ-၅၀၊
- ငုင်းရွှေလှံစွဲ-၅၀၊ ပေါင်း-၃၃၅။

ရွှေတော်ယူတံခါးပြင် လက်ဝဲက ခင်းကျင်းရန်-

- ဆင်မ"က"တင်-၁၆၊ - မြင်းမ ကြိုးကတန်ဆာစုံ-၁၆၊
- ရထား-၅၊ - တပယင်းသေနတ်(သေနတ်)-၅၀၊

- ရွှေဝင်းအိပ် ရွှေကာစွဲ-၅၀၊ - ဒင်းရွှေလေးစွဲ-၅၀၊
- ဒင်းရွှေဒိုင်းစွဲ-၅၀၊ - ဒင်းရွှေလုံ့စွဲ-၅၀၊ ပေါင်း-၂၈၇။

ရွှေတော်ယူတံခါးပြင် လက်ယာက ခင်းကျင်းရန်-

- "က"တင်ဆင်ပေါက်-၁၆၊ - မြင်းထီး ကြိုးကတန်ဆာနှင့်-၁၆၊
- ရထား-၅၊ - တပယင်းသေ့တ်(သေနတ်)-၅၀၊
- ရွှေဝင်းအိပ် ရွှေကာစွဲ-၅၀၊ - ဒင်းရွှေလေးစွဲ-၅၀၊
- ဒင်းရွှေဒိုင်းစွဲ-၅၀၊ - ဒင်းရွှေလုံ့စွဲ-၅၀၊ ပေါင်း-၂၈၇။

လက်ယာဝင်း သစ်တပ်ပြင် လက်ဝဲက ခင်းကျင်းရန်-

- "က"တင်ဆင်မ-၁၂၊ - မြင်းမ ကြိုးကတန်ဆာစုံ-၁၂၊
- ရထား-၅၊ - တပယင်းသေ့တ်-၅၀၊
- လက်ယာဝင်းအိပ် ရွှေကာစွဲ-၅၀၊ - ဒင်းရွှေလေးစွဲ-၅၀၊
- ဒင်းရွှေဒိုင်းစွဲ-၅၀၊ - ဒင်းရွှေလုံ့စွဲ-၅၀၊ ပေါင်း -၂၇၉။

လက်ယာဝင်း သစ်တပ်ပြင် လက်ယာက ခင်းကျင်းရန်-

- ဆင်ပေါက် ကြိုးကစုံ-၁၆၊ - မြင်းထီး ကြိုးကတန်ဆာစုံ-၁၆၊
- ရထား-၅၊ - တပယင်းသေ့တ်-၅၀၊
- လက်ယာဝင်းအိပ် ရွှေကာစွဲ-၅၀၊ - ဒင်းရွှေလေးစွဲ-၅၀။
- ဒင်းရွှေဒိုင်းစွဲ-၅၀၊ - ဒင်းရွှေလုံ့စွဲ-၅၀၊ ပေါင်း-၂၈၇။

နောက်ဝင်း သစ်တပ်ပြင် လက်ဝဲက ခင်းကျင်းရန်-

- ဆင်မ ကြိုးကစုံနှင့်-၁၁၊ - မြင်းမ ကြိုးကစုံနှင့်-၁၁၊
- ရထား-၅၊ - သူရဲသေ့တ်-၅၀၊
- နောက်ဝင်းအိပ် ရွှေကာစွဲ-၅၀၊ - ဒင်းရွှေလေးစွဲ-၅၀၊
- ဒင်းရွှေဒိုင်းစွဲ-၅၀၊ - ဒင်းရွှေလုံ့စွဲ-၅၀၊ ပေါင်း-၂၇၇။

နောက်ဝင်း သစ်တပ်ပြင် လက်ယာက ခင်းကျင်းရန်-

- ဆင်ပေါက် ကြိုးကတန်ဆာနှင့်-၁၅၊

- မြင်းထီး ကြိုးကတန်ဆာနှင့်-၁၁၊ - ရထား-၅၊
- သူရဲသေနတ်-၅၀၊ - နောက်ဝင်းအိပ် ရွှေကာစွဲ-၅၀၊
- ၎င်းရွှေလေးစွဲ-၅၀၊ - ၎င်းရွှေဒိုင်းစွဲ-၅၀၊
- ၎င်းရွှေလှံစွဲ-၅၀၊ ပေါင်း-၂၈၁။

လက်ဝဲ သစ်တပ်ပြင် လက်ဝဲက ခင်းကျင်းရန်-

- ဆင်မ ကြိုးကစုံနှင့်-၁၂၊ - မြင်းမ ကြိုးကစုံနှင့်-၁၂၊
- ရထား-၅၊ - တပယင်းသေနတ်-၅၀၊
- လက်ဝဲအိပ် ရွှေကာစွဲ-၅၀၊ - ၎င်းရွှေလေးစွဲ-၅၀၊
- ၎င်းရွှေဒိုင်းစွဲ-၅၀၊ - ၎င်းရွှေလှံစွဲ-၅၀၊ ပေါင်း-၂၇၉။

လက်ဝဲ သစ်တပ်ပြင် လက်ယာက ခင်းကျင်းရန်-

- ဆင်ပေါက် ကြိုးကတန်ဆာစုံနှင့်-၁၅၊
- မြင်းထီး ကြိုးကတန်ဆာစုံနှင့်-၁၂၊ - ရထား-၅၊
- တပယင်းသေနတ်-၅၀၊ - လက်ဝဲဝင်းအိပ် ရွှေကာစွဲ-၅၀၊
- ၎င်းရွှေလေးစွဲ-၅၀၊ - ၎င်းရွှေဒိုင်းစွဲ-၅၀၊
- ၎င်းရွှေလှံစွဲ-၅၀၊ ပေါင်း-၂၈၂။

ဤသို့ ဇယားပြခဲ့သည့်အတိုင်း ကကြိုးတန်ဆာ, စစ်ဝတ်, စစ်စားအစုံနှင့် ဓားခါးချပ်လျက် ဦးစီး၊ နောက်ပဲ့၊ ကုန်းလယ်စီးလူ, တပ်မှူးတပ်ရေးအစုံ ခန့်ထား၍ ပြင်သို့ ရှေ့ရှုထား ခင်းကျင်းစေရသည်။

- ပါပစစ်သည်-၈၃၊ - သူရဇ္ဇစစ်သည်-၈၀၊
- **အမြိတ္တစစ်သည်-၈၂၊** - ကောလီစစ်သည်-၇၉၊

ရတတ်သော်ကား ၁,၀၀၀-စီ-ဟူ၍ ဒိသာဇေယျစာတမ်းတွင် အနေမကျ-ဆိုသည်နှင့်အညီ သင့်မြတ်အောင် ရထားသည်။ ရွှေမြို့တော်ကြီး တံခါး ၂၅-ရပ်တွင်လည်း ဆင်ပေါက်-၁၊ ဆင်မ-၁၊ သေနတ်စွဲ-၂၄၀၊ လှံစွဲ-၂၄၀၊ စီးဓားခါးချပ်လျက် တပ်မှူးတပ်ရေးနှင့် ရထား ခင်းကျင်းစေရသည်။

* * * * * *

## * ၈၂ – ဘိသိက်ခံတော်မူရာ အခမ်းအနားများတွင် အသျှင်ဘဝရှင် မင်းတရားကြီးဘုရား ကိုယ်တိုင်တော် ရွတ်တော်မူသည့် ဂါထာစု

သကြ်န်ခေါ်တော်မူပြီးလျှင် ဝတ်လဲတော်ဆင်သောအခါ ရွတ်တော်မူရန် ဂါထာကား–

အမ္ဗုဒိဂ်ပါလသေဝိတံ စန္ဒြိဗံသောဒ္ဘဝံ၊ အတိဂေါတြိသူရပတိဒေဝံ။
ပုဏ္ဏေ်ယျ် သဗ္ဗလောက- ဝန္ဒိတံ နမာမိ သဟာဂြနယနံ။

လက်ယာခြေတော်ကို ရှေးဦးစွာချ၍ ဘိသိက်နန်းတော်သို့ ကြွတော်မူဆဲတွင် ရွတ်တော်မူရန် ဂါထာကား–

မာရံ ယက္ခံ ဂဇံ စောရံ၊ စိဥ္စမာဏဥ္စ သစ္စကံ။
နာဂံ ဖြဟ္မံ ဇိနော ဇေသိ၊ တေန မေ ဇယမင်္ဂလံ။

လက်ယာခြေတော်ကို ရှေးဦးစွာ ချီလျက် ရေသဘင် နန်းအင်းပျဉ်ထက်သို့ တက်တော်မူဆဲတွင် ရွတ်တော်မူရန် ဂါထာကား–

ဇယန္တော ဗောဓိယာ မူလေ၊ သကျာနံ နန္ဒိဝဍ္ဎနော။
ဧဝမေဝ ဇယော ဟောတု၊ ဇယဿု ဇယမင်္ဂလေ။ ။

အပရာဇိတပလ္လင်္ကေ၊ သီသေ ပုထုဝိပုက္ခလေ။
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊ အဂ္ဂပတ္တော ပမောဒတိ။ ။

ရေသဘင်အင်းပျဉ်ထက် အရှေ့မျက်နှာသို့ ရှေ့ရှုနေတော်မူလျက် အဘိသိက်ခံ၍ အပြီးတွင် ရှေးဦးစွာ ရွတ်ရာသော စကားကောင်း ၃-ခွန်းကား–

အဂ္ဂေါ’ဟ’မသ္မိ မလာကဿ၊
သေဋ္ဌော’ဟ’မသ္မိ လောကဿ၊
ဇေဋ္ဌော’ဟ’မသ္မိ လောကဿ၊
အယ’မန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ။ ။*(ဒီ၊၂။၁၃)*

ထို့နောက်မှ မာရ် ၅-ပါးကို အောင်မြင်တော်မူဆုံးတွင် ဘုရားတကာတို့ ဥဒါန်းကျူးတော်မူမြဲအတိုင်း ရေသဖန်းအင်းပျဉ်တွင်ပင် ရွတ်တော်မူရန် ဂါထာကား–

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊ အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထ’ဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊ ယတော ပဇာနာတိ သဟေတုဓမ္မံ။

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊ အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထ'ဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊ ယတော ခယံ ပစ္စယာနံ အဝေဒိ။

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊ အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊ သူရိယော'ဝ ဩဘာသယ'မန္တလိက္ခံ။ ။ (ဝိ၊၃။၂)

ထို့နောက်မှ ပဋ္ဌာနာပြုတော်မူအံ့သောငှာ ရေသဖန်းအင်းပျဉ်တွင်ပင် ရွတ်တော်မူသော ဂါထာကား–

၁။ သဗ္ဗိ'တိယော ဝိဝဇ္ဇန္တု၊ သောကော ရောဂေါ ဝိနဿတု။
မာ တေ ဘဝန္တွန္တရာယာ၊ လဘိတု ဗောဓိမုတ္တမံ။

၂။ ယထာပိ သမယေ ပတ္တော၊ ပုပ္ဖိနော ပုပ္ဖိတဒုမာ။
တထာ ဟိ ဗုဒ္ဓဉာဏေန၊ ပုပ္ဖတု ဗောဓိမဏ္ဍလေ။

၃။ ယထာ ယေကေစိ သမ္ဗုဒ္ဓါ၊ ပူရေယျုံ ဒသပါရမီ။
ဘဝါဘဝေ တထေဝါ'ဟံ၊ ပူရေတု ဒသပါရမီ။

၄။ ယထာ ယေကေစိ သမ္ဗုဒ္ဓါ၊ ဗောဓိမဏ္ဍမှိ ဗုဇ္ဈရေ။
အနာဂတေ တထေဝါ'ဟံ၊ ဗောဓေတု ဇိနဗောဓိယံ။

၅။ ယထာ ယေကေစိ သမ္ဗုဒ္ဓါ၊ ဓမ္မစက္ကံ ပဝတ္တေယျုံ။
တထေဝါ'ဟံပိ အဒ္ဓါနေ၊ ဓမ္မစက္ကံ ပဝတ္တတု။

၆။ ယထာ ယာကာစိ နဒီယော၊ ဩသရန္တိ မဟောဒဓိံ။
ဧဝံ သဒေဝကာ လောကာ၊ ဩသရန္တု မမ'န္တိကံ။

၇။ ပုဏ္ဏမာသေ ယထာ စန္ဒော၊ ပရိသုဒ္ဓေါ ဝိရောစတိ။
တထေဝါ'ဟံ ပုဏ္ဏမနော၊ ဝိရောစေ ဒသသဟဿိယံ။

၈။ ရာဟုမုတ္တော ယထာ ဘာဏု၊ အာဘာယ အတိရောစတိ။
လောကာ တထေဝ မုစ္စိတွာ၊ ဝိရောစေ သီရိယာ မတံ။

ဝိပလ္လာသနည်း ၆-ပါးတွင် ပုရိသဝိပလ္လာသနှင့် ရွတ်ဆိုမြဲ စာဟောင်းထုံးစံရှိသည့်အတိုင်း ရေးသားသည်။ ဤသို့ ၁၄-ဂါထာတို့ကို ရွတ်တော်မူပြီးလျှင် ရွှေကရားနှင့် ရေစက်ချ၍ မိဋ္ဌာန်တော်မူအံ့သောငှာ မင်္ဂလာစကားကား–

"မြေမှုန့်လုံးမျှ၊ ကျုံး၍ချသို့၊ ဒါနဟူသား၊ အလှူအားဖြင့် ဤရွှေနန်းစည်းစိမ်ကို ငါရသည်။ ပြည်သူလူ, ရဟန်းတို့ ချမ်းသာကို ရှာအံ့၊ တရား ၁၀-ပါးကို စောင့်အံ့၊ အသက်မြင့်

ရှည် တည်ပါလိုသော်၊ ရန်မာရ်ခပ်သိမ်းကို အောင်မြင်ပါလိုသော်၊ ဆင်ဖြူစကြာရတနာ အပေါင်းကို ရပါလိုသော်၊ ဘုန်းတန်ခိုးအာဏာအသရေ တက်သစ်သော နေကဲ့သို့ ထွန်းလင်း ပါစေသော်" ဤသို့ မိန့်ခွန်းတော်မူပြီးလျှင် "ကတိပိ သော၊ သွာက္ခာတော၊ သုပ္ပဋိပန္နော" ဂုဏ်တော် ၃-ပါးကို မရွတ်ဘဲ နှလုံးဖြင့် ဆင်ခြင်တော်မူသည်။

ရွှေနန်းတော်ကြီး တက်သိမ်းစံပယ်တော်မူအံ့သောငှာ ရွှေနန်းတော်ကို လက်ယာ ရစ်လှည့်ရာ တံခါးသို့ ရောက်လျှင် ရွတ်တော်မူရန် ဂါထာကား-

မာရံ ယက္ခံ ဂဇံ စောရံ၊ စိဥ္စမာဏဥ္စ သစ္စကံ။
နာဂံ ဗြဟ္မံ ဇိနော ဇေသိ၊ တေန မေ ဇယမင်္ဂလံ။

ရွှေနန်းတော်ကို လက်ယာရစ် လှည့်ဆဲတွင် မေတ္တာပြုရန် ဂါထာကား-

ပုရတ္ထိမာယ ဒိသာယ၊ ပစ္ဆိမာယ ဒိသာယ၊
ဥတ္တရာယ ဒိသာယ၊ ဒက္ခိဏာယ ဒိသာယ၊
ပုရတ္ထိမာယ အနုဒိသာယ၊ ပစ္ဆိမာယ အနုဒိသာယ၊
ဥတ္တရာယ အနုဒိသာယ၊ ဒက္ခိဏာယ အနုဒိသာယ၊
ဥပရိမာယ ဒိသာယ၊ ဟေဋ္ဌိမာယ ဒိသာယ၊
သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊
အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။ (ဝိသုဒ္ဓိမဂ္ဂ၊၁။၃၀၂)
ဒုက္ခာ မုစ္စန္တု၊
ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု၊
ကမ္မဿကာ။

ရွှေနန်းတော်ကို လက်ယာရစ်လှည့်၍ မြေနန်းတော် ရှေ့စောင်းတန်းဦးသို့ ရောက် လျှင် ရပ်၍ ရွတ်တော်မူရန် ဂါထာကား-

တံ-မေ-သ-ဒီ-ကော-မံ-သု-ရေ၊ သော-အ-ပ-နာ-ပ-သု-သု-ပိ။
အ-ခံ-သိ-တိ-ဖု-ဝိ-သိ-ဝေ၊ က-ကော-က-ဂေါ-နမာမ'ဟံ။

မြေနန်းတော်ရှေ့စောင်းတန်းသို့ လက်ယာခြေတော်ကို ချီလျက် တက်တော်မူဆဲ တွင် ရွတ်တော်မူရန် ဂါထာကား-

ဥဒ္ဓံ ယာဝ ဘဝဂ္ဂါ စ၊ အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ ပထဝီစရာ။
အဗျာပဇ္ဇာ နိဝေရာ စ၊ နိဒုက္ခာ စ နုပဒ္ဒဝါ။ ။

ဥဒ္ဒံ ယာဝ ဘဝဂ္ဂါ စ၊ အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ ဥဒကေစရာ။
အဗျာပဇ္ဈာ နိဝေရာ စ၊ နိဒ္ဒုက္ခာ စ နုပဒ္ဒဝါ။ ။

ဥဒ္ဒံ ယာဝ ဘဝဂ္ဂါ စ၊ အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ အာကာသေစရာ။
အဗျာပဇ္ဈာ နိဝေရာ စ၊ နိဒ္ဒုက္ခာ စ နုပဒ္ဒဝါ။ ။

ဤဂါထာစုမှာ အနက်ကို နှလုံးသွင်း၍ ပါဠိကိုသာ ရွတ်တော်မူသည်။

ဘိသိက်ခံတော်မူရာ အခမ်းအနားများတွင် မှူးမတ်, ပုဏ္ဏား, ပုရောဟိတ်တို့ ရွတ်ဆို ရသည့် ဂါထာစုကား-

သိကြားရေစင်တော်ခံ နန်းတော်၌ ရွှေအိုးနှင့် ပညာရှိတို့ ဂါထာရွတ်၍ သွန်းလောင်း ရန် သင်္ကရိုဋ္ဌ ၁၁-ဂါထာ-

၁။ ဩဒေဝါမှာမဘိသိဉ္စန္တု၊ ဂန္ဓဗ္ဗာ အမရဂဏာ။
ဗြဟာရိက္ခား တထာ ယောဂါ၊ ကရနံ နုသ္တိ ကာရကာ။ ။

၂။ ရိဗရော ဒေဝပုတ္တော စ၊ ယေ စာနျေ ဒေဝဇာတယ။
သဗ္ဗေ သုမနသော သုတွာ၊ ဘုင်္ဂါရေ သ္နာပယန္တု တေ။ ။

၃။ အာဒျေဟိ ဘာရတိ ဂင်္ဂါ၊ ယမုနာ စ သဇု ဂဏ္ဍကီမုနျ။
သွေတဂင်္ဂါ စ ဘောဂီကီ၊ ဘဂဝတီ စ ပါတာလေ ဝှင်္ဂေ။ ။

၄။ မန္ဒာကိနီ တထာ ဇတကာ၊ ဇတာသဗ်သမာယောဂီ။
ဘုင်္ဂါရေ သ္နာပယန္တု တေ၊ ဒုင်္ဂါ စဏ္ဍီ ငွရစဏ္ဍီ။ ။

၅။ ဝါရာဟိကတ္တိကီ တထာ၊ ဟရသိဒ္ဓါ တထာ ကာလီ။
က္လန္ဒြာဏီ ဝေပ္ဏဝီ တထာ၊ သဒြကာလီ ဝိသာလက္ခမီ။ ။

၆။ ဘေရဝီသဗ်ရူဝိဏီ၊ သဗ္ဗေ သုမနသော သုတွာ။
ဘုင်္ဂါရေ သ္နာပယန္တု တေ၊ ဘိဒ္ဓဘေရဝေ သောနဒျ။ ။

၇။ ယေ ယုဒျာ သုဝိသံသ္တိတာ၊ သဗ္ဗေ သုမနသော သုတွာ။
ဘုင်္ဂါရေ သ္နာပယန္တု တေ၊ အနန္တာဒိ မဟာနာဂါ။ ။

၈။ ဒါနရက္ခသစ္စ ယေ၊ ယေတာသဗ်တ္တဇေ ဂိနျာ။
ဘုင်္ဂါရေ သ္နာပယန္တု တေ၊ တက္ခကာဒျာစ္စ ယေ နာဂါ။ ။

၉။ ယေ စာန္ဒေ သဗ္ဗဇာ ဘယး၊ သဗ္ဗေ သုမနသော သုတွာ။
ဘင်္ဂါရေ သ္မဟော ဘုတွာ၊ ဘင်္ဂါရေ သ္မာပယန္တု တေ။ ။

၁၀။ လဝနေက္ခုသုရာသဗ္ဗေ ဒဓိဒုဒ္ဓဇလန္တကာ။
သဗ္ဗေ သုမနသော သုတွာ၊ ဘင်္ဂါရေ သ္မာပယန္တု တေ။ ။

၁၁။ ဇရိတာသာဂရာ ဝေလ၊ တိက္ခ်ာဒိဇလဒါနဝ။
သဗ္ဗေ သုမနသော သုတွာ၊ ဘင်္ဂါရေ သ္မာပယန္တု တေ။ ။ (သင်္ကရိုင်း ၁၁-ဂါထာ)

ရင်းပညာရှိတို့ ရွှေအိုးနှင့် ကိုယ်တော်ကို သွန်းလောင်းရာရွတ်ရန် ဇယမင်္ဂလာဂါထာ-

မာရံ ယက္ခံ ဂဇံ စောရံ၊ စိဥ္စမာဏဥ္စ သစ္စကံ။
နာဂံ ဖြဟ္မံ ဇေသိ ယော သော၊ ဒေတု တေ ဇယမင်္ဂလံ။

အောင်ခြင်း ၈-ပါးအချုပ်။ လက်ယာရစ်ခရုသင်းဖြင့် ပုဏ္ဏားတို့ သွန်းလောင်းရာ ရွတ်ရန် ဂြဟသျှန္တိဂါထာ-

ဝဏ္ဏာဒိဝဏ္ဏတာ သမျက်၊ ကိတ္တိတာ တေ နဝဂြဟာ။
ဂန္တ္ဗာ ကရောန္တု ဝေါ နိတျံ၊ သဗ္ဗေ ဂါမပိ သဗ္ဗဒါ။ ။

ဂြဟသျှန္တိပါးအချုပ်။ သကြန်တော်ခေါ်ပြီးလျှင် နံ့သာတော်ဆက်ရာ ရွတ်ရန်ဂါထာ-

ဩံ၊ အယံ ဂန္ဓော ဝုဘော ဒိဗျာ၊ ဂိတး သုမနောဟရား။
မယာ နိဗေဒိတး ဘတ္ဘျာ၊ ဂန္ဓေ ယံ ပြတိဠှဟတံ။ ။

ရင်းပန်းတော်ဆက်ရာ ရွတ်ရန်ဂါထာ-

ဩံ၊ မနောဟရံမိဒိ ပုပ္ဖံ၊ သုရာသုရ ဇဂတ်ပြီးရံ။
မယာ နိဗေဒိတံ ဘတ္တျာ၊ ပုပ္ဖဥ္စ ပြတိဠှဟတံ။

ဝတ်လဲတော်ဆက်ရာ ရွတ်ရန်ဂါထာ-

ဩံ၊ ဝတ္ထဥ္စ ပဝနံ သေ္ဗတံ၊ နဝတန္တုဝိနိမ္မိတံ။
မယာ နိဗေဒိတံ ဘတ္တျာ၊ ဝတ္ထဥ္စ ပြတိဠှဟတံ။ ။

မကိုဋ်၊ စလွယ်၊ နားတောင်း၊ လက်ကောက်၊ လက်စွပ်-စသော တန်ဆာတော်စု ဆက်ရာ ရွတ်ရန်ဂါထာ-

သုဝဏ္ဏအာဒျလင်္ကာရံ၊ ကင်္နာဒိက'မုတ္တမံ။
ဟာရဥ္စာနုပူရံ စေဝ၊ တေရုရဥ္စဠှဟာ နမေ။

သိန္ဓုရကဥ္စ ရကဥ္စ လာရတ္တံ၊ အထ ဂုတြာ၀လိနကံ။
ကုသုမဥ္စေ ယတ် ကတွာ၊ စန္ဒနာဂရုဝါသိတံ။

ဘိသိက်နန်းတော်သို့ ကြွတော်မူသည့်ကာလ ရှေ့တော်က ပုဏ္ဏားတို့ ရွတ်၍ သွားရန် ဂါထာ—

ဗာဟုံ သဟဿ မဘိနိမ္မိတ သာဝုဓန္တံ၊ ဂိရိမေခလံ ဥဒိတဃောရ သသေနမာရံ။
ဒါနာဒိဓမ္မဝိဓိနာ ဇိတဝါ မုနိန္ဒော၊ တံ တေဇသာ ဘဝတု တေ ဇယမင်္ဂလဂ္ဂံ။

*(စသော အပြင်အောင်ခြင်း)* ၈-ဂါထာအကုန်။

ရာဇပလ္လင်သို့ တက်တော်မူမည်တွင် သန်လျက်တော်, တောင်ဝှေးတော်များကို ပုဏ္ဏားတို့ ရွတ်၍ ဆက်ရန်ဂါထာ—

ဩ၊ ဓာတကျွတ္တ်န ဂထာယုဂမေန ဂဇတေယျဒေန၊
ဂရတနယာ တိန္ဒရုဝိဂွတ်ဂျာတရိယဒပါရံ ဂတံ ဇိဝါ၊
ဂရဒိတ်ဓမ်ာနံ ဂတံ ဟေမန္တံ ဂတ'မုပသန္တံ ဂျယတန္တရာချဝိန္တံ၊
ပုဏ္ဏာန္တ္ဍ အာဟာရုသန္တာ ဝိသန္နာ ပုဏ္ဏာရာကာ၊ ပုနန္တရဝါဂရာဘ်ဂရဝက်ဒျေ၊
ဂရဝိတိမ္ပြဂရဝ မေ၀ဒေနံ ပဏ္ဏိပတု၊
ဩဂ္ဂသ္တိစိရတရာယ နမဿန္တု ဇယတု၊
ဇယတု မင်္ဂလံ။

ဘိသိက်ခံမြေနန်းရာဇပလ္လင်သို့ တက်တော်မူမည်တွင် ပုဏ္ဏားတို့ ရွတ်ဆိုရန် ကောင်းချီး မင်္ဂလာစကား—

ဘုန်းတော်အလွန်ကြီးလျက် သက်တော်အလွန်ရှည်၍ သာသနာတော်မြတ်စီးပွါး, ကိုယ်တော်မြတ်စီးပွါး, ပြည်သူလူ,ရဟန်းတို့စီးပွါးကို သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အညွန့်၊ အဓွန့်ရှည်စွာ၊ ဆောင်ရွက်တော်မူစိမ့်သောငှာ ဤသည် မြေနန်းကို စီရင်သည်၊ တက်တော်မူဘုရား။

မင်းမြောက်တန်ဆာ ၅-ပါးကို ပုဏ္ဏားတို့ ဆက်သည်တွင် ရွတ်ရန်ဂါထာ—

ဩ ဓာတကျွတ္တ်န ဂထာယဂမေန၊ ဂဇတေယျ ဒေန၊
ဂရတနယာ တိန္ဒရုဝိဂွတ်ဂျာတရိယဒပါရံဂတံဇိဝါ၊
ဂရံဒိတ်ဓမ်ာနံ ဂတဟေမန္တံ ဂတမုပသန္တံ ဂျယတန္တရာချဝိန္တံ၊
ပုဏ္ဏာန္တ္ဍ အာဟာ-ရုသန္တာဝိသန္နာ ပုဏ္ဏာရာကာ၊

ပုန္နာဂရဝါဂရ စက်ဂရဝက်ဒျေ၊ ဂရဝိတိမ္ပြဂရာမေ ဝဒေနံ၊ ပဏ္ဍိပတု၊
ဩ၊ ဖွတ္တစိရဲတရာယ နမသ္သန္တု ဇေယတု၊
ဇေယတု မင်္ဂလံ။

လက်ယာရစ်ခရုသင်းဖြင့် သိကြားရေစင်ကို ခံ၍ ပုဏ္ဏားတို့ သွန်းလောင်းရာ ရွတ်ရန်ဂါထာ–

ဩ၊ ဒေဝါမှ္ဒါ အဘိသိဥ္စန္တု၊ ဂန္ဓဟာ အမရဂဏာ။
ဂြဟာ ရိက္ခာ တထာ ယောဂါ၊ ကရနံ နဿ္သိ ကာရကာ။
ရိပယော ဒေဝပုတြာဇ္ဇ၊ ယေစာ'နျေ ဒေဝဇာတယး။
သဗ္ဗေ သုမနသော သုတ္တာ၊ ဘူဂီရဲ သ္နာပယန္တု တေ။

မာရံ ယက္ခံ ဂဇံ စောရံ၊ စိဥ္စမာဏာဥ္စ သစ္စကံ။
နာဂံ ပြဟ္မံ ဇေသိ ယော သော၊ ဒေတု တေ ဇယမင်္ဂလံ။

မြေနန်းတော်သို့ သန်လျက်,တောင်ဝှေးစွဲ၍ တက်တော်မူမည်တွင် ပုဏ္ဏားတို့ ရွတ်ရန်ဂါထာ–

ဗာဟုံ သဟဿ မဘိနိမ္မိတ သာဝုဓန္တံ၊ ဂိရိမေခလံ ဥဒိတဃောရံ သသေနမာရံ။
ဒါနာဒိဓမ္မဝိဓိနာ ဇိတဝါ မုနိန္ဒော၊ တံ တေဇသာ ဘဝတု တေ ဇယမင်္ဂလဂ္ဂံ။

မာရံ ယက္ခံ ဂဇံ စောရံ၊ စိဥ္စမာဏာဥ္စ သစ္စကံ။
နာဂံ ပြဟ္မံ ဇေသိ ယော သော၊ ဒေတု တေ ဇယမင်္ဂလံ။ ။

အဘိသေကထီးဖြူတော်ကို ပုဏ္ဏားတို့ စိုက်ဆောက်သည်တွင် ရွတ်ရန်ဂါထာ–

ဩ၊ မတေဂျတ္တော်န-အစရှိသော ယခင်က ထီးဖြူဖွင့်ဂါထာကိုပင် ရာဇမင်္ဂလာ၌ ဆိုသည်။

အဘိသေကထီးဖြူတော်ကို ပုဏ္ဏားတို့ ဖွင့်သည်တွင် ရွတ်ရန်ဂါထာ–

ဩ၊ မတေဂျတ္တော်န-အစရှိသော ယခင်က ထီးဖြူဖွင့်ဂါထာနှင့်–

ဩ၊ ဗုဒ္ဓတေဇော စ တေ ဆတ္တံ၊ ဓမ္မတေဇော စ တေ ဆတ္တံ။
သံဃတေဇော စ တေ ဆတ္တံ၊ ဟောတု သဗ္ဗာ'ရိနာသေန္တံ။ (သဗ္ဗဝိပုလာဂါထာ)

မင်းမြောက်တန်ဆာ ၅-ပါးကို တစ်ပါးစီ အသီးအသီးရွတ်၍ ဆက်ရန်ဂါထာ–

ဩ၊ မတေဂျတ္တော်န-အစရှိသော ဂါထာကိုပင် ရာဇမင်္ဂလာ၌ ဆိုသည်။

အဆောင်တော်များသို့ ကူးတော်မူလျှင် တစ်မျက်နှာ ၂-ယောက်စီ အချိုအဆိမ့်နှင့် ပူဇော်ရာ ခွတ်မန်းရန် မန္တန်ဂါထာ-

ဝဏ်ဏာဒိဝဏ်ဏတာ သမျက်၊ ကိတ္တိ်တာ တေ နဝဂြဟာ။
ဂန္တိ ကရောန္တု ဝေါ နိတျံ၊ သဗ်ေ ဂါမပိ သဗ်ဒါ။ ။ (ဂြဟာသျှန္တိအချုပ်)

* * * * * *

## *ည- ကျမ်းဂန်လာသော ရာဇာဘိသေကမင်းခမ်းစု ဇယားအင်းကား-

| | |
|---|---|
| ထီးဖြူ ၁-ပါး၊ | သားမြီးယပ် ၁-ပါး၊ |
| သန်လျက် ၁-ပါး၊ | သင်းကျစ် ၁-ပါး၊ |
| ခြေနင်း ၁-ပါး၊ | ခရုသင်း ၁-ပါး၊ |
| ဂင်္ဂါရေ ၁-ပါး၊ | နံ့သာမှုန့်, ကသယ်မှုန့် ၁-ပါး၊ |
| နားတန်ဆာ,နားသွယ်ပန်း ၁-ပါး၊ | ရွှေကရား,မကန်းခံတွင်းပုံ ရွှေအိုး ၂-ပါး၊ |
| ကျိုးခြေ ဇလပ်ပန်းသဏ္ဌာန် အတင်တော် ၁-ပါး၊ | |
| ရွှေခွက် ၁-ပါး၊ | ရွှေဇွန်း ၁-ပါး၊ |
| ဘွဲ့ဖြူ ၁-ပါး၊ | လက်သုတ်ပဝါ ၁-ပါး၊ |
| ဦးပေါင်း ၁-ပါး၊ | ဓား, စလွယ် ၁-ပါး၊ |
| စန္ဒကူးနီ ၁-ပါး၊ | အရုဏာဝတီမြေ ၁-ပါး၊ |
| မျက်စဉ်းကျောက် ၁-ပါး၊ | အမြိုက်ဆေး ၁-ပါး၊ ပေါင်း-၂၂။ |

* * * * * *

***ဋ-ဘိသိက်နန်းတော်တွင် မာရဘင်တံခါး လက်ဝဲ,လက်ယာ ထီးဖြူ ၄-စင်း၊ ယပ်မား ၂-စင်း စိုက်ဆောက်၍ အတင်တော်စင်ရှင်နှင့် ခင်းကျင်းမြဲ မင်းခမ်းမင်းနား ၁၃-စီ ဇယားအင်းကား—**

| | |
|---|---|
| သန့်လျက် ၁-ပါး၊ | သားမြီးယပ် ၁-ပါး၊ |
| ရတနာပန်းတောင်း ၁-ပါး၊ | ရှစ်ထောင့်ကွမ်းခွက်-၁၊ |
| ခြသေ့်ခံကွမ်းခွက်-၁၊ | စလင်းကြာ-၁၊ |
| ကွမ်းထည့်-၁၊ | ကျပ်မြင်းမိုရ်-၁၊ |
| ကျပ်လျား-၁၊ | ခြသေ့်ခံကရား-၁၊ |
| ရွှေတကောင်း-၁၊ | ရွှေမြူတာ-၂၊ |

**လက်ယာတော်က ပေါင်း-၁၃။**

| | |
|---|---|
| ဘိနပ်-၁၊ | တောင်ဝှေး-၁၊ |
| လက်တင်ကြာ-၁၊ | နဂါးခံကွမ်းခွက်-၁၊ |
| ကလပ် -၁၊ | ကွမ်းလောင်းကြီး-၁၊ |
| ကွမ်းလောင်းငယ်-၁၊ | ရတနာဖလား-၁ ၊ |
| ရွှေကရား ၁-ပါး၊ | သလင်းမြောင့်-၁၊ |
| သစ်တိုင်-၁၊ | ရွှေမြူတာ-၂၊ |

**လက်ဝဲတော်က ပေါင်း-၁၃။**

ဤလက်ဝဲ, လက်ယာ မင်းခမ်း ၁၃-ကို စာတမ်းများတွင် အလိုရှိရာ စီစဉ်ရေးသားကြသည်။ ဤစာတမ်းမှာ ရှေးအစဉ်ရှိသည့်အတိုင်း စီစဉ်ရေးသားသည်။ အမရပူရမြို့တည်, နန်းတည် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် မင်းတရားကြီးဘုရားလက်ထက်တော် စီစဉ်ခင်းကျင်းသည့်အရာလည်း ပုံစံ အရေးအသားနှင့် အခြားပင် ရှိပြီ။

**သမန္တပါသာဒိကာအဋ္ဌကထာ၊ သာရတ္ထဒီပနီဋီကာ၊ မဟာဝင်ဋီကာများ၌ လာသော—**

## * ၄ – သီရိဓမ္မာသောကမင်းက ဒေဝါနံပိယတိဿမင်းအား ဘိသိက်ခံရန် ပေးလိုက်သော ရာဇာဘိသေက မင်းခမ်းစုကား–

- ဆတ္တံ၊ ထီးဖြူ။ (သမန္တပါသာဒိကာ-စသောကျမ်းများ၌ အရေအတွက် မပါ။)
- နဝဒဏ္ဍာ, မနောဟရ, အာတပပတြ, ဝိဇယပတြ-ဟူ၍ အမည် ၄-စင်း၊
*(ရာဇာဘိသေကကျမ်း၌ ဆိုသည်။)*
- ကနကဒဏ်-၂၊ တမွတ်-၂၊ ယဉ်ထီး ၄-ဟူ၍ အမည် ၃-စင်း၊
*(လောကဗျူဟာ၌ ဆိုသည်။)*
- ကမ္ဗု, စန္ဒ, ပဒုမ, သမုဒ္ဒဇာ လက်ယာ-၄။ ကနကဒဏ်၊ သူရိယ၊ ဝိသုကမ္မ၊ သမုဂ္ဂ လက်ဝဲ ၄-ဟူ၍ အမည်ခြား ၈-စင်း၊ (ဒိသာဗေဓျ-စသော စာတမ်းများ၌ ဆိုသည်။)

တမွတ်နှင့် ကမ္ဗုထီးကိုလည်း မကွဲမပြား အတူ-ဟူ၍ ယူကြသည်။

"ပစ္စုဇလပ်၊ သုံးထပ်အမိုး၊ ရွှေရိုးရွှေတံ၊ အောက်ခံ စွန်ဆုပ်၊ ချုံရုပ်ပြန့်ကား၊ အထွင့်ဖျားက၊ ပတ္တမြားလျှံညီး၊ ဆီမီးထပ်တူ၊ တပ်သည်မူ"

ဟူ၍ ထီးဖြူလုပ်နည်းကို ရှေးဆရာတို့ စပ်ဆိုသည်။

**စာမရံ၊ စာမရီမြီးယပ်။** သာရတ္ထဒီပနီ-စသည်၌ အထူးမဆို။ တေမိဇာတ်-စသည်၌ ဝါဠဗီဇနီ၊ သားမြီးယပ်-ဟူ၍ သားရဲကို ဟောသော ဝါဠ-သဒ္ဒါ သာမန်နှင့် ဆိုသည်။

အဘိဓာန်ဋီကာ၌ စမရ-သဒ္ဒါသည် အောင်းမည်သော သတ္တဝါအထူး၏ ပရိယာယ် ဖြစ်ရကား စမရမည်သော အောင်း၏အမြီးဖြစ်၍ တဒ္ဓိတ်ဝိဂြိုဟ်အားဖြင့် စာမရီမည်ကြောင်း ကို ဆိုသည်။ အောင်းသတ္တဝါသည် သားရဲမျိုးဖြစ်၍ အောင်းမြီးသည် ဝါဠဗီဇနီအရ မင်္ဂလာမင်းခမ်းအဝင် ဖြစ်သင့်ကြောင်းကို ဆိုသော တောင်ဘီလာဆရာတို့ အဆုံးအဖြတ် လည်း ရှိသည်။ အောင်းသားကို စားရာတွင် ရဟန်းတို့ကို လိုက်လံကိုက်ခဲသောကြောင့် သားရဲမျိုးဖြစ်၍ မစားအပ်ကြောင်းကို ပညတ်တော်မူသော ဝိနည်းသိက္ခာပုဒ်လည်း ရှိသည်။

စာမရီဟု၊ နောက်ချိပ္ပဲ့၊ မြီးဆံလှလျက်၊ တောမထိပ်ခေါင်၊ သရေဆောင်သည်၊ ရွှေရောင် ဖြိုးဖြိုး၊ သားအမျိုးကား၊ ကျင့်ရိုးအစဉ်၊ ချင့်တို့ညာဉ်ဖြင့်၊ ရှောင်ကြဉ်လျက်ပင်၊ မြီးဆံစင်၏-

ဟူ၍ စာမရီသား၏အကြောင်းကို ရှေးဆရာတို့ စပ်ဆိုသည်။ ၎င်းသားမြီးယပ်ကို ကျောက်စီ ရွှေရိုးတပ်၍ လုပ်ဆောင်သည်။ အရိုးပမာဏကို ကျမ်းဂန်မဆို၊ ၁၂-သစ်ပမာဏ အရိုးတပ်ရမည်၊ စာတမ်းများ၌ ဆိုသည်။

ခတ္တ၊ သံလျက်။ သာရတ္ထဒီပနီ-စသည်၌ အထူးမဆို။

- ဧကတောဓာရ၊ တစ်ဖက်သွား။
- ဥဘတောဓာရ၊ နှစ်ဖက်သွား-ဟူ၍လည်းကောင်း။
- ဤသာခဂ္ဂ၊ ဦးဖျားညွတ်သော သန်လျက်-ဟူ၍လည်းကောင်း-

ဝိနည်းပညတ်, ဇာတ်နိပါတ်များ၌ ဆိုသည်။

- အသွား အလျားပမာဏကား ၃၃-သစ်၊
- အချိန်ပမာဏကား ၃၃-ပိုလ်-

ဟူ၍ သေနကဇာတ်၊ ပဥ္စာဝုဓဇာတ်များ၌ ဆိုသည်။ ဆေးကျမ်းအလို တစ်ပိုလ်-၃၊ အဘိဓာန်အလို တစ်ပိုလ်-၅။ အလျားပမာဏကို ရည်၍-

> "သုံးဆယ့်သုံးတန်၊ လက်သစ်ပြန်အောင်၊ ရှည်ခြင်းဆောင်လျက်၊ အရောင်ယူမြောက်၊ ရှုမစောက်သား၊ ဆင်ပေါက်လည်ပင်း၊ ပြတ်လျှင်းဘနန်း၊ မျောမျောသွန်းသည်၊ မြိုက်ချွန်းအသွား၊ သန်လျက်ဓား"

ဟူ၍ ရှေးဆရာတို့ စပ်ဆိုသည်။

မောဠိ၊ နဖူးသင်းကျစ်။ ဘုရားလောင်းတို့အား လက်ယာနားပန်းမှသည် လက်ဝဲနားပန်းတိုင်အောင် နဖူးပြင်ကို ပြည့်စေလျက် အသားလွှာတက်သော ဥဏှီသလက္ခဏာကို အတုပြု၍ မင်းတို့အား ရွှေဖျားသင်းကျစ် ဆောင်းသော ထုံးစံဖြစ်ကြောင်းကို သုမင်္ဂလဝိလာသိနီအဋ္ဌကထာ-စသော ကျမ်းဂန်များ၌ ဆိုသည်။ လူမင်းတို့အားသာ သင်းကျစ်ဆင်ယင်သည် မဟုတ်၊ သိကြားနတ်မင်းအားလည်း သင်းကျစ်ဆင်ယင်ကြောင်းကို သုဓာဘောဇနဇာတ်၌ ဆိုသည်။ အယောဃရဇာတ်, မဟာဝံသဇာတ်များ၌-

- မကိုဋ်ရွှေပန်းနှင့် တစ်စပ်တည်း စပ်ယှက်၍ သင်းကျစ်လုပ်သောနည်း,

- သုမင်္ဂလဝိလာသိနီအဋ္ဌကထာ၌ မကိုဋ်ရွှေပန်း မပါ၊ သင်းကျစ်သက်သက်သာ လုပ်သောနည်း–

အားဖြင့် သင်းကျစ်လုပ်နည်း ၂-ပါးရှိသည်။

သက်တင်စို့လား၊ နဖူးဖျားဝယ်၊ ရွှေများသင်းကျစ်၊ ရွှေမွန်းနှစ်ဖြင့်၊ လျှပ်စစ်ပြောင်ပြောင်၊ ညဉ့်မိုက်မှောင်၌၊ တိမ်တောင်လင်းလင်း၊ ဝင်းသိသောနှယ်၊ ရွှန်းရွှန်းကယ်မျှ-

ဟူ၍ စပ်သည်ကား– နဖူးသင်းကျစ်၊

"စတုမဟာရာဇ်၊ သင်းကျစ်နွဲ့နွဲ့၊ ရွှေဘွဲ့ရေးရေး၊ အမည်ပေးသား၊ ကျော်သွေးနှံ့ချောက်၊ နတ်လေးယောက်"-

ဟု စပ်သည်ကား ဘွဲ့သင်းကျစ်၊

ဤသို့ ရှေးသူဟောင်းတို့ ခေါ်ဝေါ်စပ်ဆိုသောအားဖြင့် သင်းကျစ်မျိုး ၂-ပါးရှိသည်တွင် နဖူးသင်းကျစ်သာ မင်းမြောက်တန်ဆာ ၅-ပါး အဝင်အပါ ဖြစ်သည်။

ပါဒုကာ၊ ခြေနင်း။ တေမိဇာတ်၌ သုဝဏ္ဏေန အလင်္ကတံ ဆိုသောကြောင့် ရွှေဖြင့်မွမ်းမံသည်။ သုမင်္ဂလဝိလာသိနီ-စသည်၌ ရတနပါဒုကံ ဆိုသောကြောင့် ပတ္တမြား, စိန်, မြ-စသော ရတနာတို့ဖြင့် စီစဉ်ခြယ်လှယ်သည်။ ခြေဦးစွပ်, ခြေနှောင့်စွပ်ရှိသည်ကား မာဂဓဘာသာ ပါဒုက၊ မြန်မာဘာသာ ခြေနင်း။ ခြေဦးစွပ်, ခြေနှောင့်စွပ် မရှိ၊ အောက်ခံနှင့် အသည်ကြိုးသာရှိသည်ကား- မာဂဓဘာသာ ဥပါဟန၊ မြန်မာဘာသာ ဘိနပ်။ ထို့ကြောင့် ရဟန်းတို့အား ခြေနင်းသည် မအပ်၊ ဘိနပ်သာ အပ်သည်-ဟူ၍ ဝိနည်းပညတ်ရှိသည်။ မင်းခမ်းတော်မှာလည်း ခြေနင်း, ဘိနပ်-ဟူ၍ ၂-ပါးပင် အဝင်အပါ ဖြစ်သည်။

ဤသို့ ဆိုခဲ့ပြီးသော ထီးဖြူ, သားမြီးယပ်, သန်လျက်, သင်းကျစ်, ခြေနင်း-ဟူသော မင်းခမ်း ၅-ပါးတို့သည် သရုပ်အလျောက် ၅-ပါးမြောက်သော မင်းမြောက်တန်ဆာ မည်ကုန်၏။

ရညော၊ မင်း၏။ ဂမနကာလေ၊ သွားလေရာရာ ကာလတိုင်း၌။ သဒါ၊ အခါခပ်သိမ်း။ အာဒါတဗ္ဗတော၊ ယူဆောင်အပ်သောကြောင့်။ တာနိ၊ ထိုမင်းမြောက်တန်ဆာ ၅-ပါးတို့သည်။ ကကုဓာနိ စ၊ ကကုဓလည်း မည်ကုန်၏။ ရာဇနေတ္တာ၊ မင်း၏ဥစ္စာဖြစ်သောကြောင့်။ ဘဏ္ဍာနိ စ၊ ဘဏ္ဍာလည်း မည်ကုန်၏။

ဤသို့ အဘိဓာနပ္ပဒီပိကာ(ဋီ၊ဂါထာ-၃၅၈) -စသော ကျမ်းဂန်တို့၌ ဆိုသောကြောင့် မင်းမြောက်တန်ဆာ ၅-ပါးတို့ကို နန်းတွင်း,နန်းပြင် သွားလေရာရာ အခါခပ်သိမ်း ဆောင်ရွက်ရာသောအဖြစ်ကို သိအပ်သည်။ ။ **မင်းမြောက်တန်ဆာ ၅-ပါး ပြီး၏။**

**သင်္ခ၊ ခရုသင်း။** သမုဒ္ဒရာကဖြစ်သော လက်ယာရစ်ခရုသင်းသာ မင်းခမ်းမှာ ဝင်ကြောင်းကို သာရတ္ထဒီပနီ-စသော ကျမ်းဂန်များ၌ ဆိုသည်။ ခရု သင်းသည် ရတနာ ၁၀-ပါး အဝင်ဖြစ်ကြောင်းကို စူဠဝါပါဠိတော်၌ လာသည်။ ခရုသင်းဖြင့် ဘိသိက်သွန်းခြင်းထုံးစံကား ကမ္ဘာဦးက မဟာသမ္မတမင်းကြီး လက်ထက်ကပင် စ၍ဖြစ်သည်။ ထိုမင်းလက်ထက် ဟိမဝန္တာ၌နေသော ရသေ့ ၁-ပါးကို သိကြားမင်း ညွှန်ပြ၍ ဘိသိက်အခမ်းအနား မင်းဆောင်မင်းခမ်းများကို စီရင်စေသည်-ဟူ၍ ဒိသာဇေယျ-စသော စာဟောင်းစာတမ်း ရှိသည်။

စန္ဒကုမာရမင်းကို ဝိဇယုတ္တရ-မည်သော ခရုသင်းဖြင့် သိကြားမင်း ဘိသိက်သွန်း ကြောင်းကို ခဏ္ဍဟာလဇာတ်၌ ဆိုသည်။ ဝဓုကီသုကရဇာတ်, တစ္ဆကသုကရဇာတ်များ၌ ခရုသင်းဖြင့် ဘိသိက်သွန်းဖူးသည်ကို စွဲ၍လည်း တိရစ္ဆာန်ကိုပင် ဤကဲ့သို့ မြင့်မြတ်ဖူးလေ သည်-ဟူသော ဒိဋ္ဌသုတမင်္ဂလာကို ရည်လျက် ခရုသင်းဖြင့်သာ ဘိသိက်သွန်းခြင်း ထုံးစံဖြစ် လေသည်။

**ဂင်္ဂေါဒက၊ ဂင်္ဂါရေ။** သီရိဓမ္မာသောကမင်းက ဒေဝါနံပိယတိဿမင်းအား ဘိသိက် ခံရန် ပေးလိုက်သည့်အရာမှာ အနဝတတ်ရေကိုပင် ဂင်္ဂေါ- ဒက-ဟု ဆိုသည်ဟူ၍ သာရတ္ထဒီပနီ၌ ဆိုသည်။ ထိုသို့ ဆိုသည်ကို ထောက်သော် မြစ်ကြီး ၅-စင်းအဝင် ဂင်္ဂါရေသာ ဂင်္ဂေါဒက မဟုတ်၊ ဧရာဝတီ, သလ္လာဝတီ-စသော မြစ်ရေများ လည်း ဂင်္ဂေါဒကပင် ဖြစ်သည်ဟူ၍ မုချဆတ်ဆတ် သိရသည်။ ဂင်္ဂါသဒ္ဒါလည်း မြစ်တိုင်းကို ပင် ဟောသော အဘိဓာန်ပရိယာယ် ထင်ရှားရှိသည်။ ထို့ကြောင့် ရာဇာဘိသေကကျမ်း စာဟောင်းစာတမ်းများ၌ အထူးထူးအပြားပြား သကြံန်ရေ, ဘိသိက်ရေကို ဆိုသည့်အရာ များလည်း သင့်မြတ်သော ထုံးစံစကား ဖြစ်သည်။

**ဝဓုမာန်။** တန်ဆာဆင်သော နံ့သာမှုန့် (သာရတ္ထဒီပနီဆရာအလို)
ရေချိုးသောအခါ ပွတ်သပ်သော ကသယ်မှုန့် (ကေစိဆရာတို့အလို)
အုပ်ကြုတ်နှင့် ခင်းကျင်းဆောင်ရွက်သည်။

ဝဋံသကာ၊ နား၌ ဝတ်ဆင်သောတန်ဆာ။ နားတောင်း-စသည်ကိုယူ။ (သာရတ္ထဒီပနီဆရာအလို)။ နားပန်းဆုံ၌ ဆွဲသော ပန်းဆိုင်း, နားသွယ်ပန်း။ (ကေစိဆရာတို့ အလို)။

ဘိင်္ဂါရ၊ ရွှေကရား။ ဘိင်္ဂါရ၊ ရွှေကရား (သာရတ္ထဒီပနီဆရာအလို)။ နတ်ပသခြင်း-စသည်ကို ပြုရန် မကန်းခံတွင်းသဏ္ဌာန်လုပ်သော အိုးခွက်အထူး (ကေစိဆရာတို့ အလို)။

နန္ဒိယာဝဋ္ဋ။ မင်္ဂလာအကျိုးငှာ ကြိုးခြေသဏ္ဌာန် ရွှေဖြင့် ဆန်းကြယ်စွာ လုပ်သော မင်းခမ်း။ (သာရတ္ထဒီပနီဆရာ အလို)။ မင်္ဂလာအကျိုးငှာ ဇလပ်ပွင့်သဏ္ဌာန် ရွှေဖြင့် ဆန်းကြယ်စွာ လုပ်သော မင်းခမ်း။ (ဝိမတိဝိနောဒနီ ဆရာအလို)။ ဤဝါဒ ၂-ချက်သည် အနက်သာ ထူးခြားသည်။ အရ မထူးခြား။ ကလပ်ခြေ မြင်းကဲ့သို့ လုပ်သော သလင်းထောင်ပင် ဖြစ်သည်။

သိဝိကာ။ ရွှေထမ်းစင်။

သုဝဏ္ဏပါတိ၊ ရွှေခွက်။ ရွှေသားအတိလုပ်သည်။

ကဋစ္ဆု၊ ရွှေဟင်းချို ရွှေဇွန်း။ ရွှေသားအတိလုပ်သည်။

အဓောဝိမံ၊ မဖွပ်ရသော။ ဒုဿယုဂံ၊ ပုဆိုးအစုံ။ အပူလှုန်းကာမျှနှင့်ပင် ဖြူစင်သော ဘွဲ့ဖြူပုဆိုးကို ယူသင့်သည်။ ရာဇာဘိသေကကျမ်း, ဝေဿန္တရာဇာတ်များ၌လည်း ဘိသိက်ခံသောအခါ ဘွဲ့ဖြူဆင်ယင်ကြောင်းကို ဆိုသည်။

ဟတ္ထပုဉ္ဆနံ၊ လက်သုတ်ပုဝါ။ ရွှေရွှေဝါဝါ အဆင်းရှိသည် ဆိုသည်။

ဝေဌနံ၊ ဦးပေါင်း။ ဦးရစ်လည်း ဆိုသည်။ မကိုဋ်ပေါင်းများလည်း အရအဝင်ဖြစ်သည်။

သာရပါမင်္ဂ၊ မြတ်သောစလွယ်။ ။ဥတ္တမံ ရတနပါမင်္ဂသုတ္တံ- ဟု ဖွင့်သောကြောင့် ရတနာဖြင့် ခြယ်လှယ်လုပ်ဆောင်သော စလွယ်

ဟူ၍ သိရသည်။ ပဒုမုတ္တရဘုရားလက်ထက်၌ ဝက္ကလိမထေရ်အလောင်း လုလင်သည် စလွယ်ဆင်ယင်လျက် အလှူပေးကြောင်းကိုဆိုရာ အပဒါန်အဋ္ဌကထာတွင်လည်း ယညော-ပဝိတ္တသဒ္ဒါတို့ကို စလွယ်ဟော-ဟူ၍ ဆိုသည်။ ဆရာစား ဥစ္စာရပြီးမှ လျော့လေသောကြောင့် စလွယ်ဝတ်လျက် စကားမပြောမဆိုဘဲ သဲပြင်တွင် လျောင်း၍နေသော ပုဏ္ဏားလုလင် အကြောင်းကိုဆိုရာ ခုဒ္ဒဇာတ်တွင်လည်း ယညသုတ္တသဒ္ဒါကို စလွယ်ဟူ၍ ရှေးဆရာတို့ အနက်ပြန်သည်။ သရောဒယ-စသော သသ်ကရိုင်ကျမ်းများ၌လည်း ယညောပဝိတ္တသဒ္ဒါနှင့် တူသော ယဇ္ဇောပဝိတြသဒ္ဒါကို စလွယ်ဟောသော အဖြစ်ဖြင့် ဆိုသည်။

**ဟရိစန္ဒနံ၊ စန္ဒကူးရွှေ။** ။ရွှေကဲ့သို့ ဝါသောအဆင်းရှိသည်။

**တစ်နည်းကား-** စန္ဒကူးနီ၊ ဂေါသီတမည်သော အလွန်အေးချမ်းသော စန္ဒကူး တည်း။ နံ့သာကိုပင် မာဂဓဘာသာသို့ လိုက်၍ စန္ဒကူး ခေါ်ဝေါ်သည်။

**အရုဏဝတိမတ္တိကာ၊ နေအရုဏ်အဆင်းရှိသော မြေ။** မြေနီကို ယူ။ ရာဇာဘိသေက ကျမ်းစာတမ်းများ၌လည်း အထူးထူး အပြားပြားသော မြေမျိုးတို့ကို ဆိုသည်။

**အဥ္ဇနံ၊ မျက်စဉ်းကျောက်။** ။နဂါးသွဲ့ကျောက်ကို ဆေးကျမ်းများ၌ ဆိုသည်။

**အမတောသဓံ၊ အမြိုက်နှင့်တူသောဆေး။** ။ရောဂါဘေးရန် ကင်းစေတတ်သော နတ်တို့ သုဓာကို အမြိုက်ဆိုသည်။ ထိုအမြိုက်နှင့်တူသော ဆေးဖြစ်၍ အမတောသဓ-မည်သည်။ ထိုဆေးကို မင်းတို့အား မျက်နှာသစ်ပြီး, ရေချိုးပြီးသောအခါများ၌ နဖူး, ဝမ်း, ရင်များတွင် မှန်ကူပြု၍ သုံးဆောင် သည်။ ရောဂါဘေးရန်, အန္တရာယ်ခပ်သိမ်း ကင်းငြိမ်းသည်-ဟူ၍ သာရတ္ထဒီပနီ-စသည်၌ ဆိုသည်။ သာရကောမုဒီ ဆေးကျမ်းတွင်ဆိုသော စန္ဒြောဒယ-စသော ဆေးများကဲ့သို့ ဖြစ်သည်။ (ဝိ၊၄၁၀။၅၆)

သိရိမင်္ဂလာသောကမင်းက ဒေဝါနံပိယတိဿမင်းအား ဘိသိက်ခံရန် ပေးလိုက်သော ရာဇာဘိသေကမင်းခမ်း ၂၂-ပါး ပြီး၏။

----- ✦ -----

ဤသို့ ဆိုခဲ့ပြီးသော ၂၂-ပါးသော မင်းခမ်းတို့ကို ဘိသိက်ခံစေခြင်းငှာ သီရိဓမ္မာသောကမင်းက ဒေဝါနံပိယတိဿမင်းအား ပေးလိုက်ကြောင်းကို ကျမ်းဂန်အစောင်စောင် ဆိုသဖြင့် သီရိဓမ္မာသောကမင်း ဘိသိက်ခံသည်မှာလည်း ဤ ၂၂-ပါးသော မင်းခမ်းဖြင့်ပင် ဘိသိက်ခံသည်-ဟူ၍လည်းကောင်း, သီရိဓမ္မာသောကမင်း၏ ရှေးအဆက်ဆက်သော မင်းတို့လည်း ဤသို့သော မင်းခမ်းဖြင့်ပင် ဘိသိက်ခံမြဲ ထုံးစံရှိသည်-ဟူ၍လည်းကောင်း သိရသည်။

သိန်းခိုကျွန်း၊ မဟာသေနမင်း ဘိသိက်ခံရန် အထူးထူးအပြားပြားသော အခမ်းအနားတို့ကို ဇမ္ဗူဒိပ်ကျွန်းသို့ ကူး၍ ရှာစေကြောင်းကို မဟာဝင်ကျမ်းများတွင် ဆိုသဖြင့်လည်း ဘိသိက်ခံသောအရာသည် ကြီးကျယ်လှစွာသော အခမ်းအနားဖြစ်ရကား ဘုန်းကံအားလျော်စွာ အတိုင်းထက်အလွန် ရတိုင်းပင် သင့်မြတ်သည်-ဟူ၍ အဓိပ္ပါယ်စကားကျသည်။ အာဒိစ္စဝံသ မြန်မာ့ဦးစွန်း မင်းတရားအဆက်ဆက် ခင်းကျင်းဆောင်ရွက်သော လက်ဝဲ-၁၃၊ လက်ယာ-၁၃၊ မင်းခမ်းတော်များလည်း အလွန်ကျက်သရေကို ဆောင်တတ်သော ဘုန်းကံကြီးသော မင်းကောင်း မင်းလောင်းတို့ ခင်းကျင်းဆောင်ရွက်သည့် အခမ်းအနားဖြစ်သည်။

ကျမ်းဂန်လာသော ယခင် မင်းခမ်းများလည်း ခင်းကျင်းဆောင်ရွက်မြဲ မင်းခမ်းတော်များတွင် ပါဝင်သည့်အရာ များပြားသည်။ အချို့ မပါမဝင် ကျန်လပ်သည်ကိုလည်း လောင်းစွက်ထည့်သွင်း ခင်းကျင်းဆောင်ရွက်သင့်သည်။ သာသနာကျမ်း, လောကီကျမ်း, စာတမ်း အစောင်စောင် နှိုင်းညှိတိုက်ဆိုင်၍ ထုတ်နုတ်စီရင်သည့် မုဒ္ဓါဘိသေကစာတမ်းကို ရွှေနားတော်ကြား ဆက်သွင်းသည်တွင် အစဉ်ထုံးစံ ဖြစ်ထွန်းအောင် ပေထက်ရေးသား တင်ထားရမည်။

ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ရွက်ဆင်၍, ကောဇာသက္ကရာဇ် ၁၁၈၅-ခု၊ သာသနာတော် ၂၃၆၇-ခု၊ ပထမဝါဆိုလပြည့်ကျော်၊ ၅-ရက်၊ ၆-ကြာနေ့ ပုရပိုက်အရေးအသားအက္ခရာကို ပေထက်ရေးသား တင်ထား၍ ပြီး၏။ မင်းဖွယ်စိုးရ ဗဟုသုတပညာကို ရှာမှီးရေးကူးသော ပညာရှိ ကဝိအဆက်ဆက်တို့သည် စကားပြေနိဂုံးတွင်သာ မရေးမကူးဘဲ တပ်စုံ အခင်းအကျင်းဇယား, မင်းခင်းဇယား, ဂါထာစုများနှင့်တကွ ရှေးနှောင်းစကား မကွဲမပြားအောင် သေချာစွာ ကူးယူရေးသားစေကုန်သတည်း။ ။

✪ ✪ ✪ ✪ ✪ ✪ ✪ ✪

(၂)

ထီးဆောင်း, ဥကင်ဖွင့်, ဘိသိက်ခံ,
အိမ်ရှေ့နှင်း-စသော (သုမင်္ဂလ),
သင်္ဂြိုဟ်ထမ်း (ဒုမင်္ဂလ)အခမ်းအနားများနှင့်
ကုန်းဘောင် ၁၁-ဆက် မင်း,မိဖုရား,သားတော်,သမီးတော်တို့၏
အကြောင်းတော်များကို ပြဆိုရာဖြစ်သော

## စာရေးတော်ကြီး ဦးရာကျော်

# မြန်မာမဟာမင်္ဂလာမင်းခမ်းတော်

BUDDHIST LITERATURE GROUP
B.L.G
ဗုဒ္ဓစာပေအဖွဲ့

၁၃၇၂ ၂၀၁၀

ထီးဆောင်းမင်္ဂလာ,
မဟာဥကင်တော်ဖွင့်, ဘိသိက်ခံ,
အိမ်ရှေ့နှင်း-စသော(သုမင်္ဂလ)အခမ်းအနား,
သဗြိုဟ်ထမ်း(ဒုမင်္ဂလ)အခမ်းအနားများနှင့် ကုန်းဘောင်
၁၁-ဆက် မင်း, မိဖုရား, သားတော်, သမီးတော်အပေါင်းတို့၏
အကြောင်းတော်များကို ပြဆိုရာဖြစ်သော

# မြန်မာမဟာမင်္ဂလာမင်းခမ်းတော်

စာအုပ်ရှင်
မန္တလေးမြို့၊ အရှေ့ပြင်၊ စစ်ကိုင်းရပ်နေ
ဗိုလ်လုံး + မယ်ခင်

မန္တလေးမြို့
၁၂၆၇-ခုနှစ်၊ တန်ခူးလ၊ (၁၉၀၅)

ဤမင်းခမ်းတော်စာတွင် မာတိကာဦးရေ ၄၀၀-ကျော် ၅၀၀-အကျယ် ကောက်နုတ်ရန်
ရှိသည့်အနက် အမြွက်အကျဉ်းမျှ ထုတ်နုတ်၍ပြအပ်သော အခမ်းအနားအစ

# မာတိကာစဉ်

---


| ဦးရေ | အကြောင်းအရာ | မျက်နှာ |
|---|---|---|
| - | နိဒါန်း | ၁၂၅ |
| [ ၁ ] | သာလွန်မင်းတရားကြီး ရာဇာဘိသေကမုဒ္ဒါဘိသိက်ခံစာတမ်း<br>၁။ မုဒ္ဒါဘိသိက်၊ ၂။ မြေနန်းအစီအရင်၊ ၃။ထီးဖြူစိုက်ခြင်း၊ ၄။ မင်းခမ်းတော်များထားပုံ ၅။ဆင်,မြင်း ရံခြင်း, စီးခြင်း အနေအထား၊ ၆။ မင်္ဂလာရေခပ်အစီအစဉ်၊ ၇။ရေချိုးသန့်စင်ခြင်း, ဝတ်တော်လဲခြင်း၊ ၈။ မင်းသမီး,ပုဏ္ဏား,သူကြွယ်တို့ ဘိသိက်သွန်းပေးခြင်း၊ ၉။ တိုင်းသူပြည်သားနှင့် ၄-ကျွန်းသားတို့က ရတနာများဆက်သခြင်း။ | ၁၂၉ |
| [ ၂ ] | မန္တလေးရတနာပုံ ပဉ္စမသင်္ဂါယနာတင်မင်းတရားကြီး ဘိသိက်ခံစာတမ်း<br>၁။ အကျဉ်းမှတ်ဆစ်ကောက်နုတ်ချက်၊ ၂။ လယ်ထွန်မင်္ဂလာမဏ္ဍပ် ၃-ခုနှင့် ပန္နက်တင်၊ ၃။ မင်္ဂလာရေခပ်အစီအစဉ်၊ ၄။ ဘိသိက်သွန်းရာ၌ မင်းသမီး, ပုဏ္ဏား, သူကြွယ်တို့ ဆိုသောစကား။ | ၁၄၄ |
| [ ၃ ] | ဗဒုံမင်းတရားကြီးလက်ထက် သားတော်ကြီးအား အိမ်ရှေ့နှင်းစာတမ်း နှင့် ရေသွန်းလက်ထပ်အခမ်းအနား<br>၁။ အိမ်ရှေ့နှင်းစာတမ်း ၂။ အိမ်ရှေ့နှင်းအမိန့်တော် ၃။ လက်ဖွဲ့တော်စာ၊ ၄။ အိမ်ရှေ့အရာရှိစုံခန့်၊ ၅။ ထွက်တော်မူမည့်အစီအစဉ်၊ ၆။ တောင်တွင်းကြီးမင်းသမီး နားထွင်း, ဆံထုံးထုံး, ဒက်ဆင်, တဘက်ဝတ်, လက်ထပ်မင်္ဂလာ။ ၇။ လက်ဖွဲ့တော်, လက်ဆောင်တော်ပေး၊ ၈။ အိမ်ရှေ့အဆောင်မြဲစာရင်းအရပ်ရပ်။ | ၁၅၃ |
| [ ၄ ] | ဗဒုံမင်းသမီးတော် မိတ္ထီလာမင်းသမီးကို ကွမ်းဦးခွံ့, နာမကရဏ, လက်ဖွဲ့မင်္ဂလာပြုတော်မူသော မင်းခမ်းတော် | ၂၀၀ |
| [ ၅ ] | မင်းအဆက်ဆက် သားတော်,သမီးတော်များ နားထွင်း,သျှောင်ထုံး-စသည် မင်္ဂလာများ | ၂၁၇ |
| [ ၆ ] | သေမှုသေတမ်း လောကသင်္ကေတ စာတမ်း | ၂၇၂ |
| | ၁။ လူတကာတို့ လိုက်နာသင့်ရာ သင်္ဂြိုဟ်အစီအရင် | ၂၇၂ |
| | ၂။ သာလွန်မင်းတရားကြီးအလောင်းတော်ကို သင်္ဂြိုဟ်တော်မူသည့်စာတမ်း | ၂၇၈ |

| ဦးရေ | အကြောင်းအရာ | မျက်နှာ |
|---|---|---|
| | ၃။ မိဖုရားခေါင်ကြီး လွန်တော်မူရာ သင်္ဂြိုဟ်စာတမ်း | ၂၈၀ |
| | ၄။ မင်းတရားကြီးမယ်တော် လွန်တော်မူရာ သင်္ဂြိုဟ်သောစာတမ်း | ၂၈၂ |
| | ၅။ အိမ်ရှေ့မင်း လွန်တော်မူရာ သင်္ဂြိုဟ်သောစာတမ်း | ၂၈၄ |
| | ၆။ သမက်တော် မင်းရဲနော်ရထာလွန်ရာ သင်္ဂြိုဟ်သောစာတမ်း | ၂၈၆ |
| | ၇။ စလင်းမင်းသမီး လွန်ရာ သင်္ဂြိုဟ်သောစာတမ်း | ၂၈၇ |
| | ၈။ သိန္နီဝန်မင်းလှမင်းကျော် ကံကုန်ရာ သင်္ဂြိုဟ်သည့်စာတမ်း | ၂၈၉ |
| [ ၇ ] | (က) မဟာနွယ်တော်ဆိုင်ရာများ | ၂၉၂ |
| [ ၇ ] | (ခ) ကုန်းဘောင်ဆက် မင်းတရားကြီးများအကြောင်း၊ မာတိကာ | ၂၉၃ |
| [ ၈ ] | အလောင်းမင်းတရားကြီး, မိဖုရား,သားတော်,သမီးတော်တို့အကြောင်း | ၂၉၄ |
| [ ၉ ] | စစ်ကိုင်းမြို့တည် နောင်တော်မင်းတရားကြီး, ။လ။ အကြောင်း | ၂၉၇ |
| [ ၁၀ ] | ရတနာပူရ တတိယမြို့တည် ဆင်ဖြူရှင်မင်းတရားကြီး, ။လ။ အကြောင်း | ၂၉၈ |
| [ ၁၁ ] | စဉ့်ကူးမင်း, ။လ။ အကြောင်း | ၃၀၂ |
| [ ၁၂ ] | ဖောင်းကားစားမင်း, ။လ။ အကြောင်း | ၃၀၄ |
| [ ၁၃ ] | အမရပူရ ပဌမမြို့တည် ဗဒုံမင်းတရားကြီး, ။လ။ အကြောင်း | ၃၀၄ |
| [ ၁၄ ] | မဟာဥပရာဇာ, ။လ။ အကြောင်း | ၃၁၆ |
| [ ၁၅ ] | ရတနာပူရ စတုတ္ထမြို့တည် မင်းတရားကြီး, ။လ။ အကြောင်း | ၃၂၁ |
| [ ၁၆ ] | အမရပူရ ဒုတိယမြို့တည် မင်းတရားကြီး, ။လ။ အကြောင်း | ၃၂၄ |
| [ ၁၇ ] | အမရပူရ စတုတ္ထနန်းစံ ပုဂံမင်းတရားကြီး, ။လ။ အကြောင်း | ၃၂၉ |
| [ ၁၈ ] | မန္တလေးရတနာပုံ ပဌမမြို့တည်, နန်းတည် ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီး, ။လ။ အကြောင်း | ၃၃၁ |
| [ ၁၉ ] | အိမ်ရှေ့မင်းကြီး, ။လ။ အကြောင်း | ၃၃၈ |
| [ ၂၀ ] | သီပေါမင်းမြတ်နှင့် မိဖုရားခေါင်ကြီး,သားတော်,သမီးတော်တို့အကြောင်း | ၃၄၂ |
| | - မှာတမ်းနှင့် စာပြီးနိဂုံး | ၃၄၃ |

----- x -----

## နိဒါန်း

ဘဝတု ဇယမင်္ဂလံ။

ဒွေဝ သစ္စာနိ အက္ခာသိ၊ သမ္ဗုဒ္ဓေါ ဝဒတံ ဝရော။
သမ္မုတိံပရမတ္ထဉ္စ၊ တတိယံ နုပလဗ္ဘတိ။ ။

သင်္ကေတဝစနံ သစ္စံ၊ လောကသမ္မုတိကာရဏံ။
ပရမတ္ထဝစနံ သစ္စံ၊ ဓမ္မာနံ ဘူတလက္ခဏံ။ ။ (ဒီ၊ဋ္ဌ၊၁။၁၁၆)

ဟူသော ကျမ်းဂန်အရ လောက၏ ကြီးပွါးကြောင်း,ကြီးပွါးရာ သာသနာတော်ကျမ်း, လောကီကျမ်းတို့မှ အစဉ်ထုံးတမ်း ပဝေဏျာဂတ မင်း, အမတ်, ရသေ့, ရဟန်း, ပုဏ္ဏား-စသော ကျိုးမြင်,ကြောင်းသိ၊ သူမြတ်ပညာရှိတို့၊ စိစစ်မြော်မြင်၊ ထုတ်နုတ်ယူငင်၊ စီရင်ပိုင်းခြား၊ သမုတ်ပညတ်၍ထားအပ်သော သုမင်္ဂလ, ဒုမင်္ဂလ၊ သုဘာ'သုဘ ကိစ္စ ၂-ပါး၊ စီမံရွက်ဆောင်သော အခမ်းအနားများကို ဘုရားဟော ပရမတ္ထသစ္စာ မဟုတ်တကား-ဟု နှုတ်လွတ်ပေါ့တန်သော စကားဖြင့် မပယ်မရှားရာ၊ မပယ်ရှားသင့်။ ထုံးသစ် မလောင်း၊ ထုံးဟောင်း မပျက်၊ ဆောင်ရွက်လိုက်နာ၊ ပြုကျင့်အပ်သော ဘုရားဒေသနာ သမ္မုတိသစ္စာတွင် အပါအဝင် ဖြစ်ပေသည်တကား-ဟု လေးစားလိုက်နာ စီရင်ပြုကျင့် ဆောင်ရွက်ကြကုန်ရာသည်။

ယင်းသမုတိသစ္စာတွင်လည်း မြန်မာဘုရင် မင်းမြတ်မင်းကောင်းတို့—

- ထီးဆောင်းမင်္ဂလာ ဉကင်တော်ဖွင့် ရာဇာဘိသေကမုဒ္ဒါဘိသိက်စာတမ်း၊
- အိမ်ရှေ့နှင်းတမ်း၊ အိမ်ရှေ့, အိမ်ရှေ့မိဖုရား ရေသွန်းလက်ထပ်၊
- အိမ်ရှေ့မိဖုရား နားထွင်း, ဆံထုံးထုံး, တဘက်ဝတ်, ဒက်ဆင်မင်္ဂလာအခမ်းအနား၊
- မင်္ဂလာထမင်း, မင်္ဂလာဟင်းချက်ပုံ၊ ခင်းကျင်းပုံ, ကျွေးပုံ, တိုက်ပုံ,
- ဆံထုံး ၇-မျိုးပုံ, မင်္ဂလာစကား ၇-ခွန်းလျှောက်ပုံ၊
- ၎င်းလက်ဖွဲ့အဆောင်ပေး အမိန့်တော်တမ်း၊
- အိမ်ရှေ့အရာရှိစုံခန့်, ၎င်းအဆောင်ပေး အမိန့်တော်တမ်း၊
- သားတော်, သမီးတော်တို့ ကွမ်းခွံ့, အမည်ပေး, နားထွင်း, သျှောင်ထုံး, ဆံထုံးထုံး, တဘက်ဝတ်, ဒက်ဆင်, ရှင်ပြု, လက်ထပ်, လက်ဖွဲ့အဆောင်ပေး အမိန့်တော်တမ်း၊

- မင်း, မိဖုရား, ခမည်းတော်, မယ်တော်, အိမ်ရှေ့, သားတော်, သမီးတော်, မင်းမျိုးစိုးနွယ်, နေရာ ၅-သွယ်, မှူးမတ်အရာရှိတို့ နိဗ္ဗာန်ယူသော်၊ နတ်ပြည်စံသော်၊ ကံတော်ကုန်သော်၊ ငယ်ကလွန်သော်၊ ကွယ်လွန်သော်၊ ဆရာတော်, သံဃာတော် ပျံလွန်တော်မူသော်၊ တော်ကြီး, တော်-တော်ရည်တူ၊ ဒူး, ဒူးရည်တူ-စသဖြင့် အလောင်းပြင် ကုဗ္ဘိကျင်းသည်မှ စျာပနကိစ္စအပြီးတိုင် လုပ်ကိုင်စီမံရွက်ဆောင် သင့်ဖြိုပ်သော အမိန့်တော်တမ်း၊
- ပြည်သူတို့ ဘဝတပါးပြောင်းသွားလျှင် စီရင်ပြုလုပ်ရွက်ဆောင်သင့်ဖြိုပ်ရာသော လောကသင်္ကေတစာတမ်း–

စသော အစဉ်လက်သုံး၊ ရှေးထုံးရှေးတမ်း၊ ကျမ်းစာတမ်းများသည်–

- အသက်ရှည်ခြင်း၊
- ဘုန်းတန်းခိုးကြီးခြင်း၊
- အပ, ဘေးဒဏ်၊ ရန်မာရ်ခပင်း လွင့်ပျောက်ခြင်း၊
- ကိုယ်တွင်းအနာ၊ ရောဂါခပင်း ကင်းလွတ်ခြင်း၊
- ချမ်းသာကြီးပွါးခြင်း–

စသော မင်္ဂလာအမျိုးမျိုး တိုးတက်ကြစိမ့်သောငှာ ပညာအမြော်အမြင်ဖြင့် ဆင်ခြင်ပြုပြင်၊ စီရင်ဆုံးဖြတ်၊ သမုတ်ပညတ် ပြဋ္ဌာန်းပိုင်းခြားထားတော်မူခဲ့ကြသော ရှေးထုံး,ရှေးတမ်း၊ ကျမ်းစာတမ်းများ ဖြစ်ပေသည်။

ထိုမှတပါး သာသနာ့ဒါယကာ မြန်မာမင်းတရား, မင်းမိဖုရား, အိမ်ရှေ့, သားတော်, သမီးတော်, ဆွေတော်, မျိုးတော်တို့၏အဖြစ်အပျက်၊ ဇာတာ, စန်း, လဂ်-စသည်ကို ရှုမြင်သိရှိကြသဖြင့် နှိုင်းညှိ,တွက်ဆ၊ ပညာ,ဗဟုသုတနှင့်တကွ သင်္ခါရ ဓမ္မ၊ ခယ, ဝယ၊ အနိစ္စ, ဒုက္ခ, အနတ္တ, သမထ, ဝိပဿနာ ဆင်ခြင်ပွါးများကြကုန်ရာသည်။

ဤသို့စသဖြင့် အစဉ်ကာလ ဓမ္မောဝါဒ ပြောပြဆုံးမလေ့ရှိသော မန္တလေး ရတနာပုံ မင်းတရားကြီး ၂-ဆက် တွဲဖက်စာရေးတော်ကြီး၊ ယခု မန္တလေးတိုင်း အယ်ဒီတာဆရာကြီး ဦးရာကျော်အား ယခုဆိုပြီး အစီအလျဉ်အစဉ် အခမ်းအနား အကျဉ်းထုတ်နုတ်စီရင် ရေးသားပေးပါမည့်အကြောင်းနှင့် တောင်းပန်တိုက်တွန်းရာ–

- အစောင်စောင်သော ရာဇဝင်အမိန့်တော်, ကျောက်စာ, ဧချင်း, မော်ကွန်း, နေ့စဉ်မှတ်စာရင်း-စသည်တို့မှ ရအပ်သော ဓမ္မပဒေသ၊

- ဆရာတော်, သံဃာတော်, မှူးတော်, မတ်တော်-စသော ပညာရှိတို့ထံမှ ရအပ်သော ဂရုပဒေသများနှင့်
- မိမိ သိမှတ်မိသမျှ ဗဟုသုတအားလျော်စွာ လိုရာကောက်နုတ် ထုတ်ယူစီစဉ်ရေးပေးအပ်သော ဤစာတမ်းပါ သုဘာ'သုဘ၊ ဒု,သုမင်္ဂလအခမ်းအနားများနှင့်-

အလောင်းဘုရားကြီးမှ သီပေါရွှေနန်းရှင်တိုင် ကုန်းဘောင် ၁၁-ဆက် မင်းဧကရာဇ်တို့ ဇာတာတော်၊ မိဖုရား, အိမ်ရှေ့, အိမ်ရှေ့မိဖုရား, သားတော်, သမီးတော်အပေါင်းတို့၏ ဖွားသက္ကရာဇ်, နေ့နံ, ငယ်မည်တော်, ဘွဲ့တော်၊ ကံကျွေးခံမြို့, ရွာအဖြစ်အပျက်၊ တိတ်နိမိတ်၊ ကောင်းမှုတော် အဆောက်အဦးစာရင်း-စသည်များကို အကျဉ်းပြဆိုရာပြဆိုကြောင်းဖြစ်သော ဤမြန်မာမဟာမင်္ဂလာမင်းခမ်းတော်စာကို အကျွန်ုပ် မန္တလေးရတနာပုံ ရွှေမြို့တော်ရှေ့ပြင်၊ စစ်ကိုင်းတန်းနေ မရေဆ, မနိုင်းယှဉ်နိုင်သော ကျေးဇူးတော်သခင် အသျှင်ဘဝရှင်မင်းတရားကြီး ၂-ပါးလက်ထက် အစီးအနင်း အဆောင်အရွက်နှင့်တကွ သူကောင်းတော်ပြုခံရသော စစ်ကိုင်းဗိုလ် ဗိုလ်လုံး, ဗိုလ်ကတော် မယ်ခင်တို့က သာသနာ့ဒါယကာ မင်းမြတ်တို့ကျေးဇူးတော်, ဂုဏ်တော်၊ အဟော်နောင်လာ၊ ကမ္ဘာကပ်ကျွန်း၊ တည်ထွန်းစေခြင်းနှင့်တကွ ပဝေဏျာဂတ၊ ရှေးထုံးမပျက်၊ လိုက်နာဆောင်ရွက်ကြသဖြင့် ဒိဋ္ဌဓမ္မ, သမ္ပရာယိက၊ ဟိတ ၂-ပါး၊ ကြီးပွါးတည်ထွန်းကြစေခြင်းငှာ သန့်ရှင်းကောင်းမွန်စွာ နံပါတ် ၂၅၀-ကျော် ပဌမစာအုပ်ရေ ၁,၀၀၀-စက်တင် ပုံနှိပ်လုပ်ဆောင်ခြင်း ပြုပါသတည်း။

ဤမြန်မာမဟာမင်္ဂလာမင်းခမ်းတော်စာကို ထီးမူနန်းရာ စကားအရာ လိမ္မာကျေပွန်ခြင်း၊ အစီအကုံး အဖွဲ့အနွဲ့ ယဉ်ကျေးကြီးခဲ့, သာယာပြေပြစ် ကျစ်လစ်ကောင်းမွန်စွာ ရေးသားနိုင်ခြင်း၊ ဘိသိက်ခံ, အိမ်ရှေ့နှင်း, ကွမ်းဦးခွံ့, အမည်ပေး, နားထွင်း, သျှောင်ထုံး, ဆံထုံးထုံး, တဘက်ဝတ်, ဒက်ဆင်, ရှင်ပြု, လက်ထပ်-စသော မင်္ဂလာအခမ်းအနားကို ပိုင်းခြားစီမံနိုင်ခြင်း၊ ကြီး,ငယ်,နိမ့်, မြင့် ရှိရှိသမျှ ဒုမင်္ဂလကိစ္စတို့ကို ထုံးစံအကျ စီမံနိုင်ခြင်း-စသော ကိုယ်ကျိုး,သူကျိုး၊ မျက်မှောက်,တမလွန်ကျိုးများကို သယ်ပိုးရွက်ဆောင်တော်မူကြပေသော ကလျာဏမိတ်ဆွေအပေါင်းတို့သည် နှစ်ထောင်းအင်ခြိုက်စွာ ပတ္တမြားကြေးမုံပမာ အမြဲလေ့လာကြည့်ရှုတော်မူကြစေကုန်သောဝ်။

နိဒါန်း ပြီး၏။

----- x -----

## စာရေးတော်ကြီး ဦးရာကျော်

# မြန်မာမဟာမင်္ဂလာမင်းခမ်းတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### [ ၁ ] သာလွန်မင်းတရားကြီး ထီးဆောင်းမင်္ဂလာ, မဟာဥကင်တော်ဖွင့် ရာဇာဘိသေကစာတမ်း အဘိသေကမင်္ဂလာ

### ၁။ မုဒ္ဓါဘိသိက်

ဇယတု သဗ္ဗဝေရီ။ ။ တဒါ ပန တဿ ရညော ဝိသာခါပုဏ္ဏမာယံ အဘိသေကဿ ကတတ္တာ တတော ပဘုတိ ယာဝ’ဇ္ဇတနာ ဝိသာခါပုဏ္ဏမာယမေဝ အဘိသေကကရဏ’မာစိဏ္ဏံ။ အဘိသေကဝိဓာနဉ္စေ’တ္ထ ဧဝံ ဝေဒိတဗ္ဗံ အဘိသေကမင်္ဂလတ္ထံ အလင်္ကတပဋိယတ္တဿ မဏ္ဍပဿ အန္တောဂဓဿ ဥဒုမ္ဗရသာခမဏ္ဍပဿ မဇ္ဈေ သုပတိဋ္ဌိတေ ဥဒုမ္ဗရဘဒ္ဒပီဌမှိ အဘိသေကာရဟံ အဘိဇစ္စံ ခတ္တိယံ နိသီဒါပေတွာ ပဌမံ တာဝ မင်္ဂလာဘရဏဘူသိတာ ဇာတိသမ္ပန္နာ ခတ္တိယကညာ ဂင်္ဂေါဒကပုဏ္ဏံ သာမုဒ္ဒိကံ ဒက္ခိဏာဝဋ္ဋသင်္ခံ ဥဘောဟိ ဟတ္ထေဟိ သက္ကစ္စံ ဂဟေတွာ တဿ သီသောပရိ ဥဿာပေတွာ တေန တဿ မုဒ္ဓနိ အဘိသေကောဒကံ အဘိသိဉ္စတိ။ (သာရတ္ထ၊ဋီ၊၁။၁၆၄-၅)

တဒါ ပန၊ ထိုဒေဝါနံပိယတိဿမင်း အဘိသိက်ခံသောအခါ၌ကား။ တဿ ရညော၊ ထိုမင်း၏။ ဝိသာခါပုဏ္ဏမာယံ၊ ကဆုန်လပြည့်နေ့၌။ အဘိသေကဿ၊ အဘိသိက်ခံသည်ကို။ ကတတ္တာ၊ ပြုအပ်သည်၏ အဖြစ်ကြောင့်။ တတော ပဘုတိ၊ ထိုနေ့မှ စ၍။

ယာဝ'ဇ္ဇတနာ၊ ယခုတိုင်အောင်။ ဝိသာခါပုဏ္ဏာမာယမေဝ၊ ကဆုန်လပြည့်နေ့၌သာလျှင်။ အဘိသေကကရဏံ၊ အဘိသိက်ခံခြင်းကို ပြုခြင်းသည်ကား။ အာစိဏ္ဏံ၊ တဖန်တဖန်၊ အလေ့အကျက်ပြုပြုန်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဇတ္ထ အဘိသေကကရဏေ၊ ဤအဘိသိက်ခံသည်ကို ပြုခြင်း၌။ အဘိသေကဝိဓာနဉ္စ၊ အဘိသိက်အစီအရင်ကိုလည်း။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ အဘိသေကမင်္ဂလတ္ထံ၊ အဘိသိက်မင်္ဂလာ ပြုအံ့သောငှာ။ အလင်္ကတ-ပဋိယတ္တသ္မိံ၊ တန်းဆာဆင်ခြင်းနှင့် ယှဉ်သော။ မဏ္ဍပသ္မိံ၊ မဏ္ဍပ်၏။ အန္တောဂဗ္ဘေ၊ အတွင်း၌ပြုအပ်သော။ ဥဒုမ္ဗရသာခမဏ္ဍပသ္မိံ၊ ရေသဖန်းခက်ဖြင့် ပြုအပ်သော မဏ္ဍပ်၏။ မဇ္ဈေ၊ အလယ်၌။ သုပတိဋ္ဌိတေ၊ ကောင်းစွာပြုအပ်သော။ ဥဒုမ္ဗရဘဒ္ဒပီဌမှိ၊ ရေသဖန်းအင်းပျဉ်၌။ အဘိသေကာရဟံ၊ အဘိသိက်ခံခြင်းငှာထိုက်သော။ အဘိဇစ္စံ၊ အမျိုးမြတ်သော။ ခတ္တိယံ၊ ရေမြေသခင် မင်းကို။ နိသီဒါပေတွာ၊ နေစေ၍။ ပဌမံ တာဝ၊ ရှေးဦးစွာလျှင်။ မင်္ဂလာဘရဏဘူသိတာ၊ မင်္ဂလာရှိသော တန်ဆာဖြင့် တန်ဆာဆင်အပ်သော။ ဇာတိ-သမ္ပန္နာ၊ အမျိုးအရိုးနှင့်ပြည့်စုံသော။ ခတ္တိယကညာ၊ မင်းသမီးသည်။ ဂင်္ဂေါဒကပုဏ္ဏံ၊ ဂင်္ဂါရေဖြင့် ပြည့်သော။ သာမုဒ္ဒိကံ၊ သမုဒ္ဒရာ၌ဖြစ်သော။ ဒက္ခိဏာဝဋ္ဋသင်္ခံ၊ လက်ယာရစ်လည်သော ခရုသင်းကို။ ဥဘောဟိ ဟတ္ထေဟိ၊ လက် ၂-ဖက်တို့ဖြင့်။ ဂဟေတွာ၊ ကိုင်၍။ တဿ၊ ထိုမင်းကြီး၏။ သီသောပရိ ဥက္ကောင်းထက်၌။ သက္ကစ္စံ၊ ရိုသေစွာ။ ဥဿာပေတွာ၊ စိုက်၍။ တေန၊ ထိုခရုသင်းဖြင့်။ တဿ၊ ထိုမင်းကြီး၏။ မုဒ္ဓနိ၊ ထိပ်၌။ အဘိသေကောဒကံ၊ အဘိ-သိက်ရေကို။ အဘိသိဉ္စတိ၊ အဘိသိက်သွန်း၏။

ဤသို့ ပပဉ္စသူဒနီသုတ်အဋ္ဌကထာ, စူဠသီဟနာဒသုတ်၊ သီဟဠအဋ္ဌကထာ၊ သာရတ္ထဒီပနီဋီကာတို့၌ လာသောအရာသည် ကမ္ဘာအဆက်ဆက်, မင်းအဆက်ဆက် အဘိသိက်မင်္ဂလာပြုရာ၌ ပညာရှိတို့ စီရင်သည်ကို အစဉ်မှီ၍ သိမြင်သောသူတို့သည် ကောင်းစွာ စီရင်နိုင်ကုန်၏။ အစဉ်မမှီလျက် တွေးဆ၍ စီရင်သောသူတို့၏ ထုံးကို မှတ်မိသောသူတို့သည် မိမိတို့ မှတ်သားမိသည်ကိုသာ ထုံးရှိသည်-ဟု ပညာရှိအဟန်ပြု၍ စီရင်ခန့်ထားသည်ကို ပြုကြလျက် ကျမ်းဂန်နှင့်ညီစွာ စီရင်သောသူတို့ ထုံးကိုသော်လည်း မဟုတ်မမှန် ဆိုသည်ကို ပြုကုန်၏။

အဘိသိက်ခံရာ၌ ဘုန်းပညာနည်းသော မင်းတို့လက်ထက်၌ ပြုစုစီရင်သော ထုံးလည်း ရှိ၏။ ဘုန်းပညာကြီးသော မင်းဧကရာဇ်တို့လက်ထက် ကျယ်ဝန်းစွာ စီရင်သော ထုံးလည်း ရှိ၏။ "ခြေရာကို မြင်သဖြင့် သတ္တဝါတို့၏ ကြီး,ငယ်ပမာဏကို သိရ"သကဲ့သို့ အံ့ဖွယ်သော အပြုအမူ, အစီအရင်, အဆောင်အယောင် ကျင်းပခြင်းကို ပြုရာ၏။ ဗာရာဏသီပြည်၌ ဘုရားလောင်းစီရင်သော မြို့တံတိုင်း, တံခါးမုခ်ကို မြင်လျှင် စစ်ပြုလာ

သော သာမန္တရာဇ်မင်းသည် ကြောက်ရွံ့ထိတ်လန့်သဖြင့် မိမိအလိုလို ကျွန်၏အဖြစ်ကို ခံလာခြင်း-အစရှိသော ထုံးသက်သေတို့ကို မှီ၍ ပညာရှိသောသူတို့ကို မင်းဧကရာဇ်တို့သည် ချီးမြှောက်တိုင်ပင် နှိုင်းယှဉ်ရာ၏။

မဟာသမ္မတမင်းမှ စ၍ သုံးသိန်း, သုံးသောင်း, လေးထောင့်, ရှစ်ရာ, နှစ်ကျိပ်, နှစ်(၃၃၄,၈၂၂)ယောက်ကုန်သော မင်းအဆက်ဆက် ရှေးဘေးလောင်းတော်တို့ ထီးဆောင်း မင်္ဂလာအစဉ် စီရင်ရိုးအကျမ်းကျမ်းမှ လာသောနည်းကို မှီ၍ ဗဟုသုတ၊ ပရိယတ္တိရေ ဖြစ်သော ဆရာမြတ်၊ ဗေဒင် ၃-ပုံအပြီးသို့ ရောက်သော, ဗဟုသုတနှင့်ပြည့်စုံသော ပုဏ္ဏား ပုရောဟိတ်၊ အစဉ်အဆက်မှီသော ဗဟုသုတနှင့်ပြည့်စုံသော အမတ်ပညာရှိတို့သည် စကြဝတေး, ဘုရားအလောင်း-အစရှိသော ဘုန်းကြီးသောသူတို့ ဖြစ်လိုလတ်သော် စကြဝတေး-အစရှိသော ပုဂ္ဂိုလ်မြတ်တို့ကို သိရာသိကြောင်းဖြစ်သော လက္ခဏာကို ဗေဒင် ကျမ်း၌ သွင်း၍ သုဒ္ဓါဝါသဗြဟ္မာတို့သည် ပုဏ္ဏားအသွင်ဖြင့် သင်ကြားလာသကဲ့သို့-

မြတ်သော ဘုန်းပါရမီ ပုညဝိသေသကြောင့် ဗြဟ္မာမင်း, သိကြားမင်း, စတု-လောကပါလနတ်မင်း, သာသနာတော်ကို စောင့်သော နတ်မင်းတို့ ပြဋ္ဌန်းညီညာ၊ သင်လာ ဥပဒေ၊ ကျက်သရေသွင်းဆောင်၊ ဘုန်းရောင်ထွန်းစက်၊ တိုးတက်ရာ,တိုးတက်ကြောင်း ဖြစ်သော ရာဇမင်္ဂလာကျမ်းမှာအညီ အစီအရင် **ထီးဆောင်းတော်မူအံ့သည့် အခမ်းအနားကို** စီရင်ရာသည်ကား-

**နန်းတော်အရှေ့စူးစူး** မြေပြင်ညီညွတ်သာယာသောအရပ်၌ မြေနန်းမဏ္ဍပ်နှင့်တကွ ၄-ဆောင်သော နန်းပြာသာဒ်တို့ကို တပြိုင်နက် ဆောက်စေရာ၏။

**၂။ မြေနန်းအစီအရင်ကား။**　　။ နန်းတော်ကြီး၏ အရှေ့စူးစူး မြေအပြင်၌ ကြန်အင်လက္ခဏာနှင့်ပြည့်စုံသော သူကြွယ်သားတို့ကို ရွှေပေါက်တူး, ငွေပေါက်တူးတို့ကို စွဲစေ၍ ညီညွတ်စေရာ၏။ ထို့နောက် ကြန်အင် လက္ခဏာနှင့်ပြည့်စုံသော ၈-ရှဉ်းသော နွားတို့ကို ရွှေကြိုး, ငွေကြိုးတို့ဖြင့် တန်းဆာဆင်၍ ရွှေထွန်, ငွေထွန်၊ ရွှေထမ်းပိုး, ငွေထမ်းပိုးတို့ဖြင့် ကပြီးလျှင် ပုရောဟိတ်ပုဏ္ဏားတို့ကို ရှေ့. တည်၍ ကောင်းသောအချိန်အခါ, နေ့ရက်၌ မြေကို ထွန်စေ, ညီညွတ်စေပြီးသော် စပါးမျိုး ၇-ပါးတို့ကို ကြဲရမည်။ ဤသို့ ညီညွတ်စွာ စီရင်ပြီးသော်-

| | | |
|---|---|---|
| ရွှေသောမြေ, | ဖြူသောမြေ, | နီသောမြေ, |
| လေးကျွန်းမြေ, | တောင်ထိပ်မြေ, | လယ်မြေ, |
| ရှေးမင်းတို့ စံနေဖူးသောမြေ၊ | | ဤမြေ ၇-ပါး။ |

မြစ်ဆုံရေ, ဂင်္ဂါရေ, တောင်ကြားရေ,
ကဆုန်လ မခန်းသောရေ, သစ်ခွတင်ရေ, လက်ယက်ရေ,
ကန်ရေ၊ ဤရေမျိုး ၇-ပါး။

မြေစာ, နွားချေးတို့ဖြင့် လိမ်းကျံပြီးလျှင် စန္ဒကူး, နံ့သာနီ, ဖြူ, အကျော်, ကရမက်, ကတိုး, ဖုံးမသိန်, အမွှေးအမျိုးတို့ဖြင့် ထုံသပ်ပြီးသော် ထိုမြေအပြင်၌ ဂြိုဟ်နတ်တို့ကို ပူဇော်၍ ဆောက်လုပ်ရာ၏။ ဆောက်ရမည့် မြေနန်းအပြင်၌ ဂြိုဟ်နတ်အပေါင်းတို့ကို ပူဇော်ပြီးမှ တွင်းကို ကောင်းမြတ်သောအချိန်အခါ တြင်း, နဝင်းတွင် ကောင်းမြတ်သော နေ့သား, ရက်သားတို့ကို စနစ်စေရာ၏။ မြေနန်းပြာသာဒ်တည်မည့်သနေ့လည်း ပြည်တွင်း, ပြည်ပ၌ရှိသော စေတီ, ဆင်းတု၊ ရုပ်တု, ဗောဓိညောင်တော်တို့အား သင်ပုတ်ရေချမ်း၊ ထီး,တံခွန်၊ ကွမ်း,လက်ဖက်၊ ဆီမီးတန်ဆောင်၊ ပန်းပေါက်ပေါက်တို့ဖြင့် ပူဇော်စေရာ၏။ .အဓိကရှိသောနတ်, ပြည်စောင့်နတ်တို့အားလည်း ပတ်စည်, စောင်းငြင်း, အမြိန်အရသာ စသည်တို့ဖြင့် ပူဇော်စေရာ၏။ တိုင်း, နိုင်ငံတော်, မြို့ပြ, ပြည်ရွာတို့၌ စေတီ,ဆင်းတု, ရုပ်တု, အရိယာသံဃာတော်မြတ်တို့အားလည်း တန်ဆောင်းဆောက်၍ ပြုစုပူဇော်စေရာ၏။

**မြေနန်းတော်ရာ ၈-မျက်နှာ၌** ကြီးစွာသော တန်ဆောင်းဆောက်၍ သီလဂုဏ်နှင့် ပြည့်စုံသော များစွာသော အရိယာသံဃာတော်တို့အား ဆွမ်းလုပ်ကျွေးခြင်းများကို ပြုပြီးလျှင် များစွာသော အလှူဝတ္ထုတို့ကို လှူတော်မူ၍ စတုဘာဏဝါရ, မဟာသမယ, အဋ္ဌဇယမင်္ဂလာ အစရှိသော ပရိတ်တော်တို့ကို ရွတ်တော်မူစေရာ၏။ အလှူအဖို့ကိုလည်း ရွှေနန်းတော်ကို စောင့်သောနတ်မှစ၍ နတ်တကာတို့ကို အမည်အရည် ထုတ်၍ ဝေရာ၏။ ရွှေနန်းတော်၏-

**အရှေ့စူးစူး၌** ဖြူစင်စွာသော မြင်းတို့ကို ဆန်းကြယ်စွာသော ကြိုးကတန်ဆာတို့ဖြင့် ဆင်၍ ဗောင်းကြီးညွှန့်သွယ်ပေါင်းသော မှူးကြီး,မတ်ကြီးတို့ကို ဖြူစင်စွာသော အဝတ်တို့ကို ဝတ်၍ သလားစေရာ၏။

**အရှေ့တောင်ထောင့်၌** မဏ္ဍပ်ကြီးစွာဆောက်၍ အထူးထူးသော ကချေသဘင်တို့ကို ကပြ, တီးမှုတ်စေရာ၏။

**တောင်စူးစူး၌** ကြီးစွာသော ရွှေတန်ဆောင်းကို ပြောင်ပြောင်ထွန်းစေရာ၏။

**အနောက်စူးစူး၌** တန်းဆာဆင်လျက် ထီးဖြူ, တံခွန်ဆောက်လျက် မင်္ဂလာရှိသော ဆင်တို့ကို နေစေရာ၏။

**မြောက်စူးစူး၌** သမီးကညာ ၈-ယောက်တို့ကို ရွှေမြူတာ, ငွေမြူတာ ပိုက်လျက် ရပ်စေရာ၏။

ဗောင်းကြီးညွန့်သွယ်ပေါင်းသော ဖြူစင်စွာသောအဝတ်ကို ဝတ်သော ဗိသုကာတို့၏ အကြီးဖြစ်သောသူတို့နှင့်တကွ ဗိသုကာတို့သည် အဆောင်ဆောင် နန်းတော်စောင့်နတ်တို့အား ရွှေလင်ပန်း၌ အမြိန်အရသာကို ထည့်၍ ပူဇော်စေရာ၏။

**မြေနန်းသစ်မှာ-** ဓာတ်, ဆန်း, စုတ်ကူး အပြည့်အစုံဖြစ်အောင် မြေနန်းတော် ရပ်သစ်များအနက် ပြင်ပတ်လည်မှာ စရည်း၊ အတွင်းမြေနန်းပလ္လင် ကွန်းစင်သစ် ၆-လုံး၊ ရေသဖန်းကို စိုက်ထူရမည်။

**မြေနန်းပမာဏကား-** တောင်, မြောက်ထုပ် ၁၆-တောင်၊
အရှေ့, အနောက်လျောက် ၁၇-တောင်၊

**အနက်မြေနန်း** ဥကင်ထုပ် ၉-တောင် ၁-မိုက်၊
တံခါးနန်းတွင်း ၆-တောင် ၂-မိုက်၊
ဥကသ်နန်းပြင် ၂-မိုက်၊ ဥကင်ဒုယင် ၅-တောင်၊
လက်တီး ၅-တောင်၊ ပြော့ ၅-တောင်ထွာ၊
အဝန်း ၁၀၈-တောင်၊ မဏ္ဍပ်သော်လည်း ပြု။

ပြာသာဒ်,တန်ဆောင်းသော်လည်း ပြု၊ ကောင်းမွန်စွာ အမွှမ်းအပြောက်တို့ဖြင့် စီရင်ပြီးသော် သမန်းဖောင်းရိုးတို့ဖြင့် မိုး၍ မျက်နှာကြက် ပိတ်ပုဆိုးတို့ကို သံတောင်းလည်း၍ ကြာယပ်ဖူး, ပုလဲဆိုင်း, သန္တာဆိုင်း, ရွှေဆိုင်း, ငွေဆိုင်းဆွဲ, မဏ္ဍပ်တိုင်ကိုလည်း ဆန်းကြယ်စွာသော ပုဆိုးတို့ဖြင့် ရစ်၊ ကွန်းစင်ခန်းမြေ ၃-တောင် ၁-မိုက်ဖြင့် တံခါး ၄-မျက်နှာ ထား၊ ပတ်လည် ရာဇမတ် ကာ။

**အရှေ့မြောက်ထောင့်။** လှေကား၊ လက်ကသုံးထား။ မဏ္ဍပ်အတွင်း၌ နီသော, ရွှေသော ထုံး၊ ဟသ်ပဒါးတို့ဖြင့် ခြယ်လှယ်ရမည်။ အဘိသိက်ခံရာ ရတနာသဖန်းပျဉ်ကို မင်းဧကရာဇ်တို့ လက်အတောင်နှင့် အလျား ၃-တောင်, ၁-မိုက်၊ အနံ ၃-တောင်သော်လည်း ဖြစ်စေ။ အလျား ၄-တောင်, ၁-မိုက်၊ အနံ ၃-တောင်သော်လည်း ဖြစ်စေ။ အလျား ၄-တောင်, ၄-သစ်သော်လည်း ဖြစ်စေ အထူ လက် ၄-သစ်ရှိသော ရေသဖန်းပျဉ် ၄-ထောင့်၌ အခြေ ၄-ခု, ၁-မိုက်စီ တပ်၍ ရွှေ, ငွေ, ရတနာတို့ဖြင့် ဆန်းကြယ်စွာ ပဒုမာကြာပွင့်ချပ်တို့ဖြင့် ရေးပြီးသော် ရတနာအပေါင်းတို့ဖြင့် ခြယ်လှယ်၍ ယခင်ဆိုခဲ့ပြီးသော မြေနန်းဥကသ်ထက်၌ တည်ရမည်။ ဆန်းကြယ်စွာသော ကမ္ဗလာနီကိုလည်း ခင်း၍ အဘိသိက်ခံရမည်။

အောက်၌လည်း စန္ဒကူး, နံ့သာနီ, ဖြူ, အကျော်, ကရမက်-အစရှိသော နံ့သာမျိုးတို့ကို ကြဲဖြန်းရာ၏။ ရွှေ, ငွေ-အစရှိသော ရတနာအပေါင်းတို့ဖြင့်လည်း စုထားရာ၏။ ရေသဖန်းသားဖြင့် ပြီးသော ရွှေသလွန်တော်ကိုလည်း ၃-ခုကြွင်းလုပ်၍ မာရဘင် အနောက်၊ ဥကင်ရပ်ဝနှင့် ဆီတည့် အနောက်က တောင်,မြောက် ခင်းထားရမည်။

၃။ မြေနန်းမဏ္ဍပ်တွင် ထီးဖြူတော်တို့ကို စိုက်ရာသည်ကား–

- မြေနန်းပြာသာဒ်တွင် ၂-စင်း,
- ကြင့်နန်းတွင် ၁-စင်း,
- နန်းဥကင်တွင် ၁-စင်း,
- ရွှေဖထိုင်တွင် ၂-စင်း,
- ရွှေပလ္လင်တွင် ၂-စင်း,
- ၈-မျက်နှာ ၁-စင်းစီ –

စိုက်ရမည်ကို အသင့်စီရင်၍ ထားရမည်။

အဘိသိက်ခံမည့် ထီးကို မင်းလက်နှင့် အချင်း ၄-တောင်, ၂-လက်သစ်၊ အဝန်း ၁၂-တောင်နှင့် ၆-လက်သစ်၊ မိုက်ပေါင်းကား အဝန်းနှင့် အချင်းကို ပေါင်းသော ၄၉-မိုက်၊ ၈-ခုနှင့် စားသော် အကြွင်း ၁-နွေနံ ဖြစ်သောကြောင့် နေဝန်းနှင့်တူသော ထီးကို နေခြည်ကာသည်-ဟူ၍ အဘိသိက်ခံရာမှာ ဆောင်းသည်။ စွန်သုတ်နားထောင့် ၁၂-ပေါက်၊ ထီးတံ ၃၆-တံ၊ ရွှေညောင်ရွက် ၁၀၈-ချပ်၊ ထီးချက်ခလောင်ကား ၁-တောင်၊ အစောက် ၁-တောင့်ထွာ၊ နဝရတ် ၉-ပါးစီ၊ ထီးရိုးကား ထီးဝန်းနှင့်အမျှ သင့်အောင် ၅-သစ်ယူ၊ ထီးရိုးလုံးပတ်ကိုကား သင့်အောင်ယူ၊ ယပ်ရွက်ကျကား ထီးတံအရွက်နှင့် အမျှယူ၊ လက်ထောက်လည်း ထီးချက်အဝန်းနှင့် အစောက်အမျှယူ။ အဘိသိက်ခံမည့် ထီးကား ၁-စင်းသာတည်း။ ကြွင်းသည့် ထီး ၇-စင်းကိုကား သင့်အောင် လုပ်၍ ရှိစေရမည်။

## ၄။ မင်းခမ်းတော်များ ထားပုံ

မြေနန်းမဏ္ဍပ်ကို ဆင်, မြင်း, ရဲမက်, မှူးမတ်ဗိုလ်ပါ ခြံရံလောက်အောင် လွှတ်ထား၍ တောင်အရပ်၌ ခေါင်းဆေးပြာသာဒ်ကို တောင်လျား, မြောက်လျား၊ သန်း, သင်းဝင်, သရက်သစ်တို့ကို ရပ်သစ်ပြု၍ ကျီးသင့်စေရမည်။ အထွတ် မတပ်နှင့်။ သည့်တောင်တစ်တာခြားစီ ပြာသာဒ်ဆင်ရိုးအတိုင်း ရပ်သစ်, သန်း, သင်းဝင်, သရက်တို့ကို ရပ်သစ်ပြု၍ မြောက်တန်ဆောင်းပြာသာဒ်ကို မြည်းသင့်စေရမည်။ တောင်စွန် တန်ဆောင်းပြာသာဒ် စရည်းသစ်ကို ရပ်သစ်ပြု၍ ဆင်သင့်စေရမည်။ အထွတ်တပ်၍ ကြမ်းနှင့်ချည်း လုပ်ရမည်။

မင်္ဂလာသကြိန်မဏ္ဍပ်အနောက်၌ သိကြားမင်းအရုပ်၊ အရုပ် ၆-တောင် ခရုသင်းနှင့် အရှေ့သို့ မျက်နှာပြု၍ လုပ်ရမည်။

သိကြားရုပ်မြောက် နဝတတ်အိုင်သင်္ကန်၊ အရှေ့မျက်နှာ ခြင်္သေ့ခံတွင်း၊ တောင် နွားခံတွင်း၊ အနောက် ဆင်ခံတွင်း၊ မြောက် မြင်းခံတွင်း၊ လက်ယာရစ် ၁၂-ခွေ လည်၍ ဆင်းဟန်၊ ထက်ဝန်းကျင် တောင် ၅-လုံး, နဝတတ်သို့ချည်း ညွတ်၍ ရုံဟန်ကိုလည်း လုပ်၍ ထားနှင့်ရမည်။

အဘိသိက်ခံမည့် နေ့ရက်နီးလျှင် မြေနန်းမဏ္ဍပ် ထက်ဝန်းကျင်၌ စီရင်ရာသည်ကား မဏ္ဍပ် ၄-မျက်နှာ၌ ကြာသွတ်အိုးကြီး ၁-လုံးစီကို ရေပြည့်ကွမ်းဘူး, ကွမ်းလင်, နေဇာ, မုရားတို့ဖြင့် စိုက်၍ထား။ ကြာသွတ်အိုးအပါး၌ ငှက်ပျော ၄-ပင် အသီး,အရွက်, အမြစ်နှင့်တကွ စိုက်။ ယင်းအပါးတွင် အုန်းခိုင်, ထန်းခိုင်, ကွမ်းသီးခိုင်, ငှက်ပျောခိုင် အထူးထူးသော သစ်သီး,ပန်းမာလ်, ဆီမီးတန်ဆောင် ထွန်း။ မြူတာ ၁၈-လုံး၌ ရေပြည့် ကွမ်းဘူး, ကွမ်းလင်, သပြေ, မုရားတို့ဖြင့် ထည့်၍ထား။ မဏ္ဍပ်ပြင်ဝန်းကျင်၌ နို့ရည်ရှိသော ပညောင်,သဖန်းတို့ကို စိုက်။ မဏ္ဍပ်အရပ် ၈-မျက်နှာ၌ တံခွန်ကြီး ၈-တိုင် စိုက်၍ထား။

## ၅။ ဆင်,မြင်း ရုံခြင်း,စီးခြင်းအနေအထား

အရှေ့စူးစူး ရွှေလင်ပန်း၌ ယသေးထမင်း အချို,အဆိမ့်၊ အမြိန်အရသာထည့်၍ အုန်းခိုင်, ထန်းခိုင်, ကွမ်းသီးခိုင်, ငှက်ပျောခိုင်, ဆီမီးတန်ဆောင်, ကွမ်း, လက်ဖက်တို့ဖြင့် ထည့်၍ တန်ဆာဆင်သော ဆင်ပေါက်ကို ထား။

အရှေ့တောင်ထောင့် ရွှေလင်ပန်း၌ အထူးထူးသော အမြိန်အရသာထည့်၍ တန်းဆာဆင်သော ဆိတ်မြန်မာကို ထား။

တောင်စူးစူး သံလင်ပန်း၌ အထူးထူးသော အမြိန်အရသာထည့်၍ တန်းဆာဆင်သော ကျွဲမ ထား။

အနောက်တောင်ထောင့် ခဲမလင်ပန်း၌ အထူးထူးသော အမြိန်အရသာထည့်၍ တန်းဆာဆင်သော လူအိမ်ထောင်စုံ ထား။

အနောက်စူးစူး ခဲမလင်ပန်း၌ နွားနို့ချဉ်ထည့်၍ အထူးထူးသော အမြိန်အရသာထည့်၍ တန်းဆာဆင်သော မြည်းကို ထား။

အနောက်မြောက်ထောင့် ကြေးနီလင်ပန်း၌ ပျားရည်-စသော အထူးထူးသော အမြိန်အရသာထည့်၍ တန်းဆာဆင်သော သမင်ကို ထား။

မြောက်စူးစူး ငွေလင်ပန်း၌ အထူးထူးသော အမြိန်အရသာထည့်၍ တန်းဆာဆင်သော မြင်းကို ထား။

အရှေ့မြောက်ထောင့်၌ တံခွန်ကြီးဆောက်၍ ရွှေလင်ပန်း၌ အထူးထူးသော အမြိန်အရသာ ထည့်၍ ရှေးစီရင်မြဲအတိုင်း စီရင်၍ တန်းဆာဆင်သော နွားလားဥသဘကို ထား။

တံခွန်ကြီးတို့၏ အကြားအကြား၌ ငှက်ပျောပင် စိုက်၊ ဆီမီးတန်ဆောင် ညှိ၍ထား၊ ပြင်ဝန်းကျင်၌ မင်္ဂလာရှိသောဆင်တို့ကို တန်ဆာဆင်၍ ရံစေ။ ယင်းပြင် မင်္ဂလာရှိသော မြင်းတို့ကို တန်းဆာဆင်၍ ရံစေ။ ယင်းပြင် မိန်ညှိုဝတ်လျက် ရွှေကာစွဲသော သူရဲတို့ကို ရံစေ။ ယင်းပြင် မိန်ညှိုဝတ်လျက် ရွှေလေး, ငွေလေးစွဲသော သူရဲတို့ကို ရံစေ။ ယင်းပြင် မိန်ညှိုဝတ် လျက် ရွှေလှံစွဲသော သူရဲတို့ကို ရံစေရမည်ကိုလည်း ခန့်ထား၍ အသင့်ရှိနှင့်စေရမည်။

ရံရမည့်ဆင်ကား ကြန်အင်လက္ခဏာနှင့်ပြည့်စုံသော-

အရှေ့မြောက်ထောင့် အောင်မျိုးပေါက်ဆင်ထက် အောင်မျိုးရဲဘော်ကို စီးစေ။
ဆင်မတော်မှန်အာထက် ဘယရန်အောင်ကို စီးစေ။

အရှေ့မျက်နှာ ချစ်လှလင်ဆင်တော်ထက် ကျော်ခေါင်ရဲလှကို စီးစေ။
လှပန်းကုံးဆင်မတော်ထက် လက်ဝဲကျော်ကို စီးစေ။

အရှေ့တောင်ထောင့် ဇမ္ဗူသိမ်းကျုံးဆင်တော်ထက် ဇေယသူကို စီးစေ။
စံသူဇာဆင်မတော်ထက် သူရသာစည်ကို စီးစေ။

တောင်မျက်နှာ လှလင်ကျော်ပေါက်ဆင်တော်ထက် လက်ယာကျော်ကို စီးစေ။
ချစ်မဝဆင်မတော်ထက် ဂဇလှလင်ကို စီးစေ။

အနောက်တောင်ထောင့် နတ်ပေးရပေါက်ဆင်တော်ထက် နာဂနရာကို စီးစေ။
ရတနာဆင်မတော်ထက် ရာဇရဲထိုင်ကို စီးစေ။

အနောက်မျက်နှာ ဘုန်းတော်ဦး ဆင်တော်ထက် မဘက်ရန်အောင်ကို စီးစေ။
အင်စုံပြည့်ဆင်မတော်ထက် ဥဒိန်ရဲဘော်ကို စီးစေ။

အနောက်မြောက်ထောင့် ရန်တိုင်းနိုင်ဆင်ပေါက်တော်ထက် ရဲလှရန်နိုင်ကို စီးစေ။
နတ်ချစ်ရန်ဆင်မတော်ထက် နရာဇသီရိကို စီးစေ။

မြောက်မျက်နှာ သမြင်စွာပေါက်ဆင်တော်ထက် သူရသာစည်ကို စီးစေ။
စံသာဆင်မတော်ထက် စန္ဒရဲသူကို စီးစေ။

ဤနမင္တာဆင် ၈-ရပ်ကို နန်းတော်သို့ချည်း ရှေ့ရှု နေစေ။

**အရှေ့မျက်နှာ** ဥပေါ်ထွတ်တင်ပေါက်ဆင်တော်ထက် ဥဒိန်နန္ဒကို စီးစေ။
နန်းတော်နေဦးဆင်တော်ထက် နာဂရန်အောင်ကို စီးစေ။

**တောင်မျက်နှာ** ကောင်းချီးပြောင်မွန်ဆင်တော်ထက် ဂဇရဲမွန်ကို စီးစေ။
ဖက်ကင်းပြောင်ကျော်ဆင်တော်ထက် ဘောဂပျံချီကို စီးစေ။

**အနောက်မျက်နှာ** ဇေယျစက်ရောင်ဆင်တော်ထက် စန္ဒဇေယကို စီးစေ။
ရဲလွန်စွာဆင်တော်ထက် ရဲလှရာဇကို စီးစေ။

**မြောက်မျက်နှာ** လေးကျွန်းရန်သင်ဆင်တော်ထက် လက်ဝဲဝေသော်ကို စီးစေ။
သိုက်ဝင်သလားဆင်တော်ထက် သီဟရဲလွတ်ကို စီးစေ။

ဆင်တော်များကို တန်းဆာအပြည့်အစုံဆင်၍ အောင်လံနှင့်ချည်း နန်းတော်သို့ ရှေ့ရှုနေစေ။

မြင်းတော် နမန္တာဘက် ၁၆-စီး, ဓာတ်ဘက် ၈-စီးတို့ကိုလည်း ကြိုးကတန်ဆာ အပြည့်အစုံဆင်၍ နန်းတော်သို့ချည်း ရှေ့ရှုနေစေ။ နမန္တာဘက်မြင်းကို အတွင်း, ဓာတ်ဘက်မြင်းကို အပြင် ထားရမည်။

အတွင်းတော် လက်ဝဲ,လက်ယာက ရွှေဓား, ရွှေလေး, ရွှေလှံ, ရွှေလွှား, ရွှေကာအစုံနှင့် ဝင်း ၉-ထပ် ခင်းနေစေရမည်။

နန်းတော်မြို့ ထက်ဝန်းကျင်–

**အရှေ့မျက်နှာ** လက်ဝဲနေ ဆင်မ ၆-စီး, လက်ယာနေ ဆင်ပေါက် ၆-စီး၊ မြင်းလည်း ထိုနည်း နေစေ။

**တောင်မျက်နှာ** လက်ဝဲနေ ဆင်မ ၁၅-စီး, လက်ယာနေ ဆင်ပေါက် ၁၉-စီး၊ မြင်းလည်း ထိုနည်း နေစေ။

**အနောက်မျက်နှာ** လက်ဝဲနေ ဆင်မ ၈-စီး, လက်ယာနေ ဆင်ပေါက် ၁၂-စီး၊ မြင်းလည်း ထိုနည်း နေစေ။

**မြောက်မျက်နှာ** လက်ဝဲက ဆင်မ ၁၇-စီး, လက်ယာက ဆင်ပေါက် ၂၁-စီး၊ မြင်းလည်း ထိုနည်း ကြိုးကတန်ဆာ အပြည့်အစုံနှင့် ဆင်မှာ အောင်လံတံခွန်ထူ၍ နန်းတော်သို့ချည်း ရှေ့ရှုနေစေ။

သူရဲမှာ ဒိုင်း, လွှား, ကာ လက်နက်ကိရိယာနှင့် ၄-မျက်နှာ, ၁-ထောင့်စီ နေစေရမည်။

၆။ **မင်္ဂလာရေခပ်အံ့သော အစီအရင်ကား—**

လမ်းမြောင်၂-ဖက်တို့ကို ကောင်းမွန်စွာ တန်ဆာဆင်၍ လမ်းဆုံတိုင်း အဆိုင်းအဆိုင်းသော ကချေသဘင်တို့ကို စီရင်၍ ရေကန်ကိုလည်း တန်ဆာဆင်၍ အရပ် ၈-မျက်နှာ၌ ဗြိုဟ်တို့အား ရွှေခွက်၌ အမြှန်အရသာ ကြံ, အုန်းသီး, ငှက်ပျော, ပျား, တင်လဲ, နွားနို့, ထောပတ်, ကွမ်း, လက်ဖက်, ပန်းနံ့သာ, ဆီမီး, တန်ဆောင်တို့ဖြင့် ပုဏ္ဏား ၈-ယောက်တို့ကို ပူဇော်စေ။

- ရေခပ်သွားသောအခါ ရှေ့ဖျားကား အထူးထူးသော ကချေသဘင်တို့ကို သွားစေ။
- ယင်းနောက် အိုးစရည်းကြီး ၈-လုံးကို ဆိုင်းဖြင့် ထမ်း၍ လိုက်စေ။
- ယင်းနောက် မြူတာ ၁၀၈-လုံးတွင် သပြေ,မုရားထည့်၍ လုလင်တို့ကို ဝတ်စားတန်ဆာဆင်၍ ထမ်းစေ။
- ယင်းနောက် ပုရောဟိတ်ပုဏ္ဏား ၈-ယောက်တို့ကို ထမ်းစင်စီး၍ လိုက်စေ။
- ယင်းနောက် ပူဇော်တော်ပွဲ လိုက်စေ။
- ယင်းနောက် ရွှေမြူတာ ၄-လုံး, ငွေမြူတာ ၄-လုံးတို့ကို ၁၀-နှစ်ရွယ်ချည်း ကြန်အင်လက္ခဏာနှင့်ပြည့်စုံသော အမတ်သမီး ၈-ယောက်တို့ကို ရွှေသင်ဒိုင်း, ဘယက်လည်မှာ တန်ဆာဆင်စေလျက် အမိ,အဘတို့၏ အဆောင်အယောင်တို့ကို ဆောင်စေပြီးသော် ထမ်းစင်နှင့်ချည်း ရွှေမြူတာ, ငွေမြူတာတို့ကို ပိုက်လျက် အခြံအရံများစွာ ရံ၍ လိုက်စေ။
- ယင်းနောက် အမှူး, အမတ်, ဆင်သည်, မြင်းသည်တို့ကို ဆင်,မြင်း စီး၍ လိုက်စေ။
- ရေကန်၌ ကန်စောင့်ဘီလူးအဟန်လည်း ဘီလူးနှင့် အသွင်အပြင်တူသောသူတို့ကို စောင့်၍ နေနှင့်စေရမည်။ ရေခပ်မည့်သူတို့ ရောက်လျှင် ဘီလူးအဟန် နေနှင့်သော ရေကန်စောင့်လူတို့က "အဘယ်အလို့ငှာ လာသနည်း"ဟု ၃-ကြိမ် ငေါက်ငမ်း၍ မေးရမည်။ ပုရောဟိတ်ပုဏ္ဏားတို့ကလည်း "ရှေးဘေးလောင်းတော်အဆက်ဆက် မင်းဧကရာဇ်တို့ ဘိသိက်မင်္ဂလာစီရင်တော်မူသည့်အတိုင်း ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော မင်းတရားကြီး၏ ထီးဆောင်းမင်္ဂလာ ရေတော် ခပ်လာရသည်" ဆိုလျှင်-

ရေကန်စောင့်သော ဘီလူးအယောင်ဆောင်သောသူတို့ကလည်း "သာသနာတော် စီးပွါး၊ ပြည်သူ့,လူ့,ရဟန်းတို့ စီးပွါးကို တရားနှင့်ညီစွာ ကျင့်နိုင်အံ့လော" မေးရမည်။ ပုရောဟိတ်ပုဏ္ဏားတို့ကလည်း "သာသနာတော်စီးပွါး၊ ပြည်သူ့,လူ့,ရဟန်းတို့စီးပွါးကို တရားနှင့်အညီ ဆောင်လိုသောကြောင့် ဤသည့်ရေကန်ကို ခပ်လာရသည်"ဟု ဆိုရမည်။

ရေကန်စောင့်တို့ကလည်း "ဘုန်းတော်ကြီး၍ သက်တော်ရာကျော်ပတ်လုံး သာသနာတော်စီးပွါး၊ ပြည်သူ့,လူ့,ရဟန်းတို့ စီးပွါး၊ သားတော်အစဉ်, မြေးတော်အဆက်, မြစ်တော်အညွန့်အခက်၊ တိုးတက်ပွါးစီး၊ ကြီးမြတ်တော်မူသည်ဖြစ်စေသော်။ ကောင်းစွ, ကောင်းစွ" အခွင့်ပေးမှ ရွှေပန်း, ငွေပန်း, ရွှေပေါက်ပေါက်, ငွေပေါက်ပေါက်, ရွှေခဲ, ငွေခဲ, နဝရတ် ၉-ပါး, ဆီမီးတန်ဆောင်, ကွမ်း, လက်ဖက်တို့ဖြင့် ပူဇော်၍ ဗေဒင်ကျမ်း၌လာသော မန္တန်တို့ကို ရွတ်၍ ပုရောဟိတ်ပုဏ္ဏား, အမတ်သမီးတို့ လက်နှင့်ပင် ခပ်ရမည်။

ရေခပ်၍ အစဉ်အတိုင်း ပြန်လာပြီးလျှင် မြေနန်းပြာသာဒ်၌ နေတော်မူအံ့သော အရှေ့စူးစူး၌ အိုးစရည်းကြီး ၁-လုံး၊

သကြွန်ပြာသာဒ် တောင်, အလယ်ပြာသာဒ်၌ အိုးစရည်းကြီး ၁-လုံး၊ ဤ ၂-လုံး၌ ကွမ်းဘူး, ကွမ်းလင်, သပြေ, မုရားတို့ဖြင့် စိုက်၍ ထားရာ၏။ မဏ္ဍပ် ၄-မျက်နှာ၌ ကြာသွတ်အိုးကြီး ၁-လုံးစီ ရေပြည့်ထည့်၍ ကွမ်းဘူး, ကွမ်းလင်, သပြေ, မုရားတို့ဖြင့် စိုက်၍ထား။ ကြာသွတ်အိုးအပါး၌ ငှက်ပျော ၄-ပင် အသီး, အရွက်, အမြစ်နှင့်တကွ စိုက်။ ယင်းအပါးတွင် အုန်းခိုင်, ထန်းခိုင်, ကွမ်းသီးခိုင်, ငှက်ပျောခိုင်, အထူးထူးသော သစ်သီးပန်းမာန်, ဆီမီးတန်ဆောင်ထွန်း၊ မြူတာ ၁၀၈-လုံး၌ ရေပြည့်ကွမ်းဘူး, ကွမ်းလင်, သပြေ, မုရားတို့ဖြင့် ထည့်၍ ခပ်သော မြူတာ ၁၀၈-လုံးကို ထား။ ထိုမှတပါး ကြွင်းသောရေတို့ကို သင့်ရာထား။ ရေမျိုး ၇-တို့ကိုလည်း အပြည့်အစုံ အထွတ်မတပ်သော သကြွန်မဏ္ဍပ်တော်မှာ ထားရမည်။

သကြွန်မဏ္ဍပ်တော်၌ ဗိတာန်နှင့် အလယ်တွင် ရွှေပြားကို သက်တော် ၈၀-အင်းချသည်နှင့်တကွ နဝရတ်စီသည့် ရွှေပန်းဆိုင်းဆွဲ၍ ထက်ဝန်းကျင် ရွှေညောင်ရွက် ရွှေပန်းဆိုင်းဆွဲ။ ဘိသိက်နန်းတော်တွင် ဆိုခဲ့ပြီးသည်မှ အထူးအထွေသော ပန်းဆိုင်း, ရေပြည့်အိုး- အစရှိသည်တို့ကိုလည်း ပြည့်စုံစွာ ပရိသတ် ၄-ပါးတို့ မြင်လျှင် ကြည်လင်စွာရှိအောင် တန်ဆာဆင်ရမည်။ ၈-မျက်နှာအရပ်က တန်ဆောင်ကြီး ၈-တိုင် ညှိထွန်းရမည်။ ရွှေနန်းတော်မှ သင့်သည့်လမ်းခရီးကသည် အဘိသိက်နန်းတော်ရောက် ခရီးတို့ကို တန်ဆာပြည့်စုံစွာ ဆင်ရမည်။ ရွှေနန်းတော်မှ သက်တော်မူစဉ် အခါပေးသော အဘိသေကအစီအရင်ကို

အမည်ဘွဲ့ပေး၍ တန်ဆာဆင်စေရမည်။ ဇယမင်္ဂလာကို အခါပေးသသူပင် ရွတ်စေရမည်။ မင်း ၂-ပါး အထောင့်အရပ်-အစရှိသည်တို့၌လည်း ဇယမင်္ဂလာကို ရွတ်စေရမည်။

**ရွှေနန်းတော်က ထွက်တော်မူသောကာလ** ကျင်းပဆောင်ရွက်ရာသည်ကား ရှေးဦးစွာ အင်္ဂါ ၈-ပါးနှင့်ပြည့်စုံသော ဆင် ၈-စီး ကြိုးကအစုံ ဦးစီး, နောက်ပုံ၊ တံခွန် အောင်လံ စိုက်။ သည့်နောက် မြင်းဖြူ ၈-စီး၊ ဇင်းအစုံနှင့် လိုက်။ ဆင်စီး, မြင်းစီးတို့ကို နမန္တာဘက်၍ စီးစေရမည်။ သည့်နောက် ရွှေလှွား, နောက် ရွှေလေး, နောက် မီးပေါက်, နောက် ရွှေလှံ, နောက် ရွှေဓား, သည့်နောက် သူကြွယ်သမီး ၈-ယောက်ကို ရေအိုးရွက်၍ လိုက်စေ။ သည့်နောက် အမတ်သမီး ကညာ ၁၀-နှစ်ရွယ် ရွှေမြူတာ-၄, ငွေမြူတာ ၄-ရွက်လျက် လက်ယာက တန်ဆောင်ကိုင်၍ လိုက်စေ။

သည့်နောက် အမတ်သားတို့ **အောင်းမွေးယပ်** ကိုင်၍ လိုက်စေ။ ထို့နောက် ထီးဖြူ ၈-စင်း၊ သည့်နောက် အင်္ဂါလက္ခဏာနှင့် ပြည့်စုံသော ၄၀-တော်, ၅၀-တော် အမတ်သား,မြေးတို့ကို ထီးဖြူ, သန်လျက်, သားမြီးယပ်, ခြေနင်းတို့ကို အစဉ်သင့်ကိုင်၍ လိုက်စေရမည်။ သည့်နောက် မင်းခမ်းမင်းနားမှာ ကိုင်မြဲ အဆောင်တော်ကိုင်တို့ကို ကိုင်၍ လိုက်စေ။ သည့်နောက် တောင်ဝှေးကိုင်၍ လိုက်စေ။ သည့်နောက် မင်း, မိဖုရား ၂-ပါးကို ရတနာ ထမ်းစင်စီးလျက် လိုက်စေ။ သည့်နောက် ဆင်,မြင်း,ဗိုလ်ပါအလုံးစုံတို့ကို လိုက်စေ။ ဆင်,မြင်း တို့မှာ ပြင်သို့ရောက်လျှင် နေမြဲနေရာ မြေနန်းတော်သို့ ရှေ့ရှုနေစေ။ မင်းခမ်းမင်းနား, သူဌေးသမီးဆောင်း ထီးဖြူ ၈-စင်း မြေနန်းတော်မှာ သင့်ရာ ထားရမည်။

သမီးကညာ ၈-ယောက်၊ မင်းမြှောက်တန်းဆာ ၅-ပါး၊ အဘိသိက်ပေး ပုဏ္ဏား ၈-ယောက် ရှေ့တည်၍ ကိုယ်တော်ကြပ်, အဆောင်အရွက် သူကောင်းသားမြေး, စားတော် ကွမ်းရေကိုင်, ပညာရှိ အမှုးအမတ်တို့နှင့် မင်း ၂-ပါး **ဆေးစင်တော်ပြာသာဒ်သို့** ကြွသွားရမည်။ ဆေးစင်တော်အနီးသို့ ရောက်လျှင် ပညာရှိအမှုးအမတ်, သူကောင်းသားမြေး, စားတော် ကွမ်းရေကိုင်တို့နှင့် မင်း ၂-ပါး ဆေးစင်တော်သို့ ဝင်ရမည်။ မင်းမြှောက်တန်ဆာ ၅-ပါး၊ အဘိသိက်ပေးပုဏ္ဏား ၈-ပါး၊ သမီးကညာ ၈-ယောက်တို့နှင့် မင်း ၂-ပါး ဆင်ရန် ဝတ်လဲ တန်ဆာ အမွှေးအကြိုင် အထုံအသင်းနှင့်တကွ တောင်စွန်ပြာသာဒ်သို့ သွားနှင့်စေရမည်။

## ၇။ ရေချိုးသန့်စင်ခြင်း, ဝတ်တော်လဲခြင်း

**၈-ပါးပုဏ္ဏားနှင့်** သမီးကညာ ၈-ယောက်တို့မှာ ဝတ်လဲတော်နှင့် အလယ် အထွတ် တပ်သည့်ပြာသာဒ်က ဆီး၍ ကြိုရမည်။ သိကြားရေစင်ဖြင့် ဆံဖျားကို ဆေးရမည်။ နဝတတ်

အိုင်က ထွက်၍ သိကြားခရုသင်းကသည် ဗိတာန်သို့ ကျသည့်ရေကို ခံ၍ ရတနာ ပန်းတောင်း, ပတ္တမြားဖလားတွင် တရော် ၇-ပါး, ပန်းပေါင်း, ဂမုန်းပေါင်း၊ ရွှေ,ငွေ, ကျောက် ကောင်း ထည့်သည်တွင် လောင်း၍ အိမ်ထောင်မရှိသေးသော နံသင့်သူရှိနှင့်သည့် မိန်းမကို သွန်းစေရသည်။ ဗြဟ္မာနှိဂါထာကို ရွတ်၍ စင်ကြယ်စွာသော ပုဏ္ဏားကို သွန်းဖြန်းစေရ သည်။ သွန်းခိုက် မိန်းမစောင်း, မိန်းမငြင်း၊ အလုံးစုံ စည်ကို ရွမ်းစေရမည်။ စည်ရပ်လျှင် ပုဏ္ဏားရှေ့တည်၍ အထွတ်တပ်သည့် အလယ်ပြာသာဒ်သို့ ကူး၍ ဝတ်တော် လဲရမည်။ ယင်းသည်တွင်လည်း စည်ရွမ်းရမည်။

**ဝတ်တော်လဲသည့် ပြာသာဒ်မှသည် ပုဏ္ဏားရှေ့တည်၍ တောင်စွန် အထွတ်တပ်သည့် ပြာသာဒ်သို့ ကူး၍** မင်းဝတ်တန်ဆာ လဲရသည်။ စည်လည်း ရွမ်းစေရမည်။ အမတ်သမီးတို့ ၁-ပါး, ၁-ပါးစီ ဗြဟ္မာမင်းတန်ဆာကို ဆက်ရမည်။ ဆင်စီး, မြင်းစီးတို့လည်း အဝတ်ဖြူချည်း ဝတ်ရမည်။ ပြာသာဒ်အကူးတွင် လက်ဝဲ,လက်ယာ ငှက်ပျောပင်စိုက်၍ ပဒေသာဆွဲသည့် ဝတ္ထုတို့ကို ဆွတ်၍ ပုဏ္ဏားတို့ကို လျှုဒါန်းမှ ပုဏ္ဏားတို့ကို ရှေ့တည်၍ ကူးရမည်။ တစ်မျက်နှာ, တစ်မျက်နှာလျှင် တံခါးစောင့်ပုဏ္ဏား ၂-ယောက်စီ စောင့်နေ၍ ရွတ်မန်းလျက် လင်ပန်းတွင် အချို,အဆိမ့်နှင့်တကွ မီးညှိ၍ မြူတာတွင် ပန်းမွှေးကို ထည့်၍ ပူဇော်ရမည်။ အချိန်နာရီ, တြင်း, နဝင်း ကောင်းမြတ်လျှင် ပြာသာဒ်တဲနန်းတော်မှ ရွှေထမ်းစင်စီး၍ မြေနန်းတော်သို့ ပုဏ္ဏားတို့ကို ရှေ့သွားစေ၍ တောင်မျက်နှာမှသည် လက်ယာရစ် အနောက်ကကို မြောက်သို့ ရောက်မှ ထမ်းစင်က သက်ပြီးလျှင် မြေနန်းတော်သို့ လက်ယာခြေတော်ချီ၍ ပုဏ္ဏား၏ လက်ယာလက်ကို ကိုင်၍ တက်ရမည်။

တက်သောအခါ သန်လျက်, တောင်ဝှေး ဆွဲလျက် တက်ရမည်။ နန်းတင်သော ပုဏ္ဏားလည်း ဇယမင်္ဂလာကို ရွတ်၍ တင်ရမည်။ မင်းကြီးကလည်း ရွတ်၍ တက်ရမည်။ လှေကားမှ စ၍ သဖန်းပျဉ်တိုင်အောင် ပိတ်ဖြူပုဆိုးကို ခင်းရမည်။ နန်းတက်စဉ် ပတ်လည် နေသောသူအပေါင်းတို့လည်း "ဘုန်းတော် ကြီးတော်မူပါစေသော်၊ သက်တော်ရှည်ပါစေသော်၊ ဇမ္ဗူဒိပ်ကျွန်းလုံးကိုလည်း အစိုးရပါစေသော်"ဟု ကောင်းချီးမင်္ဂလာ ပေးရမည်။

- ပန်းမာလ်, ရွှေ, ငွေ, ရတနာတို့ဖြင့်လည်း ပူဇော်ရမည်။
- ပတ်လည် လက်ဝဲ,လက်ယာ ထမင်းမိုး ရွာစေရမည်။
- စည်, စောင်း, ငြင်း, ကချေသဘင်, အတီးအမှုတ် အလုံးစုံကို တပြိုင်နက် ကြွေး ကြော်နှင့်ရမည်။

- ရေသဖန်းပျဉ်သို့ တက်တော်မူသောအခါလည်း လက်ယာခြေတော်ကို ချီ၍ ဇယန္တော-ကို ရွတ်လျက် တက်ပြီးလျှင် အရှေ့သို့ မျက်နှာရှေ့ရှုလျက် ထက်ဝယ် ဖွဲ့ခွေ၍ နေရမည်။
- မြေနန်းထက်သို့ တင်သော ပုဏ္ဏားလည်း မန္တန်ရွတ်မန်းလျက် အဘိသိက်ထီးဖြူကို ဖွင့်ရမည်။
- မင်းမြောက်တန်ဆာ ၅-ပါးကိုလည်း မန္တန်ရွတ်လျက် ၁-ခုစီ ဆက်ရမည်။

## ၈။ မင်းသမီး, ပုဏ္ဏား, သူကြွယ်တို့ ဘိသိက်သွန်းပေးခြင်း

ယင်းသို့ ဆက်ပြီးသောအခါ မင်းသမီး ၈-ယောက်တို့သည် ဆန်းကြယ်သော အဝတ်တန်ဆာကို ဆင်လျက် မင်းရှေ့တူရူနေ၍ နဝရတ်စီသော သမုဒ္ဒရာဖြစ် လက်ယာရစ် ခရုသင်းကို ကိုင်ပြီးသော် ခရုသင်း၌ ဂင်္ဂါ ၅-ရပ်ရေကို စုံစွာထည့်လျက် လက် ၂-ဖက်ဖြင့် စုံ၍ ကောင်းမွန်ရိုသေစွာ မင်း၏ဦးခေါင်း၌ စိုက်၍ အစဉ်စာတမ်းရှိသည့်အတိုင်း ရွတ်ဆို၍ အဘိသိက်သွန်းရမည်။ ထို့နောက် ထီးဖြူဖွင့်သည့် ပုဏ္ဏားအကြီးက လက်ယာရစ်ခရုသင်းကို လက် ၂-ဖက်ဖြင့် ရိုသေစွာကိုင်၍ ကြွင်းသော ပုဏ္ဏား ၇-ယောက်တို့က ရတနာတို့ဖြင့် စီသော ရွှေခရုသင်းကိုင်၍ အဘိသိက် ၈-ကြိမ်ရွတ်၍ ဆက်ရမည်။ အဘိသိက်ရေကို လက်တော်နှင့် ခံ၍ ဦးခေါင်းတော်ကို သွန်းရမည်။ မျက်စိတော်, မျက်နှာတော်ကိုလည်း သပ်တော်မူရမည်။

ထို့နောက် အရိုးအမျိုးမှန်သော သူဌေး, သူကြွယ် ၈-ယောက်စီတို့သည် ခရုသင်း၌ ဂင်္ဂါ ၅-ရပ်ရေကို ထည့်၍ လက် ၂-ဖက်ဖြင့် စုံလျက် ကောင်းမွန်ရိုသေစွာ မင်း၏ဦးခေါင်း၌ စိုက်၍ အစဉ်စာတမ်းအတိုင်း ရွတ်ဆို၍ အဘိသိက်သွန်းရမည်။ မင်းသမီး, ပုဏ္ဏား, သူဌေး, သူကြွယ်တို့ ဘိသိက်ခံပြီးလျှင် "အဂ္ဂေါ ဟ'မသ္မိ" စကားကောင်း ၃-ခွန်း, မာရ် ၅-ပါးကို အောင်တော်မူ၍ ဥဒါန်းကျူးတော်မူသော "ယဒါ ဟဝေ" ဂါထာ, 'လောက ၃-ပါး၌ ငါသာ မြတ်သည်'-ဥပကအား မိန့်တော်မူသော "န မေ အာစရိယော"ဂါထာတို့ကို ရွတ်တော်မူပြီးလျှင် ရွှေကရားကို လက်တော်ကိုင်၍ ရေစက်ချတော်မူရမည်။

"မြေမှုန့်လုံးမျှ၊ ကျူး၍ချသို့၊ ဒါနဟူသား၊ အလှူအားဖြင့်၊ ဤရွှေနန်းတော်ကို ငါရသည်။ ပြည်သူ, လူ, ရဟန်းတို့ ချမ်းသာကို ရှာအံ့။ တရား ၁၀-ပါးကို စောင့်အံ့။ အသက်မြင့်ရှည် တည်ပါလိုသော်၊ ရန်မာရ်ခပ်သိမ်းကို အောင်လိုသော်၊ ဆင်ဖြူရတနာ, သမီးကညာ ရပါ လိုသော်၊ ဘုန်းတန်းခိုးအာဏာအသရေ တက်နေကဲ့သို့ ထွန်းပသည် ဖြစ်ပါစေသော်"

မိဋ္ဌာန်သစ္စာဆို၍ ရေစက်ချတော်မူပြီးလျှင် ငြိမ်သက်စွာ တောင်, မြောက် ၄-ပါးသို့ မကြည့်, ကိုယ်လက်အင်္ဂါကို မလှုပ်မူ၍ ဆင်းတုကဲ့သို့ ရှေ့ရှု၍ ဂုဏ်တော် ၃-ပါးကို နှလုံးဖြင့် ဆင်ခြင်၍ နေရမည်။

၉။ တိုင်းသူပြည်သားနှင့် ၄-ကျွန်းသားတို့က ရတနာများ ဆက်သခြင်း

"သက်တော်ရှည်စေသော်"ဟု မင်္ဂလာစကားကို ဆို၍ အမတ်ကြီးကို သံတွေ ဆက်စေ။ သူဌေးကို ရွှေတွေ ဆက်စေ။ သူကြွယ်ကို ငွေတွေ ဆက်စေ။ သူကြွယ်, သူဝကား ပိတ်ပုဆိုး ဆက်စေ။

**အနောက်မျက်နှာက နေသောသူ** အပရဂေါယာကျွန်း၌ အစိုးရသော မင်းတို့က သန္တာ ပိတ်အုပ်, ဘုမ္မသိန် ရှိခိုးလက်ဆောင်တော် ဆက်သည်-ဟူ၍ ဆက်စေ။

**အရှေ့မျက်နှာက နေသောသူ** အရှေ့ပြုဗ္ဗဝိဒေဟကျွန်း၌ အစိုးရသော မင်းတို့က ငွေတွေ, ငွေချောင်း ရှိခိုးလက်ဆောင်တော် ဆက်သည်-ဟူ၍ ဆက်စေ။

**မြောက်မျက်နှာက နေသောသူ** ဥတ္တရကုရုကျွန်း၌ အစိုးရသော မင်းတို့က ရွှေချောင်း ရှိခိုး လက်ဆောင်တော် ဆက်သည်-ဟူ၍ ဆက်စေ။

**တောင်မျက်နှာက နေသောသူ** ဇမ္ဗူဒီပါကျွန်း၌ ၁၀၀-သော မင်းအပေါင်းတို့က ပန်းမာလ် ပူဇော်စေ။ မင်းသား, အမတ်သား, စစ်သူကြီး, သူငယ်တော်တို့က ပူဇော်စေ။ ထက်ဝန်းကျင်နေသည့် အမျုးအမတ်တို့ကလည်း မင်းသို့သာ ရှေ့ရှု လက်အုပ်ချီ၍ နေစေ။ တောင်,မြောက် မကြည့်စေနှင့်။ ကြည့်ရာအရပ်က ရန်စစ် ပေါ်တတ်သည်။ ကြပ်ကြပ် **အာဏာထားတော်မူရမည်။**

အဘိသိက်ခံ၍ ၁-နာရီခန့် ကြာလျှင် ငွေမောင်းကို သမီးကညာ ၅-ချက်တီးလျှင်လည်း ၅-ချက်တီးရမည်။ တီးပြီးလျှင် နောက်ကထားသည့် သလွန်ပေါ်ထက် မွေ့လျော် ပျော်ပါးစွာ စံနေတော်မူ၍ ပွဲသဘင်ကြီးစွာ ခံတော်မူရမည်။ **အဝေးက လက်ဆောင်ကို မဆက်စေနှင့်၊ ရာဇပလ္လင်သို့ ရောက်မှ ဆက်စေရမည်။** ဘွဲ့တော်မှ စ၍ အမည်အရည်, ဆုလာဘ်ကိုလည်း ရာဇပလ္လင်သို့ ရောက်မှ ပေးတော်မူရမည်။ မိုးသောက်လျှင် ရတနာ ၃-ပါးတို့အား ပူဇော်ဖွယ်ဝတ္ထုတို့ကို လျှုဒါန်းပူဇော်ရမည်။

ဤတွင်ရွှေ့ကား ရတနာပုရ အဝပြည်ကြီးသခင် ရာဇမဏိစူဠာစေတီတော်ကြီး ဒါယကာ သာလွန်မင်းတရားကြီး ထီးဆောင်းမင်္ဂလာ မဟာဥကင်တော်ဖွင့် ရာဇာဘိသေက

သွန်းခဲတော်မူအံ့သောအခါ သာသနာတော်ကျမ်း, လောကီကျမ်း, အစဉ်ထုံးတမ်း စာတမ်းများနှင့်လျော်စွာ ရဟန်းပညာရှိ, အမတ်ပညာရှိ, ပုဏ္ဏားပညာရှိတို့ နှိုင်းညှိရုံးချဉ်း၊ အကျဉ်းရေးသားဆက်သွင်းအပ်သော ထီးဆောင်းမင်္ဂလာ မဟာဥကင်တော်ဖွင့် ရာဇာဘိသေကစာတမ်းပြီး၏။

* * * * * *

## [၂] မန္တလေး ရတနာပုံ ပဥ္စမသင်္ဂါယနာတင်မင်းတရားကြီး ရာဇာဘိသေကဘိသိက်ခံစာတမ်း

ဤမင်းခမ်းတော်စာသည် မြန်မာမဟာမင်္ဂလာမင်းခမ်းတော်အမည်နှင့် လျော်ညီစွာ ကမ္ဘာဦးမဟာသမ္မတ မဇ္ဈိမဒေသ သကျသာကီယမင်းတို့မှ စ၍ သီဟိုဠ်, သထုံ, တကောင်း, သီရိခေတ္တရာ, ပုဂံ, မြင်စိုင်း, စစ်ကိုင်း, ပင်းယ, အဝပြည်ကြီးတိုင် မြန်မာမင်းဧကရာဇ် အဆက်ဆက်တို့ ကန္နက်ဥကင် ရာဇာဘိသေကသဘင် ယင်တော်မူသော အခမ်းအနား ကျမ်းစာတမ်းများကိုလည်းကောင်း၊

ရတနာသိယ် ပဌမမြို့တည်, နန်းတည် အလောင်းတော် အသျှင်မင်းတရားကြီးမှ မန္တလေးရတနာပုံ ပဌမမြို့တည်, နန်းတည် ပဥ္စမသင်္ဂါယနာတင်မင်းတရားကြီး၊ သားတော်မင်းတရားကြီးများတိုင် ၁၀-ဆက်, ၁၁-ဆက်သော မြန်မာမင်းဧကရာဇ်တို့၏ ပစ္စုဥကင်၊ ရာဇာဘိသေကသဘင် ယင်တော်မူသော အခမ်းအနား ကျမ်းစာတမ်းများကိုလည်းကောင်း အပြည့်အစုံ အကျယ်အပွါး များစွာထုတ်ဆောင် စီစဉ်ညွှန်ပြရန် ရှိပေသည်။

သို့ရာတွင် ယင်းသို့ ထုတ်ဆောင်စီစဉ်ဖော်ပြက–

- ဂန္ထဂရုဖြစ်ဘိသဖြင့် နား, မျက်စိ ငြီးငွေ့ရန်ရှိသည် တစ်ကြောင်း၊
- ပဥ္စမသင်္ဂါယနာတင်မင်းတရားကြီး၏ ဥကင်တော်ဖွင့် ရာဇာဘိသေကမင်းခမ်းတော်သည် ၎င်းမင်းတရားကြီး၏ မင်း, မိဖုရား, သားတော်, သမီးတော်, ဆွေတော်, မျိုးတော်အပေါင်း၊ ဆရာတော်, သံဃာတော်၊ မှူးတော်, မတ်တော်၊ မဟာရာဇာ၊ စော်ဘွား, မြို့စား၊ ဝန်စု, မှူးစု၊ အရာရှိတို့နှင့် ဒိဋ္ဌမှီသိသူ ပြည်သူအပေါင်း ထင်ရှားရှိတော်မူကြသဖြင့် အထူးထုတ်ဆောင်ညွှန်ပြခွင့် သင့်သည်တစ်ကြောင်း၊
- ၎င်းမင်းတရားကြီး၏ ရာဇာဘိသေကမင်းခမ်းစာတမ်းကိုလည်း မှတ်ချက်မှတ်ဆစ်မျှ ထုတ်ဆိုညွှန်ပြက အကျယ်ဝိတ္ထာရမှာ ဘေးတော်,ဘကြီးတော်, ခမည်းတော်မင်းတရား

ကြီးတို့၏ ဥကင်တော်ဖွင့် ရာဇာဘိသေကမင်းခမ်းစာတမ်းများနှင့် ၎င်းမင်းတရားကြီး၏ အကျယ်မင်းခမ်းစာတမ်းကြီးများ ထင်ရှားရှိပြီဖြစ်သည် တစ်ကြောင်း-

များကြောင့် ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီး၏ ထီးဆောင်းမင်္ဂလာ မဟာဥကင်တော်ဖွင့် ရာဇာဘိသေကအကျယ် မင်းခမ်းတော်စာတမ်းမှ မှတ်ချက်မှတ်ဆစ်မျှ ထုတ်နုတ်ညွှန်ပြပေအပ်သတည်း။

## ၁။ အကျဉ်းမှတ်ဆစ် ကောက်နုတ်ချက်

ဇယတု။ ။ရှေးဦးလက်မွန်မဆွ ဤဘဒ္ဒကမ္ဘာအစ၌ မင်းဖြစ်သော မဟာသမ္မတ-စသော ဘုရားအလောင်း မင်းကောင်းမင်းမြတ်တို့ ရာဇာဘိသေက ခံတော်မူသောအခမ်းအနား သာသနာတော်ကျမ်း, လောကီကျမ်းများအရ သက္ကရာဇ် ၁၁၄၅-ခုနှစ်, ၁၁၄၆-ခုနှစ်၊ အမရပူရ၊ ပဌမမြို့တည်,နန်းတည် ဆဒ္ဒန်ပေါက်မ ရတော်မူသော ဘိုးတော်မင်းတရားကြီး ဘိသိက်ခံစာတမ်း။

၁၁၈၅-ခုနှစ်၊ ရတနာပူရ စတုတ္ထမြို့တည်, နန်းတည် ဘကြီးတော်မင်းတရားကြီး ဘိသိက်ခံစာတမ်း။

၁၂၀၂-ခုနှစ်၊ အမရပူရ ဒုတိယမြို့တည်, နန်းတည် ခမည်းတော် မင်းတရားကြီး ဘိသိက်ခံ စာတမ်းများနှင့်အညီ–

၁၂၁၉-ခုနှစ်၊ ကဆုန်လပြည့်ကျော်၊ ၇-ရက်၊ ကြာသပတေးနေ့၊ မန္တလေး ရတနာပုံ ပဌမမြို့တည်, နန်းတည် ပဥ္စမသင်္ဂါယနာတင်မင်းတရားကြီး ရာဇာဘိသေကဘိသိက်ခံတော်မူ၍–

ဘဝရှင်မင်းတရားကြီးဘုရားမှာ–

သီရိပဝရဝိဇယာနန္တယသပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ၊

အသျှင်မိဖုရားခေါင်ကြီးမှာ–

သီရိပဝရမဟာရာဇိန္ဒာဓိပတိ ရတနာဒေဝီ

တံဆိပ်နာမံ ခံတော်မူသည်။

## ၂။ လယ်ထွန်မင်္ဂလာမဏ္ဍပ် ၃-ခုနှင့် ပန္နက်တင်

**ရာဇာဘိသေကအခမ်းကား** ရှေးဘေးတော်, ဘိုးတော်, ဘကြီးတော်, ခမည်းတော်တို့ ခံသည့်ဘိသိက်နည်း။ နှစ်ဦးအပေါ် ကဆုန်လ၌ ဘိသိက်ခံမဏ္ဍပ် ၃-ဆောင် ဆောက်လုပ်ရန် သစ်,ဝါး,ကြိမ်တို့ကို အသည်သားတို့က ရင်း, ဖျား မမှားစေရ၊ မှတ်သားခုတ်ယူ၍ ပေးရလေ၏။ ယင်းသို့ သစ်,ဝါး စုံလတ်သော် မင်္ဂလာမဏ္ဍပ်ဆောက်ရာအရပ်၌ ရွှေထွန်, ငွေထွန်, သံထွန် ၃-ရပ်၊

- ရွှေထွန်မှာ အမျိုးအရိုး သူဌေးမှန်သူ၏သား ဝါမောင်းသော တန်ဆာကို ဆင်လျက် ထွန်ရလေ၏။
- ငွေထွန်မှာ အမျိုးစဉ်ဆက် သူကြွယ်မှန်သောသူ၏သား နီမောင်းသော တန်ဆာကို ဆင်၍ ထွန်ရလေ၏။
- သံထွန်မှာ အမျိုးစဉ်ဆက်ကြီးသော တောင်သူကြီးသား စိမ်းသောတန်ဆာကို ဆင်၍ ထွန်ရလေ၏။

ထို ၃-ရပ်သော ထွန်တို့၌သော်ကား နွားလားဥသဘနှင့် ထွန်ရလေ၏။ ယင်းသို့ ပြီးလတ်မူ နွားနို့ရည်ကို အနှံ့ဖြန်းရလေ၏။ ယင်းသို့ ပြီးလတ်သော် နွားချေးမှုန့်ဖြင့် အနှံ့ဖြူးရလေ၏။ ယင်းသို့ ပြီးလတ်သော် မုယော, နှမ်း, ဝါ, ပြောင်း, ပဲ, စပါးများကို ကြဲဖြန်းရလေ၏။ ထိုသို့ပြီးလျှင် ဒေါင်းခြံ လုံ့စွာကာလျက် ဟုံးနတ်ပူဇော်သော ပုဏ္ဏားတို့က စန္ဒီ, ပရမီသွာ, ဗိဿနိုး-စသော နတ်တို့ကို လှည်းရထားဖြင့် တင်၍ ရာဇမတ္တဏ်ကျမ်းလာ ဂါထာ, မန္တန်တို့ကို ရွတ်ဖတ်ရလေ၏။ ယင်းသို့ ပြီးလတ်သော် ပုရောဟိတ် ၁၂-ပါး, သံဃာတော် သံဃာဂိုဏ်းပြည့်၊ ဘူမိစာလ-စသော အောင်ခြင်း ၈-ပါးအစုံ၊ မင်္ဂလသုတ်ပရိတ်, ရတနသုတ်ပရိတ်-စသော ပရိတ်တော်တို့ကို ရွတ်ရလေ၏။ ကမ္မဝါစာလည်း ဖတ်ရ၏။

ယင်းသို့ပြီးလတ်သော် နတ်ပူဇော် ပုဏ္ဏားတို့က သရဏာသရိသျှိနွဘူမိစာလဂါထာကို ရွတ်လျက် ခရုသင်းသံ ပေးရလေ၏။ ယင်းသို့ပြီးလတ်မူ မင်္ဂလာမဏ္ဍပ်ဆောက်ရန် သစ်, ဝါး, ကြိမ်, အမိုး, ကန့်လန့်ကာတို့၌ ပရိတ်တော်ရေ, ခရုသင်းရေတို့ဖြင့် ဖြန်းစေရ၏။ ယင်းသို့ပြီးမှ ဟူးရားသွေး ပုဏ္ဏား ၄-ယောက်နှင့် ဟူးရားတတ် ပုဏ္ဏား ၁၀၈-ယောက်တို့သည် ဖြူစင်သောတန်ဆာကို ဆင်လျက် ပန္နက်ချအခါကို စောင့်ရ၏။

**ပန္နက်ချသောသူမှာ–**

- သတော်သားတို့ ညိုသောတန်ဆာကို ဆင်လျက် ရွှေပန္နက်ကို ကိုင်ရသည်။
- ပရိတ်ရွတ်ပုဏ္ဏားတို့မှာ နီသောတန်ဆာကို ဆင်၍ ငွေပန္နက်ကို ကိုင်ရသည်။
- လယ်သူကြီးတို့မှာ ပြာသောတန်ဆာကို ဆင်လျက် သံပန္နက်ကို ကိုင်ရသည်။

ထိုသို့ စုံလင်စွာနှင့် နေစေ၍ အခါနာရီညိုလျက် ကောင်းသောနက္ခတ် ရောက်လတ်သော် မီးပေါက် ၇-လုံးကို ၇-ကြိမ် ပစ်ဖောက်၍ မောင်း, ခွက်ခွင်း, ဒုံမင်း, ခရုသင်း အသံတို့ဖြင့် တပြိုင်နက် တီးမှုတ်စေ၍ ထိုအတိုင်း ပန္နက်ကို တညီတညာတည်း ချရလေသည်။

**ဆောက်သောအခါမူကား** အသည်သားတို့က ဆောက်လုပ်မိုးကာရသည်။ မဏ္ဍပ် ၃-ဆောင်၏ အမည်သော်ကား **သီဟာသနမဏ္ဍပ်, ဂဇာသနမဏ္ဍပ်, မောရာသနမဏ္ဍပ်**။

- သီဟာသနမဏ္ဍပ်၌ ဖြူမောင်းသော တန်ဆာကို ခြယ်ရမည်။
- ဂဇာသနမဏ္ဍပ်၌ နီမောင်းသော တန်ဆာကို ခြယ်ရမည်။
- မောရာသနမဏ္ဍပ်၌ ညိုမောင်းသော တန်ဆာကို ခြယ်ရမည်။

ယင်းသို့ ပြီးသောအခါ သီဟာသနမဏ္ဍပ်မှာ ပရိတ်ရွတ်ပုဏ္ဏားတို့က စောင့်ရသည်။ ဂဇာသနမဏ္ဍပ်မှာ သတော်သားတို့က စောင့်ရသည်။ မောရာသနမဏ္ဍပ်မှာ အသည်သားတို့က စောင့်ရသည်။

## ၃။ မင်္ဂလာရေခပ်အစီအစဉ်

ဘိသိက်သွန်းရန် မြစ်ရေတို့ကို ခပ်မည့်အခါနက္ခတ် ရောက်လတ်သော်–

- အမျိုးအစဉ် နန်းရိုးမှန်သော မင်းသမီး ၈-ယောက်,
- အမျိုးအရိုးမှန်သော ဘိသိက်မင်္ဂလာ ပုဏ္ဏားသမီး ၈-ယောက်,
- အမျိုးစဉ်ဆက်မှန်သော အမတ်သမီး ၈-ယောက်,
- အမျိုးစဉ်ဆက်မှန်သော သူဌေးသမီး ၈-ယောက်,
- အမျိုးအရိုးမှန်သော သူကြွယ်သမီး ၈-ယောက် –

တို့သည် ဆန်းကြယ်သော အဝတ်တန်ဆာတို့ကို ဝတ်ဆင်လျက်–

မင်းသမီးမှာ ရွှေအိုး, ပုဏ္ဏားသမီးမှာ ငွေအိုး, အမတ်သမီးမှာ မြေအိုး,

သူဌေးသမီးမှာ ကြေးအိုး, သူကြွယ်သမီးမှာ သံအိုး၊

ထိုသို့ အစုံကိုင်လျက် ဘိသိက်မင်္ဂလာတော်ဆက် ပုဏ္ဏား ၈-ပါး၊ သာသနာပိုင်နှင့် စကြ-ဝတေး ၄-ယောက်၊ အမတ် ၈-ယောက်၊ သူဌေး, သူကြွယ်, တောင်သူကြီး, သင်းတော်မှူး ၈-ယောက်စီ, တူရိယာအစုံနှင့် မြစ်ဆိပ်သို့ ရောက်သော်–

- မင်းသမီးတို့သော်ကား ငှက်ဆင်လှေတော်မှာ စီးရသည်။
- ပုဏ္ဏားသမီးတို့ ရွှေလောင်းလှေတော်မှာ စီးရသည်။
- အမတ်သမီးတို့ လွန်းကြင်လှေတော်မှာ စီးရသည်။
- သူဌေးသမီးတို့ ဗားမဲ့လှေတော်မှာ စီးရသည်။
- သူကြွယ်သမီးတို့ မိကျောင်းလှေတော်မှာ စီးရသည်။
- ဘိသိက်မင်္ဂလာပုဏ္ဏားတို့မှာ သက္ကဒါန်လှေတော်မှာ စီးရသည်။
- အမတ် ၈-ယောက်တို့မှာ အားတက်လှေတော်မှာ စီးရသည်။
- သူဌေး,သူကြွယ်တို့မှာ ဂွတ်လှေတော်ကို စီးရသည်။
- သင်းမှူး, တောင်သူကြီးတို့မှာ သရေလှေတော်ကို စီးရသည်။

ယင်းသို့ ပြီးမှ လှေတော်ထွက်သောအခါ မီးပေါက် ၇-လုံး ၃-ချက်စီ ပစ်ဖောက်ရလေသည်။ နတ်ပူဇော်သော ပုဏ္ဏားတို့သည်လည်း ခရုသင်းမှုတ်လျက် လိုက်ရသည်။ စောင်းတီးပုဏ္ဏားလည်း စောင်းတီးလျက် လိုက်ရသည်။ မြစ်ဂင်္ဂါစောင့်ဘီလူးလည်း ဘီလူးနှင့် အသွင်အပြင်တူသောသူတို့ကို စောင့်နေနှင့်စေ၍ ရေခပ်မည့်သူတို့ ရောက်လျှင် ဘီလူးအဟန် စောင့်နေနှင့်သူတို့က "အဘယ်အလို့ငှာ လာသနည်း"ဟု ၃-ကြိမ်ငေါက်ငမ်း၍ မေးရသည်။

ပုရောဟိတ်ပုဏ္ဏားတို့က "ရှေးဘေးလောင်းတော် မင်းအဆက်ဆက် မင်းဧကရာဇ်တို့ ဘိသိက်မင်္ဂလာစီရင်တော်မူသည့်နည်း ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော မင်းတရားကြီးသည် ထီးဆောင်းမင်္ဂလာတော်ပြုရန် ရေတော်ခပ်လာရသည်"ဟု ဆိုလျှင် ဘီလူးအယောင်ဆောင်သူတို့က "သာသနာတော်စီးပွါး၊ ပြည်သူ,လူ,ရဟန်းတို့ စီးပွါးကို တရားနှင့်ညီစွာ ကျင့်ဆောင်နိုင်အံ့လော"ဟု မေးရသည်။ ပုရောဟိတ်ပုဏ္ဏားတို့က "သာသနာတော်စီးပွါး၊ ပြည်သူ, လူ, ရဟန်းတို့ စီးပွါးကို တရားနှင့်အညီ ဆောင်လိုသောကြောင့် ဤသည့်ရေကို ခပ်လာရသည်" ဆိုရသည်။

ဘီလူးအဟန်ဆောင်သူတို့က "ဘုန်းတော်ကြီး၍ သက်တော်ရာကျော်ပတ်လုံး သာသနာတော်စီးပွါး၊ ပြည်သူ, လူ, ရဟန်းတို့စီးပွါး၊ သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အညွန့်,အခက်၊ တိုးတက်ပွါးစီး၊ ကြီးမြတ်တော်မူသည်ဖြစ်စေသော်။ ကောင်းစွ, ကောင်းစွ" အခွင့်ပေးသောကာလ ရွှေပန်း, ငွေပန်း, ရွှေပေါက်ပေါက်, ငွေပေါက်ပေါက်, ရွှေခဲ, ငွေခဲ, နဝရတ် ၉-ပါး, ဆီမီးတန်ဆောင်, ကွမ်း, လက်ဖက်တို့ဖြင့် ပူဇော်ပြီးမှ ရေတော်ခပ်ယူမည့်အခါနက္ခတ် တိုင်လတ်သော် မီးပေါက် ၇-လုံး, ၇-ကြိမ် ပစ်ဖောက်၍ အသံ ၁၀-ပါး တပြိုင်နက် တီးမှုတ်ကြော်ငြာစေ၍ ဗေဒင်ကျမ်း၌လာသော မန္တန်တို့ကို ရွတ်၍ ပုရောဟိတ်ပုဏ္ဏား, မင်းသမီးတို့ ခပ်ယူရသည်။

**ရေခပ်ယူ၍** ကမ်းသို့ ဆိုက်လာသောအခါလည်း မီးပေါက် ၇-လုံး, ၃-ချက်စီ ပစ်ပြီးမှ လာရင်းအစဉ်အတိုင်း စီးနင်းဆောင်ရွက်၍ မင်္ဂလာမဏ္ဍပ်သို့ ရောက်လတ်သော် ပန်းတင်ပုဏ္ဏားတို့က ပန်းတို့ကို လမ်းအပြည့် ကျဲ၍ ထားနှင့်ရသည်။

စီရီသား*(ရေခပ်သား)*တို့ကလည်း ရေလမ်းတလျှောက် ဖြန်းရလေသည်။ ပရိတ်ရွတ်ပုဏ္ဏားတို့ကလည်း ပရိတ်ရွတ်၍ နေနှင့်*(ကြ)*ရသည်။

- သီဟာသနမဏ္ဍပ်၌ မင်းသမီး, ပုဏ္ဏားသမီး ခပ်သောရေ၊
- ဂဇာသနမဏ္ဍပ်၌ အမတ်သမီး ခပ်သောရေ၊
- မောရာသနမဏ္ဍပ်၌ သူဌေးသမီး, သူကြွယ်သမီး ခပ်သောရေ-

တို့ကို တပြိုင်နက် တည်ထားရသည်။ တည်ထားသောအခါလည်း မီးပေါက် ၇-လုံး, ၇-ချက်စီ ပစ်ဖောက်ရသည်။ ထိုသို့သောအရာတို့ ပြီးလတ်မူ နန်းတော်ကသည် မင်္ဂလာမဏ္ဍပ်ရောက် နေပြောက်မထိုး ရွှေဖျင်, ငွေဖျင်တို့ဖြင့် မိုးကာရ၏။ ထိုတလျှောက် လက်ဝဲ, လက်ယာမှာလည်း ကြံပင်, အုန်းပင်, ငှက်ပျောပင်တို့ကို စိုက်ရလေ၏။ မင်္ဂလာမဏ္ဍပ်တွင် သီးမျိုးစုံ, ပန်းမျိုးစုံတို့ကို ဆွဲရလေ၏။ ငှက်ပျော, ကြံ, အုန်း, ဒန်း, ဆပ်သွားပင်, သပြေ, ထိန်, ကုက္ကို, လက်ပံပင်များကိုလည်း မညှိုးမနွမ်းစေရ၊ စိုက်ရလေ၏။

မြို့တွင်း, မြို့ပြင် လမ်းတို့၌လည်း ငှက်ပျော, ကြံ, အုန်း, ဆပ်သွားပင်များကို အသီးပြည့်နှင့် စိုက်ရလေ၏။ ရေအိုးပြည့် တည်ထားရလေ၏။ နတ်ကြီး ၈-ပါးကိုလည်း နတ်ဝင်တို့ အချိုပွဲဖြင့် ခင်းကျင်း၍ ပွဲပြုရလေ၏။ ယင်းသို့ အလုံးစုံ ပြီးကုန်လတ်သော်–

- ပြည့်ရှင်မင်းကြီးသည်ကား ဗြဟ္မာမင်းတို့ တန်းဆာကို ဆင်တော်မူ၍,
- မိဖုရားသော်ကား နတ်မင်း၏ မိဖုရားကဲ့သို့ နတ်တန်းဆာကို ဆင်တော်မူလျက်–

ဆင်စီး, မြင်းစီးတို့မှာလည်း စစ်ဝတ်တန်းဆာကို ဝတ်ဆင်၍ ရှေ့ ၁၂-တပ်၊ လက်ဝဲအမတ်, လက်ယာအမတ် အစဉ်အတိုင်း ရှေ့ဝင်းမှူး, လက်ဝဲဝင်းမှူးတို့ လိုက်ရသည်။ နောက် ၁၂-တပ် မှာလည်း အနောက်မျက်နှာ မှူးမတ်, လက်ဝဲ,လက်ယာ ဝင်းမှူးတို့ လိုက်ရသည်။

အစဉ်အတိုင်း စစ်အင်္ဂါ ၄-ပါးစုံစွာ မင်းနှင့်မိဖုရားသွားသော ပရွက်ကြောင်းလမ်း အမိုးတွင် လိုက်ရသည်ကား-

မင်းကြီးရှေ့ လက်ဝဲ,လက်ယာ ဘိသိက်သွန်း မင်္ဂလာတော်ပုဏ္ဏားမျိုး ၁၀၀-မှာ လက်ဝဲက စကြဝတေး ၂-ယောက်, လက်ယာက စကြဝတေး ၂-ယောက်၊ သာသနာပိုင်, ပုရောဟိတ်ပုဏ္ဏားအကြီးမှာ နဝရတ်စီသော ခရုသင်းကို ရွှေပန်းတောင်းနှင့် ထည့်၍ လက်၂-ဖက်စုံလျက် ကောင်းစွာကိုင်၍ လိုက်ရသည်။ ဟူးရားတိုင် ၄-ယောက်နှင့် ဟူးရား တတ် ပုဏ္ဏား-၁၀၀, နတ်ပူဇော်ပုဏ္ဏား-၁၀၀, စောင်းတီးပုဏ္ဏား-၁၀၀, ပရိတ်ရွတ်ပုဏ္ဏား- ၁၀၀, ပန်းတင်ပုဏ္ဏား-၁၀၀၊ ထို ၅၀၀-တို့မှာ ခရုသင်းမှုတ်၍ လိုက်ရသည်။

ဘိသိက်သွန်း မင်းသမီး ၈-ယောက်၊ ပုဏ္ဏားသမီး, သူဌေးသမီး, သူကြွယ်သမီးတို့ သည်လည်း ၈-ယောက်စီ လိုက်ရသည်။ အခါနက္ခတ် ရောက်လတ်လျှင် မြောက်စည်, ဒုံမင်း, မောင်း, ကြေးနင်း, ခွက်ခွင်း, ပတ်သာ, ခရာ, စောင်း, ငြင်း-စသော အသံ ၁၀-ပါး ဖြင့် မြောက်လျှင်းစေ၍ မီးပေါက် ၁၅-လုံး ၇-ကြိမ် ပစ်ဖောက်ပြီးသောအခါ၌ နဝရတ်ဖြင့် စီခြယ်ပြီးသော ရတနာထမ်းစင်၌ မိဖုရားကြီးနှင့်အတူ စီးတော်မူလျက် ထွက်တော်မူ လေသည်။ မင်္ဂလာမဏ္ဍပ်သို့ ရောက်တော်မူလျှင်လည်း ထိုနည်း ပစ်ဖောက်ရသည်။

ယင်းသောအခါ သာသနာပိုင်, ဝိနည်းဓိုရ်နှင့် ပုရောဟိတ် ၁၂-ပါးတို့သည် မြတ်စွာ ဘုရား ဟောတော်မူခဲ့သော ပိဋကတ်တော်ကို ဆောင်ယူလာခဲ့၍ သီဟာသနမဏ္ဍပ်၌ ထားလေပြီးသော် နန်းတော်သို့ ဝင်၍ နန်းတော်စွန်းတွင် သံဃာတော် ၁၀၈-ပါးတို့ ပရိတ် တော်ကို ရွတ်လေ၍ နန်းကို ပြည်စိုးကြီးအမတ်က ဆေးရလေသည်။

ပြည့်ရှင်မင်းကြီးလည်း မောရာသနမဏ္ဍပ်၌ ရေချိုးတော်မူ၍ ဂဇာသနမဏ္ဍပ်တွင် ခေါင်းဆေးတော်မူပြီးမှ—

**ဗုဒ္ဓဥ္စ ဓမ္မဥ္စ သံဃဥ္စ သရဏံ ဂတော၊ ဥပါသကတ္တံ ဒေသေသိ၊ သကျပုတ္တဿ သာသနေ သရဏမုပေဟီတိ။**

ထိုသို့သော ဂါထာကို မင်းကြီး ရွတ်တော်မူ၍ သီဟာသနမဏ္ဍပ်အလယ်၌ ရွှေဖြင့်ပြီးသော ရေသဖန်းပျဉ်ဝယ် စံတော်မူလေ၏။

## ၄။ ဘိသိက်သွန်းရာ၌ မင်းသမီး, ပုဏ္ဏား, သူကြွယ်တို့ ဆိုသောစကား

ယင်းသို့သောအခါ မင်းသမီး ၈-ယောက်တို့သည် ဆန်းကြယ်သော တန်းဆာကို ဆင်ကြလျက် မင်းရှေ့ တူရူနေလေ၍ နဝရတ်စီသော လက်ယာရစ် ခရုသင်းကို ကိုင်ပြီးသော် ဂင်္ဂါ ၅-ရပ်ရေကို စုံစွာထည့်လျက် လက် ၂-ဖက်စုံ၍ ကောင်းမွန်ရှိသေစွာ မင်းကြီးဦးခေါင်း၌ စိုက်ရလေ၏။

ယင်းအခါ မင်းသမီးတို့ ဆိုသည်ကား–

“အသျှင်မင်းကြီး၊ ရှေးဦးစွာ ကမ္ဘာအစ၌ဖြစ်သော မဟာသမ္မတ မင်းကောင်း,မင်းမြတ်တို့ ကျင့်တော်မူသောတရားကို မြဲစွာ ကျင့်ဆောက်တည်တော်မူပါလော့။ အသျှင်မင်းကြီး၊ ခပ်သိမ်းသော ပြည်ထောင်မင်းတို့ကို အမျက်မလွန်စေခြင်း, ခပ်သိမ်းသောသူတို့ကို ကောင်းချီးမြှောက်ခြင်း, ခပ်သိမ်းသောသူတို့အား ရင်တော်သားအမျှ ချစ်သနားခြင်း, ခပ်သိမ်းသောသူတို့ စီးပွါးကို စောင့်ခြင်း, ခပ်သိမ်းသောသူတို့ အသက်ကို ကိုယ်တော်၏ အသက်ကဲ့သို့ ထင်မှတ်ခြင်း ပြုပါလော့။

အသျှင်မင်းကြီး၊ လောဘ, ဒေါသတို့၏ ပိတ်ပင်ခြင်းကို ကင်းစင်၍ အဝိဇ္ဇာ မိုက်မဲစွာသော မောဟတရားကို လင်းတော်မူပါလော့။ အသျှင်မင်းကြီး၊ ကျက်သရေရှိသော အမှုကိုသာ ပြုခြင်း, ကျက်သရေရှိသော စကားကိုသာ ဆိုခြင်း, ကျက်သရေရှိသော လုံ့လအကြံကိုသာ ကြံခြင်းတို့ကို ပြုတော်မူပါလော့။” ယင်းသို့ စကားကို မင်းသမီး ၈-ယောက်တို့ ဆိုလေ၍ မင်းကြီးထိပ်၌ ဘိသိက်ရေကို သွန်းကုန်၏။

ထို့နောက် တဖန် ဘိသိက်မင်္ဂလာတော်*(အ)*ရ အမျိုးမှန်သော ပုဏ္ဏား ၈-ယောက်တို့သည် ဂင်္ဂါ ၅-ရပ်ရေကို လက်ယာရစ်ခရုသင်း၌ ထည့်ပြန်၍ လက် ၂-ဖက်ကို စုံလျက် ကောင်းမွန်ရှိသေစွာ မင်းကြီးဦးခေါင်း၌ စိုက်ပြန်ရလေ၏။

“ဣတိပိ သော၊ သွာက္ခာတော၊ သုပ္ပဋိပန္နော-စသော ဂုဏ်တော်, သာသနာတော် ပွင့်လင်းအောင် ပြုပါလော့။ အသျှင်မင်းကြီး၊ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့အား ကိုယ်သားနှင့်အမျှ ချစ်ခင်ခြင်း, ပြည်သူတို့၏ စီးပွါးကို ကိုယ်တော်၏ စီးပွါး, ခပ်သိမ်းသော သတ္တဝါတို့၏ ဇီဝိတိန္ဒြေအသက်ကို ကိုယ်တော်၏ အသက်ကဲ့သို့ စောင့်တော်မူပါလော့။ အသျှင်မင်းကြီး၊ ခပ်သိမ်းသော ပြည်ထောင်မင်းတို့အား အမျက်မလွန်ခြင်း, တရား၌ စောင့်ခြင်း, ပညာရှိစကားကို နားလွှယ်ခြင်း, အမျိုးစောင့်ခြင်းများကို မြဲမြဲစောင့်ထိန်းတော်မူပါ

လော့။" ထိုစကားကို ပုဏ္ဏား ၈-ယောက်တို့ ဆိုပြီးသော် မင်းကြီးထိပ်၌ ဘိသိက်ရေကို သွန်းရလေ၏။

ထိုနောက်မှ အရိုးအမျိုးမှန်သော သူဌေး,သူကြွယ် ၈-ယောက်စီတို့သည် ခရုသင်း၌ ဂင်္ဂါ ၅-ရပ်ရေကို ထည့်ပြန်၍ လက် ၂-ဖက်ကို စုံလျက် ကောင်းမွန်ရှိသေစွာ မင်းကြီး ဦးခေါင်း၌ စိုက်ပြန်ရလေ၏။

"အသျှင်မင်းကြီး၊ ခပ်သိမ်းသောသူတို့အား ကိုယ်တော်၏အသက်ကို စောင့်သကဲ့သို့ စောင့်တော်မူပါလော့။ အသျှင်မင်းကြီး၊ ခပ်သိမ်းသောသူတို့၏ စီးပွါးဥစ္စာကို ကိုယ်တော်၏ စီးပွါးကဲ့သို့ စောင့်ထိန်းခြင်း, ပြည်ထောင်မင်းတို့အား အမျက်ကို မလွှန်ခြင်း, ပြည်သူ့ဥစ္စာ, အခွန်ဘဏ္ဍာ ခံယူရာ၌ တရားနှင့်လျော်ညီအောင် စောင့်ထိန်းခြင်း, တရားမသိ ပြိန်ဖျင်း သွမ်းသွပ်သောသူတို့ကို ရှောင်ကြဉ်ခြင်း, ပဏ္ဍိတ လိမ္မာသောသူ၏စကားကို နာလွယ်ခြင်း များကို ပြုတော်မူပါလော့" ယင်းသို့ ဆိုပြီးသော် မင်းကြီး၌ ဘိသိက်ရေကို သွန်းလေ၏။

ယင်းသို့ နောက်မှ တုံသော် တဖန် သူဌေး,သူကြွယ်တို့ ဆိုပြန်သည်ကား—

"အရှင်မင်းကြီး၊ အကျွန်ုပ်တို့ သွန်းလောင်းသော ရေစက်ကို ခံတော်မူ၍, အကျွန်ုပ် တို့ ဆိုသောစကားအတိုင်း ကျင့်ဆောင်တော်မူ၍, ပြည်သူ့လုပ်ခွန် ၁၀-ဖို့ ၁-ဖို့ ခံယူစားသုံး တော်မူ၍, မင်း၏စည်းစိမ်ကို ခံဝန်ပြီးသော် ပြည်သူကို တရားသဖြင့် စောင့်တော်မူပါလော့။

အသျှင်မင်းကြီး၊ ကျွန်ုပ်တို့ဆိုသော စကားအတိုင်း ကျင့်တော်မူပါသော်ကား ပစ္စုပ္ပန်, သံသရာ ၂-ဖြာအကျိုး၊ တက်တိုးစေလျက်၊ တက်သစ်သော နေ, ဆန်းသစ်သော လကဲ့သို့ တစ်နေ့တစ်ပါး၊ ကျက်သရေတော် ပွင့်လင်း၍ ပြည်ထောင်မင်းပေါင်း၊ ဦးခေါင်းညွတ်လာ၊ သဒ္ဒါပြည့်ဖြိုး၊ သူခိုး,ဓားပြ၊ ငြိမ်းချမ်းသာယာ၊ သာသနာတော်တည်ထွန်း၊ ရေစာ မရှား၊ မင်းအားပြည်သူ ဆုယူနေ့တိုင်း၊ ကောင်းချီးပေးလျက်၊ သက်တော်ရာကျော် စံတော်မူရသည် ဖြစ်စေသော်။

ယင်းသို့မဟုတ်၊ အကျွန်ုပ်တို့ စကားအတိုင်း မတည်၊ မင်းကောင်း,မင်းမြတ်တို့ ဝန်ခံ သော ဘိသိက်သစ္စာ ပျက်ပါချေသော် ကမ္ဘာဆူဝေ၊ လေမုန်တိုင်းဆင်၊ ငလျင်တော်လည်း၊ မြေကြီးကွဲ၍၊ ငရဲမီးလျှံ၊ ဝင်းဝင်းပြောင်ပြောင်၊ တောက်လောင်ကြေညက်၊ သူပျက်,သူလျှောင်၊ ထောင်ထောင်ထားထား၊ ခိုးသားတန္တ၊ စသည်ထွေထွေ၊ နေ,လ တံခွန်၊ ငှက်ပျံ, ငှက်ယုတ်၊ စုန်း, ဖုတ်, တစ္ဆေ၊ နန်းထက်နေ၍၊ မွှေမွှေလှုန့်ခြောက်၊ မြွေဟောက်, ငန်းကျား၊ တက်၍စား သည်. . . ဖြစ်စေသော်။"

ယင်းသို့ ဆိုလတ်သော် ပြည့်ရှင်မင်းကြီးလည်း သာသနာတော်အညစ်အကြေးမှ တပါး ပြည်သူ,သတ္တဝါတို့အား အသက်ဇီဝိတ်ဒြွေကို ခွင့်ပေးတော်မူရလေသည်။ ယင်းသို့ ပြီးလတ်သော် လာတော်မူရင်းအတိုင်း အစဉ်နှင့် ဝင်တော်မူသည်။ **မဏ္ဍပ် ၃-ဆောင်ကို မူကား တစ်စမကျန် မြစ်သို့ ချမျှောရလေသည်။**

ဤတွင်ရွှေ. မန္တလေးရတနာပုံ ပဌမမြို့တည်,နန်းတည် ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီး၏ **ထီးဆောင်းမင်္ဂလာ မဟာဥကင်တော်ဖွင့် ရာဇာဘိသေကစာတမ်း မှတ်ဆစ်** ကား ပြီး၏။

* * * * * *

[ ၃ ] အမရပူရ ပဌမမြို့တည်,နန်းတည် ဘဝရှင်မင်းတရားကြီးလက်ထက်
သားတော် မဟာဥပရာဇာ အိမ်ရှေ့မင်းကြီးအား

**အိမ်ရှေ့နှင်းတော်မူသော အခမ်းအနား,**

၎င်းအိမ်ရှေ့မင်းကြီးနှင့်

တောင်တွင်းကြီးမြို့ ကံကျွေးခံသမီးတော် ပဌမအိမ်ရှေ့မိဖုရားကို

**ရေသွန်းလက်ထပ် ထိမ်းမြားတော်မူသော အခမ်းအနား**

များကို အထူးထုတ်ဆိုခြင်း၏အကြောင်း

ကမ္ဘာဦး မဟာသမ္မတမင်းကြီးလက်ထက် သားကြီးရတနာကို အိမ်ရှေ့အရာ နှင်းတော်မူသည်မှ မန္တလေးရတနာပုံ ပဌမမြို့တည်,နန်းတည် ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီးလက်ထက် **ညီတော်အိမ်ရှေ့မင်းကြီး,** **သားတော် သီပေါမင်းတရားကြီးတို့ကို** အိမ်ရှေ့နှင်းတော်မူသည်တိုင် ၃-သိန်း, ၃-သောင်း, ၄-ထောင့်, ၈-ရာ*(၃၃၄,၈၀၀)*ကျော်ခန့်မျှ သော မြန်မာမင်းဧကရာဇ်အဆက်ဆက်တို့လက်ထက် တိုင်းပြုပြည်ထောင်ဘက် ညီတော်, သားတော်တို့ကို အိမ်ရှေ့နှင်းတော်မူကြသည့်အနက် အမရပူရ ပဌမမြို့တည်, နန်းတည် ဆဒ္ဒန်ဆင်မင်းသခင်၊ ဘဝရှင်မင်းတရားကြီးလက်ထက် တိုင်းပြုပြည်ထောင်ဘက်ဖြစ်တော် မူသော **သီရိမဟာဓမ္မာဘိဇယသီဟသူရ** အမည်တော်ရှိသော မဟာဥပရာဇာ အိမ်ရှေ့မင်းကြီး အား **အိမ်ရှေ့နှင်းတော်မူသော အခမ်းအနား,**

၎င်းအိမ်ရှေ့မင်းကြီးနှင့် တောင်တွင်းကြီးမြို့ ကံကျွေးခံသမီးတော် ပဉ္စမအိမ်ရှေ့မိဖုရား **သီရိမဟာတိလောကရတနာဒေဝီကို ရေသွန်းလက်ထပ် ထိမ်းမြားလက်ဖွဲ့တော်မူသော အခမ်းအနားများကို** ဤမြန်မာမဟာမင်္ဂလာမင်းခမ်းတော်စာတွင် အထူးယှဉ်ငင် မူတင်ထုတ်ဆောင်ညွှန်ပြသည်မှာ ၎င်းမဟာဥပရာဇာ အိမ်ရှေ့မင်းကြီး, ပဉ္စမအိမ်ရှေ့မိဖုရားကြီးများသည် ခမည်းတော် အမရပူရ ပဉ္စမမြို့တည်,နန်းတည် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီး၌ မိဖုရားကြီး ၃-ပါးတွင် မြင်တော်မူသည့် သားတော်-၄, သမီးတော်-၅, ထီးဆောင်းနန်းနေ ပဒေသရာဇ်, ဧကရာဇ်, စော်ဘွား, တပ်ပေါင်းစားတို့သမီး၊ မဟာဆွေတော်ကြီး, မျိုးတော်ကြီး၊ မှူးကြီး,မတ်ကြီး၊ မှူးလတ်,မတ်လတ်၊ စုရေး,စုကိုင်တို့ သမီးများကို နန်းတင်ရာတွင် မြင်တော်မူသည့် သားတော် ၆-ကျိပ် ၂၊ သမီးတော် ၅-ကျိပ် ၈-အားဖြင့် အကြီးဆုံး မဟာဥပရာဇာအိမ်ရှေ့မင်းကြီးမှ အငယ်ဆုံး မင်းကိုယ်လုပ်တော် ရှင်မင်းပုတွင် မြင်သည့် သမီးတော် ငယ်ကလွှန်တိုင် သားတော် ၆-ကျိပ် ၆၊ သမီးတော် ၆-ကျိပ် ၃၊ ပေါင်း ၁၀၂-ကျိပ် ၉။

မဟာဥပရာဇာပြင်—

မဟာဓမ္မရာဇာခံ မင်းသားကြီး ၁-ကျိပ်-၂၊ သတိုးခံ မင်းသားလတ်-၇၊

မင်းရဲခံ မင်းသားငယ် ၂-ကျိပ်၊ ငယ်ကလွှန် ၂-ကျိပ်, ၆၊

**သမီးတော်ဒေဝီ-ရ** ၁-ကျိပ်, ၃၊

| | |
|---|---|
| ဝတီ-ရ ၁-ကျိပ်, ၂၊ | ရှစာ-ရ-၂၊ |
| ပဘာ-ရ-၁၊ | ကေသာ-ရ-၁၊ |
| စန္ဒာ-ရ-၁၊ | မာလာ-ရ-၁၊ |
| မုတ္တာ-ရ-၁၊ | **အမည်မရ-၁၊** |

ငယ်ကလွှန် ၃-ကျိပ် ရှိတော်မူသည့်အနက်—

- မြောက်နန်းမိဖုရားကြီး သီရိမဟာစန္ဒာဘိရတနာဒေဝီမှ မြင်တော်မူသည့် သားတော်ကြီး၊
- တောင်နန်းမိဖုရားကြီး သီရိပဝရမဟာရာဇိန္ဒာမင်္ဂလာရတနာဒေဝီမှ မြင်တော်မူသည့် သမီးတော်လတ် ဖြစ်တော်မူသဖြင့် ဇမ္ဗူပတ်လွှဲ၊ ပျံ့နှံ့ကျော်စောတော်မူသော ဒဗ္ဗသမ္ဘာရ ဝိသေသပါကဋ ဘုန်းတော်,ဂုဏ်တော်၊
- ရတနာသိယ် ပဉ္စမမြို့တည်,နန်းတည် အလောင်းသျှင်မင်းတရားကြီး၏ မြေးတော်၊
- နောင်တော်ကြီး မင်းတရားကြီး, ဆင်ဖြူရှင်မင်းတရားကြီးများ၏ တူတော်၊

- စေဥ့်ကူးမင်းတရားကြီး၏ ညီတော်၊
- ရတနာပူရ စတုတ္ထမြို့တည်,နန်းတည် မင်းတရားကြီး၊ ၎င်းညီတော်ရင်း၊
- အမရပူရ ဒုတိယမြို့တည်,နန်းတည် မင်းတရားကြီးများ၏ ခမည်းတော်၊
- အမရပူရ စတုတ္ထနန်းစံ မင်းတရားကြီး၊ ၎င်းညီတော်၊
- မန္တလေးရတနာပုံ ပဌမမြို့တည်,နန်းတည် ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီးများ၏ ဘိုးတော်၊
- မန္တလေးရတနာပုံ ဒုတိယနန်းစံ မင်းတရားကြီး၏ ဘေးတော်၊
- ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီး၏ သားတော်,သမီးတော်အပေါင်းတို့၏ ဘေးတော်ဖြစ်တော်မူသဖြင့် မင်း, မိဖုရား, မင်းသား, မင်းသမီး, မဟာဆွေမျိုးတော်, မှူးတော်, မတ်တော်တို့နှင့်တကွ ပြည်သူအပေါင်း နှစ်ထောင်းရှိချစ် နှစ်သိမ့်လေးမြတ်သော ဝိသေသတရ ပါကဋ ဘုန်းတော်,ဂုဏ်တော်၊
- ပဌမအိမ်ရှေ့မိဖုရားတွင် မြင်တော်မူသည့် သားတော်-၄, သမီးတော်-၅၊
- ဒုတိယအိမ်ရှေ့မိဖုရားတွင် မြင်တော်မူသည့် သားတော်-၅, သမီးတော်-၂၊
- ကိုယ်လုပ်တော်တို့တွင် မြင်သည့် သားတော် ၂-ကျိပ်, ၁၊ သမီးတော် ၁-ကျိပ်, ၉၊ ပေါင်း သားတော် ၃-ကျိပ်၊ သမီးတော် ၂-ကျိပ်, ၆။

သားတော်,သမီးတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အညွန့်,အခက် တိုးတက်စည်ဖြိုး ကြီးမြတ်သော အဘိဇစ္စဗလ၊ ဝိသေသတရ၊ ပါကဋ ဘုန်းတော်,ဂုဏ်တော်၊

မဟာမုနိ ရုပ်ရှင်တော်ကြီးကို ဓညဝတီ ရခိုင်ပြည်ကြီးမှ လက်ရုံးဘုန်းမီး ညီးညီးထွန်းပြောင် ပင့်ဆောင်တော်မူခဲ့ခြင်း-စသဖြင့် ဘုရားသာသနာတော်ကျိုး, ခမည်းတော် မင်းတရားကြီး၏အကျိုး, ကိုယ်တော်ကျိုး, ဆွေတော်မျိုးတော်တို့၏အကျိုး, ပြည်နိုင်ငံသူတို့၏အကျိုးများကို သယ်ပိုး ရွက်ဆောင်တော်မူသော ရဋ္ဌကရ, ပုရကရ, ဝိသေသတရ, ပါကဋဘုန်းတော် ဂုဏ်တော်၊

ယင်းသို့ ဆိုအပ်ခဲ့ပြီးသော ဘုန်းတော်, ဂုဏ်တော်၊ မျိုးကျက်သရေ၊ အမြဲတေတော် အပေါင်းနှင့် ပြည့်စုံတော်မူသော အိမ်ရှေ့မင်းကြီး, အိမ်ရှေ့မိဖုရားကြီးများ ဖြစ်တော်မူသည့် အတိုင်း မြန်မာတိုင်း, ခရိုင်, နိုင်ငံတော်အဝှမ်းရှိ မင်း, မိဖုရား, မင်းသား, မင်းသမီး, မင်းမျိုးစိုးနွယ်, မှူးတော်, မတ်တော်, မဟာရာဇာစော်ဘွားကြီး, ဝန်စု,မှူးစုအပေါင်းတို့နှင့် ပြည်သူအလုံး ရွှင်ပြုံးဝမ်းသာ ကြည်ညိုလေးမြတ်စွာ ဖတ်ရှုတော်မူကြစိမ့်သောငှာ သီရိမဟာဓမ္မာဘိဇယသီဟသူရ အမည်တော်ရှိသော မဟာဥပရာဇာ အိမ်ရှေ့မင်းကြီးအား အိမ်ရှေ့

နှင်းတော်မူသော အခမ်းအနား၊ ၎င်းအိမ်ရှေ့မင်းကြီးနှင့် တောင်တွင်းကြီးမြို့ ကံကျွေးတော်ခံ သမီးတော် ပဥ္စမအိမ်ရှေ့မိဖုရား သီရိမဟာတိလောကရတနာဒေဝီကို ရေသွန်းလက်ထပ် ထိမ်းမြားလက်ဖွဲ့တော်မူသော အခမ်းအနားများကို အထူးအားဖြင့် ကျယ်ပွါးစုံလင် ဤမြန်မာ-မဟာမင်္ဂလာမင်းခမ်းတော်စာတွင် စက်တင်ပုံနှိပ် ထည့်သွင်းလုပ်ဆောင်ပါသတည်း။

## ၁။ အိမ်ရှေ့နှင်းစာတမ်းတော်

အိမ်ရှေ့နှင်းတော်မူမည့် ကောင်းမြတ်သော မင်္ဂလာအခါတော် သက္ကရာဇ် ၁၁၄၅-ခုနှစ်၊ ဒုတိယဝါဆိုလဆန်း၊ ၁၅-ရက်၊ ၅-တေး၊ နေ့ ၁-ချက်တီးကျော် ၇-နာရီ၊ ၁-ပါဒ်၊ ၄-ဗိဇနာ၊ ၄-ပြန်၊ ၇-ခရာအချိန်တွင် အရှေ့စူးစူးသို့ မျက်နှာရည်၍ ရတနာ ၃-ပါး-စသော သမ္မာဒေဝနတ်တို့ကို ပူဇော်ပြီးလျှင် ၂-လိုာသား၊ ၄-ဟူးသားတို့ကို ခြံရံစေ၍ အိမ်ရှေ့နှင်းတော်မူရာသည်။ ပရိတ်တော်၊ ပန်းကုံကော်၊ မူရား၊ သပြေညွန့်တို့ကို ဆောင်ရာသည်။

အခါတော်အတိုင်း ဒုတိယဝါဆိုလဆန်း၊ ၁၅-ရက်နေ့ နံနက်က ပြတိုက်ဦးတွင် နှီးခေါက်သင်ဖြူး ခင်းထားသည်မှာ ပြတိုက်တော်ဦး ကွန်းစဉ် အရှေ့အခန်းအတွင်းတွင် စာဖတ်စင်ရှည်မြောက် အတန်ခွါ၍—

- ဝန်ကြီးမဟာသတိုးသီဟသူ၊
- ၎င်းအရှေ့ ဝန်ကြီးမဟာသီရိပကြံ၊
- ၎င်းအရှေ့ ဝန်ကြီးမဟာဇေယသကြံ၊
- ၎င်းအရှေ့ ဝန်ကြီးမဟာသီရိသကြံ၊

၎င်း ၄-ယောက်စဉ်၍ နေရသည်။

၎င်းနောက် စော်ဘွားကြီးနောက်နေ မှူးကြီး၊ မတ်ကြီး၊ ဝန်ထောက်တို့ နေရသည်။ ၎င်းကွန်းစဉ် အနောက်အခန်း လက်ရန်း ၂-ထပ်အတွင်းက မြင်းမှူး၊ မင်းသားတို့ နေရသည်။ ၎င်းနောက် မှူးကြီး၊မတ်ကြီး၊ အတွင်းဝန်၊ သက်တော်ရှည်၊ ၎င်းမဟာသီဟသူရ၊ ၎င်း သက်ရှည်ကျော်ထင်တို့ နေရသည်။ အတွင်းလက်ရန်းပြင် အုတ်ကြမ်းအနိမ့် လက်ရန်း ၁-ထပ်တွင်းက ဒူးနေ၊ ကွန်းစဉ်လက်ရန်းတွင်းနေတို့ နေရသည်။ နေရာတိုင်း ပြောကြီးမှူး နေမျိုးသခ်ယာ၊ စမြောင်မှူး သီရိနန္ဒမိတ်ကျော်ထင်တို့ ချထားရသည်။

ဘုန်းကြီးသော အိမ်ရှေ့ဘုရား စံတော်မူသည့် အိမ်ရှေ့တော်က ဝေါပလာစီးပြီးလျှင် ခင်းကျင်းမြဲ အစဉ်အတိုင်း အခြွေအရံနှင့်လာခဲ့မှ၊ ခွေးတော်ယူ တံခါးတော်အတွင်း ရောက်မှ

ဝေါယာဉ်တွင် ယှဉ်တော်မူ၍ ဝင်တော်မူသည်။ ပြတိုက်တော်သို့ ရောက်လျှင် ခင်းထားသည့် သင်ဖြူးပေါ်တွင် နေရသည်။ အိမ်ရှေ့မင်း အမအစ အောက်မားဝန် မင်းလှကျော်ထင်, တောင်ဘက်မြင်းဝန် မင်းကျော်ရွှေတောင်တို့ ၂-ယောက်မှာ ကွန်းစဉ်ပြင် လက်ရန်း ၁-ထပ် အတွင်း နေရသည်။ အိမ်ရှေ့မင်းအဆောင်တော် ကွမ်းခွက်, လက်ဖက်အိုး, စားတော်, ကွမ်းရေကိုင်တို့ တည်ထားရသည်။ အိမ်ရှေ့ဝန်, ၎င်းအတွင်းဝန်မှ စ၍ ခန့်ထားသောသူတို့မှာ လက်ရန်း ၁-ထပ်တွင်း အနောက်က နေကြရသည်။ ဝေါပလာရှေ့တွင်လည်း ကျိုင်း ၄-ချက် အထွတ်ရွှေ၊ ကျိုင်းအုံအနီ, အရိုးနီနှင့် အသင့်ဆောက်၍ ထားရသည်။

ပြတိုက်တော်မှာ နေတော်မူမှ အခါတော်နီးလျှင် ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော အသျှင်ဘဝရှင်မင်းတရားကြီးဘုရား အဆောင်တော်ကသည် သင်ဖြူးခင်းထားသည့်လမ်းကို မှူးတော်, မတ်တော်, လူပျိုတော်အပေါင်း ခြံရံလျက် လာတော်မူခဲ့မှ ပြတိုက်တော်သို့ ရောက်တော်မူခါနီးတွင် ပြတိုက်တော်မြဲ ဇေယသီရိကို ခန့်ထားသည့်အတိုင်း ပတင်းကြီးကို လက်နှင့်ခတ်၍ ထွက်တော်မူ၍ သလွန်တော်မှာ စံတော်မူမိလျှင် အတွင်းသံတော်ဆင့် နန္ဒကျော်ထင် အိမ်ရှေ့နှင်း ယွန်းပေါင်ပုရပိုက်တွင် ရေးထားသည်ကို ယူခဲ့၍ ပြတိုက် မြောက်လှေကားက ဆင်းပြီးလျှင် ကွန်းစဉ်ခန်းသို့ ဝင်၍ ဦးခိုက်တုပ်ပျပ်လျက်-

“ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော အသျှင်ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်။ မောင့်ကို အိမ်ရှေ့နှင်းတော်မူသည့်စာကို ဝန်ကြီးသတိုးမဟာသီဟသူ ဖတ်၍ လျှောက်ပြီးလျှင် မောင့်ကို အပ်” အမိန့်တော် ပြန်ဆို၍ ဝန်ကြီးသတိုးမဟာသီဟသူကို အပ်ရသည်။ ဝန်ကြီးသတိုးမဟာသီဟသူလည်း နေရာက ထ၍ အိမ်ရှေ့မင်း ဘုန်းကြီးသောအသျှင် နေတော်မူသည့် သင်ဖြူးအရှေ့ အတန်ကွာ နောက်သို့ ဆုတ်၍ ဦးခိုက်ပြီးမှ ထမ်း၍ ယူရသည်။ ၎င်းနောက် အတွင်းသံတော်ဆင့် နန္ဒကျော်ထင် အိမ်ရှေ့မင်း လက်ဖွဲ့တော်စာ ယွန်းပေါင်ပုရပိုက်ကို ၎င်းနေရာတွင် ဦးခိုက်ပြီးမှ “ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော အသျှင်ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်။ မောင့်ကို အိမ်ရှေ့နှင်းတော်မူသည်။ လက်ဖွဲ့စာကို ဝန်ထောက် နေမျိုးသီဟသူရ ဖတ်၍ လျှောက်ပြီးလျှင် မောင့်ဝန်ကို အပ်” အမိန့်တော်ပြန်ပြီးလျှင် ဝန်ထောက် နေမျိုးသီဟသူရကို အပ်ရသည်။

ဝန်ထောက် နေမျိုးသီဟသူရလည်း နေရာက ထ၍ ဝန်ကြီးနေသည့်နောက် အတန်ကွာတွင် ဦးခိုက်တုပ်ပျပ်၍ ယွန်းပေါင်ပုရပိုက်ကို လှမ်းယူရသည်။ ဝန်ကြီးသတိုးမဟာသီဟသူ ဖတ်ရသည်။

* * * * * *

## ၂။ အိမ်ရွှေနှင်းအမိန့်တော်

"ကြီးမြတ်သော ဘုန်းတေဇာအာဏာလက်ရုံးနှင့် ပြည့်စုံတော်မူသော ဘေးလောင်းတော် ဇေယျာဇ်မင်းမြတ်တို့သည် သာသနာတော် ပွင့်လင်းကြောင်း၊ အကျိုးတော်, စီးပွါးတော်များကြောင်း ပြည်သူလူတကာတို့၏ အကျိုးစီးပွါးကို ညီ၍ ဆောင်စိမ့်သောငှာ သားကြီးရတနာကို အိမ်ရွှေနှင်းကုန်မြဲ ဖြစ်သည်။

ငါလည်း ဥက္ကာမုကွမင်းမှ စ၍ မင်းရိုးမင်းသားဖြစ်တော်မူ၍ ရွှေထီး,ရွှေနန်းတိုင်းကားနိုင်ငံ အပေါင်းနှင့်တကွ အရိုက်အရာတော်ကို မင်းကျင့်တရားနှင့်ညီစွာ စိုးအုပ်တော်မူသည်။ သာသနာတော် ပွင့်လင်းကြောင်း, ကိုယ်တော်စီးပွါး များ၍ ရှည်မြင့်စွာခိုင်ခံ့မြဲမြဲ ကြောင်း, ပြည်သူလူတကာတို့၏စီးပွါး များ၍ ငြိမ်းချမ်းသာယာ စည်ပင်မည့်အကြောင်း မိဋ္ဌာန်ဆောင်တော်မူသည်။

ငါ့သားတော်သည်လည်း ကြီးမြတ်သော အကျိုးစီးပွါးကို ငါနှင့်ညီ၍ ဆောင်ထိုက်သူ ဖြစ်သည်။ ရှေ့သို့လည်း သားတော်အစဉ်, မြေးတော်အဆက်တို့သည် နန်းတက်နှင်နှင် ဇေယျာဇ်မင်းသားဖြစ်၍ သာသနာတော်စီးပွါး, ပြည်သူလူတကာတို့စီးပွါး မြင့်ရှည်စွာ ဆောင်ရွက်နိုင်စေကြောင်း များစွာသော တိုင်းနိုင်ငံတော်၌ ပြည်သူလူတကာတို့၏ ကိုးကွယ်ရာဖြစ်စိမ့်သောငှာ ဓမ္မဝတ်, ရာဇဝတ်, လောကဝတ်နှင့်အညီ သားတော်မြတ်ကို အိမ်ရှေ့မင်းတို့၏ အဆောင်အရွက် ရတနာ မြင်း, ဆင်, သင်းပင်းအခြံအရံနှင့်တကွ ကောင်းမြတ်သော မင်္ဂလာအခါတော်၌ အိမ်ရှေ့နှင်းတော်မူသည်။"

အိမ်ရှေ့နှင်းတော်မူမည့် ယွန်းပေါင်ပုရပိုက်တွင် ရေးသည့်စာကို ဖတ်ပြီးလျှင် အိမ်ရှေ့မင်းကို ဆက်ရသည်။ ဘုန်းကြီးသောအရှင်လည်း ယွန်းပေါင်ပုရပိုက်ကို လှမ်းယူ၍ ပြီးမှ စားတော်ကွမ်းခွက်တွင် ထားသည်။ ၎င်းနောက် လက်ဖွဲ့တော်စာကို ဝန်ထောက် နေမျိုးသီဟသူရ ဖတ်လျှောက်ရသည်။

## ၃။ လက်ဖွဲ့တော်စာ

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော အသျှင်ဘဝရှင်မင်းတရားကြီးဘုရား၊ ကောင်းမြတ်သောမင်္ဂလာအခါ၌ အိမ်ရှေ့နှင်းတော်မူသည်ကို ဆင်ပေါက်-၁၀, ဆင်မ-၁၀, မြင်း-၁၀၊ ဝန်, အတွင်းဝန်, ဝင်းမှူး, အနောက်ဝန်, နာခံ, စာရေးကြီး, သံဆင့်, သံခံ, ဆင်သည်, ဓားလိုက်, ကွမ်းရေကိုင်, အဆောင်မြဲ, လူပျို, အထိန်းအချီ, မြင်းစု, သွောက်စု,

ယွန်းစု, အမြောက်စု, သေနတ်စု, ကိုယ်ရံ, လက်ကိုင်, ရွှေကာ, ရွှေဒိုင်း, ရွှေလှံ, အမြောက်, သေနတ်, ရှေ့တော်ပြေး, ပညာသည်, ရွှေသတိ, ငွေသတိ, အထူးထူးသော အုပ်မျိုး, ထည်မျိုး, ကျေးကျွန်, သင်းပင်း, မြို့ပြ,ခရိုင် အသုံးပေါ်ပြည်းစွာ လက်ဖွဲ့တော်မူသည်။ ၎င်း ယွန်းပေါင်ပုရပိုက်စာကို ဝန်ထောက်နေမျိုးသီဟသူရ ဖတ်၍ လျှောက်ပြီးလျှင် တုပ်ပျပ် ဦးခိုက်၍ အိမ်ရှေ့မင်းဝန် လက်ယာဝေသော်ကို အပ်ရသည်။ လက်ယာဝေသော်လည်း နေရာမှ ထ၍ ဝန်ထောက်နေမျိုးသီဟသူရ အပ်သည်။ ယွန်းပေါင်ပုရပိုက်ကို တုပ်ပျပ်ဦးခိုက် ပြီးမှ လှမ်းယူပြီးလျှင် နေရာသို့ ထ၍ နေမြဲနေရသည်။

## ၄။ အိမ်ရှေ့အရာရှိစုံ ခန့်ခြင်း

၎င်းနောက် နားခံ, ပြောကြီးမှူး, အိမ်ရှေ့ဝန် ခန့်တော်မူသည်။ အမိန့်တော်စာတမ်း နှင့် နေရာမှ ထပြီးလျှင် ကွန်းစဉ်တွင်းသို့ ဝင်၍ တုပ်ပျပ်ဦးခိုက်ပြီးမှ အိမ်ရှေ့ဝန် ခန့်သူ လက်ယာဝေသော်နှင့် နေမျိုးသီရိဇေယစည်သူတို့ အမိန့်တော်ကို နေရာမှ ထ၍ နာခံရ သည်။ ၎င်းပြီးမှ အတွင်းဝန်, သံဆင့်, သံခံ ခန့်သည့် အမိန့်တော်ကို ပြန်ရသည်။

"ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော အသျှင်ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်။ လက်ယာဝေသော်, နေမျိုးသီရိဇေယစည်သူတို့ကို မောင်အိမ်ရှေ့မင်းဝန် ခန့်တော်မူသည်။ သို့ခန့်တော်မူကြောင်းလည်း ငါအသျှင် ဧကရာဇ်မင်းမြတ် အကျိုးစီးပွါး တော်များမည့်အကြောင်း၊ မောင်အိမ်ရှေ့မင်း စီးပွါးများမည့်အကြောင်းကို ကြိုးစားအားထုတ် စီရင်ထမ်းရွက်မည် ယုံမှတ်သတိထားတော်မူ၍ ဝန်ခန့်တော်မူသည်။ မင်းမှု,မင်းခင်းရှိသည် များကို ရှေးဘေးလောင်းတော်, ဘိုးလောင်းတော် မင်းတရားကြီးလက်ထက်တော်ကသည် ရွှေလက်ထက်တော်တိုင် ထုံးစံအစဉ်အတိုင်း မလစ်မဟင်း မကြွင်းမကျန်ရအောင် ကျေးဇူး သစ္စာတော်မြတ် ၂-ပါးနှင့်အညီ ဓမ္မဝတ်, ရာဇဝတ်, လောကဝတ်ကို ကျွမ်းသိနားလည် ယုံမှတ်တော်မူသည့်-ကျွန်တော်မျိုးဖြစ်၍ အချုပ်အကိုင် ခန့်တော်မူသည်။

ဆန္ဒာ, ဒေါသာ, ဘယာ, မောဟာ, ဂတိသို့ မလိုက်၊ ဟုတ်မှန်တော်တည့်ဖြောင့်မတ် စွာစီရင်၊ ကိုယ်ရံတော်မှ(စ)၍ ဆင်တော်, မြင်းတော်, တိုက်တော်, ကျီတော်, ကြတော်, အမြောက်, သေနတ် ကိရိယာ, ဝေါ, ကျိုင်း, အဆောင်တော်, ဓားလိုက်, ဆင်သည်, ကွမ်းရေ ကိုင်, ရှေ့ဝန်းကျင်, အဆောင်မြဲ, လူပျိုတော်, ထမ်းစဉ်, သွေ့ာက်(သွေးသောက်)စု, မြင်းစု, လမိုင်း, အရှေ့အစေ, အနောက်အစေ, ကိုယ်ရံသင်းပင်း, ကျေးကျွန်, မောင်အိမ်ရှေ့မင်းနှင့် စပ်ဆိုင်သမျှ အလုံးစုံမျိုးကို မလစ်မဟင်း မကြွင်းမကျန်ရ။ ကျွန်တော်မျိုးတို့တွင် တရားစကား

ရှိသည်ကိုလည်း ကြီးသည့်စကားကို ငယ်အောင်, ငယ်သည့်စကားကို ပပျောက်အောင် ဂတိသို့ မလိုက်၊ တော်တည့်ဖြောင့်မတ်အောင် စီရင်၊ လွှတ်တော်,ရုံးတော်သို့ လျှောက်ထားရန် ရှိသည်ကိုလည်း မောင်အိမ်ရှေ့မင်းဝန်တို့က တက်၍ အစီရင်ခံရမည်။

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော အသျှင်ဘဝအရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်။ **နေမျိုးစည်သူကျော်ထင်, ရွှေတောင်နော်ရထာတို့ကို မောင်အိမ်ရှေ့မင်း အတွင်းဝန်** ခန့်တော်မူသည်။ သို့ခန့်တော်မူကြောင်းလည်း ငါအသျှင် ဧကရာဇ်မင်းမြတ် အကျိုးစီးပွါးတော်များမည့်အကြောင်း၊ မောင်အိမ်ရှေ့မင်း အကျိုးစီးပွါးလည်း များမည့် အကြောင်းအမှုကို ကြိုးစားအားထုတ် ထမ်းရွက်မည့်သူ ယုံမှတ်သနားတော်မူ၍ အတွင်းဝန် ခန့်တော်မူသည်။ မင်းမှု,မင်းခင်း အတွင်း,ပြင်ရှိသည့်အရာများကို ရှေးဘေးလောင်းတော်, ဘိုးလောင်းတော် ဧကရာဇ်မင်းမြတ်လက်ထက်တော်ကသည် ငါ့လက်ထက်တော်တိုင် အစဉ် ထုံးစံရှိသည့်အတိုင်း မလစ်မဟင်း မကြွင်းမကျန်ရ။

ကျေးဇူး,သစ္စာတော်မြတ် ၂-ပါးရှိသည်နှင့်အညီ ဓမ္မဝတ်, ရာဇဝတ်, လောကဝတ် ကို သိမြင်ကျွမ်းကျင် နားလည်သည့်အတိုင်း ဆန္ဒာ, ဒေါသာ, ဘယာ, မောဟာ, ဂတိသို့ မလိုက်၊ တော်တည့်ဖြောင့်မတ်စွာ ရတနာ ရွှေတွေ, ငွေတွေ, အုပ်မျိုး, ထည်မျိုး, ခရာ, တံပိုး, အဆောင်အယောင်, ဝေါ, ကျိုင်း, ရှေ့တော်ပြေးမှုး, ဝေါမှုး, လစဉ်အတွင်းမှုးနှင့် စပ်ဆိုင်သမျှကို မယိုမယွင်းရအောင် ဆင့်ဆိုစီရင်၍ အဆောင်တော်မြဲမှ စ၍ အမှုတော် ထမ်း ကျွန်တော်မျိုးတို့ အမှုတော်ကို ထမ်းကုန်နိုင်အောင် ကျေးရွာတန်လျှင် ကျေးရွာ၊ အုပ်မျိုး, ထည်မျိုးတန်လျှင် အုပ်မျိုး, ထည်မျိုး၊ ကြေး, ငွေတန်လျှင် ကြေး,ငွေအရာ၊ **အထူး ချီးမြှောက်တန်လျှင် ချီးမြှောက်သင့်ကြောင်းနှင့်** မောင်အိမ်ရှေ့မင်းမှာ ပြသလျှောက်ထား၍ သံတော်ဦးတင်သင့်သည့်အရာကို တင်ရမည်။

မောင်အိမ်ရှေ့မင်းတွင် ဆင့်ကဲထုတ်ပြန်ရန်ရှိသည်များကိုလည်း လှံ့လ, ဝီရိယ ထုတ်၍ လျှောက်ထားပြန်ဆို၊ မောင်အိမ်ရှေ့မင်းက လျှောက်ထားရန် ရှိသည်ကိုလည်း အတွင်းဝန်တို့ကို အတွင်းတော်သို့ ဝင်၍ အတွင်းဝန်တို့မှ ဆင့်ကဲလျှောက်ဆိုတန်သည့် အရာကို ဆင့်ကဲလျှောက်ဆိုရမည်။ မောင်အိမ်ရှေ့မင်းတွင် နေ့ဝင်,ညဝင်၊ အိပ်လှည့်, အိပ်ဖန် မြဲစွဲ ရသသူတို့ကို အိပ်လှည့်,အိပ်တန် ညီညွတ်အောင် ဝင်,ထွက် မြဲစွဲစေရမည့်အကြောင်း နှင့် နှိုးဆော်စီရင်" အမိန့်တော်ကို ပုရပိုက်နှင့် ရေး၍ နားခံပြော့ကြီးမှူး ပြန်ပြီးလျှင် အိမ်ရှေ့ မင်းအတွင်းဝန်ကို အပ်။

"ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော အသျှင်ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်။ ငရွှေဘူးကို မောင်အိမ်ရှေ့မင်းဝင်းမှူး ခန့်ထားတော်မူသည်။

သို့ခန့်ထားတော်မူကြောင်းလည်း ဧကရာဇ်မင်းမြတ် အကျိုးစီးပွါးတော်ကို လိုသော သူဖြစ်သည်၊ မောင်အိမ်ရှေ့မင်း အကျိုးစီးပွါးများမည့်အကြောင်းကို ဆောင်ရွက်မည်- ယုံမှတ်တော်မူသည့် ကျွန်တော်မျိုးဖြစ်၍ ဝင်းမှူး ခန့်ထားတော်မူသည်။ ဆင်သည်, ဓားလိုက်, ကွမ်းရေကိုင်, ဝေါသား, ကျိုင်းသား, ကိုယ်ရံတော်, တိုက်တော်, ကျီတော် အစောင့်အနေ, အဆောင်မြဲ လူသူငယ်-စသည် ရှေ့ဝန်းကျင်, နောက်ဝန်းကျင်, ကိုယ်တော်အစောင့်အနေ၊ အိပ်လှည့်, အိပ်ဖန်များကို အမှန် ဝင်,ထွက်မြဲစွဲ စောင့်နေစေ။ နေ့စောင့်, ညစောင့်၊ ဝင်းအိပ်ဖန်, ဝင်းလှည့်အိပ်ဖန်များကို စစ်ကြော၍ မောင်အိမ်ရှေ့မင်း ကိုယ်ရံတော်တို့တွင် တရားစကား အယှက်အတင်ရှိလျှင်လည်း ကြီးသည့်စကားကို ငယ်အောင်, ငယ်သည့်စကားကို ပပျောက်အောင် ဂတိ ၄-ပါးသို့ မလိုက်၊ ဟုတ်မှန်တော်တည့်အောင် စီရင်"။ ၎င်းပုရပိုက်နှင့် ရေး၍ နားခံပြော့ကြီးမှူးပြန်၊ ဝင်းမှူးကို အပ်။

"ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော အသျှင်ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်။ **သိခ်နန္ဒမိတ်၊ ရွှေတောင်ရန္တသူတို့ကို အိမ်ရှေ့မင်း အနောက်ဝန် ခန့်တော်**မူသည်။ သို့ခန့်တော်မူကြောင်းလည်း မင်းဧကရာဇ်ရာဇာ စီးပွါးကို လိုသောသူဖြစ်သည်- ယုံမှတ်တော်မူသည့် ကျွန်တော်မျိုးဖြစ်၍ အနောက်ဝန် ခန့်တော်မူသည်။ မောင်အိမ်ရှေ့မင်း အနောက်တွင်းက ဆင့်ဆိုသမျှ အလုံးစုံမျိုးကို ဓမ္မဝတ်, ရာဇဝတ်, လောကဝတ်ကို သိကျွမ်း နားလည်သည်နှင့်အညီ ဆန္ဒာ, ဒေါသာ, ဘယာ, မောဟာသို့ မလိုက်၊ ဟုတ်မှန်တော်တည့် ဖြောင့်မတ်စွာ ဝင့်သီး, ဗိုင်းတာ, ဆေးသမား, မန္တန်သမားတို့နှင့် ရေတော်ခပ်, ထောင်းချင့်များမှ စ၍ အနောက်က ဆိုင်သင့်သမျှ အမှုထမ်းကျွန်တော်မျိုးတို့ကို အမှုတော်ကို ထမ်းကုန်နိုင်အောင် မ-စသိမ်းပိုက်စီရင်၊ ကျွန်တော်မျိုးတွင် တရားစကားရှိသည်များကိုလည်း ကြီးသည့်စကားကို ငယ်အောင်, ငယ်သည့် စကားကို ပပျောက်အောင် ဂတိ ၄-ပါးသို့ မလိုက်၊ တော်တည့်ဖြောင့်မတ်စွာ စီရင်ထမ်းရွက်ရမည်" ၎င်းပုရပိုက်နှင့် ရေး၍ နားခံ ပြော့ကြီးမှူးပြန်၊ အနောက်ဝန်ကို အပ်။

၎င်းနောက် အမိန့်တော် ရေး,ဖတ်လျှောက်ရသည်။ **ဇေယဝေသော်, နရာဒေဝသကြီ** တို့ကို **နာခံ** ခန့်တော်မူသည်။

**သီရိဗလကျော်ထင်, ကျော်ထင်ရန္တမိတ်, လက်ယာနန္ဒမိတ်တို့ကို စာရေးကြီး၊**

**ရာဇနန္ဒ, ငဦးကာတို့ကို မြန်မာသံခံ၊**

**ပျံချီဇေယကျော်ကို ရှမ်းသံခံ၊**

**ရဲကျော်ဗလကို ယွန်းသံခံ** ခန့်တော်မူသည်။

လက်ဝဲနန္ဒသူ, ငရွှေလျောက်တို့ကို အတွင်းသံဆင့်၊ သီရိနန္ဒသူငရေးတို့ကို အနောက်ဝန်စာရေး ခန့်တော်မူသည်။

[၁]ငပိုကို ဆင်မှူး၊ [၂]ငမိုးကို ဆင်စချီ၊
[၃]ငပြည့်ညိုကို ဝေါ်မှူး၊ [၄]ငအောင်ကို စားတော်ကဲ၊
[၅]ငဦးကာကို ကျီစိုး၊ [၆]ငကျော်ဝေကို ကျီစာရေး၊
[၇]ငပုကို ရှေ့တော်ပြေးမှူး၊ [၈]ငပိုကို လက်ဆောင်ယူမှူး၊
[၉]ငပုကို လက်ဆောင်ယူ စာရေး၊ [၁၀]ဝေလုသိင်္ဂကို မြင်းစာရေး၊
[၁၁]လက်ယာသဝန်ကို လက်နက်တိုက်စိုး၊ [၁၁]ငမြတ်ထွန်းကို လက်နက်တိုက်စာရေး၊
[၁၂]ကျော်သူရကို ပန်းပွတ်တိုက်စိုး၊ [၁၃]ဒုယင်ဝေသူကို ပန်းပွတ်တိုက်စာရေး၊
[၁၄]ဝေရရာဇသူကို အသုံးတိုက်စာရေး၊ [၁၅]ဒေဝသီရိကို မြင်းမှူး၊
[၁၆]သာလှသူကို မြင်းစချီ၊ [၁၇]ငအိုင်ကို ကျွန်တော်ခံစာရေး၊
[၁၈]ရွှေတောင်အာကာပျံချီကို သွောက်(သွေးသောက်)စာရေး၊
[၁၉]ငပုံကို ငွေခွန်စာရေး၊ [၂၀]ငသာကဲကို လမိုင်းစာရေး၊
[၂၁]ငညိုကို ယွန်းစုစာရေး၊ [၂၂]ငအောင်ကို နောက်တော်ပါမြင်းစာရေး၊
[၂၃]ရဲခေါင်ပုညသူကို နောက်တော်ပါမြင်းစာရေး၊
[၂၄]ငဦးကို ပန်းဘဲစာရေး၊ [၂၅]ရန်ထိတ်သူရကို ကျိုင်းသွောက်ကြီး၊
[၂၆]ငနှင်းကို အသည်စာရေး၊ [၂၇]ငရွှေကျေးကို အမြောက်စာရေး၊
[၂၈]ငပန်းကို ဒိုင်းစာရေး၊
[၂၉]ငဖြူရောင်, [၃၀]ငအိုတို့ကို လက်သုံးဓားထမ်း ခန့်တော်မူသည်။

- ရာဇရွှေတောင်, ရွှေတောင်ကျော်စွာတို့နှင့် မှူးသား, မတ်သား လူပေါင်း ၃၀-ကို စားတော်ကွမ်းရေကိုင် ခန့်တော်မူသည်။
- ငဖြူတုတ်, ရွှေတောင်နန္ဒတို့နှင့် မှူးသား, မတ်သား လူပေါင်း ၂၀-ကို ဓားလိုက် ခန့်တော်မူသည်။
- ငပင်, ငပိုတို့နှင့် မှူးသား, မတ်သား လူပေါင်း ၅၉-ကို လျောင်းဦးမြဲ ခန့်တော်မူသည်။
- ငဝ, ငနိုးတို့နှင့် မှူးသား, မတ်သား လူ ၈-ကို ပရိတ်နာဆက်မြဲ ခန့်တော်မူသည်။

- ငရွှေဥ, ငမြတ်အောင်တို့နှင့် မှူးသား,မတ်သား လူ ၃၄-ကို လေသာဆောင်မြဲ ခန့်တော်မူသည်။

- ငအိ, ငအောင်မျိုးတို့နှင့် မှူးသား, မတ်သား လူ ၃၅-ကို ဝန်းကျင်မြဲ ခန့်တော်မူသည်။

- ငရွှန်း, ငရာတို့နှင့် မှူးသား, မတ်သား လူ ၂၅-ကို ရေစင်မြဲ ခန့်တော်မူသည်။

- ငစံလှပေါ်, ငခါတို့နှင့် မှူးသား, မတ်သား လူ ၃၀-ကို ဆေးတိုက်မြဲ ခန့်တော်မူသည်။

- ဗညားဖြတ်စသွောက်(သွေးသောက်) ငမိုး, ၎င်းသွောက် ငရွှေညွှန့်, ဗညားကျန်းတောသွောက် ငရွှေဖြိုး, စက္ကဗလသွောက် ငချင်း, ဗညားကျန်းတော, သွောက် ငပို, ၎င်းသွောက် ငဘော်ရ, ၎င်းသွောက် ငရွှေထွန်း၊ ၎င်းသွောက် ငရန်မျိုးအောင်, ၎င်းသွောက် ငနွေး, ပိုက်သေဉ်ရန်သွောက် ငရွှေအိပ်, သိခ်ဝေသွောက် ငထွန်းမြနှင့် လူ ၁၂-တို့ကို ဆင်သည်တော် ခန့်တော်မူသည်။

၎င်းအမိန့်တော်စာကို အမိန့်တော်ထန်းရွက်တွင် တစ်ကြောင်းတည်း ရေး၍ ဖြတိုက်တော်တွင် ဖတ်လျှောက်ရသည်။ အမှုပြေလျှင် ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော အသျှင်ဘဝရှင်မင်းတရားကြီးဘုရား ဝင်တော်မူသည်။ အတန်ကြာလျှင် စားတော်, ကွမ်းရေ ကိုင်တို့ ဘုန်းတော်ကြီးသော အရှင်အိမ်ရှေ့မင်း အဆောင်တော်ကွမ်းခွက်ကို သိမ်းယူရသည်။ ၎င်းနောက် ဘုန်းကြီးသောအသျှင် အိမ်ရှေ့ဘုရား အမအစ အောက်မားဝန် မင်းလှကျော်ထင်, တောင်ဘက်မြင်းဝန် မင်းကျော်ရွှေတောင်တို့ ၂-ယောက် နေရာမှ ထပြီးလျှင် အိမ်ရှေ့ဘုရားကို မ-စ၍ ထွက်တော်မူသည်။ ၎င်းနောက် ဝန်ကြီး,ဝန်ထောက်တို့ ထွက်ကြရသည်။

အိမ်ရှေ့ဘုရား ထွက်တော်မူ၍ ဝေါပလာတော်, ရွှေပိန်း, ကျိုင်းတော် ၄-ချက်, အရိုး,အရွက် အနီ၊ အချက် ရွှေပိန်းခင်းထားသည့် ကျိုင်းတော်အကြား လက်ဝဲတော်က ၄၀-တော်သား-၂၊ ၎င်းကျိုင်းတော် ရှေ့ ၄၀-တော်သား-၂၊ ဓား, ယပ်စွဲ၍ ၎င်းလက်ယာတော်က ကျိုင်းတော်အကြား ၄၀-တော်သား-၂၊ ၎င်းကျိုင်းတော်ရှေ့ ၅၀-တော်သား ၂-ဓား, ယပ်ဆွဲ၍ ခင်းရသည်။ ၄၀, ၅၀-ဓားမှာ အိမ်ဖဲနီ မွှမ်း၊ ရွှေသံပတ် ၅-တန့် အရင်း, အဖျားရွှေ ခွေမ,ခွေငယ်နောက်ပိတ် သမ္ဘာရာခွံ ရွှေဓားကို ရွှေတိုက်က လုပ်ရသည်။ ၄၀, ၅၀-သားတို့ ဓား, ယပ်ဆွဲ၍ ကျိုင်းတော်နှင့် အသင့်စောင့်နေရသည်။ ဝေါတော်သို့ စံတော်မူမိလျှင် ငြိမ်သက်စွာ ထမ်းရသည်။

**၅။ ထွက်တော်မူမည့် အစီအစဉ်မှာ။** ရွှေဖျားစမြောင် ၂-ဗောင်းထုပ်ပေါင်း၍, သိုင်းကိုင်၍ သွားရသည်။ ၎င်းနောက် လုလင်စဉ် ယပ်ကိုင်၍ လက်လှမ်းမှီက စီ၍ ၄-စဉ်, ၁-စဉ်လျှင် ၁၀၀-စီ၍ သွားရသည်။ သည့်နောက်ကို အိမ်ရှေ့ဝန် ၂-ဝင်းမှူးအရာရှိတို့ စဉ်၍ ၂-စဉ်လိုက်သည်။ ၎င်းနောက် ကျိုင်းတော် အရိုး,အရွက် အနီ၊ အချက် ရွှေပိန်း ၆-စင်း၊ ဆောင်စည်၊ ၎င်းကျိုင်းတော်အကြား မှူးသား,မတ်သား ၄၀, ၅၀-ခန့်သသူတို့ ဓားအိမ် ဖဲနီမွှမ်း၊ ရွှေသံပတ် ၅-တန့်၊ အဖျား ရွှေလက် ၃ံ -ခန့်၊ အရိုး ခွေမ,ခွေငယ် နောက်ပိတ် သမ္ဘာရာခွံ ရွှေဓားစွဲ၍ ယပ်နှင့် လက်ဝဲတော်က ကျိုင်းတော်ရှေ့ ၄၀-တော်သား ဓားရပ်နှင့်-၂ ကျိုင်းတော်အကြား ၄၀-တော်သား၊ ဓားရပ်နှင့်-၂၊ စုပေါင်း-၆။ ၎င်းလက်ယာတော်က ကျိုင်းတော်ရှေ့ ၅၀-တော်သား ဓားရပ်နှင့်-၂၊ ကျိုင်းတော်အကြား ၅၀-တော်သား ဓားရပ်နှင့် ၂-စီ၊ ပေါင်း-၆ လိုက်ရသည်။ ကျိုင်းတော်အလယ်တွင် လက်သုံးတော် ဓားမည်းသရီအိတ်သွတ်ကို ဓားထမ်းခန့်သသူ ထမ်း၍ လိုက်ရသည်။

၎င်းနောက် ဘုန်းတော်ကြီးသော အသျှင်အိမ်ရှေ့မင်း ဝေါပလာစီး၍ ရွှေထီး ၈-စင်း မိုးသည်။ ၎င်းနောက် ဝေါတော်နောက် စားတော်,ကွမ်းရေကိုင် ခန့်သသူ မှူးသား, မတ်သားတို့ စားတော်, ကွမ်းခွက်, လက်ဖက်အိုး, တကောင်း, ပိတ် ကိုင်ရသည်။ ခြေနင်းတော်, ယပ်တော်, ထွေးအင်တော်, ဆေးတံတော်, ဘန့်ဘိုးတော်အုပ်, မှန်တင်တော်မှန်နှင့် သောက်ရေတော်, ရွှေဖလားအုပ်အိုးနှင့် အဆောင်တော်မြတို့ ကိုင်၍ လိုက်ရသည်။ ၎င်းနောက် အဆောင်နီတော်, မောက်တိုတော်အိမ်, အိမ်အတင်နှင့် ရွှေခမောက်တော် အတင်နှင့် လှံလျှင်တော်-၄၊ သက္ကလတ်အိတ်နီနှင့် လှံမတော်-၃၊ သက္ကလတ်အိတ်နီနှင့် အဲမောင်းတော်-၁၊ သက္ကလတ်အိတ်နီနှင့် လင်းလေးတော်-၁၊ သက္ကလတ်အိတ်နီနှင့် ခန်းတော်-၁၊ သက္ကလတ်အိတ်နီနှင့် နေရာတော်သင်ဖြူး, နေရာတော်ကျည်နှင့် အဆောင်နီသားတို့ ကိုင်၍ လိုက်ရသည်။

၎င်းမြင်းတော်-၂၊ ရွှေကြိုး, ရွှေကအစုံနှင့် ဆင်၍ မြင်းတော်မှူးတို့ ကိုင်၍ လိုက်ရသည်။ မြင်းတော် ၂-ရှေ့က မြင်းတော် ရွှေကြိမ်လုံး ကတ္တီပါအိတ်သွတ်၍ ထမ်း၍ လိုက်ရသည်။ ၎င်းနောက် ပေါင်းဝန်းတော် ဆင်ဦးစီး, နောက်ပဲ့ အစုံနှင့်-၁၊ ရဲကတော်တင် ဆင်ပေါက်-၁၊ ဦးစီး, နောက်ပဲ့နှင့် လိုက်ရသည်။ ၎င်းနောက် စီးတော်ဆင် သက္ကလတ်ကြိုးလုံး၊ နားဆွဲ အောင်းဖြူမြက်၊ နားထပ်စွယ်ခွေစွပ် နေရာတော်ခင်း၍ နောက်တော်တိုင် စီးလျက် လိုက်ရသည်။

ဎင်းနောက် ဆင်ခြေဖုံး ရွှေလှံလူ-၄၀၊ ရွှေလှံစွဲ၍ ဎင်းတွင် မောက်တို့, ကျွဲဆောင်း ၂-လိုက်ရသည်။ ဎင်းနောက် နန်းတော်ကြီး အဆောင်တော်မြ မှူးတော်, မတ်တော်, ရွှေလွတ်တော်, အမှုထမ်းအမည်ရ မှူးလတ်, မတ်လတ်တို့ လိုက်ကြရသည်။ ဎင်းနောက် ရှေ့ဝင်းမှူး, သူရဲမောက်ရှူ, ဒေါင်းတောင်စိုက်, ရွှေဒိုင်း, ရွှေကာ စွဲ၍-၁၅။ ဎင်းဝင်းသူရဲ မောက်ရှူ ဒေါင်းတောင်စိုက်လျက် ရွှေကာ, ရွှေလှံစွဲ၍ လူ-၁၅။ လူပေါင်း ၄၅-မှာ အကျီနက်ဝတ်လျက် လိုက်ရသည်။

ဎင်းနောက် လက်ဝဲဝင်းသူရဲမောက်ရှူ, ဒေါင်းတောင်စိုက် ရွှေလှံ, ရွှေကာစွဲလျက် လူ-၁၅၊ ဎင်းနည်းတူ ရွှေဒိုင်း, ရွှေလှံ စွဲ၍ လူ-၁၅၊ ဎင်းနည်းတူ ရွှေလွှား, ရွှေလှံစွဲ၍ လူ-၁၅၊ လူပေါင်း ၄၅-မှာ အကျီနက်ဝတ်လျက် လိုက်ရသည်။ ဎင်းနောက် နောက်ဝင်းကိုယ်ရံ သူရဲမောက်ရှူ, ဒေါင်းတောင်စိုက်လျက် ရွှေလှံ, ရွှေကာစွဲ၍ လူ-၁၅၊ ဎင်းနည်းတူ ရွှေဒိုင်း, ရွှေလှံစွဲ၍ လူ-၁၅၊ ဎင်းနည်းတူ ရွှေလွှား, ရွှေကာစွဲ၍ လူ-၁၅၊ လူပေါင်း ၄၅-မှာ အကျီနက် ဝတ်လျက် လိုက်ရသည်။

သူရဲစုနောက် မင်းသား,မြင်းမှူးနေရာနေ၊ စော်ဘွားကြီး နောက်နေ မှူးကြီး,မတ်ကြီး တို့ မြင်းနှင့် လိုက်ရသည်။ အိမ်ရှေ့အိမ်တော်သို့ ရောက်လျှင် လှော်ေခင်းတော်ဦး အရှေ့ လှေကားက အရှေ့သို့ အတန်ခွါ၍ ဝေါတော်ရှည်စင်တွင် ဝေါတော်ကို တင်၍ အခါတော် မရောက်မီ ခဏညောင်းတော်မူရသည်။ အိမ်တော်အရှေ့မြေပြင် လက်ဝဲ,လက်ယာ သဘင်တဲ ၂-စီးနှင့် မြန်မာပတ်, တလိုင်းပတ်, ယိုးဒယားပတ်, မြန်မာဇာတ်, ယိုးဒယားဇာတ်, ဓားက, ဂျွမ်း, လင်ဗန်းလှည့်များကို ပွဲသဘင်စည်ပင်အောင် ခံရသည်။ ပွဲနေ ရွှေနန်းတော်က အဆောင် တော်မြ ၁၀-ခန့်ထား၍ ညဥ့်,နေ့ ပွဲနေရသည်။ ဎင်းအတန်ကြာလျှင် တောင်တွင်းကြီး မြို့စားမင်းသမီး ရွှေနန်းတော်က ဝေါတော်မုခ်လှကန္နား*(ကနား)*နှင့် ဝေါတော်ဦးစီး-၄၊ ကျိုင်းအရွက် ရွှေပိန်း-၆၊ မိန်းမ အတီးအမှုတ်, စည်တော်စုံတီးမှုတ်၍ လုလင်စဉ်ယပ်နှင့် စဉ်လျက် သိုင်း ၂-နှင့် ထွက်တော်မူ၍ အိမ်တော်သို့ ရောက်လျှင်−

“အခါတော် ပြည့်စုံပြီဘုရား။” ပုဏ္ဏားတော်တို့က လျှောက်လျှင် ဝေါတော်, ကျိုင်းတော်, နောက်တော်လိုက် အစဉ်အတိုင်း လက်ယာမာရဘင်ကို လှည့်၍ လက်ဝဲ မာရဘင်ကို ထွက်တော်မူပြီးလျှင် လှော်ေခင်းတော်ဦး ရှေ့ဝေါတော် ယှဉ်မြဲယှဉ်၍ အရှေ့ လှေကားက အခါနှင့် တက်တော်မူသည်။ မင်းသမီးဝေါတော်လည်း ဎင်းလက်ယာလှည့်၍ ဎင်းလှေကားက တက်တော်မူသည်။ အိမ်ရှေ့မင်း တက်တော်မူမိလျှင် အိမ်တော်ထက်က နေ၍ ထမင်းမိုး ရွာရသည်။ ဎင်းနောက် အတန်ကြာမှ နန်းမတော်ရှင် မိဖုရားခေါင်ကြီးဘုရား

ဝေါပြာသာဒ်တော်နှင့် စည်တော်စုံ တီးမှုတ်၍ နောက်တော်လိုက် ရှေ့တပ်,နောက်တပ် လိုက်မြဲနှင့် ထွက်တော်မူသည်။

ၔင်းနောက် ကံနီမင်းသမီးတို့ ရတနာကန္နားစီး၍ နန်းမတော်ဘုရားနောက် အတူ လိုက်ရသည်။ ၎င်းနောက် မင်းသမီး, ကိုယ်လုပ်တော်ကြီးတို့ ယာဉ်နှင့် လိုက်ရသည်။ ၎င်း နောက် မြောက်နန်းတော်မိဖုရား ရတနာကန္နားစီး၍ စည်တော်စုံနှင့် ထွက်တော်မူသည်။ သမီးတော် ဟသာ်တမင်းသမီး, ကိုယ်လုပ်တော်ကြီးတို့ ယာဉ်နှင့် လိုက်ကြရသည်။

အိမ်တော်သို့ ရောက်၍ အိမ်တော် သိမ်းမိလျှင် မင်္ဂလာအဆောင်မတော်(*အသျှင် မိဖုရားသမီးတော်၊ဒုကြိမ်၊နှာ-၅၁*) တောင်အဆောင်တွင် နန်းမတော် အသျှင်မိဖုရားသမီးတော် တောင်တွင်းကြီးမင်းသမီး, ၎င်းအစ်မတော် ကံနီမင်းသမီး, ညီမတော် မြေဒူးမင်းသမီး, ဟသာ်- တမင်းသမီး, မြောက်နန်းတော် မိဖုရားတို့ တောင်ဆောင်မှာ စံတော်မူသည်။ ၎င်းနောက် တောင်တွင်းကြီးမင်းသမီး နားထွင်း, ဆံထုံးထုံး, ဒက်ဆင်, တဘက်ဝတ် မင်္ဂလာအခမ်းအနား, လက်ထပ်အခမ်းအနားများ စီရင်ခင်းကျင်းရသည်။

----- x -----

## ၆။ တောင်တွင်းကြီးမင်းသမီး

### နားထွင်း, ဆံထုံးထုံး, ဒက်ဆင်, တဘက်ဝတ်မင်္ဂလာ, လက်ထပ်မင်္ဂလာအခါတော်ပုံ

ဇယတု။ ။ တောင်တွင်းကြီးမင်းသမီး နားတော်ထွင်း, ဆံထုံးထုံး, ဒက်ဆင်, တဘက် ဝတ်မင်္ဂလာ ဆောင်တော်မူမည့် ကောင်းမြတ်သောအခါတော်။ သက္ကရာဇ် ၁၁၄၅-ခု၊ ဒုတိယဝါဆိုလဆန်း၊ ၁၂-ရက်နေ့၊ ညဉ့် ၁-ချက်တီးကျော် ၁-နာရီ, ၂-ပါဒ်, ၁- ဗီဇနာ, ပြန်ပြည့်, ခရာပြည့်လျှင် အရှေ့သို့ မျက်နှာပြု၍ တနင်္လာသမီး, ဗုဒ္ဓဟူးသမီးတို့ကို မ-စခြံရံစေ၍ နားထွင်း, ဆံထုံးထုံး, တဘက်ဝတ်စေရာသည်။ ပရိတ်တော်, ပန်းကုံ့ကော်, မုရား, သပြေညွန့် ဆောင်ရာသည်။

၎င်းအခါတော်နှင့် နားထွင်း, ဆံထုံးထုံး, ဒက်ဆင်ပြီးလျှင် ညဉ့် ၁-ချက်တီးကျော် ၂-နာရီ, ၂-ပါဒ်, ၁၄-ဗီဇနာ, ၂-ပြန်, ၉-ခရာပြည့်လျှင် စုလျားရစ်ပတ် လက်ထပ်မင်္ဂလာ ထိမ်းမြားရာသည်။ ၎င်းအခါတော်အတိုင်း လျောင်းတော်ဦး အဆောင်တော်အတွင်း အဆောင်မတွင် ကွန်းစဉ်တွင်းကို ရွှေဖျင်မျက်နှာကြက်, ခါသာ, လှဇရွဲ ၃-ဆင့်နှင့် ကြက်ရ သည်။ ၎င်းအောက်တွင် သလွန်တော် ၂-ဆူ ခင်းထားရသည်။ မင်းသမီးသလွန်ပေါ်တွင်

မင်းသမီး မွေ့ရာထက် မင်းသားမွေ့ရာ ထပ်ရသည်။ မွေ့ရာအောက် ငွေရွက်နီ ၁-ထားရသည်။ မင်းသားမွေ့ရာမှာ သင်ဖြူးပေါ်ထက် ကော်ဇောပိတ်ဖြူ ကြက်၍ အုံးအုံးလွှမ်းစုံ ခင်းထားရသည်။

၎င်းသလွန်တော် ၂-ဆူရှေ့ နန်းမတော်ဘုရား သလွန်တော် သင်ဖြူးမွေ့ရာထက် အုံးအုံးလွှမ်းစုံ ခင်းထားရသည်။ ဥရှုတိုင်, ကြွင့်နန်းတိုင်မှာ ထားရင်းအတိုင်း မသိမ်းမယူရသေး ရှိစေရသည်။ ထားရပ်များမှာ အိမ်တော်သိမ်းမိလ္လျှင် ဆိုင်ရာသိမ်းကြရသည်။ ၎င်းနေ့ ညအခါတော် မရောက်မီ လက်ဖွဲ့ထမင်းကို မြောက်ဘက်တိုက်ဝန်, ရွှေတိုက်စိုး, ရွှေတိုက်ကြပ်, စားတော်ကဲတို့ ချက်ရသည်။ လက်ဖွဲ့ချက်ရန် ဆန်ကို ကျီစိုး, ကျီစာရေးတို့က ကောင်းပင်စည် ဆန် ၃-ထပ် ဖွပ်၊ ဆန်ကာတင်ပေးရသည်။ ဘူး, ခရမ်း, ပဲကြီး, ပဲလွှမ်းမျိုး, ငါးပိ, ဆား, ငါးသိုင်းများကို စားတော်အိမ်က ပို့ရသည်။ ထင်းစဖိုများမှာ အိမ်ရှေ့အိမ်တော် လက်သမားတို့က လုပ်၍ ထားရသည်။

လျှောင်းတော်ဦး တောင်အဆောင်တွင် လက်ဖွဲ့ထမင်းများကို ချက်ရသည်။ ချက်ပြီးလျှင် ရွှေလင်ပန်း ၂-နှင့် မုန့်ငါး, ရွှေငါး, ငွေငါး ထည့်မြဲတိုင်း ထည့်၍ ၂-ပွဲ ပြင်ရသည်။ ထမင်းပွဲကို ဖဲနီပဝါအတွင်း ပိတ်ဖြူခံ၍ ကြက်တောင်စည်းသည်။ ဟင်းချို, ဟင်းခါးများကို ရွှေဒေါင်းပေါင်နှင့် ထားရသည်။ လက်ဖွဲ့ရန် ထောပတ်ပွဲ-၁, ဟင်းလေးပွဲ-၁, မြန်မာအချိုပွဲ-၁, ကုလားမုန့်စုံပွဲ-၁, ယိုစုံပွဲ-၁, သနပ်ပွဲ-၁, ပွဲရံပွဲပေါင်း ၁၀-မှာ ဆိုင်ရာ မင်းသမီး, မင်းသား, ဝန်အိမ်က ပြင်လုပ်ရသည်။

မင်းသမီးဝတ်ဆင်ရန် တန်းဆာ ပတ္တမြား, ဆံထုံး-၇၊ နားထွင်းရန် နဝရတ်စီအပ်၊ ပုတီးလက်စွပ်, ရွှေကုံး, နားဒောင်း, ဘယက်, ခါးကြိုး, ဒွါဒရာများကို ရွှေဒေါင်းပေါင်နှင့် မင်္ဂလာဆောင်မည့်အခန်းတွင် ခင်းကျင်းရသည်။ ၎င်းအခန်းတွင်လည်း ဖယောင်းတိုင်, မီးအိမ်နှင့် အများထွန်းရသည်။ ၎င်းအခါတော်ရောက်လျှင် တောင်တွင်းကြီးမြို့စားမင်းသမီး အဆောင်တော်က ဝတ်စားတန်းဆာဆင်၍ ထွက်လာပြီးလျှင် အဆောင်မတော်တွင် ခင်းထားသည့် သလွန်တော်မွေ့ရာ ၂-ထပ်ထက် နေရသည်။ နန်းမတော် အသျှင်မိဖုရားလည်း ထွက်တော်မူ၍ သလွန်ပေါ်မှာ စံတော်မူသည်။ ဘုန်းကြီးသော အသျှင်အိမ်ရှေ့မင်းလည်း သလွန်တော် ၁-ဆူမှာ စံတော်မူသည်။

မင်းသမီးသလွန်တော်သို့ ရောက်လျှင် သံတော်ဆင့် နန္ဒဘယကျော်ထင်က တင်းတိမ်ဖြူကို ကာသန်း၍ မိန်းမအကြီးတို့ မင်္ဂလာထဘီဖြူကို ယူ၍ မင်းသမီးကို ဝတ်ဆင်ရသည်။ ဝတ်ဆင်ပြီးမှ တင်းတိမ်ကို သိမ်းရသည်။ အခါတော်စောင့်ပုဏ္ဏား ဒေဝနန္ဒရာဇဂုရု,

ၒင်းစန္ဒရံသီ, ၎င်းဗြာဟ္မဏကျော်ထင်, ၎င်းသုတရံသီတို့ ၄-ယောက် အခါတော်ပြည့်စုံကြောင်းကို ပြောလာလျှင် သံတော်ဆင့်နန္ဒဘယကျော်တင် ပူဇော်ပွဲကို ယူ၍ "ရတနာ ၃-ပါး ပူဇော်ရန်ဘုရား"ဆို၍ ဆက်ရသည်။

၎င်းနောက် "သာသနာတော်စောင့်နတ် ပူဇော်ရန် ပွဲဘုရား"ဆို၍ ဆက်ရသည်။ ၎င်းနောက် "မယ်တော်, ခမည်းတော် ပူဇော်ရန် ပွဲဘုရား" ဆို၍ ဆက်ရသည်။ ၎င်းနောက် "ရွှေမြို့တော်, ရွှေနန်းတော်, ထီးချက်တော်စောင့်နတ် ပူဇော်ရန် ပွဲဘုရား"ဆို၍ ဆက်ရသည်။ ၎င်းနောက် အခါတော်ရောက်လျှင် ပလိပ်စား, ပွေးလုစားတို့က "နားတော်ထွင်း, ဆံထုံးထုံး, တဘက်ဝတ် မင်္ဂလာဆောင်တော်မူမည့်အခါ တော် ပြည့်စုံပြီဘုရား"ဆိုပြီးလျှင် '**ဇယန္တော ဗောဓိယာ မူလေ**'အစရှိသော ဂါထာကို ရွတ်ရသည်။

နားထွင်းခန့်သူ မင်းသမီး ၂-ပါးတို့ ရွှေအပ်ကို ကိုင်၍ နားကို ထွင်းရသည်။ နားထွင်းပြီးလျှင် ဆံထုံးထုံးသူတို့ ဆံကို ဆင်စွယ်ဘီး, နံ့သာဘီး, ဘီးဖို, ဘီးမ စုံလင်အောင် ဖြီး၍ ထုံးပြီးလျှင် ပတ္တမြားစီ မြိတ်ဖြူဆံထုံးကို စွပ်ပြီးလျှင် ရွှေကုံး ဆင်ရသည်။ ဆံထုံးထုံးလျှောက်ခန့်သူ ပြတိုက်အဆောင်မြဲ ငနိုး ပုရပိုက်နှင့် ကိုင်၍ လျှောက်ရသည်။ "**ဆံထုံးတော် မြိတ်ဖြူ နတ်တူ တင့်မည့်သူဘုရား**" ၎င်းနောက် ပတ္တမြားစီ မြိတ်စို့ဆံထုံးနှင့် ရွှေကုံးဆင်ရသည်။ ဆံထုံးထုံးလျှောက် ခန့်သူကလည်း "**ဆံထုံးတော် မြိတ်စို့ နတ်သို့ ကောင်းမည့်သူဘုရား**" လျှောက်ရသည်။ ၎င်းနောက် မြိတ်လွတ်ဆံထုံးနှင့် ရွှေကုံးဆင်ရသည်။ လျှောက်သူကလည်း "**ဆံထုံးတော် မြိတ်လွတ်၊ နန်းထွတ် စံမည့်သူဘုရား**" လျှောက်ရသည်။

၎င်းနောက် စုလျည်းဆံထုံးနှင့် ရွှေကုံးဆင်ရသည်။ လျှောက်သူကလည်း "**ဆံထုံးတော် စုလျည်း၊ ပစ္စည်းရတနာ၊ များစွာရောက်မည့်သူဘုရား။**" ၎င်းနောက် ယကင်ဆံထုံးနှင့် ရွှေကုံးဆင်ရသည်။ ဆံထုံးလျှောက်သူက "**ဆံထုံးတော် ယကင်၊ နတ်သွင် စံမည့်သူဘုရား**" လျှောက်ရသည်။ ၎င်းနောက် လုံးတင်ဆံထုံးနှင့် ရွှေကုံးဆင်ရသည်။ လျှောက်သူကလည်း "**ဆံထုံးတော် လုံးတင်၊ နန်းတွင် စံမည့်သူဘုရား**" လျှောက်ရသည်။

၎င်းနောက် ပတ္တမြားစီ မြိတ်ရစ်,မြိတ်ခံဆံထုံးကို ဆင်ရသည်။ ရွှေကုံးဆင်ပြီးလျှင် ဆံထုံးလျှောက်ရသူက "**ဆံထုံးတော် မြိတ်ရစ်၊ နန်းသစ် စိုးမည့်သူဘုရား**" လျှောက်ရသည်။ ၎င်းဆံထုံး ထုံးပြီးလျှင် တင်းတိမ်ဖြူ ကာသန်းမြဲ သံတော်ဆင့် နန္ဒဘယကျော်ထင် ကာသန်း၍ ရွှေပုစွန်ဆီ ဖဲကတ္တီပါတို့ဖြင့် ဆန်းကြယ်စွာလုပ်သော ထဘီကို ဝတ်ဆင်စေ၍ ဖန်, မှန်, ပုလဲ, ရွှေခြူ, ညောင်ရွက်ဆွဲသော တဘက်ကို ဝတ်ဆင်ပြီးလျှင် မွေ့ရာတော်ပေါ်တွင် နေမြဲနေသည်။ ဘုန်းကြီးသောအသျှင်လည်း မင်းသမီး လက်ယာက ယှဉ်၍ နေစေပြီးလျှင်

မာတရဘက်အုပ်ကို အတွင်းဝန် သက်တော်ရှည်, ၎င်းသက်တော်ရှည်ကတော်တို့ ကိုင်၍ မင်း ၂-ပါး စုလျားရစ်ပတ်ရသည်။ စုလျားရစ်ပတ်ပြီးလျှင် မင်းသမီးလက်ယာလက်ထက် မင်းသားလက်ယာလက်ကို ထပ်စေ၍ မင်းသားလက်ဆေးတော်ရေ ရွှေဖလားက ရေကို မင်းသမီးလက်တော်ဆေးရေ ရွှေဖလားတွင် ထည့်၍ မင်းသမီးလက်ဆေးရေခံ ငွေဖလား ၁၂-ရာသီတွင် မင်းသားလက်ဆေးရေခံ ငွေဖလား ၁၂-ရာသီထပ်၍ လက်ဆေးရသည်။

သို့မှ အတွင်းဝန် သက်တော်ရှည်နှင့် ၎င်းသက်တော်ရှည်ကတော်တို့ လက်ဖွဲ့ပွဲတော်ကို ချီ၍ မင်း ၂-ပါးရှိရာ လက်ဖွဲ့ပွဲ ၂-ပွဲကို ချီပြီးလျှင် သံတော်ဆင့် နန္ဒဘယကျော်ထင် မင်း ၂-ပါး လက်ဖွဲ့ပွဲတွင် ဖက်ခွက်ကြီးကို ယူ၍ ထမင်း, မုန့်, ငါး အတန်ထည့်၍ ဘုတ်စားစားပွဲ ၄-ထောင့်ကို ချရသည်။ ပြီးမှ မင်းသားထမင်းကို မင်းသမီးထမင်းမှာ ထည့်၍ ထမင်း ၁-ဆုပ်တွင် ငရုတ်ကောင်း ၁-စေ့, ကြက်သွန်ဖြူ ၁-မြွှာင့် ဆုပ်ပြီးလျှင် ဖွားတော်ကြီးကို ဆက်ရသည်။ ဖွားတော်ကြီး ထမင်းခွံ့သည်။ ထမင်း ၁-လုပ်လျှင် ထမင်းခွံ့လျှောက်သူ သံတော်ဆင့် ဇေယကျော်ထင် ပုရပိုက်တွင် ရေး၍ လျှောက်ရသည်။

**"သက်တော်ရာကျော် ရှည်တော်မူမည့် ထမင်းဘုရား"** ၎င်းနောက်

**"ဘုန်းတော်ကြီးတော်မူမည့် ထမင်းဘုရား"** ၎င်းနောက်

**"၉၆-ပါး အနာရောဂါကင်းငြိမ်းမည့် ထမင်းဘုရား"** ၎င်းနောက်

**"စည်းစိမ်,သားမြေး,အခြွေအရံနှင့် ပြည့်စုံတော်မူမည့် ထမင်းဘုရား"** ၎င်းနောက်

**"သားတော်, မြေးတော်နှင့် ပြည့်စုံတော်မူမည့် ထမင်းဘုရား"** ၎င်းနောက်

**"မယ်တော်ဘုရား, ခမည်းတော်ဘုရားအမှုတော်ကို ဆောင်ရွက်နိုင်မည့်ထမင်းဘုရား"** ၎င်းနောက်

**"ပြည်သူ,ပြည်သားတို့ စီးပွါးကို ဆောင်ရွက်နိုင်မည့် ထမင်းဘုရား"**

ထမင်း ၁-လုပ်လျှင် ၁-ခါစီ လျှောက်ရသည်။ ထမင်း ၇-ခါစေ့လျှင် ထမင်းကို ပိတ်စတွင် ထုပ်၍ ထားရသည်။

ထမင်းခွံ့ပြီးလျှင် ဟင်းချို, ဟင်းခါး ၂-ပါးရော၍ ရွှေဇွန်းနှင့် ဟင်း ၇-ကြိမ် ခွံ့ရသည်။ မင်းသားကို ထမင်းခွံ့ပြီးလျှင် မင်းသမီးကို ခွံ့ရသည်။ ၂-ပါး ခွံ့ပြီးမှ လက်ဖွဲ့ပွဲတွင် ၂-ပါးစုံ လက်နှိုက်၍ စားတော်ခေါ်ရသည်။ ပြီးလျှင် ၂-ပါး လက်ကို ထပ်ပြီးမှ ငွေဖလား ၂-ဆင့် ခံ၍ လက်ဆေးရေသွန်းခန့်သူ လက်ဆေးရေ သွန်းရသည်။ သွန်းသောအခါ လျှောက်ရသည်မှာ "ဘုန်းကြီး၍ သက်တော်ရာကျော်ပတ်လုံး ရှည်တော်မူလျက် မင်း ၂-ပါးတို့ ငြိမ်ဝပ်

ချမ်းသာစွာ ကိုယ်တော်၏အစီးအပွါး, သားတော်အစဉ် မြေးတော်အဆက်စီးပွါး, ပြည်သူ လူတကာတို့ အစီးအပွါးကို ရွက်ဆောင်နိုင်၍ တစ်နေ့တပါး တိုးတက်ခိုင်ဖြိုး ကြီးမြင့်မြတ် တော်မူမည်။ ဤရေကဲ့သို့ ချမ်းအေးငြိမ်းတော်မူမည်ဘုရား" လျှောက်၍ သွန်းရသည်။ လက်ဆေးတော်မူပြီးလျှင် လက်ဆေးရေ, စားပွဲများကို သိမ်းရသည်။ သံတော်ဆင့် နန္ဒဘယ-ကျော်ထင် ယွန်းပေါင်ပုရပိုက်နှင့် လက်ဖွဲ့တော်စာ ရေး၍ ဖတ်လျှောက်ရသည်။

## ၇။ လက်ဖွဲ့တော်စာ

"ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော အသျှင် ဘဝရှင်မင်းတရားကြီးဘုရား၊ တောင်တွင်းကြီးမြို့စားမင်းသမီး နားထွင်း, ဆံထုံးထုံး, ဒက်ဆင်, ထိမ်းမြားမင်္ဂလာဆောင် တော်မူသည်ကို (က) အဆောင်ကိုင်, မှူးသား, မတ်သား လူပျို-၁၉၊ ထီးမိုး, ယာဉ်ခံ, သွောက်စု, မြင်းတော်သည်, စက္ကသူ, ငစံအောင်, တုရင်သီရိ, ငချစ်သူ, တုရင်ကျော်သူ, ငစံရာ, ပတေ-ကျော်သူတို့နှင့် လူပေါင်း-၅၀၊ ပြင်စည် စားဟောင်းကို မိလွှန်းပေါ်က ဆက်သည်။ ကွမ်းဆေး ဆည်ရေသောက်လယ်ပယ်-၂၀၊ ငှင်းရေသောက် မိလှတို့ သိမ်းစုလယ်ပယ်-၃၀၊ အက္ကပတ် ငကွန်သိမ်းစု စပါးစိုး ရေသောက်မြစ်သား တောင်လယ်ပယ်-၂၀၊ ၃-ခရိုင် အနောက်တောင် ကောင်းထွတ်လယ်ပယ်-၂၀၊ ကျီးအိပ်ရွာတောင် တမုတ်မြောင်းရေ သောက် သိမ်းစုလယ် ပယ်-၄၀၊ အစုစု လယ်ပေါင်း-၁၃၀။

(ခ) - တံတားဦးတောင် ငတုတ်ကြီး သိမ်းစုဥယျာဉ်-၁၊
- ပတ္တမြား ၉-လုံးတင် သင်းကြောသင်ပုန်းခေါင်း-၂၊
- စိန် ၉-လုံးတင် သင်ပုန်းခေါင်း-၄၊
- မြ ၉-လုံးတင် သင်ပုန်းခေါင်း-၄၊
- ပတ္တမြားတင် လက်စွပ်ကွင်းရေ-၉၊
- မြလက်စွပ်ကွင်းရေ-၁၂၊
- စိန်တင်လက်စွပ် ကွင်းရေ-၉၊
- ပတ္တမြား-၁၊
- အရံမြကွင်း-၁၊
- နီလာကြီး-၁၊
- မြကြီး-၁၊
- သန္တာကြီး-၁၊
- ကြောင်ကြီး-၁၊
- စိန်ကြီး-၁၊
- ပုလဲကြီး-၁၊
- ဥဿဖရား ကြီး,ငယ်-၂၊
- ဂေါ်မိတ်-၁၊
- ရွှေသတိ လက်ကောက်အရန်-၁၊
- ငှင်းတွင်ပါ စိန်ဇွန်းရိုး-၄၊
- ငှင်းပတ္တမြား-၄၊

- မြ-၁၊
- ဝင်းခေါင်းပွလက်ကောက် အရန်၊
- ဝင်းတွင်ပါ ကျောက်နီအဖျား ၂-ရစ်စီ။
- ဝင်းတွင် အလယ်စိန်-၂၀၊
- ဝင်းတွင် မြ-၂၀၊
- ဝင်းတွင် ပတ္တမြားလက်ကောက် အရန်-၂
- ဝင်းတွင်ပါ ကျောက်နီအဖျား ၂-ရစ်စီ၊
- ဝင်းတွင် အလယ်စိန်-၂၀၊
- ဝင်းမြ-၂၀၊
- ဝင်းပတ္တမြား-၂၀၊
- ရွှေသတိ(သက်သက်)လက်ကောက်ချိန်-၈၀၊
- ရွှေပုတီး, ပုလဲခိုနန်း, အခြားပတ္တမြားစီ အရန်-၁၊
- စိန်ပုတီး အရန်-၁၊
- ဝင်းတွင် စိန်လုံးရေ-၁၈၂၊
- ဝင်းအခြားစီ စိန်ငယ်လုံးရေ-၁၂၊
- ဝင်းတွင် မြလုံးရေ-၃၆၊
- ဝင်းတွင် မြလုံးရေ-၂၇၊
- ခါးကြိုး, ရွှေဖွတ်မြီးထိုး အချိန်-၅၇၊
- ဝင်းတွင် ကျောက်ပွင့်ကြီး ၃-ပါ မြကြီးလုံးရေ-၉၊
- ဝင်းတွင် စိန်ကြီးလုံးရေ-၁၂၊
- ဝင်းတွင်ပါ ပတ္တမြားလုံးရေ-၂၇၊
- ဝင်းတွင်ပါ ပတ္တမြားအနားရစ်လုံးရေ-၁၁၂၊
- ပုလဲစိတ် ပုတီးလုံးရေ-၁၀၀၊
- ဝင်းအထွတ် မြ-၁၊
- ပုလဲလည်ဆွဲ ရွှေအစ်ပွင့် ပုလဲလုံးရေ-၃၉၉၊
- ဝင်းတွင် အထွတ် မြလုံးရေ-၂
- ပတ္တမြား, မြ, စိန်ခြယ်, ဘယက်ကြီးပွင့်ရေ-၉၊
- ဝင်းတွင် ပတ္တမြားပွင့်ငယ်-၁၉၊
- ဝင်းတွင်ပါ မြကြီး,ငယ်လုံးရေ-၁၀၅၊
- ဝင်းတွင်ပါ စိန်ကြီး,ငယ်လုံးရေ-၁၊
- ဝင်းတွင်ပါ ပတ္တမြားကြီးလုံးရေ-၁၂၀၊
- လည်ဆွဲ-၁၁၊
- ဝင်းတွင် ကျောက်နီပွင့်-၄၊
- ဝင်းတွင် မြပွင့်ရေ-၁၅၊
- ဝင်းတွင် ရွှေသီးငယ်-၃၅၊
- မြသီး, လည်ဆွဲမြလုံးရေ-၂၅၊
- ဝင်း မြအင်ကြင်းသီး, လည်ဆွဲမြလုံးရေ-၈၊
- ရွှေကြိုးဘူးနှယ် မြပွင့်ကြီး-၁၊
- ဝင်းအရံ နာရကတ္တိ-၁၆၊
- မြကြီး-၆၊
- ထောင့်စိန်ရံ ရွှေကြိုးဘူးနှယ်-၁၊

- ရွှေကြိုးဘူးနှယ် ပတ္တမြားစိန်ကြီး-၁၊
- ရင်းအရံ စိန်ကြီး-၂၊
- ရွှေလည်ဆွဲ ရွှေသီး-၄၅၊
- ရင်းတွင်ပါ မြပွင့်-၉၊
- ရင်းတွင်ပါ စိန်ပွင့်-၈၊
- ရင်းပတ္တမြားပွင့်-၂၊
- ရင်းမြသီးငယ်လုံးရေ-၁၉၊
- ပုလဲသွယ်ဘယက်-၁၊
- ရင်းတွင်ပါ စိန်ပွင့်ကြီး-၁၉၊
- ရင်းတွင်ပါ မြလုံးရေကြီး,ငယ်-၇၄၊
- ရင်းတွင်ပါ ပတ္တမြားလုံးရေ-၃၆၊
- ရွှေပန်း-၁၊
- ရင်းတွင်ပါ ပတ္တမြား, မြခြယ်ပွင့်-၂၊
- ရင်းပတ္တမြား, စိန်, မြခြယ်-၆၊
- ရင်းတွင်ပါ စိန် ၆-လုံးပွင့်-၁၊
- နားကပ် နားတောင်း မြကြီး-၂၊
- ရင်းအရံ စိန်-၄၀၊
- ရင်းတွင်ပါ နောက်ပိတ်ပတ္တမြား-၁၈၊
- ရင်းပတ္တမြားစီ နားတောင်းအရန်-၁၊
- ၁၂-ရာသီ ရွှေဖလား အချိန်-၄၅၊
- ရှစ်ထောင့်ဖလား ပတ္တမြားစီအချိန်-၁၅၊
- ပတ္တမြားစီ ရွှေထွေးအင် အချိန်-၁၄၊
- ရွှေသားကလာပ်ငယ် အချိန်-၁၇၊
- ရွှေထွေးအင် အချိန်-၅၀၊
- ရွှေဖလား အချိန်-၂၅၊
- ရွှေအစ်မြင့်မို အချိန်-၂၅၊
- ရွှေအုပ်အဖုံးပါ အချိန်-၁၇၀၊
- ရွှေအုပ်ခြေမြင့် အဖုံးအံပါ အချိန်-၃၊
- ရင်းအဖုံးပါ စိန်, ပတ္တမြား ခြယ်ပွင့်-၅၀၊
- ရင်းအထွတ် နဝရတ်, ပတ္တမြား၂-ရစ်, မြ ၁-ရစ် ငွေသားအချိန်-၅၀၀၊
- သုတ်တဘက် ထည်ရေ-၁၀၀၊
- ထဘီဖဲစပ်ရွှေခြယ်ပါ ထည်ရေ-၁၀၀၊
- သိုယင်း-၁၀၀၊
- ဖဲပုစွန်ဆီ ထည်ရေ-၁၀၀၊
- ပုစွန်ဆီ ဖဲတဘက် ထည်ရေ-၁၀၀။

အထူးထူးသော အုပ်မျိုး, ထည်မျိုး၊ ကျောက်, သံ, ပတ္တမြား အဖိုးအနဂ္ဃ များမြောင်စွာ လက်ဖွဲ့တော်မူသည်။

လက်ဖွဲ့စာလျှောက်ပြီးလျှင် ၉-ပါးပုဏ္ဏား, ကျည်းပုဏ္ဏားတို့ ဘိသိက်ရွတ်မန်း၍ ပန်းဆက်ရသည်။ ပန်းကို ရွှေကလပ်တွင် ရွှေဖလားနှင့် အဆောင်တော်မြဲခံ၍ သံတော်ဆင့်တို့ကို အပ်ရသည်။ သံတော်ဆင့်တို့က ဘုန်းကြီးသော အိမ်ရှေ့ဘုရားနှင့် မင်းသမီး ၂-ပါးကို ပရိတ်ပန်း ဆက်ရသည်။ ပြီးလျှင် ပွဲလမ်းကို သိမ်း၍ နန်းမတော် အသျှင်မိဘုရား

ရွှေနန်းတော်သို့ ဝေါတော်စီး၍ ထွက်တော်မူသည့် အစီအစဉ်အတိုင်း ဝင်တော်မူသည်။ အတွင်းဝန်, သံတော်ဆင့်, အမှုးအမတ်တို့လည်း နောက်တော်က လိုက်ရသည်။ ၎င်းနောက် ထွက်တော်မူသည့်အစဉ်အတိုင်း သမီးတော် ကံနီမင်းသမီး, မြေဒူးမင်းသမီး, မြောက်နန်းတော်မိဖုရားသမီးတော် ဟသ်ာတမင်းသမီးတို့ ရတနာကန္နားစီး၍ ဝင်တော်မူကြရသည်။ ၎င်းနေ့ ၂-ချက်တီးကျော်လျှင် ပွဲသဘင်များကို သိမ်းရသည်။

နံနက် ၄-ချက်တီးကျော်လျှင် လျောင်းဦးဆောင် လက်ရန်း အတွင်း,ပြင် သင်ဖြူးနေရာ အပြည့်ခင်း၍ ဘုန်းကြီးသောအရှင် နေတော်မူရန်လည်း သလွန်ပေါ်တွင် နေရာခင်း၍ ထားရသည်။ အိမ်တော်ထက် လက်ဆောင်တော် မင်းညီ, မင်းသား, စော်ဘွား,မြို့စား, စော်ဘွားကြီး နောက်နေ, တော်နေ, ၄-သွယ်နေ, ကွန်းစင်လက်တွင်းနေ, ကွန်းစင်လက်ပြင်နေ, နှီးခေါက်နေ၊ နောက် သူငွေး,သူကြွယ်, အမည်ရ စုရေး, စုကိုင်, ဆိပ်စား, တည်စား, ပွဲစား, ကင်းစား, ခေါင်းသူကြီး, မြေတိုင်တို့ကို နှိုးဆော်၍ ဆက်စေရသည်။ ရွှေဖျင်, သက္ကလတ်, ခါသာ, ပိတ်, ရွှေဖလား, ရွှေပန်းခိုင်, ငွေပန်းခိုင်, ဖျင်ဖြူ, ဖျင်နီ, ငှက်ပျော, အုန်း, ကြံ, လက်ဖက်ချောင်း, မြင်း ဆက်ရသည်။ လက်ဆောင်တော်စာကို သံခံတို့ ဖတ်လျှောက်ရသည်။

(ဂ) လက်ဆောင်တော်စာ။ ။"ဘုန်းတော်ကြီးသောဘုရား၊ ကောင်းမြတ်သော မင်္ဂလာအခါ၌ အိမ်ရှေ့အိမ်တော် တက်သိမ်းစမ္ပယ်မူသည်ကို ဘုရားကျွန်တော် မည်သူ, မည်သူတို့က ဆက်ရသည်။ ရှိခိုးကန်တော့ လက်ဆောင်တော်, ရွှေပန်းခိုင်, ငွေပန်းခိုင်, ရွှေတန်ဆောင်, ငွေတန်ဆောင်, ရွှေဖျင်, ဖဲခါသာအုပ်, ပိတ်အုပ်, မြင်း,ဖျင်, လက်ဘက်ချောင်းဘုရား။" အသီးသီး စာ ၁-စောင်ခန့်၍ ၁-ယောက်စီ လျှောက်သင့်သသူ၊ ၂-ယောက်, ၃-ယောက် လျှောက်သင့်သသူ အများထည့်၍ သူငွေး, သူကြွယ်, ပွဲစား, ဆိပ်စား, တည်စား, မြေတိုင်တို့ လျှောက်သည်။ ၎င်းတို့ဆက်သည့် လက်ဆောင်တော်များကို အိမ်ရှေ့လက်ဆောင်စာရေးတို့ ကောက်သိမ်း၍ လက်ဆောင်ယူတိုက်သို့ သွင်းရသည့်အရာများကို သွင်းရသည်။ ရွှေဖလား, ရွှေပန်းခိုင်, ရွှေဖျင်ဖဲများကို အိမ်ရှေ့သံတော်ဆင့်တို့က သိမ်းရ၍ မှတ်သားရသည်။ မြင်းများကို အိမ်ရှေ့ မြင်းမှူးတို့က သိမ်းရသည်။

လက်ဆောင်တော် ဆက်သပြီးလျှင် ဘုန်းကြီးသော အသျှင်အိမ်ရှေ့ဘုရား အဆောင်တော်သို့ ဝင်တော်မူသည်။ ရွှေနန်းတော်က မှူးကြီး, မတ်ကြီး၊ အဂ္ဂမဟာသေနာပတိမှ စ၍ ဝန်စု ၅-နေရာနေ, နေရာလွတ်နေ, နှီးခေါက်နေ, အမည်ရ သူငွေး, သူကြွယ်, ပွဲစား, ဆိပ်စား, တည်စားတို့ ထွက်ကြရသည်။ ၎င်းအိမ်ရှေ့ ဗြဲတိုက်တော်တွင် အိမ်ရှေ့ဝန်, အိမ်ရှေ့အတွင်းဝန်၊ ၎င်းသံတော်ဆင့်တို့ စီရင်သည်။ အကြီးအကြပ်, လက်ဖွဲ့ပွဲတော်ချက်၊

ရွှေနန်းတော် အတွင်းဝန်, သက်တော်ရှည်မှ စ၍ စီရင်သူ လက်ဖွဲ့တော်စာဖတ်, ထမင်းခွံ့ ကျွေးသူ, ဗိသုကာ, ပရိတ်တော်ပန်းဆက်ပုဏ္ဏား, အရပ်ရပ် လုပ်ဆောင်သမျှ လူတို့နှင့် အတီး,အက, မြန်မာ, မွန်, ယိုးဒယား အကသည်, ဂျွမ်းကုလားတို့ကို စာရင်းယူ၍ ပုဆိုး, ဖျင်, ပိတ်, ငွေဆုတော် အင်တန်အောင် သနားတော်မူသည်။ အိမ်ရှေ့မင်း အိမ်တော်သို့ ရောက်မှ ရွှေနန်းတော်က အတွင်းဝန်တို့ ကိုယ်ကြပ်မ၍ အတွင်းတော်က ထုတ်ပေးရသည်။

- ဆင်ရဲက-၄၊ - ငှင်းပေါင်ဝန်း-၂၊ - အမြောက်ကြီး,ငယ်-၅၀၊
- သေနတ်လုလင်တို့ ဆင်ရန် အင်္ကျီနက်-၁၀၀၊ - မောက်ရှူ-၁၀၀၊
- မောက်တို-၁၀၀၊ - သေနတ်-၁၀၀၊ - ဓား-၁၀၀၊
- ကိုယ်ရံတော်ဝတ်ရန် အင်္ကျီနက်-၃၀၀၊ - မောက်ရှူ-၃၀၀၊
- မောက်တို-၃၀၀၊ - ရွှေကာ-၁၀၀၊ - ရွှေဒိုင်း-၁၀၀၊
- ရွှေလှွား-၁၀၀၊ - ကောင်ဟန်တော်တို့ဝတ်ရန် အင်္ကျီနက်-၁၀၀၊
- ဓား-၁၀၀၊ - လှံ-၁၀၀၊ - သေနတ်စေ့,အမြောက်စေ့ ၁၀၀-စီ၊
- ခဲအချိန်-၁၀၀၊ - ဝတ်လဲတော် တကျွန်းစက်နား-၂၅၊
- သုဂန္ဓရာ-၁၀၊ - သုတ်ပုဆိုး-၂၀၊ - ခါသာအုပ်-၅၀၊
- ဘင်္ကုလာ-၂၀၊ - ခါသာ,ခေါက်သေး-၂၀၊ - ပိတ်ဖြူ-၅၀၊
- ဆေးရေး ပုဆိုး-၅၀၊ - ရွက်နီကန်ပုဆိုး-၅၀၊ - ခြင်ထောင်ဖြူ-၁၀၊
- စောင်ကျား-၁၀၊ - ဖျင်ဖြူရေလျှော်-၁၀၀၊ - ရွှေဖားတင်းတိမ်-၂၊
- ကုလားတင်းတိမ်-၅၊ - သင်ဖြူးအနားမွှမ်း-၁၀၀၊
- ခါသာအင်္ကျီချုပ်ပြီး-၁၀၀၊ - ဘင်္ကုလာအင်္ကျီချုပ်ပြီး-၁၀၀၊
- ပိတ်ထူအင်္ကျီချုပ်ပြီး-၁၀၀၊ -ဝတ်လုံ ရွှေဖျင်အနီ-၁၀၊
- ငှင်းအစိမ်း-၁၀၊ - ကတ္တီပါဝတ်လုံနီ-၁၀၊ - ငှင်းကတ္တီပါ ဝတ်လုံနက်-၁၀၊
- သက္ကလတ် ဝတ်လုံနီ-၅၊ - ငှင်းသက္ကလတ် ဝတ်လုံစိမ်း-၅၊
- ဇာလည်ခွေး ရွှေချည်ပါ-၁၀၊ - မျဉ်းတို, မျဉ်းရှည် ရွှေချည်ပါ-၁၊
- မောက်ရှူ-၁၊ - ပါးကာ, နားကာ-၂၊ - ရှေ့ကာ, နောက်ကာ-၂၊
- မွေ့ရာတော်-၂၊ - မွေ့ရာလွှမ်းပိတ်-၂၊ - သင်ဖြူးရှည် အနားမွှမ်း-၂၀၊

- ညဦးခြုံပိတ်-၂ဝ၊ - မောင်းထောင်ဗျပ်-၂ဝ၊ - ယွန်းအစ် တစ်တင်းဝင်-၂ဝ၊
- သေတ္တာလုံးရေ-၃ဝ၊ - ရဲကတင် ဆင်ကြိုးလုံး အရန်-၄၊
- ပေါင်းဝန်းတင် ဆင်ကြိုးလုံးအရံ-၂၊ - ပလာ ဆင်ကြိုး-၃၊
- သကြ်နိတဲ မျက်နှာကြက် ရွှေဖျင်, ခါသာ, လှဇရွဲ ၃-ဆင့်ပါ ရွှေညောင်ဆွဲ-၁၊
- ဒေါင်းပေါင်ရွှေရေး-၅ဝ၊ - ကလပ်နီ ၅ဝ- များကို –

အတွင်းဝန် သံတော်ဆင့်တို့ ကြပ်မ၍ မာရဘင်သား, ဝင်းသားတို့နှင့် ထမ်းဆောင်ပို့ရသည်။

(ယ) ဘုန်းကြီးသော အိမ်ရှေ့မင်း အဆောင်တော်စာရင်း—

- ကွမ်းခွက်ပုံ နန်းဇာဖောက်ရောင်ပြားခံ အနားကျောက် ၁-ရစ်စီ-၁၊
- လက်ဖက်အိုးပုံ နန်းဇာဖောက်ရောင်ပြားခံ အနားကျောက် ၃-ရစ်, အထွတ်ကျောက် အပြည့်စီ-၁၊
- ရွှေထွေးအင်-၁၊ - ရွှေဆေးကြုတ်-၁၊ - ရွှေမီးညှပ်-၁၊
- ငွေခြေဆေးအင်-၁၊ - ဆေးတံအရင်း ရွှေပန်းအုပ် ကျောက်သင့်ရုံစီ-၁၊
- ၎င်းဆေးတံဖျား ပန်းအုံကျောက်စီ-၁၊ - ယပ်အရိုးရှည်-၁၊
- လက်စွဲတော်ယပ်-၁၊ - ဓားလိုက်အိမ်ဖြူလက်ချပ်-၁၊
- ခရုသင်း-၁၊ - သံလွင်-၁၊ - တံရှည်-၁၊
- တံမြာ-၁၊ - ခရာ-၂၊ - တံပိုး-၂၊
- နှဲငယ်-၅၊ - သပြေသာ-၁၊
- ဘန့်ဘိုးတော်အုပ် ရွှေသားထုပြောက် ကြုတ်ခွက်အစုံ-၁၊
- မှန်တော်အိမ် ရွှေသားပြောက်ထိုး နောက်ကြည့်မှန်ငယ်အစုံ-၁၊
- ဘီးတော် နံသင့်သစ်သား-၁၊ - ပေါင်းထုပ်-၁ဝဝ၊
- သင်ပုတ်တော်တင် ငွေသားကလာပ် ရွှေလင်ပန်း-၁၊
- ရွှေဇွန်း-၁၊ - သောက်တော်ရေဖလား ၁၂-ရာသီ-၁၊
- သင်ဖြူးအနားမွမ်း-၁ဝဝ၊ - နှီးခေါက်ဖျာရှည်-၂ဝ၊ - မင်းခင်း ကြိမ်ဖျာ-၅ဝ၊

- လက်ခံပုရပိုက်-၁၀၀၊ - သံတောင်ပုရပိုက်-၂၀၊ - ဖထိုင်တော်-၄၊
- စားပွဲ-၂၊ - စာတင်-၂၊ - ရေးရန် ကန့်ကူချိန်-၅၀၊
- စားတော်ပန်းကန် ရွှေရေး-၅၀၊ - ဟင်းသောက်ပန်းကန်-၂၀၊
- ခတီရွှေရေး-၂၀၊ - ပန်းကန်လုံး-၂၀၊ - နှင်းဘူး-၁၀၊
- ဖန်ဘူး-၁၀၀၊ - လက်သုံးတော်ဓား ကတ္တီပါနီအိတ်သွတ်-၁၊
- မြင်းကကိုင်း ၃-ပွင့်၊ - ရွှေဇဝါ-၁၊
- မြင်းကြိုးရွှေဝါ ဆက်ပါအိမ်မြောင် ရင်ပတ်ကွင်းနင်း နှင်းသိတ်ရွှေဇဝါ-၁၊
- ရွှေအချိန်-၁၀၊ - ဟသ်ပဒါးရိုင်း-၁၀၊ - ဟသ်ပဒါးကြိတ်ပြီး-၁၀၊
- နှင်းရည်ဘူးလုံးရေ-၂၀၊ - လက်ချားအချိန်-၁၊ - ကျောက်ချဉ်အချိန်-၁၊
- ကတ္တရသချေ်ချိန်-၁၊ - ကလောချိန်-၁၊ - စမုန်မျိုး ၅-ပါးအချိန်-၅၊
- ဆောင်းမေးခါးအချိန်-၁၊ - စူလာနဖာ အချိန်-၁၊ - ကြဇ့ချိန်-၁၊
- ဘုမ္မသိန်အချိန်-၁၊ - ကျောက်စက်ချိန်-၁၊ - ပန်းမချိန်-၁၊
- ငရုတ်ကောင်းချိန်-၁၊ - ဒုတ္ထာချိန်-၁၊ - ဆေးဒန်းချိန်-၁၊
- ချင်းချိန်-၁၊ - ဇီယာချိန်-၁၊ - ကရဝေးချိန်-၁၊
- ၎င်းအသီးချိန်-၁၊ - သစ်ကျပိုးချိန်-၁၊ - ရှိန်းခိုချိန်-၁၊
- နံ့သာဖြူ, နီချိန်-၂။

၎င်းများကို အိတ်နှင့် သေချာအောင် စည်းနှောင်၍ ထန်းရွက်နှင့် စာမှတ်သားဆွဲ၍ သေတ္တာတွင် သွတ်ပြီးလျှင် အိမ်ရှေ့အိမ်တော်သို့ ပို့ရသည်။ စာရင်းကိုလည်း အိမ်ရှေ့ဝန်, အတွင်းဝန်, သံတော်ဆင့်တို့က မှတ်သား၍ ဆိုင်ရာ အိမ်ရှေ့တိုက်တော်များမှာ သွင်းထားရသည်။

အိမ်ရှေ့အိမ်တော် အဆောင်မြဲ ခန့်သသူတို့စာရင်းကိုလည်း အသက်, နေ့နံ, အမိ, အဘ, နေရပ်နှင့် အိမ်ရှေ့သံတော်ဆင့်တို့က ရေးထားရသည်။ အဆောင်မြဲတို့ကိုလည်း အလှည့်အလည်မှန်အောင် ဝင်းမှူးတို့က စစ်ကြောရသည်။

* * * * * *

## ၈။ အိမ်ရှေ့အဆောင်မြဲတို့စာရင်း

### (င) စားတော်ကွမ်းရေကိုင် (စာရင်း)

[၁]ရာဇရွှေတောင်၊ နံ-၂၊ အသက် ၁၉-နှစ်၊ အဘ ရွှေဝင်းမှူး,
[၂]ရွှေတောင်ကျော်စွာ နံ-၂၊ အသက် ၁၉-နှစ်၊ အဘ လက်ဝဲဝင်းမှူး,
[၃]ငမြတ်သူ၊ နံ-၁၊ အသက် ၁၉-နှစ်၊ အဘ မဟာဒါန်တိုက်ဝန်,
[၄]ငပုတ်၊ နံ-၄၊ အသက် ၁၉-နှစ်၊ အဘ ရွှေတိုက်ဝန်,
[၅]ငမှိုင်း၊ နံ-ဝ၊ အသက် ၁၂-နှစ်၊ အဘ မြောက်ဘက်မြင်းမြေဝန်,
[၆]ငရွှန်း၊ နံ-၃၊ အသက် ၁၂-နှစ်၊ အဘ တောင်ဘက်တိုက်ဝန်,
[၇]ငမြတ်ကြာ၊ နံ-၅၊ အသက် ၁၉-နှစ်၊ အဘ လက်နက်တိုက်ဝန်,
[၈]ငမွေး၊ နံ-၂၊ အသက် ၁၅-နှစ်၊ အဘ မဟာဒါန်ဝန်,
[၉]ငမြတ်ဦး၊ နံ-၅၊ အသက် ၁၉-နှစ်၊ အဘ ဆင်ကျေးတိုက်ဝန်,
[၁၀]ငကြွယ်ဝ၊ နံ-၂၊ အသက် ၁၉-နှစ်၊ အဘ ဘီလူ,
[၁၁]ငမော၊ နံ-၅၊ အသက် ၁၂-နှစ်၊ အဘ ရှာလက်ဝန်,
[၁၂]ရွှေတောင်လက်ယာပေါ်၊ နံ-၄၊ အသက် ၁၉-နှစ်၊ အဘ လက်ယာဝင်းမှူး,
[၁၃]ငရွှေလျှောက်၊ နံ-၅၊ အသက် ၁၅-နှစ်၊ အဘ သမန်တုရင်,
[၁၄]ရွှေတောင်စည်သူ၊ နံ-၆၊ အသက် ၁၉-နှစ်၊ အဘ ကျောက်မြောင်းဝန်ဟောင်း,
[၁၅]ရန်ငူးရွှေတောင်၊ နံ-၂၊ အသက် ၁၉-နှစ်၊ အဘ လက်နက်တိုက်ဝန်,
[၁၆]ငသာဝ၊ နံ-၄၊ အသက် ၉-နှစ်၊ အဘ သက်ရှည်ကျော်ထင်,
[၁၇]ငညွင်း၊ နံ-၃၊ အသက် ၁၈-နှစ်၊ အဘ သာဝတ္ထိစား,
[၁၈]ငကြော၊ နံ-၁၊ အသက် ၁၀-နှစ်၊ အဘ နေမျိုးရွှေတောင်,
[၁၉]ငစံသာ၊ နံ-၃၊ အသက် ၂၀-နှစ်၊ အဘ အိမ်ရှေ့ဝန်,
[၂၀]ငမိုး၊ နံ-ဝ၊ အသက် ၁၉-နှစ်၊ အဘ ဂင်း,
[၂၁]ငနွေး၊ နံ-၅၊ အသက် ၃၈-နှစ်၊ အဘ ကင်းဝန်,
[၂၂]ငလူး၊ နံ-၄၊ အသက် ၃၀-နှစ်၊ မင်းကြီးသက်တော်ရှည် တူ,

[၂၃]ငမြတ်လှ၊ နံ-၂၊ အသက် ၂၀-နှစ်၊ အဘ သီရိပစ္စပတေ,

[၂၄]ငအောင်မြတ်ကျော်၊ နံ-၁၊ အသက် ၁၅-နှစ်၊ အဘ တရုတ်ဝန်,

[၂၅]ငမြတ်သူ၊ နံ-၆၊ အသက် ၂၂-နှစ်၊ အဘ မဟာဒါန်တိုက်ဝန်,

[၂၆]ရွှေတောင်ကျော်ထင်၊ နံ-၂၊ အသက် ၁၃-နှစ်၊ အဘ လမိုင်းဝန်,

[၂၇]ငအိ၊ နံ-၅၊ အသက် ၁၄-နှစ်၊ အဘ ကျောက်ဆည်ဝန်,

[၂၈]ငရွှေပု၊ နံ-၄၊ အသက် ၁၇-နှစ်၊ အဘ ဟံသာဝတီမြို့ရေဝန်,

[၂၉]ငမင်းလုပ်၊ နံ-၄၊ အသက်-၁၂၊ အဘ ရင်းသီရိဇေယနော်ရထာ,

[၃၀]ငတလုပ်၊ နံ-၄၊ အသက် ၁၅-နှစ်၊ အဘ ရင်း,

[၃၁]ငချမ်းငြိမ်၊ နံ-၃၊ အသက် ၁၀-နှစ်၊ အဘ မဟာသီဟသူရ,

[၃၂]ငဦး၊ နံ-၆၊ အသက် ၂၁-နှစ်၊ အဘ ဆင်ကျေးတိုက်ဝန်၊

လူပေါင်း-၃၁(၃၂)တို့ကို စားတော် ကွမ်းရေကိုင် ခန့်တော်မူသည်။

----- x -----

## (စ) ဓားလိုက် ခန့်သသူတို့ စာရင်း

[၁]ငဖြူတုတ်၊ နံ-ဝ၊ အသက် ၁၉-နှစ်၊ အဘ လေးတောဝန်ဟောင်း,

[၂]ရွှေတောင်နန္ဒ၊ နံ-၅၊ အသက် ၂၅-နှစ်၊ အဘ လက်ဝဲဝင်းမှူးဟောင်း,

[၃]ငမောင်၊ နံ-၅၊ အသက် ၁၇-နှစ်၊ အဘ လက်ယာဝင်းမှူးဟောင်း,

[၄]ငသာမင်း၊ နံ-၆၊ အသက်-၂၃၊ အဘ တပ်ကောင်ဟန်ဝန်,

[၅]ငနု၊ နံ-၃၊ အသက်-၃၀၊ အဘ သမန်ရန်နိုင်,

[၆]ငမြတ်ဘူး၊ နံ-၁၊ အသက် ၁၃-နှစ်၊ အဘ ငခုံရွာစားဟောင်း,

[၇]ငဦးကာ၊ နံ-၂၊ အသက် ၁၉-နှစ်၊ အဘ ရွှေတောင်ဗာဟု,

[၈]ငအိုလည်၊ နံ-၁၊ အသက်-၂၀၊ အဘ နောက်တော်ပါ မြင်းဝန်,

[၉]ငသာဆန်း၊ နံ-၆၊ အသက် ၁၉-နှစ်၊ အဘ ကျီဝန်,

[၁၀]ငညွန့်၊ နံ-၃၊ အသက်-၂၀၊ အဘ တုရင်ရန်နိုင်,

[၁၁]ငမင်းဝါ၊ နံ-၃၊ အသက် ၁၅-နှစ်၊ အဘ လက်ယာဝင်းမှူး,

[၁၂]ငပလုပ်၊ နံ-၁၊ အသက်-၁၄၊ အဘ သက်ရှည်ကျော်ထင်,
[၁၃]ငရွှေပို၊ နံ-၆၊ အသက်-၁၆၊ အဘ တရုတ်ဝန်,
[၁၄]ငပိုး၊ နံ-၆၊ အသက်-၂၂၊ အဘ နန္ဒရွှေတောင်,
[၁၅]ငပုကျော်၊ နံ-၆၊ အသက် ၃၇-နှစ်၊ အဘ မြောက်မြို့အစီရင်,
[၁၆]ငရွှေရ၊ နံ-၁၊ အသက် ၁၇-နှစ်၊ အဘ ရာဇသကြံ,
[၁၇]ငရွှေလူ၊ နံ-၃၊ အသက် ၂၁-နှစ်၊ အဘ သီရိဝေသာ,
[၁၈]ငမြတ်ညွန့်၊ နံ-၁၊ အသက် ၂၀-နှစ်၊ အဘ ရာဇသူရိယ၊
လူပေါင်း ၂၀(၁၈)-တို့ကို မားလိုက်ခန့်တော်မူသည်။

----- × -----

## (ဆ) လျှောင်းဦးမြ ခန့်တော်မူသည့်စာရင်း

[၁]ငပင်၊ နံ-၅၊ အသက် ၁၈-နှစ်၊ အဘ တုရင်မှန်,
[၂]ငပိုး၊ နံ-၃၊ အသက် ၁၅-နှစ်၊ အဘ ယွန်းစုဝန်တူ,
[၃]ငစံဘူး၊ နံ-၁၊ အသက် ၁၅-နှစ်၊ အဘ အရွှတ်ဝန်,
[၄]ငရွှန်း၊ နံ-၁၊ အသက် ၂၅-နှစ်၊ အဘ သံချက်ဝန်,
[၅]ငအိုး၊ နံ-၃၊ အသက် ၁၄-နှစ်၊ အဘ နောက်ဝန်းကျင်ဝန်,
[၆]ငမှို၊ နံ-၆၊ အသက် ၂၃-နှစ်၊ အဘ ဂုဏ္ဏရတ်ကျော်,
[၇]ငသာ၊ နံ-၂၊ အသက် ၂၂-နှစ်၊ အဘ ငရွှေဘူး,
[၈]ငနွေး၊ နံ-၃၊ အသက် ၂၀-နှစ်၊ အဘ စာရေးကြီးကျော်ထင်နန္ဒမိတ်,
[၉]ငမြတ်သာပေါ်၊ နံ-၄၊ အသက် ၁၅-နှစ်၊ အဘ ရဲလှေတိုက်ဝန်,
[၁၀]ငရွှေလူ၊ နံ-၄၊ အသက် ၂၁-နှစ်၊ အဘ ပေသီ,
[၁၁]ငကြာ၊ နံ-၁၊ အသက် ၂၉-နှစ်၊ အဘ ဗလသက်ရှည်,
[၁၂]ငလူ၊ နံ-၀၊ အသက် ၂၀-နှစ်၊ အဘ ငရန်ကင်း,
[၁၃]ငကြာစိုး၊ နံ-၄၊ အသက် ၁၄-နှစ်၊ အဘ ငယ်တိုးဗိုလ်,
[၁၄]သိန်ရွှေတောင်၊ နံ-၅၊ အသက် ၂၇-နှစ်၊ အဘ ရွှေဓားမျှူး,

[၁၅]ရွှေတောင်ရန်ငူးသီဟသူ၊ နံ-၅၊ အသက် ၂၀-နှစ်၊ အဘ ရွှေတောင်ကျော်စွာ,

[၁၆]ငသူရ၊ နံ-၃၊ အသက် ၁၉-နှစ်၊ အဘ တုရင်သိခ်သူ,

[၁၇]ငပွင့်ဘူး၊ နံ-၁၊ အသက် ၁၇-နှစ်၊ အဘ ကသည်းမြင်းဝန်,

[၁၈]ငရွှေခ၊ နံ-၆၊ အသက် ၁၅-နှစ်၊ အဘ အိမ်ရှေ့နောက်တော်ပါ ငါးစို့ဝန်တူ,

[၁၉]ငမြတ်သာ၊ နံ-၅၊ အသက် ၁၅-နှစ်၊ အဘ ရခိုင်ဝန်,

[၂၀]ငရွှေစု၊ နံ-၄၊ အသက် ၁၈-နှစ်၊ အဘ တုရင်ရန်ကွင်း ပန်းပဲဝန်,

[၂၁]ငပိန်၊ နံ-၄၊ အသက် ၁၃-နှစ်၊ အဘ စာရေးကြီး လက်ဝဲရန္တမိတ်,

[၂၂]ငလှ၊ နံ-၁၊ အသက် ၂၀-နှစ်၊ အဘ သူရဲဝန် တူ,

[၂၃]ငသာစ၊ နံ-၁၊ အသက် ၁၇-နှစ်၊ အဘ သက်တော်ရှည် ညီ,

[၂၄]ငစံပ၊ နံ-၆၊ အသက်၂၃-နှစ်၊ အဘ သက်တော်ရှည် အစ်ကို,

[၂၅]ငနု၊ နံ-၄၊ အသက် ၁၈-နှစ်၊ အဘ အမြောက်စာရေး ငမည်း,

[၂၆]ငကြင်ဘော်၊ နံ-၁၊ အသက် ၁၇-နှစ်၊ အဘ သီရိသကြံဝန်ထောက်ဟောင်း,

[၂၇]သီရိကျော်သူ၊ နံ-၃၊ အသက် ၁၃-နှစ်၊ အဘ သက်တော်ရှည် ညီ,

[၂၈]ငကြာ၊ နံ-၂၊ အသက် ၂၀-နှစ်၊ အဘ ကသည်းဝန်ဟောင်း ငပြန်,

[၂၉]ငဘ၊ နံ-၅၊ အသက် ၁၆-နှစ်၊ အဘ ငင်း၊

လူပေါင်း ၂၉-တို့ကို လျောင်းတော်ဦးမြဲ ခန့်တော်မူသည်။

----- x -----

## (၈) ပရိတ်နာဆက်မြဲ ခန့်တော်မူသည့်စာရင်း

[၁]သမန်ဘယ လွှန်းကြာ၊ နံ-၄၊ အသက် ၂၀-နှစ်၊ အဘ တုရင်လှသူ,

[၂]ငမြတ်သာ၊ နံ-၆၊ အသက် ၁၇-နှစ်၊ အဘ နရသေန,

[၃]ငရန်ကင်း၊ နံ-၃၊ အသက် ၂၂-နှစ်၊ အဘ မဏိသူရ,

[၄]ငမင်းရည်၊ နံ-၅၊ အသက် ၂၀-နှစ်၊ အဘ ရန်အောင်တုရင်,

[၅]ငရွဲ၊ နံ-၁၊ အသက် ၁၉-နှစ်၊ အဘ နေမျိုးဇေယကျော်စွာ,

[၆]ငအူ၊ နံ-၆၊ အသက် ၁၆-နှစ်၊ အဘ မြင်းစာရေးကြီး ညီ,

[၇]ငကျော်စံလှ၊ နံ-၃၊ အသက် ၁၆-နှစ်၊ အဘ သျှင်မိဖုရားဝန် နန္ဒသင်္ခယာ,

[၈]ငထွား၊ နံ-၂၊ အသက် ၂၂-နှစ်၊ အဘ အသုံးစာရေး သာစည်မဏိ,

[၉]ငရွှေညို၊ နံ-၄၊ အသက် ၁၃-နှစ်၊ အဘ လျော်ကား ၃၀၀၀-မှူး,

[၁၀]ငကြံ၊ နံ-၄၊ အသက် ၁၃-နှစ်၊ အဘ ငပုံ,

[၁၁]ငရွှေစ၊ နံ-၆၊ အသက် ၂၀-နှစ်၊ အဘ ကျိုင်းသေည်နားခံ,

[၁၂]ငရန်ကင်း၊ နံ-၃၊ အသက် ၁၈-နှစ်၊ အဘ လက်ဝဲသုန္ဒရ,

[၁၃]ငမြတ်ဘူး၊ နံ-၅၊ အသက် ၁၃-နှစ်၊ အဘ အနောက်ဝန် ငဦး,

[၁၄]ငရွှေပု၊ နံ-၃၊ အသက် ၂၃-နှစ်၊ အဘ စာရေးကြီး လက်ယာနန္ဒမိတ်,

[၁၅]ငရွှေပြား နံ-၂၊ အသက် ၁၇-နှစ်၊ အဘ မဟာဒါန်တိုက်စာရေး,

[၁၆]ငရွှေပု နံ-၀၊ အသက် ၁၇-နှစ်၊ အဘ နန္ဒကျော်ထင်,

[၁၇]ငပို နံ-၁၊ အသက် ၂၀-နှစ်၊ အဘ သူရိန်ဇေယ,

[၁၈]ငမြတ်လှ နံ-၆၊ အသက် ၁၇-နှစ်၊ အဘ လက်ဝဲသူ,

[၁၉]ငမြတ်ရာ နံ-၃၊ အသက် ၁၉-နှစ်၊ အဘ တုရင်သိင်္ခသူ,

[၂၀]ငအူ နံ-၂၊ အသက် ၂၇-နှစ်၊ အဘ မဟာဒါန်ဝန်,

[၂၁]ငရွှန်း နံ-၄၊ အသက် ၂၀-နှစ်၊ အဘ ဗညားဦး,

[၂၂]ငရွှေဦး နံ-၁၊ အသက် ၁၉-နှစ်၊ အဘ ယွန်းစုစာရေး ညို၊

လူပေါင်း ၂၀(၂၂)-တို့ကို ပရိတ်နာဆက်မြဲ ခန့်တော်မူသည်။

----- x -----

## (ဈ) လေသာဆောင်မြဲ ခန့်တော်မူသည့်စာရင်း

[၁]ငရွှေဦး၊ နံ-၃၊ အသက် ၂၀-နှစ်၊ အဘ မန်းရဲထင်ကျော်,

[၂]ငမြတ်အောင်၊ နံ-၄၊ အသက် ၂၄-နှစ်၊ အဘ ရဲခေါင်ဝဏ္ဏ,

[၃]ငခို၊ နံ-၂၊ အသက် ၂၂-နှစ်၊ အဘ အဝေးရောက် ငရွဲ,

[၄]ငအို၊ နံ-၆၊ အသက် ၁၇-နှစ်၊ အဘ မြေနံ့သာစားဟောင်း,

[၅]ငငယ်၊ နံ-၂၊ အသက် ၁၇-နှစ်၊ အဘ ရှေ့ဝင်းစချီ ငအို,

[၆]ငထွေး၊ နံ-၆၊ အသက် ၁၉-နှစ်၊ အဘ ငါးစိုဒိုင်းစာရေး ငပို၊
[၇]ငလှပန်း၊ နံ-၅၊ အသက် ၂၈-နှစ်၊ အဘ ရွှေတိုက်ဝန်စာရေး၊
[၈]ငပို၊ နံ-၃၊ အသက် ၁၅-နှစ်၊ အဘ တရားစစ် ရာဇကျော်ထင်၊
[၉]ငမြတ်ဘော်၊ နံ-၂၊ အသက် ၁၉-နှစ်၊ အဘ အသုံးစာရေး သာစည်မဏိ၊
[၁၀]ငလှေး၊ နံ-၁၊ အသက် ၁၄-နှစ်၊ အဘ သာရနန္ဒသူ၊
[၁၁]ငစံငြိမ်း၊ နံ-၂၊ အသက် ၂၀-နှစ်၊ အဘ ငွေခွန်စာရေး ငရန်အောင်၊
[၁၂]ငရွှေဦး၊ နံ-၁၊ အသက် ၂၅-နှစ်၊ အဘ ရွှေလှံလက်ယာဗိုလ်၊
[၁၃]ငရ၊ နံ-၆၊ အသက် ၂၅-နှစ်၊ အဘ ရွှေလှံသွေ့ာက်ကြီး ရဲခေါင်ဝဏ္ဏ၊
[၁၄]ငပို၊ နံ- ၅၊ အသက် ၁၉-နှစ်၊ အဘ မြင်းပျက်စာရေး၊
[၁၅]ငသူ၊ နံ-၅၊ အသက် ၂၄-နှစ်၊ အဘ မင်းမြတ်နောင်၊
[၁၆]ငအိ၊ နံ-၁၊ အသက် ၁၉-နှစ်၊ အဘ ငနု၊
[၁၇]ငမြတ်ကျော်၊ နံ-၄၊ အသက် ၂၇-နှစ်၊ အဘ တပယင်းမြို့ဝန်၊
[၁၈]ငရာ၊ နံ-၁၊ အသက် ၁၇-နှစ်၊ အဘ ရွှေထားစာရေး၊
[၁၉]ငပို၊ နံ-၂၊ အသက် ၁၉-နှစ်၊ [၂၀]ငရွှန်း နံ-၄၊ အသက် ၁၈-နှစ်၊ အဘ လှေစာရေး သူရကျော်ခေါင်၊
[၂၁]ငရွှေကံ၊ နံ-၁၊ အသက် ၁၅-နှစ်၊ အဘ ရွှေဝင်းစချီ ငအို၊
[၂၂]ငမင်း၊ နံ-၃၊ အသက် ၁၈-နှစ်၊ အဘ ကြေးတိုက်စိုး နန္ဒဝေသော်၊
[၂၃]ငရောက်၊ နံ-၃၊ အသက် ၁၃-နှစ်၊ အဘ သီဟနော်ရထာ၊
[၂၄]ငကြာရွှန်း၊ နံ-၂၊ အသက် ၁၂-နှစ်၊ အဘ ရဲထင်နော်ရထာ၊
[၂၅]ငစံရ၊ နံ-၁၊ အသက် ၁၈-နှစ်၊ အဘ သီဟပတေ့၊
[၂၆]ငရွှေသူ၊ နံ-၃၊ အသက် ၁၄-နှစ်၊ အဘ ရဲလှနော်ရထာ၊
[၂၇]ငစံမင်း၊ နံ-၁၊ အသက် ၁၉-နှစ်၊ အဘ ပုသိမ်ဝန်၊
[၂၈]ငအူ၊ နံ-၃၊ အသက် ၁၇-နှစ်၊ အဘ ရွှေတောင်ဥဒိန်၊
[၂၉]ငအိ၊ နံ-၂၊ အသက် ၁၄-နှစ်၊ အဘ ဘယဂါမဏိသင်္ကြံ၊
[၃၀]ငရွှေရ၊ နံ-၃၊ အသက် ၂၅-နှစ်၊ အဘ မြိတ်မြို့ဝန်၊
[၃၁]ငဖဲ၊ နံ-၃၊ အသက် ၂၁-နှစ်၊ အဘ ရဲကျော်ဇေယသူ၊

[၃၂]ငရွှေအောင် နံ-၁၊ အသက် ၁၈-နှစ်၊ အဘ ဒေဝသာရ,
[၃၃]ငရန်ကင်း နံ-၁၊ အသက် ၁၉-နှစ်၊ အဘ တုရင်ကျော်,
[၃၄]ငကျော်စံလှ နံ-၃၊ အသက် ၁၄-နှစ်၊ အဘ လက်ယာနန္ဒသူ,
[၃၅]ငရွှန်း နံ-၃၊ အသက် ၂၅-နှစ်၊ အဘ မြို့လတ်စာရေး တုရင်မဏိ၊
လူပေါင်း ၃၄(၃၅)-တို့ကို လေသာဆောင်မြဲ ခန့်တော်မူသည်။

----- x -----

## (ည) ဝန်းကျင်တော်မြဲ ခန့်တော်မူသည့်စာရင်း

[၁]ငအိ၊ နံ-၁၊ အသက် ၁၉-နှစ်၊ အဘ ရာဇနန္ဒသူ,
[၂]ငအောင်မြို့၊ နံ-၁၊ အသက် ၁၉-နှစ်၊ အဘ ဗလရန်အောင်,
[၃]ငရွှေလှ၊ နံ-၁၊ အသက် ၁၂-နှစ်၊ အဘ ပွဲတိုင်းအောင်မှူး,
[၄]ငနေ၊ နံ-၁၊ အသက် ၁၉-နှစ်၊ အဘ ဘဏ္ဍာဝန်,
[၅]ငရွှေပု၊ နံ-၂၊ အသက် ၂၃-နှစ်၊ အဘ သံတော်ခံ ပြတ္တမကျော်ထင်,
[၆]ငမြတ်သာ၊ နံ-၁၊ အသက် ၁၇-နှစ်၊ အဘ လက်ဝဲစည်သူ,
[၇]ငပိုးသာ၊ နံ-၃၊ အသက် ၁၉-နှစ်၊ အဘ လက်ယာသိင်္ဂသူ,
[၈]ငရွှေဦး၊ နံ-၅၊ အသက် ၁၉-နှစ်၊ အဘ ကျီဝန်စာရေး ဥဒိန်ကျော်သူ,
[၉]ငနေ၊ နံ-၃၊ အသက် ၂၀-နှစ်၊ အဘ သူရဒေဝ,
[၁၀]ငမြတ်လေး၊ နံ-၂၊ အသက် ၁၈-နှစ်၊ အဘ ရှမ်းခနေမော်ဒိုင်းမှူး,
[၁၁]ငအူ၊ နံ-၂၊ အသက် ၁၇-နှစ်၊ အဘ သိရိဝေသူကျော် ကျီဝန်စာရေး,
[၁၂]ငမြတ်တိုး၊ နံ-၅၊ အသက် ၂၃-နှစ်၊ အဘ ရဲကျော်သူ,
[၁၃]ငသာရွှ၊ နံ-၁၊ အသက် ၁၇-နှစ်၊ အဘ ငထွန်း,
[၁၄]ငအောင်ဖြူ နံ-၅၊ အသက် ၂၀-နှစ်၊ အဘ ဆင်ဝန်ဟောင်း,
[၁၅]ငဖြူ နံ-၄၊ အသက် ၂၂-နှစ်၊ အဘ ဇေယရန္တမိတ်,
[၁၆]ငခွေးဖြူ နံ-၆၊ အသက် ၁၅-နှစ်၊ အဘ ရွှေလှံလက်ယာစာရေး,
[၁၇]ငမွေး၊ နံ-၂၊ အသက် ၁၈-နှစ်၊ အဘ ငအောင်ကင်း,

[၁၈]ငသာ၊ နံ့-၆၊ အသက် ၁၅-နှစ်၊ အဘ သီရိဒေဝိန္ဒသူ,

[၁၉]ငသာပေး၊ နံ့-၃၊ အသက် ၂၀-နှစ်၊ အဘ ကျိဝန်စာရေးအိမ်တော်ပါ လက်ယာနန္ဒသကြံ,

[၂၀]ငင်းရွှေတောင်ကျော်ထင်၊ [၂၁]ငင်းရွှေတောင်လှသူ၊ [၂၂]ငင်းရွှေတောင်လှ၊ [၂၃]ငင်းရွှေ-တောင်သီဟ၊ [၂၄]ငင်းသောကောင်း အဘသေနတ်ဝန်၊ [၂၅]ရွှေတောင်စည်သူ၊ အဘ ဆရာဦးမြစ်၊ [၂၆]ငပါနောက် အဘသီရိ၊ ဖြတ္တ၊ [၂၇]ကဝိလှအိမ်တော်ပါ စားတော်ကဲ၊ [၂၈]တုရင်ရာမ ဘဏ္ဍာစိုး၊ [၂၉]သာရဖေတု အိမ်တော်ပါ ငရန့်၊ [၃၀]ငင်း ဘဏ္ဍာစိုး,

[၃၁]ငရွှေလူ၊ နံ့-၂၊ အသက် ၂၅-နှစ်၊ အဘ သိခ်ရန်အောင် သီဟဝေသော် ငင်းပါ

[၃၂]သိဒ္ဓိရဲလှ နံ့-၅၊ အသက် ၃၃-နှစ်၊ အဘ ပေါက်ကင်းစား,

[၃၃]ငခဲညို နံ့-၂၊ အသက် ၂၅-နှစ်၊ အဘ ပတိမ်းမှူး,

[၃၄]ငသာပန်း၊ နံ့-၃၊ အသက် ၂၅-နှစ်၊ အဘသီဟကျော်ထင်,

[၃၅]ငချာ၊ နံ့-၂၊ အသက် ၃၃-နှစ်၊ အဘ သထုံသူကြီး အိမ်တော်ပါ,

[၃၆]ငငြိမ်း၊ နံ့-၁၊ အသက်၂၃-နှစ်၊ အဘ သခ်ရန်အောင်ကျော်ထင်,

[၃၇]ငစံငြိမ်း၊ နံ့-၂၊ အသက် ၂၄-နှစ်၊ အဘ ရွှေတောင်ကျော်ထင်,

[၃၈]ငပေါက် အိမ်တော်ပါ,

[၃၉]ငရ၊ နံ့-၂၊ အသက် ၃၄-နှစ်၊ ငင်းပါ ငကျော်၊ ငင်းပါ,

[၄၀]ငပြည့်၊ နံ့-၆၊ အသက် ၂၀-နှစ်၊ ငင်းပါ,

[၄၁]ငပို၊ နံ့-၂၊ အသက် ၃၃-နှစ်၊ ငင်းပါ,

[၄၂]ငသီဟသူ၊ နံ့-၆၊ အသက် ၂၀-နှစ်၊

[၄၃]ငမြတ်ပေါင်း၊ နံ့-၆၊ အသက် ၂၁-နှစ်၊ ငင်းပါ,

[၄၄]ငမြတ်၊ နံ့-၆၊ အသက် ၁၈-နှစ်၊ ငင်းပါ,

[၄၅]ငရွှဲ၊ နံ့-၅၊ အသက် ၂၅-နှစ်၊ ငင်းပါ,

[၄၆]ငအူး၊ နံ့-၄၊ အသက် ၃၃-နှစ်၊ ငင်းပါ,

[၄၇]ငရွှေစံ၊ အသက် ၂၉-နှစ်၊ ငင်းပါ,

[၄၈]ငရွှေပေါ် နံ့-၂၊ အသက် ၁၄-နှစ်၊ ငင်းပါ,

[၄၉]ငပေါ၊ နံ့-၃၊ အသက် ၃၀-နှစ်၊ ငင်းပါ။

လူပေါင်း ၉၅(၄၉)-တို့ကို ဝန်းကျင်တော်မြဲ ခန့်တော်မူသည်။

## (၄) ရေစင်မြဲ ခန့်တော်မူသည့်စာရင်း

[၁]ငရွှန်း၊ နံ-၃၊ အသက် ၁၇-နှစ်၊ အဘ နောက်ဝင်းစချို,

[၂]ငရာ၊ နံ-၂၊ အသက် ၂၄-နှစ်၊ အဘ မင်းမြတ်နောင်,

[၃]ငကြာ၊ နံ-၂၊ အသက် ၁၆-နှစ်၊ အဘ မြင်းစီးနတ်ရှင်,

[၄]ငမြတ်ဘူးဖြူ၊ နံ-၅၊ အသက် ၁၇-နှစ်၊ အဘ မြင်းစီး ငပန်းပုံ,

[၅]ငဝ၊ နံ-၂၊ အသက် ၂၇-နှစ်၊ အဘ ရန်ဒေဝသူ,

[၆]ငဦး၊ နံ-၄၊ အသက် ၂၀-နှစ်၊ အဘ သူရကျော်ခေါင်,

[၇]ငထွန်းလှ၊ နံ-၀၊ အသက် ၃၀-နှစ်၊ အဘ မိုးနဲစစ်ကဲ,

[၈]ငအောင်၊ နံ-၁၊ အသက် ၂၀-နှစ်၊ အဘ မိုးညှင်းစစ်ကဲ,

[၉]ငအေး၊ နံ-၂၊ အသက်-၂၄-နှစ်၊ အဘ ငကြိုင်,

[၁၀]ငချစ်ပုံ၊ နံ-၂၊ အသက် ၂၂-နှစ်၊ အဘ ငတုတ်,

[၁၁]ငပေါ်၊ နံ-၂၊ အသက် ၂၀-နှစ်၊ အဘ ဗလစက္က,

[၁၂]ငနွေး၊ နံ-၀၊ အသက် ၁၈-နှစ်၊ အဘ သုန္ဒရိ,

[၁၃]ငမြတ်သာ၊ နံ-၁၊ အသက် ၂၅-နှစ်၊ အဘ ဗလကျော်ထင်,

[၁၄]ငမှိုင်း၊ နံ-၂၊ အသက် ၁၄-နှစ်၊ အဘ ငလုံး,

[၁၅]ငညိုသူ၊ နံ-၃၊ အသက်၂၃-နှစ်၊ အဘ တောင်ငူစစ်ကဲ,

[၁၆]ငပု၊ နံ-၀၊ အသက် ၃၀-နှစ်၊ ငှင်း,

[၁၇]ငရွှေဦး၊ နံ-၂၊ အသက် ၂၃-နှစ်၊ ငှင်းညို,

[၁၈]ငရန်အောင်၊ နံ-၃၊ အသက် ၁၆-နှစ်၊ အဘ ဇော်တဘော်,

[၁၉]ငကျော်စံလှ၊ နံ-၃၊ အသက် ၁၆-နှစ်၊ အဘ ငနှင်း,

[၂၀]ငငြိမ်း၊ နံ-၃၊ အသက်-၂၀၊ အဘ လက်ရွေးကြောင်းဗိုလ်,

[၂၁]ငခွေး, အဘ ရဲလှေဝန်,

[၂၂]ငနိုး, အဘ မြို့စားရေးဟောင်း,

[၂၃]ငမြတ်မွေး, အဘ ရွှေလှံသွောက်ကြီး,

[၂၄]ငမြတ်ရာ အသာ အနောက်ဝန်းကျင်စာရေး,
[၂၅]ငရွှေပွင့် အသာ စက်လွတ်သေနှ၊
လူပေါင်း ၂၅-တို့ကို ရေစင်မြခန့်တော်မူသည်။

----- x -----

## (၄) ဆေးတိုက်မြဲ ခန့်တော်မူသည့် စာရင်း

[၁]ငစံလှဘော်၊ နံ-၁၊ အသက် ၁၅-နှစ်၊ အသာ နန္ဒဝေသော်,
[၂]ငဝါ၊ နံ-၁၊ အသက် ၁၅-နှစ်၊ အသာ ငမြတ်,
[၃]ငပို၊ နံ-၀၊ အသက် ၁၈-နှစ်၊ အသာ သီရိပျံချီ,
[၄]ငသာလှ၊ နံ-၄၊ အသက် ၁၇-နှစ်၊ အသာ ငထွန်းပ,
[၅]ငသာပင်၊ နံ-၀၊ အသက် ၂၃-နှစ်၊ အသာ ငတိုး,
[၆]ငသူ၊ နံ-၆၊ အသက် ၁၉-နှစ်၊ အသာ ဒိုင်းမှူး,
[၇]ငမြတ်စံ၊ နံ-၁၊ အသက် ၁၆-နှစ်၊ အသာ သံတော်ဆင့်ဟောင်း,
[၈]ငနွေး၊ နံ-၂၊ အသက် ၂၀-နှစ်၊ အသာ ငဝ,
[၉]ငမှူး၊ နံ-၄၊ အသက် ၂၀-နှစ်၊ အသာ ငလွှမ်း,
[၁၀]ငရွှေစ၊ နံ-၁၊ အသက် ၁၇-နှစ်၊ အသာ ငစံအောင်,
[၁၁]ငရွှေကြာ၊ နံ-၄၊ အသက် ၂၂-နှစ်၊ အသာ သိခ်နန်သူ,
[၁၂]ငသာဦး၊ နံ-၃၊ အသက် ၂၀-နှစ်၊ အသာ တုရင်ကျော်သူ,
[၁၃]ငပန်းသာ၊ နံ-၆၊ အသက် ၂၁-နှစ်၊ အသာ ငမြတ်သူ,
[၁၄]ငပန်းညို၊ နံ-၂၊ အသက် ၂၃-နှစ်၊ အသာ ငမြတ်ထင်,
[၁၅]ငသာဧ၊ နံ-၁၊ အသက် ၁၉-နှစ်၊ အသာ ငကြာရှမ်း,
[၁၆]ငသာရွဲ၊ နံ-၀၊ အသက် ၂၀-နှစ်၊ အသာ သူရဇေယကျော်,
[၁၇]ငပုံ၊ နံ-၃၊ အသက် ၁၅-နှစ်၊ အသာ ငဝ,
[၁၈]ငမှိုင်း၊ နံ-၄၊ အသက် ၁၅-နှစ်၊ အသာ ဇေယဝေသူ,
[၁၉]ငမြတ်ရွဲ၊ နံ-၁၊ အသက် ၁၅-နှစ်၊ အသာ ကျီစာရေး,

[၂၀]သောအုပ်၊ နံ-၁၊ အသက် ၁၃-နှစ်၊ အဘ အမွေဝန်,
[၂၁]သောထွန်းဖြူ၊ နံ-၄၊ အသက် ၂၀-နှစ်၊ အဘ စက္ကဝေရကျော်,
[၂၂]သောရ၊ နံ-၁၊ အသက် ၂၀-နှစ်၊ အဘ နောက်တော်ပါ မြင်းစာရေး,
[၂၃]သောရ၊ နံ-၂၊ အသက် ၁၅-နှစ်၊ အဘ ယွန်းသံဆင့်,
[၂၄]ငရွှေရောက်၊ နံ-၃၊ အသက် ၁၆-နှစ်၊ အဘ အိမ်ရှေ့နားခံ,
[၂၅]ငမြတ်သာ၊ နံ-၅၊ အသက် ၁၅-နှစ်၊ အဘ နောက်ဝန်းကျင်စာရေး,
[၂၆]ငရွှေဆွဲ၊ နံ-၃၊ အသက် ၁၅-နှစ်၊ အဘ သီဟဝေသူ,
[၂၇]ငရွှေဝါ၊ နံ-၃၊ အသက် ၁၅-နှစ်၊ အဘ ရင်း,
[၂၈]ငကတူး၊ နံ-၂၊ အသက် ၃၀-နှစ်၊ အဘ မင်းငယ်ကျော်ထင်,
[၂၉]ငသာ၊ နံ-၄၊ အသက် ၁၅-နှစ်၊ အဘ တုရင်စန္ဒ,
[၃၀]ငကရင်၊ နံ-၃၊ အသက် ၁၆-နှစ်၊ အဘ ငွေခွန်စာရေး၊

လူပေါင်း ၃၀-တို့ကို ဆေးတိုက်မြခန့်တော်မူသည်။

----- x -----

## (၃) ဆင်တော်သည် ခန့်တော်မူသည့်စာရင်း

[၁]ငပို၊ နံ-၂၊ အသက် ၂၇-နှစ်၊ ဗညားဖြတ်သွောက်,
[၂]ငရွှေညွန့်၊ နံ-၃၊ အသက် ၁၅-နှစ်၊ ရင်း,
[၃]ငရွှေပြို၊ နံ-၂၊ အသက် ၂၇-နှစ်၊ ဗညားကျန်းတောသွောက်,
[၄]ငချင်၊ နံ-၆၊ အသက် ၁၈-နှစ်၊ စက္ကဘယသွောက်,
[၅]ငပို၊ နံ-၁၊ အသက် ၁၃-နှစ်၊ ဗညားကျန်းတောသွောက်,
[၆]ငတာရဲ၊ နံ-၂၊ အသက် ၁၉-နှစ်၊ ရင်းသွောက်,
[၇]ငရွှေအိပ်၊ နံ-၄၊ အသက် ၁၀-နှစ်၊ ပိုက်သင်ရန်သွောက်,
[၈]ငထွန်းမြ၊ နံ-၅၊ အသက် ၃၀-နှစ်၊ သိခ်ဒေဝသွောက်,
[၉]ငဘော်ရ၊ ဗညားကျန်းတောသွောက်,
[၁၀]ငရွှေထွန်း၊ ရင်းသွောက်,

[၁၁]ငရန်မျိုးအောင်၊ ရင်းသွောက်,

[၁၂]ငခွေး၊ ရင်းသွောက်၊

လူပေါင်း ၁၂-တို့ကို ဆင်တော်သည် ခန့်တော်မူသည်။

- ပန်းတည်းခေါင်း ငထင်ဦးနှင့် လူ-၁၀၊
- ကြေးသွန်းခေါင်း ငမြတ်ပွင့်နှင့် လူ-၁၀၊
- ပန်းပဲ စက္ကသူရကျော်တို့နှင့် လူ-၁၀၊
- အဆောင်နီသွောက်ကြီး သီရိဗလကျော်သူနှင့် လူ-၁၀၊
- လက်နက်တိုက်သား ငကျော်လှနှင့် လူ-၁၀၊
- အသုံးတိုက်သား မီးသွေးတိုက်ကလည်း-၁၀၊
- ပန်းပွတ်တိုက်သား ရာစု ယိုးဒယားလူ-၃၀၊
- ကျိုင်းသိုင်းအောက်ပါ မွန်သူရဲက လူ-၁၀၊
- ဝေါသား ရင်းက လူ-၁၀၊
- ရှေးတော်ပြေး စာတိုးက လူ-၇၀၊
- ကျီတော်သားက လူ-၁၀၊
- ရှေ့ရုံးစေ ရင်းက လူ-၁၀၊
- ရှေ့တံခါးသား ရင်းက လူ-၁၀၊
- ရှေ့တော်ပြေး အဆော်နှင့် အကြပ်စာရေးလက်ရှိ လူ-၁၂၊
- ရင်းသိပ္ပက္ကန္ဒနှင့် လူ-၁၀၊

ပေါင်းလူ-၂၅၇ (၂၃၂)။

- စားတော်သားငပိုက်နှင့် လူ-၁၀၊
- သေနတ်အိမ်လုပ် ငထွန်းနှင့် လူ-၁၀၊
- စပ်သမား ငထွန်းကျော်နှင့်

လူပေါင်း-၂၂။

- ရွှေတိုက်ဝန်စုက ပေးဘွဲ့ရန် ပညာဇေတုနှင့် ပန်းထိမ်-၁၀၊
- လက်ာဇလနှင့် ပန်းပွတ်-၁၀၊
- ဝင်းငစံပနှင့် လက်သမား-၁၀၊
- စန္ဒယော်နှင့် လှ-၁၀၊
- မန္တရပ်နှင့် လှေလုပ် လူ-၅၊
- စိတ္တနဝနှင့် ပန်းပု-၅၊
- စိတ္တသိခ်နှင့် ရွှေသမား-၅၊
- ငရွှေဦး, ငဘော်ရတို့နှင့် ပန်းချီ,ပန်းရေးသမား-၁၀၊
- ငပူပနှင့် ဆင်စွယ်ပွတ်-၅၊
- မဏိနန္ဒနှင့် ကျောက်သွေးသမား-၅၊

- ငအောင်လုံး, ငစံတို့နှင့် သစွေးသုတ်- ၅၊
- သုတလက်ာ နဝရပ်သူတို့နှင့် ဗိသုကာ-၂၊ - ငပေါက်စံနှင့် အချုပ်လူ-၁၀၊
- ကြောနှင့် ရင်းလူ-၁၅၊ - စိတ္တမဏိကျော်နှင့် မျက်ပါး-၁၀၊

ပေါင်း-၁၁၇။

- သဘင်စု မြန်မာဆိုင်း ဇော်တသီရိနှင့်-၈၊ - အကႏ မိအိမ်-၁၊
- အက မိမြတ်လေး-၁၊ - မွန်နဲ့-၁၊
- မွန်ပုံနှင့်-၁၀၊ - အဆော် ငမြတ်ဖြူ- ၁၊
- အက မိထွတ်-၁၊

ပေါင်း-၂၃။

- ရေကြည်တော် ဥဒိန်ပုံချိနှင့်-၁၀၊ - နောက်ဝန်စု မိဝါတိုး, မိရိုက်ပါနှင့်-၃၊
- အုံးလွှမ်းယက် မိလှေးရီနှင့်-၃၊ - ဗိုင်းတာ မိတိုးရီနှင့်-၅၊
- ဝင့်သီး မိမွတ်နှင့်-၁၀၊ - ထုံသင်းသွေး မိစံပြည့်နှင့်-၇၊
- စားတော်ဆန်ဖွပ် ငကုလားနှင့်-၂၊
- သူငယ်တော် တံခါးသား ဒွါရကျော်သူနှင့်-၁၀၊
- ကျားရွာနေ ကျော်အောင်ထိန်းနက် နွား-၁၀၀၊
- နောက်ရုံးစေ ငဖြူနှင့်-၅၊ - တင်တော် ငကြြင်သူနှင့်-၂၊

ပေါင်း-၁၅၈(*၁၅၇*)။

- ရှင်မိဘုရားဝန်စု အထိန်းတော်-၁၊ - အချီတော်-၁၊
- အိပ်ရာတော်ခင်း-၁၊

ပေါင်း-၃။

----- x -----

## (ပ) မှူးမတ်တို့ သမီးစာရင်း

[၁]မိရွှေ-၁၊ အဘ ကျိဝန်ဟောင်း, [၂]မိအောင်-၁၊ အဘ စဉ်းတပြစ်ကြီး,
[၃]မိမင်းငြိမ်း-၁၊ အဘ ငသာရ, [၄]မိကွန်း၊ အဘ ငပြူး,
[၅]မိမင်းရာ၊ အဘ ရဲကျော်ဒိဗ္ဗသူ, [၆]မိအူချာ၊ အဘ ငမြတ်ပေါ်,

၇မိဥ၊ အဘ ခွေး,
၈မိဒါထီ၊ အဘ ကောင်း,
၉မိငြိမ်းသာ၊ အဘ မြေတ်သာ,
၁၀မိပိုက်၊ အဘ မြင်းခုံတိုင်မြို့စာရေး၊
ပေါင်း -၁၀။

- မန္တန်သမား မြေတ်သာနှင့်-၂၊
- ဗေဒင်သမား မြေတ်ဘော်နှင့်- ၂၊
- လူပညာရှိ စံလှနှင့်-၂၊
- ဆေးသမား သူနှင့်-၂၊
- ပရိတ်ရွတ် စံရွှန်းနှင့်-၂၊
- ပုဏ္ဏားပညာရှိ အိမ်နိုးနှင့်-၂၊
ပေါင်း-၁၂။

----- x -----

## (ဃ) နောက်တော်ပါ မြင်းစုစာရင်း

- ပုခန်းမြင်းတပ်စား သွောက်မြင်းစီး-၂၄၊ မြင်းပေါင်း-၂၅၄၊ ၂-စု ၂၇၈။
- ဒဝယ်မြင်း မြင်းစီး-၈၊ မြင်းပေါင်း-၁၁၄၊ ၂-စု ၁၂၂။
- လုံပေါ်မြင်း မြင်းစီး-၇၊ မြင်းပေါင်း-၁၈၈၊ ၂-စု ၁၉၅။
- တန့်ကျည်းစား သွောက်မြင်းစီး-၁၆၊ မြင်းပေါင်း-၁၂၉၊ ၂-စု ၁၄၅။
- နန္ဒသေန သွောက်မြင်းစီး-၅၊ မြင်းပေါင်း-၁၂၀၊ ၂-စု ၁၂၅။
- ကျွဲတပ်စား သွောက်မြင်းစီး-၂၊ မြင်းပေါင်း-၂၂၊ ၂-စု ၂၄။
- မရှောက်စား သွောက်မြင်းစီး-၆၊ မြင်းပေါင်း-၅၉၊ ၂-စု ၆၅။
- ညောင်စဉ်စား သွောက်မြင်းစီး-၂၊ မြင်းပေါင်း-၁၈၊ ၂-စု ၂၀။
- ရေမြက်ကြီးစား သွောက်မြင်းစီး-၁၊ မြင်းပေါင်း-၂၁၊ ၂-စု ၂၂။
- သဲကျည်စား သွောက်မြင်းစီး-၅၊ မြင်းပေါင်း-၅၄၊ ၂-စု ၅၉။
- ဗန္ဓုကာဘယ သွောက်မြင်းစီး-၁၊ မြင်းပေါင်း-၂၊ ၂-စု ၃။
- လယ်မစား သွောက်မြင်းစီး-၂၊ မြင်းပေါင်း-၃၅၊ ၂-စု ၃၇။
- ပေါက်တောစား သွောက်မြင်းစီး-၈၊ မြင်းပေါင်း-၂၃၅၊ ၂စု-၂၄၃။
- ရန်တိပ္ပလ သွောက်မြင်းစီး-၁၊ မြင်းပေါင်း-၅၊ ၂-စု ၆။
- သဖန်းခါးစား သွောက်မြင်းစီး-၁၊ မြင်းပေါင်း-၁၇၊ ၂-စု ၁၈။

- အစုစုနောက်တော်ပါ မြင်းစီး-၈၈၊ မြင်းပေါင်း-၁၂၆၄၊ ၂-စု ၁၃၅၂။
- ၎င်းအဝင်သွောက်စား သူရဲလုလင်မှူး သွောက်မြင်းစီး-၁၊ အပေါင်း-၁၁၊ ၂-စု ၁၂။
- အတွင်းရွှေမှူး သွောက်မြင်းစီး-၂၊ အပေါင်း-၅၉၊ ၂-စု ၆၁။
- ဆင်ကဲစား သွောက်မြင်းစီး-၁၊ အပေါင်း-၃၊ ၂-စု ၄။
- ရန်စစ်စား သွောက်မြင်းစီး-၁၊ အပေါင်း-၁၄၊ ၂-စု ၁၅။
- ဘယသာယ သွောက်မြင်းစီး-၁၊ အပေါင်း-၂၊ ၂-စု ၃။
- မူသာစား သွောက်မြင်းစီး-၁၊ အပေါင်း-၁၊ ၂-စု ၂။
- မင်းရာဇာ သွောက်မြင်းစီး-၁၊ အပေါင်း-၂၊ ၂-စု ၃။
- သက်စု သွောက်မြင်းစီး-၁၊ အပေါင်း-၄၊ ၂-စု ၅။
- ဇေယျကျော်သူ သွောက်မြင်းစီး-၅၊ အပေါင်း-၉၊ ၂-စု ၁၄။
- လက်မြေ သွောက်မြင်းစီး-၄၊ အပေါင်း-၁၅၊ ၂-စု ၁၉။
- မရှောက်စား သွောက်မြင်းစီး-၃၊ အပေါင်း-၁၄၊ ၂-စု ၁၇။
- ဂွမ်းစား သွောက်မြင်းစီး-၂၊ အပေါင်း-၈၊ ၂-စု ၁၀။
- အစုစုမြင်းစီးပေါင်း-၁၂၁၊ မြင်းပေါင်း-၁၄၄၄၊ ၂-စု ၁၅၆၅။
- တပယင်းမြို့ပါမြင်း မန်ကျည်းအုပ်စား သွောက်မြင်းစီး-၁၊ အပေါင်း-၈၊ ၂-စု ၉။
- ကြခတ်စား သွောက်မြင်းစီး-၁၊ အပေါင်း-၁၂၊ ၂-စု ၁၃။
- ကန္နီစား သွောက်မြင်းစီး-၁၊ မြင်းပေါင်း-၁၄၊ ၂-စု ၁၅။
- မင်းဆွေနှစ်စား သွောက်မြင်းစီး-၁၊ မြင်းပေါင်း-၅၂၊ ၂-စု ၅၃။
- ကိုင်ကန်စား သွောက်မြင်းစီး-၁၊ အပေါင်း-၉၊ ၂-စု ၁၀။
- အောင်သာစား သွောက်မြင်းစီး-၁၊ အပေါင်း-၅၊ ၂-စု ၆။
- မြင်းစီးမီးကောက်စား သွောက်မြင်းစီး-၁၊ အပေါင်း-၄၊ ၂-စု ၅။
လှေကားကား ဆင်းရဲသားသော် သစ်လှေကား မလုပ်ရာ။ ဝါးဖြင့် ၃-ထစ်, ၅-ထစ် ပြုရာ၏။ အလျား, အနံ အိမ်တွင် လှေကားပေါင်နှင့်အမျှ မလုပ်ရာ။ **အမတ်ဖြစ်မှ သစ်ကို လုပ်ရာ၏။**

ပျဉ်ကိုကား အလျား ၄-တောင်, ၂-မိုက်၊ အစောက် ၂-တောင်, ၂-မိုက်၊ အနံကား ၁-တောင်, ၄-သစ်၊ ယက်မစွန်း ၂-တောင်, ၂-သစ်၊ အတုံးအစောက် ၂-မိုက်, ၇-သစ် လုပ်ရာ၏။ ခုံတိုင် ၆-ချောင်း အလျား ၆-တောင်။ လျှောက် ၂-လုံး အလျား ၄-တောင်, ၁-မိုက်၊ ကျင်ပုအစွန်း ၂-မိုက်, ၆-သစ်။ ထုပ် ၃-လုံး အလျား ၂-တောင်, ၆-သစ်၊ ကျင်ပုအစွန်း ၂-မိုက်, ၆-သစ်။ အောက်ခုံ အလျား ၇-တောင်၊ အစွန်း ၁-တောင်, ၁-မိုက်, ၄-သစ်၊ ထုပ် ၅-တောင်, ၄-သစ်၊ အစွန်း ၁-တောင်, ၂-မိုက်။ ဖိထင်း ၃-တောင်။ ထင်းခြား အရှည် ၉-တုံး, ၃-တောင်။

ဗိတာန် အလျား ၆-တောင်၊ အနံ ၄-တောင်၊ ဗိတာန်တိုင် စန္တား ယမား ရွှေအိုးပြစ်, ငွေအိုးပြစ်, ရွှေမြူတာ, ငွေမြူတာ, ရွှေတကောင်း, ငွေတကောင်း, ရွှေဖာချုပ်, ငွေဖာချုပ်၊ တိုင်ကား ၆-တောင်စီ ပြုရာ၏။

သန့်လျှင်း အလျား ၆-တောင်, ၂-မိုက်၊ အနံ ၃-တောင်။ သန့်လျှင်းပေါင် ၄-တောင်, ၁-မိုက်, ၄-သစ်။ သန့်လျှင်းချိတ် ၁-တောင်, ၂-မိုက်။ သန့်လျှင်းနေ ၅-တောင်။ သန့်လျှင်းဖုံး ၄-စပ်၊ အလျား ၈-တောင် ပြုရာ၏။

ငှက်ချေးခံတိုင် ၄-ချောင်း စိုက်ရာ၏။ အထက် မျက်နှာကြက် အလျား, အနံ ၆-တောင်စီ ၄-စပ် ပြုရာ၏။

**အစီအစဉ်ကား-**

- ရွှေဖျား မီးအိုး၊ သည့်နောက် ➤ - ဖိထင်း၊ သည့်နောက်
- မီးသတ်အိုး၊ သည့်နောက် - စန္တား၊ သည့်နောက်
- ယမား၊ သည့်နောက် - ငွေအိုးပြစ်၊ သည့်နောက်
- ရွှေအိုးပြစ်၊ သည့်နောက် - ငွေမြူတာ၊ သည့်နောက်

- ရွှေမြူတာ၊ သည့်နောက်
- ရွှေတကောင်း၊ သည့်နောက်
- ရွှေဖာချုပ်၊ သည့်နောက်
- ပုဆိုး၊ သည့်နောက်
- သာလူ၊ သည့်နောက်
- ကတ္တူနီ၊ သည့်နောက်
- ခါသာ၊ သည့်နောက်
- ကွမ်းဘူး၊ သည့်နောက်
- မွေ့ရာတင်စင်၊ သည့်နောက်
- အရိုးကောက်စင်၊ သည့်နောက်
- ပေါင်းဝန်း၊ သည့်နောက်
- ထွေးအင်၊ သည့်နောက်
- လက်ဖက်အိုး၊ သည့်နောက်
- ကွမ်းခွက်၊ သည့်နောက်
- ထမ်းစင်၊ သည့်နောက်
- အလောင်း၊ သည့်နောက်
- ငွေတကောင်း၊ သည့်နောက်
- ငွေဖာချုပ်၊ သည့်နောက်
- လက်ဖက်၊ သည့်နောက်
- ဖျင်၊ သည့်နောက်
- ကမံ၊ သည့်နောက်
- ပိတ်၊ သည့်နောက်
- ရမတီ၊ သည့်နောက်
- စည်၊ သည့်နောက်
- ကုဗ္ဘီး၊ သည့်နောက်
- ပူဇော်ပွဲ၊ သည့်နောက်
- မြင်း၊ သည့်နောက်
- ခမောက်၊ သည့်နောက်
- သောက်ရေ၊ သည့်နောက်
- ကျိုင်း၊ သည့်နောက်
- ဗိတာန်၊ သည့်နောက်
- ခုံပျဉ်၊ သည့်နောက်
- သန်လျင်း။ (နံ့သာတုံးပါလျှင် ဖိတုံးနောက် စဉ်စေရာသည်။)

လူတကာတို့ လိုက်နာကျင့်ဆောင်ရန် သေမှု၊သေခမ်း လောကသင်္ကေတစာတမ်းမှ ထုတ်နုတ်အပ်သော မှတ်ဆစ်ကား ပြီး၏။

* * * * * *

## ၂။ သာလွန်မင်းတရားကြီး အလောင်းတော်ကို သင်္ဂြိုဟ်တော်မူသည့် စာတမ်း

[ အောက်၌ ထုတ်ဆောင်လတ္တံ့သော သင်္ဂြိုဟ်စာတမ်းများမှာ ကောဇာခုနှစ်၊ သက္ကရာဇ် ရှေ့,နောက်ကို ပဓာန မပြု၊ အမြွတ်, အနိမ့်ကိုသာ ပဓာနပြုသော စာတမ်းများ ဖြစ်ပါသည်။ စာတမ်းပါ သက္ကရာဇ်ခုနှစ်အရ ၎င်းခုနှစ်နှင့်ဆိုင်သော မင်းတို့လက်ထက်က-ဟူ၍ မှတ်ယူတော်မူကြပါ။ မရှေးမနှောင်း မင်းကောင်း,မင်းမြတ်တို့လက်ထက် ပြုလုပ်ဆောင်ရွက်ကြသော စာတမ်းများအနက် အမြွက်သိရုံမျှ ထုတ်ဆောင်၍ ပြပါအံ့။]

သက္ကရာဇ် ၁၀၁၀-ခု၊ တော်သလင်းလဆန်း၊ ၁၀-ရက်၊ ကြာသပတေးနေ့ ခွေနန်းသခင် မင်းတရားကြီး နိဗ္ဗာန်ယူသည်။ သက်တော်-၆၅၊ နံတော်-၁၊ အလောင်းတော်ကို ရေသုံးသပ်ပြီးကာလ ကတိုး, ဘုမ္မသိန်, နံ့သာသုံးသပ်ပြီးမှ ပေါင်းပီစွပ်၍ ခြေမကြိုး, လက်မကြိုး၊ ပုလဲသွယ် ၃-ပတ်စည်း၍ ရွှေဖယောင်းပုဆိုးနှင့် အလောင်းတော်ကို အုပ်၍ ပုလဲသွယ် ၃-တန့်စည်းပြီးမှ အလောင်းတော်ကို ရွှေဖထိုင်တွင် သင်ဖြူးခင်းပြီးမှ သင်ဖြူးပေါ်တွင် မွေ့ရာခင်း၍, အလောင်းတော်ကို ပုဆိုး ၆-ထပ်လွှမ်း၍, ပုဆိုးပေါ်တွင် ငွေဖျင်လွှမ်း၍, ပုဆိုးပေါ်တွင် ရွှေဖျင်လွှမ်း၍ ထားသည်။

အလောင်းတော်ထား ဗိတာန်ကြာယပ်ထု ရွှေညောင်ရွက် ၄၄-ချပ်ဆွဲသည်။ သရက်ရွက် ၈-ချပ် ဆွဲသည်။ ဗိတာန်တိုင်ကို ကတ္တီပါ မွှမ်း၍ ရွှေပြား ၃-တန့် ကွပ်သည်။ ရွှေညောင်ရွက်ကြီးလည်း အလယ်တွင် ရွှေကြိုးနှင့် ဆွဲသည်။ ထီးဖြူ ၂-စင်း အုပ်သည်။ ခေါင်းရင်းတော်က ကျင်းသည်။ ခြေဆေးအင်တော်, ထွေးအင်တော်, သောက်တော်ရေ, လက်ဖက်အိုးတော်, ခမောက်တော်, ကွမ်းခွက်တော်, လှံတော်, သောက်တော်, ဆေးတံတော်, ယပ်တော်, ဝတ်လုံတော် ပတ်ခြံ၍ ကျင်းသည်။ ဖျဉ်ကို အတွင်း,ပြင် ရွှေထည့်သည်။ ကံပတ်ကို ရွှေပုစွန်ခွံမွှမ်း၍ ပတ္တမြားစီရွှေမော်ပွင့် သတ်သည်။

သန်လျင်း အတွင်း,ပြင်ကို ကတ္တီပါ မွှမ်းသည်။ ပြင်ပ ပတ္တမြားစီမော်ပွင့် သတ်သည်။ သန်လျင်းပေါင်ကို ရွှေပြည့်ချ၍ ကတ္တီပါမွှမ်း၍ ရွှေပြား ၃-တန့် ပတ္တမြားစီ တဖက် ၃-တန့်ကွပ်သည်။ သန်လျင်းဖုံးကို ကတ္တီပါမွှမ်း၍ ပတ္တမြားစီမော်ပွင့် သတ်သည်။ ရွှေညောင်ရွက်လည်း ဆွဲသည်။ သချိုင်းတော်ကို တန်ဆောင်း ၃-ထပ်၊ ငှက်ချေးခံ ကြာယပ်ထု ရွှေညောင်ရွက် ၄၄-ချပ် ဆွဲသည်။ ငှက်ချေးခံတိုင် အနီသုတ် အထွတ်ရွှေချ ကွန်ရက်ခံ ၆-ချောင်း၊ သံကွန်ရက် အလျား ၅-တောင်၊ အနံ ၂-တောင်, ၆-သစ်၊ ထင်းခြား အရှည်

၉-တုံး, ၅-တောင်စီ၊ အတို ၉-တုံး, ၃-တောင်စီ။ စမြင်းတိုင် ၆-ချောင်း၊ နံ့သာကို ပွတ်၍ သံကွန်ရက် ၆-ချောင်း၊ ရွှေပြည့်မီးလောင်တိုက်ကို ရမတီ ကာသည်။

**အစီအစဉ်ကား-** ရှေ့ဖျားမီးအိုး ရွှေပြည့်ဖိထင်း ၅-တုံး၊ နံ့သာရွှေပြည့် ကတ္တီပါ မွှမ်း မီးသတ်အိုး ၁၀-လုံး၊ ရွှေပြည့်၊ စန္ဒား၊ ယမား၊ ငွေအိုးပြစ်, ရွှေအိုးပြစ်၊ ငွေမြူတာ, ရွှေမြူတာ၊ ငွေတကောင်း, ရွှေတကောင်း၊ ငွေဖာ, ရွှေဖာ၊ အရိုးကို ကတ္တီပါမွှမ်းသည်။ သည့်နောက် လက်ဖက်၊ သည့်နောက် သာလူ၊ သည့်နောက် ခါသာ၊ သည့်နောက် ရမတီ၊ သည့်နောက် ကွမ်းဘူး ၁၀-လုံး၊ သည့်နောက် စည်ဝန်း, စည်ပြော, စည်ပုတ်, ပုံ, နှဲ, ခရာ, လက်ချပ်, လင်းကွင်း၊ မွေ့ရာတင် ဆင်ပေါင်းရွှေက၊ စားတော်ပွဲတင် ရွှေထမ်းစင်၊ ရွှေဝတ်လုံ တော်ဝတ်၍ ထီးဖြူတော် အုပ်သည်။ အရိုးတော်ကောက် သရေပုညာကို ရွှေပတောင်းတွင် ရွှေညောင်ရွက် ၇-ချပ်ဆွဲ၍ ရွှေပန့်ပိုး*(ဘန့်ဘိုး)*တွင် အပေါက် ၁,၀၀၀-သွတ်၍ ပန်းတောင်း တွင် တင်မှ သရေပုညာကို ပိုက်စေ၍ ထီးဖြူအုပ်၍ စီးရသည်။ အရိုးဆေး တရော်ကင်ပွန်း, နံ့သာရည်, ကတိုး, ဘုမ္မသိန်, အုန်းရည်များကို ရွှေကလာပ်နှင့် ပိုက်၍ ပူဇော်ပွဲလိုက်ရသည်။

စီးတော်မြင်းရွှေက စံယဉ်ကျော်၊ စီးတော်ဆင် ရွှေကြိုးပတ္တမြားစွယ်၊ ရွှေပြည့်လုလင်၊ စီးတော်ဆင်ယာဉ်တော်၊ သန်လျင်းပေါင်း ဝန်းကြီးနီ၊ သည့်နောက် ရတနာရွှေက အစည် ပေါင်းရွှေကြိုး၊ ခြေဆေးအင်တော် ပြည်ကြီးသပေါက် ငချမ်းသာ၊ ထွေးအင်တော်ရွှေသပေါက် မှူး၊ လက်ဖက်အိုးတော် ငဖြူ သောက်တော်ရေ မြောင်ဦးစား၊ စားတော်ကွမ်း နန္ဒသီရိ၊ လက်သုံးတော်ဓား ရမ္မယော်ထာ၊ ဆေးတံတော် ငရဲလှ၊ ယပ်တော် ငဖြိုးမှန်၊ လုံ့တော်ကျိုင်း တော် ၈-စင်း၊ ဝေါတော်၊ သည့်နောက်မှ အလောင်းတော်ထည့်သည့် ပတ္တမြားစီတလားကို မှူးသား,မတ်သား, လက်ကြပ် ကိုင်ရသည်။ သည့်နောက် အလောင်းတော်ကို သန်လျင်းနှင့် မင်းသား, မင်းမြေး, မှူးကြီး, မတ်ရာ မ၍ ထမ်းရသည်။ သန်လျင်းပေါ်တွင် ခါသာ ၁-အုပ်ချည်၍ မှူးသား, မတ်သား ၇-ယောက်၊ ထီးဖြူ ၄-စင်းအုပ်၍ ယမြား ငင်သည်။ သင်္ဂြိုဟ်သောအခါ ဖို ၆-ဖိုကို ရွှေအပြည့်ချ၍ ထိုးရသည်။

သင်္ဂြိုဟ်ပြီးလျှင် အရိုးတော်ကို ရွှေပန့်ပိုးတွင် ရွှေလင်ပန်း အပေါက် ၁,၀၀၀-တင်၍ ရွှေညောင်ရွက် ၇-ချပ်ခင်း၍ အရိုးတော်ကို သရေပုညာကို ၇-ကြိမ်ကောက်စေ၍ ရေနှင့် ၇-ကြိမ်ဆေးပြီးမှ တရော်ကင်ပွန်းနှင့် ၇-ကြိမ် ဆေးပြန်သည်။ အုန်းရည်နှင့်လည်း ၇-ကြိမ်၊ နံ့သာ, ကတိုး, ဘုမ္မသိန်, ကရမက်ရေနှင့်လည်း ၇-ကြိမ် ဆေးပြန်သည်။ သို့မှ အရိုးတော်ကို ရွှေပန့်ပိုးတွင် ထည့်၍ သရေပုညာကို လွယ်စေမှ ထီးဖြူအုပ်၍ ရွှေလောင်း တော်တွင် တင်၍ မြစ်လယ်မှာ သရေပုညာကို သက်စေ၍ ၇-ကြိမ်နှစ်ပြီးမှ ရေတွင် ချသည်။

* * * * * *

## ၃။ မိဖုရားခေါင်ကြီး လွန်တော်မူရာ သင်္ဂြိုဟ်စာတမ်း

သက္ကရာဇ် ၁၀၂၀-ခု၊ ပဌမဝါဆိုလဆန်း၊ ၇-ရက်၊ သောကြာနေ့တွင် ဘဝရှင်မင်းတရားကြီး၏မိဖုရား နံတော် ၆-ကြွာ၊ သက်တော်-၃၀၊ မီးဖွားသည်။ မိုးသောက် ၃-ချက်တီးကျော် ၅-နာရီကျော်တွင် အနောက်ဇေတဝန် အမခန်း မာရဘင်သွင်းတွင် သေလွန်တော်မူသည်။ လွန်ပြီးလျှင် သမီးတော်ကို ကင်ပွန်းပေးပြီးမှ အလောင်းတော်ကို သုတ်သင်သည်။ သုတ်သင်ပြီးမှ တရော်ကင်ပွန်း, ဆီ, နနွင်း, အမွှေးထည့်သည်။ တရော်ကင်ပွန်းထည့်သည်။ ဆီထည့်သည်၊ နနွင်းထည့်သည်၊ ရွှေဖလား ၄-လုံး၊ သုံးသပ်ပြီးလျှင် ရမတီပေါင်းပီ စွပ်သည်။ စွပ်ပြီးမှ ကိုယ်တော်စည်း ၃-တန့် ပုလဲသွယ်ကြိုးနှင့် စည်းသည်။ ခြေမကြိုး,လက်မကြိုးလည်း စည်းသည်။ ခြေမကြိုး, လက်မကြိုး၊ ပုလဲသွယ် စည်းပြီးမှ ဖယောင်းပုဆိုး အတွင်း,ပြင်ကို ရွှေပြည့်ချ၍ ထုပ်သည်။ ထုပ်ပြီးမှ ပုဆိုးဖြူ ၇-ထပ် လွှမ်းသည်။ အလောင်းတော်ထား ဗိတာန်ငယ် ကြာယပ်ထုတိုင် ၆-ချောင်း ရွှေပြည့်ရမတီမွှမ်းသည်။ ရွှေညောင်ရွက် ဆွဲသည်။ ညောင်ရွက်ကြီးလည်း, ရွှေကြိုးနှင့် ဗိတာန်လည်း အလောင်းတော်အပေါ်တွင် ဆွဲသည်။

**မင်းခမ်း,မင်းနား အဆောင်အယောင်မူကား-**

မဆောင်မကျင်းသင့်-ဟူ၍ မကျင်းပ။ ပျဉ်ကို အတွင်း,ပြင် ရွှေထည့်ပြီးမှ ပြင်ကို ရမတီမွှမ်း၍ ကံပတ်ကို ရွှေပုစွန်ခွံ မွှမ်းသည်။ ပျဉ်ကိုယ်မှာ ရွှေမှော်ကျောက်စီ ကြသည်။ ထောင့်ကို လင်းနို့တောင် ကျောက်စီကွပ်သည်။ ကံပတ်-ဟူသမျှကို ကျောက်စီစိန်ပွင့်တပ်သည်။ ကံပတ်ပေါ်ကိုလည်း စိန်ပွင့်စီသည်။ ခေါင်းရင်းတော်က ပျဉ်ထုပ်တွင် ကျောက်စီစိန်ဘူးကြီး သတ်သည်၊ အဖုံးမှာလည်း သည်နည်း စီရင်သည်။

သန်လျင်းကို ရမတီမွှမ်း၍ အနားတစ်ပတ်လည် ရွှေပြားလက်မခန့် ၂-တန့်ကွပ်သည်။ အကြားကို ကျောက်စီရွှေမှော် ကြသည်။ သန်လျင်းရိုး ရွှေပိန်းတွင် ရမတီ မွှမ်း၍ အဖျား ၂-ဖက်ကို ရွှေပြားလက်မခန့် ကျောက်စီ ၃-တန့် ကွပ်သည်။ သန်လျင်းချိတ်ကို ရွှေပိန်းထည့်သည်။ သန်လျင်းဖုံး ရမတီအမြိတ် ၂-ဖက် ပိုးချည်တပ်သည်။ အဖုံးကံပတ်လည် အနားကို ရွှေပြားလက်မခန့် ကွပ်သည်။ အဖျားကို ကျောက်စီရွှေမှော် တပ်သည်။ အမြိတ်ဖျားကို ရွှေကြက်တောင် စွပ်သည်။ ရွှေညောင်ရွက်လည်း ၁-ပတ်လည် ၂-ဆင့် ဆွဲသည်။ ကိုယ်မှာလည်း ရွှေမှော်ကျောက်စီ အပြည့်ကျဲသည်။ ဖိထင်း ၅-တုံး ရွှေပြည့်ရမတီ မွှမ်းသည်။ စမြင်းထင်းခြား အတို,အရှည်ကို ရွှေပြည့်ထည့်သည်။ မီးသတ်အိုး ၁၀-လုံး ရွှေပြည့်၊ မီးအိုး

ရွှေပြည့်၊ ကုဋ္ဌီးပွဲထမ်းစင် ရွှေပိန်း ရမတီမွမ်း၊ ထီးဖြူရွှေရိုးရွှေတံ ၄-စင်း၊ ရွှေညောင်ရွက်ဆွဲသည်။

သဈိုင်းမှာ တန်ဆောင်း ၃-ထပ်၊ တိုင်သစ်သား ရမတီမွမ်း၊ ကျင်ပု ရွှေမွမ်း၊ ငှက်ချေးခံ ကြာယပ်ထု မီးလောင်တိုက် ရာဇမတ် ၂-ထပ် ခါသာ ကာသည်။ မီးလောင်တိုက်အုတ်စီ သံကွန်ရက်ခံ သံ ၆-ချောင်း ရွှေပြည့်၊ သံကွန်ရက် ရွှေပြည့်၊ ဖို ၆-ဖို ရွှေပြည့်၊ ငှက်ချေးခံကြီး ရမတီမွမ်း၊ မင်းခမ်းမင်းနား စန္ဒား, ယမား, ဗိတာန်၊ ခုံအရိုးကောက်ဆင်,ဝေါ,ကျိုင်းသည်များကိုမူကား မီးယပ်နှင့် လွှန်တော်မူသောကြောင့် မကျင်းသင့်-ဟူ၍နေ့ချင်းပင် သဘြိုဟ်သည်။ ချသောအချိန် ၁-ချက်တီးကျော်လျှင် ချသည်။

သန်လျင်းထမ်း မှူးပျို, မတ်ပျို နေရာရ ထမ်း၍ ဝန်မင်းများရှေ့ တည်၍ လက်ဝဲမာရဘင်တံခါးကို ဝင်၍ ဗြတိုက်တော် မြောက်ကို သွားမှ အတွင်းမာရဘင် သန်းတံခါးကိုဝင်၍ နောက်ဇေတဝန် မြောက်လှေကားကို တက်၍ အလောင်းတော်ထားရာ ရွှေဖထိုင်သို့သန်လျင်းကို ယှဉ်စေ၍ အလောင်းတော်ကို ရာဇသိခ်တုရင်ကျော်သူ, သံပေါက်မှူးတို့နှင့်ချီ၍ သန်လျင်းသို့ သွင်းသည်။ သွင်းပြီးလျှင် လာသည့်လမ်းကို ထွက်ခဲ့၍ ချသည်။ အောက်သို့ ရောက်မှ သန်လျင်းရိုးတွင် ခါသာချည်၍ မင်းဆွေ,မင်းမျိုး မြင်းမှူး ၇-ယောက် ယမြားငင်ရသည်။ ထီးဖြူ ၄-စင်းအုပ်သည်။ မီးအိုး, မီးသတ်အိုး, ကွမ်းဘူးသည်များကို တုရင်-ကျော်သူ ရုံးသား မိန်းမ ရွက်၍ အစဉ်အတိုင်းသွားသည်။ မီးအိုးကို ဖွားဘက်ကျော်သားကိုင်ရသည်။ ပြင်မြေနန်း မြောက်သို့ ရောက်မှ ပျဉ်ကို စန္ဒစည်သူသွောက်, ဝေလုသုန္ဒရသွောက်, ဥဒိန်ဇေယျသွောက်, နန္ဒမိတ်သွောက်, ဇေယျဘယသွောက်, ဝင်းရုံးမြဲ လက်ဝဲရန္တမိတ်သွောက်, ဇေယျကျော်သွောက်, လူပျိုစုသည်များ ကိုင်၍ လိုက်ရသည်။ ထီးဖြူကိုင်လက်ယာမြင်း, ရှေ့မြင်း၊ ထီးဖြူခုံ ရမတီမွမ်းကို အသည် ထမ်းသည်။ ဖိထင်း ၅-တုံးဇင်းမယ်မြင်း ထမ်းသည်။ ကုဋ္ဌီးပွဲကို လွှတ်စေ၊ ငအောင်မြနှင့် ထမ်းသည်။

ထင်ခြား နန်းဦးမြင်း, ရှေ့မြင်းတောက်သားသွောက် ရွှေပြည့်စွန်စား၊ လက်ဝဲမြင်းဆင်ရွာစား သွောက်သည်များကို မီးလောင်တိုက်သို့ ပို့သည်။ နံ့သာကိုလည်း ၎င်းတို့ပင်ထုတ်သည်။ နှင်းပေါင်း ၂၀-မှာ ရွှေပြည်မြင်း, နောက်မြင်း, နန်းတော်အရှေ့မြောက်ထောင့်မြင်းစောင်း အရှေ့မြောက် ၅-တာခြားလောက်တွင် သဘြိုဟ်သည်။ အလှူလက်ဖက်ချောင်း-၁၀၀၊ ဖျင်-၂၀၀၊ ကမ်-၂၀၀၊ သာလူ-၈၀၀၊ ပိတ်-၂၀၀၊ ခါသာ-၄၀၀၊ ပတ်တူနီ-၂၀၀၊ သည်များကို လက်ဝဲတံခါးကို*(မှ)* ထုတ်၍ ရန်အောင်မြင်တံခါးကို*(သို့)* ထွက်၍ ရန်အောင်မြင်ဘုရား တံတိုင်းတွင်းမှာ လှူသည်။ အလုံးစုံ ထုတ်,သွင်းသည်မှာ လက်ဝဲတံခါးကိုချည်းထုတ်ရ, သွင်းရသည်။

ဘုန်းတော်ကြီးလှသောဘုရား ထွက်တော်မူ၍ လွှတ်တော်မြောက် ၇-တာခြား လောက်တွင် ဝေါတော်ရပ်၍ ကျွမ်းအောင် သဂြိုဟ်တော်မူသည်။ ဝေါတော်ရှေ့ ဝင်းခင်းသည်။ သဂြိုဟ်သည့် တန်စလုလင်ငယ် ပစ်စွန့် ထင်းတလား သန်လျင်းသည်များကို မြေနန်းမြောက် ရွှေတိုက်အရှေ့တွင် လုပ်သည်။ ထွက်တော်မူသောခါ စည်တော်မတီး၊ ဆွမ်းစိမ်းလှူတော်မူသည်။ ဆန်-၁၀၀, ဆား-၅၀၀, ငရုတ် ၂၀၀-လှူတော်မူသည်။ ပြည်မှာ ကထိန်တော် ရခိုင်ဆရာ၊ ပုဂံတွင် ကထိန်တော် ရခိုင်ဆရာ၊ ရွှေပြည်တော်တွင် တကာမရှိ၊ ရဟန်းဆင်းရဲများကို ခါသာ-၂၀၀၊ သာလူ ၂၀၀-ထပ်၍ လှူတော်မူသည်။

* * * * * *

## ၄။ မယ်တော်လွန်တော်မူရာ သဂြိုဟ်သောစာတမ်း

သက္ကရာဇ် ၁၀၁၄-ခု၊ တပေါင်းလပြည့်ကျော်၊ ၂-ရက်၊ စနေနေ့တွင် မင်းတရားမယ်တော် လွန်တော်မူသည်။ လပြည့်ကျော်၊ ၄-ရက်၊ ၂-လံနေ့ သဂြိုဟ်တော်မူသည်။ အလောင်းတော်ကို ရမတီဖယောင်းပုဆိုး ရွှေကိုယ်ပြည့် ချသည်။ အလောင်းတော်ထားသည့် ဖထိုင် ရွှေပြည့်ထည့်သည်။ ဗိတာန် ကြာယပ်ထု အမိုးခါသာ ဗိတာန်တိုင်ကို ရွှေချ၍ ကတ္တီပါမွှမ်းသည်။ ရွှေပြား ၃-တန့်ကွပ်သည်။ ရွှေပြား ဗျက် ၄-သစ်ခန့်၊ ဗိတာန်ကြာယပ်ထု အလျား မီးယပ်ပေါင်ဝါးကို ကတ္တီပါ မွှမ်းသည်။ သရက်ရွက် ၈-ချပ်၊ ညောင်ရွက်-၄၀၊ တမုတ်ကြိုးနှင့် ဆွဲသည်။ ပန်းပွါးရွှေကတော့ ရွှေသား-၂၄၊ ရွှေဖလားဆီထည့်၊ နန္ဒင်းထည့်၊ တရော်, ကင်ပွန်းထည့်၊ ပျဉ်ကို အတွင်း,ပြင် ရွှေပြည့်ထည့်သည်။

ပျဉ်ကို ကတ္တီပါမွှမ်း၍ ရွှေမှော်ကြဲသည်။ ကမွတ်ထောင့်ကို စိန်ပွင့်ကျောက်တပ်စီသည်။ ကမွတ်ပုစွန်ခွံပေါ်ကို ပတ္တမြားစိန်မှော်ပွင့် သတ်သည်။ အဖုံးမှာ သည်နည်းရင်းသတ်သည်။ ခုံကို ရွှေပြည့်၊ ခုံတိုင် ရွှေပြည့်၊ ခုံတိုင်ကျင်ပုတွင် ရွှေညောင်ရွက် ၁-ချပ်စီဆွဲသည်။ ညောင်ရွက် ၁၀-ချပ်၊ သန်လျင်းကတ္တီပါ ၂-အုပ်၊ အမြိတ်ကို ရွှေ ၂-တန့်စီကွပ်သည်။ ရွှေအကြား ပတ္တမြားစီမှော်ပွင့် တပ်သည်။ သန်လျင်းဖုံး ကတ္တီပါ ၄-စပ် အမြိတ် ၂-ဖက်ကို ပိုးနီ ကွန်ချာရစ်၍ ရွှေညောင်ရွက် ၄၈-ချပ် ဆွဲသည်။ အမြိတ်ဖျား ရွှေကတော့ စွပ်သည်။ ကတော့-၆၃၊ အနားတစ်ပတ်လည် ရွှေလက် ၁-သစ်ခန့် ကွပ်သည်။

သန်လျင်းရိုး ရွှေပိန်း ကတ္တီပါမွှမ်း၊ သန်လျင်းဖုံးမှာ ရွှေမှော် ၄၃-ပွင့်၊ သင်းချိုင်းသို့ဆောင်သည့် စီးတော်မူသည့် ဝေါပေါင်း၊ ဦးစီး ၄-ယောက်နှင့်တကွ ဆင်ပေါင်းရွှေရေးဆင်နှင့် ထီးဖြူ ၄-စင်း၊ ရွှေရိုး, ရွှေတံ, ညောင်ရွက် ၃-ဆင့်စီ၊ မင်းတက် ၂-ကွင်းသည်

နှင့် ဆွဲသည်။ ထီးဖြူ ၁-စင်းကို ညောင်ရွက် ၅-ချပ်စီ ချည်ဖြူနှင့် ဆွဲသည်။ ကျိုင်း ၈-စင်း၊ ဗိတာန်, ခါသာ, ကြာယပ်ထု, ဗိတာန် ၆-ချောင်းကို ရွှေချပြီးမှ ကတ္တီပါ မွမ်းသည်။ ဗိတာန်ထုပ် ၄-တောင်၊ အလျား ၆-တောင်၊ မီးယပ်ပေါင်နားကို ကတ္တီပါမွမ်းသည်။ သရက်ရွက် ၈-ချပ်၊ ညောင်ရွက် ၄၈-ချပ် ဆွဲသည်။ စန္ဒား, ယမား ဆောင်မြဲ အရိုးကို ကတ္တီပါမွမ်းသည်။

ကုမ္ဘီးပွဲထမ်းစင် ရွှေပြည့်အပေါင် ကတ္တီပါမွမ်း အရိုးကောက်ဆင်က ရွှေပိန်း၊ ထီးဖြူ ရွှေညောင်ရွက် ၃-ဆင့် ဆွဲသည်။ ဆင်ကတွင် အမြချည် ထိုင်၍ လက်ထုပ်စား စီသည်။ ဖိထင်း ၅-တုံး၊ ရွှေပြည့် ကတ္တီပါ မွမ်းသည်။ ထင်းခြား အရှည် ၉-တုံး၊ အတို ၉-တုံး ရွှေပြည့်၊ စမြင်းတိုင် ၆-ချောင်း ရွှေပြည့်၊ မီးသတ်အိုး ၁၀-လုံး ရွှေပြည့်၊ ကွမ်းဘူး ၁၀-လုံး၊ မြှောက်စည် ၅-လုံး၊ စည်ဝန်း ၈-လုံး၊ စည်ကြော ၁၀-လုံး၊ ငွေနှဲ ၄-စင်း၊ ငွေခရား-၅၊ တံရှည်လက်ချပ်၊ ခရုသင်း၊ ငွေတံပိုးကြီး-၂၊ ပုံ-၁။ စည်ပုတ်-၁၊ ငှက်ချေးခံ ကြာယပ်ထု ရွှေညောင်ရွက် ၄၈-ချပ် ဆွဲသည်။ ငှက်ချေးခံတိုင် အနီသုတ်အထွတ် ရွှေငှက်ချေးခံကြိုးတို့ကို သိုက်တငွယ်(ငွေ) မွမ်းသည်။ မီးလောင်တိုက်ကို ခါသာကာသည်။ သံကွန်ရက် ရွှေပြည့်ဖို ၆-ဖို ရွှေပြည့်အလောင်းတော်ကို သန်လျင်းနှင့် ထမ်းရသည်။

နတ်ရှင်မြင်း၊ မင်းတရားမြင်း၊ ဇေယျဖလသွောက်၊ တုရင်ကျော်သွောက်၊ ရဲစောမျိုးသွောက်၊ ငထွေးသွောက်၊ ဥဒိန်ဇေယျသွောက်၊ ဇေယျကျော်သွောက်၊ ဝေလုသုန္ဒရသွောက်၊ သည်သွောက် ၁၀-တို့ ထမ်းရသည်။ သန်လျင်းပေါ်တွင် ခါသာ ၁-အုပ်ကို ချည်၍ ကျွန်တော်ရင်းတို့ ယမြား ငင်ရသည်။ ခုံကို သွောက်လုလင် ထမ်းရသည်။ ဗိတာန်ကို မင်းရဲနေဝ်ရထာသွောက်၊ ငနောင်ညို ရေနက် ကိုင်ရသည်။ ထီးဖြူကို လုလင်ဟောင်း၊ အောင်မြေရေနက် ကိုင်ရသည်။

သင်္ဂြိုဟ်ပြီးလျှင် အပေါက် ၁,၀၀၀-တွင် ညောင်ရွက် ၇-ချပ်ခင်း၍ ထည့်ပြီးမှ ရွှေမြူတာ, ငွေမြူတာ၊ ရွှေတကောင်း, ငွေတကောင်းများတွင် ထည့်သည်။ ရေနှင့် လက်ပြန် ၇-ကြိမ်ဆေးပြီးမှ အုန်းရည်နှင့် ၇-ကြိမ်၊ နှင်းရည်နှင့် ၇-ကြိမ်၊ ကတိုးနံ့သာ, ဘုမ္မသိန်ရည်နှင့်လည်း ၇-ကြိမ်ဆေးပြီးမှ အရိုးတော်ကို အပေါက် ၁,၀၀၀-တွင် ညောင်ရွက်ကို ယူပြီးမှ ရွှေပန့်ပိုးတွင် ထည့်၍ အရိုးတော်ကို ခါသာပုဆိုးနှင့်ထုတ်၍ လက်ထုပ်စားကို လွယ်စေပြီးမှ ကျိုင်း ၈-စင်းအုပ်၍ ရွှေလှော်ကားတွင် မင်းတကာတို့စီးသည့် ရွှေစက်ကွင်းကြီးတွင် ထီးဖြူ ၄-စင်းအုပ်၍ ဗုံ, လင်းကွင်း တီးစေ၍ အောက်သို့ စုန်လေစေမှ မြစ်လယ်တွင် ၇-ကြိမ် လက်ကို ကိုင်ငုပ်စေပြီးမှ အရိုးတော်ကို ရေတွင် ချသည်။ ရွှေလောင်းတော်ကို မိုးကြိုးကျွန် (ကျွန်း)မှ သချိုင်းသို့ ဆောင်သည်။ လက်ဖက်-၈၀၀၊ ပုဆိုး-၅၆၀၊ ဖျင်-၆၀၀၊ ပတ်တူနီ-၂၆၀၊ သာလူ-၂၈၀၊ ခါသာ-၁၄၀။

## ၅။ အိမ်ရှေ့မင်း လွန်တော်မူရာ သင်္ဂြိုဟ်သောစာတမ်း

သက္ကရာဇ် ၁၀၀၉-ခု၊ ဒုတိယဝါဆိုလပြည့်ကျော်၊ ၁၂-ရက်၊ ၂-လ်ာနေ့၊ ညဥ့် ၁-ချက်မတီးမီတွင် ညီတော်အိမ်ရှေ့မင်းရဲကျော်စွာ နံ ၆-ကြာ၊ သက်တော် ၅၆-လွန်တော်မူသည်။ အလောင်းကို ရေ ၇-တန်သုံးသပ်ပြီးလျှင် ကတိုး, ဘုမ္မသိန်, နံ့သာရေလိမ်းပြီးမှ ပေါင်းပီစွပ်သည်။ အလောင်းထားသည့် ဖထိုင်နီတွင် သင်ဖြူးနီ အနားမွမ်းသည်။ အပေါ်တွင် သင်ဖြူးအနားမွမ်း ၁-ထပ် ခင်းသည်။ သင်ဖြူးအပေါ်တွင် မွေ့ရာခင်း၍ ရွှေပုဆိုးခင်းပြီးမှ ခြေမ, လက်မ ကြိုးစည်းသည်။ အလောင်းကို ရွှေပုဆိုးနှင့်ထုပ်၍ ကိုယ်တော်ကို ၃-တန့် စည်းသည်။ ပြီးမှ အလောင်းတော်ကို ပုဆိုးဖြူထပ်၍ လွှမ်းသည်။ အလောင်းတော်ထားသည့်ဖထိုင်တွင် ဗိတာန်ကြာယပ်ထု ရွှေညောင်ရွက်-၃၀၊ သရက်ရွက် ၂၄-ချပ် ဆွဲဗိတာန်တိုင်ကို ကတ္တီပါမွမ်းသည်။ ခေါင်းရင်းတော်က ဘုရား ၂-ဆူ, စာ ၃-ကျမ်း ထားသည်။ အလောင်းတော်ကို ၁-ညဥ့်နှင့် ၁-နေ့ထား၍ လပြည့်ကျော် ၁၃-ရက်၊ ၃-ဂါနေ့ ရန်အောင်မြင်တံခါးကို ထွက်၍ ဆင်ကျုံး အနောက်တောင်ထောင့်တွင် သင်္ဂြိုဟ်တော်မူသည်။

**အလောင်းတော်ကို ချမည့်သောအခါ အစီအစဉ်ကား–**

ရှေ့ဖျားမီးအိုးအနီ ဖိထင်း ၅-တုံး ရွှေပြည့် ကတ္တီပါမွမ်း၊ မီးသတ်အိုး ၈-လုံးရေပြည့်၊ စန္တား,ယမား ရွှေအိုးပြစ်, ငွေအိုးပြစ်၊ ငွေမြူတာ, ရွှေမြူတာ၊ ငွေတကောင်း, ရွှေတကောင်း၊ ငွေဖှာ, ရွှေဖှာ၊ အရိုးများကို တာဝိုင်းမွမ်းသည်။ လက်ဖက်ချောင်း-၉၃၄၊ ပုဆိုး-၈၀၀၊ ခါသာ-၁၀၀၊ သာလူ-၆၆၀၊ ပတ်တူနီ-၆၀၊ ကွမ်းဘူး ၁၀-လုံး၊ စည်နီ ၁၀-လုံး၊ ငွေခရာ-၄၊ ငွေနှဲ-၄၊ ဗုံ-၁၊ စည်ပုတ်-၁၊ မြန်မာပတ် ၆-ဆိုင်း၊ ရွှေမွေ့ရာတင် ဆင်ပေါင်နီကနီနှင့် ဆင်မ ၁-စီး၊ ကုမ္ဘီးပွဲထမ်းစင် ရွှေချစပွဲ၊ ရွှေပြည့်အရိုးလွယ်စီ ဆင်ပေါက်စွယ်စုံရွှေက ရွှေပုံတောင်တွင် ရွှေပန့်ပိုး ထည့်သည်၊ ရွှေညောင်ရွက် ၇-ချပ် ဆွဲသည်။ မရှောက်စား ပိုက်၍ စီးရသည်။ အပေါက် ၁,၀၀၀-ရွှေလင်ပန်း ၁-တောင်, ၂-မိုက်၊ အရိုးတော်ဆေး တရော်, ကင်ပွန်း, နနွင်းနှင့် နံ့သာရည် ထည့်သည်။

ရွှေဖလား ၄-လုံးနှင့် ပူဇော်ပွဲကို ယွန်းကလပ်နှင့်လူ ကိုင်ရသည်။ စီးတော်မူသည့် မြင်းတော်ရွှေကစီး နှီးတင်ရန်း ရွှေကတောင်မည်းသရီမွမ်း၊ ဆင်ပေါက် သက္ကလပ်ကြိုးနီစပ် စီးတော်မူသည့် ရွှေရေးကတောင် ရွှေပြည့်တွင် နေရာတော်, မှီအုံးတော်နှင့် ဆင်မတွင် တင်သည်။ ခြေဆေးအင်တော်, ခမောက်တော်, လက်ဖက်အိုးတော်, သောက်ရေအိုးတော် အဖုံး ရွှေ, အထွတ် ပတ္တမြားစီ၊ စားတော်ကွမ်းခွက်, လက်သုံးတော်ဓားကို ကတ္တီပါအိတ်နှင့်

ကြိုး ၄-စင်းနှင့် ဝေါတော်အင်းပျဉ်ကို ခုံတွင် တင်၍ ဗိတာန်ကြာယပ်ထု ရွှေညောင်ရွက် ၄-ချပ်၊ သရက်ရွက် ၄-ချပ် ဆွဲ၍ ဗိတာန်အုပ်သည်။ ဗိတာန်ရိုးကို ဓားဝိုင်းမွှမ်းသည်။ ဗိတာန်ကျိုင်းသွယ်ကို သိုက်တငွယ်(ငွေ) မွှမ်းသည်။ ခုံတိုင်ထုပ်,လျောက် အထက် ခါးပန်း၊ အောက်လက်ခတ်ပွတ်လုံး, ပွတ်စု-၄၀ ရွှေပြည့်၊ ပျဉ်ကို ကတ္တီပါမွှမ်း၍ ရွှေစက်ကွင်း ၃-ကွင်းစီ၊ ထုပ် ၁-ကွင်းစီ၊ ထုပ်စွန်း,လျောက်စွန်း ရွှေညောင်ရွက် ၁၀-ချပ် ဆွဲသည်။ ခုံတိုင် ၄-ထောင့်တွင် ရွှေမြူတာ ၄-လုံး၊ ရွှေဖယောင်းတိုင် ၄-ထည့်၍ ဆွဲသည်။ လုလင် ၇-ယောက် ကိုင်ရသည်။ သန်လျင်းကို အလျား ၆-တောင်, ၂-မိုက်, ၄-သစ်၊ အနံ ၃-တောင်၊ သန်လျင်းရိုး ၄-တောင်, ၁-မိုက် ၄-သစ်သည် အနံ သန်လျင်းချိတ် ထပ်သည်။ သံကိုင်း အလျား ၅-တောင်၊ သံချိပ် ၁-တောင်, ၂-မိုက်၊ သန်လျင်းဖုံးကတ္တီပါ ၄-စပ်၊ အလျား ၈-တောင်၊ အမြိတ် ၂-ဖက်, ၁-တောင်စီ၊ အဖုံး ၅-တောင်, ၂-မိုက်၊ သန်လျင်းဖုံး စက်ဝန်-၄၀၊ မှန်ကူ-၃၅၊ ရွှေညောင်ရွက်-၂၈၊ ထီးဖြူ ၂-စင်း အုပ်သည်။ ထီးဖြူ ၁-စင်းကို ညောင်ရွက် ၄၅-စီ, ကြယ် ၄၅-စီ, ၂-စု ၉၀၊ မင်းသား, မင်းမြေး, မှူးကြီး, မတ်ကြီးတို့ ထမ်းရသည်။

သည့်နောက် မြင်းသည်, သည့်နောက် မင်းသမီး, မင်းကိုယ်လုပ်ကတော် စိုးမင်း, သည့်နောက် ဆင်ပေါင်းစီး၍ ပို့ရသည်။ သည့်နောက် မင်းတရား ဝေါတော် စီး၍ ပို့ရသည်။ သင်္ချိုင်းမှာလည်း အုပ် ၆-ထပ်, ၆-သွယ်၍ စမြင်းတိုင် ရွှေပြည့် ၆-ချောင်းစိုက်၍ သန်လျင်း ၆-ချောင်းခံသည်။ အချောင်း အလျား ၁-တောင်၊ သံချောင်းပေါ်တွင် သံကွန်ရက်ခံ၍ ထင်းခြားအရှည် ၉-တုံး, ၅-တောင်ရွှေပြည့်၊ အတို ၉-တုံး, ၃-တောင်ရွှေပြည့်၊ သံကွန်ရက် အလျား ၆-တောင်, ၂-မိုက်, ၄-သစ်၊ အပေါ်တွင် ထင်းစီသည်။ ငှက်ချေးခံတိုင် အနီသုတ်၊ ကျင်ပု ရွှေပြည့်၊ ငှက်ချေးခံတိုင် ၂-တောင်, ၂-မိုက်၊ ဗိတာန်ကြာယပ်ထု ရွှေညောင်ရွက် ၄၈-ချပ်ဆွဲသည်။ အနံ ၆-တောင် သည်အတိုင်း စီရင်ပြီးမှ ဖို ၆-ဖို ထိုးသည်။ ကျွမ်းပြီးမှ ငှက်ချေးခံ ကြာယပ်ကို ခံ၍ ၇-ကြိမ်တိုက်ပြီးမှ သရဏဂုံ တင်သည်။ ပြီးမှ အရိုးကို အပေါက်-၁,၀၀၀၊ ရွှေညောင်ရွက် ၇-ချပ်ခင်းပြီးမှ အရိုးတော်ကို ၇-ကြိမ် လက်ပြန်ကောက်၍ ညောင်ရွက် ၇-ချပ်ပေါ်တွင် ထည့်ပြီးမှ လုလင်တော်တို့ကို ကောက်စေပြီးမှ ရေ ၇-ကြိမ် ဆေးသည်။ အုန်းရေနှင့်လည်း ၇-ကြိမ် ဆေးသည်။ အရိုးတော်ထည့် ပန့်ပိုးကို ထုပ်ပိုး၍ မရှောက်စားကို လွယ်စေသည်။ ထီးဖြူ ၂-စင်းအုပ်၍, စည်တီး၍ ရွှေလောင်းတော်မှာ တင်ပြီးလျှင် မြစ်လယ်မှာ ၇-ကြိမ် ငုပ်စေ၍ အရိုးချစေသည်။ အရိုးတော် အသေးအဖွဲ့နှင့် မီးသွေးများကို ရုံးစု၍ မီးသတ်အိုး ၁၀-လုံးပြည့် ရွှေအိုးတွင် သွတ်၍ ရွှေလောင်းတော်တွင် တင်၍ မြစ်လယ်မှာ ချသည်။ မင်းတရားကျွမ်းမှ ပြန်တော်မူသည်။ မင်းသား, မင်းမြေး, မှူးကြီးမတ်ရာ, မင်းသမီး, ကိုယ်လုပ်ကတော် စိုးမင်းများလည်း ကျွမ်းမှ ပြန်သည်။

ပျဉ်ကို အတွင်း၊ပြင် ရွှေပြည့်ချပြီးမှ ကမွတ်ကို ရွှေပုစွန်ခွံ မွမ်းသည်။ ပျဉ်ကို ကတ္တီပါ မွမ်း၍ ရွှေစက်ကွင်း ၃-ကွင်းအကြားတွင် လင်းနို့တောင် ၁-ခုစီ ထပ်၍ မွမ်းမံသည်။ အဖုံးမှာလည်း ကမွတ်စက်ကွင်း လင်းနို့တောင် ကတ္တီပါ ၄-တောင်၊ ကွန်ရက် ၄-တောင်, ၂-မိုက်, ၆-သစ်၊ အရှည် ၃၂-ပြား၊ အတို ၃၄-ပြား၊ ပြက် ၂-သစ်၊ ရွှေကုံး-၃၈၊ တလား အလျား ၄-တောင်, ၂-သစ်၊ အနံ ၁-တောင်, ၂-မိုက်, ၄-သစ်၊ ယက်မစွန်း ၂-မိုက်, ၂-သစ်, ကမွတ်-၃၊ စောက် ၂-တောင်, ၇-သစ်၊ တိုင် ၆-တောင်၊ လျောက် ၄-တောင်, ၄-သစ်၊ ကျင်ပုစွန်း ၁-တောင်, ၆-သစ်၊ အောက်ခံတိုင်ပျဉ် ၄-တောင်၊ အစွန်း ၁-တောင်, ၁-မိုက်, ၁၄-သစ်၊ ထုပ် ၅-တောင်, ၄-သစ်၊ အစွန်း ၁-တောင်, ၂-သစ်၊ ဖိထင်း ၅-တုံး၊ ထင်းခြားအရှည် ၉-တုံး, ၅-တောင်စီ၊ အတို ၉-တုံး, ၃-တောင်စီ၊ ရွှေပြည့်အလောင်းထား အတိုင်း အလျား ၅-တောင်၊ အနံ ၂-တောင်, ၁-မိုက်, ၇-သစ် လုပ်သည်။

* * * * * *

## ၆။ သားမက်တော် မင်းရဲနော်ရထာလွန်ရာ သင်္ဂြိုဟ်သောစာတမ်း

သက္ကရာဇ် ၁၀၀၁-ခု၊ တန်ဆောင်မုန်းလပြည့်ကျော်၊ ၁-ရက်၊ ဗုဒ္ဓဟူးနေ့တွင် မင်းရဲ-နော်ရထာ လွန်သည့်အကြောင်းကို သံတော်ဦးတင်သော် မင်းရဲနော်ရထာသည် ခမည်းတော် ဘုရား အသွေးအရည်တော် ဖြစ်သည်။ ကျေးဇူးသစ္စာတော်ကိုလည်း သိစောင့်သူဖြစ်သည်။ မင်းသမက်လည်း ဖြစ်သည်။ ထီးဖြူ ရွှေရိုး, ရွှေတံနှင့် ကတ္တီပါ သန်လျင်း, အရိုးရွှေကွပ်၊ ပျဉ်ကို ကတ္တီပါမွမ်း၊ ကမွတ်ကို ရွှေပုစွန်ခွံ မွမ်း၍ ရွှေမော်ကြသည်နှင့် ထိုက်လျောက်အောင် အစီအရင်ကို ရှင်ကြီး, လူကြီးတို့ကို မေး၍ ကောင်းမွန်စွာ သင်္ဂြိုဟ်မည်။ အစီအရင်ကို ဘယဂါမဏိ, မဟာတရဗျား, ရာဇသိမ်မနောသာရတို့ကို စောင့်၍ စီရင်စေသည့်အတိုင်း အမိန့်တော်ရှိ၍ ရေလုံချိုးလျှင် ပေးတော်မူသည့် စည် ၆-လုံး, နှဲ-၂, ငွေတံရှည်, ဗုံသာ, မြန်မာပတ် ၂-ဆိုင်းတီးသည်။

ရေလုံချိုးပြီးမှ အလောင်းတော်ကို ဖယောင်းပုဆိုးနှင့် ကောင်းမွန်စွာ ထုပ်ပြီးလျှင် ဖထိုင်ကို တံလှပ်ပုဆိုး အဝန်းနီရစ်၍ အလောင်းကို ရွှေမျက်နှာလွှမ်း၍ ဖထိုင်တွင် တင်ပြီးမှ ဗိတာန်, ကြာယပ်ထု, ရွှေညောင်ရွက် ဆွဲကြက်သည်။ ထီးဖြူရွှေရိုး, ရွှေတံ, ရွှေညောင် ရွက်ထု ဆင့်ဆွဲသည်။ ခေါင်းရင်းတွင် စိုက်၍ ကျင်းသည်ကား စားသည့်ကွမ်းခွက်, ကွမ်းလိပ်, သွားကြားထိုး, ရှားစေးထည့်, ဖယောင်းထည့် စလွယ်ကျင်းသည်။ အရိုးကောက်ဆင်တွင် ဘောက်ဖြူ, မျောက်မြီးဝတ်ဖြူနှင့် စီးသည်။ သည့်နောက် အရိုးဆေးစရာ အုန်းသီး ၂-

လုံး၊ တရော်ထည့်သည့် ရွှေဖလား ၁-လုံး၊ နန္ဒင်းထည့် ရွှေဖလား ၁-လုံး၊ သည်များကို ကလာပ်တွင် ထည့်၍ ဆောင်သည်။ ပန်းပေါက်ပေါက်ပွဲနှင့် ထမ်းစင်တွင် တင်၍ ဆောင်သည်။ သည့်နောက် စားသည်ကွမ်းခွက်, လက်ဖက်အိုး, တကောင်းပိတ်, ရွှေဓား, ရွှေထွေးအင်, ခမောက်, ဆေးတံ, ဆေးကြုတ်, ယပ်, ကျိုင်း, ရွှေချက် ၂-စင်းစီ, ဆင်မပေါင်ဝန်းနီ ရွှေချက်စီ၊ မြင်း ရွှေကြိုးရွှေက, ပျဉ်ကို ကတ္တီပါမွမ်း၊ ခုံတွင် ကတ္တီပါမွမ်း၊ ခုံတွင် ရွှေမြူတာဗိတာန်, ကြာယပ်ကို ညောင်ရွက်ဆွဲ ဗိတာန် အုပ်သည်။ သည့်နောက် အလောင်းတော်ကို သန်လျင်းတွင် တင်၍ ထီးဖြူအုပ်၍ သန်လျင်းကို ခါသာ, ယမြား ငင်သည်။ ငင်သူ ၇-ယောက်၊ သည့်နောက် ဘယဂါမဏိမှစ၍ အမှူးအမတ်တို့ လိုက်သည်။ သည့်နောက်ကို သခင်မင်းရဲကျော်စွာ ဝေါစီး၍ လိုက်သည်။ သည့်နောက် မင်းသမီးကတော်အပေါင်း သန်လျင်းစီး၍ လိုက်သည်။ သည့်နောက် ဘဝရှင်မင်းတရားကြီး ဝေါတော်နှင့် စည်တော်တီး၍ သဂြိုဟ်တော်မူသည်။ တောလုပ်မှာ ငှက်ချေးခံကြာယပ်ထု ဆွဲသည်။ မီးလောင်တိုက်ကို သာလူ ၂-စပ်ကာ သည်စင်နှင့် သဂြိုဟ်သည်။ မင်းတရား အကူတော် ရွှေ ၂-ဆိုင်း၊ ကတ္တီပါ ၅-အုပ်၊ ကြေး-၆၀၀၊ လက်ဖက်-၆၀၊ ပုဆိုး-၆၀၊ သာလူ-၂၀။

* * * * * *

## ၇။ စလင်းမင်းသမီးလွန်ရာ သဂြိုဟ်သောစာတမ်း

သက္ကရာဇ် ၁၀၂၀-ခု၊ တော်သလင်းလပြည့်ကျော်၊ ၁-ရက်၊ ၃-ဂိန္နေ၊ ည ၄-ချက်တီးကျော်တွင် စလင်းမင်းသမီး အသက် ၁၄-လွန်တော်မူသည်။ **အစီရင်ကား** အလောင်းတော်ကို ဖထိုင်ရွှေပြည့်တွင် ထားသည်။ ကိုယ်တော်စည်း ပုလဲ ၃-သွယ်၊ ခြေမကြိုး, လက်မကြိုး၊ ပုလဲသွယ်၊ ဖယောင်းပုဆိုး အတွင်း,ပြင် ရွှေပြည့်ရွှေဖျင် လွှမ်းသည်။ အထက်ဖထိုင် ရွှေပြည့်ကတ္တီပါ မွှမ်းသည်။ ရွှေပြား ၃-တန့် ကွပ်သည်။ ဗိတာန်မိုး, ခါသာ, ကြာယပ်ထု, ရွှေညောင်ရွက်-၃၆၊ သရက်ရွက် ၈-ချပ်၊ ခုံရွှေပြည့် တံခါး ၂-မျက်နှာ ကတ္တီပါ မွှမ်းသည်။ ခုံပြင်သတောင်းလည်ကို ရွှေထည့်ပြီးမှ ကတ္တီပါမွှမ်းသည်။ ခုံထုပ်,လျောက်ကို ကတ္တီပါမွှမ်းသည်။ ထုပ်စွန်း, လျောက်စွန်းကို ညောင်ရွက် ၁၀-ဆွဲသည်။ ခံတိုင်အစွန်း ထမ်းစင်ကို သရဲတငွယ် သုတ်သည်။ ခုံ ၄-ထောင့်ကို ရွှေမြူတာ ၄-လုံး၊ ရွှေဖယောင်းတိုင် ၄-တိုင် ထည့်သည်။ ပျဉ်အတွင်း,ပြင် ရွှေပြည့်ကတ္တီပါ မွှမ်းသည်။ ကမွတ် ရွှေပုစွန်ခွံ, ပျဉ်ကိုယ်မှာ စက်ကွင်းငယ် ၂၇၇-သတ်သည်။ ကမွတ်ထောင့်ကို လင်းနို့တောင် ကျောက်စီ သတ်သည်။ ကမွတ်ထောင့် ပုစွန်ခွံပေါက်ကို စိန် ၁-ပွင့် သတ်သည်။ လင်းနို့တောင် စိန်ပွင့်-၂၁၆၊

ကျောက်အစေ့စီ၊ အဖုံးမှာလည်း လင်းနို့တောင်စိန်ပွင့် စက်ကွင်း-၃၊ လင်းနို့တောင်-၁၄၊ စိန်-၁၄၊ ကတ္တီပါပေါ် ကမွတ်နားကို ရွှေပွတ်လုံးငယ် သတ်သည်။

ခေါင်းရင်းကတ္တီပါတွင် ရွှေစိန်ဖူးကြီး သတ်သည်။ ပျဉ်စဉ်ကို ကတ္တီပါမွမ်း၊ ပျဉ်တိုင်းကြိုး၊ ကတ္တီပါမွမ်း သန်လျင်းခွက် ၁-ပတ်လည်ကို ရွှေပြား လက်သန်းခန့် ၂-ဆင့် ကွပ်သည်။ ရွှေ ၂-ဆင့်အကြားကို ကျောက်စီစက်ဝန်းငယ် ၃၈-သတ်သည်။

သန်လျင်းကို ကတ္တီပါကြိုး ၃-တန့် ဆိုင်းသည်။ သန်လျင်းရိုး ရွှေပိန်းကတ္တီပါမွမ်း အဖျား ၂-ဖက်, ကျောက် ၁-ပတ်လည်စီ၍ ရွှေပြား ၃-တန့်ကွပ်သည်။ သန်လျင်းဖုံးကတ္တီပါ ၄-စပ်၊ ပိုးမြိတ် ၁-ဖက်, ၁-ထောင့်စီ တပ်သည်။ အမြိတ်ဖျား ရွှေကြက်တောင်အတွင်းကို ရွှေပြား လက်သန်းခန့် ၂-တန့်ကွပ်သည်။ ရွှေညောင်ရွက် ၂-ဆင့် ဆွဲသည်။ သန်လျင်းဖုံးမှာ စက်ဝန်းငယ်ကျောက်စီ ၇-စေ့စီ ၂၅-သတ်သည်။ သန်လျင်းဖုံး ၁-ပတ်လည်ကို ရွှေပြားလက်သန်းခန့် ကွပ်၍ ရွှေညောင်ရွက် ၇၈-ဆွဲသည်။ သံချိတ်ရွှေပြည့်၊ ဗိတာန်ကြီး, ခါသာ, ကြာယပ်ထု, အမိုးခါသာ, ဗိတာန်တိုင် ၆-ချောင်းကို ရွှေပြည့်ချ၍ ကတ္တီပါမွမ်းသည်။ သရက်ရွက် ၈-ချပ်၊ ညောင်ရွက် ၄-ချပ်၊ ပန်းပွါးကတော့ ရွှေပြည့်ဆွဲသည်။ ဗိတာန်ကြီး သိုက်တငွယ်(ငွေ) မွမ်းသည်။ ထီးဖြူ ၄-စင်း၊ ရွှေညောင်ရွက် ၃-ဆင့်, ၅၁-ချပ်စီ၊ ကြယ်-၅၁၊ မင်းတက်ကွင်းနှင့် ဆွဲသည်။

အရိုးကောက်ဆင်ထက်တွင် အုပ်သည့်ထီးဖြူ ညောင်ရွက် ၃-ဆင့် ဆွဲသည်။ ပေါင်းထီးဖြူ ၅-စင်း, ရွှေရိုး, ရွှေတံ, ငှက်ချေးခံ, ခါသာ, ကြာယပ်ထု, အမိုးခါသာ, ညောင်ရွက် ၄၈-ဆွဲသည်။ ကြိုး ၄-သွယ် တငွယ်(ငွေ) မွမ်းသည်။ တိုင် ၄-ချောင်း သယံတငွယ်(ငွေ) ကျင်ပုရွှေထည့်၊ သံကွင်းကျိုးခြေ ရွှေပြည့်၊ မီးလောင်တိုက် အုပ်စီ၊ သံကွန်ရက် တဖက် ရွှေပြည့်၊ သံ ၆-ချောင်း ရွှေပြည့်၊ ဖို ၆-ဖို ရွှေပြည့်၊ မီးလောင်တိုက်ကို ခါသာ ကာသည်။ စမြင်တိုင်တင်ခြား ရွှေပြည့်၊ အရိုးတော်ကို ကောက်ပြီးလျှင် ပြည်လုံးကျော်လှေနှင့် ချသည်။ သချိုင်းသို့ ဆောင်သည်။

ရှေ့ဖျားမီးအိုး ရွှေပြည့်၊ ဖိထင်း ၅-တုံး ရွှေပြည့်၊ ကတ္တီပါမွမ်း၊ နံ့သာ ၅-ချောင်း, မီးသတ်အိုး ၁၀-လုံး, သင်ကြော ရွှေပြည့်၊ ဂုံးစရပ်ပိတ် စန္ဒား, ယမား အရိုးကို ကတ္တီပါမွမ်းသည်။ လက်ဖက်-၈၀၀၊ ပုဆိုး-၈၀၀၊ ဖျင်-၅၂၀၊ သာလူ-၂၈၀၊ ခါသာ-၂၄၀၊ ပိတ်-၈၀၊ ကွမ်းဘူး ၁၀-လုံး၊ မြောက်စည်, စည်ဝန်း, စည်ပြောစုံ, စည်ပုတ်, ငွေနဲ ၄-စင်း၊ ငွေခရာ ၄-စင်း၊ တံရှည်၊ တုံမင်း-၁၊ ခရုသင်း-၁၊ လက်ချပ်-၁၊ လင်းကွင်း-၁၊ မွေ့ရာတင် ဆင်မ ရွှေပေါင်းကုပ်၊ ကုဋ္ဌားပွဲ ထမ်းစင် ရွှေပြည့် ကတ္တီပါမွမ်း၊ အရိုးလွယ်စီ ဆင်မရွှေက၊

ပူဇော်ပွဲ ခြေဆေးအင်၊ ထွေးအင်၊ လက်အိုး၊ သောက်ရေတကောင်း၊ ကျောက်စီကွမ်းခွက်၊ ကျောက်စီ ကျိုင်း ၄-စင်း၊ စီးတော်မူသည့်ဝေါ၊ ဝေါစီး ဦးစီး ၄-ယောက်၊ ဗိတာန်ဖြူသန်လျင်းကို ထီးဖြူ ၄-စင်းအုပ်သည်။ သည့်နောက်ကို မင်းသား, မင်းမြေး, အမှူး, အမတ်၊ သည့်နောက် မင်းသမီး, ကတော်ပေါင်းနှင့် လိုက်သည်။ ဖိထင်းကို စလင်းမင်းရှမ်း ထမ်းရသည်။ စားပွဲကို စလင်းမင်းကျွန် ငင်းထမ်းသည်။ ဗိတာန်ထီးဖြူကို ကိုင်သည်။ စလင်းမင်းသေနတ်လုလင်ခုံကို အသျှင်ဘဝရှင် သေနတ်ထမ်းသည်။ အလောင်းတော်ကို သန်လျင်းယမြားကို စလင်းမင်းဒိုင်းမှူး ထမ်းသည်။ စန္တား, ယမားကို ထောင့် ၄-မျက်နှာသားတို့ ကိုင်သည်။ ရန်အောင်မြင်တံခါးကို ထွက်သည်။

* * * * * *

## ၈။ သိန္နိဝန်မင်းလှမင်းကျော် ကံကုန်ရာ သင်္ဂြိုဟ်သည့်စာတမ်း

သက္ကရာဇ် ၁၁၀၂-ခု၊ သီတင်းကျွတ်လဆန်း၊ ၅-ရက်နေ့၊ သိန္နိမြို့က နာ၍ အပြန် ကျောက်မြောင်းမြို့တော်တွင် ကံကုန်သည်ကို "မင်းသားကြီးတို့ သင်္ဂြိုဟ်သည့်နည်း သင်္ဂြိုဟ်စေ။" ဘုရားအမိန့်တော်နှင့် သင်္ဂြိုဟ်အစီအရင်စာတမ်းကား အလောင်းစင် အလျား ၄-တောင်, အနံ ၂-တောင်၊ လက်သမားတို့ စပ်လုပ်သည့် အကန့် ၃-ချက် ကြမ်းပြင် ရပြီးလျှင် ဖဲနီမွမ်းသည်။ အထက် ကန္ဒဝါ အလျား ၄-တောင်၊ အနံ ၂-တောင်၊ တိုင် ၃-တောင်၊ အပေါ်ပိတ်ဖြူ မိုးသည်။ သတောင်းလည် ကြာယပ်ထုသည်။ တိုင်ထုပ်, လျောက်ကို ဖဲနီမွမ်းသည်။ ရွှေညောင်ရွက်, သရက်ရွက် ဆွဲသည်။ ဖယောင်းဆိုးရန် ပိတ် ၆-တောင် ၂-စပ်ချုပ်၍ ဖယောင်းဆိုးသည်။ ရွှေထည့်သည်၊ ပေါင်းဗီဝတ်ရန် ပိတ် ၆-တောင် ၂-စပ် ချုပ်သည်။ ခင်းရန် ပိတ် ၅-တောင်၊ ခင်းရန် သင်ဖြူးအနားမွမ်းသည်။

စန္တား, ယမား၊ ရွှေမြူတာ, ငွေမြူတာ၊ ရွှေတကောင်း, ငွေတကောင်း၊ ရွှေအိုးပြစ်, ငွေအိုးပြစ်၊ ရွှေဖာချုပ်, ငွေဖာချုပ်၊ အရိုး ၇-တောင် ကတ္တီပါနီမွမ်း၊ ၄-မျက်နှာ တောသားတို့ လုပ်သည်။ ကုဋ္ဌိးကျင်း, ကြေးလင်ပန်း, ကြေးစလောင်းကို ရွှေချသည်။ ကျင်းရန် ကောက်ညှင်း-၅ဝိ၊ ငှက်ပျော-၁၊ အုန်းသီးခွံသင်-၁၊ ထန်းလျက် ၇-ခဲ အသင့်ထားရသည်။ တန်ဆက်သစ်ဖလား ရွှေ ၂-ကျပ်၊ ဆီထည့်ဖလား, နှင်းရည်ထည့်ဖလား, အမွှေးရည်ထည့် ဖလား ၁-ကျပ်စီ လုပ်ရသည်။ ခြေမကြိုး, လက်မကြိုး, ၃-တန့်စည်းကြိုး အသင့်ခတ်လုပ်ရသည်။ ထီးဖြူ ၂-စင်းလုပ်သည်။ ရွှေညောင်ရွက် ဆွဲသည်။ စည်မှာ မသာတီးမြဲစည်ကို

တီးရသည်။ အလုပ်အဆောင်ပြီး၍ စည်ပတ်အညီရောက်လျှင် အလောင်းကို ရေချိုး၍ အဝတ်တန်းဆာဆင်ပြီးလျှင် အလောင်းစင်ယှဉ်၍ သင်ဖြူးခင်းသည်။ ၃-တန့်စည်းကြိုး ခင်းသည်။ ဖယောင်းပုဆိုး ခင်းသည်၊ ပိတ်ဖြူ ခင်းသည်၊ ပြီးလျှင် အလောင်းစင်သို့ အလောင်းကို တင်သည်။ ခြေမကြိုး, လက်မကြိုး စည်းသည်။ ဆီနှင့် လက်ပြန် ၇-ကြိမ် လိမ်းသည်။ နှင်းရည်နှင့်လည်း ၎င်းနည်း လိမ်းသည်။ အမွှေးရည်နှင့် လိမ်းသည်။ ပြီးလျှင် ၃-တန့် စည်းသည်။ တန်ဆက်သစ်သည် ပိတ်ဖြူ လွှမ်းသည်၊ ရွှေဖျင် လွှမ်းသည်၊ ကန္တဝါ မိုးသည်၊ ကုဗ္ဘီး ကျင်းသည်။ အလောင်းကို အလောင်းစင်သို့ တင်လျှင် စည်တီးသည်၊ ထီးဖွင့်သည်၊ လှေကား ထောင်သည်၊ စန္တား, ယမြား ထောင်သည်။ ပြီးလျှင် လုပ်ဆောင် ရန်ရှိသည်ကို လုပ်ကိုင်ကြရမည်။

ပျဉ်အလျား ၄-တောင်၊ အနံထုပ်တွင်း ၁-တောင်, ၄-သစ် စပ်လုပ်သည်။ ပြီးလျှင် အတွင်း,ပြင် ရွှေထည့်သည်။ ကတ္တီပါနီ မွမ်းသည်။ ရွှေမှော် ကြသည်။ အဖုံးရေခံပါ စပ်လုပ်၍ တွင်း,ပြင် ရွှေချသည်။ ကတ္တီပါနီ မွမ်းသည်၊ ရွှေမှော်ကြသည်။

သန်လျင်းမှာ အမွေတိုက်တော်မှ စာချွန်တော်နှင့် ထုတ်ရသည်။ မကောင်းသမျှ ကို ပြင်ရသည်။ ပျဉ်ခုံထုပ် ၄-တောင်, ၂-မိုက်၊ လျောက် ၆-တောင် စပ်လုပ်သည်။ ခုံတိုင် ၆-လုံးကို ကတ္တီပါနီ မွမ်းသည်။ အလျား ကြာငုံ ၁-တောင် ရွှေချသည်။ ထုပ်လျောက်ကို ဖဲနီ မွမ်းသည်။ ခုံဘောင် ပန်းလှကလပ်ကို ဖဲနီ မွမ်းသည်။ ၄-ထောင့် ကျေးစေတိုင် သတ်သည်။ တံခါး ၄-ပေါက်ထားသည်။ ဖိထင်း အလျား ၃-တောင် ပွတ်သမားတို့ ပွတ် သည်။ အဖျားကြာငုံ ၂-ဖက်, ၁-မိုက် ရွှေချသည်။ အလယ် ဖဲနီ မွမ်းသည်။ ကုမ္ဘီးစင် အလျား,အနံ ၁-တောင်၊ အစွန်း ၂-တောင် စပ်လုပ်သည်။ ဖဲနီ မွမ်းသည်၊ ငှက်ပျော ၄- ပင် စိုက်သည်။

ဆောင်ဗိတာန် အလျား ၅-တောင်၊ အနံ ၃-တောင်၊ တိုင် ၃-တောင်၊ အမိုး ပိတ်ဖြူ, ခါသာ, သတောင်းလည်, ကြာယပ်ထုသည်။ တိုင်ထုပ်,လျောက်ကို ဖဲနီမွမ်းသည်။ ၄- မျက်နှာတောသားတို့ လုပ်ရသည်။ ညောင်ရွက်, သရက်ရွက် ဆွဲသည်။ ပန်းပိုးအိုး၊ အိုးဝ ၁-မိုက် စောက် ၁-မိုက်၊ ပွတ်သမားတို့ လုပ်ရသည်။ ရွှေချသည်။ အရိုးအိုးတင် ပန်းတောင်း အမြင့် ၁-တောင်၊ အထက်ကြာခံ ၂-မိုက်၊ အောက်ကြာ ၁-မိုက်, ၄-သစ်၊ အနီသုတ် အထက် ကြာခံတွင် သန္တာ ၉-ခက် စိုက်သည်၊ ညောင်ရွက် ၉-ဆွဲသည်၊ ကွမ်းဘူး ၃-ကို အမွေတိုက်မှာ ယူသည်။ မီးအိုး-၁၊ မီးသတ်အိုး-၁၀၊ ပုဝါနီဖုံး၊ တောလုပ်မှာ အုတ်နံရံ ၂- ဖက်စီသည်။ အပေါက်ကို သံကွန်ရက် ခံသည်။ စမြင်တိုင် ၆-လုံး ဖဲနီမွမ်း၊ အဖျား ကြာငုံ ၁-တောင် ရွှေချသည်။ ဖိုဝ ၄-ပေါက်ထားသည်။

မီးလောင်တိုက်ကို ဖျင်ကာသည်။ ပြင်ကို ရာဇမတ် ဒေါင်းခြံကာသည်။ ငှက်ချေးခံ အပေါ်ဖျင်မိုး နီပါးထည်မွမ်းထပ်သည်။ ငှက်ချေးခံ တိုင် ၄-လုံးစိုက်၍ နီပါးထည်ရစ်ကြိုးနှင့် တင်သည်။ ဖို ၄-လုံးကို ပန်းပဲတို့က ပေးရသည်။ အလောင်းကို ၁-ညဥ့်ထား၍ သင်္ဂြိုဟ်သည်။

အစဥ်ကား ရှေ့ဖျားမီးအိုး၊ သည့်နောက် လှူရန် လက်ဖက်ချောင်း၊ ပုဆိုးလိပ်၊ ဖျင်လိပ်၊ သာလူ၊ ခါသာလိပ်၊ ကွမ်းဘူး၊ ဖိထင်း၊ စန္တား, ယမား၊ ရွှေမြူတာ, ငွေမြူတာ၊ ရွှေတကောင်း, ငွေတကောင်း၊ ရွှေအိုးပြစ်, ငွေအိုးပြစ်၊ ရွှေဖာချုပ်, ငွေဖာချုပ်၊ သည့်နောက် ပတ်ဆိုင်း၊ သည့်နောက် ကုမ္ဘီးထမ်းစင်၊ သည့်နောက် အရိုးကောက်ဆင်၊ သည့်နောက် အုံးမွေ့ရာတင်ဆင်၊ သည့်နောက် စည်၊ သည့်နောက် အဆောင်၊ သည့်နောက် ဗိတာန်၊ သည့်နောက် ခုံပျဥ်၊ သည့်နောက် အလောင်းသန်လျင်း၊ သည့်နောက် မင်းညီမင်းသား၊ မှူးတော်, မတ်တော်၊ ကတော်မယားတို့ သစ်ကျပ်မဲသေးအဝတ်နှင့် လိုက်ရသည်။

မီးလောင်တိုက်သို့ ရောက်လျှင် စန္တား, ယမားများကို ခေါင်းရင်းက စိုက်သည်။ ထီးဖြူကို ခေါင်းရင်းတံခါးတွင် စိုက်သည်။ ဆင်ကို ရာဇမတ်တောင်က၊ စည်ပတ်ကို အရှေ့ ပြင်က၊ အဆောင် ဝေါ, ကျိုင်း, မြင်းကို မြောက်က၊ ခုံကို ရာဇမတ်ပြင်ထားပြီးလျှင် ပျဥ်ကို ထင်းပုံသို့ တင်ပြီးမှ သန်လျင်းကို ဇေတဝန်ကျောင်းတော်ရှိရာ ၇-ကြိမ်တိုက်ပြီးမှ လက်ဝဲရစ် လှည့်၍ ချသည်။ အလောင်းကို သင်ဖြူးအခင်းပါ ချီ၍ ပျဥ်သို့ သွင်းသည်။ ပြင်ဆင်၍ သရဏဂုံတင်ပြီးလျှင် အလောင်းကို ဖိုနှင့် သင်္ဂြိုဟ်သည်။ အလောင်းကျွမ်းလျှင် အရိုး ကောက်ဆင်က ဆင်း၍ အရိုးကောက်သည်။ အုန်းရည်နှင့် ဆေးသည်။ အမွှေးရည်နှင့် ဆေးသည်။ ပြီးလျှင် ရေတွင် သင်္ဂြိုဟ်သည်။ ပြီးလျှင် အဆောင်အရွက်, ဝေါ, သန်လျင်း, ကွမ်းဘူး, ထီးဖြူများကို ဆိုင်ရာ အမွေတိုက်တော်မှာ သွင်းထားရသည်။

သင်္ဂြိုဟ်စာတမ်းအမြွက်ကား ဤတွင် ပြီး၏။

★★★★★★★

## [ ၇ ] (က) မဟာနွယ်တော်ဆိုင်ရာများ

ဇေယတု။ ။ရတနာသိင်္ဃ ပဉ္စမမြို့တည်,နန်းတည် အလောင်းသျှင် မင်းတရားကြီးမှ မန္တလေးရတနာပုံ မြို့တည်,နန်းတည် ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးတိုင် ၁၀-ဆက်သော မင်းတရားကြီးတို့၏ ခမည်းတော်, မယ်တော် ဖွားသက္ကရာဇ် ဇာတာတော်, နံတော်, ဘွဲ့တံဆိပ်တော်, ငယ်မည်တော်၊ ကံကျွေးခံ မြို့,ရွာ၊ အထွတ်အမြတ်သို့ ရောက်တော်မူသော ခုနှစ်,လ,ရက်၊ အိမ်နိမ့်စည်းစိမ်၊ နတ်ပြည်စံတော်မူသော ခုနှစ်,လ,ရက်၊ နတ်ပြည်စံလို, နန်းကျလိုသောအခါဖြစ်သော တိတ်နိမိတ်၊ ပြုစုတော်မူသော ကုသိုလ်တော် အဆောက်အဦများနှင့် အသျှင်နန်းမတော် မိဖုရားခေါင်ကြီး-စသော မင်း မိဖုရား၊ မင်းကိုယ်လုပ်တော်တို့၏ ခမည်းတော်, မယ်တော် ဖွားသက္ကရာဇ်၊ နံတော်, ဘွဲ့တော်, ငယ်မည်တော်, ကံကျွေးခံ မြို့,ရွာ၊ ပြုစုတော်မူသော ကောင်းမှုတော်၊ ၎င်းတို့မှ ဖွားမြင်တော်မူသော သားတော်, သမီးတော်အပေါင်းတို့၏ ဖွားသက္ကရာဇ်, နံတော်, ဘွဲ့တော်, ငယ်မည်တော်, ကံကျွေးခံ မြို့,ရွာ၊ ကံတော်ကုန်ရာ အိမ်ရှေ့, အိမ်ရှေ့မိဖုရား, ကိုယ်လုပ်တော်တို့နှင့် ၎င်းသားတော်, သမီးတော်တို့၏ ဖွားသက္ကရာဇ်, နံတော်, ဘွဲ့တော်, ငယ်မည်တော်, ကံကျွေးခံ မြို့,ရွာ၊ ကံတော်ကုန်ရာ၊ ကောင်းမှုတော် အဆောက်အဦ-စသော အကြောင်းအရာတော်များကို သာသနာပြု သာသနာ့ဒါယကာ၊ မြန်မာမဟာဓမ္မရာဇ် မင်းခေါင်, မင်းဖျား, မင်းတရားများဖြစ်သည့်အတိုင်း အစဉ်သိအပ်, မှတ်သားအပ်သော ဝတ္တရားနှင့်အညီ သူတော်ကောင်းအများ လွယ်ကူမှတ်သားကြရန် စာတမ်း, ရာဇဝင် အစောင်စောင်တို့မှ အချုပ်ကောက်နုတ်၍ ထားအပ်သော မဟာနွယ်တော်စာရင်း။

[ ၇ ] (ခ) ကုန်းဘောင်ဆက် မင်းတရားကြီး-စသည်များအကြောင်း၊ မာတိကာ

- အလောင်းတော်မင်းတရားကြီးဘုရားအကြောင်း ၁
- သားတော် စစ်ကိုင်းမြို့တည် နောင်တော်မင်းတရားကြီးအကြောင်း ၁
- ညီတော်ရတနာပူရ တတိယမြို့တည် ဆင်ဖြူရှင်မင်းတရားကြီးအကြောင်း ၁
- သားတော် စဉ့်ကူးမင်းအကြောင်း ၁
- နောင်တော် ဖောင်းကားမင်းအကြောင်း ၁
- ဘထွေးတော် အမရပူရ ပဌမမြို့တည်,နန်းတည် မင်းတရားကြီးအကြောင်း ၁
- *သားတော် အိမ်ရှေ့မင်းကြီးအကြောင်း)* ၁
- သားတော် ရတနာပူရ စတုတ္ထ မြို့တည်,နန်းတည် ဘကြီးတော်မင်းတရားကြီးအကြောင်း ၁
- ညီတော် အမရပူရ ဒုတိယမြို့တည် ရွှေဘိုမင်းတရားကြီးအကြောင်း ၁
- သားတော် အမရပူရ စတုတ္ထနန်းစံ၊ ပုဂံမင်းတရားကြီးအကြောင်း ၁
- ညီတော် မန္တလေးရတနာပုံ ပဌမမြို့တည်,နန်းတည် ပဉ္စမသင်္ဂါယနာတင်မင်းတရားကြီးအကြောင်း ၁

*ညီတော် အိမ်ရှေ့မင်းကြီးအကြောင်း)* ၁

ပေါင်း - ၁၂

## [ ၈ ] အလောင်းမင်းတရားကြီး,မိဖုရား, သားတော်,သမီးတော်တို့အကြောင်း (၁)

ရတနာသိယ် ပဌမမြို့တည်,နန်းတည် အလောင်းမင်းတရားကြီးဘုရားကား ပုဂံနန်းရိုး နေနတ်နွယ်မျိုးဖြစ်တော်မူသော သီရိမဟာဓမ္မရာဇာ, မိဖုရား မဟာဒေဝီတို့ သားတော်၊ သက္ကရာဇ် ၁၀၇၆-ခု၊ တော်သလင်းလပြည့်ကျော်၊ ၁-ရက်၊ ၆-ကြာနေ့၊ ညဥ့် ၁-ချက်တီးကျော်၊ ဓနသိဒ္ဓနက္ခတ် မွန်းတည့်၊ ပြိဿလဂ်၊ ကုံ-စန်း၊ သိဟ်တွင် ၁-နေ့, စနေ၊ ကန်တွင်-၄,၆၊ မိဿတွင်-၅၊ ကရကဋ်တွင်-၃၊ ဗြိစ္ဆာတွင်-၈၊ စင်နက္ခတ် ၂၄-လုံး, ၂-ပါဒ်, ဗိဇနာပြည့် ကောင်းမြတ်သော အခါတော်၌ ဖွားတော်မူသည်။

သက်တော် ၃၈-နှစ်၊ ၁၁၁၄-ခုနှစ်၊ ကဆုန်လပြည့်ကျော်၊ ၁-ရက်နေ့ မင်းအဖြစ်သို့ ရောက်တော်မူသည်။ ၁၁၁၅-ခုနှစ်၊ ပဌမဝါဆိုလပြည့်ကျော်၊ ၆-ရက်၊ ၅-နေ့သို့အဝင်၊ ညဥ့် ၃-ချက်တီးကျော် ၅-နာရီ၊ ပါဒ်ပြည့်၊ ၁၁-ဗိဇနာ၊ ပြန်ပြည့်၊ ခရာပြည့်သောအခါတွင် တာဝန်း ၄,၄၀၀-ရှိသော ရတနာသိယ်မြို့ကြီးကို တည်တော်မူသည်။ ၁၁၂၂-ခုနှစ်၊ ကဆုန်လပြည့်ကျော်၊ ၃-ရက်၊ ၅-နေ့၊ ယိုးဒယားကအပြန် မုတ္တမကျေး၊ ကင်းရွာတွင် နတ်ပြည်စံတော်မူသည်။ ရွှေချက်သို စေတီတော်ဒါယကာ၊ ငယ်မည်တော် ဦးအောင်ဇေယျ။

မိဖုရားခေါင်ကြီးကား ဦးရိုးတော် စည်ပုတ္တရာ ရွှေကာ ၁,၀၀၀-မှူး၊ မင်းသီရိရန္တဇ သမီးတော်၊ ၁၀၇၅-ခု ဖွား၊ ၁၁၁၅-ခုနှစ်၊ မဟာမင်္ဂလာရတနာဓိပတိသီရိရာဇာစန္ဒာဒေဝီ အမည်ကို ခံတော်မူသည်။ သားတော်ဆင်ဖြူရှင်လက်ထက် ၁၁၃၃-ခု၊ ဝါခေါင်လပြည့်ကျော်၊ ၅-ရက်နေ့၊ နတ်ပြည်စံတော်မူသည်။ ရတနာသိယ်မြို့၊ အောင်မြေဘုံသာကျောင်းတော်ကြီး, ရတနာပူရမြို့၊ ဘုံသာတုလွတ်ကျောင်းတော်ကြီးများ ဒါယိကာမ၊ ငယ်မည်တော် မယ်ယွန်းစံ။

သားတော် သီရိသုမဟာဓမ္မရာဇာမှာ ခမည်းတော်လက်ထက် အိမ်ရှေ့ တပယင်း, ရွှေတောင်, စဉ့်ကူးမြို့များကို ကံကျေးခံ၍ နောက်မင်းဖြစ်တော်မူသည်။ ငယ်မည်တော် မောင်လော့က်။

ညီတော် သီရိသုဓမ္မရာဇာမှာ ခမည်းတော်, နောင်တော်များလက်ထက် မြေဒူး, စလင်းမြို့များကို ကံကျေးခံ၍ နောက်မင်းဖြစ်တော်မူသည်။ ငယ်မည်တော် မောင်ရွ။

နှမတော် သီရိမဟာမင်္ဂလာဒေဝီမှာ ၁၁၀၀-ပြည့်ဖွား၊ ခမည်းတော်နှင့် မောင်တော် ၂-ပါး လက်ထက် ကန္နီမြို့ကို ကံကျေးခံရသည်။ ရတနာသိယ်မြို့ တုလွတ်ဘုံသာကျောင်း ဒါယိကာမ၊ ငယ်မည်တော် မယ်သာ။

မောင်တော် သုဓမ္မရာဇာမှာ ၁၁၀၂-ခုဖွား၊ ခမည်းတော်နှင့် နောင်တော် ၂-ပါးလက်ထက် အမြင့်မြို့, တလုပ်မြို့များကို ကံကျေးခံရသည်။ စဉ့်ကူးမင်းလက်ထက် ရေမှာ ဖျောက်သည်။ ငယ်မည်တော် မောင်ပိုး။

နှမတော် သီရိမဟာရတနာဒေဝီမှာ ၁၁၀၄-ခုဖွား၊ ခမည်းတော်နှင့် မောင်တော် ၂-ပါး လက်ထက် မင်းခင်းမြို့၊ ဗဒုံမင်းလက်ထက် ပန်းတောင်းမြို့များကို အသုံးကံကျေး ခံရသည်။ အဝမြို့၊ ဘုံသာစံလွတ်ကျောင်း ဒါယိကာမ၊ ငယ်မည်တော် မယ်မြတ်လှ။

မောင်တော် သတိုးမင်းလှရွှေတောင်မှာ ခမည်းတော်နှင့် နောင်တော် ၂-ပါးလက်ထက် ဗဒုံ, မြဝတီမြို့များကို ကံကျေးခံရ၍ နောက်မင်းဖြစ်တော်မူသည်။ ငယ်မည်တော် မောင်ရွှေဝိုင်း။

နှမတော် သီရိရတနာမင်္ဂလာဒေဝီမှာ ခမည်းတော်နှင့် မောင်တော် ၂-ပါး လက်ထက် စကုမြို့ ကို ကံကျေးခံရသည်။ ၁၁၂၉-ခုနှစ် လွန်သည်။ ငယ်မည်တော် မယ်အိပ်။

မောင်တော် သတိုးမင်းလှမင်းရဲကျော်စွာမှာ ၁၁၁၁-ခုဖွား၊ ခမည်းတော်၊ နောင်တော်များ လက်ထက် ပုံခန်းကြီးမြို့, တလုပ်မြို့များကို ကံကျေးခံရသည်။ ၁၁၆၄-ခုနှစ်၊ မင်းကွန်းရှားရောင်းတွင် လွန်သည်။ ငယ်မည်တော် မောင်စိုး။

ညီတော် သတိုးမင်းလှမင်းရဲကျော်ထင်မှာ ၁၁၁၆-ခု၊ နန်းထက်ဖွား၊ ခမည်းတော်နှင့် နောင် တော် ၂-ပါးလက်ထက် ပင်းတလဲ, မြင်စိုင်းမြို့များကို ကံကျေးခံရသည်။ နောင် တော် ဗဒုံမင်းလက်ထက် ၁၁၄၇-ခုနှစ်၊ ဝါဆိုလ ရေမှာ ဖျောက်သည်။ ငယ်မည် တော် မောင်ဘိုးရှင်။

မိဖုရားခေါင်ကြီးတွင် သားတော် ၆-ပါး, သမီးတော် ၃-ပါး၊ ပေါင်း ၉-ပါး။

မြောက်နန်းမိဖုရား မဟာဒေဝီမှာ ဦးရီးတော် မင်းသီရိရန္တဇသမီး မယ်ကောင်းစံနှင့် စည်သာ မင်းကြီးတို့ သမီးတော်။ ငယ်မည်တော် ရှင်မြေ။

သားတော် စည်သာမင်းသားမှာ ခမည်းတော်နှင့် နောင်တော် ၂-ပါးလက်ထက် စည်သာမြို့ ကို စားရသည်။ ဗဒုံမင်းလက်ထက် ရေမှာ ဖျောက်သည်။ ငယ်မည်မှာ မောင်လှ။

ကိုယ်လုပ်တော် သီရိစန္ဒာမဟေမှာ မုဆိုးဖို အသည်သမီး၊ ငယ်မည်မှာ ရှင်မင်းသူ။

သမီးတော် ပဒုမ္မဝတီမှာ ငယ်မည် ရှင်မင်းကောင်း၊ မြောက်သားတော်မှာ တောင်ငူဝန် မောင်ကူး၊ နောက် ပုဂံဝန် မောင်ပင်။

ကိုယ်လုပ်တော် ကျောက်မြောင်းကတော်မှာ ဇင်းဝန်သမီး၊ ၁၁၁၆-ခုနှစ်၊ သီရိမဟေ သမုတ်သည်။

သားတော် မင်းရဖျားသတိုးမင်းကျော်မှာ ဗဒုံမင်းလက်ထက် မြဝတီမြို့ကို စားရသည်။ ငယ်မည်မှာ မောင်ပတောက်။

ကိုယ်လုပ်တော် စိတ္တမဟေမှာ ဟံသာဝတီရောက်မင်းလက်ထက် ဝန်ကြီးသတိုးတရဖျားသမီး။

သားတော် မင်းရဲရန္တမိတ်မှာ ဗဒုံမင်းလက်ထက် မြင်ကွန်းမြို့ကို စားရသည်။ ငယ်မည်မှာ မောင်စွေ။

ကိုယ်လုပ်တော် ရုစာမဟေမှာ မြောက်ဘက် မြင်းဝန်သမီး၊ ငယ်မည်မှာ မခွေခဲကြီး။

သမီးတော် သီရိသုစန္ဒာဒေဝီမှာ ဗဒုံမင်းလက်ထက် နန်းတင်၍ ယင်းတော်မြို့ကို ကံကျွေးပေးသည်။ မဟာမုနိအရှေ့တံတိုင်းနှင့် သိမ်ပြာသာဒ်ကြီး ဒါယိကာမ၊ ငယ်မည်မှာ မင်းခွေမြ။

ကိုယ်လုပ်တော် မခွေခဲကလေးမှာ စစ်ကိုင်းအတွင်းဝန် သတိုးကျော်သူသမီး။

သမီးတော် သီရိသုမလ္လာဒေဝီမှာ ဗဒုံမင်းလက်ထက်၊ ပင်းမြို့ကို စားရသည်။ ငယ်မည်မှာ မင်းညိုမြ။

ကိုယ်လုပ်တော်တို့တွင် သားတော်-၃, သမီးတော်-၃၊ ၂-စု ၆၊ စုစုပေါင်း ၁၅-ပါး။

အလောင်းမင်းတရားကြီး နတ်ပြည်စံလိုသော် မြို့တော်တွင် မိုးကြိုး ၁၃-ချက် တပြိုင်နက် ကျ၏။ ညောင်ပွင့်၏၊ တံခွန် ပြ၏၊ အင်္ဂါဂြိုဟ် အခိုးထွက်၏၊ ကြတ္တိကာ လကို ချဉ်း၏။ ယိုးဒယားသို့ ချီတော်မူနိုးကာလ "မျက်ရည်သုတ်လို့ နောက်ဆုတ်ပြန်၊ သွားတန်သင့်ဘဲ" ဟု သူငယ်တို့ တဘောင်သီ၏။

ကုသိုလ်တော်ကား ရွှေချက်သိုစေတီတော်, မြို့ကြီးအရှေ့မြောက်ထောင့် စေတီတော်, အောင်မြေဘုံသာကျောင်းတော်-စသဖြင့် အလွန်များလှ၏။ အကျယ်လိုလျှင် ရာဇဝင်မှာ ယူပါ။

**အလောင်းမင်းတရားကြီးဘုရားအကြောင်းတော် ပြီး၏။**

* * * * * *

## [ ၉ ] စစ်ကိုင်းမြို့တည် မင်းတရားကြီး, ။လ။ အကြောင်း (၂)

သားတော် စစ်ကိုင်းမြို့ကည် မင်းတရားကြီးကား အလောင်းမင်းတရားကြီး၏ သားတော်ကြီး၊ ၁၀၉၆-ခု၊ ဝါခေါင်လဆန်း၊ ၃-ရက်၊ အင်္ဂါနေ့ ပြဿ လဂ်, ဓနု စန်း, မေထုန်တွင်-၆၊ ကရကဋ်တွင်-၁၊ သိဟ်တွင်-၄၊ တူတွင်-၈၊ ဗြိစ္ဆာတွင်-၅၊ မကာရတွင်-၃၊ စင် ၉-လုံး, ၂-ပါဒ်၊ ၁၀-ဗိဇနာတွင် ဖွားတော်မူသည်။

သက်တော် ၂၆-နှစ်၊ နယုန်လပြည့်ကျော်၊ ၉-ရက်နေ့ မင်းဖြစ်တော်မူသည်။ ၎င်းနှစ်၊ ဝါခေါင်လဆန်း၊ ၁၄-ရက်နေ့ စစ်ကိုင်းမြို့ဟောင်း နောက်တောင်ယွန်းတွင် မြို့သစ်,နန်းသစ်တည်၍ မဟာဇေယျပူရ သမုတ်ပြီးလျှင် ရတနာသိယ်သို့ ပြန်တော်မူသည်။ ၎င်းနှစ်၊ တပေါင်းလဆန်း၊ ၆-ရက်နေ့၊ ၂-နေ့၊ ထီးဆောင်းမင်္ဂလာ မဟာဥကင်သ ဖွင့်တော်မူ၍ 'သီရိပဝရမဟာဓမ္မ-ရာဇာ'အမည်ကို ခံတော်မူသည်။ သက်တော် ၂၉-နှစ်၊ ၄-လ၊ ၁၁၂၅-ခု၊ နတ်-တော်လပြည့်ကျော်၊ ၉-ရက်၊ ၂-နေ့ နတ်ပြည်စံတော်မူသည်။

မိဖုရားခေါင်ကြီး မဟာမင်္ဂလာရတနာဒေဝီကား ယင်းတောဝန်ကြီးသမီး၊ ငယ်မည်မှာ ရှင်ဖြိုးဦး။

သားတော် ဖောင်းကားရှာစားမှာ ၇-ရက် မင်းဖြစ်သည်။ ငယ်မည်မှာ မောင်မောင်။

အလယ်နန်းမိဖုရား သီရိရတနာဒေဝီမှာ ဟံသာဝတီရောက်မင်း သမီးတော်၊ ခဲပေါင်မြို့ကို ကံကျေးခံရသည်။ ငယ်မည်မှာ မင်းရွှေကြာ။

သမီးတော် သီရိစန္ဒာဒေဝီမှာ မောင်တော် ဖောင်းကားမင်းလက်ထက် ၇-ရက် မိဖုရားဖြစ်သည်။ ဗဒုံမင်းလက်ထက် ချောင်းဆုံကြီးရွာကို စားရသည်။ ငယ်မည်မှာ မယ်ဘွား။ ညီမတော် မယ်ငါး၊ ၅-နှစ်တွင် လွန်သည်။

မြောက်နန်းမိဖုရား မင်္ဂလာဒေဝီမှာ မင်းရွာဗိုလ်နှမ မဲထီးရွာစား။ ငယ်မည်မှာ ရှင်ယွန်း။

သားတော် မောင်ချင်းအိုမှာ ဗဒုံမင်းလက်ထက် ထောင်မှာထားရာ လွန်သည်။

ကိုယ်လုပ်တော် သီဒါဒေဝီမှာ မြောက်ဘက် မြင်းဝန်သမီး ရှင်မှန်၊ သားတော် မောင်နုမှာ ၅-နှစ်တွင် လွန်သည်။

ကိုယ်လုပ်တော် မလ္လာဒေဝီမှာ မတ္တရာဆည်ဝန်သမီး၊ ငယ်မည်မှာ ရှင်ရွှေသား၊ သားတော် မောင်ချင်းမှာ ၃-နှစ်တွင် လွန်သည်။

ကိုယ်လုပ်တော် ရာဇဒေဝီမှာ ကျောက်ဆည်ဝန်သမီး၊ ငယ်မည်မှာ ရှင်ရွှေပု၊ သားတော်ငယ်က လွန်သည်။

ပေါင်း- သားတော်-၅, သမီးတော်-၂၊ ၂-စု ၇-ပါး။

ထိုမင်း နတ်ပြည်စံလိုသော် အမြောက်သံများစွာ ပဲ့တင်ထပ်မျှဖြစ်၍ မြို့လုံး ထိတ်လန့်၏။ တိမ်တံခွန် ပြ၏၊ ဒိန္နက်သဲသကြိန်နှင့် တပြိုင်နက် သင့်၏။

ကုသိုလ်တော်ကား ရတနာသိယ်မြို့၊ ရှေ့မြောက်ယွန်းတွင် ၃-ထပ် ဇေတဝန်ရွှေကျောင်းဆောက်၍ မဟာဘုံသာသမုတ်ပြီးလျှင် တောင်တွင်းပုဂ္ဂိုလ်ကျော် ဉာဏာလင်္ကာရ-မဟာရာဇဂုရုအား တင်လျှုတော်မူသည်။ မဟာနန္ဒာကန်တွင်းစေတီတော်, သုဓမ္မာရွှေဇရပ်တော်-စသဖြင့် များစွာ ပြုစုတော်မူသည်။

* * * * * *

## [ ၁၀ ] ရတနာပူရ တတိယမြို့တည် ဆင်ဖြူရှင်မင်းတရား, ။လ။ အကြောင်း *(၃)*

**ရတနာပူရ တတိယမြို့တည် ဆင်ဖြူရှင်မင်းတရားကား** အလောင်းမင်းတရားကြီး သားတော်လတ်၊ ၁၀၉၈-ခု၊ ဝါခေါင်လဆန်း၊ ၈-ရက်၊ ၁-နေ့၊ နံနက် ၄-ချက်တီးကျော်၊ သိဟ်တွင် လဂ်နှင့် ၁, ၆၊ မကာရတွင်-၂, ၅၊ မိန်တွင်-၃၊ ကရကဋ်တွင်-၄၊ မိဿတွင်-၀၊ မေထုန်တွင်-၈၊ စင်-၂၀, ၂-ပါဒ်တွင် ဖွားတော်မူသည်။ သက်တော် ၂၇-နှစ်၊ ၁၁၂၅-ခုနှစ်၊ နတ်တော်လပြည့်ကျော်၊ ၉-ရက်၊ ၄-နေ့ မင်းဖြစ်တော်မူသည်။ ၎င်းနှစ်၊ နှောင်းတန်းခူးလဆန်း၊ ၂-ရက်၊ ၃-နေ့သို့အဝင်၊ ညဉ့် ၂-ချက်တီးကျော်တွင် ရတနာပူရ အဝမြို့ကို တည်တော်မူသည်။ ၁၁၂၆-ခုနှစ်၊ ရာဇာဘိသေကခံ၍ သီရိသုဓမ္မမဟာရာဇာဓိပတိ-စသော တံဆိပ်နာမံတော်များကို ခံတော်မူသည်။ သက်တော်-၄၀၊ ၁၁၃၈-ခု၊ နယုန်လပြည့်ကျော်၊ ၉-ရက်နေ့ နတ်ပြည်စံတော်မူသည်။

**မိဖုရားခေါင်ကြီး သီရိအတုလရတနာပဒုမ္မဒေဝီကား** မင်းသီရိရန္တဇသမီးတော် မယ်နှိုင်းစံနှင့် ရတနာသိယ်မြို့ဝန် သင့်ရာမြင်သည့် သမီးတော်၊ ၁၀၉၆-ခုဖွား၊ သက်တော် ၂၆-နှစ်၊ ၁၁၇၂-ခုနှစ်၊ ပဌမဝါဆိုလဆန်း၊ ၁၄-ရက်နေ့ လွန်တော်မူသည်။ စေဉ့်ကူးမင်းလက်ထက် မင်းအိုဆရာတော်အား တင်လျှုသော ၅-ထပ်ကြီးအနောက်၊ မင်္ဂလာရွှေဘုံကျောင်း ဒါယိကာမ၊ ငယ်မည်မှာ မယ်လှ။

သမီးတော် မင်းရွှေဥမှာ ၁၁၁၆-ခုဖွား၊ မောင်တော် စဉ့်ကူးမင်းလက်ထက် ကန္နီမြို့ကို ကံကျေးခံရသည်။ ဗဒုံမင်းလက်ထက် လွန်သည်။ စစ်ကိုင်း ၅-ထပ်ကြီး တောင် ရတနာရွှေဘုံကျောင်း ဒါယိကာမ။

မောင်တော် မင်းရဲလှမှာ မင်းဖြစ်သည်။ ရှေ့မှာ ဆိုမည်။ နှမတော်-၁၊ မောင်တော်-၁၊ ငယ်ကလွန်။ ညီတော် မောင်ပုတ်၊ ၃-နှစ်လွန်။

နှမတော် စန္ဒာဒေဝီမှာ ၁၁၃၄-ခု၊ ပဌမဝါဆိုလဆန်း၊ ၇-ရက်၊ စနေနေ့ နန်းထက်ဖွား။ ဧးချင်းဘွဲ့ခံ မင်းထိပ်ဦးလည်း ဟူ၏။ ဗဒုံမင်းလက်ထက် သားတော်ပုဂံမင်းနှင့် စုံဖက်တော်မူသည်။ ငယ်မည်မှာ မင်းရွှေနန်း။ မောင်တော်-၁၊ နှမတော်-၁၊ ငယ်ကလွန်။

မိဖုရားခေါင်ကြီးတွင် သားတော်-၄၊ သမီးတော်-၄၊ ပေါင်း ၈-ပါး။

မြောက်နန်းမိဖုရား ထွတ်ချာဒေဝီမှာ မှန်နန်းဆင်ဖြူရှင်သားတော် သရက်မင်းသား သမီး တော်၊ သားတော်, သမီးတော် မမြင်။ ငယ်မည်မှာ မင်းရွှေဥ။

ပဌမ အလယ်နန်းမိဖုရား သီရိနန္ဒာမဟာဒေဝီမှာ မင်းသီရိရန္တဇသမီး မယ်ကောင်းစံနှင့် စည်သာမင်းကြီး သင့်ရာမြင်သည့် သမီးတော်၊ ငယ်မည်မှာ မယ်ပြေ။

သမီးတော် သီရိစန္ဒာဝတီမှာ ၁၁၂၇-ခုဖွား၊ ဗဒုံမင်းလက်ထက် သားတော် တောင်တွင်း ချောင်းမင်းသားနှင့် စုံဖက်တော်မူသည်။ ငယ်မည်မှာ မင်းပုလု။

ဒုတိယ အလယ်နန်းမိဖုရား သီရိမဟာစန္ဒာရတနာဒေဝီမှာ ရွှေတိုက်ဝန်သမီး၊ စဉ့်ကူးမင်း လက်ထက် ရေမှာ ဖျောက်သည်။ သမီးတော် မင်းကြင်ဥ, မောင်တော် မောင် ကြီး, ညီတော် မောင်လတ်, ညီတော် မောင်ငယ်, နှမတော်, ညီမတော်, မောင် တော်, နှမတော်, မောင်တော်, နှမတော်, သားတော်-၅, သမီးတော်-၅၊ ပေါင်း ၁-ကျိပ် မယ်တော်နှင့် အတူပါသည်။

သခင် မင်းရွှေပွင့်မှာ ဟံသာဝတီရောက် မင်းသမီး၊ ဆင်ဖြူရှင် မင်းမဖြစ်မီ လွန်သည်။ ၎င်းလက်ဝတ်တန်းဆာများကို ဖျက်၍ ရတနာသိယ်မြို့တွင် နိဗ္ဗာန်ဆိပ်ဦးဘုရား တည်သည်။

သမီးတော် မြနန်းရှင် သီရိပဘာဒေဝီမှာ ၁၁၂၀-ဖွား၊ စဉ့်ကူးမင်း နန်းတင်သည်။ နောက် ဗဒုံမင်းလက်ထက် တောင်ငူမင်းနှင့် စုံဖက်တော်မူသည်။ ငယ်မည်မှာ မင်းမိ။

မောင်တော် မောင်ပေါင်းချောင်မှာ ခမည်းတော်လက်ထက် စလင်းမြို့ကို ကံကျွေးခံရသည်။ စဥ့်ကူးမင်းလက်ထက် ရေမှာ ဖျောက်သည်။ နှမတော်, မောင်တော်, နှမတော်-၃၊ ငယ်ကလွန်။

မဟာသီရိအတုလဒေဝီမှာ လွန်တောင်းစား သမီးတော်၊ စကျင်သံရွာစား၊ နောက် မြို့သာမြို့စား၊ အဝမြို့တွင် ကံကုန်သည်။

သားတော် မောင်ဘုန်းခေါင်မှာ ၇-နှစ်တွင် လွန်သည်။

နှမတော် သီရိမလ္လာဝတီမှာ ၁၁၃၆-ခု ဖွား၊ ဗဒုံမင်းလက်ထက် ကန်ရွာများကို ကံကျွေးခံရသည်။ ပန်းထိမ်းမင်းသားနှင့် စုံဖက်တော်မူသည်။ ၁၂၁၄-ခုနှစ် ကံကုန်သည်။ မင်းရွှေရေး၊ မောင်တော်။ *(သမီးတော်မင်းရွှေပန်း၊ ငယ်ကလွန်။ ကုန်းဘောင်ဆက်)*

သီရိမဟာဒေဝီမှာ မင်းသီရိရန္တဇသမီး မယ်နှိုင်းစံနှင့် ရတနာသိယ်မြို့ဝန် သင့်ရာ မြင်သည့် သမီးတော်အငယ်၊ မိဖုရားခေါင်ကြီး ညီမတော်ရင်း၊ တောင်တွင်းကြီးစား၊ ဆင်ဖြူရှင် မရှိ(သည့်)နောက် ပင်းတလဲမင်းသားနှင့် သင့်သည်။ ဗဒုံမင်းလက်ထက် ၁၁၄၇-ခုနှစ်၊ ဝါဆိုလဆန်း၊ ၁၃-ရက်နေ့ ၎င်းမင်းသားနှင့်အတူ ရေမှာ ဖျောက်သည်။ သားတော် မောင်မွေးမှာ မယ်တော်နှင့်အတူ ပါသည်။

သီရိပဒုမ္မဝတီမှာ သီပေါစော်ဘွားသမီး၊ သမီးတော် ရှင်အမိ၊ ငယ်ကလွန်။ မောင်တော် မောင်ကော်တင်မှာ စဥ့်ကူးမင်းလက်ထက် ရာကြည့်ကျောင်းတွင် စာသင်၍ နေသည်ကို ဖမ်း၍ ဖျောက်သည်။ ညီတော် မောင်ကော်နီ နောင်တော်နှင့်အတူ ဆုံးသည်။ နှမတော် ငယ်ကလွန်သည်။

ကိုယ်လုပ်တော် မင်္ဂလာဒေဝီ ဟံသာဝတီရောက်မင်းလက်ထက် ဝန်ကြီးသတိုးသီရိ သမီး၊ ရွှေကြက်ယက် မြောက်မျက်နှာ မုခ်ဦးစေတီတော်နှင့် ၎င်းအရှေ့ ရွှေကျောင်း ဒါယိကာမ၊ ငယ်မည်မှာ ရှင်မင်း။ သမီးတော် မယ်ဘွား၊ ငယ်ကလွန်။

မောင်တော် မင်းရဲသီရိမှာ ဗဒုံမင်းလက်ထက် ပြင်စည်မြို့စား လက်ရွေးငယ်မြင်းမှူး မင်းရဲ-သီရိ, မင်းရဲသီဟကျော်၊ ရွှေဘိုမင်းလက်ထက် သတိုးမင်းရဲနရာ၊ မင်းတုန်းမင်းလက်ထက် ရွှေကြက်ယက်တွင် ကံကုန်သည်။ ငယ်မည်မှာ မောင်နဂါး။

ကိုယ်လုပ်တော် ရတနာဒေဝီမှာ ဟံသာဝတီရောက်မင်း သမီးတော် ၁၀၉၂-ခုဖွား၊ ဧးချင်းဘွဲ့ခံ ၁၁၄၅-ခုနှစ် ကံကုန်သည်။ ငယ်မည်မှာ မင်းထိပ်ပန်း။

သမီးတော် မင်းရွှေငါးမှာ ဗဒုံမင်းလက်ထက် မင်းရဲနရာ မောင်နဂါးနှင့် စုံဖက်တော်မူသည်။ ၁၁၇၁-ခု ကံကုန်သည်။

ကိုယ်လုပ်တော် ရှင်မင်းလှမှာ အဆောင်မြဲ ငကျိုင်းသမီး၊ စဉ့်ကူးမင်းလက်ထက် မြောက်နန်း တင်သည်။ သမီးတော် မင်းသီဒါ။

ကိုယ်လုပ်တော် ရှင်ရွှေဥမှာ ဝန်းကျင်ဝန် သီရိကျော်သူသမီး။

သမီးတော် သီရိပဘာဝတီမှာ ဗဒုံမင်းလက်ထက် သားတော် ဝန်းသိုမင်းသားနှင့် စုံဖက်တော် မူသည်။ ၁၁၈၀-တွင် ကံကုန်သည်။ ငယ်မည်မှာ ရှင်မင်းလုံ။

ကိုယ်လုပ်တော် ရှင်မင်းအောင်မှာ သူရဲဝန် ကျော်ထင်သီဟသူ သမီး။

သားတော် မင်းရဲသီဟကျော်မှာ ဗဒုံမင်းလက်ထက် ပတ္တနဂိုရ်မြို့စား၊ ငယ်မည်မှာ မောင်ရွှေဥ။

မြောက်သားတော်ကား ရွှေတောင်မင်း, မင်းထိပ်ပန်းတို့ သမီးတော်အငယ်၊ ငယ်မည်မှာ မင်းစာစား၊ ၁၁၅၁-ခုတွင် ကံကုန်သည်။

သားတော်-၂၁, သမီးတော်-၁၇၊ ၂-စု ၃၈-ပါး။ သားတော်-၁၉, သမီးတော်-၂၁၊ ၄၀-ဟူ၏။

ထိုမင်း နတ်ပြည်စံလိုသော် ရောဟိဏီကြယ် အခိုးထွက်၏။ လျှော်ပြင်းစွာ လှုပ်၍ ရွှေစာရံဘုရားနှင့် ဘုရားအများ ပြို၏။ မြစ်မှာ မိကျောင်းပေါ်, မြို့တွင်း ကျားဝင်၏။ ဖောင်တော်ပြာသာဒ်၌ ပျားစွဲ၏။ ကောင်းကင်မှ ပန်း, သစ်သီးအများ ကျ၏။ တကောင်းဈေး တံခါးအဝင်က နတ်ဆီး၍ ရယ်၏။ နန်းတော်အဝင်က နတ်ဆီး၍ ငို၏။

ကောင်းမှုတော်ကား ရတနာသိယ်မြို့တွင် ဇရစ်ဆရာတော် တင်လှူသော ၃-ထပ် ဇေတဝန်ဘုံစံတုလွတ်ကျောင်းတော် ၎င်းမြို့နောက်တောင် နိဗ္ဗာန်ဆိပ်ဦးစေတီတော် စသည်ဖြင့် များစွာရှိ၏။

ရတနာပူရ တတိယမြို့တည် မင်းတရားအကြောင်း ပြီး၏။

* * * * * *

## [ ၁၁ ] စဉ့်ကူးမင်း, ။လ။ အကြောင်း (၄)

သားတော် စဉ့်ကူးမင်းအကြောင်းကား ၁၁၁၈-ခု၊ ကဆုန်လဆန်း၊ ၁၂-ရက်၊ ၂-နေ့ နံနက် ၄-ချက်တီးကျော်၊ မိဿတွင်-၄၊ ပြိဿတွင်-၁၊ မေထုန်တွင် လဂ်နှင့်-၆၊ ကရကဋ်တွင်-၃၊ သိဟ်တွင်-၈၊ ကန်တွင် စန်းနှင့် ၅-အခါဖွား၊ သက်တော်-၂၀၊ ၁၁၃၈-ခု၊ နယုန်လပြည့်ကျော်၊ ၁၁-ရက်၊ ၁-နေ့ မင်းဖြစ်၍ ၎င်းနှစ်၊ ပြာသိုလဆန်း၊ ၁၅-ရက်၊ ၂-နေ့ ထီးဆောင်းမင်္ဂလာ မဟာဥကင်သ ဖွင့်တော်မူ၍ မဟာဓမ္မရာဇာဓိရာဇာ နာမံခံတော်မူသည်။ စည်းစိမ် ၅-နှစ် ၈-လသော် အာစာရဝိပ္ပတ္တိဖြင့် နန်းကျ၍ ဗဒုံမင်းလက်ထက် ၁၁၄၃-ခုနှစ် ရေမှာ ဖျောက်တော်မူသည်။

မိဖုရားခေါင်ကြီး မဟာရတနာစန္ဒာဒေဝီကား မြင်းစုကြီးဝန်သမီး သီရိနန္ဒာဒေဝီခံ ရှင်ဘွားနှင့် ကျီအတွင်းဝန် နန္ဒကျော်ထင်ခံ မောင်ထွန်းတို့ သင့်ရာ မြင်သည်။ မင်းဘူးဆရာ ရှင်ကလျာဏအား တင်လှူသော စစ်ကိုင်း၊ ကျောက်စံကတော်ကျောင်းရာတွင် ရတနာစံလွတ်ကျောင်းတော် ဒါယိကာမ၊ ဗဒုံမင်းလက်ထက် အသည်ဝန်ကြီး ကတော် မယ်တလိုင်းသို့ အပ်၍ ဆင်းရဲကြီးစွာ ဆုံးရသည်။ ငယ်မည်မှာ ရှင်မင်း။

သမီးတော် မင်းရွှေနှစ်မှာ ပင်းတယမြို့ ကံကျွေးခံ၊ ခမည်းတော်နှင့်အတူ ဆုံးလေသည်။

ပဉ္စမ မြောက်နန်းမိဖုရား သီရိမဟာမင်္ဂလာဒေဝီမှာ မင်းသီရိရန္တဇမြေးတော် မယ်တလိုင်းနှင့် အသည်ဝန်ကြီး သင့်ရာမြင်သည့် သမီး နန်းတင်ပြီးနောက် ချထားသည်။ နောက် အမျက်တော်ရှိပြန်၍ ၁၁၉၃-ခု ရေမှာ ဖျောက်သည်။

ဒုတိယ မြောက်နန်းမိဖုရားမှာ ခမည်းတော် ကိုယ်လုပ်တော် အဆောင်မြဲ မောင်ကျိုင်သမီး၊ စဉ့်ကူးမင်း နန်းကျလျှင် ဗဒုံမင်းလက်ထက် အသည်ဝန်ကြီးကတော် မယ်တလိုင်းသို့ အပ်ရာ ဆင်းရဲကြီးစွာရောက်၍ ဆုံးလေသည်။ သမီးတော် ငယ်ကလွန်။

အလယ်နန်းမိဖုရား သီရိမဟာနန္ဒာဒေဝီမှာ ဒုတိယမြောက်နန်းမိဖုရား ညီမတော် အစ်မတော်နှင့်အတူ ဆုံးသည်။ ငယ်မည်မှာ ရှင်မင်းသာ။ သမီးတော် ငယ်ကလွန်။ မောင်တော် မောင်မျိုးစစ်၊ ခမည်းတော်နှင့် အတူပါသည်။

အနောက်နန်းမိဖုရား သီရိစန္ဒာရတနာဒေဝီမှာ မြောက်နန်း, အလယ်နန်း ၂-ပါး ညီမတော် ရင်း၊ အစ်မတော် ၂-ပါးနှင့်အတူ စီရင်ရာပါလေသည်။ ငယ်မည်မှာ ရှင်မင်းဖြူ။

မြောက်နန်းမိဖုရား မြနန်းရှင်မှာ ခမည်းတော်ဘုရား သမီးတော် သီရိပဘာဒေဝီခံ သခင်မင်း သမီးတော်၊ ၁၁၄၃-ခု၊ ဗဒုံမင်း နန်းတင်၍ မြနန်းရှင် သမုတ်တော်မူသည်။

ကိုယ်လုပ်တော် မြတ်စွာဒေဝီမှာ ဖောင်ဝန် နေမျိုးရန္တမိတ်သမီး။ သားတော် မောင်ကြီး၊ ဇလွန်မြို့စား၊ ခမည်းတော်နှင့် အတူပါသည်။

ကိုယ်လုပ်တော် သီရိဒေဝီမှာ ယိုးဒယားဝန်သမီး၊ တောင်တွင်းကြီးစား။ သားတော် မောင်ကလေး၊ တောင်ခွင်မြို့စား၊ ခမည်းတော်နှင့် အတူပါသည်။

ကိုယ်လုပ်တော် ပဒုမ္မမဟေမှာ လှေသင်းဝန်သမီး မြေဒူးမြို့စား၊ သားတော်မောင်ကြယ်၊ စကုမြို့စား၊ ခမည်းတော်နှင့် အတူပါသည်။

ကိုယ်လုပ်တော် ဝဏ္ဏဝတီမှာ အနောက်ဝင်းမှူးသမီး။ သားတော် မောင်ကလယ်၊ ပတ္တနဂိုရ် မြို့စား၊ ခမည်းတော်နှင့် အတူပါသည်။

ကိုယ်လုပ်တော် စန္ဒဝတီမှာ ကျီစိုးသမီး၊ သားတော် ငယ်ကလွန်။

ပေါင်း သားတော်-၅, သမီးတော်-၃၊ ၂-စု ၈-ပါး။ (သားတော်-၆, သမီးတော်-၃၊ ပေါင်း ၉-ပါးလည်း ဟူ၏။)

ထိုမင်း နန်းကျလိုသော် တောင်အရပ်က လိပ်ပြာ မိုးလုံးပြည့်မျှ ပျံလာ၍ မြစ်မြောက်ဘက်သို့ ကူး၏။ မြို့ရိုး တံခါးဝ၌ ဆင်ရိုင်းကျ၍ သေ၏။ တိမ်တံခွန် ပြ၏။ ဥက္ကာကျ၏။ တမိုးလုံး သွေးပေါက်ကဲ့သို့ ချင်းချင်းနီ၏။ မြို့ရိုးပတ်လည် အစိတ်အစိတ်ကွဲ၏။ ပင်းယ၊ ရွှေစည်းခုံ ပြို၏။

ကောင်းမှုတော်ကား ရွှေနန်းတော်တောင် မိုးထိကျောင်းရာဟောင်းတွင် အလျားသံ ၁၂၅-တောင်, ၁-မိုက်၊ အနံ ၁၀၀-အလွန်ရှိသော ဥကင်ရာဇပလ္လင် ဂန္ဓကုဋိကျောင်းဦး ပြာသာဒ် လှေကား ၇-စင်း၊ ဘုံ ၅-ဆင့်ရှိသော မဟာမင်္ဂလာရွှေဘုံ ရွှေကျောင်းတော်ကြီးကို ဆောက်၍ ထန်းတပင်ဆရာတော်အား တင်လှူတော်မူသည်။ ထိုမှအပ အလွန်များလှ၏။

စစ္စဥ်ကူးမင်းအကြောင်း ပြီး၏။

* * * * * *

## [ ၁၂ ] ဖောင်းကားစားမင်း, ။လ။ အကြောင်း *(၅)*

ညီတော် ဖောင်းကားစားမင်းကား မဟာဓမ္မရာဇာဓိပတိ(?)... 

ညီတော် ဖောင်းကားစားမင်းကား မဟာဓမ္မျပူရ စစ်ကိုင်းမြို့တည် မင်းတရားကြီး*(၏)* မိဖုရားခေါင်ကြီးတွင် မြင်သည့် သားတော်။ ၁၁၂၅-ခု၊ သီတင်းကျွတ်လဆန်း၊ ၆-ရက်၊ ၅-နေ့ဖွား။ သက်တော် ၁၈-နှစ်နှင့် ၄-လ၊ ၁၁၄၃-ခု၊ တပို့တွဲလပြည့်ကျော်၊ ၇-ရက်၊ ညဥ့် ၂-ချက်တီးကျော်၊ ၃-နေ့အဝင်တွင် မင်းဖြစ်သည်။ ၎င်း*(မှ)* ၁၄-ရက်၊ ဗဒုံမင်းက ရေမှာ ဖျောက်သည်။ ငယ်မည်မှာ မောင်မောင်။

မိဖုရား ရှင်ဗိုင်းတုတ်မှာ ကျီအတွင်းဝန်အစ်ကို မောင်ရွှန်းသမီး၊ ဖောင်းကားမင်းနှင့်အတူ ရေမှာ ဖျောက်သည်။

မိဖုရား မယ်ဘွားမှာ စစ်ကိုင်းမြို့တည်မင်းတရားကြီး*(၏)* ခပေါင်မိဖုရားတွင် မြင်သည့် သမီးတော်။

ဖောင်းကားမင်းအကြောင်း ပြီး၏။

* * * * * *

## [ ၁၃ ] အမရပူရပထမမြို့တည် ဗဒုံမင်းတရားကြီး, ။လ။ အကြောင်း *(၆)*

အမရပူရပဌမမြို့တည် ဆဒ္ဒန်ဆင်မင်းသခင် ဗဒုံမင်းတရားကြီးကား အလောင်းမင်းတရားကြီး မိဖုရားခေါင်ကြီးတွင် မြင်သော သားတော်လတ်။ ၁၁၀၆-ခု၊ တန်းခူးလပြည့်ကျော်၊ ၆-ရက်၊ ၂-လ်ာနေ့အဝင် ညဥ့် ၃-ချက်တီးကျော် ၅-နာရီ၊ မိဿတွင်-၈၊ သိဟ်တွင်- ၃၊ တူတွင်-၅၊ ဗြိစ္ဆာ စန်း၊ ဓနုတွင် စနေ၊ ကုံတွင် လဂ်နှင့်-၄၊ မိန်တွင်-၁,၆၊ နက္ခတ် ၁၆-လုံး, ၂-ပါဒ်, ၇-ဗိဇနာတွင် ဖွားမြင်တော်မူသည်။ ဗဒုံမြို့၊ မြဝတီမြို့များကို ကံကျေးခံရသည်။ သက်တော် ၁၀-နှစ်တွင် သတိုးမင်းလှရွှေတောင်၊ ၁၆-နှစ်တွင် သတိုးမင်းစော၊ ၂၀-တွင် သုဓမ္မရာဇာ အမည်များကို ခံရသည်။

၃၇-နှစ်၊ ၁၁၄၃-ခုနှစ်၊ တပို့တွဲလပြည့်ကျော်၊ ၁၄-ရက်၊ ၂-နေ့ မင်းဖြစ်တော်မူသည်။ ၃၈-နှစ်၊ ၁၁၄၄-ခုနှစ်၊ တပို့တွဲလဆန်း၊ ၇-ရက်၊ ၃-နေ့အဝင်၊ ညဥ့် ၃-ချက်တီးကျော် ၁-နာရီ, ၁-ပါဒ် အချိန်တွင် မြို့, ကျုံး, နန်း, ဂူ, ကျောင်း,

ကန်, ပိဋကတ်တိုက် တပြိုင်တည်း တည်ပြီးလျှင် အမရပူရ သမုတ်တော်မူသည်။ ၄၅-ခုနှစ်, ၄၆-ခုနှစ် ၂-ကြိမ် ရာဇာဘိသေကမုဒ္ဓါဘိသိက်ခံပြီးလျှင် ထီးဆောင်း မင်္ဂလာ မဟာဥကင်သဖွင့်တော်မူ၍ 'သီရိပဝရတိလောကပဏ္ဍိတမဟာဓမ္မရာဇာ'၊ 'သီရိပဝရဝိဇယာနန္တယသတြိဘဝနာဒိတျာဓိပတိပဏ္ဍိတမဟာဓမ္မရာဇာဓိရာဇာ' တံဆိပ်နာမံများကို ခံတော်မူသည်။

၁၁၆၆-ခု၊ လှိုင်မြို့ မင်းလှအရပ်က ကိုယ်လုံး ဗိုင်းဝါဂွမ်းကဲ့သို့ ဖွေးဖွေးဖြူသော ဆင်ဖြူမ ရတော်မူသည်ကို သီရိမလ္လာမဟာသုဘတ္တာ သမုတ်တော်မူသည်။ ၁၁၆၈-ခုနှစ်၊ ဟံသာဝတီမြို့တောင်၊ နိဗ္ဗာန်ရွာက လပြည့်ဝန်းကဲ့သို့ ကိုယ်လုံးဖွေးဖွေးဖြူသော ဆဒ္ဒန်ဆင်ဖြူ ရတော်မူသည်ကို နိဗ္ဗာနပစ္စယနာဂရာဇာ သမုတ်တော်မူ၍' ရွှေစက်တင်တော်မူပြီးလျှင် ဆဒ္ဒန်ဆင်မင်းသခင် ခံတော်မူသည်။ စည်းစိမ်-၃၈၊ သက်တော်-၇၅၊ ၁၁၈၁-ခု၊ နယုန်လဆန်း၊ ၁၃-ရက်နေ့၊ ည ၄-ချက်တီးကျော်ချိန် နတ်ပြည်စံတော်မူသည်။

မိဖုရားခေါင်ကြီးကား မင်းသီရိရန္တဇသမီးတော် မဟာအတုလဒေဝီနှင့် အဝဗိုလ်မျိုးတို့တွင် မြင်သည့် သမီးတော်။ ၁၁၀၅-ခုဖွား၊ ၁၁၂၂-ခုတွင် ဆဒ္ဒန်ဆင်မင်းသခင်နှင့် ရေသွန်းလက်ထပ်တော်မူသည်။ 'သီရိပဝရမဟာရာဇိန္ဒာမင်္ဂလာရတနာဒေဝီ' အမည်တော်ကို ဒုတိယခံတော်မူသည်။ ၁၁၆၈-ခု၊ တပေါင်းလ နတ်ပြည်စံတော်မူသည်။ အောင်မြေဘုံကျော်ကျောင်းတော် ဒါယိကာမ။ ငယ်မည်မှာ မယ်လွန်မယ်။

သမီးတော် ဒုတိယအိမ်ရှေ့မိဖုရား သီရိမဟာမင်္ဂလာရတနာဒေဝီမှာ ၁၁၂၃-ခုဖွား၊ ကန္နီမြို့ကံကျေးခံရသည်။ ၁၁၉၈-ခု၊ အဝတွင် ကံကုန်တော်မူသည်။ ဝေယံဘုံကျော်ကျောင်း ဒါယိကာမ။ အမိကြီး, ညီမတော်, ပဋမအိမ်ရှေ့မိဖုရားမှာ နောက်မှဆိုမည်။

ညီမတော် ပြည်မိဖုရား သီရိမဟာရတနာမလ္လာဒေဝီမှာ ၁၁၂၆-ခုဖွား၊ မြေဒူးမြို့ကို ကံကျေးခံသည်။ သားတော် စကုမင်းသားနှင့် စုံဖက်တော်မူ၍ ပြည်မြို့ကို ပေးရာ ပြည်မိဖုရား ဖြစ်သည်။ ၁၁၈၁-ခု၊ နတ်တော်လ ကံကုန်သည်။ ငယ်မည်မှာ မယ်အုံး။

မြောက်နန်းမိဖုရား သီရိမဟာစန္ဒာဘိရတနာဒေဝီမှာ သပွတ်တော ကြေးကိုင် မောင်မြတ်ထွန်းနှင့် လွှဲပါရွာသူ ရှင်ဘရုံတို့သမီး၊ ၁၁၀၇-ခု ဖွား၊ အိမ်တော်စံစဉ် မြောက်ဆောင်ထား၍ အထွတ်အမြတ် ရောက်တော်မူလျှင် မြောက်နန်းတင်တော်မူသည်။ ၁၁၆၈-ခု၊ ပြာသိုလ ကံကုန်တော်မူသည်။ မဟာမုနိဘုရားအရှေ့မင်္ဂလာဘုံကျော်

ကျောင်းတော် ဒါယိကာမ။ ငယ်မည်မှာ မယ်လွန်းသူ။ သားတော် အိမ်ရှေ့မင်း နောက်မှ ဆိုမည်။

ညီတော် ပြည်မင်း သီရိမဟာဓမ္မရာဇာမှာ ၁၁၂၇-ခုဖွား၊ စကုမြို့ကို ကံကျေးခံရသည်။ ရွှေတိုက်ဝန်သမီး ရှင်မင်းဦးနှင့် စုံဖက်တော်မူသည်။ နောက်သမီးတော် မြေဒူး မင်းသမီးနှင့် စုံဖက်တော်မူ၍ ပြည်မြို့ကို ဘုရင်ခံ နှင်းအပ်တော်မူ၍ မင်းပြုရ သည်။ ဘကြီးတော်လက်ထက် ထောင်မှာ ထားရာ လွန်သည်။ ငယ်မည်မှာ မောင်ရွှေမှုံ။

အလယ်နန်းမိဖုရား သီရိမဟာစန္ဒာဘိရတနာဒေဝီမှာ ဟံသာဝတီရောက်မင်းလက်ထက် လုံပေါ်မြင်းစာရေး မောင်စံထွန်းသမီး။ အိမ်တော်စံစဉ် ယဉ်ပါးတော်မူ၍ အလယ် နန်းတင်တော်မူသည်။ ၁၁၅၁-ခုနှစ် ကံကုန်သည်။ မင်္ဂလာစံလွတ်ကျောင်း ဒါယိကာမ။ ငယ်မည်မှာ မယ်လွန်းပု။

သမီးတော် သီရိမဟာရတနာပဘာဒေဝီမှာ ၁၁၂၃-ခု ဖွား၊ ဟသ်ာတမြို့, တလုပ်မြို့များကို ကံကျေးပေးတော်မူသည်။ သရက်တောတိုက်၊ ဘုံကျော်အောင်သာကျောင်း ဒါယိကာမ။ ငယ်မည်မှာ မမင်းတုတ်။ မောင်တော်-၁၊ နှမတော်-၁၊ ငယ်က လွန်သည်။

မောင်တော် မင်းရဲမြတ်စောမှာ ၁၁၄၀-ဖွား၊ ပုသိမ်မြို့, သမြင်တုံမြို့များကို စားရသည်။ နောက် စိတ်ကြည်တော်မမူ။ ၁၂၀၀-နှစ်၊ မြို့တော်တွင် ကံကုန်သည်။ ငယ် မည်မှာ မောင်ထူး။

ကိုယ်လုပ်တော် ရှင်မင်းစီမှာ ရွှေဘိုမြောက် ရွှံ့စက်ရွာ၊ မောင်ပု သမီး။ အိမ်နိမ့်စံစဉ် ကံကုန် သည်။

သားတော် တောင်ငူမင်း သုသီရိမဟာဓမ္မရာဇာမှာ ၁၁၂၉-ခုဖွား၊ ကာမမြို့ကို ကံကျေးခံရ သည်။ နောင်တော် ဆင်ဖြူရှင်သမီးတော် ပဘာဒေဝီနှင့် စုံဖက်တော်မူ၍ တောင်ငူမြို့ကို ဘုရင်ခံဆောက်နှင်းတော်မူသည်။ ဘကြီးတော်လက်ထက် ရေမှာ ဖျောက်သည်။ အမရပူရမြို့ထောင့် လေးကျွန်းအောင်မြေပြာသာဒ်ကြီး ဒါယကာ။ ငယ်မည်မှာ မောင်ရွှေအူ။ နှမတော်-၁၊ ငယ်ကလွန်သည်။

ဒုတိယမြောက်နန်းမိဖုရား သီရိမဟာရတနာဒေဝီမှာ ရွှေဘိုမြို့နယ်၊ ဆီးတောရွာ၊ အသည် မောင်မိုးသမီး။ ၁၁၂၇-ခုဖွား၊ စဉ့်ကူးမင်းလက်ထက် မြို့ ၄-မြို့ ကံကျေးခံရ

သည်။ ဗဒုံမင်းတရားကြီး မြောက်နန်းတင်တော်မူသည်။ ဆင်ကြီးရွှေဂူအတွင်း သုဓမ္မာနှင့် စံကျောင်းတော် ဒါယိကာမ၊ ၁၁၇၄-ခု ကံကုန်သည်။

သားတော် မက္ခရာမင်းသား မင်းရဲကျော်စွာမှာ ၁၁၅၃-ခု ဖွား။ မက္ခရာမြို့ ဗန့်ကျိုတိုက်များကို ကံကျွေးခံရသည်။

မြောက်သားတော်ကား ခမည်းတော်ဘုရား သမီးတော်၊ ကြံညှပ်, မကွေး, ဓနုဖြူ- ညီအစ်မ တော် ၃-ပါးလုံးပင်တည်း။ ဘကြီးတော်, ခမည်းတော်မင်းများလက်ထက်လည်း အဆင့်ဆင့် အချီးအမြှင့်ခံရသည်။ ၁၂၁၀-တွင် ကံကုန်သည်။ ငယ်မည်မှာ မောင်ပျို။

ညီတော်လှိုင်မင်းသား သီရိဓမ္မရာဇာမှာ ၁၁၅၆-ခုဖွား၊ ခမည်းတော်ဘုရား သမီးတော် ဓနုဖြူ မင်းသမီးနှင့် စုံဖက်တော်မူသည်။ ၁၇၇၅-ခုတွင် လွန်သည်။ ငယ်မည်မှာ မောင်ရိုး။

နှမတော် သီရိသုရတနာမလ္လာဒေဝီမှာ ၁၁၅၉-ခုဖွား၊ မြစ်သားမြို့ကို ကံကျွေးခံရသည်။ မြောက်သားတော်(မှာ) ခမည်းတော်ဘုရားသားတော် မင်းတုန်းမင်းသား၊ ၁၁၈၈-ခု ကံကုန်သည်။ ငယ်မည်မှာ ရွှေနန်းမြင့်။

ယင်းတော် မိဖုရားမှာ ခမည်းတော်ဘုရား သမီးတော်၊ ၁၁၁၆-ခုဖွား။ မဟာမုနိအရှေ့ တံတိုင်းနှင့်တကွ တည်လုပ်သော သိမ်ပြာသာဒ်ကြီး ဒါယိကာမ၊ *(ငယ်မည်မှာ)* မင်းရွှေမြ။ သားတော်-၁, နှမတော်-၁, ညီမတော်-၁၊ ငယ်ကလွန်။

တောင်ဆောင်တော်မိဖုရား သီရိမဟာမင်္ဂလာဒေဝီမှာ မင်္ဂလာစံအိမ်တော်မှာ တောင်ရွှေရေး ဆောင်တော်နေ ဓနုဖြူ, စလေမြို့များကို စားရသည်။ မဟာမုနိအနောက်စောင်း တန်း မြောက်ဘက် ဝေယန်စံလွတ်ကျောင်း ဒါယိကာမ။ ငယ်မည်မှာ မယ်အောင်။

သားတော် ပုဂံမင်း သီဟသူရမဟာဓမ္မရာဇာမှာ ၁၁၃၈-ခုဖွား၊ မြင်ကွန်း, လှိုင်, ပင်းတလဲမြို့ များကို စားရသည်။ နောင်တော် ဆင်ဖြူရှင်သမီးတော် ဧချင်းဘွဲ့ခံ မင်းရွှေနန်းနှင့် စုံဖက်၍ ပုဂံပြည်ကြီးကို ဘုရင်ခံ ရာဇသံရွှေပေနှင့် နှင်းသည်။ ၁၁၇၆-ခုနှစ် လွန်တော်မူသည်။ ငယ်မည်မှာ မောင်ပေ။

နှမတော် ယောမင်းသမီး သီရိဥပ္ပလဝတီမှာ ၁၁၄၁-ခု ဖွား၊ သားတော် ပုသိမ်မင်းသားနှင့် စုံဖက်သည်။ ၁၁၇၇-ခုနှစ် ကံကုန်သည်။

မောင်တော် သန်လျင်မင်းသား သီရိသုဓမ္မမဟာရာဇာမှာ ၁၁၄၇-ခုဖွား၊ ဘကြီးတော် လက်ထက် ရှုတ်ချ၍ ညောင်ရမ်းဝန်ကြီးကို အပ်ထားသည်။ ငယ်မည်မှာ မောင်ဘိုးလှ။

ညီတော် ကနောင်မင်းသား သီရိသုဓမ္မမဟာရာဇာ ၁၁၄၉-ခုဖွား၊ ခမည်းတော်(၏) သမီးတော် ကွပ်ရွာမင်းသမီးနှင့် စုံဖက်တော်မူသည်။ ငယ်မည်မှာ မောင်သာထွန်းအောင်။

မြောက်ရွှေရေးဆောင်မိဖုရား သီရိမဟာသုဓမ္မာဒေဝီမှာ မင်္ဂလာအိမ်တော်ပါ မြောက်ရွှေရေး ဆောင်တော်။ ယင်းတိုက်ရွာ, လှိုင်းတက်, အမြင့်, ကာမမြို့များကို စားရသည်။ ဘကြီးတော်နှံ့ထိန်း ၁၁၇၀-ခု ကံကုန်သည်။ ငယ်မည်မှာ ရှင်ဝက်။

သားတော် ပုခန်းမင်းသား သတိုးမင်းရဲကျော်ခေါင်မှာ ၁၁၄၅-ခုဖွား၊ ခမည်းတော် သမီးတော် ရွှေဂူမင်းသမီးနှင့် စုံဖက်တော်မူသည်။ ၁၁၇၃-ခု လွန်တော်မူသည်။ ငယ်မည်မှာ မောင်ဘဲကြီး။

မိတ္ထီလာမိဖုရား သီရိသုရတနာဒေဝီမှာ ဟံသာဝတီရောက်မင်း သားတော် ရွှေတောင် မင်းသားနှင့် ငှင်းမင်းသမီးတော် ခေါင်းဘွဲ့ခံ မင်းထိပ်ပန်းကို စုံဖက်ရာ မြင်သည့် သမီးတော်။ ၁၁၅၆-ခု ကံကုန်သည်။ ငယ်မည်မှာ မင်းစီစီ။

သမီးတော် ရွှေဂူမင်းသမီး ဥပ္ပလဝတီမှာ ၁၁၄၄-ခုဖွား၊ သားတော် ပုခန်းမင်းသားနှင့် စုံဖက် တော်မူသည်။ ၁၁၇၃-ခု ကံကုန်သည်။ ငယ်မည်မှာ ရှင်မင်းစစ်။

ညီမတော် မင်းခင်းမင်းသမီး သီရိမလ္လာနန္ဒာဒေဝီမှာ ၁၁၄၇-ခုဖွား၊ သားတော် မိုးမိတ်မင်းသား နှင့် စုံဖက်တော်မူသည်။ ညီမတော်-၁ ငယ်ကလွန်။

ညီမတော် မိတ္ထီလာမင်းသမီး သီရိရတနာနန္ဒာဒေဝီမှာ ၁၁၅၆-ခုဖွား၊ ခမည်းတော် မရှိသည့် (နောက်)နတ်မောက်မင်းသားနှင့် သင့်သည်။ ၁၂၀၂-ခု ကံကုန်သည်။ ငယ်မည် မှာ ရွှေအိမ်ရှင်။

မိုးမိတ်မိဖုရား သီရိမြတ်ထားမဟေမှာ မိုးမိတ်စော်ဘွား သမီး၊ ဟန်လင်းမြို့ကို စားရသည်။ ၁၁၅၇-ခု ကံကုန်သည်။

သားတော် မိုးမိတ်မင်းသား မင်းရဲရွှေတောင်မှာ ၁၁၄၇-ခုဖွား၊ သမီးတော် မင်းခင်းမင်းသမီးနှင့် စုံဖက်တော်မူသည်။ ငယ်မည်မှာ မောင်ခန်းကျော်။

နှမတော် မြတောင်မင်းသမီး သီရိသုရတနာစန္ဒာဒေဝီမှာ ၁၁၄၈-ခုဖွား၊ သားတော် တောင်ငူ မင်းနှင့် စုံဖက်တော်မူသည်။ ၁၂၀၉-ခု ကံကုန်သည်။ ငယ်မည်မှာ မင်းပတ္တမြား။

ညီမတော် ကွပ်ရှာမင်းသမီး သီရိရတနာမလ္လာဒေဝီမှာ ၁၁၅၁-ခုဖွား၊ သားတော် ကနောင်မင်းသားနှင့် စုံဖက်တော်မူသည်။ ငယ်မည်မှာ ရွှေပခြုပ်။

ညီမတော် မကွေးမင်းသမီး သီရိသီလဒေဝီမှာ ၁၁၅၂-ခုဖွား၊ သားတော် မက္ခရာမင်းသားနှင့် စုံဖက်တော်မူသည်။ ၁၁၇၇-ခု ကံကုန်သည်။ ငယ်မည်မှာ မင်းရွှေမှုတ်။

ညီမတော် ကြည့်ပမင်းသမီး သီရိမလ္လာဝတီမှာ ၁၁၅၃-ခုဖွား၊ သားတော် မက္ခရာမင်းသားနှင့် စုံဖက်တော်မူသည်။ ၁၁၇၁-ခု၊ ပန်းတောင်းမင်းသမီး သီရိမဟာရတနာဒေဝီကို မြင်သည်။ ၁၂၀၀-ပြည့်၊ ရွှေဘိုမင်းလက်ထက် ကံကုန်သည်။ ငယ်မည်မှာ မင်းရွှေရုပ်။

မောင်တော် မင်းတုန်းမင်း သုသီရိဓမ္မရာဇာမှာ ၁၁၅၄-ခုဖွား၊ သမီးတော် ကျောက်မော်မင်းသမီးနှင့် စုံဖက်တော်မူသည်။ *(ငယ်မည်မှာ)* မောင်နေထွန်း။ ညီတော် မောင်နေဝန်း-၁၊ ငယ်က လွန်။

နှမတော် သီရိသုရတနာပဘာဒေဝီမှာ ၁၁၅၅-ခုဖွား၊ သားတော် လှိုင်မင်းသားနှင့်, နောက်ခဲအိုတော် မက္ခရာမင်းသားနှင့် စုံဖက်တော်မူသည်။ ၁၁၈၉-ခု ကံကုန်သည်။ *(ငယ်မည်မှာ)* မင်းရွှေလုပ်၊ ညီမတော်-၁။

သပြေ ၅-ရွာစား မိဖုရားသီရိစန္ဒာမဟေမှာ သီပေါစော်ဘွားသမီး၊ ၁၁၄၇-ခု ကံကုန်သည်။

သားတော် သီပေါမင်းသား သတိုးမင်းရဲစည်သူမှာ ၁၁၄၇-ခုဖွား၊ သမီးတော် သီရိသုသာမာဝတီနှင့် စုံဖက်တော်မူသည်။ ၁၁၈၁-ခု ကံကုန်သည်။ ငယ်မည်မှာ မောင်ဘဲကလေး။

သီရိမဟာဂန္ဓာလဒေဝီ, သီရိမဟာပဥ္စာလဒေဝီ, သီရိမဟာဂန္ဓာစန္ဒာဒေဝီ၊ ထိုမိဖုရား ၃-ပါးကား တရုတ်ဥတည်မင်းမြေးတော်၊ ဗန်းမော်ရောက် ကြိုယူဆက်သွင်းရသည်။ ငယ်မည်တော် အစဉ်လိုက် တာကူညင်း, ကေူညင်း, သံကူညင်း။

သားတော် သံတွဲမင်းသား သီရိသုဓမ္မရာဇာမှာ ၁၁၆၂-ခုဖွား၊ ဘကြီးတော်, ရွှေဘို, မင်းတုန်း-၃-ဆက် မြို့ဘွဲ့အချီးအမြှင့် ခံရသည်။ ၁၂၂၂-ခုနှစ် ကံကုန်သည်။

ဝေသာလီမိဖုရား သီရိမဟာမင်္ဂလာဒေဝီမှာ ဝေသာလီမင်း သမီးတော်။ မိုးကောင်းရောက် ကြိုယူဆက်သွင်းရသည်။ မအူ ၄-ရွာစား သနားတော်မူသည်။

သားတော် မိုးကောင်းမင်းသား သတိုးမင်းဖျားမှာ ၁၁၆၄-ခုဖွား၊ သမီးတော် သီရိမုဒ္ဒဝတီနှင့် စုံဖက်တော်မူသည်။

တရုတ်မြောက်မိဖုရား သီရိမြတ်စွာမဟေမှာ မိုးကောင်းစော်ဘွား သမီး။ ဘကြီးတော်လက်ထက် သီတင်းသည် အဝတ်ဝတ်၍ မဟာမုနိအနီး နေသည်။ ၁၂၁၄-ခု ကံကုန်သည်။

သမီးတော် မော်တုံမင်းသမီး သီရိသုစန္ဒာမှာ ၁၁၅၉-ခုဖွား၊ သားတော် မဘဲမင်းသားနှင့် စုံဖက်သည်။ ၁၁၇၈-ခု ကံကုန်သည်။ ငယ်မည်မှာ မင်းချစ်ကဲ။

ညီမတော် သီရိမုတ္တာဝတီ ၁၁၆၈-ခုဖွား၊ ခမည်းတော် မရှိ(သည့်)နောက် မောင်တော် ကျောက်-တစ်လုံးမင်းသားနှင့် သင့်သည်။ ၁၁၈၈-ခု ကံကုန်သည်။ ငယ်မည်မှာ မင်းချစ်စု၊ ညီမတော်-၁၊ မောင်တော်-၁။

ကိုယ်လုပ်တော် သီရိဝဏ္ဏာမဟေမှာ မိုးမိတ်စော်ဘွားသမီး၊ စောလှမြို့စား။

သမီးတော် သီရိဓမ္မာဝတီမှာ သကျင်သံရွာစား၊ သားတော် ကလေးမင်းသားနှင့် စုံဖက်တော်မူသည်။ ငယ်မည်မှာ ရှင်ကသည်း။

မောင်တော် ခေါ်သန္တိမင်းသား မင်းရဲစည်သူမှာ ခမည်းတော်လက်ထက် စုံဖက်ရင်း မရှိ။ ငယ်မည်မှာ မောင်မုန့်တိုင်း။

ကိုယ်လုပ်တော် ဇရွှံမိဖုရား သီရိရူစာမဟေမှာ ဇရွှံမြို့၊ ထန်းတယ်ရွာများကို စားရသည်။ ၁၁၆၈-ခု ကံကုန်သည်။

သားတော် ကလေးမင်းသား သတိုးမင်းရဲနရာမှာ ၁၁၄၆-ခုဖွား၊ သမီးတော် နန္ဒွင်းကိုင်း မင်းသမီးနှင့် စုံဖက်တော်မူသည်။ ၁၁၇၁-ခု ကံကုန်သည်။

နှမတော် ဇရွှံမင်းသမီး သီရိသုသာမာဝတီမှာ သားတော် သီပေါမင်းသားနှင့် စုံဖက်တော်မူသည်။ ငယ်မည်မှာ ရွှေနန်းရစ်။

ညီမတော် ထန်းတပင်မင်းသမီး သီရိသုမုဒ္ဒဝတီမှာ သီပေါမင်းသားနှင့် စုံဖက်တော်မူသည်။ ငယ်မည်မှာ မင်းရွှေဂုဏ်။

မောင်တော် ကလေးမင်းသား မင်းရဲမင်းလှကျော်မှာ သမီးတော် သီရိဓမ္မဝတီနှင့် စုံဖက်တော်မူသည်။ နှမတော်-၁ ငယ်ကလွန်။

ရေနံချောင်းမိဖုရား သီရိစန္ဒာမဟေသီမှာ ယိုးဒယားဝန် သမီး၊ ၁၁၇၅-ခု ကံကုန်သည်။

သားတော် ပန်းထိမ်းမင်းသား သတိုးမင်းရဲကျော်စွာမှာ ၁၁၄၅-ခုဖွား၊ နောင်တော် ဆင်ဖြူရှင်သမီးတော် မလ္လာဝတီနှင့် စုံဖက်တော်မူသည်။ ငယ်မည်မှာ မောင်ရွှေလွတ်။

ညီတော် မဘဲမင်းသား မင်းရဲမင်းလှကျော်စွာမှာ သမီးတော် မော်တုံမော်ကယ်မင်းသမီးနှင့် စုံဖက်တော်မူသည်။ ငယ်မည်မှာ မောင်ကျွတ်။

ညီတော် မင်းတပ်မင်းသား မင်းလှနရာမှာ ငယ်မည်တော် မောင်ထွတ်။

နှမတော် ရေနံချောင်းမင်းသမီး သီရိသိင်္ဂါဝတီမှာ မြောက်သားတော်ကား သားတော် ရေနံသာမင်းသား။

ကိုယ်လုပ်တော် ရှင်မယ်မယ်မှာ မင်္ဂလာအိမ်တော်စံစဉ် လွတ်တော်မူသည်။

သားတော် တောင်တွင်းချောင်မင်းသား မင်းရဲမြတ်စောမှာ ၁၁၃၃-ခုဖွား၊ မြောက်သားတော်ကား ဆင်ဖြူရှင်သမီးတော် သီရိစန္ဒာဝတီ။

ကိုယ်လုပ်တော် ရှင်ဘရုံမှာ မင်္ဂလာအိမ်တော်စံစဉ် လွတ်တော်မူသည်။

သားတော် ဝန်းသိုမင်းသား မင်းရဲမြတ်စွာမှာ နောင်တော်ဆင်ဖြူရှင်သမီးတော် သီရိပဘာဒေဝီနှင့် စုံဖက်သည်။ ၁၁၈၁-ခု ကံကုန်သည်။ ငယ်မည်မှာ မောင်ရွှေအပ်။ ညီတော်-၁၊ ငယ်ကလွန်။

မတ္တရာမိဖုရား အာသာသီရိမှာ တလုပ်မြို့သူ ကချေသည်၊ ငယ်မည်မှာ ရှင်မြတ်လှ။

သားတော် လယ်ကိုင်းမင်းသား မင်းရဲမင်းလှငယ်မှာ ၁၁၂၉-ခုဖွား၊ မြောက်သားတော်ကား ခမည်းတော့်သမီးတော် ကြခတ်မုန်ညင်းချောင်းမင်းသမီး၊ ဘကြီးတော် လက်ထက် ရေမှာ ဖျောက်သည်။ ငယ်မည်မှာ မောင်မှတ်။

ညီတော် ရွှေဂူမင်းသား မင်းရဲကျော်စွာမှာ ၁၁၆၂-ခုဖွား၊ မြောက်သားတော်ကား ခမည်းတော့်သမီးတော်၊ ငယ်မည်မှာ သီရိမုတ္တာ။

ညီတော် မိုးညှင်းမင်းသား မင်းရဲကျော်ခေါင်မှာ ၁၁၆၄-ခုဖွား၊ ဟံသာဝတီဝန်ကြီးသမီး ရှင်ဆုံနှင့် စုံဖက်တော်မူသည်။ ၁၂၀၂-ခု ကံကုန်သည်။

ကသာမိဖုရား မြတ်စွာဝတီမှာ ကသည်းဝန်သမီး၊ သားတော် ကသာမင်းသား မင်းရဲရွှေတောင်မှာ ၁၁၆၄-ခုဖွား၊ ၁၁၇၀-တွင် လွန်သည်။ နှမတော်-၁, မောင်တော်-၁, နှမတော်-၁၊ ငယ်ကလွန်။

ထရံကာမိဖုရား မြတ်စွာမဟေမှာ သိန္ဓုစော်ဘွားသမီး။

သားတော် သိန္နီမင်းသား သတိုးမင်းလှငယ်မှာ ရွှေဘိုမင်းလက်ထက် မင်းရဲမင်းကျော် အမည်ခံသည်။ ၎င်း ကံကုန်သည်။

ကိုယ်လုပ်တော် ပေါက်မြိုင်မြို့စား ရုစိယဝတီမှာ ကိုင်းမားစား သမီး၊ စေဥ္စကူးမင်း ကိုယ်လုပ်ဟောင်း။

သမီးတော် နန္ဒင်းကိုင်းမင်းသမီး သီရိသုမင်္ဂလာမှာ ၁၁၄၇-ခုဖွား၊ မြောက်သားတော်ကား ခမည်းတော့်သားတော် ကလေးမင်းသား၊ ငယ်မည်မှာ မယ်စံမငြိုး။

ညီမတော် ရွာပုလဲမင်းသမီး သီရိသဒ္ဓါဝတီမှာ ၁၁၆၈-ခု ကံကုန်သည်။ ငယ်မည်မှာ ရွှေဟသာ။ မောင်တော်-၁, နှမတော်-၁၊ ငယ်ကလွန်။

ကိုယ်လုပ်တော် တပယ်(ဇယ်)မြို့စား သီရိနန္ဒာမှာ နတ်ကန်မြင်းစီး သမီး၊ ငယ်မည်မှာ ရှင်မင်း။

သားတော် သာဂရမင်းသား မင်းရဲကျော်မှာ ခမည်းတော့် သမီးတော် သပြေလှမင်းသမီး ရွှေသဥ္စာနှင့် စုံဖက်တော်မူသည်။

မြောကြီးမိဖုရား သီရိမလ္လာမဟေမှာ မိုးနဲစော်ဘွားသမီး။

သမီးတော် ကြခတ်မင်းသမီး သီရိဟိရိဝတီမှာ မြောက်သားတော် ခမည်းတော့်သားတော် လယ်ကိုင်းမင်းသား၊ ငယ်မည်မှာ ရှင်ဖြူစင်။

မင်းကိုယ်လုပ်တော် ရွာပုကြီး ဘဒ္ဒသီရိမှာ ရွှေကျင်ရွှေခွန်မှူး သမီး၊ ငယ်မည်မှာ ရှင်မင်းလှ၊ သားတော်-၁၊ ငယ်ကလွန်။

ကိုယ်လုပ်တော် စန္ဒာဝတီမှာ ဆင်ဝန်သမီး၊ ငယ်မည်မှာ ရှင်ခဲ။

သားတော် အင်ထောက်သာမင်းသား မင်းရဲသီဟမှာ ၁၁၄၆-ခုဖွား၊ မြောက်သားတော်ကား ခမည်းတော့် သမီးတော် မုန်သွင်မင်းသမီး၊ ငယ်မည်မှာ မောင်တိုက်။

ညီတော် ရေနံချောင်းမင်းသား မင်းရဲနရာမှာ ၁၁၄၈-ခုဖွား၊ အုန်းတောအောင်သာ မင်းသမီးနှင့် စုံဖက်တော်မူသည်။ ငယ်မည်မှာ မောင်မှိုက်။

ကိုယ်လုပ်တော် မင်္ဂလာမဟေမှာ ပြည်အင်းမသူကြီး သမီး၊ ငယ်မည်မှာ ရှင်နှင်းဦး။

သားတော် ကျောက်ပန်းတောင်းမင်းသား မင်းရဲသခ်မှာ မြောက်သားတော်ကား ခမည်းတော့် သမီးတော် သီရိသာမာဝတီ။ ငယ်မည်မှာ မောင်ကျောက်ခဲ။ ညီတော်-၁, နှမတော်-၁၊ ငယ်ကလွန်။

ကိုယ်လုပ်တော် သီရိနန္ဒာမှာ ဆင်ကျေးတိုက်ဝန်သမီး၊ ငယ်မည်မှာ ရှင်မင်းကြွက်။

သမီးတော် ရိမ္မကားမင်းသမီး သီရိကေသာဝတီမှာ ခမည်းတော့်သားတော် အင်ထောက်သာမင်းသားနှင့် စုံဖက်သည်။ ငယ်မည်မှာ ရှင်မင်းလေး။

ညီမတော် ငါးပတ်ချောင်းမင်းသမီး သီရိသုသာမာဝတီမှာ ခမည်းတော့်သားတော် ကျောက်ပန်းတောင်းမင်းသားနှင့် စုံဖက်သည်။ ငယ်မည်မှာ ရှင်မင်းအေး။

ကိုယ်လုပ်တော် သီရိဝတီမှာ အသည်ဝန်ကြီးသမီး၊ ငယ်မည်မှာ ရှင်မြတ်ထွတ်။ သားတော်-၁, ညီတော်-၁, နှမတော်-၁၊ ငယ်ကလွန်။

ကိုယ်လုပ်တော် သီရိသုမြတ်စွာမဟေမှာ ငွေကျောင်းတကာသမီး၊ ငယ်မည်မှာ ရှင်ဥ။ သားတော်-၁၊ ငယ်ကလွန်။

ညီတော် မြင်ကွန်းမင်းသား မင်းရဲမင်းလှစည်သူမှာ ၁၁၉၁-ခု မဟာသုဓမ္မရာဇာ ခံသည်။ ငယ်မည်မှာ မောင်ရွှေခွက်။ နှမတော်-၁, ညီမတော်-၁၊ ငယ်ကလွန်။

ကိုယ်လုပ်တော် သစ်ဆိမ့်ကြီး သီရိပဘာဝတီမှာ ဒေဝရွှေတောင်သမီး၊ ငယ်မည်မှာ ရှင်မိုး။

သမီးတော် ကျီးမနားမင်းသမီး ရတနာပဘာမှာ မြောက်သားတော် ခမည်းတော့်သားတော် မင်းရဲနရာကျော်။

ကိုယ်လုပ်တော် သီရိမင်္ဂလာမှာ ခင်တလည်ဗိုလ် သမီး၊ ငယ်မည်မှာ ရှင်ရွှေဥ။

သားတော် ဆောမင်းသား မင်းရဲမြတ်စောမှာ စုံဖက်ရင်း မရှိ၊ ငယ်မည်မှာ မောင်ကျော်စံလှ။

နှမတော် မြောင်မင်းသမီး ရတနာစန္ဒာမှာ ငင်းရွှေတံတင်း။ မောင်တော်-၁, နှမတော်-၁၊ ငယ်ကလွန်။

ကိုယ်လုပ်တော် သုဇာလီမှာ ကျောက်ဆည်စာရေးသမီး၊ ငယ်မည်မှာ ရှင်သူ။

သားတော် တောင်သာမင်းသား မင်းရဲသီဟကျော်မှာ မြောက်သားတော် ခမည်းတော့် သမီးတော် ရတနာမလ္လာ။

နှမတော် အုန်းတောအောင်သာ မင်းသမီးသီရိသုရာဇာမှာ မြောက်သားတော် ခမည်းတော့် သားတော် မင်းရဲနရာ၊ ငယ်မည်မှာ ရှင်နှုတ်ချို။ မောင်တော်-၁, နှမတော်-၁၊ မောင်တော်-၁၊ ငယ်ကလွန်။

ကိုယ်လုပ်တော် သိင်္ဂါမင်္ဂလာမှာ လဘို့ရွာစားသမီး၊ *(ငယ်မည်မှာ)*ရှင်ရွှ၊ သမီးတော် ယင်းခဲမင်းသမီး ရတနာမလ္လာမှာ ခမည်းတော့် သားတော် တောင်သာမင်းသား နှင့် စုံဖက်သည်။ မောင်တော်-၁, နှမတော်-၁၊ ငယ်ကလွန်။

ကိုယ်လုပ်တော် ရွှေခုံတိုင်သုကေလာမှာ အဆောင်မြဲ တုရင်မိတ္တသမီး၊ မိဖုရားခေါင်ကြီး ဘဏ္ဍာစိုး၊ ငယ်မည်မှာ ရှင်မင်းဘော်။

သားတော် နတ်မောက်မင်းသား မဟာဓမ္မရာဇာမှာ ရွှေဘိုမင်း, မင်းတုန်းမင်းတိုင် အချီးအမြှင့် ခံရ၍ ၁၂၂၀-တွင် ကံကုန်သည်။

ကိုယ်လုပ်တော် ရှင်ရိုင်းမှာ ငစံရွှန်းသမီး။

သားတော် ပတ္တနဂိုရ်မင်းသား မင်းရဲနရာကျော်မှာ မြောက်သားတော် ခမည်းတော့်သမီးတော် ကျိုးမနားမင်းသမီး၊ ငယ်မည်မှာ မောင်မြစ်။

ကိုယ်လုပ်တော် သီရိကေလာမှာ အမှာရေးသမီး၊ ငယ်မည်မှာ ရှင်ညွန့်။

သားတော် ကျောက်တစ်လုံးမင်းသား မင်းရဲမင်းလှမှာ မင်းတုန်းမင်းလက်ထက်က မင်းလှမင်း-ထင် ခံသည်။ ၁၁၁၈-ခု ကံကုန်သည်။ ငယ်မည်မှာ မောင်ကြဲစည်။

ကိုယ်လုပ်တော် ဇည်ရွာသီရိသုမုတ္တာမှာ ယိုးဒယားမင်း သမီး။ ငယ်မည်မှာ ရှင်မင်းပု။ သမီး တော်-၁၊ ငယ်ကလွန်။

ကိုယ်လုပ်တော် သီရိသာမာမှာ သီရိရွှေတောင်သမီး၊ ငယ်မည်မှာ ရှင်မင်းလှ။

သားတော် ရေနံ့သာမင်းသား မင်းရဲသိခ်သူမှာ မြောက်သားတော် ခမည်းတော့်သမီးတော် နဘက်မင်းသမီး၊ ငယ်မည်မှာ မောင်ဖြူ။ နှမတော်-၁၊ ငယ်ကလွန်။

ကိုယ်လုပ်တော် အန္တသီရိမှာ ဇောင်းကလောငခွေး သမီး၊ ငယ်မည်မှာ ရှင်မိုးသူ။

သမီးတော် စိုင်နံမင်းသမီး သီရိမုတ္တာမှာ မြောက်သားတော် ခမည်းတော့်သားတော် ရွှေဂူ မင်းသား၊ ငယ်မည်မှာ ရှင်စု။

ကိုယ်လုပ်တော် သီရိသုပဒုမ္မာမှာ မိုင်းတိန်းစော်ဘွား သမီး။ သားတော်-၁, နှမတော်-၁, မောင်တော်-၁၊ ငယ်ကလွန်။

ကိုယ်လုပ်တော် ကေသာမှာ ရာဇဝေသူသမီး၊ ငယ်မည်မှာ ရှင်အေး။ သားတော်-၁, နှမတော်-၁, မောင်တော်-၁၊ ငယ်ကလွန်။

ကိုယ်လုပ်တော် နီလာပမှာ ငယ်မည်မှာ ရှင်စံ၊ သမီးတော်-၁၊ ငယ်ကလွန်။

ကိုယ်လုပ်တော် မာလာမှာ စစ်တောင်းမြို့သူကြီးသမီး၊ ငယ်မည်မှာ ရှင်မင်းဖြူ။ သားတော်-၁, နှမတော်-၁၊ ငယ်က လွန်။

ကိုယ်လုပ်တော် ရူစာသိရိမှာ ပုသိမ်ဝန်သမီး၊ ငယ်မည်မှာ ရှင်မင်း။ သားတော်-၁, နှမတော်-၁၊ ငယ်ကလွန်။

ကိုယ်လုပ်တော် ကေလာမှာ မဏိပူရမင်းမျိုး၊ ငယ်မည်မှာ ရှင်အောင်။ သမီးတော်-၁၊ ငယ်က လွန်။

ကိုယ်လုပ်တော် သုဝဏ္ဏဂန္ဓာမှာ ဘယောစားသမီး၊ သားတော်-၁, နှမတော်-၁, မောင်တော်-၁, နှမတော်-၁၊ ငယ်ကလွန်။

ကိုယ်လုပ်တော် သိရိသူဇာမှာ အိမ်ရှေ့စာရေးကြီးသမီး၊ ငယ်မည်မှာ ရှင်မြရွက်။ သားတော်-၁၊ ငယ်ကလွန်။

ကိုယ်လုပ်တော် သိရိသာခါမှာ သမီးတော်-၁၊ ငယ်ကလွန်။

ကိုယ်လုပ်တော် သုမုတ္တာမှာ အကောက်ဝန်သမီး၊ ငယ်မည်မှာ ရှင်ငြိမ်း။ သားတော်-၁၊ နှမတော်-၁၊ ငယ်ကလွန်။

ကိုယ်လုပ်တော် ရှင်မင်းကောင်းမှာ သမီးတော်-၁၊ ငယ်ကလွန်။

ကိုယ်လုပ်တော် သိရိမိတ္တာမှာ သားတော်-၁၊ နှမတော်-၁၊ ငယ်ကလွန်။

မိဖုရားခေါင်ကြီးတွင် မြင်သည့် သားတော်-၄, သမီးတော်-၅၊ ထီးဆောင်းနန်းနေ ပဒေသရာဇ်, ဧကရာဇ်, စော်ဘွား, တပ်ပေါင်းမြို့စား, ဆွေတော်, မျိုးတော်, မှူးမတ်, ဝန်စု, စုရေး, စုကိုင်တို့ သမီးများကို နန်းတင်ရာ မြင်သည့် သားတော် ၆-ကျိပ်, ၂၊ သမီးတော် ၅-ကျိပ်, ၈၊ ၂-စုပေါင်း ၁၀၂-ကျိပ်*(၁၂၀)*, ၉-ပါး။

သားတော် ၆-ကျိပ် ၂-*(၆၂)*တို့တွင် မဟာဥပရာဇာ အိမ်ရှေ့ ၁-ပါး၊ မဟာမေ့ရာဇာခံ ၁-ကျိပ်, ၂-ပါး၊ သတိုးခံ ၇-ပါး၊ မင်းရဲခံ ၂-ကျိပ်၊ ငယ်ကလွန် ၂-ကျိပ်, ၂၊ အိမ်နိမ့်စဉ် အကြီးဆုံး အိမ်ရှေ့၊ အငယ်ဆုံး ပုသိမ်မင်းသား။ မင်းဖြစ်မှ အကြီးဆုံး ပုခန်းမင်း၊ အငယ်ဆုံး သိန္နီမင်းသား။

သမီးတော် ၅-ကျိပ်,၈-တွင် ဒေဝီ ၁-ကျိပ်, ၃၊ ဝတီ ၁-ကျိပ်,၂၊ ရူစာ-၂၊ ပဘာ-၁၊ ကေသာ-၁၊ စန္ဒာ-၁၊ မာလာ-၁၊ မုတ္တာ-၁၊ အမည်မရ-၁၊ ပေါင်း ၃-ကျိပ်, ၃၊ ငယ်ကလွန် ၂-ကျိပ်, ၅၊

အိမ်နိမ့်စဉ် အကြီးဆုံး ဟသ်တမင်းသမီး၊ အငယ်ဆုံး ယောမင်းသမီး၊
မင်းဖြစ်မှ အကြီးဆုံး ရွှေဂူမင်းသမီး၊ အငယ်ဆုံး ယိုးဒယားမင်းသမီး၊
ကိုယ်လုပ်တော် ရှင်မင်းပုတွင် မြင်သည့် သမီးတော်၊ ငယ်ကလွန်တည်း။

ထိုဆဒ္ဒန်ဆင်မင်းသခင် မင်းတရားကြီး နတ်ပြည်စံလိုသော် မဟာမုနိ-စသော နေပြည်တော်၊ နိုင်ငံတော်ရှိ ပုထိုးများစွာ တန်ခိုးပြ၏။ မှန်နန်းသည်တိုင် ကိတ်ထွက်၏။ ပြတိုက်၌ လင်းတကျ၏။ မြေနန်းပြာသာဒ် အခိုးထွက်၏။ ၎င်း၌ လင်းတ နား၏။ ၎င်းစမုက်မှာ ပျားစွဲ၏။ ဥကင်သီဟာသနပလ္လင်စောင့် စာမရီရုပ် ဦးလည်ထောင်၍ မြူး၏။ သူငယ်ရုပ်-၈၊ လက်ပန်းဟန်လှ ပြ၏။ နေပြည်တော် နိုင်ငံတော်အနှံ့ ပေသုဉ်း၏။ ပြည်လုံး ရတ်ရတ်သဲသဲ လန့်၏။

ကောင်းမှုတော်ကား ရတနာသိယ်မြို့ရှေ၊ ဝေယံဘုံကျော်ကျောင်းတော်, အောင်သံလောကစေတီ, စစ်ကိုင်း၊ အောင်မြေလောကစေတီတော်, နိုင်ငံတော်အတွင်း ရွှေဂူတော်-၂၃၀, မဟာမုနိဘုရားကျောင်း၊ ရွှေပြာသာဒ်နှင့် ၎င်းတွင် ရွှေဇရုပ်-၄, သံချိန် ၁၁,၃၆၈-ရှိ စန္ဒာမုနိဘုရား၊ အသီတိရုပ်ပွါးပေါင်း၊ မင်းကွန်းပုထိုးတော်ကြီး၊ ခေါင်းလောင်းတော်ကြီး-စသဖြင့် မရေတွက်နိုင်မျှ များလှ၏။

အမရပူရ ပဌမမြို့တည်မင်းတရားကြီးအကြောင်း ပြီး၏။

* * * * * *

## [ ၁၄ ] မဟာဥပရာဇာ, ။လ။ အကြောင်း

**သားတော် မဟာဥပရာဇာ အိမ်ရှေ့မင်းကြီးကား အမရပူရ ပဌမမြို့တည် ဆဒ္ဒန်ဆင်မင်းသခင်** မြောက်နန်းမိဖုရားတွင် မြင်တော်မူသော သားတော်ကြီး။ ၁၁၂၄-ခု၊ နယုန်လပြည့်ကျော်၊ ၉-ရက်၊ တနင်္လာနေ့ ၃-ချက်တီးကျော်၊ ၅-နာရီ, ၂-ပါဒ်၊ မိန်-စန်း၊ တူ-လဂ်၊ မိဿတွင် ၈-၅၊ မေထုန်တွင် ၁-၄၊ ကရကဋ်တွင်-၆၊ တူတွင် စနေ၊ ပြိဿာတွင် ၃-ကြိုက်လျက် ဖွားတော်မူသည်။

၁၁၄၃-ခု၊ မြောက်ဘက်ဝန်တိုက်သမီး ဓမ္မဝတီနှင့် စုံဖက်တော်မူ၍ ရွှေတောင်မြို့ကို ကံကျွေးပေးတော်မူသည်။ ၁၁၄၅-ခု၊ ဝါဆိုလဆန်း၊ ၁၂-ရက်၊ ကြာသပတေးနေ့ သတိုးဓမ္မရာဇာအမည်နှင့် မိဖုရားခေါင်ကြီးတွင် မြင်သော

သမီးတော်လတ် တောင်တွင်းကြီးမင်းသမီး သီရိမဟာတိလောကရတနာဒေဝီနှင့် စုံဖက်တော်မူ၍ တောင်တွင်းကြီး, တပယင်း, သပ္ပတ်တော ၆-ရွာ၊ ဒိုင်းစု, သင်းစု, ပင်းစုများနှင့်တကွ အိမ်ရှေ့ဆောက်နှင်းတော်မူသည်။ ၁၁၄၆-ခု၊ 'သီရိမဟာဓမ္မာဘိဇယသီဟသူရ' အမည်ခံတော်မူ၍ အနောက်တလွှားတိုင်းပြည်များကို သိမ်းယူ၍ မဟာမုနိရုပ်ပွါးတော်ကို ပင့်ဆောင်တော်မူခဲ့သည်။ ၁၁၅၄-ခု၊ ထားဝယ်၊ ယိုးဒယားမင်းတို့ကို နှိမ်နင်းတော်မူသည်။ စည်းစိမ်-၂၆၊ ၁၁၇၀-ခု၊ နှောင်းတန်းခူးလဆန်း၊ ၁၄-ရက်၊ သက်တော်-၄၆, ၁၀-လတွင် နတ်ပြည်စံတော်မူသည်။

ပဥ္စမ အိမ်ရှေ့မိဖုရားကား ခမည်းတော် မိဖုရားခေါင်ကြီးတွင် မြင်သော သမီးတော်လတ်။ ၁၁၂၅-ခု ဖွား၊ တောင်တွင်းကြီးမြို့နှင့် ရွှေကျင်ရွာ ကံကျွေးခံရသည်။ ၁၁၅၅-ခု၊ တန်ဆောင်မုန်းလ ကံတော်ကုန်သည်။ မင်္ဂလာဝေယံကျောင်းတော် ဒါယိကာမ။

သားတော် စစ်ကိုင်းမင်းမှာ ၁၁၄၆-ခု ဖွား၊ ဘထွေးတော် ပြည်မင်းသမီးတော် ဆင်ဖြူရှင်မယ် သီရိသုမာယာစန္ဒာဒေဝီနှင့် စုံဖက်တော်မူသည်။ စစ်ကိုင်း၊ အ၀ အလုံးရှိ လယ်, ယာ,ကိုင်းကျွန်း၊ ဥယျာဉ်၊ မှူးသား, မတ်သား၊ စုရေး, စုကိုင်သား၊ ကွမ်းကိုင်, ရေကိုင်၊ ဆင်ပေါက်, ဆင်မ၊ မြင်းယာဉ်တက်၊ လှေ, သေနတ် အစုများစွာ အပ်နှင်းချီးမြှင့်တော်မူသည်။ စစ်ကိုင်း-စသော မြို့ပေါင်း ၂၀-နှင့် မြောက်ဘက် ၉-သင်း၊ တောင်ဘက် ၉-သင်း မြင်းများကို အသုံးကံကျွေးခံရသည်။ ၁၁၇၀-ခုနှစ်၊ အိမ်ရှေ့ အစီးအနင်း ဘဏ္ဍာအရာ၊ မြို့,ရွာ, ကျေးကျွန်, ဆင်, မြင်းများကို ဆောက်နှင်းတော်မူသည်။ ၁၁၈၁-ခုနှစ်၊ နယုန်လဆန်း၊ ၁၃-ရက်၊ ဘိုးတော် နတ်ပြည်စံလျှင် ၎င်း ၁၅-ရက်နေ့ မင်းဖြစ်တော်မူသည်။ ရှေ့မှာ ဆိုမည်။

ညီတော် တောင်ငူမင်းသား သီရိသီဟသူရမဟာဓမ္မရာဇာမှာ ၁၁၄၇-ခုဖွား၊ ဘထွေးတော် ပြည်မင်းသမီးတော် တကောင်းမင်းသမီးနှင့် စုံဖက်တော်မူသည်။ ၁၁၈၇-ခုနှစ်၊ တောင်ငူတွင် လွန်တော်မူသည်။

ညီတော် သရက်မင်းသား မဟာသီရိသီဟသူရဓမ္မရာဇာမှာ ၁၁၄၈-ခုဖွား၊ ဘထွေးတော် ပုဂံ ဘုရင့်သမီးတော် ကျပင်းမင်းသမီးနှင့် စုံဖက်တော်မူသည်။ ဘထွေးတော် ပြည်မင်း, တောင်ငူမင်းများနှင့် လွှတ်တက်၍ စီရင်ရသည်။ ၁၁၉၉-ခု၊ ကဆုန်လဆန်း၊ ၄-ရက်၊ နောင်တော်အရိုက်အရာကို ဆက်ခံတော်မူသည်။ ညီတော် ဘိုးလမင်း၊ ငယ်ကလွန်။

နှမတော် တောင်တွင်းကြီးမင်းသမီး သီရိပဝရတိလောကမဟာသုရတနာဒေဝီမှာ ၁၁၅၀-ခု ဖွား၊ ၁၂၀၃-ခု ကံကုန်တော်မူသည်။ ငယ်မည်မှာ မင်းမြတ်စိုး။

ညီမတော် မြို့သစ်မင်းသမီး သီရိမဟာသုံရတနာမင်္ဂလာဒေဝီမှာ ၁၁၅၃-ခု ဖွား၊ ဘထွေးတော် ပုဂံမင်းသားတော် အမြင့်မင်းသားနှင့် စုံဖက်တော်မူသည်။ ၁၂၀၄-ခု ကံတော်ကုန်သည်။ ငယ်မည်မှာ မင်းမြတ်စု။ ညီမတော်-၁၊ ငယ်ကလွန်။

ညီမတော် ပင်လယ်မင်းသမီး သီရိမဟာသုရတနာစန္ဒာဒေဝီမှာ ၁၁၅၅-ခု ဖွား၊ ခမည်းတော့် သားတော် မြင်စိုင်းမင်းသားနှင့် စုံဖက်တော်မူသည်။

ဒုတိယ အိမ်ရှေ့မိဖုရားမှာ ခမည်းတော့် မိဖုရားခေါင်ကြီးတွင် မြင်သည့် သမီးတော်ကြီး။

သားတော် မြင်စိုင်းမင်းသား သတိုးမင်းလှရာဇာမှာ ၁၁၄၇-ခုဖွား၊ ခမည်းတော့်သမီးတော် ရွှေတောင်မင်းသမီးနှင့် စုံဖက်တော်မူသည်။ ဘကြီးတော်လက်ထက် အဝတွင် လွန်သည်။ နှမတော်-၁၊ ညီမတော်-၁၊ မောင်တော်-၁၊ ငယ်ကလွန်။

ညီတော် မြင်းခုံတိုင်မင်းသား သတိုးဓမ္မရာဇာမှာ ၁၁၆၂-ခု ဖွား၊ ၁၁၈၄-ခု ကံကုန်သည်။ ငယ်မည်မှာ မောင်ရွှေတိုး။

ညီတော် ဆောမင်းသား သတိုးမင်းဖျားမှာ ၁၁၆၄-ခု ဖွား၊ စလင်းမင်း သမီးတော် စကုမင်းသမီးနှင့် စုံဖက်တော်မူသည်။ ငယ်မည်မှာ မောင်ရွှေပို။

ညီတော် ရေနံမင်းသား သတိုးမင်းငယ်မှာ ၁၁၆၆-ခု ဖွား၊ ၁၁၈၆-ခု ကံကုန်တော်မူသည်။

မြောက်ဆောင်တော် ဓမ္မာဝတီမှာ အတွင်းဝန် မြောက်ဘက်တိုက်ဝန်သမီး၊ ၁၁၈၆-ခု ကံကုန်သည်။ ငယ်မည်မှာ ရှင်အုချာ။ သမီးတော်-၁၊ ငယ်ကလွန်။

မောင်တော် မင်းရဲကျော်မှာ ၁၁၄၅-ခု ဖွား၊ ဘထွေးတော် ပြည်မင်းသမီးတော် မိမိကြောင်နှင့် စုံဖက်သည်။ ၁၁၇၉-ခု ကံကုန်သည်။ ညီတော် ဥက္ကာစော၊ ၂-နှစ်လွန်။

နှမတော် မင်းခင်းမင်းသမီး သီရိရတနာနန္ဒာမဟေမှာ ၁၁၆၁-ခုဖွား၊ ဘကြီးတော်လက်ထက် နန်းတင်တော်မူသည်။ ၁၁၉၉-ခု ကံတော်ကုန်သည်။ ငယ်မည်မှာ မင်းဘုန်းသစ်။

ကိုယ်လုပ်တော် စိတ္တဝတီမှာ ဆင်ဖြူရှင်လက်ထက် လက်ဝဲမှူးသမီး၊ ၁၁၈၄-ခုတွင် ကံကုန်သည်။ ငယ်မည်မှာ ရှင်စီ။

သားတော် တောင်ခွင်မင်းသား မင်းရဲလှမှာ ၁၁၄၃-ခုဖွား၊ ဘထွေးတော်ပြည်မင်း သမီးတော် မိမိလှောက်နှင့် စုံဖက်တော်မူသည်။

ညီတော် မင်းရဲမင်းထင်မှာ ၁၁၅၅-ခုဖွား၊ ဘထွေးတော်ပုဂံမင်း သမီးတော် မင်းချစ်စရာနှင့် စုံဖက်တော်မူသည်။ ငယ်မည်မှာ မောင်အုံ့။ ညီတော် မောင်ကလေး-၁၊ ငယ်က လွန်။

ကိုယ်လုပ်တော် ဝဏ္ဏကလျာဏီမှာ သီပေါစော်ဘွားကြီးသမီး။ သားတော် မောင်ရွှေပြည့်၊ ၁၁၅၆-ခုဖွား၊ ၁၁၇၃-ခု ကံကုန်သည်။

နှမတော် သီရိရတနာပဘာဝတီမှာ ၁၁၅၇-ခု ဖွား၊ မြောက်သားတော်ကား ခမည်းတော့် သားတော် မိုးနဲဗိုလ်မှူး သီရိမဟာဓမ္မရာဇာ၊ ၁၁၉၄-ခု ကံကုန်တော်မူသည်။ ငယ်မည်မှာ မင်းစိန်ပွင့်။

မောင်တော် သီပေါမင်းသား သီရိသုမဟာဓမ္မရာဇာမှာ ၁၁၅၈-ခု ဖွား၊ မြောက်သားတော်ကား ညောင်ရမ်းဝန်ကြီးသမီး။ ငယ်မည်မှာ မောင်မှေး။ နှမတော်-၁, ညီမတော်-၁၊ ငယ်ကလွန်။

ကိုယ်လုပ်တော် သီရိရူစာမှာ မိုင်းညောင်းစားသမီး စောညွှတ်မှိုင်း။ သမီးတော် မင်းမြတ်ပွင့်၊ ၃-နှစ်တွင် လွန်။

မောင်တော် ဒွါရာဝတီသံတွဲမင်းသား သတိုးမင်းရဲကျော်ထင်မှာ ၁၁၂၈-ခု ဖွား၊ ခမည်းတော့် သမီးတော် မင်းစိန်ပွင့်နှင့် စုံဖက်တော်မူသည်။ ၁၂၂၀-ပြည့် ကံကုန်သည်။ ငယ်မည်မှာ မောင်မြဘူး။ နှမတော်-၁, ညီမတော်-၁၊ ငယ်ကလွန်။

ကိုယ်လုပ်တော် ရှင်မင်းဖြူမှာ အနောက်ဝန်သမီး၊ သမီးတော်မင်းရွှေကြူ-၁၊ ညီမတော် မင်းရွှေမြတ်-၁၊ မောင်တော် မောင်ရွှန်းညွန့်-၁၊ ငယ်ကလွန်။

ကိုယ်လုပ်တော် ရှင်မြတ်ထွတ်မှာ အသည်ဝန်ကြီး, ၎င်းဝန်ကြီးကတော်တို့သား၊ မောင်ရွှေ သား,သမီး။

သမီးတော် ရွှေဥမင်းသမီး သီရိမဟာစန္ဒာသုရတနာဒေဝီမှာ မောင်တော် ရွှေဘိုမင်းလက်ထက် မင်းခင်းမြို့ကို ကံကျွေးခံရသည်။ ၁၂၀၆-ခု ကံကုန်သည်။ ငယ်မည်မှာ မင်းမြနွယ်။

ကိုယ်လုပ်တော် ရှင်မင်းဦးမှာ စားတော်ဝန်သမီး၊ ဆင်ဝန်ကြီး နှမ၊ သားတော်-၁၊ ငယ်က လွန်။

ကိုယ်လုပ်တော် ရှင်သူဇာမှာ ပြော့ကြီးမှူးသမီး။

သမီးတော် ရှင်မြရိပ်မှာ ၁၁၅၆-ခု ဖွား၊ မြောက်သားတော်ကား ခမည်းတော့် သားတော် မောင်လှော်။ မောင်တော် မောင်ကုလားညို-၁၊ နှမတော်-၁၊ ညီမတော်-၁၊ ငယ်ကလွန်။

ကိုယ်လုပ်တော် ရှင်ရွှေမင်းမှာ သားတော် ကလေးမင်းသား သတိုးမင်းရဲသိခ်သူ၊ ၁၁၆၀-ဖွား၊ ၁၁၈၈-ခု ကံကုန်သည်။

ကိုယ်လုပ်တော် ရှင်ရွှေလုံးမှာ သီရိရွှေတောင်မင်းသမီး၊

သားတော် မင်းရဲသူရ(*မှာ*) ၁၁၅၆-ခုဖွား၊ ၁၁၇၉-ခု ကံကုန်သည်။ ငယ်မည်မှာ မောင်လှော်။ ညီတော်-၁၊ ငယ်ကလွန်။

နှမတော် မြတောင်မင်းသမီး သီရိကလျာဏစန္ဒမဟေမှာ ၁၁၆၀-ဖွား၊ ရွှေဘိုမင်းလက်ထက်၊ ညောင်ရမ်းစားနှင့် တိုင်ပင်ကြံစည်ရာပါ၍ ၁၁၉၉-ခုနှစ် ရေမှာ ဖျောက်သည်။ ငယ်မည်မှာ မင်းမြရိုး။

ကိုယ်လုပ်တော် ရှင်မင်းမိမှာ အိမ်ရှေ့ဝန်သမီး။

သားတော် မင်းရဲသူမှာ ၁၁၇၉-ခု ကံကုန်သည်။ ငယ်မည်မှာ မောင်ဘိုးမင်း။

ကိုယ်လုပ်တော် ရှင်မင်းယဉ်မှာ အိမ်ရှေ့ဝန်မြေး။ သားတော် မောင်ရွှေထွန်း၊ ငယ်ကလွန်။

ကိုယ်လုပ်တော် ရှင်ရွှေးမှာ ဗောင်းတော်ပြင်သမီး။ သမီးတော် ရှင်တုတ်၊ ငယ်ကလွန်။

ကိုယ်လုပ်တော် ရှင်မိကလေးမှာ မှိုင်းလုံးစားသမီး။ သားတော်-၁၊ နှမတော်-၁၊ ငယ်ကလွန်။

ကိုယ်လုပ်တော် ရှင်ရွှေပုမှာ ဘထွေးတော် ပင်းတလဲမင်းသား သမီးတော်။ သားတော်-၁၊ ညီတော်-၁၊ ငယ်ကလွန်။

ကိုယ်လုပ်တော် ရှင်လည်ခွဲမှာ ဘထွေးတော် ပင်းတလဲမင်းသား သမီးတော်။ သားတော်-၁၊ ငယ်ကလွန်။

ကိုယ်လုပ်တော် သီရိရူဇာမှာ ရှင်မင်းအိမ်။ သားတော် မောင်ကူး၊ ညီတော် မောင်လူး၊ ငယ်ကလွန်။

ကိုယ်လုပ်တော် တောင်ညိုရှင်အိပတ်မှာ သမီးတော် ရှင်ရွှေရုံ၊ ငယ်ကလွန်။

ကိုယ်လုပ်တော် ရှင်မိမှာ သီရိဝေသာသမီး။ သားတော်-၁၊ ငယ်ကလွန်။

ကိုယ်လုပ်တော် ရှင်မင်းဝမှာ တိန်းညင်းစော်ဘွားသမီး။ သားတော်-၁၊ ငယ်ကလွန်။

- ပဋ္ဌမအိမ်ရှေ့မိဖုရားတွင် မြင်တော်မူသော သားတော်-၄၊ သမီးတော်-၅၊
- ဒုတိယအိမ်ရှေ့မိဖုရားတွင် မြင်တော်မူသော သားတော်-၅၊ သမီးတော်-၂၊
- ကိုယ်လုပ်တော်တို့တွင် မြင်သည့် သားတော် ၂-ကျိပ်, ၃၊ သမီးတော်၂-ကျိပ်, ၆၊

စုစုပေါင်း သားတော် ၃-ကျိပ်, ၂၊ သမီးတော် ၂-ကျိပ်, ၆ *(၃၃)* ပေါင်း ၅-ကျိပ်, ၈၊ (သားတော်-၃၀၊ သမီးတော်-၂၆၊ ၅၆-လည်း ဟူကြ၏။)

ကောင်းမှုတော်ကား မြို့နောက် တောင်ဂူကြီးစေတီတော်၊ မင်းတဲရွာတော် ချမ်းသာကြီးစေတီတော်၊ အရိပ်မထွက်စေတီတော်၊ ဇင်း ၄-မျက်နှာ ရွှေဇရပ်-၄၊ မန္တလေးစေတီတော်၊ ဇင်းစောင်းတန်း၊ မြင်းမိုရ်ကုန်း၊ အောင်ချာရွှေဂူစေတီတော် စန္ဒာမုနိတွင် နဝရတ်ပြာသာဒ်၊ မြို့နောက်တောင် ၄-ထပ်၊ မင်္ဂလာဝေယံရွှေကျောင်းတော်၊ မြို့ရှေ့တောင် ၄-ထပ် ဇေတဝန်ဘုံသာဝေယံရွှေကျောင်းတော်-စသဖြင့် အလွန်ကြီးကျယ်များဖြင်လှ၏။ ရာဇဝင်မှာ ယူပါ။

ဗဒုံမင်းသားတော် အိမ်ရှေ့ဥပရာဇာအကြောင်း ပြီး၏။

* * * * * *

## [ ၁၅ ] ရတနာပူရ စတုတ္ထမြို့တည် မင်းတရားကြီး, ။လ။ အကြောင်း *(၇)*

ထိုမင်းတရားကြီးကား ဗဒုံမင်းသားတော်ကြီး အိမ်ရှေ့မင်း ပဋ္ဌမအိမ်ရှေ့မိဖုရားတွင် မြင်တော်မူသည့် သားတော်ကြီး။ ၁၁၄၆-ခု၊ ဝါခေါင်လဆန်း၊ ၆-ရက်၊ ၆-ကြာနေ့အဝင်ညဥ့် ၃-ချက်တီးကျော်၊ ခနသိဒ္ဓနက္ခတ် မွန်းတည့်၊ ပြိဿ လဂ်၊ ကန် စန်း၊ ကရကဋ်တွင် ၁-၄-၆၊ သိဟ်တွင်-၃၊ ဓနုတွင်-၀၊ ကုံတွင် ၅-၈၊ စဉ် ၁၂-လုံး, ပါဒ်သုဉ်း, ၁၃-ဗီဇနာ အခါတော်ကြိုက်လျက် ဖွားမြင်တော်မူသည်။

စစ်ကိုင်းမြို့ကို ကံကျွေးခံရသည်။ ၁၁၆၄-တွင် ဘထွေးတော်သမီး ဆင်ဖြူရှင်မယ်နှင့် ရေသွန်းလက်ထပ်တော်မူသည်။ ၁၁၇၀-ခုနှစ် အိမ်ရှေ့စံရသည်။ ၁၁၈၁-ခု၊ နယုန်လဆန်း၊ ၁၅-ရက် မင်းဖြစ်သည်။ ၁၁၈၅-ခု ထီးဆောင်း မင်္ဂလာ မဟာဥကင်သဖွင့်တော်မူ၍ 'သီရိတြိဘဝနာဒိတျာပဝရပဏ္ဍိတမဟာဓမ္မရာဇာဓိရာဇာ' တံဆိပ်နာမံ ခံတော်မူသည်။ ၁၁၈၃-ခု၊ ပဋ္ဌမဝါဆိုလပြည့်ကျော်၊ ၆-ရက်၊ ၄-နေ့၊ နံနက် ၁-ချက်တီးကျော်၊ ၂-နာရီ, ၃-ပါဒ်၊ ၉-ဗီဇနာ, ၅-ပြန်,

၆-ခရာအချိန်တွင် ရတနာပူရမြို့ကို ထပ်မံတည်တော်မူသည်။ ၁၁၉၉-ခု၊ ကဆုန်လပြည့်ကျော်၊ ၁၂-ရက်၊ ၀-နေ့၊ ည ၄-ချက်တီးကျော်၊ ၂-မောင်းခန့် အချိန် စည်းစိမ်တော် ၁၈-နှစ်နှင့် ၁-လ, ၁၂-ရက်တွင် ညီတော် သာယာဝတီမင်း အား နန်းလွှဲတော်မူသည်။ ၎င်းညီတော်လက်ထက် ၁၂၀၈-ခု၊ သီတင်းကျွတ် လပြည့်ကျော်၊ ၁၀-ရက်နေ့ နတ်ပြည်စံတော်မူသည်။

**မိဖုရား** သီရိသုမာယာစန္ဒာဒေဝီကား ဗဒုံမင်းလက်ထက် သားတော်ပြည်မင်းနှင့် သမီးတော် မြေဒူးမင်းသမီးကို ရေသွန်းလက်ထပ်တော်မူသည်တွင် မြင်သော သမီးတော်၊ ၁၁၅၀-ခု၊ ပြာသိုလဆန်း၊ ၁၁-ရက်၊ ၄-နေ့ဖွား၊ ကလေးမြို့က ဆင်ဖြူတော်ရ သည့်အခါ ဖွားမြင်၍ ဆင်ဖြူရှင်မယ်-ဟူ၍ ဘိုးတော်ဗဒုံမင်း မှည့်တော်မူသည်။ ၁၁၇၄-ခု၊ သီတင်းကျွတ်လပြည့်ကျော်၊ ၇-ရက်၊ ၃-နေ့ ညောင်ရမ်းမင်းသားကို ဖွားမြင်တော်မူပြီးနောက် ၇-ရက်တွင် အိမ်ရှေ့မိဖုရားစဉ် နတ်ရွာစံတော်မူသည်။

**သားတော်** ညောင်ရမ်းမင်းသား မဟာသီဟသူရဓမ္မရာဇာမှာ ၁၁၇၄-ခု၊ သီတင်းကျွတ်လပြည့် ကျော်၊ ၇-ရက်၊ ၃-နေ့ဖွား။ ဖွားတော်မမူမီ တပို့တွဲလက ဖွားတော်မူသည့်တိုင် ၉-လပတ်လုံး နေ့စဉ် မြေကြီးငလျင် တုန်လှုပ်သည်။ ရွှေဘိုမင်းလက်ထက် မရှုတ် မချထားပြီးနောက် မသင့်သောအကြံအစည်မှုနှင့် ၁၂၀၀-ပြည့်၊ တန်းခူးလပြည့် ကျော်၊ ၆-ရက်နေ့ ရေမှာ ဖျောက်သည်။ ငယ်မည်တော် မောင်ဘောခင်။

**မိဖုရားခေါင်ကြီး** သီရိပဝရတိလောကမဟာရာဇိန္ဒာရတနာဒေဝီကား ဇချင်း, ကျောက်စာ, စာတမ်း, မော်ကွန်း အဆို။ ပုဂံမင်းရိုးအဆင့်ဆင့် ဆင်းသက်ခဲ့သော မင်းသား သီဟကျော်စွာ၏သမီးတော်။ ၁၁၇၅-ခု၊ အိမ်ရှေ့မိဖုရား။ ၁၁၈၁-ခု မိဖုရားခေါင် ကြီး ဖြစ်တော်မူသည်။ ရွှေဘိုမင်းလက်ထက်၊ ၁၂၀၀-ပြည့်တွင် မသင့်သော အကြံအစည်မှုနှင့် အပြစ်ကြီးစွာ ရောက်သည်။ **ရတနာပူရမြို့၊ ထီးလှိုင်ရှင်ဘုရား အနီး မဟာအောင်မြေဘုံစံ အုတ်ကျောင်းတော်ကြီး ဒါယိကာမ**။ သမီးတော်-၁၊ မောင်တော်-၁၊ ငယ်ကလွန်။

**နှမတော်** သီရိတိလောကမြတ်စွာမှာ ၁၁၈၃-ခု၊ တန်ဆောင်မုန်းလပြည့်ကျော်၊ ၁၃-ရက်၊ ၅-နေ့ နန်းမဆောင်တော်တွင် မုနောဟရထီးဖြူတော်အောက်ဖွား အခမ်းအနား ကြီးစွာ ပြုတော်မူသည်။ မင်းတုန်းမင်းတရားကြီး အလယ်နန်း တင်တော်မူသည်။ ငယ်မည်တော် ရွှေနန်းရှင်မယ်။

ပဥ္စမမြောက်နန်းမိဖုရား သီရိကလျာစန္ဒာဒေဝီမှာ ဗဒုံမင်းသားတော် ပုဂံမင်းနှင့် ဆင်ဖြူရှင် သမီးတော် မင်းရွှေနန်းကို စုံဖက်ရာ မြင်သည့် ဘိုးတော် ချစ်မြေးတည်း။ မကျန်းတော်မူ၍ ဝန်တော်အိမ်တွင် ထွက်စံနေစဉ် လွန်တော်မူသည်။

ဒုတိယမြောက်နန်း သီရိရတနာမလ္လာမဟေမှာ ဗဒုံမင်းလက်ထက် သန်လျင်မင်းကြီး သမီး။ ၁၁၈၄-ခု မြောက်နန်းတင်တော်မူသည်။ ငယ်မည်မှာ မင်းရွှေရည်။

ပဥ္စမအလယ်နန်းမိဖုရား သီရိပဘာမလ္လာဒေဝီမှာ ဗဒုံမင်းသားတော် ပုသိမ်မင်းနှင့် ဂုင်းသမီးတော် ယောမင်းသမီးကို စုံဖက်ရာ မြင်တော်မူသည့် သမီးတော်။ ၁၁၈၁-ခု အလယ်နန်းတင်တော်မူသည်။ ၁၂၀၀-ပြည့်နှစ် ကံကုန်သည်။ ငယ်မည်မှာ ရွှေနန်းယု။

ဒုတိယအလယ်နန်းမိဖုရား သီရိမြတ်စွာရတနာမဟေမှာ လက်ထက်တော် မိုးကောင်းဝန်ကြီး သမီး။ ၁၁၈၄-ခု အလယ်နန်းတင်တော်မူသည်။ ရွှေဘိုမင်းလက်ထက် ကံတော်ကုန်သည်။ ငယ်မည်မှာ မရွှေရေး။

အနောက်နန်းမိဖုရား သီရိမလ္လာရတနာမဟေမှာ အကောက်ဝန် မာလိန်ဖြူသမီး။ ၁၁၈၅-ခုနှစ် နောက်နန်း တင်တော်မူသည်။ ဓနုဖြူမြို့စား။ မင်းတုန်းမင်းလက်ထက်၊ ၁၂၂၅-ခု၊ တပေါင်းလ ကံကုန်တော်မူသည်။

ကိုယ်လုပ်တော် သီရိသဒ္ဒါမဟေမှာ ဝန်ကြီးသီရိမဟာဥဇနာ သမီး၊ ငယ်မည်မှာ ရှင်ရွှေငုံ။ သမီးတော် ငယ်ကလွန်။

ကိုယ်လုပ်တော် သီရိအာသာမဟေမှာ စာရေးကြီးသမီး၊ ငယ်မည်မှာ ရှင်မိုး။

သမီးတော် ကျောက်ဆောက်မင်းသမီးမှာ ဟံသာဝတီမြို့ဝန်သား မောင်ရွှေညိုနှင့် လက်ထပ်တော်မူသည်။ ၁၁၈၆-ခုနှစ် ကံတော်ကုန်သည်။

မင်္ဂလာရတနာဒေဝီ မိဖုရားမှာ လမိုင်းဝန်ဦးမှို သမီး။ ၁၁၈၁-ခု ရွှေနန်းတင်တော်မူသည်။ မကွေးမြို့စား။

သမီးတော် မကွေးမင်းသမီးမှာ ၁၁၈၆-ခုဖွား၊ ရွှေဘိုမင်း, ပုဂံမင်း, မင်းတုန်းမင်းတိုင်၊ မြို့, ရွာ,ဝင်းအိမ် အချီးအမြှင့်တော် ခံရသည်။

ရတနာပူရ စတုတ္ထမြို့တည်မင်းတရားကြီး စည်းစိမ်လွှဲပြောင်းလိုသော် ရွှေစည်းခုံငှက်မြတ်နား မြေသို့ ကျ၏။ ဂူတော်သစ်, ရွှေယင်းရဲ, ဘုရားလှ, ရွှေမုဋ္ဌောဘုရားများ ပြာဋိဟာ

ပြ၏။ နန်းပြာသာဒ်တော်ကြီး ဟိနး၏၊ ၎င်းဒုယင် အခိုးထွက်၏။ ပဟိုရ်ခေါင်းလောင်းအသံ ဆိတ်၏။

**ကောင်းမှုတော်ကား** မဟာဝိဇယရံသီစေတီတော်, မဟာသကျသီဟလောဟရုပ်ပွါးတော်, မဟာသကျရံသီကျောက်ဖြူ ရုပ်ပွါးတော်, ဘုံကျော်မဟာအောင်မြေဘုံသာကျောင်းတော်ကြီး-စသဖြင့် အလွန်များလှ၏။

ရတနာပူရ စတုတ္ထမြို့တည်မင်းတရားကြီးအကြောင်း ပြီး၏။

* * * * * *

## [ ၁၆ ] အမရပူရ ဒုတိယမြို့တည်,နန်းတည် မင်းတရားကြီး, ။လ။ အကြောင်း *(၈)*

**ထိုမင်းတရားကြီးကား** ဗဒုံမင်းသားတော် အိမ်ရှေ့မင်းကြီး၏သားတော်။ ရတနာပူရ စတုတ္ထမြို့တည် မင်းတရားကြီး ညီတော်ရင်း။ ၁၁၄၈-ခု၊ တပေါင်းလပြည့်ကျော်၊ ၁၀-ရက်၊ ညဉ့် ၂-ချက်တီးကျော်၊ ၁၁-ရက်၊ ၄-နေ့အဝင်၊ ဟဿတမွန်းတည့်၊ မနုတွင် လဂ်နှင့် စန်း-၈၊ မကာရတွင် ၃-၆-၀၊ မိန်တွင် ၁-၄၊ မိဿတွင် ၅-ကြိုက်လျက် ဖွားမြင်တော်မူသည်။

သက်တော် ၂၃-တွင် ဘထွေးတော်ပုဂံမင်း သမီးတော် ကျပင်းမင်းသမီးနှင့် ရေသွန်းလက်ထပ်တော်မူသည်။ သရက်မြို့, သာယာဝတီမြို့များကို ကံကျွေးခံ ပေးတော်မူသည်။ ၁၁၉၉-ခု၊ နယုန်လဆန်း၊ ၁၂-ရက်၊ ၂-နေ့ မင်းဖြစ်တော်မူသည်။ ၁၂၀၀-ပြည့်၊ တပေါင်းလဆန်း၊ ၁၀-ရက်၊ ၆-နေ့ အမရပူရမြို့ကို ဒုတိယ ထပ်မံတည်တော်မူသည်။ ၁၂၀၂-ခု၊ ဝါဆိုလဆန်း၊ ၁၀-ရက်၊ ၄-နေ့ မိဖုရားခေါင်ကြီးနှင့်အတူ ဘိသိက်ခံတော်မူပြီးလျှင် 'သီရိပဝရာဒိတျာလောက-ဓိပတိဝိဇယမဟာဓမ္မရာဇာဓိရာဇာ"တံဆိပ်နာမံ ခံတော်မူသည်။ ၁၂၀၈-ခု၊ တန်ဆောင်မုန်းလပြည့်ကျော်၊ ၁၄-ရက်၊ ၆-နေ့၊ ညဉ့် ၂-ချက်တီးကျော် ၁-မောင်းခန့်အချိန် လူပြည်ငြီး၍ နတ်ပြည်စံတော်မူသည်။

**မိဖုရားခေါင်ကြီးကား** ဗဒုံမင်းတရားကြီးသားတော် ပြည်ဘုရင်ခံမင်း သမီးတော် ကျပင်းမင်းသမီး။ ရွှေနန်းတက်တော်မူလျှင် မိဖုရားခေါင်ကြီး မြှောက်တော်မူသည်။ ဘိသိက်ခံနန်းသိမ်းအခမ်းအနားတွင် 'သီရိပဝရတိလောကမဟာရတနာပဒုမာဒေဝီ"

တံဆိပ်နာမံ ခံတော်မူသည်။ မင်းတုန်းမင်းလက်ထက် ၁၂၃၂-ခုနှစ်၊ တော်သလင်းလဆန်း၊ ၁၀-ရက်နေ့ နတ်ပြည်စံတော်မူသည်။ မဟာအဘယာရာမတိုက်၊ မဟာ-တုလွတ်ဘုံစံရွှေကျောင်းတော်ကြီး ဒါယိကာမ။

သားတော် ပုဂံမင်းသား သီရိသုဓမ္မမဟာဓမ္မရာဇာမှာ ၁၁၇၃-ခုဖွား၊ တောင်တွင်းချောင်, စဉ့်ကူး, ပုဂံမြို့များကို ကံကျေးခံရသည်။ မက္ခရာမင်း သမီးတော် မင်းရွှေကျူနှင့် ရေသွန်းလက်ထပ်တော်မူသည်။ မင်းဖြစ်တော်မူပြီးနောက် သီပေါမင်းလက်ထက် ၁၂၄၁-ခုနှစ်၊ နှောင်းတန်ခူးလဆန်း၊ ၅-ရက် နတ်ပြည်စံတော်မူသည်။ နှမတော်-၁၊ ငယ်ကလွန်။

ညီမတော် သီရိပဝရတိလောကရတနာမင်္ဂလာဒေဝီမှာ ၁၁၇၅-ခုဖွား၊ စစ်ကိုင်း,ကျောက်မြောင်း-စသော မြို့ပေါင်းများစွာ ကံကျေးခံပေးတော်မူသည်။ ပိဋကတ်,ဗေဒင်, လောကဓမ္မ အကျိုး,အပြစ် မြော်မြင်ကျွမ်းကျင် လိမ္မာတော်မူ၍ ခမည်းတော် အမြဲတိုင်ပင်တော်ခံရသည်။ "သေပြစ်,သေဒဏ်ရှိသူတို့ကို သမီးတော်နတ်လျှင် ချမ်းသာစေ"၊ ဇီဝိတဒါနဆုကို ပေးတော်မူသည်။ မောင်တော် ပုဂံမင်းလက်ထက်လည်း ဆက်လက်ပြုစုတော်မူသည်။ မင်းတုန်းမင်းတရားကြီး မိဖုရားခေါင်ကြီး မြှောက်တော်မူသည်။ မန္တလေးမြို့ရှေ့၊ မဟာဝိဇိတာရာမတိုက်၊ မဟာအောင်မြေ ဗိမာန်ကမ္ဘည်းတပ်သော တိုက်တော်ရွှေကျောင်းတော်ကြီး ဒါယိကာမ။ မောင်တော်-၁၊ နှမတော်-၁၊ ညီမတော်-၁၊ မောင်တော်-၁၊ ငယ်ကလွန်။

မြှောက်နန်းမိဖုရား သီရိပဘာနန္ဒာဘိရတနာဒေဝီမှာ ခမည်းတော် ဘျွန်တော်ရင်း မောင်မြတ်-ဘူး, ပုဂံမင်းလက်ထက်၊ လင်းဇင်းသေနတ်ဝန်, မင်းတုန်းမင်းတရားကြီးလက်ထက် ကျီဝန်ကြီး မင်းကြီးမဟာသီဟသူ၏သမီး, နောက်နန်း,အလယ်နန်း၊ ဗန်းမော်၊ မင်းခင်းမိဖုရားများနှင့်အတူ ရတနာပုံထက် ဘိသိက်သွန်းတော်မူသည်။ မင်းတုန်းမင်းတရားကြီးလက်ထက် ကောင်းတုံမြို့စား၊ ၁၂၂၄-ခု ကံကုန်သည်။ မဟာမုနိဂန္ဓကုဋိရွှေပြာသာဒ်ကြီး ဒါယိကာမ။ *(ငယ်မည်မှာ)* မင်းရွှေပုံ။ သမီးတော်-၁၊ မောင်တော်-၁၊ နှမတော်-၁၊ မောင်တော်-၁၊ ငယ်ကလွန်။

အလယ်နန်းမိဖုရား သီရိမဟာစန္ဒာဘိရတနာဒေဝီမှာ ဗဒုံမင်းတရားကြီး ကျွန်တော်မျိုးသမီး။ ရတနာပုံထက် ဘိသိက်သွန်းတော်မူသည်။ ပုဂံမင်းလက်ထက် ပြည်မင်းအမှုနှင့် နိမ့်ကျသည့်အတွင်း ၁၂၀၈-ခု သေလွန်သည်။ ရန်ကင်းတောင်စေတီတော် ဒါယိကာမ။ ငယ်မည်မှာ မရွှေဦး။

သားတော် ပြည်မင်းသား မဟာသီရိသီဟသူရဓမ္မရာဇာမှာ ၁၁၇၁-ခုဖွား၊ ဘကြီးတော် တောင်ငူမင်း သမီးတော် 'သီရိသုမဟာမင်္ဂလာဒေဝီ'ဘွဲ့ခံ မယ်ကတုံးနှင့် လက်ထပ်တော်မူသည်။ ၁၂၀၇-ခုနှစ်၊ မသင့်သောအကြံနှင့် မိုင်းလုံသို့ ထွက်သွားရာ ဖမ်းမိ၍ ရေမှာ ဖျောက်သည်။ ငယ်မည်မှာ မောင်ဘေပု။

ညီတော် ပခန်းမင်းသား သီရိသီဟသူမဟာဓမ္မရာဇာမှာ ၁၁၇၄-ခုဖွား၊ မြောက်သားတော် ခမည်းတော့်သမီးတော် ခင်အုန်းပွင့်။ မိုးနဲဗိုလ်မှူး လွတ်တက်မင်းသား၊ ၁၂၀၅-ခု ရှောင်တခင်ရောဂါနှင့် ကံတော်ကုန်သည်။ ငယ်မည်မှာ မောင်ဘေဖြူ။

တောင်တော်ဆောင် သာယာဝတီအဝင် ပဒေသာတိုက်စား မိဖုရားသီရိသုစန္ဒာမလ္လာဒေဝီမှာ ပုဂံမင်းရိုး အိမ်တော်စံစဉ် ယူတော်မူ၍ ရွှေနန်းတက်တော်မူလျှင် တောင်ဆောင် တင်ထားတော်မူသည်။ ၁၂၀၈-ခု၊ ဝါဆိုလဆန်း၊ ၁၅-ရက် ကံတော်ကုန်သည်။ သမီးတော်-၁၊ ညီမတော်-၁၊ ငယ်ကလွန်။

မောင်တော် မင်းတုန်းမင်းသား သီရိမဟာသီဟသူဓမ္မရာဇာမှာ ၁၁၇၆-ခုဖွား၊ လွတ်တက်မင်းသား မင်းသားကြီးနေရာနေ။ ၁၂၁၄-ခု၊ တပေါင်းလဆန်း၊ ၁၄-ရက်၊ ၅-နေ့ မင်းဖြစ်တော်မူသည်။ ၁၂၄၀-ခု၊ သီတင်းကျွတ်လဆန်း၊ ၆-ရက်၊ ၃-နေ့၊ နေ့ ၃-ချက်တီးကျော်၊ ၂-မောင်းအချိန် နတ်ပြည်စံတော်မူသည်။

ညီတော် သာယာဝတီမင်းသား သီရိသုမဟာဓမ္မရာဇာမှာ ၁၁၈၁-ခုဖွား၊ နောင်တော်မင်းတုန်းမင်းတရားကြီးလက်ထက် အိမ်ရှေ့နှင်းတော်မူ၍ ခမည်းတော်ဘုရား နောက်နန်းတော်တွင် မြင်သည့် သမီးတော် လှိုင်မင်းသမီးနှင့် လက်ထပ်တော်မူသည်။ ၁၂၂၈-ခု၊ ဒုတိယဝါဆိုလပြည့်ကျော်၊ ၇-ရက်နေ့ နန်းမြေဘုံသာစံနန်းတော် လွတ်တော်အနီး တဲကြီးတွင် ကံကုန်တော်မူသည်။

အနောက်နန်းတော် သီရိမဟာသုရတနာစန္ဒာဒေဝီမှာ ၁၁၇၁-ခုဖွား၊ ဟသ်ာတမြို့အစီရင် မင်းပျံချီ-မိအိတို့သမီး။ ရတနာဘုံထက် ဘိသိက်သွန်း၍ ချီးမြှင့်တော်မူသည်။ ၁၂၀၇-ခုနှစ်၊ ပြည်စားနှင့် ကြံရာပါမှုနှင့် စီရင်တော်မူသည်။ မင်းအိုကျောင်းရှေ့ အုတ်ကျောင်းနှင့် တက်သေးကုသိနာရုံဘုရား ဒါယိကာမ၊ ငယ်မည်မှာ မြကလေး။ သားတော်-၁၊ ငယ်ကလွန်။

နှမတော် လှိုင်မင်းသမီး သီရိသုမြတ်စွာရတနာဒေဝီမှာ ၁၁၉၅-ခုဖွား၊ မင်းတုန်းမင်းတရားကြီး လက်ထက် ညီတော်အိမ်ရှေ့မင်းနှင့် ရေသွန်းလက်ထပ်တော်မူသည်။ ၁၂၇၇-ခု ကံတော်ကုန်သည်။ မောင်တော် အမြွာ-၂၊ ငယ်ကလွန်။

မြောက်ဆောင်တော် ဟသံာတမိဖုရား သီရိသုနန္ဒာမလ္လာမဟေမှာ ၁၁၅၉-ခုဖွား၊ ရွှေဘိုမင်း ဥက္ကလာပတွင် စံတော်မူစဉ် ၁၂၀၃-ခု၊ ရန်ကုန်တွင် ကံတော်ကုန်သည်။ ငယ်မည်မှာ ခင်မင်းအိ။

သမီးတော် ပင်တလဲမင်းသမီး သီရိသုမလ္လာဝတီမှာ ၁၁၈၁-ခုဖွား၊ မင်းတုန်းမင်းလက်ထက် အနောက်နန်းတော်တင်မူ၍ 'သီရိမဟာသုစန္ဒာဒေဝီ' ဘွဲ့ပေးတော်မူသည်။ ၁၂၃၇-ခုနှစ် ကံတော်ကုန်သည်ကို ဝန်တော်အိမ်ဝင်းတွင် မိဖုရားကြီးတို့နည်း သင်္ဂြိုဟ်တော်မူသည်။

ညီမတော် သီရိသုနန္ဒာဝတီမှာ ၁၁၈၅-ခု ဖွား၊ မင်းတုန်းမင်းတရားကြီး နောက်နန်းဆက်၍ တင်တော်မူသည်။ အင်္ဂလိပ်မင်းလက်ထက် မြို့နောက်ပြင် ဘုရားနီ နောက်ဘက်ဝင်းတွင် ကံတော်ကုန်သည်။

ကိုယ်လုပ်တော် မရွှေသားမှာ မင်္ဂလာအိမ်တော်စံစဉ် သေလွန်သည်။

သမီးတော် ဟင်္ဂမော်မင်းသမီး သီရိသုစန္ဒာမင်္ဂလာဒေဝီမှာ ၁၁၇၄-ခုဖွား၊ သားတော် ပုခန်းမင်းနှင့် လက်ထပ်တော်မူသည်။ မင်းတုန်းမင်းတရားကြီးလက်ထက်၊ ၁၂၃၃-ခု ကံတော်ကုန်သည်ကို နောက်နန်းတော့နည်း ဝန်အိမ်ဝင်းတွင် သင်္ဂြိုဟ်တော်မူသည်။

တောင်ရွှေရေးမိဖုရား သီရိရတနာစန္ဒာမဟေမှာ အိမ်တော်စံစဉ် ယူ။ သောင်တင်းတိုက်နှင့် မိတ္ထီလာမြို့စား။ ၁၂၂၄-ခု ကံတော်ကုန်သည်။

မြောက်ရွှေရေးမိဖုရား သီရိမင်္ဂလာနန္ဒာမဟေမှာ မင်္ဂလာအိမ်တော်စံစဉ် ယူတော်မူသည်။ ၁၂၂၈-ခုနှစ် ကံတော်ကုန်သည်။ သားတော်-၁၊ ငယ်ကလွန်။

မင်းခင်းမိဖုရား သီရိရတနာနန္ဒာမဟေမှာ ခမည်းတော်အိမ်ရှေ့မင်းကြီး မြောက်ဆောင်တော် ဓမ္မဝတီရှင်အုချာတွင် မြင်သည့်သမီးတော်။ ၁၁၆၁-ခုဖွား၊ ၁၁၉၉-ခု ကံကုန်သည်။ အဝဘုံကျော် တိုက်ရှေ့ ၄-ထပ်ကျောင်း ဒါယိကာမ။

မင်းခင်းမိဖုရား သီရိကေသာမင်္ဂလာမဟေမှာ ခမည်းတော့်ကိုယ်လုပ်တော် ရှင်မြတ်ထွတ်တွင် မြင်သည့် သမီးတော်။ ၁၁၆၄-ခုဖွား၊ ၁၂၀၆-ခု ကံကုန်သည်။

ပန်းတောင်းမိဖုရား ရွှေနန်းမြင့်မှာ ဘိုးတော့်သားတော် မက္ခရာမင်း, သမီးတော် ကြံညပ်မင်းသမီးတို့တွင် မြင်သည့်သမီးတော်။ ၁၁၇၁-ခုဖွား၊ မြေးတော် အိမ်ရှေ့မင်း၏ မိဖုရား ဆင်ဖြူရှင်မယ် ကံကုန်ရာ ၇-နှစ်ရွယ်တွင် အိမ်ရှေ့မင်းနှင့် လက်ထပ်

တော်မူ၍ ရွှေနန်းတွင် စံနေရသည်။ နောက် ရွှေဘိုမင်းတရားကြီး နန်းတင်တော်မူသည်။ ၁၂၀၃-ခု၊ ရန်ကုန်တွင် ကံကုန်သည်။

ကသာမိဖုရား သီရိရတနာစန္ဒာဝတီမှာ ဘိုးတော်သားတော် တောင်ငူမင်းနှင့် သမီးတော် မြတောင်မင်းသမီးတို့တွင် မြင်သည့် သမီးတော်။ ၁၁၇၃-ခုဖွား၊ ၁၂၃၅-ခုနှစ်၊ ဝန်အိမ်တွင် လွန်သည်။

ဗန်းမော်မိဖုရား သီရိအတုလဒေဝီမှာ ဗဒုံမင်းလက်ထက် ၁၁၇၈-ခု ဆက်သော ဝေသာလီမင်း စန္ဒရဂန္ဓရှိန် နှမတော်။ ၁၂၂၃-ခုနှစ် လွန်သည်။

ကိုယ်လုပ်တော် ကျပင်းမြို့စား အိမ်တော်ပါ ပုဂံမင်းလက်ထက် သီရိသုနန္ဒာမင်္ဂလာမဟေမှာ- ၁၂၁၂-ခု၊ သားတော် တရုတ်မြော်မင်းသားနှင့် တိုင်ပင်ရာပါမှုဖြစ်၍ စီရင်ရာပါသည်။ ငယ်မည်မှာ မမှော်။

သားတော် တရုတ်မြော်မင်းသား သတိုးမင်းရဲကျော်ခေါင်မှာ ၁၁၈၂-ခုဖွား၊ နောင်တော် ပုဂံမင်းလက်ထက် မသင့်သောအကြံနှင့် သိန္နီသီပေါသို့ ထွက်သွားရာ ဖမ်းမိ၍ စီရင်တော်မူသည်။ ငယ်မည်မှာ မောင်တုတ်။

နှမတော် တောင်သာမင်းသမီး သီရိပဘာဝတီမှာ ၁၁၈၄-ခုဖွား၊ မင်းတုန်းမင်း မင်းဖြစ်တော်မူလျှင် နန်းတင်တော်မူသည်။ ငယ်မည်မှာ ခင်မင်းကောက်။

ကိုယ်လုပ်တော် မြန်အောင်မြို့စား သီရိသိင်္ဂါမဟေမှာ အိမ်တော်ပါ သမီးတော် စောလှမင်းသမီး သီရိအာသာဝတီ။ ၁၁၈၉-ခုဖွား၊ ၁၂၀၂-ခု ကံတော်ကုန်သည်။

ကိုယ်လုပ်တော် ခေါင်တုံးမြို့စား သီရိစိတ္တာမဟေမှာ အိမ်တော်ပါသမီးတော် ညောင်အုပ်မင်းသမီး သီရိသာမာဝတီ။

ကိုယ်လုပ်တော် နွယ်တမယ်ရွာစားမှာ အိမ်တော်ပါ၊ နောက် လွှတ်တော်မူသည်။ သမီးတော်-၁၊ ငယ်ကလွန်။ မောင်တော် မောင်တုတ်၊ ၁၄-နှစ်မှ လွန်။ ညီတော်-၁၊ ညီတော်-၁၊ ငယ်ကလွန်။

ကိုယ်လုပ်တော် မယ်ဘားမှာ အိမ်တော်စံစဉ် ယူ၊ ရွှေနန်းမတက်မီ ထွက်ရသည်။ သားတော်-၁၊ ငယ်ကလွန်။

ကိုယ်လုပ်တော် မယ်ရွှေကြာမှာ အိမ်တော်စံစဉ် သေလွန်သည်။ သမီးတော်-၁၊ ငယ်ကလွန်။

ကိုယ်လုပ်တော် မယ်အိပူမှာ အိမ်တော်စံစဉ် လွှတ်တော်မူသည်။

သားတော် လှိုင်မင်း သီရိမဟာဓမ္မရာဇာမှာ မင်းတပ်မြို့, လှိုင်မြို့များကို စားရသည်။ ၁၂၁၄-ခု၊ တပေါင်းလဆန်း၊ ၁၁-ရက်၊ မြို့ပေါက်သောနေ့ နန်းတော်တောင် ဈေးကြီး ရပ်တိုက်ပွဲတွင် ကျဆုံးသည်။

ကိုယ်လုပ်တော် မယ်ပိုမှာ အိမ်တော်စံစဉ် လွတ်တော်မူသည်။ သားတော်-၁၊ ငယ်ကလွန်။

သားတော် ၁-ကျိပ်, ၈၊ သမီးတော် ၁-ကျိပ်, ၃၊ ပေါင်း ၃-ကျိပ်, ၁။

ထိုမင်း နတ်ပြည်စံလိုသော် ဥက္ကာ အရှေ့က အနောက်သို့ ပျံ၏။ ဟင်္သာတာရာ ဥက္ကောင်း မည်း၏။ ကောင်းကင်အလုံး သွေးခဲကဲ့သို့ ချင်းချင်းနီ၏။

ကောင်းမှုတော်ကား ဇောင်းကလောကနိဦး လောကမဏိစူဠာစေတီတော်, သဲအင်းတိုက်အတွင်း ကျောင်းတော်-စသဖြင့် အရေအတွက် များစွာ၏။

အမရပူရ ဒုတိယမြို့တည်မင်းတရားကြီးအကြောင်း ပြီး၏။

* * * * * *

## [ ၁၇ ] အမရပူရ စတုတ္ထနန်းစံ ပုဂံမင်းတရားကြီး, ။လ။ အကြောင်း *(၉)*

ထိုမင်းတရားကြီးကား ရွှေဘိုမင်းတရားကြီး မိဖုရားခေါင်ကြီးတွင် မြင်တော်မူသည့်သားတော်။ ၁၁၇၃-ခု၊ ဝါဆိုလဆန်း၊ ၂-ရက်၊ ၆-နေ့၊ နေ ၂-ချက်တီးကျော်၊ ၆-ဖဝါးအချိန်၊ စဉ် ၅-လုံး, ၂-ပါဒ်, ၁၁-ဗီဇနာ၊ ပြိဿတွင်-၄-၅-၆၊ မေထုန်တွင်-၁-၂၊ ကန်တွင် လဂ်-၈၊ ပြိဿာတွင်-၃-၀ ကြိုက်လျက် ဖွားမြင်တော်မူသည်။

၁၂၀၀-ပြည့်နှစ်၊ ဘထွေးတော်မက္ခရာမင်း သမီးတော် မင်းရွှေကျုနှင့် ရေသွန်းလက်ထပ်တော်မူသည်။ ၁၂၀၈-ခု၊ နတ်တော်လဆန်း၊ ၁-ရက်၊ စနေနေ့ မင်းအဖြစ်ကို ယူတော်မူသည်။ ၎င်းနှစ်၊ တပေါင်းလဆန်း၊ ၁၃-ရက်၊ စနေနေ့ ထီးဆောင်းမင်္ဂလာ မဟာဥကင်သ ဖွင့်တော်မူ၍ 'သီရိသုဓမ္မတိလောကပဝရ-မဟာရာဇာဓိရာဇာ' တံဆိပ်နာမံ ခံတော်မူသည်။ ၁၂၁၄-ခု၊ တပေါင်းလဆန်း၊ ၁၁-ရက်၊ ၅-နေ့ ညီတော် မင်းတုန်းမင်းတရားကြီး ရွှေနန်းတက်တော်မူ၍ ပုဂံမင်းတရားကြီးကို အိမ်တော်နှင့်ထားရာ သီပေါမင်းလက်ထက် ၁၂၄၁-ခု၊ တပို့တွဲလ နတ်ပြည်စံတော်မူသည်။

မိဖုရားခေါင်ကြီးကား ဗဒုံမင်းတရားကြီးသားတော် မက္ခရာမင်းသားနှင့် သမီးတော် တကောင်းကြည့်ပ်မင်းသမီးကို စုံဖက်တော်မူရာ မြင်တော်မူသည့် သမီးတော်။ ၁၁၈၂-ခု၊ တပေါင်းလပြည့်ကျော်၊ ၉-ရက်၊ စနေနေ့ဖွား။ ၁၂၀၀-ပြည့်နှစ်၊ ပုဂံမင်းနှင့် ရေသွန်းလက်ထပ်တော်မူသည်။ ထီးဆောင်းမင်္ဂလာ မဟာဥကင်သ ဖွင့်တော်မူသည်တွင် 'သီရိတိလောကမဟာရတနာဒေဝီ' တံဆိပ်နာမံ ခံတော်မူသည်။ ၁၂၁၄-ခု၊ တပေါင်းလဆန်း၊ ၁၁-ရက် ပုဂံမင်း ရွှေနန်းဆင်းတော်မူရာ အတူပါသည်။ ၁၂၅၄-ခု၊ ဝါဆိုလ မင်္ဂလာဈေး နောက်တောင်ဝင်းတွင် ကံတော်ကုန်သည်။ ဒုတိယ မင်းအိုကျောင်းတော်ကြီး ဒါယိကာမ။

မြောက်နန်းမိဖုရား သီရိမဟာရတနာဒေဝီမှာ ဉာဏဝတီမြို့ဝန် မောင်ကြာရိုးသမီး မရွှေအောင်နှင့် လက်စွဲတော် အင်းဘဲစားတို့သမီး။ ၁၁၈၆-ခုဖွား၊ မင်္ဂလာအိမ်တော်စံစဉ် ယူ။ သီပေါမြို့စား။ ငယ်မည်မှာ ရှင်ရွှေမိ။

အလယ်နန်းမိဖုရား သီရိတိလောကအတုလရတနာဒေဝီမှာ အဝမြို့၊ မြစ်သာရွာ မောင်သာထွန်းအောင်, ရှင်မင်းသူတို့သမီး။ ၁၁၈၇-ခုဖွား၊ အိမ်တော်ပါ။ မြတ်နိုးတော်မူလှ၍ ဆင်အတူ, ထီးဖြူအတူ ဆောင်းတော်မူသည်။ ၁၂၁၄-ခု ရွှေနန်းဆင်းတော်မူရာ အတူပါသည်။ ၁၂၂၄-ခု ကံတော်ကုန်သည်။ အသောကရာမတိုက်အတွင်း ၃-ထပ်ဇေတဝန်ရွှေကျောင်းကြီး ဒါယိကာမ၊ ငယ်မည်မှာ ရှင်ရွှေအုံ။

အနောက်နန်းမိဖုရား သီရိသုရတနာမင်္ဂလာဒေဝီမှာ ဗဒုံမင်းသားတော် အိမ်ရှေ့မင်းကြီးသားတော် မိုးညှင်းမင်းသား မင်းမြဘူး သမီးတော်။ မင်းတုန်းမင်းလက်ထက် အနိမ့်အကျနေရသည်။ ၁၂၁၉-ခု ကံတော်ကုန်သည်။ ငယ်မည်မှာ မင်းမြမယ်။

ကျန်တောင်ဆောင်, မြောက်ဆောင်, တောင်ရွှေရေး, မြောက်ရွှေရေး, မင်းကိုယ်လုပ်တော်များကို စားကျွေးမြို့ရွာ ဆောင်ယောင်ခမ်းနား ချီးမြှင့်ပေးထားတော်မူသည်။

ထိုပုဂံမင်းတရားကြီး မိဖုရား, မင်းကိုယ်လုပ်တော်တို့တွင် သားတော်, သမီးတော် မြင်တော်မမူ။

ကောင်းမှုတော်ကား တံတိုင်းအရံ ၄-ထောင့်စေတီနှင့်တကွ အိမ်တော်ရာ မဟာလောကရံသီစေတီတော်, ဗားကရာတိုက်တွင် မဟာဝေယန်ဘုံသာစံကျောင်းတော်ကြီးစသဖြင့် အလွန်များ၏။

အမရပူရ စတုတ္ထနန်းစံ မင်းတရားကြီးအကြောင်း ပြီး၏။

* * * * * *

အပိုဒ်။ -- ]

## [ ၁၈ ] မန္တလေးရတနာပုံ ပဌမမြို့တည်, နန်းတည် ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီး, ။လ။ အကြောင်း (၁၀)

ထိုမင်းတရားကြီးကား ရွှေဘိုမင်းတရားကြီး တောင်ဆောင်တော် ပုဂံမင်းရိုး၊ သာယာဝတီမြို့ အဝင် ပဒေသာတိုက်စားမိဖုရားတွင် ၁၁၇၆-ခု၊ ဝါဆိုလပြည့်ကျော်၊ ၄-ရက်၊ ၃-နေ့၊ နေ ၂-ချက်တီးကျော်အချိန်၊ စဉ် ၂၁-လုံး၊ ၁-ပါဒ်၊ ၁၁-ဗီဇနာ၊ ပြိဿတွင်-၆၊ မေထုန်တွင်-၁၊ ကရကဋ္ဌ်တွင်-၃-၄-၈၊ သိဟ်တွင်-၅၊ တူတွင် လဂ်၊ မကာရတွင်-၂-၀ ကြိုက်လျက် ကောင်းမြတ်သောအခါ၌ မြင်တော်မူသည့် သားတော်။

၁၁၇၆-ခု ဖွား၊ ခမည်းတော်, နောင်တော်မင်းတရားကြီး ၂-ပါးလက်ထက် မြို့ဝှန်းတိုက်၊ မင်းတုန်းမြို့များကို ကံကျွေးခံရသည်။ 'သီရိသုမဟာဓမ္မရာဇာ'ဘွဲ့၊ 'သီရိမဟာသီဟသူရဓမ္မရာဇာ' ဘွဲ့များနှင့် မင်းသားကြီးတို့နေရာ အဆောင် အရွက်ပေးတော်မူ၍ လွှတ်တက်၍ စီရင်ရသည်။ သက်တော် ၃၈-နှစ်၊ ၁၂၁၄-ခုနှစ်၊ တပေါင်းလဆန်း၊ ၁၁-ရက်၊ ၅-နေ့ မင်းဖြစ်တော်မူသည်။ ၁၂၄၀-နှစ်၊ သီတင်းကျွတ်လဆန်း၊ ၆-ရက်၊ ၃-နေ့ လူ့ပြည်ငြီး၍ နတ်ပြည်စံတော်မူသည်။

မိဖုရားခေါင်ကြီးကား ရွှေဘိုမင်းတရားကြီး မိဖုရားခေါင်ကြီးတွင် မြင်တော်မူသည့် သမီးတော်။ ၁၁၇၅-ခု ဖွား၊ ခမည်းတော်, မောင်တော် မင်းတရားကြီး ၂-ပါးလက်ထက် 'သီရိပဝရတိလောကရတနာမင်္ဂလာဒေဝီ'စသော ဘွဲ့များနှင့် မြို့ပေါင်းအများ ကံကျွေးခံရသည်။ ပိဋကတ်,ဗေဒင် ကျွမ်းကျင်လိမ္မာတော်မူသဖြင့် အတိုင်ပင် တော် အမြဲခံရသည်။ အပြစ်ကြီးစွာသင့်သူတို့ကို နုတ်ယူနိုင်သော ဇီဝိတဒါနဆု ကိုလည်း ပေးတော်မူသည်။ ပဥ္စမသင်္ဂါယနာတင်မင်းတရားကြီး မိဖုရားခေါင် ကြီး မြှောက်တော်မူ၍ 'သီရိပဝရမဟာရာဇိန္ဒာဓိပတိရတနာဒေဝီ' တံဆိပ်နာမံ တော်ကို ခံတော်မူသည်။ မင်းတရားကြီးလက်ထက် နတ်ပြည်စံတော်မူသည်။ မြို့ရှေ့ ဒုတိယမောင်းထောင် သာသနာပိုင်ဆရာတော်ကြီးအား တင်လှူတော်မူ သော မဟာဝိဇိတာရာမတိုက် မဟာအောင်မြေဗိမာန်ရွှေကျောင်းတော်ကြီး ဒါယိကာမ။

မြှောက်နန်းမိဖုရားမှာ မင်္ဂလာအိမ်တော် စံတော်မူစဉ် ယူတော်မူသည်။ အထွတ်အမြတ်သို့ ရောက်တော်မူလျှင် မြှောက်နန်းတင်တော်မူသည်။ ၎င်းမင်းတရားကြီးလက် ထက် ကံတော်ကုန်သည်။

ပဌမအနောက်နန်း မိဖုရားမှာ ရွှေဘိုမင်းတရားကြီး မြောက်ဆောင်တော်မိဖုရားတွင် မြင်သည့်သမီးတော်။ ၁၁၈၁-ခုဖွား၊ ပင်းတလဲမြို့ကို ကံကျွေးခံရသည်။ ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီး နောက်နန်းတင်တော်မူ၍ 'သီရိမဟာသုစန္ဒာဒေဝီ'ဘွဲ့ ပေးတော်မူသည်။ ၁၂၁၇-ခု ကံတော်ကုန်သည်။ သားတော်-၁၊ နှမတော်-၁၊ ငယ်ကလွန်။

ဒုတိယအနောက်နန်း မိဖုရားမှာ ပဌမအနောက်နန်းမိဖုရား ညီမတော်ရင်း။ အနောက်နန်းဆက်၍ တင်တော်မူသည်။ အင်္ဂလိပ်မင်းလက်ထက် အနောက်ပြင် ဆုတောင်းပြည့်ဘုရားအနီး ဝင်းတော်တွင် ကံတော်ကုန်သည်။

အလယ်နန်း မိဖုရားကြီးမှာ ရတနာပူရ စတုတ္ထမြို့တည်မင်းတရားကြီး မိဖုရားခေါင်ကြီးနန်းထက် မြင်တော်မူသည့် သမီးတော်။ ပဥ္စမသင်္ဂါယနာတင်မင်းတရားကြီး အလယ်နန်း တင်တော်မူသည်။ အင်္ဂလိပ်မင်းလက်ထက် ရန်ကုန်မြို့တွင် နတ်ရွာစံသည်ကို မန္တလေးနန်းမြို့တွင်းသို့ ယူဆောင်၍ သင်္ဂြိုဟ်သည်။

သမီးတော် မိုင်းနောင်မင်းသမီး သီရိသုရတနာဒေဝီမှာ ရန်ကုန်မြို့တွင် ကံတော်ကုန်သည်။ ညီမတော်-၁၊ ငယ်က လွန်။ မောင်တော် မြန်အောင်မင်းသား၊ ၆-နှစ်လွန်။

နှမတော် မြတောင်မင်းသမီး သီရိပဘာရတနာဒေဝီမှာ ခမည်းတော်လက်ထက် တပင်တိုင်စံရသည်။ သီပေါမင်းလက်ထက် မိဖုရားခေါင်ကြီး မြှောက်တော်မူသည်။ မောင်တော် ပန်းချီမင်းသား၊ ၃-နှစ်တွင် လွန်။ နှမတော် ရမည်းသင်းမင်းသမီး၊ သီပေါမင်း မိဖုရားမြှောက်တော်မူသည်။

စိန်တုံးမိဖုရားမှာ မင်းတရားကြီးမယ်တော့် ညီမတော်ရင်း။ အလွှကပ္ပမြို့စား။ အိမ်ဖြူတော်စံ မိထွေးတော့် သမီးတော်။

လောင်းရှည်မိဖုရား သီရိမဟာမင်္ဂလာသုပဘာဒေဝီမှာ ဘထွေးတော် ချွန်းတောင်းမြို့စား၊ မိုးနဲ ဗိုလ်မှူးမင်းသား သမီးတော်၊ ချွန်းတောင်း မင်းသမီး၊ ၈-နှစ်တွင် လွန်။

ညီမတော် မိုင်းကိုင်းမင်းသမီးမှာ ယခု အစ်မတော် ပုခန်းကြီးစုဖုရားကြီး။

မောင်တော် သီပေါမင်းသား သုသီရိမဟာဓမ္မရာဇာမှာ ၁၂၂၀-ခု၊ နတ်တော်လဖွား။ ၁၂၄၀-ခု၊ သီတင်းကျွတ်လ အိမ်ရှေ့စံတော်မူ၍ ခမည်းတော်အရိုက်အရာတော်ကို ယူတော်မူသည်။ ၁၂၄၇-ခု၊ တန်ဆောင်မုန်းလပြည့်ကျော်၊ ၇-ရက်နေ့ ဗိုလ်ချုပ်

ဂျင်နရယ်ပရင်းဒါဂတ်မင်းကြီး၊ ကာရ်နယ်စလေတင်တို့ စစ်သည်အများနှင့် နန်းမြို့အတွင်း ဝင်ရောက်သည်။ ၎င်း ၈-ရက်နေ့ ညနေ မိဖုရားခေါင်ကြီး, ညီမတော် စုဖုရားကလေး, သမီးတော်-၂ မယ်တော်၊ ၎င်းသမီးတော် စုဖုရားကြီး တို့နှင့် သူရိယသင်္ဘောတို့ သက်ဆင်းစီးနင်းတော်မူသည်။

နှမတော် ပြောင်းပြာမင်းသမီးမှာ မိတ္ထီလာစုဖုရားကလေး။ ၁၂၅၈-ခု၊ နယုန်လ ကံတော်ကုန်သည်ကို စဉ်ရှည်တံခါးပြင်ဘက် ဝင်းတော်တွင် သင်္ဂြိုဟ်သည်။

မကွေးမိဖုရားမှာ ခမည်းတော်ရွှေဘိုမင်း သမီးတော်။ သားတော် လယ်ကိုင်းမင်းသား၊ ငယ်ကလွန်။

နှမတော် မင်းခင်းမင်းသမီးမှာ သီပေါမင်းလက်ထက် ငတုနှင့် စပ်လျဉ်း၍ အင်္ဂပတ်မြို့ဝန်ထံ အပ်ထားရာ လွန်သည်။ ညီမတော် ပြင်စည်မင်းသမီး။

တောင်ဆောင်တော် မိဖုရားမှာ သမီးတော်-၁, မောင်တော်-၁, ညီတော်-၁။ ငယ်က လွန်။

ညီတော် စကုမင်းသား မင်းရဲညွှန့်မှာ ၁၂၂၈-ခုနှစ်၊ နန်းမြေဘုံသာစံနန်းတော်၌ မြင်ကွန်းမင်းသားအရေးတွင် လွန်သည်။ ငယ်မည်မှာ မောင်မျိုးညွှန့်။

ညီတော် မိုးညှင်းမင်းသားမှာ ၁၂၂၆-ခုနှစ် လွန်သည်။ ငယ်မည်မှာ မောင်မျိုးအုံ။

နှမတော် မိုးညှင်းမင်းသမီးမှာ ၁၂၂၀-ခု၊ ကဆုန်လဖွား။

ပဉ္စမမြောက်ဆောင်တော်မိဖုရားပဘာဒေဝီ သားတော် မလွန်မင်းသား သုသီရိမဟာဓမ္မရာဇာမှာ ၁၂၂၈-ခုနှစ်၊ မြင်ကွန်းမင်းသားအရေးတွင် စံနန်းတော်မှာ လွန်သည်။ ငယ်မည်မှာ မောင်မျိုးရင်း။ နှမတော် ငယ်ကလွန်။ မောင်တော် ပြင်စည်မင်းသား သတိုးမင်းရဲ နောင်တော် မလွန်မင်းသားနှင့် အတူလွန်သည်။ ညီတော် ဝန်းသိုမင်းသား သတိုးမင်းရဲသီဟသူ ၁၂၄၀-နှစ်၊ သီပေါမင်းလက်ထက် ထောင်မှာ လွန်သည်။

ဒုတိယမြောက်ဆောင်တော် နန္ဒာဒေဝီမှာ သမီးတော် ကန္တီမင်းသမီး၊ အိမ်ရှေ့မင်းသားတော် ပန်းထိမ်းမင်းသားနှင့် စုံဖက်တော်မူသည်။ ၁၂၄၀-ခု၊ သီပေါမင်းလက်ထက် ထောင်မှာ လွန်သည်။ ငယ်မည်မှာ မမျိုးရင်း။

ညီမတော် မဘဲမင်းသမီးမှာ ခမည်းတော့်သားတော် ညောင်ရမ်းမင်းသားနှင့် စုံဖက်တော်မူသည်။ ၁၂၄၀-ခု၊ သီပေါမင်းလက်ထက် ထောင်မှာ လွန်သည်။

မောင်တော် မကွေးရာမင်းသားမှာ ခမည်းတော်စားပွဲတောင်တိုက်စား မိဖုရားသမီးတော် ပင်းမင်းသမီးနှင့် စုံဖက်တော်မူသည်။ အစ်မတော်များနှင့်အတူ ထောင်မှာ လွန်သည်။ ငယ်မည်မှာ မောင်မျိုးတူ။

နှမတော် ကြည့်ညှပ်မင်းသမီးမှာ ခမည်းတော်ဘုရားသားတော် ရနောင်မင်းသားနှင့် စုံဖက်တော်မူသည်။ အစ်မတော်, မောင်တော်များနှင့်အတူ ထောင်မှာ လွန်သည်။

ညီမတော် ဆင်ယဉ်မင်းသမီးမှာ ခမည်းတော်သားတော် ရွှေဂူမင်းသားနှင့် စုံဖက်တော်မူသည်။ အစ်မတော်, မောင်တော်များနှင့်အတူ ထောင်မှာ လွန်သည်။ မောင်တော်-၁၊ ငယ်ကလွန်။

ပဥ္စမ တောင်ရွှေရေးဆောင်မိဖုရားသားတော် မြင်ကွန်းမင်းသား သုမဟာသီရိဓမ္မရာဇာမှာ ၁၂၀၅-ခု၊ တပို့တွဲလပြည့်ကျော်၊ ၁၄-ရက်၊ စနေနေ့၊ ညဥ့် ၃-ချက်တီးကျော်၊ တပေါင်းလဆန်း၊ ၁-ရက်၊ ၁-နေ့အဝင် နေအရုဏ်တက်လုနီးအခါတွင် မြင်တော်မူသည့်သားတော်။ ၁၂၂၈-ခုနှစ်၊ အရေးပြု၍ ထွက်သွားသည်။ ငယ်မည်မှာ မောင်မျိုးဧး။ နှမတော်-၁, ညီမတော်-၁၊ ငယ်ကလွန်။

ညီတော် မြင်းခုံတိုင်မင်းသား သတိုးမင်းလှဇေယသူ နောင်တော်နှင့်အတူ အရေးပြု၍ ထွက်သွားသည်။ ငယ်မည်မှာ မောင်မျိုးထင်။

ဒုတိယတောင် ရွှေရေးဆောင်ဝဏ္ဏာရာ မိဖုရားမှာ- သားတော်-၁, နှမတော်-၁၊ ငယ်က လွန်။

နှမတော် တကောင်းမင်းသမီးမှာ ၁၂၄၃-ခု၊ နန်းတော်ပေါ်တွင် ကံတော်ကုန်သည်။ ညီမတော် ချွန်းတောင်မင်းသမီး။

စားပွဲတောင်တိုက်စားမိဖုရားမှာ သမီးတော် ငယ်ကလွန်။ ညီမတော် ပင်းမင်းသမီး။

ဒုတိယမြောက်ဆောင်တော်မိဖုရားမှာ သားတော် မကွေးရာမင်းသားနှင့် စုံဖက်တော်မူသည်။ မောင်တော်-၁၊ ငယ်ကလွန်။ နှမတော် မိုးမိတ်မင်းသမီး။

ဒုတိယမြောက်ရွှေရေးတံတိုင်းရှည်မိဖုရားမှာ သားတော် ညောင်ရမ်းမင်းသား။ ၁၂၄၀-ပြည့်၊ ခမည်းတော် မကျန်းတော်မူလျှင် သံတဲဝင်း အင်္ဂလိပ်အရေးပိုင်ထံ ခိုဝင်နေသည်။ ၁၂၄၇-ခု၊ ဗာလိပူမြို့မှာ ကံတော်ကုန်သည်။ ငယ်မည်မှာ မောင်မျိုးပုံ။

ညီတော် ညောင်အုပ်မင်းသားမှာ နောင်တော်နှင့် အတူပါသည်။ ငယ်မည်မှာ မောင်မျိုးယုံ။ နှမတော် ကျောက်ဆောက်မင်းသမီး။

၇-ရွာမိဖုရားမှမြင်သည့် သားတော်သုံးဆယ်မင်းသား 'မဟာသုသိရိဓမ္မရာဇာ'မှာ ၁၂၄၀၊ သီပေါမင်းလက်ထက် ထောင်မှာ လွန်သည်။ ငယ်မည်မှာ မောင်မျိုးထွေး။ နှမတော်-၁, မောင်တော်-၁, ညီတော်-၁၊ ငယ်ကလွန်။

နှမတော် မြင်ကွန်းမင်းသမီးမှာ ၁၂၅၁-ခု၊ ရန်ကုန်မြို့မှာ ကံတော်ကုန်သည်။ ညီမတော်-၁၊ ငယ်ကလွန်။

မောင်တော် ပင်လယ်မင်းသားမှာ သီပေါမင်းလက်ထက် နောင်တော် သုံးဆယ်မင်းသားနှင့် အတူ ထောင်မှာ လွန်သည်။

နှမတော် တောင်သာမင်းသမီးမှာ ညီမတော် ပန်းထိမ်းမင်းသမီး, မောင်တော် ခေါသန္တိ မင်းသား, သတိုးမင်းရဲမင်းထင် နောင်တော် ၂-ပါးနှင့်အတူ ထောင်မှာ လွန်သည်။

နှမတော် မြို့ကြီးမင်းသမီးမှာ မောင်တော် ပင်းယမင်းသား၊ နောင်တော် ၃-ပါးနှင့်အတူ ထောင်မှာ လွန်သည်။

နှမတော် မင်းတပ်မင်းသမီးမှာ ရန်ကုန်မှာ ကံကုန်တော်မူသည်။

လင်ပန်းမိဖုရား သီရိသုစန္ဒာဒေဝီမှာ သမီးတော် စလင်းမင်းသမီး 'သုသိရိမြတ်စွာရတနာဒေဝီ'။ ခမည်းတော်လက်ထက် ပင်တိုင်စံ၊ သီပေါမင်းလက်ထက် အနိမ့်အကျထားရာ နာ၍ လွန်သည်။ မောင်တော်-၁၊ ညီတော်-၁၊ ငယ်ကလွန်။

ညီတော် ကျပင်းမင်းသား သတိုးဗညားကျန်းမှာ ခမည်းတော့် တမာပင်မိဖုရားတွင် မြင်သည့် ကွပ်ရွာမင်းသမီးနှင့် စုံဖက်ရာ မြင်သည့် ဘိုးတော်ချစ်မြေးတော်ကို သီပေါမင်း လက်ထက် လက်ဝဲဝင်းမှူးထံ အပ်ထားရာ လွန်သည်။ ကျပင်းမင်းသားမှာ ရန်ကုန်မြို့သို့ မယ်တော် ပြောင်းစံတော်မူရာ အတူပါသည်။

ညီတော် ယနောင်မင်းသား ဗညားလောမှာ သီပေါမင်းလက်ထက်၊ ၁၂၄၀-နှစ် ထောင်မှာ လွန်သည်။

ရေပွဲတိုက်စား မိဖုရားမှာ သားတော် မိုင်းတုံမင်းသား သတိုးမင်းရဲမင်းခေါင်။ သီပေါမင်း လက်ထက်၊ ၁၂၄၀-နှစ် ထောင်မှာ လွန်သည်။

သက်ပန်းမိဖုရား သီရိသုပဘာဒေဝီမှာ သားတော် ရွှေဂူမင်းသား။ မြောက်သားတော် ဆင်ယဉ် မင်းသမီး။ သားတော်, သမီးတော်များပါ သီပေါမင်းလက်ထက် ၁၂၄၀-နှစ် ထောင်မှာ လွန်သည်။

ညီတော် မိုးလှိုင်မင်းသား သတိုးဗညားဘုန်းမှာ နောင်တော်နှင့်အတူ ထောင်မှာ လွန်သည်။

ညီတော် တောင်ညိုမင်းသား သတိုးမင်းလှမင်းခေါင်မှာ နောင်တော် ၂-ပါးနှင့်အတူ ထောင်မှာ လွန်သည်။

မိုးနဲမိဖုရားမှာ မိုးနဲစော်ဘွားသမီး။ သမီးတော်-၁၊ ငယ်ကလွန်။

လက်ပံစဥ့်မိဖုရားမှာ သမီးတော် ယင်းတော်မင်းသမီး အင်္ဂလိပ်မင်းလက်ထက် ရှမ်းပြည်မြေလတ်မှာ ကံကုန်တော်မူသည်။ ညီမတော် ကသာမင်းသမီးလည်းကောင်း, မောင်တော် မြင်စိုင်းမင်းသားလည်းကောင်း ရှမ်းပြည်မြေလတ်မှာပင် ကံကုန်တော်မူသည်။

ဆယ်ရွာမိဖုရားမှာ သမီးတော် ကျောက်ရစ်မင်းသမီး၊

ကုက္ကိုလှမိဖုရားမှာ သားတော် ကသာမင်းသား သတိုးမင်းဖျား။ ၁၂၄၀-ခု၊ သီပေါမင်းလက်ထက် ထောင်မှာ လွန်သည်။

လှိုင်ကျွန်းမိဖုရားမှာ သားတော် ငယ်ကလွန်။ နှမတော် တောင်တွင်းချောင်မင်းသမီး၊ ညီမတော် ဟင်္ဂမော် မင်းသမီး။

သနစစ်မိဖုရားမှာ ၁၂၆၆-ခု၊ ရန်ကုန်မြို့မှာ ကံတော်ကုန်သည်။ သားတော်-၁၊ ညီတော်-၁၊ ငယ်ကလွန်။ ညီတော် ကောလင်းမင်းသား။

တမာပင် မိဖုရားမှာ သမီးတော် ကွပ်ရွာမင်းသမီး။ ကျပင်းမင်းသားနှင့် စုံဖက်တော်မူသည်။

ပြုကန်မိဖုရားမှာ သမီးတော် စောလှမင်းသမီး။ မောင်တော် ခေါသန္တိမင်းသား၊ ငယ်ကလွန်။ နှမတော် ယင်းခဲမင်းသမီး။

တောင်ပြုံးမိဖုရားမှာ သားတော် ငယ်ကလွန်။

မန်ကျည်းပင်စောက်မိဖုရားမှာ သမီးတော် မိုင်းညောင်မင်းသမီး။

ထီးလှိုင်မိဖုရားမှာ လောင်းရှည်ဝန်ကြီး သမီး။ သားတော် သာဂရမင်းသား။ ၁၂၄၀-နှစ်၊ သီပေါမင်းလက်ထက် ထောင်မှာ လွန်သည်။

သရစိမ်းမိဖုရား သီရိသုနန္ဒာမဟေမှာ ရန်ကုန်မြို့မှာ စံတော်မူသည်။ သမီးတော် နောင်မွန်မင်းသမီး 'သီရိသုမင်္ဂလာဝတီ'၊ မောင်တော် ငရနဲမင်းသား၊ ငယ်ကလွန်။ နှမတော် တိုင်ထားမင်းသမီး 'သုသီရိစန္ဒာဝတီ'၊ ညီမတော် မိုင်းလုံးမင်းသမီး 'သုသီရိကေသာဝတီ'။

လဲချားမိဖုရားမှာ လဲချားစော်ဘွား သမီး။ သမီးတော်-၁, မောင်တော်-၁၊ ငယ်ကလွန်။ ညီတော်-၁၊ မယ်တော်နှင့်အတူ ရှမ်းပြည်သို့ ထွက်သွားသည်။

ထနောင်းတိုင်မိဖုရား သီရိသုပဘာမဟေမှာ သမီးတော် ငယ်ကလွန်။

ငါးပင်စဉ်မိဖုရားမှာ သမီးတော် ငယ်ကလွန်။

ငါးစွန်မိဖုရားမှာ သမီးတော် လမိုင်းမင်းသမီး၊ ညီမတော် မြို့လှမင်းသမီး၊ ငယ်က လွန်။ ညီမတော် ထရံကာမင်းသမီး။

ရွာပုလဲမိဖုရားမှာ သားတော် ထီးလင်းမင်းသား သတိုးမင်းရဲကျော်သူ၊ ၁၂၃၇-နှစ် ကံတော် ကုန်သည်။

ကျောက်တစ်လုံးမိဖုရားမှာ သမီးတော် ညောင်လှမင်းသမီး။

မယ်ထားအိုမှာ သမီးတော် ငယ်က လွန်။

ကြေးမြင်မိဖုရားမှာ ရေနံချောင်းဝန်ကြီးမင်းသမီး။ သားတော် ပျဉ်းမနားမင်းသား။

ဆင်တဲမိဖုရားမှာ သားတော် ငယ်က လွန်။

ရွာသစ်မိဖုရားမှာ သားတော် ငယ်က လွန်။

မိကျောင်းတက်မိဖုရားမှာ သားတော် ငယ်က လွန်။

ကျောက်ရဲမိဖုရား, မြင်စဉ်မိဖုရား, ဘလဲ့ပမိဖုရား။

ပဉ္စမသင်္ဂါယနာတင်မင်းတရားကြီးတွင် ထင်ရှားသော မိဖုရားပေါင်း-၄၅၊ သားတော်ပေါင်း-၅၅၊ သမီးတော်ပေါင်း-၅၃၊ ၂-စု သားတော်, သမီးတော်-၁၀၈။

ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးနှင့် မိဖုရား, သားတော်, သမီးတော်တို့ အကြောင်းတော်ချုပ် ပြီး၏။

* * * * * *

## [ ၁၉ ] အိမ်ရှေ့မင်းကြီး, ။လ။ အကြောင်း

ညီတော် မဟာဥပရာဇာ အိမ်ရှေ့မင်းကြီးကား ရွှေဘိုမင်းတရားကြီး တောင်ဆောင်တော် မိဖုရားတွင် မြင်တော်မူသော သားတော်လတ်။ ပဥ္စမသင်္ဂါယနာတင်မင်းတရားကြီး ညီတော်ရင်း။ ၁၁၈၁-ခု၊ တော်သလင်းလပြည့်ကျော်၊ ၂-ရက်၊ ၁-နေ့၊ ည ၁-ချက်တီးကျော်၊ ပြိဿတွင် လဂ်၊ မေထုန်တွင်-၃၊ ကရကဋ်တွင်-၆၊ သိဟ်တွင်-၁-၄၊ မကာရတွင်-၅၊ ကုံတွင် စနေ၊ မိန်တွင်-၂ မိဿတွင်-၈ ကြိုက်လျက် စဉ်နက္ခတ် ၂၅-လုံး၊ ၂-ပါဒ်၊ ၃-ဗိဇနာအခါဖွား၊ ခမည်းတော်, နောင်တော် ပုဂံမင်းတရားကြီးများလက်ထက် သာယာဝတီမြို့, ကနောင်မြို့များကို ကံကျွေးခံရသည်။

နောင်တော် ပဥ္စမသင်္ဂါယနာတင်မင်းတရားကြီးလက်ထက် သက်တော် ၃၃-နှစ်၊ ၁၂၁၄-ခုနှစ်၊ ခမည်းတော့် အနောက်နန်းတော်တွင်မြင်သည့် သမီးတော် လှိုင်မင်းသမီး 'သီရိသုမြတ်စွာရတနာဒေဝီ'နှင့် ရေသွန်းလက်ထပ်တော်မူပြီးလျှင် 'သီရိပဝရမဟာသုဓမ္မရာဇာ'ဘွဲ့ပေးတော်မူ၍ အိမ်ရှေ့နှင်းတော်မူသည်။ ၁၂၂၈-ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော်၊ ၇-ရက်နေ့ အရေးတွင် နန်းမြေဘုံသာစံနန်းတော်အတွင်း လွှတ်တော်အနီး တဲကြီးမှာ နတ်ရွာစံတော်မူသည်။

အိမ်ရှေ့မိဖုရား သီရိသုမြတ်စွာရတနာဒေဝီမှာ သားတော် ထန်းတပင်မင်းသား။ ၁၂၄၀-ခု၊ သီပေါမင်းလက်ထက် ထောင်မှာ လွန်သည်။ ညီတော်-၁၊ ငယ်ကလွန်။

မြောက်ဆောင်ရှင်ကျေးတွင် မြင်သည့် သားတော်ပန်းထိမ်မင်းသား 'မဟာသီရိဓမ္မရာဇာ' မြောက်သားတော်ကား ဘကြီးတော် မင်းတုန်းမင်းတရားကြီး သမီးတော် ကန္နီမင်းသမီး၊ ၁၂၂၈-ခုနှစ် ပုန်ကန်သောကြောင့် ရေမှာ ဖျောက်သည်။

နှမတော် တောင်ညှိမင်းသမီး 'သီရိဘဒ္ဒါဝတီ'မှာ ဘကြီးတော့်သားတော် မြင်ကွန်းမင်းသားနှင့် စုံဖက်တော်မူသည်။

ညီမတော် ရန်အောင်မြင်မင်းသမီး 'သီရိစိတ္တာဝတီ'မှာ ဘကြီးတော့်သားတော် သုံးဆယ်မင်းသားနှင့် စုံဖက်တော်မူသည်။ ညီမတော် စပယ်နဂိုရ်မင်းသမီး၊ မောင်တော် တိုင်ထားမင်းသား။

ကိုယ်လုပ်တော် ရှင်ဘော့တွင် မြင်သည့်သမီးတော် ဆားလင်းကြီးမင်းသမီး 'သီရိအာသာဝတီ'၊ ဘကြီးတော်မင်းတရားကြီးသားတော် မလွန်မင်းသားနှင့် စုံဖက်တော်မူသည်။ မောင်တော်-၁, ညီတော်-၁၊ ငယ်ကလွန်။

ကိုယ်လုပ်တော် ရှင်စာတွင် မြင်သည့်သမီးတော် ဇလာဇေယျသိန်မြို့စား 'သီရိမလ္လာဝတီ'၊ ညီမတော်၊ ငယ်က လွန်။

ကိုယ်လုပ်တော် ရှင်ဘူးမှာ ဇရွှံအတွင်းဝန် သမီး၊ ၎င်းတွင် မြင်သည့်သားတော် မောင်မြင့်။

ညီတော် မောင်စစ်အောင်မှာ အောက်မြို့ပါ။ နှမတော် မယ်ဆွေစစ်။ မောင်တော်-၁, နှမတော်-၁၊ ငယ်ကလွန်။

ဇရွှံအတွင်းဝန်သမီး ကိုယ်လုပ်တော် ရှင်ပုတွင် မြင်သည့် သားတော် မောင်စစ်နိုင်၊ အောက်မြို့ပါ။ ညီတော်-၁၊ ငယ်ကလွန်။

ကိုယ်လုပ်တော် ရှင်သိုက်တွင် မြင်သည့် သားတော် မောင်ဖြူ၊ နှမတော် မယ်ဆွေကြွေ၊ မောင်တော် မောင်လျှောက်ကြီး။

ကိုယ်လုပ်တော် ရှင်ညွာတွင် မြင်သည့် သားတော်-၁၊ ငယ်ကလွန်။ ညီတော် ကြေးမြင်မင်းသား မောင်သက်။ နှမတော် မယ်ဆွေကြည်၊ ရနောင်မင်းသမီး။ ညီမတော်-၁၊ ငယ်ကလွန်။

ကိုယ်လုပ်တော် ရှင်အိတွင် မြင်သည့် သားတော်-၁၊ ညီတော်-၁၊ ညီတော်-၁၊ နှမတော်-၁၊ ညီမတော်-၁၊ ငယ်ကလွန်။ မောင်တော် မောင်ဘုန်းရဟန်းတော်၊ ၁၂၄၀-နှစ်၊ သီပေါမင်းလက်ထက် ထောင်မှာ လွန်သည်။

ကိုယ်လုပ်တော် ရှင်မှန်တွင် မြင်သည့် သားတော်-၁၊ ငယ်ကလွန်။

ကွပ်ရှာဝန်ကြီးသမီး ကိုယ်လုပ်တော် ရှင်ဖွားတွင် မြင်သည့် သမီးတော် မယ်ဆွေချစ်။

မြို့ဝန်,လမိုင်းဝန် မောင်စိုသမီး ကိုယ်လုပ်တော် ရှင်ကာတွင် မြင်သည့်သားတော် မောင်မှတ်ကြီး။ အင်္ဂလိပ်မင်းလက်ထက် မြောက်ဘက်သို့ ထွက်သွားရာ လွန်သည်။ ညီတော်-၁၊ ငယ်က လွန်။

ကိုယ်လုပ်တော် ရှင်အစ်တွင် မြင်သည့်သားတော် ကျွန်းညိုခေါ် မောင်မြကျိုင်း။ ၁၂၄၇-ခုနှစ်၊ စစ်ကိုင်းမှာ လွန်သည်။ ညီတော်-၁၊ ငယ်က လွန်။ နှမတော် မယ်ဆွေသက်။

တိမ်ကြားမင်းခေါင်သမီး ကိုယ်လုပ်တော် ရှင်လေးတွင် မြင်သည့် သားတော် မောင်တုတ်၊ နှမတော် မယ်ဆွေအုံ၊ ပခုက္ကူမင်းသမီး။

ကိုယ်လုပ်တော် ရှင်လေးတွင် မြင်သည့် သမီးတော် မယ်ဆွေမြင့်။

ငင်းရှင်မြို့တွင် မြင်သည့် သမီးတော် မယ်အို၊ မြစ်ခြေမင်းသမီး။

ငင်းရှင်ဥတွင် မြင်သည့် သမီးတော် မယ်ဆွေလှ, ညီမတော် မယ်ဆွေထွတ်။

ငင်းရှင်ခါတွင် မြင်သည့် သမီးတော် မယ်ဆွေအုံ။

ငင်းရှင်ငွေတွင် မြင်သည့် သားတော် မောင်ဆွေစစ်။

ငင်းရှင်ကောက်တွင် မြင်သည့် သမီးတော် ငယ်ကလွန်။ မောင်တော် မောင်နေထွန်း၊ နှမတော် မယ်ဆွေတင့်။

ငင်းရှင်ဘဲတွင် မြင်သည့် သမီးတော် မယ်ဆွေစုံ။

ငင်းရှင်ပုတွင် မြင်သည့် သမီးတော် မယ်ဆွေရှင်။

ငင်းရှင်ဘူးတွင် မြင်သည့် သမီးတော် မယ်ဆွေတုတ်။

ငင်းရှင်ဘွားတွင် မြင်သည့် သမီးတော်၊ ညီမတော်-၂၊ ငယ်ကလွန်။ ညီမတော် မယ်ဆွေကောင်း ညီမတော် ငယ်ကလွန်။ ညီမတော် မယ်ဆွေခင်။

ငင်းရှင်ပိုတွင် မြင်သည့် သမီးတော် မယ်ဆွေညွန့်။

ငင်းရှင်အေးတွင် မြင်သည့် သမီးတော် မယ်ဆွေဟော့။

ငင်းရှင်ဘော့တွင် မြင်သည့် သားတော် မောင်ဆွေမြစ်။

စစ်ကိုင်းမြို့ဝန်သမီး ကိုယ်လုပ်တော် ရှင်ချိန်တွင် မြင်သည့် သားတော် မောင်ဆွေသိမ့်။ အစိုးရမင်းလက်ထက် ထွက်သွားရာ လွန်သည်။ နှမတော်-၁၊ ငယ်ကလွန်။

ကလေးစော်ဘွားသမီး အင်္ဂပူမြို့စား ရှင်လေးတွင် မြင်သည့် သားတော်-၁၊ ငယ်က လွန်။ ညီတော် မောင်ဆွေမြတ်။

ကိုယ်လုပ်တော် ရှင်ထယ်တွင် မြင်သည့် သမီးတော် မယ်ဆွေအေး။

ငင်းထန်းတပင်မြို့အုပ်သမီး ရှင်လေးတွင် မြင်သည့် သားတော် ငယ်ကလွန်။

ငင်းရှင်မြင့်တွင် မြင်သည့် သမီးတော် ငယ်ကလွန်။ ညီမတော် မယ်ဖွားစော၊ ညီမတော် မယ်ဆွေအုံ၊ မောင်တော် မောင်ဆွေဝန်း၊ ညီတော် မောင်ဆွေဟန်၊ ညီတော် မောင်ဆွေငြိမ့်။

ငင်းရှင်ပွင့်တွင် မြင်သည့် သမီးတော် မယ်ဆွေစိုး။

ငင်းရှင်ယဉ်ကြီးတွင် မြင်သည့် သမီးတော် မယ်ဆွေနှစ်၊ ညီမတော် ငယ်ကလွန်။

ငင်းရှင်ယဉ်ကလေးတွင် မြင်သည့် သမီးတော် မယ်ဘွားရှင်။
ငင်းရှင်ရိပ်တွင် မြင်သည့် သားတော် မောင်ဆွေမြ။
ငင်းရှင်တွေးကြီးတွင် မြင်သည့် သားတော် မောင်ဘိုးရှင်။
ငင်းရှင်မေတွင် မြင်သည့် သမီးတော် မယ်ဆွေတူ၊ ညီမတော် မယ်ဆွေကြွား။
ငင်းရှင်ကူးတွင် မြင်သည့် သမီးတော် မယ်ဆွေသန့်။
ငင်းရှင်ရှမ်းတွင် မြင်သည့် သမီးတော် မယ်ဆွေအေး။
ငင်းရှင်စာတွင် မြင်သည့် သမီးတော် မယ်ဦးစွန်း။
ငင်းရှင်စောတွင် မြင်သည့် သားတော် ငယ်ကလွန်၊ နှမတော် မယ်ဆွေဝ။
ငင်းရှင်သဲတွင် မြင်သည့် သားတော် မောင်စိုး။
ငင်းရှင်ခိုတွင် မြင်သည့် သားတော် ငယ်ကလွန်။
ငင်းရှင်ရွှေမိတွင် မြင်သည့် သားတော်-၁၊ ညီတော်-၁၊ ငယ်ကလွန်။
ငင်းရှင်ရစ်တွင် မြင်သည့် သားတော် ငယ်ကလွန်။
ငင်းရှင်ရွှေမတွင် မြင်သည့် သားတော် ငယ်ကလွန်။
ငင်းရှင်ရွှေမြစ်တွင် မြင်သည့် သားတော် ငယ်ကလွန်။
ငင်းရှင်ကြင်ပွင့်တွင် မြင်သည့် သားတော် ငယ်ကလွန်။
ငင်းရှင်ယုံတွင် မြင်သည့် သားတော်-၁၊ ညီတော်-၁၊ ငယ်ကလွန်။
ငင်းရှင်မင်းယဉ်တွင် မြင်သည့် သားတော် ငယ်ကလွန်။
ငင်းရှင်ရွှေမယ်တွင် မြင်သည့် သမီးတော် ငယ်ကလွန်။
ငင်းရှင်ခတွင် မြင်သည့် သားတော် ငယ်ကလွန်။

ထို့ပြင် သားတော်, သမီးတော်မမြင်သော ကိုယ်လုပ်တော်အများ။

ညီတော် အိမ်ရှေ့မင်းကြီးတွင် အိမ်ရှေ့မိဖုရားနှင့် ထင်ရှားသော ကိုယ်လုပ်တော် ပေါင်း-၅၃၊ သားတော်-၅၃၊ သမီးတော်-၄၉၊ သားတော်, သမီးတော် ၂-စု ၁၀၂-ပါး။

အိမ်ရှေ့မင်းကြီး, မိဖုရား, ကိုယ်လုပ်တော်, သားတော်, သမီးတော်တို့
အကြောင်းတော်ချုပ် ပြီး၏။

* * * * * *

## [ ၂၀ ] သီပေါမင်းမြတ်နှင့် မိဖုရား, သားတော်, သမီးတော်တို့ အကြောင်း *(၁၁)*

ထိုမင်းမြတ်ကား ပဥ္စမသင်္ဂါယနာတင်မင်းတရားကြီး လောင်းရှည်မိဖုရား သီရိမဟာမင်္ဂလာ-သုပဘာဒေဝီတွင် ၁၂၂၀-ပြည့်နှစ်၊ နတ်တော်လပြည့်ကျော်၊ ၁၂-ရက်၊ စနေနေ့၊ နံနက် ၄-ချက်တီးကျော်၊ ၅၉-ဖဝါး၊ ပြိဿတွင်-၅၊ ကရကင့်တွင် စနေ၊ ဗြိစ္ဆာတွင် ၂-၆၊ ဓနုတွင် ၁-၄-လ၊ ကုံတွင် ၃-၈-ကြိုက်လျက် စဉ် ၁၆-လုံး, ၃-ပါဒ်, ၆-ဗိဇနာအခါ မြင်တော်မူသော သားတော်။ မန္တလေးရတနာပုံ ဒုတိယနန်းစံ သီပေါမင်းမြတ်။

မိဖုရားခေါင်ကြီးကား ၁၂၂၁-ခု၊ နတ်တော်လပြည့်ကျော်၊ ၄-ရက်၊ ၃-နေ့၊ ညဥ့် ၂-ချက်တီး၊ အဿဝဏီနက္ခတ် မွန်းတည့်အခါ ပဥ္စမသင်္ဂါယနာတင်မင်းတရားကြီး အလယ်နန်း မိဖုရားကြီးတွင် မြင်တော်မူသော သမီးတော်။ သားတော် ကျောက်ရောဂါနှင့် ငယ်က လွန်။ ၁၂၇၇-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်၊ ၈-ရက်နေ့၊ ခမည်းတော်, မယ်တော် အသျှင် ၂-ပါးနှင့်အတူ သူရိယသဘော်ထက် သက်ဆင်းတော်မူသည်။

ညီမတော်မှာ ယင်းအခါ မိဖုရားခေါင်ကြီးတွင် သန္ဓေတော်ပါ၍ နောက်မှ မြင်တော်မူသည်။

သီပေါမင်းမြတ်နှင့် မိဖုရား, သားတော်, သမီးတော်တို့ အကြောင်းတော်ချုပ် ပြီး၏။

* * * * * *

## မှာတမ်းနှင့် စာပြီးနိဂုံး

ဤမြန်မာမဟာမင်္ဂလာမင်းခမ်းတော်စာတွင် ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီး မြေးတော်စာရင်း, ညီတော်အိမ်ရှေ့မင်းကြီး မြေးတော်စာရင်းများကို မထည့်မသွင်းလိုက် သေးသည်မှာ သချာအရေအတွက် များပြားသည် တစ်ကြောင်း၊

ဤမင်းခမ်းတော်စာကို ပညာဖြင့် ကောင်းစွာ ဆင်ခြင်ကြည့်ရှုတော်မူကြသော မိတ်ဆွေအပေါင်းတို့က မင်းခမ်းတော်စုံ ကျယ်ကျယ်ဝင်းဝင်း ခင်းကျင်းဖော်ပြလျက် ဒုတိယပုံနှိပ်လုပ်ဆောင်ရန် တောင်းပန်အားပေးခြင်းကို မြော်တင်းသည် တစ်ကြောင်းများ ကြောင့် ချန်ထားလိုက်ပါသေးကြောင်း။

ဤမြန်မာမဟာမင်္ဂလာမင်းခမ်းတော်စာသည် ရာဇဝင်, နေ့စဉ်မှတ်သော စာတမ်း အမှတ်အသား၊ ကျောက်စာ,သံပိုင်း၊ ချောင်း,မော်ကွန်း၊ စာရင်းကျယ်, စာရင်းချုပ်များနှင့်အညီ ရာဇတန္တိ ပဝေဏီထုံးတံထွာကို ပညာရှိတို့ စုဆောင်းမှတ်သားထားခဲ့သည့်အတိုင်း ရဟန်း တော်ပညာရှိ မှူးတော်, မတ်တော်ပညာရှိတို့နှင့် နှိုင်းညှိစိစစ်၍ မှတ်စု, မှတ်ဆစ် အကျဉ်းရုံး ချဉ်း၍ နည်းလမ်းတမျဉ်းမျှ ကောက်နုတ်ဖော်ပြအပ်သော စာတမ်းဖြစ်ပါသည်။ သို့အရာတွင် အမည်သညာ အမှား,အမှန် မထုတ်ပြလောက်။ အထောက်အကြောင်း အမည်သညာ အရေအတွက် သချာစုံးစဉ်းပါရှိသောအရာ တွေ့ရှိတော်မူကြပါလျှင် ပြင်ဆင်တော်မူကြပါ မည့်အကြောင်း။

မန္တလေးမြို့ မန္တလေးတိုင်း သတင်းစာပုံနှိပ်တိုက်၌ ခေတ်သမယအလိုက် အထိုက် လျော်စွာ သတင်းစာဆရာ အယ်ဒီတာအလုပ် လုပ်ကိုင်၍ အသက်မွေးရပါသော အကျွန်ုပ် စာရေးတော်ကြီး ဦးရာကျော်သည် ဗုဒ္ဓသာသနာတော်ဝင် လူ,ရှင်အပေါင်း ကောင်းစွာ လိုက်နာ အစဉ်အလာထုံးစံ မပျက်၊ စီမံပြုကျင့်ဆောင်ရွက်သဖြင့် မျက်မှောက်, တမလွန် အကျိုး ၂-ပါး၊ တိုးတက်ပွါးများကြစေခြင်းငှာ ကလျာဏမိတ်ဆွေအပေါင်း တောင်းပန် တိုက်တွန်းခြင်း ဥယျောဇဉ်ကို အကြောင်းပြု၍ မိမိဉာဏ် ထောက်ရှုသိမှီ သက်ဝင်ပါသမျှ အကျဉ်းသခေ်ပ စီစဉ်ထုတ်နုတ်၍ ပြအပ်သော ဤမြန်မာမဟာမင်္ဂလာမင်းခမ်းတော်စာ သည် ကောဇာသက္ကရာဇ် ၁၂၆၆-ခုနှစ်၊ တပေါင်းလပြည့်နေ့၊ နေ့ ၁-ချက်တီးကျော် ၃- မောင်း၊ လ-ဦး, နေ့-ဦး၊ ထူးမြတ်သော အချိန်ကောင်းမင်္ဂလာအခါတွင် နိဂုံးကံပတ်တင် အောင်မြင်ပြီးစီးခြင်းသို့ ရောက်သတည်း။

* * * * * *

(၃) မင်းကွန်း

# မြသိန်းတန်စေတီ

# ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနား

[ မြန်မာ-၁၁၆၄၊ ခရစ်-၁၈၀၂ ]

ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးနှင့်
မင်းကွန်းဘုရားများသမိုင်း (လယ်တီဦးလှပိုင်)
ကျမ်းများမှ ကူးယူဖော်ပြသည်။

၁၃၇၂ ၂၀၁၀

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| [ ၁ ] | မင်းကွန်းပုထိုးတော်ကြီးဘုရားဒါယကာ | ၃၄၇ |
| [ ၂ ] | မင်းကွန်း-ဟူသည် | ၃၄၉ |
| [ ၃ ] | ရှင်ဖြူမယ် (မြသိန်းတန်)စေတီ | ၃၅၁ |
| [ ၄ ] | မြသိန်းတန်စေတီ ကုန်ကျငွေစာရင်း | ၃၅၃ |
| [ ၅ ] | ဌာပနာပစ္စည်းများ ပင့်ဆောင်ခဏ်း | ၃၅၄ |
| [ ၆ ] | ထီးအထွတ်တင် စက်ရထားအစီအရင် | ၃၅၅ |
| [ ၇ ] | အလှူဝတ်များ | ၃၅၆ |
| [ ၈ ] | မင်းခမ်းသဘင် | ၃၅၆ |
| [ ၉ ] | ဆင်ဖြူမယ်ဘုရား ဌာပနာခဏ်း | ၃၅၈ |
| [ ၁၀ ] | မဟာဗောဓိပင် ပင့်ဆောင်ခဏ်း | ၃၆၃ |
| [ ၁၁ ] | မဟာဗောဓိပင်စခန်း | ၃၆၅ |
| [ ၁၂ ] | စတုတ္ထမြောက် ဗောဓိပင်တော် | ၃၆၅ |
| [ ၁၃ ] | ခက်လက်ငယ်များ | ၃၆၆ |
| [ ၁၄ ] | ဗောဓိပင်ရုပ်ပွါးနှင့် အောင်မြေ | ၃၆၈ |
| [ ၁၅ ] | ဒေဝနာဂရီ-လောကီစာပေများ | ၃၆၉ |

----- x -----

## ရှင်ဖြူမယ် (မြသိန်းတန်) ခေတ်

# ရွှေထီးတော်တင်မဟာမင်္ဂလာအခမ်းအနား

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### [ ၁ ] မင်းကွန်းပုထိုးတော်ကြီးဘုရားဒါယကာ

သမ္မတ,နှုန်းဆောင်၊ ဘုန်းတော်ရောင်ဖြင့်၊ ကုန်းဘောင်နွယ်မြင့်၊ ပြောင်ပြောင်တင့်သား၊ ခြောက်ဆင့် ရောင်ဝါ၊ အံ့သုမာလျှင်၊ ထောင်ရာ ဇေကာ၊ တေစတ္တာလီ(၁၁၄၃)၊ ကောဇာညီဝယ်၊ တန္တိမမ္မ၊ ရာဇပြကတေ့၊ မရွေ့မတိမ်း၊ ချမ်းငြိမ်းသာယာ၊ သတ္တဝါကို၊ ကရုဏာစစ်၊ သားနှယ်ချစ်တည့်။ -

ကုန်းဘောင်မင်း ၁၁-ဆက်တွင် ၅-ဆက်မြောက် အမရပူရမြို့တော်ကို စတည်တော်မူသော ဤမြသိန်းတန်ဘုရားဒါယကာ, ဘုရားအမတို့၏အဖိုး၊ ဘိုးတော်ဘုရား ဗဒုံမင်းတရားသည် သက္ကရာဇ် (တစ်ထောင်တစ်ရာ့ခြောက်ခု) ၁၁၀၆-ခုနှစ်၊ တန်ခူးလပြည့်ကျော်၊ ၆-ရက်၊ တနင်္လာနေ့၊ ညဉ့် ၃-ချက်တီးကျော် မိဿတွင် ရာဟု, သိဟ်တွင် အင်္ဂါ, တူတွင် ကြာသပတေး, ဗြိစ္ဆာတွင် စန်း, ကုမ်တွင် လဂ်နှင့် ဗုဒ္ဓဟူး, မိန်တွင် တနင်္ဂနွေ, သောကြာ၊ နက္ခတ် ၁၆-လုံး၊ ၂-ပါဒ်၊ ၇-ဗီဇနာတွင် ဖွားမြင်တော်မူခဲ့သည်။

သက်တော် ၃၇-နှစ်၊ သက္ကရာဇ် ၁၁၄၃-ခုနှစ်၊ တပို့တွဲလပြည့်ကျော်၊ ၁၄-ရက်၊ တနင်္လာနေ့တွင် ရတနာပူရ အင်းဝရွှေနန်းကို သိမ်းမြန်းစိုးစံတော်မူ၍ မင်းပြုတော်မူသည်။

နောက်သက္ကရာဇ် ၁၁၄၄-ခုနှစ်၊ တပို့တွဲလဆန်း၊ ၁၂-ရက်၊ အင်္ဂါနေ့ ရန်အပေါင်းကို အောင်မြင်ရာ ထီးပေါင်းခ-အရပ်၌ ဗျာဒိတ်စာတတ်သိုက်အရ "အမရပူရ မင်းနေပြည်တော်"ကို တည်ထောင်ဖန်ဆင်းတော်မူသည်။ အင်းဝနေပြည်တော်မှ အမရပူရနန်းတော်သစ်သို့ သက္ကရာဇ် ၁၁၄၆-ခုနှစ်တွင် ပြောင်းရွှေ့စံတော်မူသည်။

ဘိုးတော်ဘုရားသည် အလွန်ချစ်မြတ်နိုးလှတော်မူသော မြေးတော်များ၏ ကုသိုလ်တော်ကို ကူညီစောင့်ရှောက်သည့်အတိုင်း ဤရှင်ဖြူမယ်ခေါ် မြသိန်းတန်စေတီကြီး အပြီးသို့ ရောက်လတ်သော် ထီးအထွတ်တင်ခြင်း အခမ်းအနားကို ပြုလုပ်တော်မူစေသည်။ ဘိုးတော်ဘုရား ငယ်ရွယ်တော်မူစဉ်က ဝတ်ဆင်ခဲ့သော ပတ္တမြားနားဒောင်း, လက်ကောက်, သင်းကျစ်, ဥသျှောင်တော်များကိုလည်း ရွှေပုစွန်ခတ်၍ ထီးတော်ကို မွမ်းမံတော်မူသည်။ ဤသို့ စီရင်ပြီးနောက် ဘုရားရင်ပြင်ကသည် ဧရာဝတီကမ်းနဖူးအထိ လမ်းမကြီးပြုလုပ်၍ ကြီးကျယ်သော အဆောက်အဦးနန်းတော်များ တည်ဆောက်လေသည်။

နန်းတော်ဦးတွင် အတွင်းအဝန်း ၉၉-တောင်, အပြင်အဝန်း ၁၄၁-တောင်ရှိ ပိတ်တို့ဖြင့်ပြီးသော တပင်တိုင်မဏ္ဍပ်တော်ကိုလည်း စီရင်တော်မူစေသည်။

စောင်းတန်း လက်ဝဲဘက်တွင် မြေးတော် စစ်ကိုင်းမင်းနှင့် မြေးတော် ဆင်ဖြူရှင်မယ်တို့ စံတော်မူကြရန် သဘင်နန်းတော်ကိုလည်း တောင်သို့ ဦးတိုက်လျက် ဆောက်လုပ်ရလေသည်။

တဲတော်နန်း၏ လက်ယာဘက်တွင် အတွင်းအဝန်း ၈၄-တောင်, အပြင် ၁၀-တောင်ရှိ ပွဲခံမဏ္ဍပ်ကိုလည်း ဆောက်လုပ်စေသည်။ ဘုရားရင်ပြင်တော် အရှေ့ဘက်စောင်းတန်းဦးတွင် ပိတ်တို့ဖြင့်ပြီးသော ကြာယပ်, ထုပိကာ, ရွှေထီးလယ်ပေါ်ဆောင်တို့ဖြင့် ရံအပ်သော တောင်, မြောက် ၅၉-တောင်၊ အရှေ့, အနောက် ၅၆-တောင်ရှိ ရေစက်ချတန်ဆောင်း မဏ္ဍပ်ကြီး, ရင်ပြင်တော်၏ အရှေ့မြောက်၌ ရွှေဖျင်,ငွေဖျင်တို့ဖြင့်ပြီးသော မျက်နှာကြက် ကြာယပ်နှင့် ၃-ထပ်တန်ဆောင်းကြီးတွင် ထီးအထွတ်တော်ကို ထားတော်မူ၏။

* * * * * *

# [ ၂ ] မင်းကွန်း-ဟူသည်

မင်းကွန်း-ဟူသော ဝေါဟာရကို ဘိုးတော်ဦးဝိုင်းခေါ် ဗဒုံမင်းတရားလက်ထက်မှ ခေါ်တွင်ခဲ့ခြင်း ဖြစ်လေသည်။ ဘိုးတော်ခေတ် မတိုင်မီက မင်းရွာ-ဟု အမည်ရှိလေသည်။ မင်းရွာအမည်သည်လည်း မူလကနဦးအမည် မဟုတ်ပါချေ။ ပဝေဏီက အမည်ဟောင်းမှာ "*မင်းကောင်"ဖြစ်၏။ အင်းဝခေတ်၊ မင်းခေါင်ကြီးလက်ထက်တွင် မင်းခေါင်-ဟူသော မင်း၏အမည်နှင့် တူသကဲ့သို့ ရှိနေ၍ မင်းကောင်မှ မင်းရွာ-ဟု အမည်ပြောင်း သမုတ်ခဲ့လေသည်။ မင်းကောင်မှ မင်းရွာ၊ ထိုမှ "*မင်းကွန်း"ဟူ၍ အမည်အသီးသီး ရွေ့ပြောင်းလျက် ခေါ်လာရသော ရွာပင် ဖြစ်လေသည်။

မင်းကွန်းရွာသည် မန္တလေး၏ မြောက်ဘက် ၇-မိုင်ခန့် ဝေးကွာ၍ ကူးတို့ မော်တော်ဖြင့်ဖြစ်စေ၊ သင်္ဘော,သမ္ဗန်ကလေးများဖြင့်ဖြစ်စေ ဧရာဝတီမြစ်ကြီးကို ဖြတ်ကျော်၍ ရှေးအခါက သွားရလေသည်။ ယခုမူ စစ်ကိုင်းမှတဆင့် ကားဖြင့် သွားနိုင်ပေပြီ။

မင်းကွန်း၌ အကြီးဆုံးသော ပုထိုးတော်ကြီး, အလွန်ကြီးမားသော ခေါင်းလောင်းကြီးနှင့် အုဋ္ဌခြင်္သေ့ကြီးများကို ဖူးတွေ့နိုင်ကြရပေသည်။

အကြီးမားဆုံးသော အရာဝတ္ထုများကို ဖူးတွေ့ကြရခြင်းအားဖြင့် ဗုဒ္ဓသာသနာကို ချီးမြှောက်ကြရာ၌ ရှေးမင်းများ၏ အပြိုင်အဆိုင် စိတ်အားထက်သန်စွာ ပြုလုပ်တတ်သော အပြုအမူများကိုလည်း ဤမင်းကွန်းသို့ ရောက်လာကြသူတိုင်း အံ့သြစေနိုင်လေသည်။

လှေပေါ်မှ ဆင်း၍ ကမ်းစကို တက်မိသည်နှင့်တပြိုင်နက် ၁၅-ပေမျှ မြင့်သော ပုံတော်ဘုရားခေါ် ဘုရားဖြူဖြူငယ်ငယ်ကလေး ၁-ဆူကို ဖူးတွေ့ရမည်။ ၎င်းစေတီငယ်နှင့် တူအောင် မင်းကွန်းပုထိုးတော်ကြီးကို တည်လုပ်ရန် ပုံစံတော်ပြု၍ ရှေးဦးတည်လုပ်သော ဘုရားစေတီငယ်ဖြစ်သောကြောင့် "ပုံတော်ဘုရား"ဟူ၍လည်းကောင်း, "နှောင်တော်လေး ဘုရား"ဟူ၍လည်းကောင်း ခေါ်ဝေါ်ကြသည်။ ဤဘုရားငယ်မှာ ပါဒနက်သန်စေတီတော်၏ အရှေ့တောင်ဘက်အနီးတွင် ရှိလေသည်။

---

* 'မင်းကောင်ရွာ'ဟု တောင်ပေါ်ကြီး ပေစာတွင် ဖော်ပြသည်။

* 'မင်းကွန်း' မင်း-ဟူသည် ဘုရင်, မင်းညီ, မင်းသား-စသည်။ ကွန်း-ဟူသည် မင်းတို့ စံမြန်းရာ နန်းတော်, အိမ်တော်-စသဖြင့် မင်းနှင့်ဆိုင်ရာ, မင်းများ တည်းခိုရာ ယာယီနန်းတော်ရာ၊ မင်းတို့ ခေတ္တစံမြန်းတည်းခိုရာနေရာ အဆောက်အဦးကို မင်းကွန်း-ဟု အဓိပ္ပါယ်ထွက်လေသည်။ နတ်တို့ နေရာ နတ်စင်ကို နတ်ကွန်း, နတ်နန်း-ဟု ခေါ်သကဲ့သို့ ဖြစ်၏။ မင်းကွန်းတွင် ဘိုးတော်ဘုရား ယာယီတော်စံမြန်း ပျော်မွေ့ရာဌာနဖြစ်၍ မင်းကွန်း-ဟူ၍ ခေါ်ဝေါ်သမုတ်ခြင်းဖြစ်ဟန် ရှိလေသည်။

ယခုအတိုင်း ဖူးတွေ့ကြရာတွင် ဘုရားကြီး၏ ဖိနပ်တော်နှင့်တကွ အဆင့် ၅-ဆင့် ပါသော ပထမပစ္စယံသည် ပေ ၄၅၀-စတုရန်း ဖြစ်လေသည်။ ၅-ခုမြောက် အဆင့်မှ ပေ ၂၃၀-စတုရန်းရှိသော ဘုရားဉာဏ်တော်သည် အမြင့် ၁၆၂-ပေထိ တက်သွားသည်။

၁၁၆၂-ခုနှစ်၊ ပြာသိုလပြည့်ကျော်၊ ၂-ရက်နေ့ သားတော် မဟာဥပရာဇာကို ရွှေမြို့တော်မှာ အစောင့်အနေထားခဲ့ပြီးလျှင် ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးမှာ အရှင်မိဖုရားခေါင်ကြီး, မိဖုရား, သားတော်, မြေးတော်, ဆွေတော်, မျိုးတော်, မှူးတော်, မတ်တော် အပေါင်းတို့နှင့်အတူ မင်းကွန်းပုထိုးတော်ကြီး အရှေ့ဘက် အလယ်ကျွန်း (နန်းတော်ကျွန်း)၌ အဆောင်ဆောင်သော နန်းတော်ဝယ် စံတော်မူပြီးလျှင် ပုထိုးတော်ကြီးကို ကိုယ်တော်တိုင် စီရင်၍ တည်လုပ်စေသည်။

သက္ကရာဇ် ၁၁၆၃-ခု၊ တန်ခူးလဆန်း၊ ၁၅-ရက်၊ ကြာသပတေးနေ့၊ ၁-ချက်တီးကျော် (၆-နာရီ), ၁-ပါဒ်, ၅-ဗိဇနာ, ပြန့်,ခရာပြည့်တွင် မြေးတော်စစ်ကိုင်းမင်းက ပုထိုးတော်ကြီးမြောက် ဧရာဝတီမြစ်ကမ်းထိပ်တွင် အာလိန် ၅-ဆင့်နှင့်တကွ ဖိနပ်အချင်း ၂၁၄-တောင် ရှိသော ရှင်ဖြူဘုရားကို စ၍ တည်လုပ်တော်မူသည်။

သက္ကရာဇ် ၁၁၆၄-ခုနှစ်၊ တန်ခူးလဆန်း၊ ၁၄-ရက်နေ့၊ သံချိန် ပိဿာ တစ်သောင်း, တစ်ထောင်,သုံးရာ,ခြောက်ဆယ့်ရှစ်ပိဿာ (၁၁,၃၆၈)တို့ဖြင့် စီရင်သွန်းလုပ်တော်မူသည့် ဘုရားသခင် ရုပ်ထုတော်ကို "*စန္ဒာမုနိ"ဟု သမိုက်တော်မူပြီးလျှင် မင်းကွန်းအလယ်ကျွန်း စံနန်းတော်၏ အရှေ့မြောက်ယွန်း၌ တန်ဆောင်းရွှေပြာသာဒ်နှင့် ထား၍ ကိုးကွယ်တော်မူသည်။

သက္ကရာဇ် ၁၁၆၉-ခုနှစ်၊ မင်းကွန်းပုထိုးတော်ကြီး မြောက်တွင် မြေးတော်စစ်ကိုင်းမင်းက တည်လုပ်တော်မူသည့် "ရှင်ဖြူဘုရားရှင်" (ယခု မြသိန်းတန်) အလုပ်အဆောင် အလုံးစုံ ပြီးပြေသည်ကို အရညဝါသီပုဂ္ဂိုလ်, ဂါမဝါသီပုဂ္ဂိုလ်, အရိယာသံဃာတော်မြတ်တို့အား ပရိက္ခရာ ၈-ပါးနှင့်တကွ ရဟန်းတို့ အသုံးအဆောင်များစွာ လှူတော်မူပြီးလျှင် ရေစက်သွန်းချတော်မူ၍ သာဓုအနုမောဒနာ ပြုတော်မူသည်။ သဘင်ကြီးစွာလည်း ခံတော်မူသည်။

* * * * * *

---

* စန္ဒာမုနိဘုရားကို မင်းတုန်းမင်းလက်ထက်၊ မန္တလေးတောင်ခြေသို့ ပင့်ဆောင်သဖြင့် ယခု စန္ဒာမုနိဘုရားအတွင်းမှာ စံပယ်တော်မူသည်။

# [ ၃ ] ရှင်ဖြူမယ် (မြသိန်းတန်)စေတီ

ဤရှင်ဖြူမယ်စေတီသည် မင်းကွန်းပုထိုးတော်ကြီး၏ မြောက်ဘက်အနီးတွင် တည်ရှိတော်မူသည်။

ဘိုးတော်ဘုရားသည် မြေးတော်များက ပုထိုးတော်ကြီးအနီးတွင် စေတီ ၁-ဆူ တည်လိုသဖြင့် ခွင့်ပြုတော်မူချက်အရ ဤဆင်ဖြူ (သို့မဟုတ်) ရှင်ဖြူမယ် (သို့မဟုတ်) မြသိန်းတန်စေတီကို တည်ထားခဲ့ခြင်း ဖြစ်လေသည်။

၎င်းဘုရား ဒါယကာတို့မှာ မြေးတော်စစ်ကိုင်းမင်းကလေးနှင့် မြေးတော် ဆင်ဖြူရှင်မယ်တို့ ဖြစ်ကြလေသည်။

- စစ်ကိုင်းမင်းသည် ဘိုးတော်ဘုရား၏သားတော် အိမ်ရှေ့မဟာဥပရာဇာ၏ သားတော် ဖြစ်၍,
- ဆင်ဖြူရှင်မယ်မှာ ဘိုးတော်ဘုရား၏သားတော် ပြည်မင်းသား၏သမီးတော် ၁-ပါး ဖြစ်သည်။
- စစ်ကိုင်းမင်းနှင့် ဆင်ဖြူရှင်မယ်တို့မှာ အဖေညီအစ်ကိုအရင်းမှ သက်ဆင်းလာကြသော မောင်နှမတော်ဝမ်းကွဲ ဖြစ်သည်။

မြေးတော်မင်းသမီးမှာ သက္ကရာဇ် ၁၁၅၀-ပြည့်၊ ပြာသိုလဆန်း၊ ၁၁-ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားသန့်တော်မူခဲ့၍ ထိုနေ့မှာပင် ကလေးမြို့မှ ဆင်ဖြူတော်တစ်စီး ဆက်သလာသဖြင့် ချစ်မြတ်နိုးစွာ *ဆင်ဖြူမယ်ဘုရား-ဟု ခေါ်တွင်ခဲ့လေသည်။ ဘွဲ့တော်မှာ 'သီရိသုမာယာစန္ဒာဒေဝီ' ဖြစ်လေသည်။

ဤရှင်ဖြူရှင်မယ်ခေါ် မြသိန်းတန်စေတီ တည်မည့်နေရာတွင် ဘုရားအလောင်းတော် ဆဒ္ဒန်ဆင်မင်းဖြစ်စဉ်က ဆင်မင်းမောင်နှမတို့ ပျော်စံခဲ့ဖူးရာဖြစ်၍ ဆင်ဖြူတောင်ဟု ခေါ်ကြ၏။

---

* ဆင်ဖြူရှင်မယ်မှာ မင်းကွန်းပုထိုးတော်ကြီး စတည်သည့်နှစ်တွင် ၂-နှစ်သမီးမျှသာ ရှိသေးသည်။ ရှင်ဖြူမယ်ဘုရား တည်သောအခါ ၁၄-နှစ်သမီး ရှိလေပြီ။ ရှင်ဖြူမယ်ဘုရား ပြီးသောအခါ ဆင်ဖြူရှင်မယ်မင်းသမီးမှာ ၁၉-နှစ်မျှ သက်တော်ရှိပြီ-ဟု မှတ်လေ။

စစ်ကိုင်းမြို့ဝန် ကြပ်မတ်လျက် သေနတ်ဝန် ဦးဆောင်သော လူ ၅၀၀-တို့က ထိုဆင်တောင်ကုန်းမြင့်ကို အညီအညွတ် မြေညှိလျက် တည်လုပ်ခဲ့ခြင်းဖြစ်သည်။

သာယာတင့်တယ်စွာ မြေကို ညှိပြီးလျှင် သာသနာတော်ကို စောင့်ကြပ်သော နတ်များနှင့်တကွ သမ္မာဒေဝနတ်တို့အား ဗလိပွဲစုံတို့ဖြင့် ပသတင်ကြားလျက် သက္ကရာဇ် ၁၁၆၄-ခုနှစ်၊ တန်ခူးလဆန်း၊ ၁၅-ရက်(နေ့နှင့်ရက် မကိုက်ညီ) ကြာသပတေးနေ့၊ ပဉ္စာဓိမာသ်-သုဒ္ဓိ၌ ပန္နက်စ၍ ရိုက်တော်မူခဲ့လေသည်။

အစီအရင်မှာ ဘုရားဒါယကာ မြေးတော်စစ်ကိုင်းမင်း အမှူးထားလျက် သားတော် ပြည်မင်း, သားတော် ပုခန်းမင်း, သားတော် တောင်ငူမင်း, သားတော် ပုဂံမင်းတို့ ကြပ်မတ်၍ ရွှေကြိုး,ငွေကြိုးတို့ဖြင့် စေတီတည်အံ့သော မြေအလယ်တွင် ပန်လည်တိုင် စိုက်စေပြီး-

- ဖိနပ်အချင်း ၆၄-တောင်, ၂-မိုက်, ၄-သစ်၊
- အမြင့် ၂၁၄-တောင်ကို စက်ကြိုးနှင့် ဝန်းရံကာ ပန္နက်မြစ် စတင်လေသည်။

ပန်းရံလူကျော်တို့မှာ သန့်ရှင်းစင်ကြယ်သော အဝတ်တန်းဆာတို့ကို ဝတ်ဆင်လျက် ရွှေပေါက်တူး, ငွေပေါက်တူး, ရွှေတူရွင်း, ငွေတူရွင်းတို့ဖြင့် တူးစေပြီးလျှင် ရွှေအုဌ်, ငွေအုဌ်များကို ချစေလေ။

မြေညှိရာတွင် ပထမအာလိန် စ၍တည်လုပ်ပြီးနောက် ယင်းအာလိန်၏ထိပ်၌ အလျား, အနံ ၁၂-တောင်မျှသော ဌာပနာတိုက်ကိုလည်း ပြုလုပ်စေ၏။

ဌာပနာတိုက်ပေါင်းမှာ ၁၆-တိုက်ဖြစ်ရာ ဣန္ဒနီလာကျောက်ဖြာတို့ ပတ်လည်ရံစေသည်။ ဌာပနာတို့ကို ခိုင်မာစွာ ပြုလုပ်ပြီးလျှင် တိုက်နံရံ ၂-ဖက်၌ အထပ်-၁၀၀ ကုမ္ဘြာ ကြာပွင့်များဖြင့်လည်း မွမ်းမံရေးထားလေသည်။

[(မှတ်ချက်) ဌာပနာတိုက်နှင့် စပ်လျဉ်းရာ မှတ်သားဖွယ်များကို သီးခြားဖော်ပြထားသည်။]

ဤရှင်ဖြူရှင်မယ်ဘုရားသည် သိကြားနတ်မင်းစံရာ မြင်းမိုရ်တောင်ထိပ် တာဝတိံသာ နတ်ပြည်၌ရှိသော စူဠာမဏိဘုရားပုံတော်အတိုင်း မြေပေါ်၌ တည်ထားခဲ့ဟန် တူသည်။ ၎င်းဘုရားမှာ အဝိုင်းဖြစ်၍ ဗဟိုချက် တစ်ခုတည်းဖြစ်သော ပစ္စယံအဝိုင်း ၇-ဆင့် ပါဝင်သည်။ ၎င်းပစ္စယံများမှာ မြင်းမိုရ်တောင်ထိပ်ကို ဝိုင်းရံထားသော တောင် ၇-ထပ်သဏ္ဍာန် ပြုလုပ်ထားသည်-ဟု မှတ်ရဖူးသည်။

ဤမှတ်သားချက်အတိုင်းပင် ၎င်းစေတီမှာ သတ္တရဘန်တောင်စဉ် ၇-ထပ်, အာလိန် ၅-ဆင့်တို့ဖြင့် တည်လုပ်စေသည်။ သတ္တရဘန်တောင်စဉ် ၇-ထပ်တွင် လိုဏ်,မုခ်များလည်း

ပါဝင်ထားလေသည်။ နဂါး, ဂဠုန်-စသော ကျောက်ရုပ်များ အစောင့်ချထားဟန် ပြုလုပ်လေသည်။

အာလိန် ၅-ဆင့်အတွင်း၌ တာဝတိံသာနတ်တို့ရွာမှ သက်ဿနဂိရ်ပြည်သို့ ဘုရားမြတ်စွာ ကြွတော်မူဟန် လမ်း ၃-သွယ်လည်း ရှိလေသည်။

- ထိုလမ်း၏ လှေခါးထစ်မှာ ၅၃-ခုရှိ၍
- အလယ်လမ်း၏အကျယ် ၅-ပေ၊
- ဘေးလမ်းတို့မှာ ၃-ပေခွဲခန့် ကျယ်လေသည်။

လှေခါးထစ်အဆုံးတွင် တာဝတိံသာအရပ်တွင် အလောင်းစည်သူမင်းတရားကြီး၏ ရှင်ဖြူဘုရား ရုပ်ပွါး ၁-ဆူ ကိန်းဝပ်တော်မူခဲ့ကြောင်း အဆိုရှိလေသည်။

ဤဘုရားကို အပြီးတိုင် ကြပ်မတ်တည်သော စစ်ကိုင်းမြို့ဝန်ကို စာရေးရွာအပိုင်စား အဖြစ်လည်း ချီးမြှင့်ခဲ့သည်။ ဘုရားတည်စဉ် ကုန်ကျစာရင်းများကို ရေးမှတ်ရသည့် 'ငကွယ်' ဆိုသူအားလည်း ငွေသား ကျပ်ဒင်္ဂါး-၅၅ဝ၊ ပုဆိုး, အင်္ကျီ-စသည်နှင့်တကွ ရှားရောင်းရွာကို အပိုင်စား သနားတော်မူခဲ့လေသည်။

* * * * * *

## [၄] မြသိန်းတန်စေတီ ကုန်ကျငွေစာရင်း

ရှားရောင်းရွာစား မှတ်သားချက်မှာ ဤစေတီတည်သော ကုန်ကျငွေစာရင်းပေါင်း တစ်သိန်းလေးသောင်းခြောက်ထောင်ငါးရာနှစ်ဆယ့်လေးကျပ်နှင့် ခြောက်မူးတစ်ပဲ (၁၄၆-၅၂၄၊ ၆-မူး၊ ၁-ပဲ) ဖြစ်ကြောင်း သိရ၏။

ဤရှင်ဖြူရှင်မယ်ခေါ် မြသိန်းတန်ဘုရားနှင့် စပ်လျဉ်း၍ မှတ်သားချက်အမျိုးမျိုး ကွဲပြားနေခြင်းကို တွေ့ရှိရသည်။

သိကြားမင်းက အလောင်းစည်သူမင်းတရားကြီးအား ဆက်သသော ရှင်ဖြူဘုရား ကိန်းဝပ်စမွှာယ်တော်မူခဲ့သည်ကို အကြောင်းပြု၍ ရှင်ဖြူဘုရား-ဟူ၍လည်းကောင်း၊

မှန်နန်းရှင်ခေါ် ဘကြီးတော်မင်း နန်းမတက်မီ မင်းသားဘဝနှင့် အိမ်နိမ့်စံနေစဉ် နတ်ရွာစံသွားရရှာသော ဆင်ဖြူမယ်မင်းသမီးအား လွမ်းဆွတ်တသတော်မူသည့် အထိမ်းအမှတ်ဖြင့် အမှတ်တရ တည်ထားကိုးကွယ်ခဲ့သည်-ဟူ၍လည်းကောင်း အဆိုရှိခဲ့လေသည်။

သို့ရာတွင် ဘိုးတော်ဘုရားလက်ထက် မြေးတော် စစ်ကိုင်းမင်းသားနှင့် မြေးတော် ဆင်ဖြူရှင်မယ်တို့ တည်ခဲ့သော စေတီ-ဟူ၍သာ အတိအကျ မှတ်ထိုက်ပေသည်။

မြေးတော်စစ်ကိုင်းမင်း၏ မိဖုရားခေါင် မြေးတော် ဆင်ဖြူရှင်မယ် ဝတ်ဆင်နေကျ တစ်သိန်းတန် မြရတနာကို ဌာပနာတွင် ထည့်သွင်းလှူခဲ့သည်ကို အစွဲပြုလျက် မြသိန်းတန်ဘုရား-ဟူ၍လည်း လူသိများလျက် နေကြလေသည်။

အချို့ရာဇဝင် မှတ်ချက်များတွင် ဘိုးတော်ဘုရား ငယ်ရွယ်တော်မူစဉ်က ဝတ်ဆင်ခဲ့သော ၁-သိန်းထိုက်သည့် မြလက်စွပ်ကို ဌာပနာတော်မူသဖြင့် မြသိန်းတန်-ဟူ၍ ခေါ်တွင်နေကြကြောင်း အဆိုရှိသေးသည်။

ထို့နောက် မင်းတုန်းမင်းတရားကြီး၏ မိဖုရားခေါင် ဆင်ဖြူမရှင်ဘုရားသည် လျှင်လျှပ်၍ ပျက်စီးသဖြင့် အသစ်မွမ်းမံ၍ ပြုပြင်တော်မူခဲ့ကြောင်းကိုလည်း အမှတ်အသား တွေ့ရှိလေသည်။ ဤဘုရားကို-

- ရှင်ဖြူရှင်မယ်စေတီ-ဟူ၍လည်းကောင်း,
- မြသိန်းတန်စေတီ-ဟူ၍လည်းကောင်း-

အမည် ၂-မျိုး ဖြစ်ပေါ်ခဲ့လေသည်။

* * * * * *

## [၅] ဌာပနာပစ္စည်းများ ပင့်ဆောင်ခဏ်း

ဘိုးတော်ဘုရားသည် ယာယီစံနန်းတော်ဖြစ်သည့် နန်းတော်ကျွန်းမှ ဧရာဝတီမြစ်တစ်ဖက်ကမ်းထိပ်သို့ ဌာပနာပစ္စည်းများကို ကြီးကျယ်လှစွာသော အခမ်းအနားဖြင့် ပင့်ဆောင်တော်မူသည်။ ယင်းသို့ မြစ်ဆိပ်အရောက် လမ်းတလျှောက်တွင် လမ်းမကြီး၏ ဝဲ,ယာ၌ တံခွန်,ကုက္ကား-စသည်တို့ဖြင့် တန်းဆာဆင်လျက် ပဥ္စင်တူရိယာတို့ ပွဲတင်ညောင်းမှုက, ခုန်, တီးမှုတ်ကြလေသည်။ နောက်မှ ရွှေတန်ဆောင်, ငွေတန်ဆောင်, ပန်းတောင်, ကွမ်းတောင်, ညောင်ရေပန်းစိုက်-စသော ပူဇော်ဖွယ်တို့ဖြင့် လိုက်ပါစေတော်မူလျက် ဌာပနာတော်မူမည့် ပစ္စည်းများကိုလည်း ပင့်ဆောင်တော်မူခဲ့လေသည်။

ဘိုးတော်ဘုရားနှင့်တကွ မိဖုရားခေါင်ကြီး, ဆွေတော်, မျိုးတော်-စသည်တို့မှာလည်း ရွှေလောင်း, ငွေလောင်းများဖြင့် မြစ်ကို ကူးလျက် ပင့်ဆောင်တော်မူခဲ့သော ဌာပနာပစ္စည်းများကို ရတနာမဏ္ဍပ်တော်အတွင်း၌ အပူဇော်ခံစေသည်။ ပွဲလမ်းသဘင်လည်း

ကြီးစွာ ခင်းကျင်းတော်မူလေသည်။ သီဟိုဠ်ကျွန်းမှ ပင့်ရောက်တော်မူလာသည့် ဓာတ်တော် ၅-ဆူမှာ ထိုနေ့ညတွင် ရောင်ခြည်တော်များ ကွန့်မြူးလျက် ရှိလေ၏။ ဘိုးတော်ဘုရားသည် အမိဋ္ဌာန်တော်မူသောအခါ ကောင်းကင်မှ သက်၍ ရတနာရွှေကြုတ်အတွင်း၌ပင် ကိန်းဝပ်တော်မူမြဲအတိုင်း ရှိလေသည်။ ဌာပနာသွင်းသည့် သက္ကရာဇ် ၁၁၆၆-ခုနှစ်၊ ဝါဆိုလဆန်း၊ ၂-ရက်၊ သောကြာနေ့တွင် ဖြစ်၏။

* * * * * *

## [ ၆ ] ထီးအထွတ်တင် စက်ရထားအစီရင်

- ထီးအထွတ်ထားသော တန်ဆောင်းအရှေ့၌ ဘုရားအလယ်ချက်မ ပန်လည်တိုင်ကသည် အရပ်တော် ၂-ပြန်ရသော အဿကဏ်တောင်ခြေရင်းမှ ၅၉-တောင်ကွာအရပ်တွင် ၃-လုံးသော စက်တိုင်အဖျား ၁-ခုသောတန်းဖြင့်လည်းကောင်း၊
- ထိုတန်း၌ ၄-သွယ် စက်လျှောက် ကြိုးဆွဲရန် စက် ၄-လုံးတို့ဖြင့်လည်းကောင်း၊
- ကရဝိက်, ကြိုးကြာအသံတို့ကဲ့သို့ မြည်သော, လည်သော ဘုရား၏ခယားသီး ဝဲ,ယာ ငြမ်းအရင်း၌ ချီထားသော စက်လပ် ၂-လုံးတို့ဖြင့်လည်းကောင်း၊
- ငြမ်းအဖျား၌ ဆွဲထားသော စက်ပုံ ၂-လုံးတို့ဖြင့်လည်းကောင်း၊
- ဝေဇယန္တာရထား၌ပါသော နတ်စောင်းကဲ့သို့ သာယာစွာ မြည်၍ လိုက်သောအသံ၊ ထိုအသံကိုသာ ကြားရသော်လည်း မြင်ခြင်းငှာ မတတ်ကောင်းသော စက်ငယ် ၁၂-လုံးတို့ဖြင့်လည်းကောင်း၊
- စက် ၄-လုံးရှိ စက်ကြီး၌ အလယ်တန်းချီစက် ၁-လုံး, ရထားတက်သောအခါ ရွှေကြိုး ၆-သွယ်, နောက် ၅-သွယ်၊ ရထားဆင်းသောအခါ ရွှေကြိုး ၅-သွယ်, နောက် ၆-သွယ်တို့ဖြင့်လည်းကောင်း၊
- ရထားဘုံပြာသာဒ်ကိုလည်း ဖလ်, မှန်, ရွှေ, ငွေတို့ဖြင့် တန်းဆာဆင်လျက် ရွှေပုဆိုး စွန်ဆီ ၄-ချက် အလံလွှာတို့ဖြင့်လည်းကောင်း၊
- သိကြား, ဗြဟ္မာ-စသော နတ်အပေါင်းတို့ ပူဇော်၍ လိုက်ဟန်တို့ဖြင့်လည်းကောင်း
- ရထားဦး မြင်းဇက်နှင်တံကိုင်လိုက်သော မာတလိနတ်၊

ဤသို့ စသည်ဖြင့် ခမ်းနားကြီးကျယ်စွာ စီရင်တော်မူ၏။

* * * * * *

## [ ၇ ] အလှူဝတ်များ

ထို့နောက် ထီးအထွတ်တင်ရာ၌ အလှူဝတ်များ ပြုလုပ်တော်မူစေပြန်သည်။

၎င်းတို့မှာ အလှူဝတ်ပစ္စည်းများထားရန် တဲတော်၊ အချဉ်သနပ်ထားရန်၊ မုန့်အမျိုးမျိုးထားရန်၊ ထမင်းကျွေးရန်၊ ပွဲပြင်ရန်၊ ထမင်းချက်ရန်၊ ဆန်ထားရန်-စသော တဲများမှာလည်း အရှေ့မြောက်အရပ်တို့၌ အသီးသီး ဆောက်လုပ်ထားစေ၏။

ထို့ပြင် သားတော် အိမ်ရှေ့မင်း၊ ပြည်မင်း၊ တောင်ငူမင်း၊ ပုဂံမင်း၊ ပုခန်းမင်း၊ မိုးမိတ်မင်း၊ မက္ခရာမင်း၊ လှိုင်မင်း-စသော မင်းညီမင်းသားများ၏ ယာယီစံနန်းတော်များကိုလည်း ဆောက်လုပ်ထားစေရ၏။ ဘုရားဒါယကာ မြေးတော် စစ်ကိုင်းမင်းနှင့် ဆင်ဖြူရှင်မယ်တို့မှာ ဤမင်းကွန်းဘက်သို့ ဦးစွာရောက်ရှိရလေသည်။ ပွဲသဘင်ကိုလည်း ခံစေရသည်။

* * * * * *

## [ ၈ ] မင်းခမ်းသဘင်

ဘိုးတော်ဘုရားသည် မင်းကွန်းဘက်သို့ ထွက်စံတော်မူရာ၌ မင်းခမ်းသဘင်ကိုလည်း ပြုလုပ်ရလေသည်။ ရှင်ဖြူရှင်မယ်ဘုရားပတ်လည် သဘင်နန်းတော်ဦးတွင်—

- နီသော အဝတ်တန်းဆာကို ဆင်သော ရွှေဒိုင်းစွဲသူရဲများ၊
- အညိုဝတ် ရွှေလှွားစွဲ သူရဲများ၊
- အပြာဝတ် ရွှေလှံစွဲ၊
- အစိမ်းဝတ် ရွှေကာစွဲ၊
- အပြောက်တန်းဆာဝတ် ရွှေဓားစွဲ၊
- ရွှေဖြင့်ပြီးသောအဝတ် သေနတ်စွဲ၊
- ငွေအဝတ် အမြောက်စွဲ၊
- ချပ်မိန်ညို၊ မောက်တို၊ ရွှေထိပ်အုပ်ဆောင်း၊ ရထားစီး၊ မောက်လူပါ၊ နားကာဗာလီ ကွေးအဝတ် မြင်းစီး၊
- မည်းတို၊ မည်းရှည်အဝတ် ဆင်စီးသူရဲများ–

ဤသို့-စသည်ဖြင့် မရေမတွက်နိုင်အောင်ပင် စစ်အင်္ဂါ ၄-ပါးနှင့်အညီ ခင်းကျင်းလျက် မြေကြီးညွတ်မတတ် စီမံတော်မူလေသည်။

- ဘိုးတော်ဘုရားသည် သိကြားမင်း၏ အသရေတော်ကဲ့သို့ ရတနာအတိပြီးသော ယာဉ်ကို စီးလျက် ထွက်တော်မူသည်။

- ရွှေရတနာ၊ ကျောက်ရတနာတို့ဖြင့် စီခြယ်၍ နတ်ဝတ်တန်းဆာကဲ့သို့ ဝတ်ဆင်ကုန်သော မင်းမိဖုရား၊ မောင်းမခွေရံတို့သည်လည်း နောက်တော်မှ လိုက်ပါကြရ၏။
- ထို့နောက် နတ်စောင်းသံကဲ့သို့သော သာယာသောအသံကို တီးမှုတ်လျက် မိန်းမစောင်းငြင်းကျော်များ ရံ၍ လိုက်ပါကြရ၏။
- တူရိယာ ၅-ပါးတို့ တီးမှုတ်လျက် ကချေသည်တို့ ရံ၍ လိုက်ပါကြရ၏။
- ဗောင်း၊နားဋောင်း၊ဝတ်လုံ၊စလွယ် ဆင်ကုန်သော အမတ်အပေါင်းတို့ ရံ၍ လိုက်ကြရ၏။
- အဖိုးအတိုင်းမသိထိုက်သော နတ်ဝတ်တန်းဆာတို့ကို ဝတ်ဆင်လျက် နတ်သားကဲ့သို့သော မင်းသား၊ မင်းမြေး၊ မင်းဆွေ၊ မင်းမျိုးတို့လည်း ရံ၍ လိုက်ကြရ၏။
- ခရုသင်းသံတို့ဖြင့် ပြွမ်းသော ပုဏ္ဏားအပေါင်းတို့ ရံ၍ လိုက်ကြရ၏။
- အထူးထူးသော တန်းဆာကို ဆင်လျက် များစွာသော သူဌေး၊သူကြွယ်တို့ ရံ၍ လိုက်ကြရ၏။

ဤသို့လျှင် အထပ်ထပ်ခြံရံကုန်လျက် တင့်တယ်စံပယ်တော်မူ၍ ဧရာဝတီမြစ်ကမ်းတစ်ဖက်သို့ ရောက်တော်မူလျှင် ရတနာအတိပြီးသော များစွာသော လက်သင်၊ လှော်ကား၊ လက်လှော်လှေ၊ ရွှေလှေ၊ ရွှေလောင်း၊ အတိုင်းမရှိသော သားငှက်လှေတို့ကို ခြံရံစေပြီး ရွှေသမွန်ဖြင့် ကူးတော်မူသည်။

ဧရာဝတီမြစ်အနောက်ဘက် ရှင်ဖြူမယ်ဘုရားဆိပ်သို့ ရောက်တော်မူလျှင် တိုင်းသူပြည်သား ဗိုလ်ခြေအများတို့က ခရီးဦးကြိုလျက် ပန်းပေါက်ပေါက်တို့ဖြင့် ပူဇော်အဖူးမြော်ခံလျက် သဘင်စံနန်းတော်ကို တက်သိမ်းတော်မူလေ၏။

အရပ် ၄-မျက်နှာမှ ရောက်လာကြသော တိုင်းသူပြည်သားတို့အား ဘိုးတော်ဘုရားနှင့်တကွ စစ်ကိုင်းမင်း၊ ပြည်မင်း-စသော မင်းသားတို့က ကြပ်မတ်လျက် ဧည့်ခံကျွေးမွေးတော်မူလေသည်။ ထို့ပြင်-

- နေ့ပွဲ၊ ညပွဲ သဘင်မျိုးစုံတို့ဖြင့်လည်းကောင်း၊
- ဥယျာဉ်၊ ပန်းမာလ်၊ ရေကန်-စသည်တို့ဖြင့်လည်းကောင်း၊
- ပွဲခင်းကျင်းပရာ တဲတန်းမဏ္ဍပ်အပြင်၌ မြို့ပြတံခါးမုခ်၊လိုဏ်တို့ဖြင့်လည်းကောင်း-

ရှု၍ မငြီး၊ ချီး၍မကုန်နိုင်အောင် ပြုလုပ်စီစဉ်ထားလေ၏။ ပွဲသဘင်ကြီးစွာ ၇-ရက်၊ ၇-လီ ဆင်ယင်ကျင်းပလျက်၊ အရိယာသံဃာတော်မြတ်တို့အားလည်း ပရိက္ခရာစုံလင်စွာ လှူဒါန်း

လျက် နံနက်ဆွမ်း, နေ့ဆွမ်း ကျွေးမွေးခြင်းဖြင့် မဟာအသဒိသအလှူတော်ကြီးကိုလည်း ပြုလုပ်တော်မူ၏။

ဤထီးအထွတ် တင်လှူသည့် သက္ကရာဇ်မှာ ၁၁၆၉-ခုနှစ်၊ တန်ခူးလပြည့်ကျော်၊ ၄-ရက်၊ သောကြာနေ့တွင် ဘုရားရှင်ပြင်တော်၌ ရေစက်သွန်းချ၍ ထီးတော်လှူတော်မူသည်။ ဘုရားစေတီကို ကြပ်မတ်လုပ်ဆောင်ကြသူ စစ်ကိုင်းမြို့ဝန်နှင့်တကွ ပန်းရံတော်သားများကိုလည်း အသီးသီး ဆုချီးမြှင့်သနားတော်မူသတည်း။

* * * * * *

## [၉] ရှင်ဖြူမယ်ဘုရား ဌာပနာခဏ်း

သက္ကရာဇ် ၁၁၆၆-ခုနှစ်၊ ဝါဆိုလဆန်း၊ ၂-ရက်၊ သောကြာနေ့ ညဉ့်၊ ဒုတိယယာမ် ၄-နာရီ၊ ၃-ပါဒ်၊ ၁၀-ဗီဇနာ၊ ၄-ပြန်၊ ခရာပြည့် ကောင်းမြတ်သော မင်္ဂလာအခါတော်တွင် ရှင်ဖြူမယ်ဘုရားရှင် (မြသိန်းတန်ဘုရား) ဌာပနာတိုက် ၁၆-တိုက်ဝယ် မြေးတော်စစ်ကိုင်းမင်းက ဌာပနာတော်မူသည့်အစီရင်ကား—

- အဆင်းအားဖြင့် ၃-ပါး၊ ပမာဏအားဖြင့် ၃-ပါးပြားကုန်သော သီဟိုဠ်မှရောက် ဓာတ်တော် ၅-ဆူ-စသော ဓာတ်တော်,မွေတော်အပေါင်းနှင့် ဆံတော်မြတ်ကို ပတ္တမြား စေတီတွင် သွင်းသည်။
- ပတ္တမြားစေတီကို ရွှေစေတီ မျိုသည်၊ - ရွှေစေတီကို မိုးကြိုးစေတီ မျိုသည်၊
- မိုးကြိုးစေတီကို ငွေစေတီ မျိုသည်၊
- ငွေစေတီကို ကြေးစေတီ မျို၍ သွင်းထားသည်။
- တဏှင်္ကရာဘုရား အစ, ဂေါတမဘုရား အဆုံး ၂၈-ဆူသော ဘုရားပွင့်တော်မူဟန်၊
- ဘုရားလောင်း သုမေဓာရသေ့ ဒီပင်္ကရာဘုရားရှင့်ထံ နိယတဗျာဒိတ်ခံယူသည်မှ ဘုရားလောင်း ဇောတိပါလပုဏ္ဏားအား ကဿပဘုရား ဗျာဒိတ်ပေးသည့်တိုင် ၂၄-ဆူသော ဘုရားရှင်တို့ထံမှ ဘုရားလောင်း ဗျာဒိတ်ခံဟန်၊
- ယုန်မင်းဇာတ်, ယဋ္ဌိကာရဇာတ်, ငုံးမင်းဇာတ်, မျောက်မင်းဇာတ်-စသည်များကိုလည်း ရုပ်တုသဏ္ဍာန် အစေ့အစုံ ရွှေကို သွန်းလုပ်၍ ဌာပနာတော်မူသည်။

- တုသိတာနတ်ပြည်၌ ဘုရားလောင်း သေတကေတုနတ်သားကို နတ်,ဗြဟ္မာအပေါင်း လာ၍ လူ့ပြည်၌ ဘုရားဖြစ်မည့်အကြောင်းကို တောင်းပန်ဟန်၊
- မယ်တော်မာယာ ဝမ်းတိုက်၌ ဘုရားလောင်း ပဋိသန္ဓေနေတော်မူဟန်၊
- လုမ္ဗိနီအင်ကြင်းတော၌ ဘုရားလောင်းကို ဖွားတော်မူဟန်၊
- ကပိလဝတ်ပြည်၌ ဘုရားလောင်းကို ဆရာဒေဝီလရသေ့အား ပြသည်တွင် ရသေ့ ဆံကျစ်ထက်၌ ဘုရားလောင်း ခြေတော်တည်၍ ခမည်းတော်မင်းကြီးနှင့် ဒေဝီလ ရသေ့တို့ ရှိခိုးဟန်၊
- ဖွားတော်မူ၍ ၅-ရက်မြောက်၌ ပုဏ္ဏား ၈-ယောက်တို့ ဘုရားဖြစ်မည့်လက္ခဏာ ဖတ်ဟန်၊
- ဖွားတော်မူ၍ ၁-လမြောက် လယ်ထွန်မင်္ဂလာထွက်သည်တွင် သပြေပင်ရိပ်၌ ဘုရားလောင်း စံနေသည့် သပြေပင်ရိပ် မရွေ့သည်ကို မြင်၍ ခမည်းတော်မင်းကြီး သားတော်ကို ရှိခိုးဟန်၊
- ဘုရားလောင်း အသက် ၁၆-နှစ်ရှိသောအခါ ယသော်ဓရာအမှူးရှိသော မိဖုရား, ကိုယ်လုပ်မောင်းမ ၄၀,၀၀၀-ခြံရံလျက် ၃ွေနန်း ၃-ဆောင်၌ ၁၃-နှစ် စံတော်မူဟန်၊
- ဥယျာဉ်ကစား ထွက်တော်မူသည်တွင် နတ်တို့ နိမိတ် ၄-ပါးပြဟန်၊
- နတ်တို့ပြသော နိမိတ်ကို မြင်၍ 'ရဟန်းပြုအံ့'ဟု ကြံပြီးလျှင် တန်းဆာဆင်လိုသော နှလုံးတော်ရှိသည်ကို သိ၍ ဝိသုကြံနတ်သား တန်းဆာဆင်လာဟန်၊
- သားတော်ရာဟုလာ ဖွားကြောင်းကို လျှောက်လာဟန်၊
- နန်းတော်ကို ပြန်ရောက်၍ ဆန္နအမတ်ကို ခေါ်ပြီးလျှင် 'ကဏ္ဍကမြင်းကို ကချေ' စေဟန်၊
- ယသော်ဓရာမိဖုရား နိုးအံ့စိုး၍ တံခါးခုံ၌ ရပ်လျက် သားတော်ကို ရှုဟန်၊
- ကဏ္ဍကမြင်းကို စီး၍ ဆန္နအမတ်နှင့် တောထွက်ဟန်၊
- မြို့တံခါးကို နတ်တို့ ဖွင့်ပေး၍ မြို့မှ ထွက်သည်တွင် 'စကြာရတနာ ရောက်တော့မည်' ဟု မာရ်နတ်တားဆီးဟန်၊
- ကပိလဝတ်ပြည်ကို ကြည့်တော်မူလိုသော ဆန္ဒဖြစ်သည်တွင် မြေလှည့်၍ ရှေ့တူရူက နေပြည်တော်မြင်ဟန်၊

- တောထွက်တော်မူရာ နတ်တို့ မီးရှူး, အခိုး, အထုံ ပန်းနံ့သာ, စည်, စောင်း, ငြင်းတို့ဖြင့် ပူဇော်၍ လိုက်ဟန်၊
- အနော်မာမြစ်ကို ကူးပြီးလျှင် ကဏ္ဍကမြင်းနှင့် အဝတ်တန်းဆာကို ဆန္နအမတ်အား ပေး၍ ဆံတော်ကို သံလျက်ဖြင့် ပယ်တော်မူဟန်၊
- သိကြားမင်း ရတနာပန်းတောင်းနှင့် ဆံတော်ကို ခံဟန်၊
- ဃဋိကာရဗြဟ္မာမင်း သက်န်းစုံနှင့်တကွ ပရိက္ခရာ ၈-ပါး ကပ်လှူ၍ ရဟန်းပြုတော်မူဟန်၊
- ရဟန်းပြု၍ ၇-ရက်လွန်ပြီးသော် ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံတော်မူ၍ ပဏ္ဍဝတောင်ရိပ်၌ ဆွမ်းဘုဉ်းပေးတော်မူဟန်၊
- ဗိမ္ဗိသာရမင်း လာ၍ ရွှေထီး,ရွှေနန်းနှင့်တကွ မင်းအဖြစ်ကို နှင်းအပ်တောင်းပန်သည်တွင် ပယ်တော်မူဟန်၊
- အာဠာရ, ဥဒကရသေ့တို့ထံသို့ ကပ်၍ အရူပဈာန်စိတ်ကို ဖြစ်စေပြီးမှ 'ဤအကျင့်ဖြင့် သဗ္ဗညုတဉာဏ်ကို မရရာသေး'ဟု ခွါတော်မူခဲ့၍ ဥရုဝေဠတော၌ ပဥ္စဝဂ္ဂီ ၅-ယောက်တို့ အလုပ်အကျွေးကို ခံတော်မူလျက် ဒုက္ကရစရိယကျင့်တော်မူဟန်၊
- အာဟာရကို မှိဝဲခြင်း ခေါင်းပါးသဖြင့် စင်္ကြံစွန်း၌ လဲတော်မူဟန်၊
- နောက်လျှင် အာဟာရကို မှီစေ၍ ကျင့်တော်မူသောအခါ ပဥ္စဝဂ္ဂီရဟန်းတို့ စွန့်သွားကြဟန်၊
- ဘုရားဖြစ်တော်မူခါနီး၌ သေနနိဂုံး၊ သူကြွယ်သမီး သုဇာတာလှူသော ဃနာဆွမ်းကို ရွှေခွက်နှင့်တကွ ခံတော်မူဟန်၊
- နေရဉ္ဇရာမြစ်နား၌ ဃနာဆွမ်းကို ဘုဉ်းပေးတော်မူပြီးလျှင် ဓိဋ္ဌာန်တော်မူ၍ ရွှေခွက်ကို မျှောတော်မူဟန်၊
- ဗောဓိမဏ္ဍိုင်သို့ နတ်တို့ ဖန်ဆင်းသောလမ်းဖြင့် ကြွတော်မူသည်တွင် မြက်ရိတ်ယောက်ျားလှူသော မြက် ၈-ဆုပ်ကို ခံတော်မူဟန်၊
- ဗောဓိမဏ္ဍိုင်သို့ ရောက်တော်မူ၍ ရတနာပလ္လင်ထက်နေတော်မူလျက် ဘုရားအဖြစ်သို့ ရောက်တော်မူ၍ ဗြဟ္မာ,နတ်,သိကြားအပေါင်းတို့ ပူဇော်ဟန်၊
- ဘုရားအဖြစ်သို့ ရောက်တော်မူလျှင် ဗောဓိမဏ္ဍိုင်ရွှေပလ္လင်၌ ၇-ရက်ပတ်လုံး နေတော်မူဟန်၊

- ပလ္လင်တော် အရှေ့မြောက်ယွန်း အနိမိသကုန်း၌ ရပ်နေတော်မူ၍ ရတနာပလ္လင်ကို ၇-ရက် ရှုတော်မူဟန်၊
- ပလ္လင်နှင့် အနိမိသအကြား၌ ၇-ရက်ပတ်လုံး စင်္ကြံကြွတော်မူဟန်၊
- ဗောဓိပင် အနောက်မျက်နှာ နတ်တို့ဖန်ဆင်းသော ရတနာရွှေအိမ်၌ အဘိဓမ္မာ ၇-ကျမ်းကို သုံးသပ်ဆင်ခြင်တော်မူ၍ ၇-ရက်ပတ်လုံး နေတော်မူဟန်၊
- ဗောဓိပင်အရှေ့ အဇပါလညောင်ပင်ရင်း၌ သမာပတ်ဝင်စားတော်မူ၍ ၇-ရက်ပတ်လုံး နေတော်မူဟန်၊
- ဗောဓိပင်အရှေ့တောင် မုစလိန္ဒာအိုင်နား ကျည်းပင်၌ နေတော်မူစဉ် မိုးကြီးစွာ စွေသည်ကို မုစလိန္ဒာနဂါးမင်း အခွေဖြင့် ရစ်လျက် ပါးပျဉ်းမိုး၍ ၇-ရက်ပတ်လုံး နေတော်မူဟန်၊
- ဗောဓိပင်တောင်မျက်နှာ ရာဇာယတန လင်းလွန်းပင်ရင်း၌ ၇-ရက်ပတ်လုံးနေတော်မူစဉ် စတုမဟာရာဇ်နတ်မင်း ၄-ယောက် သပိတ်လှူဟန်၊
- တဖုဿ, ဘလ္လိက ကုန်သည်ညီနောင် ပျားမုန့်ဆုပ် ကပ်လှူဟန်၊
- အဇပါလညောင်ပင်ရင်း၌ ၇-ရက်ပတ်လုံးနေတော်မူစဉ် သဟံပတိဗြဟ္မာမင်း တရားဟောတော်မူမည့်အကြောင်းကို တောင်းပန်ဟန်၊
- ဗာရာဏသီပြည်၊ မိဂဒါဝုန်တော၌ ပထမဝါဆိုတော်မူဟန်မှ စ၍ ပဉ္စဝဂ္ဂါလီသ ၄၅-ဝါ ဝေသာလီပြည်၊ ဗေဠုဝရွာ၌ ဝါဆိုတော်မူဟန် ၄၅-ပုံ၊
- မာရ်နတ်မှစ၍ အာဠဝကဘီလူး, နာဠာဂိရိဆင်, အင်္ဂုလိမာလ, စိဉ္စမာဏ, သစ္စကပရိဗိုဇ်, နန္ဒောပနန္ဒနဂါးမင်း, ဗကဗြဟ္မာတို့ကို အောင်တော်မူဟန် ၈-ပုံ၊
- သတ္တဝါအပေါင်းတို့အား ၄၅-ဝါပတ်လုံး တရားဟောတော်မူပြီး၍ ကုသိနာရုံပြည်၊ အင်ကြင်းတော၌ ပရိနိဗ္ဗာန်ယူတော်မူဟန်၊
- ဓာတ်တော်, မွေတော်များကို ၈-ပြည်ထောင်မင်းတို့ ကိုးကွယ်လို၍ စစ်ဖြစ်ကြမည် ရှိသည်ကို ဒေါနပုဏ္ဏားဝေဟန်၊
- စွယ်တော်, သွားတော်, ညှပ်ရိုးတော်-စသော ဓာတ်တော်တို့ကို ဗြဟ္မာ့ပြည်, နတ်ပြည်, နဂါးပြည်, လူ့ပြည် အပြည်ပြည်ထောင်တို့၌ စေတီတည်၍ ကိုးကွယ်ဟန်၊
- ထို့ပြင် ပထမ, ဒုတိယ, တတိယ သင်္ဂါယနာတင်ဟန် ၃-ပုံ၊

- တုသိတာနတ်ပြည်၌ ဘုရားလောင်း သေတကေတုနတ်သားအား နတ်, ဗြဟ္မာ အပေါင်းတို့ တောင်းပန်၍ မယ်တော်မာယာဝမ်း၌ ပဋိသန္ဓေ နေတော်မူသည်ကသည် ဘုရားပရိနိဗ္ဗာန် စံတော်မူသည့်နောက် တတိယသင်္ဂါယနာတင်သည့်တိုင် များစွာသော ဌာနတို့ကိုလည်း ကျမ်းဂန်လာရှိသည့်အတိုင်း အခမ်းအနား, အခြင်းအရာ, ရုပ်တုသဏ္ဌာန် အစေ့အစုံ ရွှေ,ငွေတို့ကို သွန်းလုပ်၍ ရွှေကမ္ပည်းနှင့်ချည်း ဌာပနာတော်မူသည်။ ။ ထို့ပြင်–

- ရွှေဆင်းတု-၂၃၊
- ငွေဆင်းတု-၂၂၉၊
- ပယင်းဆင်းတု- ၃၊
- ဖလ်ဆင်းတု- ၁၊
- အန္တကူကျောက်ဆင်းတု-၁၊
- ကျောက်စိမ်းဆင်းတု-၁၊
- နံ့သာဆင်းတု-၄၊
- ဒက္ခိဏာသာခါဆင်းတု-၄၊
- ဆင်စွယ်ဆင်းတု-၃၊
- ကြေးဆင်းတု-၄၀၊
- ပတ္တမြားစေတီ-၁၊
- ရွှေစေတီ-၁၊
- ငွေစေတီ-၃၊
- ကြေးနီစေတီ-၁၊
- ရွှေပြာသာဒ်-၁၊
- ငွေပြာသာဒ်-၁၊
- ပုလဲထီး-၁၊
- ပုလဲတံခွန်-၂၊
- ရွှေထီး-၁၀၊
- ငွေထီး-၁၀၊
- ရွှေတံခွန်-၁၀၊
- ငွေတံခွန်-၁၀၊
- ရွှေမြူတာ ရွှေပန်းစိုက်-၁၀၊
- ငွေမြူတာ ငွေပန်းစိုက်-၁၀ –

ကိုလည်း ဌာပနာတော်မူသည်။

- ဘိုးတော် ဆင်ဖြူများသခင် အသျှင်ဘဝရှင်မင်းတရားကြီးဘုရား ရုပ်တုတော်၊
- ဘွားတော် အရှင်မိဖုရားခေါင်ကြီးဘုရား ရုပ်တုတော်များကိုလည်း မင်းမြောက်တန်းဆာ ၅-ပါး-စသော မင်းခမ်းမင်းနား, မင်းဆောင်မင်းယောင်များနှင့်တကွ ရွှေပန်းခိုင်နှင့် ပူဇော်ဟန် ရွှေကို သွန်းလုပ်၍ သွင်းထားတော်မူသည်။
- ဘေးတော် အလောင်းမင်းတရားကြီး ရုပ်တုတော်၊
- ဘေးတော် အရှင်မိဖုရားခေါင်ကြီးဘုရား ရုပ်တုတော်၊
- ဘိုးတော် စစ်ကိုင်းမြို့တည် မင်းတရားကြီး ရုပ်တု၊

- ဘိုးတော် အင်းဝမြို့တည် ဆင်ဖြူရှင်မင်းတရားကြီး ရုပ်တု၊
- ခမည်းတော် အိမ်ရှေ့မင်းရုပ်တု၊ - မယ်တော် အိမ်ရှေ့မိဖုရားရုပ်တု၊
- ကိုယ်တော်မြတ်ရုပ်တု၊
- နှမတော် ဆင်ဖြူရှင်မယ်ရုပ်တုများကိုလည်း တန်ဆောင်တိုင် ကိုင်၍ ဘုရားကို ပူဇော်ဟန် ရွှေကို သွန်းလုပ်၍ ထည့်တော်မူသည်။

ထိုသို့ စီရင်သွင်းထားသော ဌာပနာတိုက်တော်တို့ကို ကျောက် ၁-ထပ်, အုဌ် ၁-ထပ်, နရပတေ့အင်္ဂတေတို့ဖြင့် စေ့စပ်သေချာစွာ လုပ်ဆောင်ပိတ်ဆို့ပြီးလျှင် များစွာသော ကြေးသလွဲမည်းရည်တို့ဖြင့် သွန်းလောင်းပိတ်ဖုံးတော်မူသတည်း။

* * * * * *

## [ ၁၀ ] မဟာဗောဓိပင် ပင့်ဆောင်ခဏ်း

ဤမဟာဗောဓိပင်နှင့် ပတ်သက်သော အကြောင်းအရာများကို ဘိုးတော်ဘုရားနှင့် ရာဇဝင်မှတ်တမ်းအခဏ်းတွင် အတန်ငယ် ဖော်ပြခဲ့ပြီးဖြစ်သော်လည်း အိန္ဒိယမှ မြန်မာနိုင်ငံသို့ ပင့်ဆောင်လာခဲ့ပုံ အခြင်းအရာတို့ကို ပြည့်စုံစွာ ဖော်ပြလိုက်ပေသည်။

မာန်နည်မြေချာ၊ ကိုးရာပတ်ဝိုက်၊ တိုက်မဗ္ဘိမ၊ သောင္ဃသမ္မ၊ ကမ္ဘာ့တန်းဆာ၊ ကျမ်းစာထွေထွေ၊ ဝေဒတ္တာယ၊ ဆဋင်္ဂ,က၊ သက္ကဋဘာသာ၊ များစွာဆောင်ယူ၊ ပြည်သူစီးပွါး၊ မှတ်သားသိရန်၊ မြန်မာပြန်၏။

ဘိုးတော်ဘုရားသည် သက္ကရာဇ် ၁၁၇၁-ခုနှစ်တွင် မဟာဗောဓိပင်ကို အဖူးအမျှော် အကြည့်အရှုပြုရန်နှင့် သောင္ဃသ ၁၆-တိုင်းမှာရှိသော ပိဋကတ်ကျမ်းဂန်, သက္ကဋ, ဘင်္ဂါလီ, နာဂရီ-စသော ဘာသန္တရစာပေများကို အဆောင်အယူ စေလွှတ်တော်မူသည့် ပုရောဟိတ် ပုဏ္ဏား ဝါသိဋ္ဌဗြာဟ္မဏ၊ ရမ္မာဝတီမြို့ဝန် ရွှေတောင်သာဂသူ၊ ဇေယျကျော်သူ၊ ဇေယျကျော်ထင်နှင့် ဇေယျကျော်စွာတို့လည်း-

- ရွှေဖဝါးတော်အောက်က စလင်းဘားအိုင် ဒလက်ကြောင်း သွား၍ ခရီး ၂၂-ယူဇနာကွာ ရခိုင်၊ ဓညဝတီမြို့သို့ ရောက်သည်။
- ထိုကမှ အနောက်မြောက်ကို အောင်ဆိပ်, ငမန်ရည်, မရူခုံ, ကျောက်ပန်းတူးကြောင်း သွား၍ ခရီး ၈-ယူဇနာကွာ မုန်တောကင်းသို့ ရောက်သည်။

- ထိုကမှ အနောက်မြောက်ကို ရေငန်တုံး သဘော်ပျက်ခုံ ပန်းမော်,ပန်းဝါ မဟာစိုး ကြောင်း သွား၍ ခရီး ၈-ယူဇနာကွာ စစ်တကောင်းမြို့သို့ ရောက်သည်။
- ထိုကမှ အနောက်မြောက်ကို ကုသိန္နာရုံ ရေပေါ်မီးစောင်းတီးကျွန်း, ဟိတ္ထိယာကျွန်း ကြောင်းသွား၍ ခရီး ၇-ယူဇနာကွာ ချိပ္ပူရာမြို့သို့ ရောက်သည်။
- ထိုကမှ အနောက်မြောက်ကို ဗြဟ္မာပုတြမြစ်ဆုံ ပလောင်ဆေးကြောင်းသွား၍ ခရီး ၇-ယူဇနာကွာ ဒါကာမြို့သို့ ရောက်သည်။
- ထိုကမှ အနောက်မြောက် ဂင်္ဂါမြစ်ကို လျှောက်သွား၍ ခရီး ၁၄-ယူဇနာကွာ မုဿူမြို့ သို့ ရောက်သည်။
- ထိုကမှ အနောက်မြောက် ဂင်္ဂါမြစ်ကို လျှောက်သွား၍ ခရီး ၆-ယူဇနာကွာ ရာဇမယံ မြို့သို့ ရောက်သည်။
- ထိုကမှ အနောက်မြောက် ဂင်္ဂါမြစ်ကို လျှောက်သွား၍ ခရီး ၂-ယူဇနာအကွာ သတ္တ- ကောသိက ဂင်္ဂါအစီရဝတီ မြစ်ဆုံသို့ ရောက်သည်။
- ထိုကမှ အနောက်မြောက် အစီရဝတီဂင်္ဂါမြစ်ကို လျှောက်သွား၍ ခရီး ၄-ယူဇနာ အကွာ စမ္ပာနဂရမြို့သို့ ရောက်သည်။
- ထိုကမှ အနောက်မြောက် အစီရဝတီဂင်္ဂါမြစ်ကို လျှောက်သွား၍ ခရီး ၂-ယူဇနာအကွာ မုန်ကရာဇ်မြို့သို့ ရောက်သည်။
- ထိုကမှ အနောက်မြောက် အစီရဝတီဂင်္ဂါမြစ်ကို လျှောက်သွား၍ ခရီး ၁၂-ယူဇနာ အကွာ (ယခု ပတ္တနားခေါ်သည့်) ပါဋလိပုတ်ပြည်သို့ ရောက်သည်။
- ထိုပါဋလိပုတ်ပြည်က ပုရောဟိတ်ပုဏ္ဏား ဝါသိဋ္ဌဗြာဟ္မဏ, ရမ္မာဝတီမြို့ဝန်, ရွှေတောင်သာဂသူတို့မှာ တိုင်းကြီး ၁၆-တိုင်းများသို့ ကျမ်းဂန်စာပေ အဆောင် အယူ ခွဲ၍ သွားကြသည်။
- ဇေယျကျော်သူ, ဇေယျကျော်ထင်, ဇေယျကျော်စွာတို့မှာ ပါဋလိပုတ်ပြည်က မဟာ- ဗောဓိပင်ရှိရာ အနောက်တောင်ကို ကြည်းကြောင်းတက်သွားကြလေလျှင် ၁-ယူဇနာ အကွာ အတန်နီး၍သို့ ရောက်သည်။

* * * * * *

## [ ၁၁ ] မဟာဗောဓိပင်စခန်း

- ထိုကမှ အနောက်တောင်ကို သွား၍ ၁-ယူဇနာအကွာ ဇမ္ဗူရွာသို့ ရောက်သည်။
- ထိုကမှ အနောက်တောင်ကို သွား၍ ၁-ယူဇနာအကွာ ရာဇဂီရိတောင်ခြေရှိ ရာဇဂီရိမြို့သို့ ရောက်သည်။
- ထိုကမှ အနောက်တောင်သို့ သွား၍ ၂-ယူဇနာအကွာ ကျေးလက် ၁၈-ရွာတို့ကို အပိုင်ပေး၍ မဟာဗောဓိပင်ကို စောင့်ထိန်းရသည့် မဟာပါလဂီရိဂူသံဇီ နေသည့် တိုက်အိမ်သို့ ရောက်၍ မဟာအမရပူရရွှေမြို့တော်ကြီးနှင့်တကွ တိုင်းကြီး,ပြည်ကြီး ထီးဆောင်းမင်းအပေါင်းတို့ကို အစိုးရတော်မူသော ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှစွာသော ရွှေတွင်း, ငွေတွင်း, ပတ္တမြားတွင်း-စသော ၉-ပါးသော ရတနာတွင်း အပေါင်းတို့၏သခင် ဉပေါသထဆဒ္ဒန်ဆင်ဖြူများသခင် “သိရိပဝရဝိဇယာနန္တာယသ-တြိဘဝနာဒိတျာဓိပတိပဏ္ဍိတမဟာဓမ္မရာဇာဓိရာဇာ” အမည်တော်ရှိသော သာသနာ့ဒါယကာတော် မဟာဓမ္မရာဇ်တရားမင်းမြတ်က စေတော်မူ၍ မဟာဗောဓိပင် အဖူးအမြော်လာရပါကြောင်းနှင့် ဇေယျကျော်သူ, ဇေယျကျော်ထင်, ဇေယျကျော်စွာတို့က မဟာဗောဓိပင်စောင့် မဟာပါလဂီရိဂူသံဇီကို ပြောဆိုသည်တွင် မဟာပါလဂီရိဂူသံဇီကို ရှေ့ညွှန်း*(ပြု)*၍ သက္ကရာဇ် ၁၁၇၁-ခု၊ တန်ခူးလဆန်း၊ ၁၃-ရက်နေ့ မဟာဗောဓိပင်သို့ သွားပြီးလျှင် ဇေယျကျော်သူ, ဇေယျကျော်ထင်, ဇေယျကျော်စွာတို့ မဟာ-ဗောဓိပင်ကို လက်ယာရစ် ၃-ပတ်လှည့်၍ ပူဇော်ကြသည်။ မဟာဗောဓိပင်စည်ကိုလည်း နှင်းရည်-စသော အမွှေးအထုံရည် အပေါင်းတို့ဖြင့် သွန်းလောင်းကြသည်။

* * * * * *

## [ ၁၂ ] စတုတ္ထမြောက် ဗောဓိပင်တော်

မဟာဗောဓိပင် အခြင်းအရာကား—

- ပတ်လည်မြေ မြင့်လျက် ရှိသည်။
- နောက်နောက်သောမင်းတို့ တည်လုပ်သည့် တံတိုင်း ၃-ထပ်၊ ၁-ထပ်နှင့် ၁-ထပ် ၁၀-တာ ကွာသည်။

မဟာဗောဓိပင်ခြေရင်းတွင်–

- အရှေ့, အနောက် အချင်း သံတောင်-၂၀၊
- တောင်, မြောက် အချင်း ၃၉-တောင်, ၁-မိုက်၊
- စောက် ၁၂-တောင် ပလ္လင်ခုံ ခံသည်။
- ထိုအထက် ပထမအာလိန်စောက် ၂-တောင်, အဝန်း ၄၅-တောင်၊
- ထိုအထက် ဒုတိယအာလိန်စောက် ၂-မိုက်, ၄-သစ်၊ အဝန်း ၃၉-တောင်၊
- ထိုအထက် တတိယအာလိန်စောက် ၂-မိုက်, ၄-သစ်၊ အဝန်း ၃၆-တောင်၊
- ထိုအထက် စတုတ္ထအာလိန်စောက် ၂-မိုက်, ၆-သစ်၊ အဝန်း ၃၁-တောင်၊
- ထိုအထက် ပဥ္စမအာလိန်စောက် ၂-မိုက်, ၆-သစ်၊ အဝန်း ၂၇-တောင်၊
- အာလိန် ၅-ဆင့် စောက် ၅-တောင်, ၁-မိုက်, ၄-သစ်၊ အောက်ခံပလ္လင် ၁၂-တောင်နှင့်သော် မြေကသည် အထက်အာလိန်ဆုံးရောက် ၁၇-တောင်, ၁-မိုက်, ၄-သစ်၊
- အာလိန်အဆုံးတွင် မဟာဗောဓိပင်စည်လုံးပတ် ၁၉-တောင်, ၂-မိုက်, ၅-သစ်၊
- ထိုအထက်ကို ပင်စည်အမြင့် ၇-တောင်တွင် ခက်မ ၆-ဖြာ၊
- ထိုအထက် တစ်ဆင့်တွင် ခက်မ ၄-ဖြာ၊
- ထိုအထက်သို့ ပြန်တက်သည့် ပင်စည်မှာ ခက်လက်, ခက်ငယ်အများ ဖြာသည်။
- အောက်ဆင့် ခက်မ ၆-ဖြာမှာ တောင်စူးစူးထွက်သည့် ခက်မက ခက်လက် ၃-ကိုင်းဖြာသည်တွင် အောက်ကိုင်း လုံးပတ် ၅-ထွာ, ၁-မိုက်ကို သီရိမဟာသောကမင်းကြီးပင့်ဆောင်လေသောကြောင့် ပြတ်လျက်ရှိသည်။

* * * * * *

## [ ၁၃ ] ခက်လက်ငယ်များ

ထိုခက်မကြီးတို့မှ ခွဲ၍ ဖြာသည့် ခက်လက်, ခက်ငယ်ပေါင်း ၁၃၆-ရှိ၏။ ထိုသို့ရေတွက်သမျှ ခက်လက်တို့ကား လုံးပတ်ထွာဆိုင်, ညှိုဆိုင်အလွန်ရှိသော ခက်လက်တို့ကိုသာ ရေတွက်မှတ်သားသည်။

- မဟာဗောဓိပင်မြေကကို ခက်မဖြာသည့်တိုင်အောင် အမြင့် ၂၄-တောင်, ၁-မိုက်, ၄-သစ်။
- ထိုအထက်ကို အမြင့် အတောင် ၆၀-ကျော်ဖြစ်၍ ရင်း,ဖျားဆုံး အတောင် ၉၀-ခန့် ရှိသည်။

မဟာဗောဓိပင်တံတိုင်းမှာ မိစ္ဆာဒိဋ္ဌိတို့ ဖျက်ဆီး၍ တောင်မျက်နှာ, အနောက်မျက်နှာ, မြောက်မျက်နှာ တံတိုင်းမုခ်ဝ ၃-ရပ် ပျက်သည်။ အရှေ့မျက်နှာ မုခ်ကူးတံတိုင်း မယိုမယွင်း ရှိသည်။

- မဟာဗောဓိပင် အာလိန် အောက်ခုံပလ္လင်နှင့်စပ်လျက် အရှေ့မြောက် ဖိနပ်အမြင့် ၁၂-တောင်။
- ပြီးလျှင် ပုထိုးတော်ကြီး အရပ် သံတောင် ၁၁၀-ကျော်ခန့် ရှိသည်။
- ပုထိုးတော်ကြီးမှာ အရှေ့မျက်နှာ မုခ်ကြီး၊ ဝဲ,ယာ မုခ်ငယ် ရှိသည်။
- အရှေ့မျက်နှာ မုခ်ကြီးအတွင်း ဂေါတမမုနိ ခေါ်ဝေါ်သည့် ပထလိရာဇာကျောက်ဆင်းတု ထက်ဝယ်တော် ၃-တောင်, ၂-မိုက်၊
- သကျမုနိ ခေါ်ဝေါ်သည့် ကျောက်ဆင်းတု ထက်ဝယ်တော် ၂-တောင်, ၂-မိုက်၊
- မဟာမုနိ ခေါ်ဝေါ်သည့် ကျောက်ဆင်းတု ထက်ဝယ်တော် ၂-တောင်, ၂-မိုက်၊

ရုပ်တုတော် ၃-ဆူကို မဟာပါလဂိရိဂူသံဇိက ပင့်ယူ၍ တိုက်အနီးတွင် အမိုးအကာနှင့် ကိုးကွယ်ထားသည်။

ရုပ်တုတော်ထားရင်း ပလ္လင်အောက်တွင်လည်း ဆင်စီးလျက် မာရ်နတ်နှင့်တကွ စစ်သည်တို့ အရုပ်သဏ္ဌာန် ရှိသည်။ ပလ္လင်ကြာထပ်တွင်လည်း တေလင်းစာ, ငသီဟာလစ်စာ, ဒေဝနာဂရီစာကဲ့သို့ ရေးထုလျက် ရှိသည်။

ပုထိုးတော်ကြီးရင်ပြင်တွင်လည်း ကျောက်တိုင်, ကျောက်မိုးနှင့်ထားသည့် ခြေတော်ရာ ဖနောင့်ကသည် ခြေမဖျားထိ ၁-တောင်, ၂-မိုက်၊ အနံ ၁-မိုက်, ၆-သစ်။ ခြေတော်ရာတွင် စကြာရုပ်၊ ထီးဖြူ ချွန်းတောင်း၊ သားမြီးယပ်၊ ပဒုမ္မာ၊ ခရုသင်း-စသော ရုပ်တုသဏ္ဌာန်များနှင့် ခြေဖဝါးလယ်ကသည် ခြေချောင်းသို့တက်သည့် အရေးအကြောင်းများနှင့် ခြေတော်ရာ ၁-စုံ ရှိသည်။ ပုထိုးကြီး အရှေ့မျက်နှာ မုခ်ကြီးရှေ့ ကျောက်ဆင်းတုတော်နှင့် ဂူကြီး-၁၊ ထိုအရှေ့ ပရိသတ်နေ ဂူကြီး-၁၊ ထိုအရှေ့ တံခါးမုခ်ပေါက် ရှိသည်။

ပုထိုးကြီးက မဟာဗောဓိပင် အရှေ့မုခ်ဝင်ရောက် အတောင် ၃၀-ကွာသည်။ အရှေ့မုခ်ဝ တောင်ဘက်တွင် ပထလိရာဇာကျောက်ဆင်းတုနှင့် ဂူကြီး-၂၊ မြောက်ဘက် ၁၅-တောင်ကွာတွင် အရပ်အတောင် ၃၀-ခန့် စေတီ ၁-ရှိသည်။

မဟာဗောဓိပလ္လင်ခုံ အာလိန်မှ စ၍ မဟာဗောဓိပင်ပတ်လည်များမှာ ပထလိရာဇာ ကျောက်ကို ထုလုပ်သည့်ရုပ်တု ထက်ဝယ်တော် ၂-တောင်ခန့်၊ ၁-တောင်, ၂-မိုက်ခန့် မပျက်မစီး ရုပ်တုတော်လည်း အများရှိသည်။ မိစ္ဆာဒိဋ္ဌိတို့ ဖျက်ဆီး၍ ပျက်စီးယိုယွင်းသည့် ရုပ်တုတော်လည်း အများရှိသည်။ မဟာဗောဓိပင်အရှေ့ကို နေရဉ္ဇရာမြစ် ရှိသည်။ ဗောဓိပင် အရှေ့တောင်ကို မုစလိန္ဒာအိုင် ရှိသည်။ ထိုအနီးတွင် စေတီကြီး-၁။

* * * * * *

## [ ၁၄ ] ဗောဓိပင်ရုပ်ပွါးနှင့် အောင်မြေ

ထိုအနောက်တွင် ရေအိုင်ကြီး-၁၊ ဗောဓိပင်အနောက်ကို အနော်မာမြစ်၊ ဗောဓိပင် မြောက်ကို ဆိတ်ကျောင်းညောင်၊ မဟာဗောဓိပင် အရှေ့မျက်နှာ နေရဉ္ဇရာမြစ်ရှိသည်။

အရှေ့ဘက် တာ ၁၀၀-ကျော်ကွာတွင်လည်း ဖိနပ်တော်အဝန်း ၁၀၃-လံရှိသော သီရိဝမ္မာသောကမင်းကြီး ကောင်းမှုစေတီကြီး ၁-ဆူ ပြိုပျက်လျက် ရှိသည်။

ဤသို့လျှင် အကြောင်းအရာများနှင့်တကွ မဟာဗောဓိပင် အခြင်းအရာ ပုံစံများကို ရေးသားပြီးလျှင် မဟာဗောဓိပင်မှ ပွါးသော ဗောဓိညောင်တော်နှင့် ဗောဓိမြေများကို ဆောင်ယူလိုသည့်အကြောင်းများကို မဟာပါလဂိရိဂူသံဇိ(ထံ)မှာ ပန်ကြားပြောဆိုသည်တွင် ၎င်းက "ဗောဓိပွါး ၂-ပင်နှင့် ဗောဓိမြေ, ပထလိရာဇာကျောက်ဆင်းတုတော် ၃-ဆူ၊ စန္ဒမုနိ ပုထိုးများနှင့် သရဏ္ဍာယ်တော်မူရန် ဂါထာများကို ကျွန်တော်မျိုး ဇေယျကျော်သူပါ ၃-ဦး တို့သို့ ပေးအပ်ပြီးလျှင် မဟာပါလဂိရိဂူသံဇိ ရှိသေစွာ အကြိမ်ကြိမ်ဦးညွှတ်၍ ဘဝရှင် မင်းတရားကြီးဘုရားအား ပူဇော်ကြောင်းကို တင်လျှောက်ပါလေ"မှာထား၍ ဇေယျကျော်သူ, ဇေယျကျော်ထင်, ဇေယျကျော်စွာတို့ မဟာဗောဓိပင်အခြင်းအရာပုံစံ, ဗောဓိပင်, ဗောဓိမြေ, ဘုရားရုပ်တုတော်များကို ဆောင်ယူ၍ ပြန်ခဲ့ကြသည်။ ထို့နှစ်၊ သီတင်းကျွတ်လပြည့်ကျော်၊ ၅-ရက်နေ့ ပါဋ္ဌလိပုတ်ပြည်သို့ ရောက်ကြသည်။

* * * * * *

# [ ၁၅ ] ဒေဝနာဂရီ လောကီစာပေများ

သောဠသ ၁၆-တိုင်းပြည်များသို့ ကျမ်းဂန်စာပေ အဆောင်အယူ ခွဲ၍ သွားသည့် ပုရောဟိတ်ပုဏ္ဏား ဝါသိဋ္ဌဗြာဟ္မဏ, ရမ္မာဝတီမြို့ဝန် ရွှေတောင်သာဂသူတို့လည်း-

- ဓာတုမိရတိနိဗ္ဗာယနကျမ်း၊ - ဇောတိတတ္တကျမ်း၊
- သူရိယသိဒ္ဓန္တ ဗေဒင်ကျမ်းများ၊
- ဘေသဇ္ဇနိယဏ္ဍု-စသော ဆေးကျမ်းများ၊
- ဂဇသျှတ္တရ ဆင်လက္ခဏာကျမ်း၊ - သုပိနနိဒ္ဒါရအိပ်မက်ကျမ်း၊
- ဓာတုပြဒ်သဆေးကျမ်း၊
- အဆန်းတကြယ်ကို ဟောသော သရဖွေးကျမ်းများ၊
- တိတ်နိမိတ်ကို ဆိုသော ဂြဟသျှန္တိယာတြာကျမ်းများ—

စသည့် ဘင်္ဂါလီ, ဒေဝနာဂရီ, သက္ကဋအရေးအသားကျမ်းများနှင့် အထူးထူးသော ထည်မျိုး, အုပ်မျိုး၊ အဖိုးအနဂ္ဃထိုက်သော ကျောက်ရတနာမျိုးများ၊ ဂျွမ်းထိုး, တိုင်တက်, ကြိုးတန်းလျှောက်, အတီး,အက ကုလားပညာသည် ၂၀-ကျော်၊ ဂင်္ဂါမြစ်ရေ, ယမုနာမြစ်ရေ-စသည့် မြစ်ရေများ၊ လက်ဆောင်တော်များကို ကာသိတိုင်း၊ ဗာရဏသီမင်းက ပုရောဟိတ်ပုဏ္ဏား မဟာဒေဝဘတ်, မဟာနန္ဒာဘာဘူဘတ်, သေရှုနတ်နှင့် ပုဏ္ဏားကြီး ၂-ကျိပ် ၆-ယောက်တို့ကို ကြပ်မစေပြီးလျှင် ရမ္မဝတီမြို့ဝန် ရွှေတောင်သာဂသူနှင့်အတူ ခြေတော်ဦးခိုက် အဆက်အသ ထည့်လိုက်၍ ပြန်လာခဲ့သည်။

ပါဋလိပုတ်ပြည်တွင် ဇေယျကျော်သူပါ ၃-ဦးတို့နှင့် ပေါင်းဆုံမိကြလျှင် ခရီးလမ်းစခန်းစဉ်အတိုင်း အတူပြန်လာကြ၍ သက္ကရာဇ် ၁၁၇၂-ခုနှစ်၊ နယုန်လပြည့်ကျော်၊ ၁-ရက်နေ့ စစ်ကိုင်းမြို့သို့ ဆိုက်ရောက်သည်။

ဆင်ဖြူများသခင် အသျှင်ဘဝရှင်မင်းတရားကြီးဘုရားလည်း မဟာဗောဓိပင်နှင့် ရုပ်တုတော်များကို အိမ်ရှေ့မင်းကို စစ်ကိုင်းမြို့ရောက် ကြိုဆိုဆောင်ယူစေ၍ ဘုရားရုပ်တုတော်များကို စံနန်းတော်ဦးတွင် တန်ဆောင်းပြာသာဒ်အတွင်း မျက်နှာကြက်, ကြာယပ်, ထီးဖြူ, ရွှေထီး, ရွှေတံခွန်-စသော အခင်းအကျင်းနှင့် ထားတော်မူ၍ တိုင်းသူပြည်သားအပေါင်းတို့အား ဖူးမြော်ပူဇော်စေပြီးလျှင်—

မဟာဗောဓိ ၂-ပင်ကို ဘေးလောင်းတော် သီရိဓမ္မာသောကမင်းကြီး, ဒေဝါနံပိယတိဿမင်းကြီးတို့ ပင့်ဆောင်စိုက်ပျိုးသကဲ့သို့ အခမ်းအနား အခင်းအကျင်း ပွဲသဘင်ကြီးစွာ

စိရင်တော်မူ၍ ရွှေထမ်းစင်, ရွှေပြာသာဒ်နှင့် ထီးဖြူအုပ်လျက် အလယ်ကျွန်းစံနန်းတော်က ပင့်ဆောင်တော်မူပြီးလျှင်—

အနောက်ဘက်၊ မင်းကွန်းပုထိုးတော်ကြီး မြောက်တွင်–

- သံအိုး ၁-ထပ်၊
- ထိုအတွင်း သံလွှဲ ၁-ထပ်၊
- ထိုအတွင်း ကြေးနီ ၁-ထပ်၊
- ထိုအတွင်း ငွေ ၁-ထပ်၊
- ထိုအတွင်း မိုးကြိုး ၁-ထပ်၊
- ထိုအတွင်း အဝ ၂-တောင်, ၁-မိုက်, ၄-သစ်၊ နားရေး-၁၀၀, ပတ္တမြား ၃-ရစ်စီသော ရတနာရွှေအိုး ၁-ထပ်။

ထိုသို့ စေ့စပ်သေချာစွာ လုပ်ဆောင်သော ရတနာအိုးတစ်စုံတွင် မဟာဗောဓိ မြေတော်များကို ထည့်တော်မူ၍ အောက်ခံလုပ်ပြီးလျှင် မဟာဗောဓိ ၂-ပင်ကို ဆင်ဖြူများသခင် အသျှင်ဘဝရှင်မင်းတရားကြီးဘုရား ကိုယ်တော်တိုင် စိုက်ပျိုးတော်မူသည်။

တံတိုင်းမီးတား ၂-ထပ်၊ မုခ်ဝင်, မုခ်ကူး အုဋ်ပြာသာဒ် ၈-ဆူ၊ တံတိုင်း ၄-ထောင့်တွင် အုဋ်ပြာသာဒ် ၂-ဆူ၊ အရံထောင့်တွင် နတ်ရုပ် ၁၂၈-များနှင့်တကွ လုပ်ဆောင်၍လည်း ကမ္ပည်းရေးသားတော်မူခဲ့၏။

★★★★★★★

(၄)

မဟာဝိသုဒ္ဓါရာမဆရာတော်

# မယ်တော်မာယာဝတ္ထု

## မှ

# မင်းခမ်းတော်များ

[မဟာဝိသုဒ္ဓါရာမဆရာတော် ပြန်ဆိုအပ်သော
သိရီမဟာမာယာဒေဝီဝတ္ထုနိဿယသစ်ကျမ်း၊
၁၂၄၃-ခုနှစ်ရေး ပေမူမှ ကူးယူဖော်ပြသည်။]

၁၃၇၂ ၂၀၁၀

# မယ်တော်မာယာဝတ္ထုမှ မင်းခမ်းတော်များ

## မာတိကာ

------


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| [ ၁ ] | သုဒ္ဓေါဒနညီနောင်များ | ၃၇၅ |
| [ ၂ ] | ကောင်းခြင်း ၅-ဖြာနှင့် လက္ခဏာ ၆၄-ရပ် | ၃၇၆ |
| [ ၃ ] | ဗုဒ္ဓမယ်တော် ဖြစ်ရလိုသည့် မဟာမာယာ | ၃၇၇ |
| [ ၄ ] | ကဿပဘုရားလက်ထက် | ၃၇၈ |
| [ ၅ ] | မင်းဝေဿန် မယ်တော်ဘဝ | ၃၇၉ |
| [ ၆ ] | မဟာမာယာဘဝ အလှဆုံး လှပ | ၃၇၉ |
| [ ၇ ] | နာမဂဟဏမင်္ဂလာ | ၃၈၁ |
| [ ၈ ] | မဟာမာယာ့ အလှရုပ်သွင်နှင့် ပုဏ္ဏားတို့အမြင် | ၃၈၂ |
| [ ၉ ] | 'ဗုဒ္ဓမာတာဖြစ်မည်'အဟောနှင့် 'သိရီမဟာမာယာ'မှည့်ပုံ | ၃၈၃ |
| [ ၁၀ ] | ကောဏ္ဍညဖခင် ပုဏ္ဏားကြီး 'အိပ်မက်အဖြေ'ဟောခန်း | ၃၈၄ |
| [ ၁၁ ] | ပုဏ္ဏား ၈-ယောက် ပြန်ရောက်လာကြပုံ | ၃၈၅ |
| [ ၁၂ ] | မဟာမာယာ၏ အလှဂုဏ်ဝေ ကျက်သရေ | ၃၈၆ |
| [ ၁၃ ] | ခမက်လောင်း မှာကြားချက်ကို လျှောက်ပုံ | ၃၉၁ |
| [ ၁၄ ] | 'သမီးပေးရန် သင့်, မသင့်' တိုင်ပင်ခန်း | ၃၉၂ |
| [ ၁၅ ] | ခမက်တော်ထံ အတောင်းအရမ်း စေလွှတ်ခန်း | ၃၉၂ |
| [ ၁၆ ] | မင်းသမီးဘက်က တမန်တော်များ | ၃၉၃ |
| [ ၁၇ ] | ရွှေလမ်း, ငွေလမ်းဖောက်၍ ချီတော်မူပုံ | ၃၉၄ |
| [ ၁၈ ] | ယောက္ခမမင်းတို့က ကြိုကြပုံ | ၃၉၆ |

# {၄} မယ်တော်မာယာဝတ္ထုမှ မင်းခမ်းတော်များ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| [ ၁၉ ] | မင်းဥယျာဉ်တော်၌ တည်းခိုကြ | ၃၉၇ |
| [ ၂၀ ] | ဒေဝါဝင်းဖြင့် ချီတော်မူ | ၃၉၉ |
| [ ၂၁ ] | ယောက္ခမက ဝင်းခင်းကြိုပုံ | ၄၀၀ |
| [ ၂၂ ] | ရွှေလက်တွဲ၍ နန်းပွဲဝင် | ၄၀၁ |
| [ ၂၃ ] | နတ်ဒေဝါတို့ ကောင်းချီးပေး၍ မင်္ဂလာရေစင်သွန်းကြပုံ | ၄၀၂ |
| [ ၂၄ ] | မယ်တော် သုနန္ဒာမိဖုရားက သမီးဂုဏ်ပုဒ် ဖော်ထုတ်ပုံ | ၄၀၅ |
| [ ၂၅ ] | မင်း ၂-ပါးတို့အား ပူဇော်၍ ဆုတောင်းကြပုံ | ၄၀၆ |
| [ ၂၆ ] | မဏ္ဍပ်ကြီးတွင် နတ်,ဗြဟ္မာတို့ ၇-ရက်၊ အမင်းမင်းတို့ ၃-လစံပြီး ကပိလဝတ်ပြန်ရန် ကြံကြပုံ | ၄၀၇ |
| [ ၂၇ ] | စံမြန်းရန် ပြာသာဒ်အဆောင်ဆောင် ဆောက်လုပ်ပုံ | ၄၀၈ |
| [ ၂၈ ] | နန္ဒဝန်နတ်လမ်းပမာ သာယာအောင် ကပိလပြန်လမ်း ပြင် လမ်းတန်းဆာဆင်ကြပုံ | ၄၀၉ |
| [ ၂၉ ] | ခမည်းတော်ဘက်က မင်္ဂလာလက်ဖွဲ့ပစ္စည်းများ | ၄၁၀ |
| [ ၃၀ ] | သုဒ္ဓေါဒနမင်းသားအား နန်းလွှဲအပ်၍ ရာဇဘိသိက်သွန်းပုံ | ၄၁၁ |
| [ ၃၁ ] | မဟာပဇာပတိ မိဖုရားခေါင်ကြီးအရာ ရ | ၄၁၃ |
| [ ၃၂ ] | အလောင်းတော်အား ရှေ့ဖြစ်ဟောပုံ | ၄၁၃ |
| [ ၃၃ ] | စကြဝတေးမင်း၏ ရတနာ ၇-ပါး | ၄၁၄ |


----- x -----

# မယ်တော်မာယာဝတ္ထုမှ မင်းခမ်းတော်များ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## [၁] သုဒ္ဓေါဒနညီနောင်များ

သီဟဟနု မဟာရာဇဿ၊ သီဟဟနုမင်းမြတ်၏။ -

သိရီသုဒ္ဓေါဒနော၊ သိရီသုဒ္ဓေါဒနလည်းကောင်း။

သုက္ကောဒနော၊ သုက္ကောဒနလည်းကောင်း။

အမိတ္တောဒနော၊ အမိတ္တောဒနလည်းကောင်း။

ဣတိ တယော ပုတ္တာ၊ ဤ ၃-ယောက်ကုန်သော သားတော်တို့သည်။ အဟေသုံ၊ ရှိကုန်၏။

အမိတ္တာ စ၊ အမိတ္တာလည်းကောင်း။

ပါလိတာ စ၊ ပါလိတာလည်းကောင်း

ဣတိ ဒွေ ဓိတရော၊ ဤသမီးတော် ၂-ယောက်တို့သည်။ အဟေသုံ၊ ရှိသည်ဖြစ်ကုန်၏။

တဒါ၊ ထိုအခါ၌။ သီဟဟနုရာဇာပိ၊ သီဟဟနုမင်းသည်လည်း။ အတ္တနော၊ မိမိ၏။ ပုတ္တဿ သိရီသုဒ္ဓေါဒနကုမာရဿ၊ သားတော် သိရီသုဒ္ဓေါဒနမင်းသားကို။ ဝယပ္ပတ္တ-

ကာလေ၊ အရွယ်ရောက်သောကာလ၌။ အတ္တနော ဌာနေ၊ မိမိနေရာ၌။ ဌပနတ္ထာယ၊ ထားခြင်းငှာ။ ဇဝံ၊ ဤသို့။ သမစိန္တေသိ၊ ကောင်းစွာ ကြံ၏။ "ဣဒါနိ၊ ယခု။ အဟံ၊ ငါသည်။ မမ ပုတ္တဿ သိရီသုဒ္ဓေါဒနကုမာရဿ၊ ငါ့သားတော် သိရီသုဒ္ဓေါဒနမင်းသားအား။ ရာဇာဘိသေကံ၊ ရာဇအဘိသိက်ကို။ ဒဿာမိ၊ ပေးအံ့။ မယာ၊ ငါသည်။ မဟာဥတ္တမဝံသံ၊ ကြီးမြတ်သော အနွယ်ရှိသော။ စတုသဋ္ဌိလက္ခဏာပုဏ္ဏံ၊ ခြောက်ဆယ့်လေးဖြာ၊ လက္ခဏာပြည့်စုံသော။ သီလာစာရသမ္ပန္နံ၊ သီလအကျင့်နှင့် ပြည့်စုံသော။ သန္တံ၊ ငြိမ်သက်သော။ ဒန္တံ၊ ယဉ်ကျေးသော။ အတိသီလဝိသုဒ္ဓံ၊ အလွန်စင်ကြယ်သော သီလရှိသော။ သောဘဂ္ဂံ၊ မြတ်သော တင့်တယ်ခြင်းသို့ ရောက်သော။ အဂ္ဂမဟေသီဌာနာရဟံ၊ မိဖုရားခေါင်ကြီးအရာ၌ ထိုက်တန်သော။ ကုမာရိကံ၊ သတို့သမီးကို။ လဒ္ဓုံ၊ ရခြင်းငှာ။ ဝဋ္ဋတိ၊ သင့်၏"။ ဣတိ၊ ဤသို့။ သမစိန္တေသိ၊ ကောင်းစွာကြံ၏။

----- x -----

## [ ၂ ] ကောင်းခြင်း ၅-ဖြာနှင့် လက္ခဏာ ၆၄-ရပ်

သမစိန္တေတွာ၊ ကောင်းစွာကြံပြီး၍။ သော၊ ထိုခမည်းတော် သီဟဟနုမင်းသည်။ ဣတ္ထိလက္ခဏ ပုရိသလက္ခဏ ကုသလေ၊ မိန်းမလက္ခဏာ၊ ယောကျ်ားလက္ခဏာ၌ လိမ္မာကုန်သော။ စတုန္နံ ဝေဒါနံ၊ ဗေဒင် ၄-ပုံတို့၏။ ပါရဂတေ၊ ကမ်းတစ်ဖက်သို့ ရောက်ကုန်ပြီးသော။ အဋ္ဌ ဗြာဟ္မဏေ၊ ပုဏ္ဏား ၈-ယောက်တို့ကို။ ပက္ကောသာပေတွာ၊ ခေါ်စေ၍။ ဇဝံ၊ ဤသို့။ အာဟ၊ ဆို၏။ "ဗြာဟ္မဏာ၊ ပုဏ္ဏားတို့သည်။ စတုက္ကရိယပထာနံ၊ ဣရိယာပုထ် ၄-ပါးတို့၌။ ကုသလာ၊ လိမ္မာကုန်သည်။ သိယုံ၊ ဖြစ်ကုန်၏။ ဗြာဟ္မဏာ၊ အို-ပုဏ္ဏားတို့။ တုမှေ၊ သင်တို့သည်။ မမ အတ္ထာယ၊ ငါ၏အကျိုးတော်အလို့ငှာ။ သာယမှိ၊ ညနေချမ်း၌။ စရထ၊ လှည့်စမ်းကြချေကုန်။

ပဉ္စကလျာဏသမ္ပန္နံ၊ ၅-ပါးသော ကောင်းခြင်းနှင့် ပြည့်စုံသော။ လက္ခဏံ စတုသဋ္ဌိကံ၊ ခြောက်ဆယ့်လေးဖြာ၊ လက္ခဏာရှိသော။ အဘိရူပံ၊ အလွန်အဆင်းလှသော။ သီလဝတိံ၊ သီလရှိသော။ ကညာရတနံ၊ သမီးရတနာကို။ အာဟရထ၊ ဆောင်စေကြကုန်လော့။ ရတနကညာယ၊ သမီးရတနာနှင့်။ သဟေဝ၊ တကွသာလျှင်။ သိရီသုဒ္ဓေါဒနောရသံ၊ သားတော် သိရီသုဒ္ဓေါဒနမင်းသားကို။ ဝိတ္တရာသိမှိ၊ ရတနာအစု၌။ ဌပေတွာ၊ တင်ထား၍။ ရဇ္ဇမုတ္တမေ၊ မြတ်သော ပြည်စည်းစိမ်၌။ သိဉ္စဿံ၊ အဘိသိက်သွန်းအံ့။

ဆန္ဒ သတသဟဿာနံ၊ ၆-သိန်းအတိုင်းအရှည်ရှိကုန်သော။ သကျရာဇူနံ၊ သာကီ-ဝင်မင်းတို့၏။ ဝံသကော၊ အနွယ်၌။ အဓိပတိဝရဌာနေ၊ အစိုးရလတ်၊ မြတ်သောအရာဖြစ်သော။ ဧကရာဇကေ၊ ဧကရာဇ်မင်းအဖြစ်၌။ ဌပေဿံ၊ ထားပေအံ့။ ပရောသတနရိန္ဒာနံ၊ အရာမကကုန်သော မင်းတို့ထက်။ သုဒ္ဓေါဒနော၊ ငါ့သားတော် သုဒ္ဓေါဒနသည်။ ဝရုတ္တမော၊ မြတ်ထွတ်ကျော်စော၏။ တသ္မာ၊ ထို့ကြောင့်။ တုမှေ၊ သင်တို့သည်။ အင်္ဂနေသနာ၊ မိန်းမရတနာ၊ ဖွေရှာစုံးစမ်းကုန်လျက်။ စရထ၊ ဇမ္ဗူသောင်းခွင်၊ မြေပြင်နှံ့စပ်၊ လှည့်ပတ်ကြချေကုန်လော့"။ ဣတိ ဧဝံ၊ ဤသို့။ အာဟ၊ ဆို၏။

ဝတွာ၊ ဆိုပြီး၍။ သော သီဟဟနုရာဇာ၊ ထိုသီဟဟနုမင်းသည်။ တေသံ၊ ထိုပုဏ္ဏား ၈-ယောက်တို့အား။ အဋ္ဌကဟာပဏသဟဿာနိ၊ အသပြာ ၈,၀၀၀-တို့ကို။ ဒတွာ၊ ပေးပြီး၍။ စတုသဋ္ဌိလက္ခဏပုဏ္ဏံ၊ ခြောက်ဆယ့်လေးဖြာ လက္ခဏာစုံသော။ တဿ၊ ထိုသားတော် သုဒ္ဓေါဒန၏။ အဂ္ဂမဟေသိဌာနေ၊ မိဖုရားခေါင်မြတ်အရာ၌။ အဘိသေကကာတဗ္ဗံ၊ အဘိသိက်သွန်းထိုက်သော။ ဝရကုမာရိကံ၊ မြတ်သော သတို့သမီးကို။ ဂဏှနတ္ထာယ၊ ရှာယူခြင်းငှာ။ ပေသေသိ၊ စေလွှတ်လေ၏။

----- x -----

## [၃] ဗုဒ္ဓမယ်တော် ဖြစ်ရလိုသည့် မဟာမာယာ

တဒါ၊ ထိုအခါ၌။ သိရိမဟာမာယာဒေဝီ၊ သိရိမဟာမာယာ မိဖုရားအလောင်းသည်။ ဝိပဿိဿ နာမ သမ္မာသမ္ဗုဒ္ဓဿ၊ ဝိပဿီဘုရားရှင်၏။ ကာလေ၊ လက်ထက်တော်၌။ ဗန္ဓုမတိ နာမ နဂရေ၊ ဗန္ဓုမတီမည်သော မြို့၌။ ဗန္ဓုမရာဇဿ၊ ဗန္ဓုမမင်း၏။ ဇေဋ္ဌကဓီတာ၊ သမီးတော်ကြီးသည်။ ဟုတွာ၊ ဖြစ်၍။

အတ္တနော ပိတရာ၊ မိမိဖခင်ဖြစ်သော။ ဗန္ဓုမရညာ၊ ဗန္ဓုမမင်းသည်။ ဒိန္နံ၊ ပေးအပ်သော။ အနဂ္ဃ စန္ဒနသာရံ၊ အတိုင်းမသိ၊ အဖိုးရှိသော စန္ဒကူးနှစ်ကို။ အတိသုခုမစုဏ္ဏံ၊ အလွန်သိမ်မွေ့သောအမှုန့်ကို။ ကတွာ၊ ပြု၍။ မဟာသုဝဏ္ဏသမုဂ္ဂေ၊ ရွှေကြုတ်ကြီး၌။ ပူရေတွာ၊ ပြည့်စေ၍။ အာဒါယ၊ ယူ၍။ ဒီပဓူမဂန္ဓမာလာဒီနိ၊ ဆီမီး, အထုံ, နံ့သာ, ပန်းစသည်တို့ကို။ ဂါဟာပေတွာ၊ ယူစေ၍။ သဟဿပရိဝါရေဟိ၊ အထောင်မျှလောက်သော အခြံအရံတို့နှင့်။ သဒ္ဓိံ၊ တကွ။ နဂရာ၊ မြို့မှ။ နိက္ခမိတွာ၊ ထွက်၍။

ခေမမိဂဒါယဝိဟာရံ၊ ခေမရဂုံ၊ မိဂဒါဝုန်ကျောင်းတော်သို့။ ဂန္တွာ၊ သွား၍။ တထာ-ဂတဿ၊ ဝိပဿီတွင်၊ ဘုရားရှင်၏။ သုဝဏ္ဏဝဏ္ဏံ၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိသော။

သရီရံ၊ ကိုယ်တော်ကို။ စန္ဒနစုဏ္ဏေန၊ စန္ဒကူးမှုန့်ဖြင့်။ ပူဇေတွာ၊ ပူဇော်၍။ သေသစန္ဒန-စုဏ္ဏာနိ၊ ကြွင်းသော စန္ဒကူးမှုန့်တို့ကို။ ဂန္ဓကုဋိယံ၊ ကိန်းဝပ်တော်မူရာ ကျောင်းတော်၌။ ဝိကိရိတွာ၊ ကြဲဖြန့်၍။ တတော ပစ္ဆာ၊ ထိုမှ နောက်၌။ မိဂဒါယဝိဟာရေ၊ မိဂဒါဝုန်ကျောင်းတော်၌။ ပဥ္စပတိဋ္ဌိတေန၊ ၅-ပါးသော တည်ခြင်းဖြင့်၊ တန္နိန္နတပ္ပေါဏတပ္ပဗ္ဘာရာ၊ ထိုဘုရားရှင်သို့ ညွတ်ကိုင်းရှိုင်းသည်။ ဟုတွာ၊ ဖြစ်၍။ သာဒရေန၊ ရိုသေသဖြင့်။ သဗ္ဗညုဗုဒ္ဓံ၊ သဗ္ဗညု ဘုရားကို။ ဝန္ဒိတွာ၊ ရှိခိုး၍။

"လောကနာယက၊ လူတို့ ခရီးညွှန်ဖြစ်ပေသော။ ဘန္တေ၊ ရှင်ပင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ အနာဂတေ ကာလေ၊ နောင်အခါကာလ၌။ တုမှာဒိသဿ ဗုဒ္ဓဿ၊ အရှင်သို့စင်၊ ဘုရားရှင်၏။ မာတာ၊ မယ်တော်သည်။ ဘဝေယျံ၊ ဖြစ်ရလို၏။" ဣတိ၊ ဤသို့။ ပတ္ထနံ၊ ဆုတောင်းခြင်းကို။ အကာသိ၊ ပြုဖူး၏။

ဝိပဿီပိ ဘဂဝါ၊ ဝိပဿီဘုရားရှင်သည်လည်း။ တဿာ၊ ထိုမင်းသမီးအား။ အနု-မောဒနံ၊ တရားအနုမောဒနာကို။ ကတွာ၊ ပြောဟော၍။ ပတ္ထနံ ဝရံ၊ တောင်းတိုင်းဆုကို။ အဒါသိ၊ ဗျာဒိတ်ကြား၍ သနားတော်မူ၏။

သာပိ၊ ထိုမင်းသမီးသည်လည်း။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ခမာပေတွာ၊ တောင်းပန်၍။ နဂရံ၊ မြို့သို့။ ပါဝိသိ၊ ဝင်လေ၏။ သာ၊ ထိုမင်းသမီးသည်။ ယာဝတာယုကံ၊ အသက်ရှည်သမျှ။ ဌတွာ၊ တည်၍။ အာယုကပရိယောသာနေ၊ အသက်၏ အဆုံး၌။ တတော၊ ထိုဘဝမှ။ စဝိတွာ၊ စုတေသေလွန်၍။ ဒေဝလောကေ၊ နတ်ပြည်၌။ နိဗ္ဗတ္တိ၊ ဖြစ်၏။

----- x -----

## [ ၄ ] ကဿပဘုရားလက်ထက်

ဒေဝလောကတော၊ နတ်ပြည်မှ။ မနုဿလောကံ၊ လူ့ပြည်သို့၊ မနုဿလောကတော၊ လူ့ပြည်မှ။ ဒေဝလောကံ၊ နတ်ပြည်သို့။ သံသရန္တီ၊ ကျင်လည်လျက်။ ကဿပဒသဗလဿ၊ ကဿပဘုရားရှင်၏။ ကာလေ၊ လက်ထက်တော်၌။ ကိကိဿ ရညော၊ ကိကီမင်း၏။ သုဓမ္မာ နာမ ဓီတာ၊ သုဓမ္မာမည်သော သမီးတော်သည်။ ဟုတွာ၊ ဖြစ်၍။ သတ္ထု၊ ကဿပဘုရားမြတ်၏။ ဓမ္မဒေသနံ၊ တရားဒေသနာတော်ကို။ သုတွာ၊ နာခံရ၍။ စတုသတသဟဿ-သာဝကေဟိ၊ တပည့်သံဃာ ၄-သိန်းတို့နှင့်။ သဒ္ဓိံ၊ တကွသော။ ဘဂဝတော၊ ဘုရားမြတ်အား။ မဟာဒါနံ၊ အလှူကြီးကို။ အဒါသိ၊ ပေးလှူပြီ။

## [၅] မင်းဝေဿန် မယ်တော်ဘဝ

တတော၊ ထိုဘဝမှ။ စဝိတွာ၊ စုတေ၍။ ဒေဝမနုဿလောကေသု၊ လူ့ပြည်, နတ်ပြည်တို့၌။ သံသရိတွာ၊ ကျင်လည်၍။ အပရဘာဂေ၊ နောက်အဖို့၌။ ဒေဝါနမိန္ဒဿ၊ သိကြားမင်း၏။ အဂ္ဂမဟေသီ ဟုတွာ၊ မိဖုရားကြီးဖြစ်၍။ တံ အတ္တဘာဝံ၊ ထိုကိုယ်အဖြစ်ကို။ အတိက္ကမိတွာ၊ လွန်မြောက်စုတေ၍။ မနုဿလောကံ၊ လူ့ပြည်သို့။ အာဂန္တွာ၊ လာ၍။ မဒ္ဒရာဇဓီတာ၊ မဒ္ဒမင်း၏ သမီးဖြစ်သော။ ဖုဿတိ နာမ ကုမာရိကာ၊ ဖုဿတီမည်သော သတို့သမီးသည်။ ဟုတွာ၊ ဖြစ်၍။ သဉ္စယကုမာရေန၊ သဉ္စယမင်းသားနှင့်။ သဒ္ဓိံ၊ တကွ။ အဘိသေကံ၊ အဘိသိက်သွန်းခြင်းကို။ လဘိတွာ၊ ရ၍။ ဝေဿန္တရဿ၊ ဝေဿန္တရာ၊ ဗောဓိလျာ၏။ မာတာ၊ မယ်တော်သည်။ အဟောသိ၊ ဖြစ်ပြီ။ တတော၊ ထိုဘဝမှ။ စဝိတွာ၊ စုတေ၍။ တုသိတဘဝနေ၊ တုသိတာနတ်ပြည်၌။ နိဗ္ဗတ္တိ၊ ဖြစ်လေ၏။

တတော၊ ထိုတုသိတာနတ်ပြည်မှ။ နိဝတ္တိတွာ၊ ပြန်လည်ခဲ့၍။ ဒေဝဒဟပုရေ၊ ဒေဝဒဟပြည်၌။ အဓိပတိဿ၊ အကြီးအမှူးဖြစ်သော။ ဇနာဓိပတိရညော၊ လူတို့သနင်း၊ ဇနာဓိပတိမင်း၏။ အဂ္ဂမဟေသိယာ၊ မိဖုရားကြီး၏။ ကုစ္ဆိမှိ၊ ဝမ်း၌။ ပဋိသန္ဓိ၊ ပဋိသန္ဓေကို။ ဂဏှိတွာ၊ ယူ၍။ ဒသမာသစ္စယေန၊ ၁၀-လလွန်သဖြင့်။ မာတုကုစ္ဆိတော၊ မယ်တော်ဝမ်းမှ။ နိက္ခမိတွာ၊ ဖွားမြင်၍။ အဘိလက္ခဏသမ္ပန္နာ၊ လွန်သောလက္ခဏာနှင့် ပြည့်စုံသည်။ အဟောသိ၊ ဖြစ်ပြီ။ က္လဒါနိ၊ ယခု။ တဿာ၊ ထိုမင်းသမီး၏။ ပုညသိရိသမ္ပတ္တိ၊ ဘုန်းကျက်သရေနှင့် ပြည့်စုံခြင်းကို။ ဝဏ္ဏယန္တော၊ ဖွင့်ဆိုချီးမွမ်းလို၍။ အာစရိယော၊ ဆရာသည်။ က္လမာ ဂါထာယော၊ ဤဂါထာတို့ကို။ အဘာသိ၊ မိန့်ဆိုပြီ။

----- x -----

## [၆] မဟာမာယာဘဝ အလှဆုံး လှပ

"တဿာ၊ ထိုမင်းသမီး၏။ လက္ခဏာ၊ လက္ခဏာတို့သည်။ ဝိသုဒ္ဓါ၊ အထူးစင်ကြယ်ကုန်၏။ စိတ္တကတာဝ၊ ဆန်းကြယ်စွာလုပ်၊ ပန်းချီရုပ်ကဲ့သို့။ ဒဿနိယာ၊ ရှုချင်ဖွယ်ရှိကုန်၏။ သမန္တတော၊ ထက်ဝန်းကျင်မှ။ ကဥ္စနဝလ္လိဂစ္ဆာဝ၊ ရွှေနွယ်ရုံကဲ့သို့။ ပဋိဘာဂါ၊ တူသော သဏ္ဍာန်ရှိကုန်၏။

ပဥ္စကလျာဏာသမ္ပန္နာ၊ ကောင်းခြင်း ၅-ပါးနှင့် ပြည့်စုံ၏။ သန္တာ၊ ငြိမ်သက်၏။ ဒန္တာ၊ ယဉ်ကျေး၏။ ဇိတိန္ဒြိယာ၊ အောင်အပ်ပြီးသော ဣန္ဒြေရှိ၏။ ပဥ္စသီလာနိ၊ ၅-ပါးသီလတို့ကို။ သုရက္ခိတာ၊ ကောင်းစွာ စောင့်ရှောက်အပ်ကုန်၏။ ဟတ္ထပါဒါ၊ လက်ဖဝါး, ခြေဖဝါးတို့သည်။ သမတလာ၊ ရွှေခြေနင်းသွင်၊ ညီသောအပြင် ရှိကုန်၏။ နာနာဝဏ္ဏ ပရိပုဏ္ဏာ၊ အထူးထူးသော အဆင်းနှင့် ပြည့်စုံ၏။ အဂ္ဂိဇလီဝ၊ မီးတောက်မီးလျှံကဲ့သို့။ သောဘဏာ၊ တင့်တယ်၏။

တဿာ၊ ထိုမင်းသမီး၏။ ပိဋ္ဌိဥရပဿာ၊ ကျော, ရင်, နံပါးတို့သည်။ ကဥ္စနပဋ္ဋဆာဒိတာ၊ ရွှေပြားခြယ်ကပ်၊ ဖုံးလွှမ်းအပ်သည်နှင့် တူကုန်၏။ စိတ္တလဝုယေ ဥယျာနေ၊ စိတ္တလ မည်မှန်၊ နတ်ဥယျာဉ်၌။ ဇာတာ၊ ပေါက်ရောက်သော။ သုဝဏ္ဏကဒလီဝ၊ ရွှေငှက်ပျောတုံးကဲ့သို့၊ ဒွေဦရူ ပေါင် ၂-ချောင်းတို့သည်။ အတိဘဿရာ၊ လွန်စွာ ချောမွေ့တောက်ပကုန်၏။ ဇဃ်ာ၊ သလုံးမြင်းခေါင်းတို့သည်။ သုဝဏ္ဏခန္ဓသဒိသာ၊ ရွှေတုံးနှင့် အလားတူကုန်၏။ ပါဒတလာ၊ ခြေဖဝါးအပြင်တို့သည်။ သမာ၊ ညီညွတ်ကုန်၏။ သာ၊ ထိုမင်းသမီးသည်။ စတုသဋ္ဌိဝရလက္ခဏာ၊ ခြောက်ဆယ့်လေးဖြာ၊ မြတ်သော လက္ခဏာရှိ၏။

ယာမာ နာမ ဒေဝပုရေ၊ ယာမာမည်သီး၊ နတ်ပြည်ကြီး၌။ မဏိပါသာဒဝရေ ဝသိ၊ ပတ္တမြားမြတ်၊ ဘုံပြာသာဒ်၌၊ နေမှတ်ပျော်မွေ့သော။ အစ္ဆရာကညာဝ၊ နတ်သမီးကဲ့သို့။ တထေဝ၊ ထို့အတူသာလျှင်။ အညဿ၊ သူတပါး၏။ မနောရမာ၊ နှလုံးမွေ့လျော်ဖွယ်ရှိ၏။ တဿာ၊ ထိုမင်းသမီး၏။ မုခံ၊ မျက်နှာသည်။ သရဒပုဏ္ဏစန္ဒောဝ၊ တန်ဆောင်မုန်းအခါ၊ ဝေဟာတက်ထွန်း၊ လပြည့်ဝန်းကဲ့သို့၊ ပရိပုဏ္ဏံ၊ ပြည့်ဖြိုး၏။ ကေသံဝစ္ဆရဇာတာ၊ ဖွား၍ ၁-နှစ်ရှိပြီးသော။ မိဂီဝ၊ သမင်မကဲ့သို့။ နီလဘမုနေတ္တာ၊ မည်းနက်သော မျက်မှောင်, မျက်လုံးရှိ၏။

ကရဝီကသရော ဝိယ၊ ကရဝိက်ငှက်အသံကဲ့သို့။ အတိသုမဓုရဿရာ၊ အလွန်ကောင်းစွာ၊ သာယာသောအသံရှိ၏။ ပဿိတပဿိတာနံ၊ မြင်တိုင်း, မြင်တိုင်းကုန်သော။ နရာနံ၊ လူတို့၏။ ကာယဋ္ဌပိတနယနာ၊ ကိုယ်၌ ထားအပ်သော မျက်စိရှိ၏။

လောကမှိ လူ့ရွာ၌။ ကညာသဒိသာ၊ ထိုသတို့သမီးနှင့် တူကုန်သော မိန်းမတို့သည်။ န ဟောန္တိ၊ မရှိကုန်။ သာ၊ ထိုသတို့သမီးသည်။ သောဘဏာ၊ တင့်တယ်၏။ အစ္ဆရိယာဝဟာ၊ အံ့ဖွယ်သရဲကို ဆောင်၏။ ဗုဒ္ဓဿ၊ ဘုရား၏။ မာတာနုစ္ဆဝိကာ၊ အမိဖြစ်ခြင်းငှာ လျောက်ပတ်၏။

သာ၊ ထိုသတို့သမီးသည်။ လောကာ၊ လူထက်။ အတိက္ကမ္မ၊ လွန်၍။ ဝရသေဋ္ဌ-တရာ၊ အလွန်မြတ်ထွတ် ချီးမွမ်းထိုက်၏။ ဣတိ ဣမာ ဂါထာ၊ ဤဂါထာတို့ကို။ အဘာသိ၊ မိန့်ဆိုပြီ။

တဒါ၊ ထိုအခါ၌။ သော ဇနာဓိပတိရာဇာပိ၊ ထိုလူတို့သနင်း၊ ဒေဝဒဟမင်းသည်လည်း။ သဗ္ဗလက္ခဏပရိပုဏ္ဏံ၊ အလုံးစုံသော မိန်းမလက္ခဏာနှင့် ပြည့်စုံသော။ ကာယရံ-သိဟိ၊ ကိုယ်ရောင်တို့ဖြင့်။ ဇလန္တိ၊ တောက်ပသော။ အတ္တနော ဓီတရံ၊ မိမိသမီးတော်ကို။ ဒိသွာ၊ မြင်၍။ အတိနန္ဒစိတ္တော၊ အလွန်နှစ်သက်သော စိတ်ရှိသည်။ ဟုတွာ၊ ဖြစ်၍။ အတိပိယမနာပေါ၊ အလွန်ချစ်ခင်ဝမ်းမြောက်သည်။ ဟောတိ၊ ဖြစ်ပြီ။ သာ၊ ထိုသတို့သမီးသည်။ ပုဗ္ဗေ၊ ရှေးရှေးဘဝ၌။ ရောပိတသမ္ဘာရာ၊ စိုက်ပျိုးခဲ့ဖူးသော ကုသိုလ်ပါရမီရှိ၏။ ပုညဝန္တာ၊ ဘုန်းရှိ၏။ မဟိဒ္ဓိကာ၊ တန်ခိုးကြီး၏။ ဖုလ္လော၊ ပွင့်လန်းသော။ ပဒုမုတ္တရော၀၊ ပဒုမ္မာကြာပန်းကဲ့သို့။ အဘိဝမိုတသမ္ဘာရာ၊ အလွန်စည်ကား၊ ကြီးပွါးသော အဆောက်အဦရှိ၏။ ပိယာပိယေ၊ ချစ်ဖွယ်တကာတို့ထက် ချစ်ဖွယ်ရှိသော။ ကညာ ရတနေ၊ သမီးရတနာသည်။ အတ္တနော ဂေဟေဝ၊ မိမိနန်းအိမ်၌သာလျှင်။ ဇာယန္တော ဖြစ်ပေါ်လာသည်ရှိသော်။ ပေမံ၊ ချစ်ခြင်းသည်။ ဥပ္ပန္နံ၊ ခဏတ္တယသို့ ရောက်သည်ဖြစ်၍။ ဇာယတော၊ ဖြစ်၏။ ယထာ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ 'ဥဒကေ၊ ရေ၌။ ဥပ္ပလံ ဣဝ၊ ကြာပန်းကဲ့သို့တည်း'။ ဣတိ၊ ဤသို့ မှတ်အပ်၏။

----- × -----

## [ ၇ ] နာမဂဟဏမင်္ဂလာ

တဒါ၊ ထိုအခါ၌။ သော၊ ထိုဒေဝဒဟ၊ ပြည်မသနင်း၊ အဘမင်းသည်။ တဿာ၊ ထိုသမီးတော်၏။ နာမဂ္ဂဟဏဒိဝသေ၊ အမည်မှည့်သောနေ့၌။ သတသဟဿကုမာရိ-ကာယော၊ ၁-သိန်းသော သတို့သမီးတို့ကို။ အာနေတွာ၊ ဆောင်၍။ အတ္တနော၊ မိမိ၏။ ဓီတရံ၊ သမီးတော်ကို။ ပရိဝါရာပေတွာ၊ ခြံရံစေ၍။ လက္ခဏပါဌကေ၊ လက္ခဏာ ဖတ်တတ်ကုန်သော။ ဗြာဟ္မဏေ၊ ပုဏ္ဏားတို့ကို။ ပက္ကောသာပေတွာ၊ ခေါ်စေ၍။ အတ္တနော ဓီတရံ၊ မိမိ၏သမီးတော်ကို။ ဒဿေတွာ၊ ပြ၍။ လက္ခဏာနိ၊ လက္ခဏာတို့ကို။ ဩလောကာပေသိ၊ ကြည့်စေ၏။

တဒါ၊ ထိုအခါ၌။ တိဏ္ဏံ ဝေဒါနံ၊ ဗေဒင် ၃-ပုံတို့၏။ ပါရဂတာ၊ ကမ်းတဖက်သို့ ရောက်ကုန်သော။ ဗြာဟ္မဏာပိ၊ ပုဏ္ဏားတို့သည်လည်း။ သဗ္ဗလက္ခဏပရိပုဏ္ဏံ၊ အလုံးစုံသော

လက္ခဏာနှင့် ပြည့်စုံသော။ ကာယရံသီဟိ၊ ကိုယ်ရောင်တို့ဖြင့်။ အတိဇောတယန္တိ၊ အလွန် တောက်ပသော။ အစ္ဆရိယံ၊ လက်ဖျစ်တတီး၊ အံ့ချီးလောက်သော။ အဗ္ဘုတပုဗ္ဗံ၊ မဖြစ်ဖူးပါ၊ ဖြစ်ပေါ်လာသော။ ပစ္ဆိမတ္တဘာဝေ၊ အလှဆုံးစွန်၊ ကဲလွန်သော ကိုယ်အဖြစ်၌။ ဠိတာ၊ တည် သော။ ဒိနကရကိရဏသမာဂမေန၊ နေရောင်နှင့် ပေါင်းမိခြင်းကြောင့်။ ဝိကသိတာ၊ ပွင့်လန်း သော။ ပဒုမံဣဝ၊ ပဒုမ္မာကြာပန်းကဲ့သို့။ အတ္တနော ကတပုညိဒ္ဓိနာ၊ မိမိပြုအပ်သော ကောင်းမှု တန်ခိုးဖြင့်။ သုဖုလ္လာ၊ ကောင်းစွာပွင့်လန်းသော။ ဒဟရကုမာရိကာ၊ သတို့သမီးငယ်ကို။ ဒိသွာ၊ မြင်၍။ အတိဝဏ္ဏယန္တာ၊ လွန်စွာချီးမွမ်းကုန်သည်ဖြစ်၍။ ဂါထာ၊ ဂါထာတို့ကို။ အာဟံသု၊ ရွတ်ဆိုကြကုန်၏။

----- x -----

## [ ၈ ] မဟာမာယာ အလှရုပ်သွင်နှင့် ပုဏ္ဏားတို့အမြင်

သော၊ ဤသတို့သမီးသည်။ အဟော သုရူပါ၊ ဩော် လွန်စွာ အဆင်းလှပေစွတကား။ နရဩဇဝန္တာ၊ လူတို့ ဩဇာသဖွယ်ရှိ၏။ ဣဒံ ရူပံ၊ ဤအဆင်းသည်။ သတသဟဿပဋိမံ၊ ရွှေချိန် ၁-သိန်းဖြင့် သွန်းလုပ်အပ်သော ရွှေရုပ်ကဲ့သို့တည်း။ ပါဒါ၊ ခြေ ၂-ဖက်တို့သည်။ ဇောတိတာဟိ၊ တောက်ပကုန်သော။ သိရီဟိ၊ ကျက်သရေတို့ဖြင့်။ ဖုလ္လာ၊ ပွင့်လန်းကုန်၏။ ဇင္ဃာ စ၊ ဆံစည်းတို့သည်လည်းကောင်း။ သီသံ၊ ဦးခေါင်းသည်လည်းကောင်း။ ခန္ဓာဝ၊ ပင်စည်ကဲ့သို့။ ဝိသုဒ္ဓါ၊ စင်ကြယ်သန့်ရှင်းကုန်၏။ မဏိကောဝ၊ ပတ္တမြားကဲ့သို့။ ပဘာရ- သေဟိ၊ ရောင်ခြည်ရည်တို့ဖြင့်။ ဇောတေတိ၊ တောက်ပ၏။ သံသာရပါရံ၊ သံသရာ၏ ကမ်းသို့ ကူးသန်းကြောင်းဖြစ်သော။ ပါရမီ၊ ပါရမီကို။ ပူရေန္တော၊ ဖြည့်လျက်။ ပစ္ဆိမတ္တဘာဝေ၊ အလှဆုံးစွန်၊ ကဲလွန်သော အတ္တဘော၌။ ဠိတော၊ တည်သော။ ဝိသုဒ္ဓေါကာယော၊ စင်ကြယ် သောကိုယ်သည်။ ရတနာမယော၊ ရတနာဖြင့် ပြီးသော။ ခန္ဓော ဣဝ၊ ပင်စည်ကဲ့သို့။ ဝိရူဠှော၊ စည်ပင်၏။ ဂန္ဓေဟိ၊ မွှေးပျံ့သော အနံ့တို့ဖြင့်။ သဗ္ဗာဒိသာ၊ ခပ်သိမ်းသောအရပ် မျက်နှာတို့သို့။ ပဝါယတိ၊ လှိုင်ပျံ့၏။

မာတာပိတူနံ၊ မိဘတို့အား။ အတိတ္တာ၊ ရှု၍ မရောင့်ရဲနိုင်။ ယံယံ၊ အကြင်အကြင် မိန်းမတို့ လက္ခဏာသည်။ အတ္ထိ၊ ရှိ၏။ တံ သမ္ပန္နံ၊ ထိုထို မိန်းမတို့လက္ခဏာနှင့် ပြည့်စုံသော သူကို။ အဆ္ဆေရံ ဧဝ၊ အံ့ဖွယ်သာလျှင်ဖြစ်သော။ နာရီ ရတနဝရံ၊ မိန်းမရတနာမြတ်-ဟူ၍။ ပေါရာဏာ၊ ရှေး၌ ဖြစ်ကုန်သော။ ယေ ဗြာဟ္မဏာ၊ တတ်သိဗေဒင်၊ အကြင်ပုဏ္ဏားတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ ဗြာဟ္မဏာ၊ ထိုပုဏ္ဏားတို့သည်။ သစ္စံ၊ မှန်သောစကားကို။ ဧဝံ၊ ဤသို့။ အာဟံသု ကိရ၊ ဆိုပေကုန်သတတ်။ "ဣဒါနိ၊ ယခု။ ဧတံ

ရတနဝရံ၊ ဤသမီးရတနာမြတ်ကို။ ပဿ၊ ရှုစမ်းပါလော့"။ ဣတိ ဣမာ၊ ဤဂါထာတို့ကို။ အာဟံသု၊ ဆိုကြကုန်၏။

ဗြာဟ္မဏာ၊ ပုဏ္ဏားတို့သည်။ ဣမာဟိ ဂါထာဟိ၊ ဤဂါထာတို့ဖြင့်။ ကုမာရိ၏ သတို့သမီးကို။ ဝဏ္ဏေတွာ၊ ချီးမွမ်းကုန်ပြီး၍။ ရညော၊ ဒေဝဒဟမင်းအား။ အာရောစယိံသု၊ တင်လျှောက်ကုန်၏။ "ဒေဝ၊ အရှင်မင်းမြတ်။ တုမှာကံ၊ အရှင်မင်းမြတ်တို့၏။ ဓီတာ၊ သမီးတော်သည်။ အဘိရူပါ၊ အလွန်အဆင်းလှသည်။ ဟောတိ၊ ဖြစ်၏။ ဒေဝလောကေ ဝါ၊ နတ်ပြည်၌လည်းကောင်း။ မနုဿလောကေ ဝါ၊ လူ့ပြည်၌လည်းကောင်း။ သဗ္ဗာကုတ္တိ၊ ခပ်သိမ်းကုန်သော မိန်းမတို့သည်။ အသဒိသာ၊ မတူနိုင်ကုန်။ စတုသဋ္ဌိလက္ခဏပုဏ္ဏာ၊ ၆၄-ပါးသော လက္ခဏာနှင့် ပြည့်စုံသော။ ဧသာ ရတနကညာ ဣဝ၊ ဤသမီးရတနာကဲ့သို့။ အဝီစိတော၊ အဝီစိမှ။ ယာဝ ဘဝဂ္ဂါ၊ ဘဝဂ်တိုင်အောင်။ နာဟောသိ၊ မရှိပေ။ ဧတိဿာ၊ ဤသမီးရတနာ၏။ အာနုဘာဝေန၊ အာနုဘော်ကြောင့်။ တိဝိဓသုခ သမ္ပတ္တိလာဘာ၊ ၃-ပါး အပြားရှိသော သုခသမ္ပတ္တိကို ရကုန်သည်။ ဟောထ၊ ဖြစ်ရကုန်လတ္တံ့"။ ဣတိ၊ ဤသို့။ အာရောစယိံသု၊ တင်လျှောက်ကြကုန်၏။

----- × -----

## [ ၉ ] 'ဗုဒ္ဓမာတာဖြစ်မည်'အဟောနှင့် 'သိရိမဟာမာယာ'မှည့်ပုံ

ရာဇာပိ၊ အဘမင်းကလည်း။ "ဧသာ၊ ထိုငါ၏ သမီးတော်သည်။ ဣမသ္မိံ လောကေ၊ ဤလူ့ရွာ၌။ စက္ကရတနာဓိပတိစက္ကဝတ္တိရညော၊ စကြာရတနာကို အစိုးရသော စကြာဝတေးမင်း၏။ ပိယာ၊ ချစ်အပ်သော။ မနာပါ၊ နှလုံးကို ပွါးစေတတ်သော။ အဂ္ဂမဟေသီ၊ မိဖုရားမြတ်ခေါင်သည်။ ဘဝိဿတိ နုခေါ၊ ဖြစ်မည်လော။ ဥဒါဟု၊ ထိုသို့ မဖြစ်မူ။ ဧတိဿာ၊ ထိုသမီးတော်၏။ ဂဗ္ဘတော၊ ဝမ်းမှ။ နိက္ခန္တကုမာရော၊ ဖွားသော မင်းသားသည်။ သဗ္ဗသတ္တာနံ၊ ခပ်သိမ်းသော သတ္တဝါတို့အား။ နိဗ္ဗာနသုခဒဒေါ၊ နိဗ္ဗာန်ချမ်းသာကို ပေးစွမ်းနိုင်သော။ သမ္မောဓိပဋိဝိဇ္ဈိတော၊ ထိုးထွင်း၍ သိအပ်ပြီး အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ရှိသော။ သဗ္ဗညုဗုဒ္ဓေါ၊ သဗ္ဗညုဘုရားသည်။ ဘဝိဿတိ နုခေါ၊ ဖြစ်မည်လော"။ ဣတိ ပုစ္ဆိ၊ ဤသို့ မေး၏။

"ဒေဝ၊ မင်းမြတ်။ တုမှာကံ၊ အရှင်မင်းမြတ်တို့၏။ ဓီတာ၊ သမီးတော်သည်။ ဗုဒ္ဓဿ မာတာ၊ ဘုရားမယ်တော်သည်။ ဘဝိဿတိ၊ ဖြစ်ပါလတ္တံ့။ သစ္စမေဝ၊ မချွတ်စင်စစ်ပင်တည်း"။ ဣတိ၊ ဤသို့။ ဗျာကရိံသု၊ နိမိတ်ဖတ်ကြားကုန်၏။

တံ၊ ထိုစကားကို။ သုတွာ၊ ကြား၍။ ရာဇာ၊ ဖခင်မင်းစောသည်။ ဘိယျောသော မတ္တာယ၊ အတိုင်းထက်အလွန်။ တုဋ္ဌစိတ္တော၊ နှစ်သက်သော စိတ်ရှိသည်။ ဟုတွာ၊ ဖြစ်၍။ သတ္တရတနခစိတာ၊ ရတနာ ၇-ပါးဖြင့် စီအပ်ကုန်သော။ ရတနဒေါဠာ၊ ရတနာပုခက်တို့ကို။ ကာရာပေတွာ၊ ပြုစေ၍။ သုန္ဒရနက္ခတ္တဥဋ္ဌာရေန၊ ပြန့်ပြောကောင်းမြတ်သော နက္ခတ် အခါဖြင့်။ မဟာဥဿဝမင်္ဂလံ၊ ပွဲကြီးမင်္ဂလာကို။ ကာရေတွာ၊ ပြုစေသောကြောင့်။ တဿာ၊ ထိုသမီးတော်၏။ အတိသိရီမယပဘာယ၊ လွန်သော အသရေဖြင့်ပြီးသော အရောင်အဝါ ဖြင့်။ သိရီသောဘဂ္ဂပတ္တတာ၊ မြတ်သော အသရေတင့်တယ်ခြင်းသို့ ရောက်သောအဖြစ် သည်။ ဟောတိ၊ ဖြစ်၏။

တေန၊ ထို့ကြောင့်။ အဿာ၊ ထိုမင်းသမီး၏။ သိရီမဟာမာယာတိ နာမံ၊ သိရီ-မဟာမာယာ-ဟူသော အမည်ကို။ အကံသု၊ မှည့်ကြကုန်၏။

တဒါ၊ ထိုအခါ၌။ သာပိ၊ ထိုသိရီမဟာမာယာမင်းသမီးသည်လည်း။ မဟာပရိဝါ-ရေန၊ များစွာသော အခြံအရံဖြင့်။ ဝဍ္ဎိတွာ၊ ကြီးပွါး၍။ သောဠသဝဿိကကာလေ၊ ၁၆-နှစ် အရွယ်ရှိသောအခါ၌။ နဂရမဇ္ဈေ၊ မြို့လယ်၌။ အဘိတုင်္ဂပဗ္ဗတမတ္ထကေ၊ အလွန်မြင့်သော တောင်ထိပ်၌။ ဇေဇာလာသမာဟိတာ၊ တခဲနက်တောက်လျက် ငြိမ်သက်ကုန်သော။ သဗ္ဗဒိသာဟိ၊ အရပ်ထက်ဝန်းကျင်တို့မှ။ ပါကဋ္ဌာ၊ ထင်ရှားကုန်သော။ ဇလိတဂ္ဂိကလာပါ ဝိယ၊ တောက်ပလျှံငြီး၊ မီးပုံကြီးတို့ကဲ့သို့။ နိက္ခန္တသရီရပ္ပဘာယ၊ ထွက်သော ကိုယ်ရောင်, ကိုယ်ဝါဖြင့်။ ဇလမာနာ၊ တောက်ပလျက်။ ဥတ္တမရူပဓရာ၊ မြတ်သောအဆင်းကို ဆောင် သည်။ အဟောသိ၊ ဖြစ်ပြီ။

----- x -----

## [ ၁၀ ] ကောဏ္ဍညဖခင် ပုဏ္ဏားကြီး အိပ်မက်အဖြေဟောခန်း

တဒါ၊ ထိုအခါ၌။ သော၊ ထိုပုဏ္ဏားကြီးသည်။ ရညော၊ မင်း၏။ ဒိဋ္ဌသုပိနံ၊ မြင်သော အိပ်မက်ကို။ ပရိဂ္ဂဏှိတွာ၊ စုံစမ်းဆင်ခြင်၍။ အတ္တနော၊ မိမိ၏။ ဒိဗ္ဗစက္ခုနာ ဝိယ၊ ဒိဗ္ဗစက္ခု ဖြင့် မြင်သကဲ့သို့။ ရညော၊ မင်းအား။ ဗျာကာသိ၊ ဖတ်ကြား၏။

"ဒေဝ၊ အရှင်မင်းမြတ်။ တုမှာကံ၊ အရှင်မင်းမြတ်တို့၏။ ပုတ္တေန သိရီသုဒ္ဓေါဒန-ကုမာရေန၊ သားတော် သိရီသုဒ္ဓေါဒနမင်းသားနှင့်။ သဒ္ဓိံ၊ အတူ။ အဘိသေကာတဗ္ဗံ၊ အဘိသိက်သွန်းထိုက်သော။ သဗ္ဗလက္ခဏ ပရိပုဏ္ဏံ၊ အလုံးစုံသော လက္ခဏာနှင့် ပြည့်စုံ သော။ ပဉ္စကလျာဏကုမာရိံ ကေသာ,မံသ၊ ဝယ,အဋ္ဌိ၊ ဆဝိအပြား၊ ကလျာ ၅-ပါးရှိသော

သတို့သမီးကို။ လဘိတွာ၊ ရ၍။ အဒ္ဓ ဗြာဟ္မဏာ၊ ပုဏ္ဏား ၈-ယောက်တို့သည်။ က္ကဒါနိ၊ ယခု။ အာဂတာ၊ လာကုန်ပြီ"။ က္ကတိ၊ ဤသို့။ ဗျာကာသိ၊ ဖတ်ကြား၏။ တံ၊ ထိုစကားကို။ သုတွာ၊ ကြား၍။ ရာဇာ၊ မင်းသည်။ "အမ္ဘော ဗြာဟ္မဏ၊ အို-ပုဏ္ဏား။ တေ၊ ထိုပုဏ္ဏား ၈-ယောက်တို့သည်။ ပရိပုဏ္ဏလက္ခဏကုမာရိ၊ ပြည့်စုံသော လက္ခဏာရှိသော သတို့သမီးကို။ သစေ လဘန္တိ၊ အကယ်၍ ရကုန်သည်ဖြစ်အံ့။ မယ့်၊ ငါ့အား။ ကော ဂုဏော၊ အဘယ် ကျေးဇူးသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့နည်း"။ က္ကတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။

"ဒေဝ၊ အရှင်မင်းမြတ်။ သာ၊ ထိုသတို့သမီးသည်။ နိဗ္ဗာနသုခဒါန သမတ္ထသဗ္ဗညု-ဗုဒ္ဓဿ၊ နိဗ္ဗာန်ချမ်းသာကို ပေးစွမ်းနိုင်သော သဗ္ဗညုဘုရား၏။ မာတာ၊ မယ်တော်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့"။ က္ကတိ၊ ဤသို့။ အာဟ၊ ဆို၏။

ရာဇာ၊ မင်းသည်။ တံ၊ ထိုစကားကို။ သုတွာ၊ ကြား၍။ အဒ္ဓ ဗြာဟ္မဏာ၊ ပုဏ္ဏား ၈-ယောက်တို့သည်။ ကဒါ၊ အဘယ်အခါ၌။ မမ သန္တိကံ၊ ငါ၏အထံသို့။ ပါပုဏိဿန္တိ၊ ရောက်ကုန်လတ္တံ့နည်း"။ က္ကတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။ "ဒေဝ၊ အရှင်မင်းမြတ်။ တေ အဒ္ဓ ဗြာဟ္မဏာ၊ ထိုပုဏ္ဏား ၈-ယောက်တို့သည်။ က္ကဒါနိကာလမေဝ၊ ယခုကာလ၌ပင်။ ပါပု-ဏိဿန္တိ၊ ရောက်ပါကုန်လတ္တံ့။ တသ္မာ၊ ထိုသို့ ရောက်လုနီးသောကြောင့်။ သုပိနံ၊ အိပ်မက်ကို။ ပဿထ၊ မြင်မက်ပါကုန်သတည်း"။ က္ကတိ၊ ဤသို့။ အာဟ၊ လျှောက်၏။

----- x -----

## [ ၁၁ ] ပုဏ္ဏား ၈-ယောက် ပြန်ရောက်လာကြပုံ

တံ၊ ထိုစကားကို။ သုတွာ၊ ကြား၍။ ရာဇာ၊ မင်းသည်။ အတိတုဋ္ဌစိတ္တော၊ အလွန်နှစ်သက်သော စိတ်ရှိသည်။ အဟောသိ၊ ဖြစ်ပြီ။ တသ္မိံ၊ ထိုသီဟဟနုမင်းသည်။ ဗြာဟ္မဏေန၊ ပုဏ္ဏားနှင့်။ သဒ္ဓိံ၊ တကွ။ ကထေန္တေ ယေဝ၊ စကားဆိုစဉ်သာလျှင်။ အဒ္ဓ ဗြာဟ္မဏာပိ၊ သံတမန်သွားကုန်သော ပုဏ္ဏား ၈-ယောက်တို့သည်လည်း။ ပဏ္ဏာကာရေဟိ၊ လက်ဆောင်တော်တို့နှင့်။ သဒ္ဓိံ၊ တကွ။ အာဂမိံသု၊ လာကြကုန်၏။ တဒါ၊ ထိုအခါ၌။ သီဟဟနုရာဇာ၊ သီဟဟနုမင်းသည်။ ပုဗ္ဗဒိသာဘာဂေ၊ အရှေ့မျက်နှာအဖို့သို့။ ဩလော-ကေန္တော၊ ကြည့်သည်ရှိသော်။ ပဏ္ဏာကာရံ၊ လက်ဆောင်တော်ကို။ ဒသေတုံ၊ ပြခြင်းငှာ။ အာဂတေ၊ လာလတ်ကုန်သော။ အဒ္ဓ ဗြာဟ္မဏေ၊ ပုဏ္ဏား ၈-ယောက်တို့ကို။ ဒိသွာ၊ မြင်၍။ အတိတုဋ္ဌမာနသော၊ အလွန်နှစ်သက်သောစိတ် ရှိသည်။ ဟုတွာ၊ ဖြစ်၍။ "အဟော လာဘော ဝတ၊ ဩော် အရတော်စွတကား"။ က္ကတိ၊ ဤသို့။ အာဟ၊ ဆို၏။

ဗြာဟ္မဏာပိ၊ ပုဏ္ဏားတို့သည်လည်း။ ရညော၊ မင်း၏။ သန္တိကံ၊ အထံသို့။ ဥပသင်္က-မိတွာ၊ ကပ်၍။ ပဏ္ဏာကာရံ၊ လက်ဆောင်တော်ကို။ ဒဿေသုံ၊ ပြကုန်၏။ ရာဇာပိ၊ မင်းသည်လည်း။ ပဏ္ဏာကာရံ၊ လက်ဆောင်ကို။ ဩလောကေန္တော၊ ကြည့်လတ်သော်။ နာနပ္ပကာရံ၊ အထူးထူး အပြားပြားသော။ ရတနပဏ္ဏာကာရံ၊ ရတနာလက်ဆောင်ကို။ ဒိသွာ၊ မြင်၍။ "အယံ ပဏ္ဏာကာရော၊ ဤလက်ဆောင်သည်။ အနဂ္ဃော၊ အဖိုးအတိုင်းမသိ ထိုက်၏။ ဧတေ အဋ္ဌ ဗြာဟ္မဏာ၊ ထို ၈-ယောက်သော ပုဏ္ဏားတို့သည်။ အဓိပတိရညော၊ အစိုးရမင်း၏။ ဓီတရံ၊ သမီးဖြစ်သော။ သဗ္ဗလက္ခဏပရိပုဏ္ဏကုမာရိံ၊ အလုံးစုံသောလက္ခဏာနှင့် ပြည့်စုံသောသတို့သမီးကို။ လဘန္တိ နနု၊ ရခဲ့လေသလော"။ ဣတိ၊ ဤသို့။ စိန္တေသိ၊ ကြံ၏။

တေသံ၊ ထိုပုဏ္ဏားတို့အား။ ထောကံ၊ အတန်ကြာ။ နိသိန္နကာလေ၊ ထိုင်နေသော ကာလ၌။ ဧဝံ ပုစ္ဆိ၊ ဤသို့ မေး၏။ "အမ္ဘော ဗြာဟ္မဏာ၊ အို ပုဏ္ဏားတို့။ တုမှေ၊ သင်တို့သည်။ စရိတွာ၊ လှည့်လည်၍။ ဝရကညံ၊ မြတ်သော သတို့သမီးကို။ လဘထ ကိံ၊ ရခဲ့ကုန်၏လော"။ ဣတိ ဧဝံ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။ အဋ္ဌ ဗြာဟ္မဏာပိ၊ ပုဏ္ဏား ၈-ယောက်တို့သည်လည်း။ ရညာ၊ မင်းသည်။ ပုစ္ဆိတကာလေ၊ မေးသောကာလ၌။ အတိသုမနစိတ္တာ၊ အလွန်ဝမ်းမြောက်သော စိတ်ရှိကုန်သည်။ ဟုတွာ၊ ဖြစ်၍။ ဧဝံ၊ ဤသို့။ အာဟံသု၊ လျှောက်ဆိုကုန်၏။

----- x -----

## [ ၁၂ ] မဟာမာယာ၏ အလှဂုဏ်ဝေ ကျက်သရေ

"ဒေဝ၊ အရှင်မင်းကြီး။ တုမှာကံ၊ အရှင်မင်းကြီးတို့၏။ အတ္တာယ၊ အကျိုးငှာ။ မယံ၊ ကျွန်တော်မျိုးတို့သည်။ သကလဇမ္ဗူဒီပံ၊ ဇမ္ဗူနယ်ဆုံး၊ ကျွန်းအလုံးသို့။ ဂန္တွာ၊ လှည့်လည် ရောက်ပေါက်၍။ စတုရာသီတိနဂရသဟဿေ၊ ၈၄,၀၀၀-သောမြို့တို့သို့။ ပဝိသိတွာ၊ ဝင်၍။ ရာဇဝံသေ စ၊ မင်းမျိုးမင်းနွယ်၌လည်းကောင်း။ သေနာပတိဝံသေ စ၊ စစ်သူကြီးမျိုးနွယ်၌ လည်းကောင်း။ သေဋ္ဌိဝံသေ စ၊ သူဌေးမျိုးနွယ်၌လည်းကောင်း။ ဩလောကေန္တာပိ၊ ကြည့်ရှု ပါကုန်သော်လည်း။ ဝရရတနကညံ၊ သမီးရတနာမြတ်ကို။ န ပဿာမ၊ မတွေ့မမြင်ရပါကုန်။

အမှေသု၊ အကျွန်ုပ်တို့သည်။ နိဝတ္တန္တေသု၊ ပြန်လည်ခဲ့ကုန်သည်ရှိသော်။ ဒေဝဒဟ-ပုရေ၊ ဒေဝဒဟပြည်၌။ ဇနာဓိပတိရညော၊ ဇနာဓိပတိမင်း၏။ ဓီတရံ သိရိမဟာမာယံ၊ သမီးတော် သိရိမဟာမာယာကို။ ပဿာမ၊ တွေ့မြင်ပါကုန်၏။

သာ၊ ထိုသိရီမဟာမာယာမင်းသမီးသည်။ စတုသဋ္ဌိလက္ခဏာ ပဥ္စကလျာဏာသမန္နာဂတာ၊ ခြောက်ဆယ့်လေးဖြာ၊ လက္ခဏာအပြား, ကောင်းခြင်း ၅-ပါးနှင့် ပြည့်စုံ၏။ တဿာ၊ ထိုမင်းသမီး၏။ ဒွေပါဒတလာ၊ ခြေဖဝါးအပြင် ၂-ဖက်တို့သည်။ ပဥ္စပဒုမသင်္ခစက္ကဝရသတ္တမဟာ ဇလမာလာပရိပုဏ္ဏာ စကော်ဋ္ဌကစတုမဟာဒီပဒွိသဟဿခုဒ္ဒကဒီပပရိဝါရ နာနာရူပပဋိမဏ္ဍိတာ၊ ကြာမျိုး ၅-ရပ်၊ ခရုပတ်လက်ယာ၊ စကြာမွန်ရည်၊ ခုနစ်မည်အိုင်၊ ဝေမြိုင်ပန်းတောင်း၊ ကျွန်းခေါင်း ၄-သွယ်၊ ကျွန်းငယ်နှစ်ထောင်၊ ရစ်မြှောင်ရန်ဆွယ်၊ ထူးလယ်သော ရုပ်ပုံသဏ္ဍာန်တို့ဖြင့် တန်းဆာဆင်အပ်ကုန်၏။ စန္ဒသူရိယနက္ခတ္တနာနာရူပပရိပုဏ္ဏာ၊ လ,နေ,နက္ခတ်၊ ထူးမြတ်သော ရုပ်ပုံတို့နှင့် ပြည့်စုံကုန်၏။

ယုဂန္ဓရပဗ္ဗတမတ္ထကေ၊ ယုဂန္ဓိုရ်တောင်ထိပ်၌။ ဂစ္ဆန္တာ ဝိယ၊ သွားကုန်သော နေ,လ တို့ကဲ့သို့။ ဝရရတနကညာ၊ သမီးရတနာမြတ်သည်။ သဒေဝလောကေ၊ နတ်နှင့်တကွသော လူ၌။ အသဒိသာဝ၊ အတူမရှိသည်သာတည်း"။ က္လတိ ဇဝ်၊ ဤသို့။ အာဟံသု၊ ဆိုကုန်၏။

တံ၊ ထိုစကားကို။ သုတွာ၊ ကြား၍။ သီဟဟနုရာဇာ၊ သီဟဟနုမင်းသည်။ အတိသုမနစိတ္တော၊ အလွန်ဝမ်းသာသော စိတ်ရှိသည်ဖြစ်၍။ အဗ္ဘန္တရေ၊ ကိုယ်တွင်း၌။ ပီတိ၊ နှစ်သက်ခြင်းကို။ ဇနေသိ၊ ဖြစ်စေ၏။ သော၊ ထိုသီဟဟနုမင်းသည်။ ပုနာပိ၊ တဖန်လည်း။ ဗြာဟ္မဏေ၊ ပုဏ္ဏားတို့ကို။ ပုစ္ဆိ၊ မေးပြန်၏။ "အမ္ဘော ဗြာဟ္မဏာ၊ အိုပုဏ္ဏားတို့။ ဇနာဓိပတိရညော၊ ဇနာဓိပတိမင်း၏။ ပရိဝါရာ၊ အခြံအရံဖြစ်ကုန်သော။ ဟတ္ထိ အဿော စ၊ ဆင်,မြင်းသည်လည်းကောင်း။ ဘောဂသမ္ပတ္တိ စ၊ စည်းစိမ်ပြည့်စုံခြင်းသည်လည်းကောင်း။ ကိတ္တကာ၊ အဘယ်မျှရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်သနည်း"။ က္လတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။

တေပိ၊ ထိုပုဏ္ဏားတို့သည်လည်း။ ဇနာဓိပတိရညော၊ ဇနာဓိပတိမင်း၏။ သမ္ပတ္တိ၊ စည်းစိမ်ကို။ တဿ၊ ထိုအရှင်မင်းအား။ အာရောစေန္တာ၊ တင်လျှောက်လိုကုန်သည်ဖြစ်၍။ က္လမာ ဂါထာယော၊ ဤဂါထာတို့ကို။ အာဟံသု၊ ဆိုကြကုန်၏။ "ရာဇ မင်းမြတ်။ သကျဝံသိဿရော၊ သာကီဝင်မင်းမျိုးကို အစိုးရသော။ နာထော၊ ပြည်သူတို့၏ ကိုးကွယ်ရာ ဖြစ်သော။ တုဝံ၊ အရှင်မင်းမြတ်သည်လည်း။ မဟိဒ္ဓိကော၊ ကြီးမားသော တန်ခိုးရှိပေ၏။ ဇနာဓိပေါ၊ လူတို့ကို အစိုးရသော။ သောပိ ရာဇာ၊ ထိုဒေဝဒဟမင်းသည်လည်း။ ပုညဝန္တော၊ ဘုန်းရှိ၏။ မဟိဒ္ဓိကော၊ ကြီးမားသောတန်ခိုးရှိ၏။

ဒေဝဒဟံ မဟာပုရံ၊ ဒေဝဒဟပြည်ကြီးသည်။ သတ္တပါကာရမတ္ထကဒွါရဋ္ဋာလကယုတ္တံ၊ မြို့ရိုး ၇-ထပ်၊ ထက်ရပ်ဆောက်ထား၊ တံခါးပြအိုး ပြာသာဒ်နှင့် ယှဉ်၏။ ပရိက္ခာသတ္တဂမ္ဘီရံ၊ နက်သောကျုံး ၇-တန်ရှိ၏။ ဟေမရုက္ခံ၊ ရွှေသည်တိုင် စိုက်ထသော။ ဇလန္တိ က္လဝ၊

တောက်လောင်ဘနန်းရှိထသော။ ပရိဝါရံ ဝန်းကျင်ဘုံဆောင်၊ စီမြှောင်ခြံရံအပ်ထသော။ သုဒ္ဓရံသီဝိမာနကံ၊ သန့်ရှင်းခြည်လျှံ နန်းဗိမာန်-ဟု ဆိုအပ်သော။ ပါသာဒဥ္စ၊ ပြာသာဒ်သည်လည်း။ နဂရမဇ္ဈံ၊ မြို့လယ်၌ တည်သည်ဖြစ်၍။ သောဘတိ၊ တင့်တယ်၏။ တဿ၊ ထိုဒေဝဒဟ၊ ပြည်မသနင်း၊ ညီတော်မင်း၏။ မဟာသူရာ၊ သူရဲကြီးတို့သည်။ နဝကောဋိ၊ ၉-ကုဋေတို့တည်း။ ဟတ္ထိနော၊ ဆင်တို့သည်။ ပဉ္စကောဋိ၊ ၅-ကုဋေတို့တည်း။ ဝရအဿာ၊ မြင်းကောင်း, မြင်းမြတ်တို့သည်။ သတ္တကောဋိ၊ ၇-ကုဋေတို့တည်း။ ဗလာ၊ ဗိုလ်ပါစစ်သည်တို့ကား။ အနပ္ပကာ၊ အတိုင်းမသိ များကုန်၏။ ဓနုဂ္ဂဟာ၊ လေးသမားတို့သည်။ စတုရာသီတိ၊ ၈၄,၀၀၀-တည်း။ ကောဠာဂါရာ၊ ကျီကျတို့သည်။ အနပ္ပကာ၊ အတိုင်းမသိ များကုန်၏။

ဒါသဒါသီ၊ ကျွန်ယောကျာ်း, ကျွန်မိန်းမတို့သည်။ ဂဏိတုံ စ၊ ရေတွက်ခြင်းငှာလည်း။ အဇာနတော၊ မသိခြင်းကြောင့်။ အနန္တာဝ၊ အဆုံးမရှိကုန်သလျှင်ကတည်း။ အန္တော-ဗဟိမဟာဂါမော၊ မြို့တွင်း, မြို့ပဖြစ်သော ရွာကြီးသည်။ ဝိသာလော၊ ကျယ်ဝန်း၏။ အတိ-ဗဟုကော၊ အလွန်များပြား၏။ ဂါမံအန္တော၊ မြို့တွင်းရွာ၌။ စတုကောဋိသေဋ္ဌိနော၊ သူဌေး ၄-ကုဋေတို့သည်။ ဝသန္တာ၊ နေကုန်သည်။ အဟု၊ ဖြစ်ကုန်ပြီ။

ဗဟိပူရေ မြို့ပရွာ၌။ ပဉ္စကောဋိ ဝိသာလကာ၊ သူကြွယ် ၅-ကုဋေတို့သည်။ တိဋ္ဌန္တိ၊ တည်ကုန်၏။ ဗဟုဓညော၊ များသော စပါးရှိသော။ ဇနပဒေါ စ၊ ဇနပုဒ်ရွာငယ်သည်လည်းကောင်း။ နိဂမော စ၊ နိဂုံးရွာကြီးသည်လည်းကောင်း။ ဗဟုတရော၊ အလွန်များပြား၏။ ဥယျာနခေတ္တရမ္မဏံ၊ ဥယျာဉ်လယ်တို့ဖြင့် ပျော်ဖွယ်ကောင်းသော။ တာဝတိံသံ ဒေဝပုရံ၊ တာဝတိံသာ၊ နတ်မင်းရွာကဲ့သို့။ ရမ္မဏိယံ၊ မွေ့လျော်ဖွယ်ရှိသော။ သမံ တလံ၊ စည်မျက်နှာသို့ ညီညာသော မြေပြင်ရှိသော။ ဌာနံ၊ ဒေဝဒဟပြည်ရပ်ကို။ မယံ၊ ကျွန်တော်မျိုးတို့သည်။ ဩလောကေမ၊ ကြည့်ရှုခဲ့ပါကုန်၏။

သာပိ နဒီ၊ ထိုတိုင်းခွင်သို့ စီးဝင်သော မြစ်သည်လည်း။ မဟာနဒီ၊ ကြီးကျယ်သော မြစ်တည်း။ သုပတိတ္ထာ၊ ကောင်းသော ဆိပ်ရှိ၏။ ပန္တိ မာလာ၊ ကမ်းနားတလျှောက်၊ ပေါက်ရောက်သော တောပန်းအစဉ်ရှိ၏။ ဗဟုကာ၊ များစွာကုန်သော။ မာဏဝါ စ၊ လုလင်ပျိုတို့သည်လည်းကောင်း။ ဓီတာ စ၊ သတို့သမီးပျိုတို့သည်လည်းကောင်း။ ရတ္တိန္ဒိဝံ၊ နေ့,ညဉ့်မပြတ်။ တတ္ထ၊ ထိုမြစ်ကြီး၌။ ကီဠန္တကာ၊ ကစားပျော်မြူးကြကုန်၏။ ဇနိန္ဒ၊ လူတို့ဥက္ကဌ်၊ ရှင်မင်းမြတ်။ ဧတံ နဂရံ၊ ဒေဝဒဟ၊ နာမထူးလည်၊ ထိုမင်းပြည်သည်။ သုဘိက္ခံ၊ ဝပြောသာယာ၏။ သုရမ္မံ၊ အလွန်မွေ့လျော်ဖွယ်ရှိ၏။ ခေမံ၊ ဘေးငြိမ်းချမ်း၏။

တတြ၊ ထိုဒေဝဒဟပြည်၌။ ဇာတနရိန္ဒဿ၊ ဖြစ်ပွါးသော မင်း၏။ ဓီတရာ၊ သမီး-တော်သည်။ မဟာမာယာတိ မဟာမာယာ နာမ၊ မဟာမာယာမည်၏။ ဒေဝလောကေ၊

နတ်ပြည်၌လည်းကောင်း။ ဣဓာပိ စ၊ ဤလူ့ပြည်၌လည်းကောင်း။ သဗ္ဗနာရီ၊ ခပ်သိမ်းသော မိန်းမတို့သည်။ အသဒိသာ၊ မတူနိုင်ကုန်။ ဧသာ၊ ဤသို့သဘောရှိသော မိန်းမကို။ နော အမှေဟိ၊ အကျွန်ုပ်တို့သည်။ န ဒိဋ္ဌပုဗ္ဗာ၊ ရှေး၌ မမြင်အပ်စဘူးပါ။ မဟာပုညာတိ၊ ဘုန်းကြီးသည်-ဟူ၍။ ပါကဋ္ဌာ၊ ကြေညာထင်ရှား၏။ ဧသာ ကညာ၊ ဤသတို့သမီးသည်။ ဣတ္ထိရတနံ နာမ၊ မိန်းမရတနာ မည်၏။ အမှေ၊ အကျွန်ုပ်တို့သည်။ သကလဇမ္ဗူဒီပမှို၊ ဇမ္ဗူဒိပ်ကျွန်းအလုံး၌။ န ဒိဋ္ဌကာ၊ မမြင်မတွေ့ခဲ့ပါကုန်။

ဒေဝလောကေ၊ နတ်ပြည်၌။ သုဇာတာဝ၊ သုဇာတာနတ်သမီးကဲ့သို့။ သတသဟဿကညာယော၊ ၁-သိန်းသော သတို့သမီးတို့သည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ပရိဝါရေန္တိ၊ ခြံရံကုန်၏။ ရတ္တိကာလေ၊ ညဉ့်မိုက်ခါ၌။ ပဗ္ဗတဂ္ဂေ၊ တောင်ဖျား၌။ ဇလန္တကော၊ ပြောင်ပြောင်တောက်ပသော။ ကလာပဂ္ဂိ ဝိယ၊ မီးပုံစုကဲ့သို့။ သဗ္ဗဒိသကော၊ ရပ်ထက်ဝန်းကျင်၌။ သောဘတိ၊ တင့်တယ်၏။ ဧဝံ ဤဒိသာ၊ ဤသို့သော သဘောရှိသောမိန်းမကို။ သကလဇမ္ဗူဒီပမှို၊ ဇမ္ဗူဒီပအလုံး၌။ န ဒိဋ္ဌာ၊ မမြင်ဘူးပါ။

တာဝတိံသေ ဒေဝပုရေ၊ ဝတိံသာမည်၊ နတ်ပြည်၌။ ကီဠန္တနန္ဒနုပမေ၊ နတ်သမီး, နတ်သား၊ ကစားပျော်စံ၊ နန္ဒဝန်ဥယျာဉ်နှင့်တူသော။ ဥယျာနေဝ၊ ဥယျာဉ်၌သာလျှင်။ ကီဠန္တာ စ၊ ကစားလျက်လည်း။ ဒိဋ္ဌ မတ္တာမုတ္တကရာ၊ မြင်ကာမျှဖြင့် ယစ်မူးရူးသွပ်အောင် ပြုတတ်၏။ ဇောတယန္တော၊ တောက်ထွန်းသော။ မဏီဝ၊ ပတ္တမြားကဲ့သို့လည်းကောင်း။ နာနာရတနဖုလ္လိတော၊ အထူးထူးသော ရတနာတို့ဖြင့် ပွင့်လန်းသော။ ကပ္ပရုက္ခော ဝိယ၊ ပဒေသာပင်ကဲ့သို့လည်းကောင်း။ သြဘာသော၊ ထိုမင်းသမီး၏ ကိုယ်ရောင်သည်။ သဗ္ဗဒိသကော၊ ၁၀-ရပ်မျက်နှာ၌။ ဇလန္တော၊ တောက်ပထွန်းလင်း၏။ လက္ခမတ္တနာရိမဇ္ဈေ၊ ၁-သိန်းမျှသော မိန်းမတို့အလယ်၌။ အဂ္ဂိရာသိဝ၊ မီးပုံစုကဲ့သို့။ ဇောတိကာ၊ ထွန်းပ၏။ သဗ္ဗတာရာဂဏမဇ္ဈေ၊ အလုံးစုံသော ကြယ်ပေါင်းအလယ်၌။ တာရရာဇာဝ၊ ကြယ်မင်းကဲ့သို့။ ဇောတိကာ၊ ထွန်းလင်း၏။

ပဝရံ၊ မြတ်သော။ ဣတ္ထိရတနံ၊ မိန်းမရတနာကို။ မယံ၊ အကျွန်ုပ်တို့သည်။ ပုဗ္ဗေ၊ ရှေး၌။ န ဒိဋ္ဌာ၊ မမြင်ဘူးပါကုန်။ တုမှာကံ၊ အရှင်မင်းမြတ်တို့၏။ အာနုဘာဝေန၊ အာနုဘော်တော်ကြောင့်။ ရတနိတ္ထိပိ၊ မိန်းမရတနာကိုလည်း။ ပဿိတာ၊ မြင်ရပေ၏။ ပရိဝတ္တာဟိ၊ ချာချာပတ် လည်ပတ်ကုန်သော။ ဥတူဟိ၊ ဥတု ၃-ပါးတို့ဖြင့်။ ဖုလ္လိတာ၊ ပွင့်လန်းကုန်သော။ နာနာဒုမာ ယထာ၊ အထူးထူးသော သစ်ပင်တို့ကဲ့သို့။ စတုသဋ္ဌိလက္ခဏာနံ၊ ၆၄-ဖြာ၊ လက္ခဏာတို့မှ။ နိက္ခန္တော ဘာသဇောတိကာ၊ ထွက်သောအရောင်တို့ဖြင့် တောက်ပ၏။

သာ၊ ထိုမင်းသမီးသည်။ ဟံသဂဂ္ဂရဝေလိယာ၊ ဟသ်ာသဖွယ်၊ တင့်တယ်သော သွားခြင်းဖြင့်။ ခုဝံ၊ မပြတ်။ ဥယျာနံ၊ ဥယျာဉ်သို့။ ဂစ္ဆတိ၊ သွား၏။ ကရဝိကရုဒသမံ၊ ကရဝိက်ငှက်တွန်သံနှင့် တူသော။ မဓုရဝါစံ၊ သာယာသောစကားကို။ ဘာသတိ၊ ပြောဆို၏။ ပါရိသဇ္ဇပြဟ္မဂါမာ၊ ပါရိသဇ္ဇာ၊ ပြဟ္မာ့ရွာမှ။ ပြဟ္မဝေလိယာ၊ ပြဟ္မာ၏ တင့်တယ်ခြင်းဖြင့်။ အာဂတော၊ လာသောပြဟ္မာသည်။ အတ္ထိ၊ ရှိ၏။ ဝါစတော၊ စကားဆိုသော။ တဿ ပြဟ္မဿ၊ ထိုပြဟ္မာ၏။ သရော၊ အသံကဲ့သို့။ ဝရသဒ္ဒေါ၊ ထိုသတို့သမီး၏ မြတ်သောအသံသည်။ ဥန္နာဒေန္တော၊ ပဲ့တင်ရိုက်ခတ်သည်။ ဟောတိ၊ ဖြစ်၏။

ကေသာ၊ ဆံပင်တို့သည်။ နဝဟတ္ထာ၊ ၉-တောင်ရှိကုန်သည်ဖြစ်၍။ ဒီဃာ၊ ရှည်ကုန်၏။ အထော၊ ထိုမြို့။ သုနုတဝေလိကာ၊ သားလျှိုးဓားကဲ့သို့ အဖျားကော့သယောင် ရှိကုန်၏။ သုဝဏ္ဏဝတ္ထဝသနာ၊ ရွှေအဆင်းနှင့် တူသောအဝတ်ကို ဝတ်၏။ ဇာတရူပဿ၊ ရွှေ၏။ မေခလာ၊ ခါးကြိုးတည်း။ ဥတ္တရကုရုကပ္ပရုက္ခာ၊ မြောက်ကျွန်းပဒေသာပင်မှ။ အာဂတံ၊ လာသော။ ဒုကူလဝတ္ထံ၊ ဖွဲ့ဖြူပုဆိုးသည်။ နာနာရူပပရိပုဏ္ဏံ၊ အထူးထူးသော အရုပ်တို့ဖြင့် ပြည့်၏။ နာနာလက်ာရ ဘူသိတံ၊ အထူးထူးသော တန်းဆာတို့ဖြင့် ဆင်ယင်အပ်၏။

သတသဟဿကုမာရိ ၁-သိန်းသော သတို့သမီးတို့သည်။ သဒါ၊ အခါခပ်သိမ်း။ တံ၊ ထိုမင်းသမီးကို။ ပရိဝါရေန္တိ၊ ခြံရံကုန်၏။ ဒိဗ္ဗာနံပိ၊ နတ်တို့အားလည်းကောင်း။ မနုဿာနံပိ၊ လူတို့အားလည်းကောင်း။ တိတ္တိံ နာမ၊ ရှု၍ ရောင့်ရဲခြင်းသို့ မည်သည်။ န ဂစ္ဆတိ၊ မရောက်။ ဒေဝလောကေ ဝါ၊ နတ်ပြည်၌လည်းကောင်း။ မနုသေ ဝါ၊ လူပြည်၌လည်းကောင်း။ သဗ္ဗာ ဣတ္ထီ၊ အလုံးစုံသော မိန်းမသည်။ အသဒိသာ၊ မတူနိုင်။ သဗ္ဗနာရိယာ၊ ခပ်သိမ်းသော မိန်းမထက်။ ဥသဘာ၊ မြတ်သော။ နာမေန၊ အမည်အားဖြင့်။ သိရိမဟာ-မာယံ၊ သိရိမဟာမာယာ-ဟူ၍။ ဣမသ္မိံလောကေ၊ ဤလောက၌။ ပါကဋ္ဌံ၊ ထင်ရှားသော။ မာတာပိတာ အတိဝရံ မိဘတို့ထက် အလွန်မြတ်သော။ ကုလဝံသေပိ၊ အမျိုးအနွယ်၌လည်း။ ဥတ္တမံ၊ မြတ်သော။ ရတနကညံ၊ သမီးရတနာကို။ မယံ၊ အကျွန်ုပ်တို့သည်။ ဒိဋ္ဌာ၊ တွေ့မြင်ခဲ့ပါကုန်၏။

ဒသဓမ္မေ၊ မင်းကျင့်တရား ၁၀-ပါးတို့ကို။ စရန္တာနံ၊ ကျင့်ကုန်သော မင်းတို့ဖို့။ ပဉ္စသီလေဟိ၊ ၅-ပါးသီလတို့နှင့်။ သမ္ပန္နံ၊ ပြည့်စုံသော။ သန္တံ၊ ငြိမ်သက်သော။ ဒန္တံ၊ ယဉ်ကျေးသော။ သုက္ကန္ဒြိယံ၊ ကောင်းစွာစောင့်အပ်သော ဣန္ဒြေရှိသော။ မဟာံ၊ မိန်းမမြတ်ကို။ ဧသတံ ဧသန္တာနံ၊ ရှာမှီးကုန်လျက်။ စရန္တာနံ၊ ဇမ္ဗူမြေရပ်၊ နယ်လုံးစပ်အောင်၊ လှည့်ပတ်ကုန်သော အကျွန်ုပ်တို့သည်။ အညနာရီအသဒိသာ၊ အခြားမိန်းမတို့နှင့် မတူသော။ ဧသာ ကညာ၊ ထိုသတို့သမီးကို။ ကိစ္စာ၊ ငြိုငြင်သဖြင့်။ လဒ္ဓါ၊ ရအပ်ပါ၏”။ ဣတိ ဣမာ ဂါထာယော၊ ဤဂါထာတို့ကို။ အာဟံသု၊ ဆိုကုန်၏။

ဇဝံ၊ ဤသို့။ ပြာဟ္မဏာ၊ ပုဏ္ဏား ၈-ယောက်တို့သည်။ ဣမာဟိ ဂါထာဟိ၊ ဤ ဂါထာတို့ဖြင့်။ ဇနာဓိပတိရညော၊ ဇနာဓိပတိမင်း၏။ သမ္ပတ္တိဥ္စ၊ ပြည့်စုံခြင်းကိုလည်းကောင်း။ သိရိမဟာမာယဥ္စ၊ သိရိမဟာမာယာမင်းသမီးကိုလည်းကောင်း။ ဝဏ္ဏေတွာ၊ ချီးမွမ်းပြီး၍။ ပုနပိ၊ တဖန်လည်း။ ဇနာဓိပတိ ရညာ၊ ဇနာဓိပတိမင်းသည်။ ပေသိတသာသနံ၊ စေအပ်သော သတင်းစကားကို။ ကထေသုံ၊ တင်လျှောက်ကုန်၏။

----- x -----

## [ ၁၃ ] ခမက်လောင်း မှာကြားချက်ကို လျှောက်ပုံ

"ဒေဝ၊ အရှင်မင်းမြတ်။ တဿာ ကုမာရိယာ၊ ထိုသတို့သမီး၏။ ပိတုနော၊ အဘဖြစ်သော။ ဇနာဓိပတိ ရညော၊ ဇနာဓိပတိမင်း၏။ သန္တိကံ၊ အထံသို့။ ဂန္တွာ၊ သွား၍။ မဏိ-ပိလန္ဓနဥ္စ၊ ပတ္တမြားတန်းဆာကိုလည်းကောင်း။ ပဏ္ဏာကာရဥ္စ၊ လက်ဆောင်တော်ကိုလည်းကောင်း။ ဒဿေတွာ၊ ပြ၍။ သဗ္ဗံ၊ အလုံးစုံသော။ ကထိတဝစနံ၊ မှာတော်မူအပ်သော စကားကို။ ကထေတွာ၊ တင်လျှောက်၍။ တုမှာကံ၊ အရှင်မင်းမြတ်တို့၏။ သုခသမ္ပတ္တိဥ္စ၊ ချမ်းသာနှင့် ပြည့်စုံခြင်းကိုလည်းကောင်း။ ဟတ္ထိအဿသုရဗလဗဟုတရဥ္စ၊ ဆင်, မြင်း, သူရဲဗိုလ်ပါ အလွန်များသောအဖြစ်ကိုလည်းကောင်း။ မဟိဒ္ဓိကာနုဘာဝဥ္စ၊ တန်ခိုးအာနု-ဘော်ကြီးသောအဖြစ်ကိုလည်းကောင်း။ ဝဏ္ဏေမ၊ ချီးမွမ်းပါကုန်၏။

သောပိ၊ ထိုဒေဝဒဟ၊ ပြည်မသနင်း၊ မင်းသည်လည်း။ အဘိမနာပ စိတ္တော၊ လွန်စွာ နှစ်လိုသောစိတ်ရှိသည်ဖြစ်၍။ ပုန၊ တဖန်။ အမှေ၊ အကျွန်ုပ်တို့ကို။ ပုစ္ဆိ၊ မေးမြန်း၏။

'သီဟဟနု ရညော၊ သီဟဟနုမင်း၏။ ပုတ္တာ ပုရိသာ၊ သားယောကျ်ားတို့သည်။ ကတိ၊ အဘယ်မျှရှိကုန်သနည်း'။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။ ပုစ္ဆိတကာလေ၊ မေးတော်မူသောကာလ၌။ 'ဒေဝ၊ အရှင်မင်းမြတ်။ အမှာကံ၊ အကျွန်ုပ်တို့၏။ ရညော၊ မင်းအား။ ပုတ္တာ ပုရိသာ၊ သားတော်ယောကျ်ားတို့သည်။ တယော၊ ၃-ယောက်တို့ပါတည်း'။ ဣတိ၊ ဤသို့။ တဿ၊ ထိုမင်းအား။ မယံ၊ အကျွန်ုပ်တို့သည်။ ကထယိမှာ၊ တင်လျှောက်ပါကုန်၏။

'ကေ နာမာတိ၊ အဘယ်အမည်ရှိကုန်သနည်း'ဟု။ ဝုတ္တေ၊ မေးမြန်းသည်ရှိသော်။ 'ဒေဝ၊ အရှင်မင်းမြတ်။ ဇေဋ္ဌပုတ္တော၊ သားကြီးသည်။ သိရိသုဒ္ဓေါဒနော နာမ၊ သိရိသုဒ္ဓေါဒန မည်၏။

မဇ္ဈိမော၊ သားလတ်သည်။ သုဏ္ဍောဒနော၊ သုဏ္ဍောဒန မည်၏။

ပစ္ဆိမော၊ သားငယ်သည်။ အမိတ္တောဒနော၊ အမိတ္တောဒန မည်၏'။ က္လတိ၊ ဤသို့။ ကထယိမှာ၊ တင်လျှောက်ပါကုန်၏။

----- x -----

## [ ၁၄ ] 'သမီးပေးရန် သင့်, မသင့်' တိုင်ပင်ခန်း

သောပိ၊ ထိုမင်းသည်လည်း။ သာစူတိ ဝတွာ၊ သာဓု-ဟု ဆို၍။ တေသု၊ ထိုသား ၃-ယောက်တို့တွင်။ သိရီသုဒ္ဓေါဒနကုမာရဿ၊ သိရီသုဒ္ဓေါဒနမင်းသား၏။ ဂုဏံ၊ ကျေးဇူးကို။ အမေ့ဟိ ဝဏ္ဏိတံ၊ အကျွန်ုပ်တို့ ချီးမွမ်းအပ်သည်ကို။ သုတွာ၊ ကြား၍။ အတိမနာပေါ အတ္တမနော၊ လွန်စွာ နှစ်လိုဝမ်းသာသည်ဖြစ်၍။ အဂ္ဂမဟေသိံ စ၊ မိဖုရားကြီးကိုလည်း ကောင်း။ ဥက္ကရာဇပုတ္တသေနာပတိအမစ္စဂဟပတိဝိသာလေ စ၊ ကျော်စောထင်ရှားကုန်သော မင်းသား, စစ်သူကြီး, အမတ်ကြီး, များသောဥစ္စာနှစ်ရှိသော သူကြွယ်တို့ကိုလည်း ကောင်း။ ပက္ကောသာပေတွာ၊ ခေါ်စေ၍။ အမှေဟိ၊ အကျွန်ုပ်တို့နှင့်။ သဒ္ဓိံ၊ တကွ။ ဝိဝါဟာ-ကာရံ၊ ထိမ်းမြားလက်ထပ်အံ့သော အခြင်းအရာကို။ မန္တေသိ၊ တိုင်ပင်၏။

တေ သဗ္ဗေပိ၊ ထိုအလုံးစုံသောသူတို့သည်လည်း။ သာစူတိ၊ သာဓု-ဟူ၍။ ဝဒိံသု၊ ဆိုကြကုန်၏။ မန္တယပရိယောသာနေ၊ တိုင်ပင်ပြီး အဆုံး၌။ အာဟာရေဟိ၊ စားသောက်ဖွယ်တို့ဖြင့်။ အမှာကံ၊ အကျွန်ုပ်တို့ကို။ သန္တပ္ပေတွာ၊ ရောင့်ရဲစေ၍။ ပဏ္ဏာကာရေဟိ၊ လက်ဆောင်တော်တို့နှင့်။ သဒ္ဓိံ၊ တကွ။ အာဝါဟသာသနံ၊ ထိမ်းမြားမင်္ဂလာ သတင်းစာကို။ ဒတွာ၊ ပေး၍။ အမှေ၊ အကျွန်ုပ်တို့ကို။ ဥယျောဇေသိ၊ လွှတ်လိုက်၏။ က္လတိ၊ ဤသို့။ ကထေသုံ၊ တင်လျှောက်ကြကုန်၏"။

----- x -----

## [ ၁၅ ] ခမက်တော်ထံ အတောင်းအရမ်းစေလွှတ်ခန်း

တဒါ၊ ထိုအခါ၌။ သီဟဟနုရာဇာ စ၊ သီဟဟနုမင်းသည်လည်း။ တေဟိ၊ ထိုပုဏ္ဏားတို့သည်။ ကထိတံ၊ တင်လျှောက်အပ်သော။ ဇနာဓိပတိ ရညော၊ ဇနာဓိပတိမင်း၏။ သာသနံ၊ သတင်းစကားကို။ သုတွာ၊ ကြား၍။ အတိတုဋ္ဌစိတ္တော၊ အလွန်နှစ်သက်သော စိတ်ရှိသည်ဖြစ်၍။ တသ္မိံခဏေ၊ ထိုခဏ၌။ သုဒ္ဓိယ နာမ အမစ္စံ၊ သုဒ္ဓိယမည်သော အမတ်

ကို။ ဆသတသ ဟသသသကျရာဇာနော၊ ၆-သိန်းသော သာကီဝင်မင်းတို့ကို။ ပက္ကောသာ-ပေတွာ၊ ခေါ်စေ၍။

တေဟိ၊ ထိုသာကီဝင်မင်းတို့နှင့်။ မန္တေတွာ၊ တိုင်ပင်၍။ အဠ ဗြာဟ္မဏေ စ၊ ပုဏ္ဏား ၈-ယောက်တို့ကိုလည်းကောင်း။ သုဒ္ဓိယံ အမစ္စဥ္စ၊ သုဒ္ဓိယအမတ်ကိုလည်းကောင်း။ သတိမန္တံ နာမ သေနာပတိံ စ၊ သတိမန္တမည်သော စစ်သူကြီးကိုလည်းကောင်း။ တယော သကျရာဇာ-နော စ၊ ၃-ယောက်သော သာကီဝင်မင်းတို့ကိုလည်းကောင်း။ ဂဟေတွာ၊ ခေါ်စေ၍။ ဗဟုပဏ္ဏာကာရံ၊ များစွာသော လက်ဆောင်ပဏ္ဏာကို။ တေသံ၊ မင်းမျူးမတ်တို့၏။ ဟတ္ထေ၊ လက်၌။ ဌပေတွာ၊ ထား၍။

ဇနာဓိပတိ ရညော၊ ဇနာဓိပတိမင်း၏။ သန္တိကံ၊ အထံသို့။ အာဝါဟပကရဏံ၊ ထိမ်းမြားမင်္ဂလာ အဆောက်အဦကို။ ဝိစာရဏတ္ထာယ၊ စီရင်ခြင်းအကျိုးငှာ။ ပေသေသိ၊ စေလွှတ်၏။

တေ သဗ္ဗေ၊ ထိုအလုံးစုံသောသူတို့သည်။ ဒေဝဒဟနဂရံ၊ ဒေဝဒဟမြို့သို့။ ဂန္တွာ၊ သွား၍။ သီဟဟနုရညော၊ သီဟဟနုမင်း၏။ သာသနံ၊ သတင်းစကားကို။ ဇနာဓိပတိဿ ရညော၊ ဇနာဓိပတိမင်းအား။ ကထယိံသု၊ တင်လျှောက်ကုန်၏။

----- x -----

## [ ၁၆ ]　မင်းသမီးဘက်က တမန်တော်များ

တဒါ၊ ထိုအခါ၌။ ဇနာဓိပတိရာဇာပိ၊ ဇနာဓိပတိမင်းသည်လည်း။ အတိတုဋ္ဌမာန-သော၊ အလွန်နှစ်သက်သော စိတ်ရှိသည်ဖြစ်၍။ ဥပါဟသေနာပတိဥ္စ၊ ဥပါဟစစ်သူကြီးကို လည်းကောင်း။ သုပ္ပတိဋ္ဌအမစ္စဥ္စ၊ သုပ္ပတိဋ္ဌအမတ်ကိုလည်းကောင်း။ ဥဂ္ဂရာဇဥ္စ၊ ဥဂ္ဂမင်းကို လည်းကောင်း။ သီလာဓိရာဇဥ္စ၊ သီလာဓိမင်းကိုလည်းကောင်း။ တိက္ခသာကရာဇဥ္စ၊ တိက္ခ-သာကမင်းကိုလည်းကောင်း။ ဂဟေတွာ၊ ခေါ်၍။ ဗဟုပဏ္ဏာကာရေ၊ များစွာသော လက်ဆောင်တို့ကို။ တေသံ၊ ထိုမင်းမျူးမတ်တို့၏။ ဟတ္ထေ၊ လက်၌။ ဌပေတွာ၊ ထား၍။ သီဟဟနု ရညော၊ သီဟဟနုမင်း၏။ သန္တိကံ၊ အထံသို့။ ပေသေသိ၊ စေလိုက်၏။

တေပိ၊ ထိုသူတို့သည်လည်း။ သီဟဟနု ရညော၊ သီဟဟနုမင်း၏။ သန္တိကံ၊ အထံ သို့။ ဂန္တွာ၊ သွားကုန်၍။ သုန္ဒရဝိဝါဟကရဏတ္ထာယ၊ ကောင်းသော ထိမ်းမြားမင်္ဂလာကို ပြုခြင်းငှာ။ တထာ၊ မှာလိုက်သည့်အတိုင်း။ အာရောစေသုံ၊ တင်လျှောက်ကုန်၏။ တံ၊

ထိုစကားကို။ သုတွာ၊ ကြား၍။ သီဟဟနုရာဇာပိ၊ သီဟဟနုမင်းသည်လည်း။ အတိတုဿိ-တွာ၊ လွန်စွာနှစ်သက်၍။ တေသံ၊ ထိုတမန်တို့အား။ မဟာသက္ကာရံ၊ များစွာသော ပူဇော်သကာတို့ကို။ ကတွာ၊ ပြု၍။ သုန္ဒရပဏ္ဏာကာရေဟိ၊ ကောင်းမွန်သော လက်ဆောင်တို့နှင့်။ သဒ္ဓိံ၊ တကွ။ ဥယျောဇေသိ၊ လွှတ်လိုက်၏။

----- x -----

## [ ၁၇ ] ရွှေလမ်း, ငွေလမ်းဖောက်၍ ချီတော်မူပုံ

တတော၊ ထို့နောင်၌။ သီဟဟနုရာဇာ၊ သီဟဟနုမင်းသည်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သကျရာဇေ သာကီဝင်မင်းတို့ကို။ ပက္ကောသာပေတွာ၊ ခေါ်စေ၍။ အာဝါဟ-ကရဏတ္ထာယ၊ ထိမ်းမြားမင်္ဂလာကို ပြုခြင်းငှာ။ ဗဟုသုရန္ဓပါနာဒီနိ၊ များစွာသော သေ, ထမင်း, အဖျော်-စသည်တို့ကို။ ယောဇေတွာ၊ စီရင်စေ၍။ တတော၊ ထိုမှ နောက်၌။ ကပိလ-ဝတ္ထုနဂရတော၊ ကပိလဝတ်ပြည်မှ။ ယာဝ ဒေဝဒဟနဂရံ၊ ဒေဝဒဟပြည်တိုင်အောင်။ မဂ္ဂံ၊ လမ်းကို။ သောဓာပေတွာ၊ သုတ်သင်စေ၍။ အလင်္ကာရာပေတွာ၊ တန်းဆာဆင်စေ၍။ ဥဘယပဿေ၊ နံပါး ၂-ဖက်၌။ ဥစ္ဆုကဒလိယော၊ ကြံပင်, ငှက်ပျောပင်တို့ကို။ ရောပါပေ-တွာ၊ စိုက်စေ၍။ ဒွိသု မဂ္ဂပဿေသု၊ လမ်း၏နံပါး၂-ဖက်တို့၌။ နစ္စဂီတပဉ္စင်္ဂတူရိယ-ဝါဒိတသဘင်္ဂ၊ ကခြင်း, သီခြင်း, အင်္ဂါ ၅-ပါးရှိသော တူရိယာကို တီးမှုတ်ခြင်း ပွဲသဘင်ကို။ ပတိဋ္ဌပေတွာ၊ တည်စေ၍။ မဂ္ဂဿ၊ လမ်း၏။ ဥပရိ၊ အထက်၌။ ဝိတာနေဟိ၊ ဗိတာန်, မျက်နှာကြက်တို့ဖြင့်။ ဆာဒေတွာ၊ မိုးစေ၍။

နာနာပုပ္ဖဒါမဂန္ဓဒါမာနိ၊ အထူးထူးသော ပန်းဆိုင်း, နံ့သာဆိုင်းတို့ကို။ ဩလမ္ဗိတွာ၊ ဆွဲစေ၍။ လာဇပဉ္စမာနိ၊ ပေါက်ပေါက်လျှင် ၅-ခုမြောက်ရှိကုန်သော။ ပုပ္ဖါနိ၊ ပန်းတို့ကို။ ဩကိရာပေတွာ၊ ကြဲစေ၍။ မုဒိင်္ဂဝီဏာပဏဝသင်္ခဘေရိမုရဇာဒယော၊ မုရိုးစည်, စောင်း, ထက်စည်, ခရုသင်း, စည်ကြီး, ပြောစည်-စသည်တို့ကို။ ပတိဋ္ဌပေတွာ၊ တည်စေ၍။ တတော၊ ထိုမှ နောက်၌။ ရဇတကစ္ဆဗန္ဓိတံ၊ ငွေကကြိုးဖွဲ့အပ်သော။ ဟေမကပ္ပနိဝါသံ၊ ရွှေတန်းဆာခြုံရုံအပ်သော။ သုဝဏ္ဏဂ္ဂဏ္ဍကိင်္ကဏိကရဇတမာလာဿတ္ထပတ္တဇာေယျ မိဂဝါဠေဟိ၊ ရွှေဆွဲလဲ, ရွှေချူ, ငွေညောင်ရွက်, ရွှေညောင်ရွက်, ဇာဂီသားမြီး ပန်းပွါးတို့ဖြင့်။ လမ္ဗိတံ၊ တွဲရရွဲဆွဲအပ်သော။ တဿ၊ ထိုဆင်၏။ ပိဋ္ဌိယံ၊ ကျောက်ကုန်း၌။ နာနာရတနခစိတပါသာဒပတိဋ္ဌိ-တအဂ္ဂနီလမဏိမုတ္တာခန္ဓကဥ္စနဥဿာပိတသေတဆတ္တံ၊ ထူးလည်ထွေလာ၊ ရတနာစီအပ်၊ ပြာသာဒ်၌တည်ထား၊ မြတ်သော ပတ္တမြားညို ပုလဲခိုင်၌ ရွှေရိုးဖြင့် စိုက်ထူအပ်သော ထီးဖြူ

ရှိသော။ ဤသာဒန္တ ရထားသန်နှယ်၊ စဉ်းငယ်ညွတ်သော အစွယ်ရှိသော။ သဗ္ဗသေတဥန်၊ ကိုယ်လုံးဖြူသော ဆင်ထက်သို့။ ဒွိသဟဿ နာနာလင်္ကာရဘူသိတေ၊ ၂,၀၀၀-အတိုင်း အရှည်၊ ထူးလည်သော တန်းဆာတို့ဖြင့် ဆင်ယင်အပ်ကုန်သော။ နန္ဒနဝနုယျာနေ၊ နန္ဒဝန် ဥယျာဉ်၌။ ကီဠိတဒေဝတာယော ဝိယ၊ ကစားသောနတ်တို့နှင့် တူကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သကျရာဇာနော၊ သာကီဝင်မင်းတို့ကို။ အဘိရုဟာပေတွာ၊ တက်စီး စေ၍။ ရတနပစ္စယနာမဂဇိန္ဒဝရခန္ဓေ၊ ရတနာပစ္စယမည်သော ဆင်မင်း ကျောမြတ်ထက် ၌။ သိရီသုဒ္ဓေါဒနကုမာရံ၊ သိရီသုဒ္ဓေါဒနမင်းသားကို။ အာရောပေတွာ၊ တင်၍။ ဧကသတ- ရာဇာနော၊ ၁၀၁-စင်း၊ ထီးဆောင်းမင်းတို့ကို။ ပရိဝါရာပေသိ၊ ခြံရံစေ၏။

တတော၊ ထိုမှနောက်။ မေဃအန္တရုပ္ပါဒဒန္တဝဇိရနန္ဒိယာ ဝဋ္ဋပုပ္ဖဝဏ္ဏာသကလသရီရံ၊ မိုးတိမ်ကြား၌ဖြစ်သော ဝရဇိန်နှင့်တူသော သွား, ဇလပ်ပန်းအဆင်းနှင့်တူသော ကိုယ်အလုံး ရှိသော။ ဟံသပါဒဝဏ္ဏပါဒါ၊ ဟင်္သာခြေအဆင်းနှင့်တူသော အဆင်းရှိသော။ နက္ခတ္တရာဇိနိ- ဒိနကရဝါတဝေဂံ၊ လဟုန်,နေဟုန်, လေအဟုန်နှင့်တူသော လျင်မြန်ခြင်းရှိသော။ သဗ္ဗာ- လင်္ကာရဘူသိတံ၊ အလုံးစုံသော တန်းဆာဖြင့် တန်းဆာဆင်အပ်သော။ တိံသသဟဿ- တုရင်္ဂေ၊ ၃၀,၀၀၀- အတိုင်းအရှည်ရှိသော မြင်းထက်သို့။ ဒေဝနန္ဒနဝနုယျာနေ၊ တောနန္ဒဝန်၊ နတ်ဥယျာဉ်၌။ ကီဠန္တဒေဝကုမာရေ ဝိယ၊ ကစားသော နတ်သားနှင့် တူကုန်သော။ အတိ- သောဘမာနေ၊ အလွန်တင့်တယ်ကုန်သော။ သဗ္ဗသကျရာဇကုမာရေ၊ အလုံးစုံသော သာကီဝင်မင်းသားတို့ကို။ အဘိရုဟာပေတွာ၊ တက်စီးစေ၍။ သိရီသုဒ္ဓေါဒနကုမာရံ၊ သိရီ- သုဒ္ဓေါဒနမင်းသားကို။ ပရိဝါရာပေသိ၊ ခြံရံစေ၏။

တတော၊ ထိုမှတပါး။ နီလပီတလောဟိတ ဩဒါတမဉ္ဇိဋ္ဌ ပဘဿရဝိစိတ္တရတန- ပဋိမဏ္ဍိတာ၊ ညို, ရွှေ, နီ, ဖြူ, မှောင်မဲ, ပြိုးပြက် ဆန်းကြယ်စွာသော ရတနာတို့ဖြင့် တန်းဆာ ဆင်အပ်ကုန်သော။ နဝလက္ခ ဓနုဂ္ဂဟာ၊ ၉-သိန်းသော လေးသမားတို့သည်။ ဓနုဟတ္ထာ၊ လေး-လက်စွဲကုန်လျက်။ သဗ္ဗဟတ္ထိယုဓပုရတော၊ ခပ်သိမ်းသော ဆင်ရှေ့တို့ရှေ့မှ။ ဂစ္ဆန္တိ၊ သွားကုန်၏။

တဒါ၊ ထိုအခါ၌။ သီဟဟနုရာဇာပိ၊ သီဟဟနုမင်းသည်လည်း။ တိံသသဟဿ- သကဋ္ဋာနိ၊ ၃၀,၀၀၀-သော လှည်းတို့ကို။ အာဟရာပေတွာ၊ ဆောင်စေ၍။ တဏ္ဍုလာဒီဟိ၊ ဆန်-အစရှိသည်တို့ဖြင့်။ ပူရေတွာ၊ ပြည့်စေ၍။ ပုရတော၊ ရှေ့မှ။ ဂစ္ဆာပေသိ၊ သွားစေ၏။ တတော၊ ထိုမှတပါး။ စတုသဟဿသကဋ္ဋာနိ၊ ၄,၀၀၀-သော လှည်းတို့ကို။ အာဟရာပေတွာ၊ ဆောင်စေ၍။ ဒဗ္ဗိတုမ္ဗာဒီနိ၊ ယောင်းမ, အိုးအင်-စသည်တို့ကို။ အာရောပေတွာ၊ တင်စေ၍။ ပုရတော၊ ရှေ့မှ။ ဂစ္ဆာပေတိ၊ သွားစေ၏။ တတော၊ ထိုမှတပါး။ ဆသဟဿာနိ သကဋ္ဋာနိ၊

၆,၀၀၀-သောလှည်းတို့ကို။ နာနာမိဂမံသေဟိ စ၊ အထူးထူးသော သမင်သားတို့ဖြင့်လည်းကောင်း။ နာနာမစ္ဆမံသေဟိ စ၊ အထူးထူးသော ငါး, သားတို့ဖြင့်လည်းကောင်း။ မဓုအမ္ဗ-ဖလာဒိနာနာပဏ္ဏာကာရေဟိ စ၊ ချိုမြိန်လှသော သရက်သီး-စသော အထူးထူးသော လက်ဆောင်တို့ဖြင့်လည်းကောင်း။ လောဏမစ္ဆမဓုဖာဏိတသက္ကရမုဂ္ဂဗျလပိတတမ္ဗုလာ-ဒီဟိ စ၊ ဆား, ငါးခြောက်, ပျား, တင်လဲ, သကာ, ပဲနောက်, ထုံး, ရှားစေး, ကွမ်း-အစရှိသည်တို့ဖြင့်လည်းကောင်း။ ပူရေတွာ၊ ပြည့်စေ၍။ ပုရတော၊ ရှေ့မှ။ ဂစ္ဆာပေတိ၊ သွားစေ၏။

သယံပိ၊ မိမိသည်လည်း။ သေနာပတိအမစ္စဂဟပတိသေဋ္ဌိဗြာဟ္မဏသြရောဓ-ဂဏပရိဝါရိတော၊ စစ်သူကြီး, အမတ်, သူကြွယ်, သူဌေး, ပုဏ္ဏား, မောင်းမအပေါင်း ခြံရံအပ်သည်ဖြစ်၍။ မင်္ဂလဟတ္ထိ၊ မင်္ဂလာဆင်ကို။ အဘိရုဟိတွာ၊ တက်စီး၍။ စတုရင်္ဂိနိယာ၊ အင်္ဂါ ၄-ပါးရှိသော။ သေနာယ၊ စစ်သည်နှင့်။ သဒ္ဓိံ၊ တကွ။ သဗ္ဗပစ္ဆတော၊ လူခပ်သိမ်းတို့နောက်မှ။ ဂစ္ဆတိ၊ ချီလေ၏။

----- x -----

## [ ၁၈ ] ယောက္ခမမင်းတို့က ကြိုကြပုံ

တဒါ၊ ထိုအခါ၌။ ဇနာဓိပတိရာဇာ၊ ဇနာဓိပတိမင်းသည်။ သီဟဟနု ရညော၊ သီဟဟနုမင်း၏။ အာဂတဘာဝံ၊ လာသောအဖြစ်ကို။ သုတွာ၊ ကြား၍။ အတ္တနော၊ မိမိ၏။ အဂ္ဂမဟေသိံ၊ မိဖုရားကြီးကို။ ပက္ကောသာပေတွာ၊ ခေါ်စေ၍။ သေနာပတိအမစ္စာဒိပရိ-ဝါရိတော၊ စစ်သူကြီး, အမတ်-စသည်တို့ ခြံရံအပ်သည်ဖြစ်၍။ ခုဒ္ဒကယာနံ၊ ယာဉ်ငယ်ကို။ အဘိရုဟိတွာ၊ တက်စီး၍။ နဂရာ၊ မြို့မှ။ နိက္ခမိတွာ၊ ထွက်၍။ အသောကဥယျာနေ၊ အသောကဥယျာဉ်၌။ တံ ခုဒ္ဒကယာနံ၊ ထိုယာဉ်ငယ်ကို။ ထပေတွာ၊ ထားခဲ့၍။ ပဒသာဝ၊ ခြေဖြင့်သာလျှင်။ ဂန္တွာ၊ သွား၍။ သီဟဟနုရာဇာနံ၊ သီဟဟနုမင်းကို။ ပစ္စုဂ္ဂမနံ၊ ခရီးဦးမှ ကြိုဆိုခြင်းကို။ အကာသိ၊ ပြု၏။

သီဟဟနုရာဇာနံ၊ သီဟဟနုမင်းကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ အတ္တနော၊ မိမိ၏။ နဂရံ၊ မြို့သို့။ နေတိ၊ ဆောင်လေ၏။ တဒါ၊ ထိုအခါ၌။ သီဟဟနုရာဇာ၊ သီဟဟနုမင်းသည်။ အတိရမ္မဏီယံ၊ အလွန်မွေ့လျော်ဖွယ်ရှိသော။ မဟာဥယျာနံ၊ ဥယျာဉ်ကြီးကို။ ဒိသွာ၊ မြင်၍။ ဇနာဓိပတိ ရာဇံ၊ ဇနာဓိပတိမင်းကို။ ဧဝံ၊ ဤသို့။ အာဟ၊ ဆို၏။

----- x -----

## [ ၁၉ ]  မင်းဉယျာဉ်တော်၌ တည်းခိုကြ

"သမ္မ၊ ချစ်ဆွေ။ မယံ့ပိ၊ ငါ၏လည်း။ ဟတ္ထိအဿဗလံ၊ ဆင်,မြင်း,ဗိုလ်ပါသည်။ မဟန္တံ၊ များပြား၏။ အန္တောနဂရေ၊ မြို့တွင်း၌။ ဝသိတုံ၊ နေခြင်းငှာ။ အယုတ္တံ၊ မသင့်လျော်။ တသ္မာ၊ ထို့ကြောင့်။ ဣဒံ မဟာဉယျာနံ၊ ဤဉယျာဉ်ကြီးသည်။ အတိသဘာရဟံ၊ အလွန် သဘင်ခံခြင်းငှာ ထိုက်သည်။ ဝိလာသာ တိဂမ္ဘီရဇလဝါဟာဒိဆာယုဒကသပ္ပါယံ၊ ကျယ်ဝန်း လွန်နက်သော ရေကန်-စသည့် အရိပ်ရေတို့ဖြင့် လျောက်ပတ်သည်။ အတိရမ္မဏီယံ၊ အလွန် မွေ့လျော်ဖွယ်ရှိသည်။ ဟုတွာ၊ ဖြစ်ခြင်းကြောင့်။ ဣမေဝ၊ ဤဉယျာဉ်ကြီး၌သာလျှင်။ မယာ၊ ငါသည်။ ဝသိတုံ၊ တည်းခိုနေထိုင်ခြင်းငှာ။ ဝဋ္ဋတိ၊ သင့်လျော်၏"။ ဣတိ ဧဝံ၊ ဤသို့။ အာဟ၊ ဆို၏။

တံ၊ ထိုစကားကို။ သုတွာ၊ ကြား၍။ ဇနာဓိပတိရာဇာ၊ ဇနာဓိပတိမင်းသည်။ "ဒေဝ၊ မင်းမြတ်။ သာဓု၊ ကောင်းလှပြီ"။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ တံ ဉယျာနံ၊ ထိုဉယျာဉ်ကို။ သောဓာပေတွာ၊ သုတ်သင်စေ၍။ ဝါသာပေသိ၊ နေစေ၏။

သီဟဟနုရာဇာ၊ သီဟဟနုမင်းသည်။ တတ္ထေဝ၊ ထိုဉယျာဉ်၌သာလျှင်။ ခန္ဓာဝါရံ၊ သစ်တပ်နန်းကို။ နိဝါသာပေတွာ၊ တည်ထောင်ဆောက်လုပ်စေ၍။ ဝါသံ၊ နေခြင်းကို။ ကပ္ပေတွာ၊ ပြု၍။ သုရဂုဏံ နာမ၊ သုရဂုဏမည်သော။ ဝဇုကီအာစရိယံ၊ လက်သမားဆရာ ကို။ ပက္ကောသာပေတွာ၊ ခေါ်စေ၍။ ပုနဒိဝသေ၊ နက်ဖန်နေ့၌။ အရုဏုဂ္ဂမနဝေလာယ၊ အရုဏ်တက်သောအခါ၌။ အမုယောဇနမဏ္ဍပံ၊ ယူဇနာခွဲရှိသော မဏ္ဍပ်ကို။ ကာရာပေတွာ၊ ပြုစေ၍။ တတော၊ ထိုမှနောက်။ အဋ္ဌသတထမ္ဘေဟိ၊ တိုင် ၈၀၀-တို့ဖြင့်။ ပဋိမဏ္ဍိတံ၊ တန်းဆာဆင်အပ်သော။ နဝဘူမကံ၊ ဘုံ ၉-ဆင့်ရှိသော။ ကောကနုဒံ နာမ ပါသာဒံ၊ ကောကနုဒမည်သော ပြာသာဒ်ကို။ ကာရေသိ၊ ဆောက်လုပ်စေ၏။

တတော၊ ထိုမှတပါး။ ဇနာဓိပတိရာဇာပိ၊ ဇနာဓိပတိမင်းသည်လည်း။ ဓဉပတ္တ- ပါသာဒံ စ၊ စပါးရွက်မိုးသော ပြာသာဒ်ကိုလည်းကောင်း။ ဝေဠုပတ္တပါသာဒံ၊ ဝါးရွက်ပြာသာဒ် ကိုလည်းကောင်း။ ကာရေသိ၊ ပြုစေ၏။ တယော ပါသာဒါ၊ ပြာသာဒ် ၃-ဆောင်တို့သည်။ ဧကမာသေနေဝ၊ ၁-လချင်းဖြင့်သာလျှင်။ နိဋ္ဌိတာ၊ အပြီးသို့ ရောက်ကုန်၏။ ဖဂ္ဂုနမာသေ၊ တပေါင်းလ၌။ ဒေဝဒဟနဂရံ၊ ဒေဝဒဟမြို့ကို။ တာဝတိံသပုရံ ဝိယ၊ တာဝတိံသာနတ်ပြည် ကဲ့သို့။ အလင်္ကရာပေတွာ၊ တန်းဆာဆင်စေ၍။ အသောကဉယျာနံ၊ အသောကဉယျာဉ်ကို လည်း။ ပါကာရေဟိ၊ တံတိုင်းတို့ဖြင့်။ အလင်္ကရာပေတွာ၊ တန်းဆာဆင်စေ၍။ တယော ပါသာဒေ စ၊ ပြာသာဒ် ၃-ဆောင်တို့ကိုလည်းကောင်း။ မဏ္ဍပဉ္စ၊ မဏ္ဍပ်ကိုလည်းကောင်း။

အလင်္ကာရာပေတွာ၊ တန်းဆာဆင်စေ၍။ မဏ္ဍပမဇ္ဈေ၊ မဏ္ဍပ်လယ်၌။ မဟာရဟေ၊ သူမြတ်တို့အား ထိုက်တန်သော။ ပလ္လင်္ကေ၊ ပလ္လင်၌။ တာလပဏ္ဏမာဏာနိ၊ ထန်းတဖျားပမာဏရှိကုန်သော။ သတ္တရတနာနိ၊ ရတနာ ၇-ပါးတို့ကို။ ရာသိံ ကတွာ၊ အပုံအစုပြု၍။ အနဂ္ဃ-ကမ္ဗလဝတ္ထေဟိ၊ အဖိုးအတိုင်းမသိထိုက်ကုန်သော ကမ္ဗလာအဝတ်အထည်တို့ဖြင့်။ ဆာဒေ-တွာ၊ ဖုံးလွှမ်း၍။ ဌပေသိ၊ ထား၏။

အရုဏုဂ္ဂမနကာလေ၊ အရုဏ်တက်သောအခါ၌။ သိရိမဟာမာယံ၊ သိရိမဟာ-မာယာမင်းသမီးကို။ သိရိဋ္ဌနနာမကေ၊ သိရိဋ္ဌနမည်သော။ ပါသာဒေ၊ ပြာသာဒ်၌။ နာနာ-ဂန္ဓဝါသိတေန၊ အထူးထူးသော နံ့သာတို့ဖြင့် ထုံအပ်သော။ ဂေါသိတစန္ဒနရသောဒကေန၊ ဂေါသိတမည်သော စန္ဒကူးနံ့သာရေဖြင့်။ နှာပေတွာ၊ ရေချိုးစေ၍။ နာနာလင်္ကာရေဟိ၊ အထူးထူးသော တန်းဆာတို့ဖြင့်။ အလင်္ကာရာပေတွာ၊ ဆင်ယင်စေ၍။ သတသဟဿ-ကညာဟိ၊ သတို့သမီးပျို ၁-သိန်းတို့ကို။ ပရိဝါရာပေသိ၊ ဝန်းရံစေ၏။

သီဟဟနုရာဇာပိ၊ သီဟဟနုမင်းသည်လည်း။ သိရီသုဒ္ဓေါဒနကုမာရံ၊ သိရီသုဒ္ဓေါ-ဒနမင်းသားကို။ နာနဂ္ဂဂန္ဓဝါသိတောဒကေန၊ ထူးထွေကောင်းမြတ်သော နံ့သာဖြင့် ထုံအပ်သော ရေမွှေးဖြင့်။ နှာပေတွာ၊ ရေချိုးစေ၍။ ရာဇာဘိသေကာရဟံ၊ ရာဇာဘိသိက်အား ထိုက်သော။ ဒုဿယုဂံ၊ ပုဆိုးအစုံကို။ နိဝါသေတွာ၊ ဝတ်စေ၍။ နာနာလင်္ကာရေဟိ၊ အထူးထူးသော တန်းဆာတို့ဖြင့်။ မဏ္ဍေတွာ၊ ဆင်ပြင်၍။ ကာလံ၊ အခါနီးကို။ ဩလောကေ-တွာ၊ ကြည့်လင့်၍။ 'အယမေဝ၊ ဤအခါသည်လျှင်။ ဂန္တဗ္ဗော ကာလော၊ သွားချိန်အခါတည်း'။ ဣတိ၊ ဤသို့။ ဉတွာ၊ သိ၍။ မဟာဝရရထံ၊ ကြီးမြတ်သော ရထားကို။ နာနာ-ရတနဒါမေန၊ အထူးထူးသော ရတနာပန်းဆိုင်းဖြင့်။ ဩလမ္ဗိတွာ၊ တွဲရရွဲဆွဲ၍။ ကုမုဒဝဏ္ဏော၊ ကုမုဒြာကြာဖြူအဆင်းရှိကုန်သော။ စတ္တာရောအဿေ၊ မြင်း ၄-စီးတို့ကို။ ယောဇေတွာ၊ က၍။ သိရိမဟာမာယာယ၊ သိရိမဟာမာယာမည်သော။ ရာဇဓီတာယ၊ မင်းသမီး၏။ သန္တိကံ၊ အထံသို့။ ပေသေသိ၊ စေလိုက်၏။

တံခဏညေဝ၊ ထိုခဏ၌ပင်လျှင်။ သက္ကဿ ဒေဝရညော၊ သိကြားနတ်မင်း၏။ ပဏ္ဍုကမ္ဗလသိလာသနံ၊ ပဏ္ဍုကမ္ဗလာ၊ ကျောက်နေရာသည်။ ဥဏှာကာရံ၊ ပူသောအခြင်းအရာကို။ ဒဿေသိ၊ ပြ၏။ သက္ကော ဒေဝရာဇာ၊ သိကြားနတ်မင်းသည်။ ပဏ္ဍုကမ္ဗလ-သိလာယ၊ ပဏ္ဍုကမ္ဗလာကျောက်ဖျာ၏။ ဥဏှာကာရံ၊ ပူသောအခြင်းအရာကို။ ဉတွာ၊ သိ၍။ 'ကိမတ္ထာယာတိ၊ အဘယ်ကြောင့်နည်း'ဟု။ ဒိဗ္ဗေနပာစက္ခုနာ၊ နတ်မျက်စိဖြင့်။ ဩလောကေန္တော၊ ကြည့်သည်ရှိသော်။ တံ ကာရဏံ၊ ထိုအကြောင်းကို။ ဒိသွာ၊ မြင်၍။

“ဣဒါနိ၊ ယခု။ သံသာရပရိယန္တအတိယောရမောဟဇာလပဋိစ္ဆန္နမိစ္ဆာဒိဋ္ဌိအန္ဓကာရဂဗ္ဘသ္မိ၊ သံသရာ၏ ဆည်ကမ်း၊ အလွန်ကြမ်းတမ်းသော မောဟ-တည်းဟူသော ကွန်ရက်သည် ဖုံးလွှမ်းအပ်သော မိစ္ဆာဒိဋ္ဌိ-တည်းဟူသော မိုက်မှောင်တိုက်ခန်း၏။ အဂ္ဂလဒွါရံ၊ တံခါးကျည်ကို။ အဌင်္ဂိကမဂ္ဂတာလေဟိ၊ ၈-ဖြာစုံလင်၊ မဂ္ဂင်သံကောက်တို့ဖြင့်။ ဝိဝရန္တသ္မိ၊ ဖွင့်ပေတတ်သော။ သဗ္ဗညုဗုဒ္ဓသ္မိ၊ သဗ္ဗညုဘုရား၏။ မာတုယာ၊ အမိလောင်းဖြစ်သော။ သိရိမဟာမာယာယ၊ သိရိမဟာမာယာမည်သော။ ရာဇဓီတာယ၊ မင်းသမီးကို။ သိရီသုဒ္ဓေါဒနရာဇပုတ္တေန၊ သိရီသုဒ္ဓေါဒနမင်းသားနှင့်။ သဒ္ဓိံ၊ တကွ။ ဃရာဝါသဝသိတဝိဝါဟော၊ အိမ်ရာတည်ထောင်၊ ရွက်ဆောင်ထိမ်းမြားခြင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့”။ ဣတိ၊ ဤသို့။ ဥတွာ၊ သိ၍။

မဟာဒေဝသယ်ပရိဝုတော၊ နတ်ပေါင်းများစွာ ခြံရံအပ်သည်ဖြစ်၍။ ဝိသုကမ္မဒေဝပုတ္တံ၊ ဝိသုကြံနတ်သားကို။ ဒိဗ္ဗဒုဿံ၊ နတ်ပုဆိုးကို။ ဂါဟာပေတွာ၊ ယူစေ၍။ သုဇာတံ အသုရကညံ၊ သုဇာတာ-မည်သော အသုရာသမီးကို။ ပုရတော ကတွာ၊ ရှေ့သွားပြု၍။ ဒေဝဒဟပုရံ၊ ဒေဝဒဟပြည်သို့။ ဩတရိ၊ သက်ဆင်းခဲ့၏။

သိရိမဟာမာယာရာဇဓီတာပိ၊ သိရိမဟာမာယာမင်းသမီးသည်လည်း။ သဗ္ဗာလင်္ကာရပဋိမဏ္ဍိတာ၊ ခပ်သိမ်းသောတန်းဆာဖြင့် တန်းဆာဆင်လျက်။ သတသဟဿကညာဟိ၊ ၁-သိန်းသော သတို့သမီးတို့သည်။ ပရိဝုတာ၊ ခြံရံအပ်သည်ဖြစ်၍။ သုဝဏ္ဏပါသာဒါ၊ ရွှေပြာသာဒ်မှ။ ဩတရိတွာ၊ သက်ဆင်း၍။ မဟာရဟာရထဝရံ၊ သူမြတ်တို့နှင့် ထိုက်တန်သော ရထားမြတ်ကို။ အဘိရုဟိတွာ၊ တက်စီး၍။ သုဇာတာသုရကညံ၊ သုဇာတာ အသုရာသမီးကို။ ပုရတော ကတွာ၊ ရှေ့သွားပြု၍။ နဂရာ၊ မြို့မှ။ နိက္ခမိတွာ၊ ထွက်၍။ ဥယျာနာဘိမုခံ၊ ဥယျာဉ်သို့ ရှေ့ရှု။ ပါယာသိ၊ ချီလေ၏။

----- x -----

## [ ၂၀ ]   ဒေဝါဝင်းဖြင့် ချီတော်မူ

သုဇာတာသုရဓီတာပိ၊ သုဇာတာ အသုရာသမီးသည်လည်း။ ဒေဝစ္ဆရပရိဝုတာ၊ နတ်သမီးအပေါင်းခြံရံလျက်။ ဒိဗ္ဗရထံ၊ နတ်ရထားကို။ အဘိရုယှ၊ တက်စီး၍။ သိရိမဟာမာယာယ၊ သိရိမဟာမာယာမင်းသမီး၏။ ရထသ္မိ၊ စီးသော ရထား၏။ ပုရတော၊ ရှေ့မှ။ ပါယာသိ၊ သွားလေ၏။ တဿာ သိရိမဟာမာယာယ၊ ထိုသိရိမဟာမာယာမင်းသမီး၏။ ပစ္ဆတော၊ နောက်မှ။ သက္ကောဒေဝရာဇာ စ၊ နတ်များသနင်း၊ သိကြားမင်းသည်

လည်းကောင်း။ ဇနာဓိပတိရာဇာ စ၊ ဇနာဓိပတိမင်းသည်လည်းကောင်း။ ရာဇာနုရာဇ-ပရိဝုတော၊ ကြီးကြီး,ငယ်ငယ်သော မင်းမျိုးမင်းနွယ်သည် ခြံရံအပ်သည်ဖြစ်၍။ အနုပုဗ္ဗေန၊ အစဉ်သဖြင့်။ ပါယာသိ၊ ချီလေ၏။

သဗ္ဗေဒေဝါပိ၊ ခပ်သိမ်းသော နတ်တို့သည်လည်း။ မဂ္ဂဿ၊ လမ်း၏။ ဥဘတော၊ ၂-ဖက်မှ။ သတ္တရတနဇဗပဋာကာဒီဟိ၊ ရတနာ ၇-ပါးဖြင့်ပြီးသော တံခွန်, ကုက္ကား-စသည်တို့ဖြင့်။ ပဋိပါဋိကတွာ၊ အစဉ်တန်း၍။ ပါယိံသု၊ ချီကြကုန်၏။ သမန္တာမဟာမဏ္ဍပေ၊ ထက်ဝန်းကျင် မဏ္ဍပ်ကြီး၌။ သဗ္ဗေဒေဝါ၊ ခပ်သိမ်းကုန်သော နတ်တို့သည်။ နိသီဒိံသု၊ နေကြကုန်၏။ တဿာ၊ ထိုသိရီမဟာမာယာမင်းသမီး၏။ နိက္ခန္တကာလေ၊ မြို့မှ ထွက်သောကာလ၌။ အာကာသတော၊ ကောင်းကင်မှ။ ဒိဗ္ဗမန္ဒာရဝါဒိ နာနာဒိဗ္ဗပုပ္ဖဝဿံ၊ နတ်၌ဖြစ်သော ထင်ရှားပန်း-စသော နတ်ပန်းမိုးကို။ ဝဿိ၊ ရွာသွန်း၏။

တဒါ၊ ထိုအခါ၌။ ဝဿိတပုပ္ဖရာသိ၊ ရွာသော ပန်းပုံစုသည်။ ဧကယောဇနဝိတ္ထာ-ရော၊ အနံ ၁-ယူဇနာရှိ၏။ ဒွိယောဇနာယာမော၊ အလျား ၂-ယူဇနာရှိ၏။ အဿပိဋ္ဌိ-သမုဂ္ဂတော၊ မြင်းကျောက်ကုန်းခန့် အထက်သို့ မြင့်၏။ သိရီမဟာမာယာ၊ သိရီမဟာမာယာမင်းသမီးသည်လည်း။ ဒေဝသယေ်ဟိ၊ နတ်အပေါင်းတို့နှင့်။ သဒ္ဓိံ၊ တကွ။ ဒွိကောသဋ္ဌာ-နပတ္တာ၊ ၂-ကောသအရပ်သို့ ရောက်လေ၏။

----- × -----

## [ ၂၁ ] ယောက္ခမက ဝင်းခင်းကြိုပုံ

တဒါ၊ ထိုအခါ၌။ သီဟဟနုရာဇာ၊ သီဟဟနုမင်းသည်။ ဗဟုဟတ္ထိအဿေ၊ များစွာသော ဆင်,မြင်းတို့ကို။ ပဋိပါဋိယာ၊ အစဉ်အတိုင်း။ ဌပေတွာ၊ ထား၍။ တတော၊ ထို့နောက်။ ရတနပစ္စယသေတကုဥ္စရဿ၊ ပစ္စယဆင်ဖြူရတနာ၏။ ပိဋ္ဌိယာ၊ ကျောက်ကုန်း၌။ သုဝဏ္ဏ-ရဇတဝဇိရမုတ္တာပဝါဠကောလိယမဏိဇာလသခိတာနိ၊ ရွှေ, ငွေ, စိန်, ပုလဲ, သန္တာ, မျက်ရွဲ, ပတ္တမြားကွန်ယက်-ဟု ဆိုအပ်ကုန်သော။ သတ္တဇာလာနိ၊ ကွန်ချာ ၇-ထပ်တို့ကို။ အတ္ထရိတွာ၊ ခင်း၍။ ဂဇိန္ဒဝရဿ၊ မြတ်သော ဆင်မင်း၏။ ပိဋ္ဌိယံ၊ ကျောက်ကုန်း၌။ ဌပိတံ၊ ထားအပ်သော။ သုဝဏ္ဏရဇတသတ္တရတနခစိတပါသာဒံ၊ ရွှေ, ငွေ-အစရှိသော ရတနာ ၇-ပါးတို့ဖြင့် စီရင်အပ်သော ပြာသာဒ်သို့။ သိရီသုဒ္ဓေါဒနကုမာရံ၊ သိရီသုဒ္ဓေါဒနမင်းသားကို။ အာရောပေတွာ၊ တင်၍။ တဿ၊ ထိုမင်းသားအား။ ဧကသတရာဇာနော၊ ၁၀၁-စင်း၊ ထီးဆောင်းမင်းတို့ကို။ ပရိဝါရာပေသိ၊ ဝန်းရံစေ၏။

တဿ၊ ထိုမင်းသား၏။ ပုရတောပိ၊ ရှေ့မှလည်း။ သုဒ္ဓါဝါသမဟာဗြဟ္မာ၊ သုဒ္ဓါဝါသ ဗြဟ္မာကြီးသည်။ ပုဏ္ဏစန္ဒ ဝိယ၊ လပြည့်ဝန်းနှင့်တူသော။ မဟန္တံ၊ ကြီးစွာသော။ သေတဆတ္တံ၊ ထီးဖြူကို။ ဂဟေတွာ၊ ကိုင်၍။ ဂစ္ဆတိ၊ သွား၏။ တတော၊ ထို့နောက်၌။ သီဟဟနုရာဇာပိ၊ သီဟဟနုမင်းသည်လည်း။ ဆသတသဟဿ သက္ကျရာဇပရိဝုတော၊ ၆-သိန်းသော သာကီ-ဝင်မင်း ခြံရံအပ်သည်ဖြစ်၍။ တဿေဝ၊ ထိုသားတော်၏သာလျှင်။ ပစ္ဆတော၊ နောက်မှ။ ဂစ္ဆတိ၊ လိုက်၏။

တတော၊ ထိုမှတပါး။ သုက္ကောဒနကုမာရော စ၊ သုက္ကောဒနမင်းသားသည်လည်း ကောင်း။ အမိတောဒနကုမာရော စ၊ အမိတောဒနမင်းသားသည်လည်းကောင်း။ ဣတိ ဥဘော ကုမာရာ၊ ဤ ၂-ပါးသော မင်းသားတို့သည်။ ဧကံ၊ တစ်ခုတည်းသော။ မင်္ဂလရထံ၊ မင်္ဂလာရှိသော ရထားကို။ အဘိရုဟိတွာ၊ စီး၍။ စတုရင်္ဂိနိယာ၊ အင်္ဂါ ၄-ပါးရှိသော။ သေနာယ၊ စစ်သည်နှင့်။ သဒ္ဓိံ၊ တကွ။ မဟာဗြဟ္မုနော၊ ဗြဟ္မာကြီး၏။ ပစ္ဆတော၊ နောက်မှ။ သိရီသုဒ္ဓေါဒနဿ၊ သိရီသုဒ္ဓေါဒနမင်းသား၏။ ပုရတော၊ ရှေ့မှ။ ဂစ္ဆန္တိ၊ သွားကုန်၏။ ဧဝံ၊ ဤသို့။ အနုပဋိပါဋိယာ၊ အစဉ်သဖြင့်။ ဥဘောခတ္တိယေ၊ မင်း ၂-ပါးတို့ကို။ ပရိဝါရေတွာ၊ ခြံရံ၍။ ဒေဝတာယော၊ နတ်တို့သည်။ အာဂမိံသု၊ လိုက်လာကုန်၏။

တဒါ၊ ထိုအခါ၌။ သိရီသုဒ္ဓေါဒနကုမာရောပိ၊ သိရီသုဒ္ဓေါဒနမင်းသားသည်လည်း။ ဧဝံ မဟာပရိဝါရေဟိ၊ သို့စင်များစွာ၊ ဝန်းလျာခြွေရံတို့နှင့်။ သဒ္ဓိံ၊ တကွ။ ဒွိကောသဋ္ဌာနံ၊ ၂-ကောသအရပ်ကို။ အတိက္ကမိတွာ၊ လွန်၍။ သိရိမဟာမာယာယ၊ သိရိမဟာမာယာ မင်းသမီးအား။ ပစ္စုဂ္ဂမနံ၊ ခရီးဦးကြိုဆိုခြင်းကို။ အကာသိ၊ ပြု၏။ တဒါ၊ ထိုအခါ၌။ သီဟဟ-နုရာဇာပိ၊ သီဟဟနုမင်းသည်လည်းကောင်း။ ဇနာဓိပတိရာဇာပိ၊ ဇနာဓိပတိမင်းသည် လည်းကောင်း။ သဗ္ဗပရိသာဟိ၊ ခပ်သိမ်းသော ပရိသတ်တို့နှင့်။ သဒ္ဓိံ၊ တကွ။ မဟာမဏ္ဍပေ၊ မဏ္ဍပ်ကြီး၌။ ပဝိသိံသု၊ ဝင်၍ နေကုန်၏။

----- x -----

## [ ၂၂ ] ရွှေလက်တွဲ၍ နန်းပွဲဝင်

တတော၊ ထိုမှ နောက်၌။ သုဒ္ဓါဝါသမဟာဗြဟ္မာပိ၊ သုဒ္ဓါဝါသဗြဟ္မာကြီးသည်လည်း။ ကာလံ၊ အခါခွင့်ကို။ ဩလောကေတွာ၊ ကြည့်၍။ 'အယံ၊ ဤအခါသည်။ ကာလော၊ လက်ထပ်မင်္ဂလာအခါတည်း'။ ဣတိ၊ ဤသို့။ ဉတွာ၊ သိ၍။ သိရီသုဒ္ဓေါဒနရာဇကုမာရဿ၊

သိရီသုဒ္ဓေါဒနမင်းသား၏။ ဟတ္ထံ၊ လက်ကို။ ဂဟေတွာ၊ ကိုင်ဆွဲ၍။ ဥဒ္ဒံရတနရာသိမှ၊ ရတနာပုံထက်၌။ အာရောပေသိ၊ တင်ထား၏။

သုဇာတာ၊ သုဇာတာမည်သော။ အသုရိန္ဒဓီတာ၊ အသုရာမင်း၏ သမီးသည်။ သိရိမဟာမာယာယ၊ သိရိမဟာမာယာ၏။ ဟတ္ထံ၊ လက်ကို။ ဂဟေတွာ၊ ကိုင်ဆွဲ၍။ တတ္ထေဝ ရတနရာသိမှ၊ ထိုရတနာအစု၌ပင်လျှင်။ အာရောပေသိ၊ တင်ထား၏။ တဒါ၊ ထိုအခါ၌။ ဥဘော ခတ္တိယာ၊ မင်း ၂-ပါးတို့သည်။ အညမညဿ၊ တစ်ယောက်သည် တစ်ယောက်၏။ ဟတ္ထံ၊ လက်ကို။ ဂဏှိံသု၊ ကိုင်ကုန်၏။

----- x -----

## [ ၂၃ ] နတ်ဒေဝါတို့ ကောင်းချီးပေး၍ မင်္ဂလာရေစင်သွန်းကြပုံ

သက္ကော ဒေဝရာဇာ၊ သိကြားနတ်မင်းသည်။ စတုမာသိကရဝံ၊ ၁-ကြိမ်မှုတ်က ၄-လတိုင်တိုင် မြည်ဟိန်းသော။ ဒိဗ္ဗသင်္ခံ၊ နတ်၌ဖြစ်သော ခရုသင်းကို။ ဓမန္တော၊ မှုတ်လျက်။ အဋ္ဌာသိ၊ တည်၏။ ပဉ္စသိခဒေဝပုတ္တော၊ ပဉ္စသိခနတ်သားသည်။ မဟာဝီဏံ၊ စောင်းကြီးကို။ ဝါဒေတိ၊ တီး၏။ ဒိဗ္ဗတူရိယေ စ၊ နတ်၌ဖြစ်သော တူရိယာတို့ကိုလည်းကောင်း။ မနုဿ-တူရိယေ စ၊ လူ၌ဖြစ်သော တူရိယာတို့ကိုလည်းကောင်း။ ဧကပဟာရေနေဝ၊ တပြိုင်နက်ဖြင့်သာလျှင်။ ဝဇ္ဇိံသု၊ တီးမှုတ်ကြကုန်၏။ သုဒ္ဓါဝါသမဟာဗြဟ္မာ၊ သုဒ္ဓါဝါသဗြဟ္မာကြီးသည်။ ဝရဥဒကဿ၊ မြတ်သောရေဖြင့်။ ပရိပုဏ္ဏရတနဘိင်္ကာရံ၊ ပြည့်သော ရတနာကရားကို။ ဂဟေတွာ၊ ကိုင်၍။ မင်္ဂလဝါစံ၊ မင်္ဂလာစကားကို။ ဝါစေတွာ၊ ရွတ်ဆို၍။ ဝိဝါဟမင်္ဂလော-ဒကေန၊ ထိမ်းမြားမင်္ဂလာရေစင်ဖြင့်။ နေသံ၊ ထိုမင်း ၂-ပါးတို့၏။ သီသေ၊ ဦးခေါင်း၌။ အဘိသိဉ္စိ၊ သွန်းလောင်း၏။

တံခဏညေဝ၊ ထိုခဏ၌ပင်လျှင်။ ဒွိသတသဟဿစတုနဟုတယောဇနဗဟလာ၊ ယူဇနာ ၂၄၀,၀၀၀-ထုသော မဟာပထဝီမြေကြီးသည်။ ဟေမဂိရိတော၊ ရွှေတောင်မှ။ နိက္ခန္တဟဋ္ဌတုဋ္ဌဆဒ္ဒန္တဂဇရာဇာ ဝိယ၊ ထွက်သော ရွှင်ပြုံးနှစ်သက်သော ဆဒ္ဒန်ဆင်မင်းကဲ့သို့။ ဂဇ္ဇမာနာ၊ ကြည်းဟီးချုန်းဟုန်းလျက်။ ကမ္ပိ၊ တုန်လှုပ်၏။ သိနေ့ရုပဗ္ဗတရာဇာ၊ မြင်းမိုရ်တောင်မင်းသည်။ ဩနမိ၊ ညွတ်ကိုင်း၏။ မဟာသမုဒ္ဒေါ၊ မဟာသမုဒ္ဒရာရေသည်။ သံကမ္ပိ၊ တုန်လှုပ်ချောက်ချား၏။ အကာလ ဝိဇ္ဇုလတာ၊ အခါမဟုတ်၊ လျှပ်စစ်နွယ်တို့သည်။ နစ္ဆရိံသု၊ ပြိုးပြက်ကုန်၏။ ဒေဝေါ၊ မိုးသည်။ ဂဇ္ဇိ၊ ချုန်းဟုန်းထစ်ကြိုး၏။ ဃနိကဝဿံ၊ တခဲနက်သော မိုးရေမိုးပေါက်ကို။ ဝဿိ၊ ရွာ၏။

ဟိမဝန္တဝါသိနော၊ ဟိမဝန္တာ၌ နေကုန်သော။ စတုပ္ပဒါ၊ အခြေ ၄-ခုရှိကုန်သော။ သီဟာဒယော၊ ခြင်္သေ့-စသည်တို့သည်။ သကလဟိမဝန္တပဒေသံ၊ အလုံးစုံသော ဟိမဝန္တာတောရပ်ကို။ ဧကနိန္နာ ဒေနှ၊ တပြိုင်နက် ပွဲတင်ထပ်သော အသံဖြင့်။ နဒိံသု၊ ဟောက်မြည်တွန်ကျူးကုန်၏။

ခေါရမာလိ စ၊ [1]ခေါရမာလိမည်သော ရတနာပန်းလည်းကောင်း။

သူရိယမာလိ စ၊ [2]သူရိယမာလိမည်သော ရတနာပန်းလည်းကောင်း။

ခေါသမာလိ စ၊ [3]ခေါသမာလိမည်သော ရတနာပန်းလည်းကောင်း။

ဒိဋ္ဌိမာလိ စ၊ [4]ဒိဋ္ဌိမာလိမည်သော ရတနာပန်းလည်းကောင်း။

သလိမာလိ စ၊ [5]သလိမာလိမည်သော ရတနာပန်းလည်းကောင်း။

မတ္တမာလိ စ၊ [6]မတ္တမာလိမည်သော ရတနာပန်းလည်းကောင်း။

နီလမာလိ စ၊ [7]နီလမာလိမည်သော ရတနာပန်းလည်းကောင်း။

ဣတိ ဣမာနိ သတ္တရတနာနိ၊ ဤရတနာပန်းမိုး ၇-ပါးတို့သည်။ အာကာသတော၊ ကောင်းကင်မှ။ ပတိတွာ၊ ကျကုန်၍။ သမန္တာ မဟာမဏ္ဍပေ၊ မဏ္ဍပ်ကြီး၏ ထက်ဝန်းကျင်ဖြစ်သော။ ဧကယော ဇနပ္ပမာဏေ၊ ၁-ယူဇနာအရပ်၌။ ဝဿိံသု၊ ရွာကုန်၏။ သကလစက္ကဝါဠဒေဝတာယောပိ၊ စကြဝဠာတိုက်လုံး၌ နေကုန်သော နတ်တို့သည်လည်း။ နာနပ္ပကာရာနိ၊ အထူးထူးအပြားပြားကုန်သော။ ရတနာနိ၊ ရတနာတို့ကို။ တေသံ၊ ထိုမင်းသမီး, မင်းသား၊ မင်း ၂-ပါးတို့အား။ သက္ကာရတ္ထာယ၊ ပူဇော်သကာအလို့ငှာ။ ပါဟေသုံ၊ ပို့သလာကုန်၏။

ဧဝံ၊ ဤသို့။ ပထဝီတလတော၊ မြေအပြင်မှ။ ယာဝဘဝဂ္ဂါ၊ ဘဝဂ်တိုင်အောင်။ ဒေဝသာဓုကာရသဒ္ဒါဒိဧကနိန္နာဒေါ၊ နတ်တို့ ကောင်းချီးပေးသောအသံ-စသည်ဖြင့် တပြိုင်နက် ပွဲတင်ထပ်သည်။ အဟောသိ၊ ဖြစ်၏။ တံ၊ ထိုအံ့ဖွယ်သရဲကို။ ဒိသွာ၊ မြင်၍။ သကလဇမ္ဗုဒီပဝါသိနော၊ ဇမ္ဗူဒိပ်အလုံး၌ နေကုန်သော။ ပရောသတရာဇာနော စ၊ အရာမကသော မင်းတို့သည်လည်းကောင်း။ သီဟဟနုရာဇာဒယော၊ သီဟဟနုမင်း-အစရှိကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သကျရာဇာနော စ၊ သာကီဝင်မင်းတို့သည်လည်းကောင်း။ သေနာပတိအမစ္စသေဋ္ဌိဂဟပတိမဟာသာလဗြာဟ္မဏဝေဿသုဒ္ဒါ စ၊ စစ်သူကြီး, အမတ်, သူဌေး, ဥစ္စာနှစ်များသော သူကြွယ်, ပုဏ္ဏား, ကုန်သည်, ဆင်းရဲသားတို့သည်လည်းကောင်း။ သဗ္ဗေဇနာ၊ ခပ်သိမ်းကုန်သောသူတို့သည်။ လောမဟံသဇာတာ၊ ဖြစ်သော ကြက်သီးမွေး-

ညင်းထခြင်း ရှိကုန်သည်ဖြစ်၍။ အစ္စရိယဗ္ဗုတစိတ္တာ၊ အံ့ဖွယ်သရဲ မဖြစ်ဘူးမြဲဖြစ်သော စိတ်ရှိကုန်သည်ဖြစ်၍။ "ဧတေ ဥဘောခတ္တိယာ၊ ဤမင်း ၂-ပါးတို့သည်။

အဟော မဟာပုညာ၊ ဩော် ဘုန်းကြီးပေကုန်စွ။

မဟိဒ္ဓိကာ၊ တန်ခိုးကြီးကုန်စွ။

မဟာနုဘာဝါ၊ ကြီးသော အာနုဘော်ရှိပေကုန်စွ။

အညေဟိ၊ သူတပါးတို့နှင့်။ အသဒိသာ၊ မတူကုန်။

သဗ္ဗလက္ခဏပရိပုဏ္ဏာ၊ အလုံးစုံသော လက္ခဏာနှင့် ပြည့်စုံကုန်၏။ ဥဒေန္တသူရိယာဝိယ၊ တက်လတ်သော နေတို့ကဲ့သို့။ ဇလန္တိ၊ တောက်ပကုန်၏"။ ဣတိ၊ ဤသို့။ ဝဏ္ဏယန္တာ၊ ချီးမွမ်းကုန်လျက်။ သာဓုကာရဲ ကောင်းချီးကို။ အဒံသု၊ ပေးကုန်၏။ သဗ္ဗတူရိယဟတ္ထိ-အဿရထနရဒေဝပြဟ္မာနံ၊ အလုံးစုံသော တူရိယာ, ဆင်, မြင်း, ရထား, လူ, နတ်, ဗြဟ္မာတို့၏။ သဒ္ဒနိဃောသော၊ ကြွေးကြော်သောအသံသည်။ မဟာသမုဒ္ဒကုစ္ဆိယံ၊ မဟာသမုဒ္ဒရာအဝှမ်း၌။ မေဃဂဇ္ဇိတနိဃောသော ဝိယ၊ မိုးချုန်းသော အသံကဲ့သို့။ အဟောသိ၊ ဖြစ်ပြီ။

တဒါ၊ ထိုအခါ၌။ ဇနာဓိပတိရာဇာ စ၊ ဇနာဓိပတိမင်းသည်လည်းကောင်း။ သိရီ-မဟာမာယာယ၊ သိရိမဟာမာယာမင်းသမီး၏။ မာတာ၊ မယ်တော်ဖြစ်သော။ သုနန္ဒာဒေဝီ စ၊ သုနန္ဒာမိဖုရားသည်လည်းကောင်း။ သိရိသုဒ္ဓေါဒနကုမာရဿ၊ သိရိသုဒ္ဓေါဒနမင်းသား၏။ ပိတာ၊ ခမည်းတော်ဖြစ်သော။ သီဟဟနုရာဇာ စ၊ သီဟဟနုမင်းသည်လည်းကောင်း။ ဣတိ ဧတေ သဗ္ဗေ၊ ဤအလုံးစုံသောသူတို့သည်။ အဘူတပုဗ္ဗံ မဖြစ်ဘူးသော။ ပါဋိဟာရိယံ၊ တန်ခိုးပြာဋိဟာကို။ ပဿိတွာ၊ မြင်၍။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ သာဓုကာရဲ ကောင်းချီးကို။ ဒတွာ၊ ပေး၍။ အတ္တနောရေ ကိုယ်တွင်း၌။ ပီတိံ၊ ပီတိကို။ ဉပ္ပါဒေသုံ၊ ဖြစ်စေကုန်ပြီ။ သုနန္ဒာ-ဒေဝီပိ၊ သုနန္ဒာမိဖုရားသည်လည်း။ ဒီပဓူပဂန္ဓမာလာဒီနိ၊ ဆီမီးတန်ဆောင်, နံ့သာ, ပန်း-စသည်တို့ကို။ ဂဟေတွာ၊ ယူ၍။

၁။ သုဒ္ဓါဝါသမဟာပြဟ္မာနဥ္စ၊ သုဒ္ဓါဝါသဗြဟ္မာကြီးကိုလည်းကောင်း။

၂။ သဟံပတိမဟာပြဟ္မာနဥ္စ၊ သဟံပတိဗြဟ္မာကြီးကိုလည်းကောင်း။

၃။ ဝသဝတ္တိဒေဝရာဇာနဥ္စ၊ ဝသဝတ္တိနတ်မင်းကိုလည်းကောင်း။

၄။ သက္ကဒေဝရာဇာနဥ္စ၊ နတ်များသနင်း၊ သိကြားမင်းကိုလည်းကောင်း။

၅။ သုဇာတာသုရမိတရဥ္စ၊ သုဇာတာမည်သော အသုရာသမီးကိုလည်းကောင်း။

ဣတိ ဣမာ ပဥ္စဒေဝတာယော၊ ဤ ၅-ဦးသော နတ်တို့ကို။ ပူဇေတွာ၊ ပူဇော်၍။ သာဒရေန၊ ရိုသေခြင်းနှင့် တကွသော။ ပဥ္စင်္ဂပတိဋ္ဌိတေန၊ အင်္ဂါ ၅-ပါးရှိသော တည်ခြင်းဖြင့်။ ဝန္ဒိတွာ၊ ရှိခိုး၍။ တဿ၊ ထိုသမီးတော် မဟာမာယာ၏။ မဟိဒ္ဓိကတ္တံ၊ တန်ခိုးကြီးသော အဖြစ်ကို။ အာစိက္ခန္တီ၊ ပြောကြားလိုသည်ဖြစ်၍။ ဣမာ ဂါထာ၊ ဤဆိုလတ္တံ့သော ဂါထာတို့ကို။ အာဟ၊ ရွတ်ဆို၏။

----- x -----

## [ ၂၄ ] မယ်တော် သုန္ဒြာမိဖုရားက သမီးဂုဏ်ပုဒ် ဖော်ထုတ်ပုံ

“အနုကမ္ပိတာ၊ အစဉ်သနားကုန်သည်ဖြစ်၍။ ဣဓ၊ ဤလက်ထပ်မင်္ဂလာ၊ ပွဲသဘာ သို့။ အာဂတာ၊ လာရောက်ကြပေကုန်သော။ ဘောန္တောဒေဝဂဏာသရာ၊ အို-နတ်မင်းများ တို့။ တုမှေ၊ သင်နတ်များတို့သည်။ ပေါတာနံ၊ လူငယ် ၂-ယောက်တို့ကို။ အနုကမ္ပာယ၊ အစဉ်စောင့်ရှောက်ခြင်းငှာ။ ဣဓ သဘာယံ၊ ဤလက်ထပ်မင်္ဂလာ၊ ပွဲသဘာသို့။ သမာဂတာ၊ အညီအညွတ် လာကြကုန်၏။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဒေဝါ စ၊ နတ်တို့သည်လည်းကောင်း။ နာဂါ စ၊ နဂါးတို့သည်လည်းကောင်း။ ဝနရုက္ခာ စ၊ တောစိုးနတ်, ရုက္ခစိုးနတ်တို့သည်လည်းကောင်း။ ပဗ္ဗတာ စ၊ တောင်စောင့်နတ်တို့သည်လည်းကောင်း။ အန္တလိက္ခဋ္ဌဒေဝါ စ၊ ကောင်းကင်၌ တည်သော နတ်တို့သည်လည်းကောင်း။ မဟိဒ္ဓိကာ၊ တန်ခိုးကြီးကုန်သော။ ဣန္ဒာဒေဝါ စ၊ နတ်တို့သည်လည်းကောင်း။ မဟိဒ္ဓိကာ၊ ကြီးသော တန်ခိုးရှိကုန်သော။ တုမှေဒေဝါ၊ ရှင်နတ် များတို့သည်။ မမ ဝစနံ၊ ကျွန်ုပ်စကားကို။ သုဏာထ၊ နာကြားကုန်လော့။ မယှံ မိတုယာ၊ ကျွန်ုပ်သမီး၏။ ကုစ္ဆိမှာ၊ ဝမ်းမှ။ နိက္ခန္တော၊ ဖွားလတ္တံ့သော။ သော ဒဟရော၊ ထိုသူငယ်သည်။ စတုသစ္စံ၊ သစ္စာ ၄-ပါးကို။ ဝိဇ္ဈိတွာ၊ ဖောက်ထွင်း၍။ လောကာနုသာသကော၊ လူကို ဆုံးမတတ်သော။ ဗုဒ္ဓေါ၊ ကိုယ်တိုင်သိတတ်၊ သိစေတတ်သော။ ဓမ္မစက္ကပဝတ္တကော၊ ဓမ္မစကြာကို လည်စေနိုင်သော။ ဗုဒ္ဓေါ၊ ဘုရားသည်။ လောကေ၊ လူ့ရွာ၌။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

ယေ ယေ၊ အကြင်အကြင်သူတို့သည်။ တဿေဝ၊ ထိုဘုရား၏သာလျှင်။ သန္တိကေ၊ အထံ၌။ စရိဿန္တိ၊ ကျင့်ကုန်လတ္တံ့။ တေတေ၊ ထိုထို သူတို့သည်။ သဗ္ဗဒုက္ခံ၊ ခပ်သိမ်းသော ဆင်းရဲကို။ အပနုဒိယ၊ ဖျက်ဆီး၍။ အဇရံ၊ အိုခြင်းမရှိသော။ အမရံ၊ သေခြင်းမရှိသော။ ခေမံ၊ ဘေးငြိမ်းချမ်းသော။ တံ ပုရံ၊ ထိုနိဗ္ဗာန်ပြည်နန်းသို့။ ပါပုဏိဿန္တိ၊ ရောက်ကုန် လတ္တံ့”။ ဣတိ ဣမာ၊ ဤဂါထာတို့ကို။ အာဟ၊ ဆို၏။

## [ ၂၅ ] မင်း ၂-ပါးတို့အား ပူဇော်၍ ဆုတောင်းကြပုံ

သုနန္ဒာဒေဝီ၊ သုနန္ဒာမိဖုရားသည်။ ဣမာ ဂါထာ၊ ဤဂါထာတို့ကို။ ဂဟေတွာ၊ ရွတ်ဆိုပြီး၍။ ဂန္ဓမာလာဒီဟိ၊ နံ့သာ, ပန်း-စသည်တို့ဖြင့်။ ဒွေဝ ခတ္တိယေ၊ မင်း ၂-ပါးတို့ကို။ ပူဇေတွာ၊ ပူဇော်၍။ ဝန္ဒိတွာ၊ ရှိခိုး၍။ အတ္တနော၊ မိမိ၏။ ဝသနဋ္ဌာနမေဝ၊ နေရာအရပ်သို့သာလျှင်။ အဂမာသိ၊ သွားလေ၏။

တဿာ၊ ထိုသုနန္ဒာမိဖုရားသည်။ ဝန္ဒမာနာယ၊ ရှိခိုးသည်ရှိသော်။ သီဟဟနုရာဇာ စေဝ၊ သီဟဟနုမင်းသည်လည်းကောင်း။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သကျရာဇာနော စ၊ သာကီဝင်မင်းတို့သည်လည်းကောင်း။ ပရောသတရာဇာနော စ၊ ၁၀၁-ပါးသော မင်းတို့သည်လည်းကောင်း။ ဇနာဓိပတိရာဇာ စ၊ ဇနာဓိပတိမင်းသည်လည်းကောင်း။ ဒွေ ခတ္တိယေ၊ မင်း ၂-ပါးတို့ကို။ ဝန္ဒိံသု၊ ရှိခိုးကုန်၏။ မဟာဗြဟ္မာနော စေဝ၊ ဗြဟ္မာကြီးတို့သည်လည်းကောင်း။ ဆကာမာဝစရ ဒေဝရာဇာနော စ၊ ကာမာဝစရ ၆-ထပ်နတ်မင်းတို့သည်လည်းကောင်း။ ဥဘော ခတ္တိယေ၊ မင်း ၂-ပါးတို့ကို။ နာနာရတနေဟိ၊ အထူးထူးသော ရတနာတို့ဖြင့်။ ပူဇေသုံ၊ ပူဇော်ကုန်၏။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဒေဝါပိ၊ နတ်တို့သည်လည်း။ ဂန္ဓမာလာဒီဟိ၊ နံ့သာ, ပန်း-စသည်တို့ဖြင့်။ ပူဇေသုံ၊ ပူဇော်ကုန်၏။ အထ၊ ထိုမှတပါး။ ယက္ခရာဇာနောပိ၊ ဘီလူးမင်းတို့သည်လည်း။ အဂ္ဂဝေဠုပဏ္ဏာနိ၊ ဝါးရွက်ညွန့် အဆင်းရှိကုန်သော ပတ္တမြားတို့ကို။ အာဟရိတွာ၊ ဆောင်၍။ တေသံ ဒွိန္နံ၊ ထိုမင်း ၂-ပါးတို့အား။ ပူဇေန္တိ၊ ပူဇော်ကုန်၏။

ဒါနဝိန္ဒာဓိပတိဘူတော၊ ဒါနဝဘီလူးတို့ကို အစိုးရသော။ ဝေဿဝဏ္ဏော မဟာရာဇာပိ၊ ဝေဿဝဏ်နတ်မင်းကြီးသည်လည်း။ ဟိမဝန္တမတ္ထကောပ္ပန္နကပ္ပရုက္ခတော၊ ဟိမဝန္တာတောင်ထိပ်၌ဖြစ်သော ပဒေသာပင်မှ။ နာနာရတနာဒီနိ၊ အထူးထူးသော ရတနာ-အစရှိကုန်သော။ ဒိဗ္ဗောပကရဏာနိ စေဝ၊ နတ်၌ဖြစ်သော အသုံးအဆောင်တို့ကိုလည်းကောင်း။ မဟာဇမ္ဗုရုက္ခဿ၊ ကျွန်းဦးသပြေပင်ကြီး၏။ ဒက္ခိဏသာခါဟိ၊ တောင်အခက်တို့မှ။ ဂလိတွာ၊ ကြွေကျ၍။ ဇမ္ဗုနဒသုဝဏ္ဏာရဟာ၊ ဇမ္ဗုနဒရွှေဖြစ်ထိုက်သော။ မဟာဇမ္ဗုဖလဉ္စ၊ မဟာဇမ္ဗုသပြေသီးကိုလည်းကောင်း။ အာဟရိတွာ၊ ဆောင်၍။ တေသံ ဥဘိန္နံ၊ ထိုမင်း ၂-ပါးတို့၏။ ပုရတော၊ ရှေ့မှ။ ကေတာလပ္ပမာဏရာသိံ၊ ထန်းတဖျားပမာဏရှိသော အပုံအစုကို။ ထုပိတွာ၊ ပုံစု၍။ တေသံ၊ ထိုမင်း ၂-ပါးတို့အား။ ပူဇေသိ၊ ပူဇော်၏။

တဒါ၊ ထိုအခါ၌။ ဣန္ဒပြဟ္မာဒယော၊ သိကြား, ပြဟ္မာ-အစရှိကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဒေဝါ၊ နတ်တို့သည်။ တေသံ၊ ထိုမင်း ၂-ပါးတို့အား။ ဝရံ၊ ဆုကို။ ဒဒန္တာ၊ ပေးကုန်လျက်။

ဒီဃာယုကာ၊ ရှည်သော အသက်ရှိကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။

မဟာဘောဂါ၊ များသော စည်းစိမ်ရှိကုန်သည်။ မဟာယသာ၊ များသောအခြံအရံ အကျော်အစောရှိကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။

ပဉ္စဝီသတိဘယဗာတ္တိံသကမ္မကရဏာဆန္နဝုတိရောဂသောဠသုပဒ္ဒဝသင်္ခါတ-အဗ္ဗုတ္တိကဗာဟိရန္တရာယရဟိတာ၊ ၂၅-ပါးသောဘေး, ၃၂-ပါးသော အမှုစီရင်ခြင်း, ၉၆-ပါးသောရောဂါ, ၁၆-ပါးသော ဥပဒ္ဒဝေါ-ဟု ဆိုအပ်သော ကိုယ်တွင်း,ကိုယ်ပ အန္တရာယ်ကင်းကြကုန်သည်ဖြစ်၍။ ယာဝ နိဗ္ဗာနသုခံ၊ နိဗ္ဗာန်ချမ်းသာတိုင်အောင်။ ဝဍ္ဎန္တု၊ ကြီးပွါးစေကုန်သတည်း။

ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ သာဓုကာရံ၊ ကောင်းချီးကို။ အဒံသု၊ ပေးကြကုန်၏။ သတ္တဒိဝသာနိ၊ ၇-ရက်တို့တိုင်တိုင်။ ရတ္တိံ ဒိဝံ၊ နေ့ညဉ့်ပတ်လုံး။ သဘာဂံ၊ သဘင်ပွဲလမ်းကို။ ကီဠိံသု၊ ကစားကြကုန်၏။

----- x -----

## [ ၂၆ ]　မဏ္ဍပ်ကြီးတွင် နတ်,ပြဟ္မာတို့ ၇-ရက်၊ အမင်းမင်းတို့ ၃-လစံပြီး ကပိလဝတ်ပြန်ရန် ကြံကြပုံ

သတ္တဒိဝသာတိတကာလေ၊ ၇-ရက်လွန်သောကာလ၌။ သုဒ္ဓါဝါသမဟာပြဟ္မာ စ၊ သုဒ္ဓါဝါသပြဟ္မာကြီးသည်လည်းကောင်း။ သဟံပတိမဟာပြဟ္မာ စ၊ သဟံပတိပြဟ္မာကြီးသည်လည်းကောင်း။ ဆကာမာဝစရ ဒေဝရာဇာနော စ၊ ကာမာဝစရ ၆-ထပ်၊ နတ်မင်းတို့သည်လည်းကောင်း။ တေသံ၊ ထိုမင်း ၂-ပါးတို့အား။ ဩဝါဒံ၊ အဆုံးအမကို။ ဒတွာ၊ ပေး၍။ ပဉ္စသီလေသု၊ ၅-ပါးသီလတို့၌။ နိရန္တရံ၊ အမြဲ။ ဌပေတွာ၊ တည်စေ၍။ အတ္တနော၊ မိမိတို့၏။ ဝသနဋ္ဌာနမေဝ၊ နေရာဘုံရပ်သို့သာလျှင်။ ဂစ္ဆိံသု၊ ပြန်သွားကြကုန်၏။

သီဟဟနုရာဇာ စ၊ သီဟဟနုမင်းသည်လည်းကောင်း။ ဆသတသဟဿသကျ-ရာဇာနော စ၊ ၆-သိန်းသော သာကီဝင်မင်းတို့သည်လည်းကောင်း။ ပရောသတရာဇာနော စ၊ ၁၀၁-ပါးသော မင်းတို့သည်လည်းကောင်း။ ဇနာဓိပတိရာဇာ စ၊ ဇနာဓိပတိမင်းသည်

လည်းကောင်း။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေပိ ရာဇာနော၊ ထိုမင်းတို့သည်လည်း။ တသ္မိံ မဟာမဏ္ဍပေ၊ ထိုမဏ္ဍပ်ကြီး၌။ တယော မာသေ၊ ၃-လတို့ပတ်လုံး။ ဝသိတွာ၊ နေ၍။ ရတ္တိံဒိဝံ၊ နေ့ ညဉ့်မပြတ်။ သဘဂ်ံ၊ သဘင်ပွဲလမ်းကို။ ကီဠိတွာ၊ ကစား၍။ စိတ္တမာသကာလပက္ခေ၊ တန်ခူးလဆုတ်ပက္ခ၌။ ကပိလဝတ္ထုပုရဂမနတ္ထာယ၊ ကပိလဝတ်ပြည်သို့ သွားခြင်းငှာ။ မန္တယိံသု၊ တိုင်ပင်ကုန်၏။

----- x -----

## [ ၂၇ ] စံမြန်းရန် ပြာသာဒ်အဆောင်ဆောင် ဆောက်လုပ်ပုံ

တဒါ၊ ထိုအခါ၌။ သီဟဟနုရာဇာ၊ သီဟဟနုမင်းသည်။ သုဒ္ဓိယံ နာမ အမစ္စံ၊ **သုဒ္ဓိယမည်သော အမတ်ကို**။ တိသတသဟဿသက္យရာဇူဟိ၊ ၃-သိန်းသော သာကီဝင်မင်းတို့နှင့်။ သဒ္ဓိံ၊ တကွ။ ပါသာဒကရဏတ္ထာယ၊ ပြာသာဒ်ဆောက်လုပ်ခြင်းငှာ။ ပေသေသိ၊ စေလိုက်၏။ တေ သဗ္ဗေ၊ ထိုအလုံးစုံတို့သည်။ ကပိလဝတ္ထုံ၊ ကပိလဝတ်ပြည်သို့။ ဂန္တွာ၊ သွား၍။ ပဉ္စသတစန္ဒနသာရထမ္ဘေဟိ၊ ၅၀၀-သော စန္ဒကူးနှစ်တိုင်တို့ဖြင့်။ သတ္တဘူမကံ၊ ဘုံ ၇-ဆင့်ရှိသော။ ပါသာဒံ၊ ပြာသာဒ်ကို။ မာပေသုံ၊ ဖန်ဆင်းစီမံကုန်၏။ သော ပါသာဒေါ၊ ထိုပြာသာဒ်သည်။ စန္ဒနော နာမ၊ **စန္ဒနပြာသာဒ်** မည်သည်။ အဟောသိ၊ ဖြစ်ပြီ။

တတော၊ ထို့နောင်။ အတ္တနော၊ မိမိ၏။ ပုတ္တံ၊ သားဖြစ်သော။ သုက္ကောဒနံ၊ သုက္ကောဒနမင်းသားကို။ ဧကသတရာဇူဟိ၊ ၁၀၁-ပါးသော မင်းတို့နှင့်။ သဒ္ဓိံ၊ တကွ။ ပါသာဒကရဏတ္ထာယ၊ ပြာသာဒ်ဆောက်လုပ်ခြင်းငှာ။ ပေသေသိ၊ စေလွှတ်ပြန်၏။ သော၊ ထိုမင်းသားသည်။ တေဟိ၊ ထို ၁၀၁-ပါးသော မင်းတို့နှင့်။ သဒ္ဓိံ၊ တကွ။ ကပိလဝတ္ထုံ၊ ကပိလဝတ်ပြည်သို့။ ဂန္တွာ၊ သွား၍။ ပဉ္စသတဗကုလထမ္ဘေဟိ၊ ၅၀၀-သော စကားတိုင်တို့ဖြင့်။ နဝဘူမကံ၊ ဘုံ ၉-ဆင့်ရှိသော။ ပါသာဒံ၊ ပြာသာဒ်ကို။ မာပေသိ၊ ဆောက်လုပ်ဖန်ဆင်း၏။ သော ပါသာဒေါ၊ ထိုပြာသာဒ်သည်။ ဗကုလော နာမ၊ ဗကုလပြာသာဒ် မည်သည်။ အဟောသိ၊ ဖြစ်ပြီ။

တဒါ၊ ထိုအခါ၌။ ဇနာဓိပတိရာဇာ၊ ဇနာဓိပတိမင်းသည်။ သုပတိဋ္ဌံ နာမ၊ သုပတိဋ္ဌ မည်သော အမတ်ကို။ ရာဇူဟိ၊ မင်းတို့နှင့်။ သဒ္ဓိံ၊ တကွ။ ကပိလဝတ္ထုနဂရံ၊ ကပိလဝတ်ပြည်သို့။ ဧတ္ထ၊ ဤကပိလဝတ်ပြည်၌။ ဧကံ ပါသာဒံ၊ ပြာသာဒ် ၁-ဆောင်ကို။ ကရဏတ္ထာယ၊ ပြုခြင်းငှာ။ ပေသေသိ၊ စေလိုက်၏။

သောပိ၊ ထိုအမတ်သည်လည်း။ တေဟိ၊ ထိုမင်းတို့နှင့်။ သဒ္ဓိံ၊ တကွ။ တတ္ထ၊ ထို ကပိလဝတ်ပြည်သို့။ ဂန္ဒွာ၊ သွား၍။ သဟဿသာရရုက္ခထမ္ဘေဟိ၊ ၁,၀၀၀-သော သစ်သားနှစ်တိုင်တို့ဖြင့်။ သတ္တဘူမကံ၊ ဘုံ ၇-ဆင့်ရှိသော။ ပါသာဒံ၊ ပြာသာဒ်ကို။ မာပေသိ၊ ဖန်ဆင်း၏။ သော ပါသာဒေါ၊ ထိုပြာသာဒ်သည်။ သဟဿသာရော နာမ၊ သဟဿသာရ မည်သည်။ အဟောသိ၊ ဖြစ်ပြီ။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေ၊ ထိုမင်းအမတ်တို့သည်။ တိဏ္ဏံ ပါသာဒါနံ၊ ပြာသာဒ် ၃-ဆောင်တို့၏။ နိဋ္ဌိတကာလေ၊ ပြီးစီးသောကာလ၌။ ပစ္စာဂမိံသု၊ ပြန်ခဲ့ကုန်၏။

----- x -----

## [ ၂၈ ] နန္ဒဝန်နတ်လမ်းပမာ သာယာအောင် ကပိလပြန်လမ်း ပြင် လမ်းတန်းဆာဆင်ကြပုံ

တဒါ၊ ထိုအခါ၌။ သီဟဟနုရာဇာ၊ သီဟဟနုမင်းသည်။ ကပိလဝတ္ထုဂတမဂ္ဂံ၊ ကပိလဝတ်ပြည်သို့ သွားသောလမ်းကို။ အလင်္ကရာပေသိ၊ တန်းဆာဆင်စေ၏။ သော မဂ္ဂေါ၊ ထိုလမ်းသည်။ ဒေဝရညော၊ သိကြားမင်း၏။ နန္ဒနဝနုယျာနဂတမဂ္ဂေါ ဝိယ၊ နန္ဒဝန်ဥယျာဉ်သို့ သွားသောလမ်းကဲ့သို့။ အလင်္ကတော၊ တန်းဆာဆင်အပ်သည်။ အဟောသိ၊ ဖြစ်၏။ တတော၊ ထိုမှနောက်၌။ မဟာရဟံ၊ သူမြတ်တို့နှင့် ထိုက်တန်သော။ သဗ္ဗာလင်္ကာရပဋိမဏ္ဍိတံ၊ ခပ်သိမ်းသော တန်းဆာတို့ဖြင့် တန်းဆာဆင်အပ်သော။ ကဥ္စနရထဝရံ၊ မြတ်သော ရွှေရထားကို။ တေသံ၊ ထိုမင်း ၂-ပါးတို့သို့။ ဥပနာမေတွာ၊ ညွှတ်စေ၍။

သိရိသုဒ္ဓေါဒနကုမာရေန၊ သိရိသုဒ္ဓေါဒနမင်းသားနှင့်။ သဒ္ဓိံ၊ တကွ။ သိရိမဟာမာယံ၊ သိရိမဟာမာယာမင်းသမီးကို။ နိသီဒါပေတွာ၊ စီးစေ၍။ သောဠသသဟဿကညာယော စ၊ ၁၆,၀၀၀-သော မင်းသမီးတို့ကိုလည်းကောင်း။ သတသဟဿကုမာရိကာယော စ၊ ၁-သိန်းသော သတို့သမီးတို့ကိုလည်းကောင်း။ ဧကသတရာဇာနော စ၊ ၁၀၁-စင်းထီးဆောင်းမင်းတို့ကိုလည်းကောင်း။ ဆသတသဟဿသကျရာဇာနော စ၊ ၆-သိန်းသော သာကီဝင်မင်းတို့ကိုလည်းကောင်း။ ပရိဝါရေတွာ၊ ခြံရံစေ၍။ သယံ၊ မိမိသည်။ စတုရင်္ဂိနိယာ၊ အင်္ဂါ ၄-ပါးရှိသော။ သေနာယ၊ စစ်သည်နှင့်။ သဒ္ဓိံ၊ တကွ။ တေသံ၊ ထိုမင်း ၂-ပါးတို့၏။ ပုရတော၊ ရှေ့မှ။ ဂန္ဒွာ၊ သွား၍။ တေပိ၊ ထိုမင်း ၂-ပါးတို့ကိုလည်း။ အတ္တနော၊ မိမိ၏။ ပစ္ဆတော၊ နောက်မှ။ အနုဗန္ဓာပေသိ၊ အစဉ်တစိုက်၊ လိုက်စေ၏။

သဗ္ဗဒေဝါပိ၊ ခပ်သိမ်းသော နတ်တို့သည်လည်း။ တေ၊ ထိုမင်း ၂-ပါးတို့ကို။ ပရိဝါရယိံသု၊ ခြံရံကုန်၏။ တဒါ၊ ထိုအခါ၌။ သက္ကော ဒေဝရာဇာ၊ နတ်များသနင်း၊ သိကြား-မင်းသည်။ သုဇာတာယ၊ သုဇာတာမိဖုရားနှင့်။ သဒ္ဓိံ၊ တကွ။ သဟဿဒေဝဟယယောဇိတံ၊ နတ်မြင်းပျံ ၁၀၀၀-ကသော။ ဝေဇယန္တရထံ၊ ဝေဇယန္တာရထားကို။ အဘိရုဟိတွာ၊ တက်စီး၍။ နန္ဒနဝနုယျာနံ၊ နန္ဒဝန်ဥယျာဉ်သို့ ။ ကီဠိတုံ၊ ပျော်ပါးခြင်းငှာ။ ဂစ္ဆန္တော ဝိယ၊ သွားသကဲ့သို့။ သိရီသုဒ္ဓေါဒနမဟာရာဇာ၊ သိရီသုဒ္ဓေါဒနမင်းမြတ်သည်။ သိရီမဟာမာယာယ၊ သိရီမဟာ-မာယာမိဖုရားနှင့်။ သဒ္ဓိံ၊ တကွ။ အလင်္ကတဝရရထေန၊ တန်းဆာဆင်အပ်သော ရထားမြတ်ဖြင့်။ ပါယာသိ၊ ထွက်ချီလေ၏။

တဒါ၊ ထိုအခါ၌။ တေ၊ ထိုမင်း ၂-ပါးတို့ကို။ ပရိဝါရေတွာ၊ ခြံရံ၍။ ဂစ္ဆန္တာ၊ လိုက်ကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဒေဝမနုဿာပိ၊ နတ်,လူတို့သည်လည်း။ သောဘ-မာနာ၊ တင့်တယ်ကုန်သည်ဖြစ်၍။ သီဟဟနုရာဇဿ၊ သီဟဟနုမင်း၏။ ပစ္ဆတော၊ နောက်မှ။ ဂမိံသု၊ လိုက်ကုန်၏။ တေသံ၊ ထိုသူတို့၏။ ပစ္ဆတော၊ နောက်မှ။ ဇနာဓိပတိရာဇာ၊ ဇနာဓိပတိမင်းသည်။ သဗ္ဗသေနာယော၊ ခပ်သိမ်းသောစစ်သည်တို့ကို။ သံဝိဒဟိတွာ၊ စီရင်၍။ ဟတ္ထာရောဟာဏီကရထိကပတ္တိကယောဓာဒယော၊ ဆင်စီးသူရဲ, ရထားစီးသူရဲ, ခြေသည်သူရဲ-စသည်တို့ကို။ ပရိဝါရာပေတွာ၊ ဝန်းရံစေ၍။ အနုဂစ္ဆတိ၊ အစဉ်တစိုက် လိုက်၏။

တတော၊ ထိုမှ နောက်၌။ နာနုပကရဏဘောဂေါပဘောဂဘဏ္ဍဟာရကမနုဿာ၊ အထူးထူးသောအဆောက်အဦ, အပအသုံးအဆောင်, အတွင်းအသုံးအဆောင်, ဘဏ္ဍာဆောင်လူတို့သည်။ ဂဟိတဗ္ဗဂဟိတဗ္ဗယုတ္တကံ၊ ယူသင့်ယူထိုက်သည်နှင့် ယှဉ်သော။ ဘဏ္ဍံ၊ ဥစ္စာကို။ အာဒါယ၊ ယူ၍။ ကရေဏုကဟတ္ထိ အဿဂဝသကဋ္ဋာဒီဟိ၊ ဆင်မ, မြင်း, နွား, လှည်း-စသည်တို့ဖြင့်။ အနုဂစ္ဆိံသု၊ အစဉ်လိုက်ကုန်၏။

----- x -----

## [ ၂၉ ] ခမည်းတော်ဘက်က မင်္ဂလာလက်ဖွဲ့ပစ္စည်းများ

ဇနာဓိပတိရာဇာ ပန၊ ဇနာဓိပတိမင်းသည်ကား။ အတ္တနော၊ မိမိ၏။ ဓီတုယာ၊ သမီးအား။ ဒါတဗ္ဗယုတ္တကံ၊ ပေးသင့်သည်နှင့် ယှဉ်သော။ ဓနံ၊ ဥစ္စာကို။ ဒတွာ၊ ပေး၍။ ကောဋိသတသဟဿဒါသိယော စေဝ၊ ကုဋေ ၁-သိန်းသော ကျွန်မတို့လည်းကောင်း။ တထာ၊ ထိုမျှလောက်ကုန်သော။ ဒါသာ စ၊ ကျွန်ယောကျ်ားတို့လည်းကောင်း။ နဝဟတ္ထိ-နီနဟုတာနိ စ၊ ဆင်မ ၉၀,၀၀၀-တို့လည်းကောင်း။ တထာ၊ ထိုမျှလောက်ကုန်သော။ ကာမ-

ဇဝပရက္ကမပြူပြာန္တာ၊ အလိုလျှင်ခြင်း, လုံ့လကို ပွါးစေတတ်ကုန်သော။ ဝါရဏာ စ၊ ဆင်ပေါက်တို့လည်းကောင်း။ စတုရာသီတိသဟဿာဇာနိယာ စ၊ ၈၄,၀၀၀-သော အာဇာနည်မြင်းတို့လည်းကောင်း။ ဒွေ အက္ခောဘဏီမဟိသပသုဂါဝေါ စ၊ ၂-ခေါဘဏီမျှသော ကျွဲ, သား, နွားတို့လည်းကောင်း။ က္ကတိ က္ကမာနိ သဗ္ဗာနိ၊ ဤအလုံးစုံတို့ကို။ တေသံ၊ ထိုသူတို့၏။ ပစ္ဆတော၊ နောက်မှ။ အနုဗန္ဓာပေသုံ၊ အစဉ်လိုက်စေကုန်၏။

ဒေဝဒဟနဂရတော၊ ဒေဝဒဟပြည်မှ။ ယာဝ ကပိလဝတ္ထုပုရံ၊ ကပိလဝတ်ပြည်တိုင်အောင်။ တိံသယောဇနမတ္တံ၊ ယူဇနာ ၃၀-မျှရှိသော။ တိံသရဋ္ဌဝိတ္ထတဥ္စ၊ ယူဇနာ-၃၀၊ ပြည်အကျယ်ရှိသည်လည်းဖြစ်သော အရပ်သည်။ ဂဂနတလေ၊ ကောင်းကင်ပြင်၌။ မဟာမေဃောဋ္ဌိတကာလော ဝိယ၊ မိုးကြီးတက်၍ ချုန်းဟုန်းသောကာလကဲ့သို့။ အဟောသိ၊ ဖြစ်၏။ တေသံ၊ ထိုသူတို့၏။ အန္တရံ နာမ၊ အကြားအပြတ်၊ အလပ်မည်သည်။ ဧကမုဋ္ဌိမတ္တံပိ၊ လက် ၁-ဆုပ်ရာမျှလည်း။ နာဟောသိ၊ မဖြစ်။

တေ၊ ထိုသူတို့သည်။ ဧကင်္ဂဏာ၊ တပြင်တည်း။ ယာဝ ကပိလဝတ္ထုပုရံ၊ ကပိလဝတ်ပြည်တိုင်အောင်။ အဂမိံသု၊ သွားကုန်၏။ တေ သဗ္ဗေပိ မနုဿာ၊ ထိုအလုံးစုံသောလူတို့သည်လည်း။ စတ္တာရောမာသေ စေဝ၊ ၄-လတို့ကိုလည်းကောင်း။ အဋ္ဌမာသာဒ္ဓိကာနိ စ၊ ၈-လအလွန် လခွဲတို့ကိုလည်းကောင်း။ ဝီတိဝတ္တာပေတွာ၊ လွန်စေ၍။ သဗ္ဗေ၊ အလုံးစုံသောသူတို့ကို။ အနုဝသေသေတွာ၊ မကျန်မကြွင်းစေမူ၍။ ဧကေကသမူဟံ၊ ၁-စု, ၁-စုစီ။ ကတွာ၊ ပြု၍။ တဒန္တရဥ္စ၊ ထိုအစုတို့၏ အကြားအလပ်ကိုလည်း။ ဌပေသုံ၊ ထားကုန်၏။

----- x -----

## [ ၃၀ ]  သုဒ္ဓေါဒနမင်းသားအား နန်းလွှဲအပ်၍ ရာဇဘိသိက်သွန်းပုံ

တဒါ၊ ထိုအခါ၌။ သီဟဟနုမဟာရာဇာ၊ သီဟဟနုမင်းမြတ်သည်။ သိရီသုဒ္ဓေါဒန-ရာဇကုမာရံ၊ သားတော် သိရီသုဒ္ဓေါဒနမင်းကို။ သိရီမဟာမာယာယ၊ သိရီမဟာမာယာမင်းသမီးနှင့်။ သဒ္ဓိံ အတူ။ ဧကရတနပလ္လင်္ကေ၊ တစ်ခုတည်းသော ရတနာပလ္လင်၌။ နိသီဒါ-ပေတွာ၊ နေစေ၍။ ပါသာဒါနုက္ကမေန၊ ပြာသာဒ်အစဉ်ဖြင့်။ တယော ဝါရေ၊ ၃-ကြိမ်တို့တိုင်တိုင်။ ရာဇမင်္ဂလာဘိသေကံ၊ ရာဇမင်္ဂလာဘိသိက်ကို။ ကတွာ၊ ပြု၍။ တဒနန္တရံ၊ ထိုမှ အခြားမဲ့၌။ စန္ဒနပါသာဒံ၊ စန္ဒကူးပြာသာဒ်သို့။ အာရောပေတွာ၊ တင်၍။ သိရီသုဒ္ဓေါဒန-မဟာရာဇာတိ၊ သိရီသုဒ္ဓေါဒနမင်းမြတ်-ဟူ၍။ ပါကဋနာမေန၊ ထင်ရှားသော အမည်ဖြင့်။ ရဇ္ဇံ မင်းအဖြစ်ကို။ နိယျာဒေသိ၊ အပ်နှင်း၏။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ရာဇာနောပိ၊ မင်းတို့သည်လည်း။ သိရီသုဒ္ဓေါဒန-မဟာရာဇဿ၊ သိရီသုဒ္ဓေါဒနမင်းမြတ်ကို။ မင်္ဂလာဘိသေကာဝသာနေ၊ မင်္ဂလာဘိသိက်သွန်းပြီးသည်၏အဆုံး၌။ သိရီသုဒ္ဓေါဒနမဟာရာဇဉ္စ၊ သိရီသုဒ္ဓေါဒနမင်းကိုလည်းကောင်း။ ရာဇမဟေသိံ၊ မင်း၏မိဖုရားဖြစ်သော။ သိရီမဟာမာယာဒေဝိံ စ၊ သိရီမဟာမာယာမိဖုရားကိုလည်းကောင်း။ ဝန္ဒိတွာ၊ ရှိခိုး၍။ မာနေတွာ၊ မြတ်နိုး၍။ ခမာပေတွာ၊ ကန်တော့၍။ အာပုစ္ဆိတွာ၊ ပန်ကြား၍။ ယာစန္တော၊ တောင်းပန်ကုန်လျက်။ ယထာသကဋ္ဌာနမေဝ၊ အကြွင်းအကြွင် မိမိတို့နေရာအရပ်သို့သာလျှင်။ အပက္ကမုံ၊ ဖဲကြကုန်ပြီ။

တဒါ၊ ထိုအခါ၌။ သိရီသုဒ္ဓေါဒနမဟာရာဇာ၊ သိရီသုဒ္ဓေါဒနမင်းသည်။ ဒေဝိယာ၊ မဟာမာယာမိဖုရားနှင့်။ သဒ္ဓိံ၊ တကွ။ ရဇ္ဇေ မင်းအဖြစ်၌။ ပတိဋ္ဌာယ၊ တည်၍။ ပဉ္စသီလဉ္စ၊ ၅-ပါးသီလကိုလည်းကောင်း။ ဒသဝိဓံ၊ ၁၀-ပါးအပြားရှိသော။ ရာဇဓမ္မဉ္စ၊ မင်းကျင့်တရားကိုလည်းကောင်း၊ ပူရေန္တော၊ ဖြည့်ကျင့်လျက်။ ဓမ္မေန၊ တရားနှင့်။ သမေန၊ ညီသဖြင့်။ ရဇ္ဇံ မင်း၊အဖြစ်ကို။ ကာရေသိ၊ ပြုစေ၏။ တဒါ၊ ထိုအခါ၌။ သီဟဟနုရာဇာပိ၊ သီဟဟနုမင်းသည်လည်း။ ပုတ္တဿ၊ သားတော်သုဒ္ဓေါဒနမင်းအား။ ရဇ္ဇံ မင်းအဖြစ်ကို။ ဒတွာ၊ ပေး၍။ ဒါနာဒီနိ၊ အလှူပေးခြင်း-အစရှိကုန်သော။ ပုညာနိ၊ ကောင်းမှုတို့ကို။ ကတွာ၊ ပြု၍။ အာယုကပရိယောသာနေ၊ အသက်၏အဆုံး၌။ တိဒိဝံ၊ တာဝတိံသာ၊ နတ်တို့ရွာသို့။ ဂတော၊ လားသည်။ အဟောသိ၊ ဖြစ်ပြီ။

ဘုရားဘိုးတော်၊ သောင်းတိုက်ကျော်သား၊ နဘော်လျှံဖြိုး၊ ပြိုင်သူကြိုးသည့်၊ တန်ခိုးရဲမက်၊ လက်နက်ဗိုလ်ပါ၊ အာဏာပြင်းထန်၊ ကြွင်းမကျန်ခဲ့၊ နိဗ္ဗာန်မလား၊ ဘုံ ၃-ပါးမှာ၊ အများဓမ္မတာ လမ်းရိုးတည်း။

သုဒ္ဓေါဒနမဟာရာဇာ၊ သုဒ္ဓေါဒနမင်းမြတ်သည်။ ပေတ္တိကရဇ္ဇံ အဘမွေစစ်၊ မင်းအဖြစ်ကို။ ကာရေတွာ၊ ပြုစေ၍။ သကပိတုဝိဇိတေ၊ မိမိဘပွါး၊ နိုင်ငံသားတို့ကို။ ဒါနာဒိ-သင်္ဂဟဝတ္ထုဓမ္မေဟိ၊ ပေးကမ်းအလှူ၊ ချစ်ဖွယ်ပြောဆို၊ အကျိုးလို၍၊ ကိုယ်နှင့်ထပ်တူ၊ ကျင့်ခြင်းဟူသား၊ သင်္ဂဟဝတ္ထု တရား ၄-ပါးတို့ဖြင့်။ တောသေန္တော၊ နှစ်သက်စေလျက်။ တေဇေန္တော၊ ထက်မြက်စေလျက်။ ဝိကာသေန္တော၊ ပွင့်လန်းစေလျက်။ သိရီမဟာမာယာယ၊ သိရီမဟာ-မာယာမိဖုရားနှင့်။ သဒ္ဓိံ၊ တကွ။ အတိဥဠာရသုခမတ္တဘာဝေန၊ အလွန်ပြန့်ပြောသိမ်မွေ့သော ကိုယ်အဖြစ်ဖြင့်။ ရဇ္ဇံ ပြည်စည်းစိမ်ကို။ အနုဘဝန္တော၊ ခံစားလျက်။ ဝိဟာသိ၊ နေ၏။

ဝိဝါဟမင်္ဂလကဏ္ဍော၊ ထိမ်းမြားမင်္ဂလာကို ဆိုသော အပိုင်းအခြားသည်။ နိဋ္ဌိတော၊ အပြီးသို့ ရောက်ပြီ။

----- x -----

## [ ၃၀ ]  မဟာပဇာပတိ မိဖုရားခေါင်ကြီးအရာ ရ

တဒါ၊ ထိုအခါ၌။ သီရိသုဒ္ဓေါဒနမဟာရာဇာ၊ သီရိသုဒ္ဓေါဒနမင်းမြတ်သည်။ မဟာပဇာပတိဂေါတမိယာ၊ မဟာပဇာပတိဂေါတမီအား။ မဟေသိဘိသေကံ၊ မိဖုရားဘိသိက်သွန်းခြင်းကို။ ကတွာ၊ ပြု၍။ တဿာ၊ ထိုမိထွေးတော် ဂေါတမီမိဖုရားအား။ ဗောဓိသတ္တံ၊ ဘုရားအလောင်းကို။ နိယျာဒေသိ၊ အပ်နှင်း၏။ သုဒ္ဓေါဒနမဟာရာဇာ၊ သုဒ္ဓေါဒနမင်းမြတ်သည်။ အဋ္ဌ ဗြာဟ္မဏေ၊ ပုဏ္ဏား ၈-ယောက်တို့ကို။ ပက္ကောသာပေတွာ၊ ခေါ်စေ၍။ မဟာသတ္တဿ၊ ဘုရားလောင်း၏။ လက္ခဏာနိ၊ လက္ခဏာတို့ကို။ ဩလောကာပေသိ၊ ကြည့်ရှုစေ၏။

----- x -----

## [ ၃၂ ]  အလောင်းတော်အား ရှေ့ဖြစ်ဟောပုံ

တေသု၊ ထိုပုဏ္ဏား ၈-ယောက်တို့တွင်။ သတ္တ ဇနာ၊ ၇-ယောက်သော ပုဏ္ဏားတို့သည်။ ဒွေ အင်္ဂုလိယော၊ လက်ညှိုး ၂-ချောင်းတို့ကို။ ဥက္ခိပိတွာ၊ မြှောက်ချီထောင်ပြကုန်၍။ ဒွေဓာ၊ ၂-ပါးသော အခြင်းအရာဖြင့်။ ဗျာကရိံသု၊ ဖတ်ကြားကုန်၏။ "ဒေဝ၊ အရှင်မင်းကြီး။ ဒေဝ၊ အရှင်မင်းကြီး၏။ အယံ ကုမာရော၊ ဤသားတော်သည်။ ဒွတ္တိံသမဟာပုရိသလက္ခဏသမန္နာဂတော၊ ၃၂-ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာနှင့် ပြည့်စုံ၏။ ဣမဿ၊ ဤသားတော်၏။ ဒွေ ဧဝ ဂတိယော၊ ၂-ပါးသော အလားတို့သည်သာလျှင်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ အညာ၊ ထိုမှ တပါးကုန်သော။ ဂတိယော၊ အလားတို့သည်။ န ဘဝိဿန္တိ၊ မဖြစ်ကုန်လတ္တံ့။ အယံ၊ ဤမင်းသားသည်။ အဂါရံ၊ နန်းအိမ်ရွှေဘုံကို။ သစေ အဇ္ဈာဝသတိ၊ အကယ်စိုးအုပ်၍ စံနေသည်ဖြစ်အံ့။ ဓမ္မိကော၊ တရားစောင့်သော။ ဓမ္မရာဇာ၊ တရားသဖြင့် မင်းပြုသော။ စာတုရန္တော၊ သမုဒ္ဒရာ ၄-စင်း အဆုံးရှိသော ၄-ကျွန်းလုံးကို အစိုးရသော။ ဝိဇိတာဝီ၊ အောင်အပ်ပြီးသော ရန်သူရှိသော။ ဇနပဒထာဝရိယပ္ပတ္တော၊ ဇနပုဒ်၌ အမြဲတည်ခြင်းသို့ ရောက်သော။ သတ္တရတနသမန္နာဂတော၊ ရတနာ ၇-ပါးနှင့် ပြည့်စုံသော။ စက္ကဝတ္တိ၊ စကြာရတနာကို လည်စေနိုင်သော စကြာမင်းသည်။ ဟောတိ၊ ဖြစ်စစ်ရှိ၏။

----- x -----

## [ ၃၃ ] စကြာဝတေးမင်း၏ ရတနာ ၇-ပါး

ဣဒံ၊ ဤရတနာ ၇-ပါးဟူသည်။ သေယျထာ ကတမံ၊ အဘယ်နည်းဟူမူကား။

| | | |
|---|---|---|
| ၁။ စက္ကရတနံ၊ | စကြာ | ရတနာလည်းကောင်း။ |
| ၂။ ဟတ္ထိရတနံ၊ | ဆင်ပျံ | ရတနာလည်းကောင်း။ |
| ၃။ အဿရတနံ၊ | မြင်းပျံ | ရတနာလည်းကောင်း။ |
| ၄။ မဏိရတနံ၊ | ပတ္တမြား | ရတနာလည်းကောင်း။ |
| ၅။ သေဋ္ဌိရတနံ၊ | သေဌေးကြီး | ရတနာလည်းကောင်း။ |
| ၆။ ဣတ္ထိရတနံ၊ | မိဖုရား | ရတနာလည်းကောင်း။ |
| ၇။ ပရိဏာယကရတနံ၊ | သားကြီး | ရတနာလည်းကောင်း။ |

ဣတိ ဣဒံ၊ ဤ ၇-ပါးတည်း။ အဿ၊ ထိုသားတော် မင်းသားအား။ သူရာ၊ ရဲရင့်ကုန်သော။ ဝိရင်္ဂရူပါ၊ ထကြွလုံ့လပြုခြင်းအင်္ဂါနှင့် ပြည့်စုံသော သဘောရှိကုန်သော။ ပရသေနပ္ပမဒ္ဒနသမတ္ထာ၊ စစ်သည်တစ်ဘက်၊ ရန်အမျက်ကို၊ ဖြိုဖျက်နှိမ်နင်းခြင်းငှာ၊ စွမ်းနိုင်ကုန်သော။ ပုတ္တာ ခေါ ပန၊ သားတော်တို့သည်ကား။ ပရောသဟဿံ၊ ၁,၀၀၀-ထက်အလွန်။ ဘဝန္တိ၊ ဖြစ်စစ်ရှိကုန်၏။ သော၊ ထိုသားတော် စကြာမင်းသည်။ သာဂရပရိယန္တံ၊ သမုဒ္ဒရာ ၄-စင်း အဆုံးရှိသော။ ဣမံ ပထဝိံ၊ ဤ ၄-ကျွန်းဝန်းကျင်၊ မြေပြင်အားလုံးကို။ အဒဏ္ဍေန၊ တုတ်, လှံကန် မဆောင်ဘဲ။ အသတ္ထေန၊ ဓားလက်နက် မဆောင်ဘဲ။ ဓမ္မေန၊ တရားနှင့်။ သမေန၊ ညီသဖြင့်။ အဘိဝိဇိယ၊ အောင်မြင်၍။ အဇ္ဈာဝသတိ၊ နေစစ်ရှိ၏။

အဂါရသ္မာ၊ နန်းအိမ်ရွှေဘုံမှ။ နိက္ခမိတွာ၊ တောထွက်၍။ အနဂါရိယံ၊ အိမ်၏အစီးအပွါးမရှိသော ရဟန်းဘောင်၌။ သစေ ခေါ ပန ပဗ္ဗဇတိ၊ အကယ်၍ ရဟန်းပြုသည်ဖြစ်အံ့။ လောကေ၊ လူ ၃-ပါး၌။ အရဟံ၊ ပစ္စည်း ၄-ဦး၊ ပူဇော်အထူးကို ခံတော်မူထိုက်သော။ ဝိဝဋ္ဋစ္ဆဒေါ၊ ဖွင့်လှစ်အပ်ပြီးသော ဝဋ် ၃-ပါးတည်းဟူသော အမိုးရှိသော။ သမ္မာသမ္ဗုဒ္ဓေါ၊ သစ္စာ ၄-တန်၊ ဥဒေ ယျခံကို၊ ဖောက်ပြန်မရှိ၊ ကိုယ်တိုင်သိသော ဘုရားသည်။ ဟောတိ၊ ဖြစ်ဖွယ်ရှိ၏"။ ဣတိ၊ ဤသို့။ ဒွေဓာ၊ ၂-ခွ။ ဗျာကရိံသု၊ ဖတ်ကြားကြကုန်၏။

တေသံ၊ ထိုပုဏ္ဏား ၈-ယောက်တို့တွင်။ သဗ္ဗဒဟရော၊ အလုံးစုံအောက် အငယ်ဆုံးဖြစ်သော။ ဂေါတ္တေန၊ အနွယ်အားဖြင့်။ ကောဏ္ဍညော နာမ၊ ကောဏ္ဍညမည်သော။ မာဏ-

ဝေါ၊ လုလင်သည်။ ဗောဓိသတ္တဿ၊ ဘုရားလောင်း၏။ လက္ခဏာသမ္ပတ္တိံ၊ လက္ခဏာနှင့် ပြည့်စုံခြင်းကို။ ဩလောကေန္တော၊ ကြည့်လျက်။ "ဧတဿ၊ ထိုမင်းသားအား။ အဂါရမဇ္ဈေ၊ အိမ်လယ်၌။ ဌာနကာရဏံ နာမ၊ တည်နေခြင်း၏ အကြောင်းမည်သည်။ နတ္ထိ၊ မရှိ။ ဧကန္တေနေဝ၊ စင်စစ်အားဖြင့်သာလျှင်။ ဝိဝဋ္ဋစ္ဆဒေါ၊ ဝဋ်အမိုးကို ဖောက်ထွင်းဖွင့်လှစ်တတ်သော။ ဗုဒ္ဓေါ၊ သဗ္ဗညုဘုရားသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့"။ ဣတိ၊ ဤသို့။ ဧကမေဝ အင်္ဂုလိံ၊ လက်ညှိုး ၁-ချောင်းကိုသာလျှင်။ ဥက္ခိပိတွာ၊ မြှောက်ချီထောင်ပြ၍။ ဧကမေဝ ဗျာကရဏံ၊ ၁-ခွန်းတည်းသော ဗျာဒိတ်စကားကိုသာလျှင်။ အကာသိ၊ ပြု၏။

ဟိ သစ္စံ၊ ထိုစကားမှန်၏။ မဟာပုရိသော၊ ယောကျ်ားမြတ်ကောင်း၊ ဘုရားလောင်းသည်။ အတ္တနော၊ မိမိ၏။ ကတကုသလကမ္မဝသေန၊ ပြုခဲ့ဖူးသော ကုသိုလ်ကောင်းမှု၏ အစွမ်းဖြင့်။ ဣမေဟိ ဒွတ္တိံသမဟာပုရိသလက္ခဏေဟိ၊ ဤ ၃၂-ပါးသော ယောကျ်ားမြတ်လက္ခဏာတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ ဣတိဒါန စိတ္တေန၊ ဤသို့, ဤသို့၊ နှစ်မြို့ကြည်ဖြူ ပေးလှူကြောင်း စိတ်ကြောင့်။ စိတ္တိကော၊ အဆန်းတကြယ်။ ဒသဟိ ပါရမီဟိ၊ ပါရမီ ၁၀-ပါးတို့သည်။ မဟာပုရိသဿ၊ ယောကျ်ားမြတ်၏။ အတ္တဘာဝေါ၊ အတ္တဘောတော်ကို။ သဇ္ဇိတော၊ စီရင်အပ်၏။ လောကေ၊ လောက၌။ သဗ္ဗသိပ္ပိနော ဝါ၊ ခပ်သိမ်းသော အတတ်သည်တို့သည်လည်းကောင်း။ သဗ္ဗဣဒ္ဓိမန္တော ဝါ၊ ခပ်သိမ်းသော တန်ခိုးရှိသော ပုဂ္ဂိုလ်တို့သည်လည်းကောင်း။ သဒိသရူပကံပိ၊ အဆင်းအတုဖြစ်သော အရုပ်ကိုမျှလည်း။ ကာတုံ၊ ပြုအံ့သောငှာ။ န သက္ကောန္တိ၊ မတတ်နိုင်ကုန်။

အထ၊ ထိုအခါ၌။ အဿ၊ ထိုဘုရားလောင်း၏။ နာမံ၊ အမည်ကို။ ဂဏှန္တာ၊ မှည့်ကုန်သောသူတို့သည်။ သဗ္ဗလောကဿ၊ ခပ်သိမ်းသော လူအပေါင်း၏။ အတ္ထသိဒ္ဓိကရဏတ္တာ၊ အကျိုးပြီးခြင်းကို ပြုတတ်သောကြောင့်။ သိဒ္ဓတ္ထောတိ နာမံ၊ သိဒ္ဓတ္ထ-ဟူသော အမည်ကို။ ကရိံသု၊ မှည့်ကြကုန်၏။ ပစ္ဆာ၊ နောက်မှ။ ဂေါတ္တဝသေန၊ အနွယ်၏အစွမ်းဖြင့်။ ဂေါတမောတိ၊ ဂေါတမ ဘုရား-ဟူ၍။ ပါကဋော၊ ထင်ရှားသည်။ ဇာတော၊ ဖြစ်၏။

✪ ✪ ✪ ✪ ✪ ✪ ✪ ✪ ✪ ✪

(၅) နောက်ဆက်တွဲ

# မင်းခမ်းဝင်ပါဠိစပ်ရာအထွေထွေ

မန်လည်ဆရာတော်

**မဃဒေဝဘိသိက်ခဏ်း**

စလေဆရာကြီးဦးပုည

**ရတနာနုဒိဘွဲ့မော်ကွန်း**

ကင်းဝန်မင်းကြီး

**ရတနာနုဒိမော်ကွန်း**

မြဝတီမင်းကြီးဦးစ

**ပလ္လင်တော် ရ—ခန်းဘွဲ့**

# နောက်ဆက်တွဲ မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| [ ၁ ] | **မဃဒေဝဘိသိက်ခဏ်း** | |
| ၁။ | ဘိသိက်ခဏ်း (၁၄-ပုဒ်) | ၄၁၉ |
| ၂။ | မြို့နန်းသိမ်းခဏ်း (၄-ပုဒ်) | ၄၂၇ |
| ၃။ | ဥကင်တော်ဖွင့်ခဏ်း (၇-ပုဒ်) | ၄၃၀ |
| ၄။ | တပေါင်းလလျှုဒါန်းကြချိန်၊ မိန်ရာသီသာယာပုံပြတေးထပ်(ဦးပုည) | ၄၃၆ |
| [ ၂ ] | **ရတနာနဒီဘွဲ့မော်ကွန်း (ဦးပုည)** | |
| ၁။ | ရတနာပုံနန်းဖြစ်ပေါ်လာပုံ | ၄၃၇ |
| ၂။ | မင်းတုန်းမင်းတရား၏ ဂုဏ် | ၄၃၇ |
| ၃။ | မန်းတောင်သို့ မြတ်စွာဘုရားကြွပုံ | ၄၃၈ |
| ၄။ | စန္ဒမုက္ခီအား ဗျာဒိတ်ပေးပုံ | ၄၃၈ |
| ၅။ | နန်းတော်ဆောက်ရန် အချိန်တန် | ၄၃၈ |
| ၆။ | ငွေခရုဖြင့် မုဒ္ဒါဘိသိက်သွန်းပုံ | ၄၃၉ |
| ၇။ | နန်းမြေပြင်၌ မန္တန်စုက်ပုံ | ၄၃၉ |
| ၈။ | မြေကြန်လက္ခဏာ ပြည့်စုံပုံ | ၄၄၀ |
| ၉။ | နတ်များ ကူညီပုံ | ၄၄၀ |
| ၁၀။ | မြို့ရိုး ၄-မျက်နှာ တာ ၆၀၀-စီ ထားပုံ | ၄၄၁ |
| ၁၁။ | မြို့ရိုးပြာသာဒ် ၄၈-စောင် | ၄၄၁ |
| ၁၂။ | မြေနန်းပြာသာဒ် | ၄၄၁ |
| ၁၃။ | နန်းရံအဆောင်များ | ၄၄၂ |
| ၁၄။ | ရေကျုံးတည်ပုံ | ၄၄၂ |
| ၁၅။ | "စံစားတော်မူ"ဟု လျှောက်ကြပုံ | ၄၄၃ |
| ၁၆။ | ဆင်ဖြူ, မြင်း, လှံ ဆိုက်ရောက်ပုံ | ၄၄၃ |
| ၁၇။ | ရွှေလောင်းချောင်း ဖောက်ပုံ | ၄၄၄ |
| ၁၈။ | ရတနာနဒီ၏ ရေညှာတလျှောက် | ၄၄၄ |
| ၁၉။ | ရတနာနဒီမြစ် မြေအောက် ငုပ်လျှိုးသွားပုံ | ၄၄၄ |
| ၂၀။ | ငုပ်လျှိုးရေ အရှိန်ဖြင့် ပြန်တက်လာပုံ | ၄၄၅ |
| [ ၃ ] | **ရတနာနဒီဘွဲ့မော်ကွန်း (ကင်းဝန်မင်းကြီး)** | ၄၄၆ |
| [ ၄ ] | **ပလ္လင်တော် ၈-ခန်းနှင့် ဥကင်တော်ဘွဲ့** | ၄၄၈ |


----- x -----

# မယဒေဝဘိသိက်ခဏ်း

[ မန်လည်ဆရာတော်ရေး မဟာသုတကာရီမယဒေဝလင်္ကာသစ်မှ)

## ၁။ ဘိသိက်ခဏ်း (၁၄-ပုဒ်)

၄၇ ရွှေဘွဲ့မော်ကွန်း၊ အစဉ်ညွန်းလျက်၊ ထွန်းခဲ့မပျောက်၊ သုံးကြိမ်မြောက်တိ၊-ကွန်းပြောက်ရွှေနန်း၊ ကြငှန်းဗိမာန်၊ ပြည်ကြီးဖန်၍၊ မကျန်ကုံလုံ၊ ပြီးပြည့်စုံသော်၊ ပွင့်မုံဗောဓိ၊ တုမရှိသည့်၊ သီရိပဝရ၊ မယဒေဝေါ်၊ မင်းကျော်ရန်နှည်၊ လောင်းဘုန်းစည်ကား၊ လှူပြည်ရှေးခါ၊ ကပ်ဦးစွာက၊ မဟာသမ္မတ၊ ဘေးလောင်းစသား၊ တေဇကျော်ကြား၊ ဘိုးတော်များသို့၊ ထင်ရှားကြီးစွာ၊ ထပ်မံကာလျှင်၊ သာမန်မင်းတို့၊ ခံခြင်းမရဲ၊ ခံဝံ့ခဲသည့်၊ လွန်ကဲသိရိ၊ သိဒ္ဓိဇေယျာ၊ ရေငါးဖြာဖြင့်၊ မုဒ္ဒါဘိသိက်၊ ကျွန်းလုံးထိပ်မျှ၊ အောင်(ဟိတ်)မင်္ဂလာ၊ ခံအံ့ငှာ-ဟု၊ မဟာကဝိန်၊ သုခမိန်တို့၊ နှိုင်းချိန်ပညာ၊ နန်းစဉ်စာနှင့်၊ ညီစွာမကျူး၊ နှစ်သစ်ကူး၍၊ တန်ခူးကုန်ထ၊ ကဆုန်လ၌၊ ဘိသေကပွဲ၊ ခံမြဲများစွာ၊ ဓမ္မတာဖြင့်၊ အခါပိုင်းခြား၊ ရွေးချယ်ထားမှ၊ သိကြားရေစင်၊ မုခ်,ဥကင်နှင့်၊ ပလ္လင်,နဝတတ်၊ ပြာသာဒ်,မြေနန်း၊ အခန်းခန်းပါ၊ ရွက်ဝန်းအချင်း၊ မင်း၏လေးတောင်၊ နှစ်သစ်ဆောင်လျက်၊ ရွှေညောင်ရာ့ရှစ်၊ ခဲခဲသစ်သား၊ ရွှေနှစ်ဇမ္ဗူ၊ ရွှေခြူ,ရွှေကြယ်၊ မီးနှယ်တောက်ငြိ၊ မဏိပတ္တမြား၊ မြသားအစစ်၊ တင့်ပြေပြစ်သား၊ ခြယ်ပြစ်ပန်းဆိုင်း၊ တုမဲ့နှိုင်းအောင်၊ ရှုတိုင်းထိန်ရဲ၊ စိန်ပုလဲတည့်၊ မည်းဆွဲ,ဟင်္သာ၊ ကြေးဝါ,ကြက်ရုပ်၊ ထုလုပ်ထွေပြား၊ ငှက်မြက်နားနှင့်၊ ပတ္တမြားအထွတ်၊ နဝရတ်မျက်ကိုး၊ ရောင်စုံပြိုးသား၊ ရွှေရိုးရတနာ၊ နေခြည်ကာ-ဟု၊ မင်္ဂလာထီးချုပ်၊ မင်းခမ်းလုပ်က၊ စသည် ပရိက်၊ ရွှေကြာခံနှင့်၊ အနံ ၉-မိုက်၊ လျား ၁၀-မိုက်တိ၊ မင်းထိုက်စိုးရာ၊ နန်းစဉ်စာဖြင့်၊ ကျမ်းလာမိန့်သံ၊ သင့်စီမံသည်။ ။ ခုံပျံသစ်ရေ သဖန်းတည်း။

၄၇။ မင်းခမ်းပရိက်၊ ရှေးထုံးစံတိုင်း၊ စီမံခြားနား၊ အသည်သားတို့၊ သစ်,ဝါး,ကြိမ်,နွယ်၊ ဆောင်သယ်စေလတ်၊ ရင်း,ဖျား မှတ်လျက်၊ ကောင်းမြတ်လှစွာ၊ မင်္ဂလာမဏ္ဍပ်၊ ဆောင်ရာရပ်၌၊ ပြုတ်ရှပ်တီကျစ်၊ အညစ်အညှော်၊ ခရော်ခရွတ်၊ မညီညွတ်ကို၊ ညီညွတ်ကုတ်သဲ၊ လှီးလွဲစင်ကြယ်၊ သန့်ရှင်းပယ်မှ၊ ပြုဖွယ်ရှေးထုံး၊

- ရွှေထွန်တုံးဖြင့်၊ သုံး၍မကုန်၊ ဥစ္စာဂုဏ်နှင့်၊ မသုန်နွယ်ရိုး၊ သူဌေးမျိုးကို၊ ထမ်းပိုးကပျင်၊ အဝါစင်၍၊ မောင်းနှင်ဥသဘ၊ ထွန်စေရ၏၊
- ထိုမှစဉ်ထုံး၊ ငွေထွန်တုံးဖြင့်၊ ဆောင်သုံးပေါယယ်၊ များကုံကယ်သည့်၊ သူကြွယ်မျိုးကောင်း၊ နီမောင်းတန်ဆာ၊ ဆင်ကာ ထွန်ရ၊
- တဝမှတ်ထုံး၊ သံထွန်တုံးဖြင့်၊ မျိုးဆုံးမပြတ်၊ စဉ်ဆက်ပွါးဖြိုး၊ တောင်သူကြီးတို့၊ တတ်စီးမောင်းနှင်၊ ဆင်ယင်စိမ်းထည်၊ ထွန်ယက်နယ်မှ၊

နို့ရည်ဖြန်းနှူး၊ နွားမှူနို့ဖြူးလျက်၊ အထူးမှန်မော၊ မုယော,နှမ်း,ဝါ၊ တဖြာပြောင်း,ပဲ၊ ကြဲသည် စပါး၊ ပြုငြားတုံလတ်၊ ရာဇမတ် ဒေါင်းခြံ၊ ကာရံထားပြီး၊ အသီးအခြား၊ ပုဏ္ဏားတို့က၊ စန္ဒီစသား၊ နတ်ကြီးများကို၊ ရထားတင်ကာ၊ ဆောင်ခဲ့လာ၍၊ ဂါထာပရိတ်၊ ခြောင်ဉ့-ထိတ်အောင်၊ မဆိတ်ရွတ်လျင်း၊ ပူဇော်ခြင်းနှင့်၊ ခရုသင်းသံထူး၊ ကြွေးညံကျူးသည်။ မျို့ဦးမြေမင်္ဂလာ တင်မှန်းတည်း။

၄၈။ မြေမင်္ဂလာ၊ တင်ပြီးခါမှ၊ မိုးကာသစ်,ဝါး၊ ဆောက်ဦမျာကို၊ ပုဏ္ဏားသူမြတ်၊ ရွတ်ဖတ်အောင်ဟိတ်၊ ပရိတ်ဂါထာ၊ သဒ္ဒါရစ်ခွေ၊ ခရုရေဖြင့်၊ ဖျန်းစေတုံငြား၊ ဟူးရားတတ်စွာ၊ ဆရာပါမောက်၊ ရာ့ရှစ်ယောက်တို့၊ မဖောက်ဖြူစင်၊ ဆင်ယင်တန်းဆာ၊ မိုးပြဟွာသို့၊ အခါစောင့်မြောက်၊ နာရီရောက်က၊ မီးပေါက်ခုနစ်၊ ဖောက်ပစ် ခုနစ်ကြိမ်၊ ရန်နှိမ်ဘေးကင်း၊ မောင်း,ခွက်ခွင်းနှင့်၊ ဒုံမင်းညိုးညံ၊ ခရုသံဖြင့်၊ ကျုံကျုံဆော်လျက်၊ ပြိုင်တစ်ချက်လျှင်၊

- ရွှေပန္နက်ကို၊ အညိုဆင်ငြား၊ သဘော်သားတည့်၊
- တခြားဖြူးလက်၊ ငွေပန္နက်မှာ၊ တန်းဆာနီလွင်၊ ဝတ်ဆင်ကောင်းဟိတ်၊ ပရိတ်ပုဏ္ဏား၊
- တပါးပြောင်လက်၊ သံပန္နက်မှာ၊ အပြာဆင်ပြီး၊ လယ်သူကြီးတို့၊ ကောင်းချီးနှုတ်က၊ မြွက်ဟမင်္ဂလာ၊ ညီတညာလျှင်၊ ချကာပြီးငြား၊
- အသည်သားတို့၊ မမှားစေ့စပ်၊ ကုန်မလပ်အောင်၊ မဏ္ဍပ် ၃-ဆောင်၊ ဆောက်ပြီးနောင်မှ၊

တဆောင်သညာ၊ သီဟာသန၊ တဆောင်မှကား၊ ဂဇမည်သာ၊ တဆောင်မှာသော်၊ မောရာသန၊ နာမမှတ်ယူ၊ ပညတ်မူလျက်၊ အဖြူ,နီ,ညို၊ ဖိတ်ဖိတ်စိုမျှ၊ ထို၌တန်ဆာ၊ ဆင်ပြီး စွာ၍၊ သီဟာ,ဗြာဟ္မဏ၊ ဂဇ,သဘော်၊ မောရ,အသည်၊ မျိုးသုံးမည်ကို၊ ပတ်လည်နေ့,ည၊ မပြတ်ရအောင်၊ နိစ္စမသွေ၊ စောင့်ကြစေလျက်၊ မြတေရတနာ၊ ထွန်းရောင်ဝါဖြင့်၊ မင်္ဂလာ မဏ္ဍပ်၊ ထိန်ထိန်လျှပ်သည်။　　။ မိုးရပ်သုဓမ္မာ နတ်နန်းတည်း။

[၅၀] မင်္ဂလာမဏ္ဍပ်၊ လုပ်ရပ်ပြီးသော်၊ ဘိသိက်တော်ရေ၊ ခပ်စိမ့်ထွေဖြင့်၊ ကောင်းတေ နက္ခတ်၊ အခါမြတ်၌၊

ဆင်းနတ်ရုပ်ဝါ၊ မိုးသူဇာသို့၊ နွယ်လာနန်းရိုး၊ ရွယ်နုပျိုးသား၊ မင်းမျိုးအစစ်၊ ရှစ်ယောက် မင်းသမီး[၁]၊

တသီးနွယ်မြိတ်၊ စင်ကြယ်ဟိတ်နှင့်၊ ဘိသိက်ဆက်ရာ၊ မင်္ဂလာဗြာဟ္မဏ၊ ပုဏ္ဏားအစစ်၊ ရှစ်ယောက်သမီး[၂]၊

ရာချီးမြှောက်စား၊ စဉ်ဆက်အားဖြင့်၊ ခန့်ထားမပြတ်၊ ရာထူးမြတ်သား၊ မှူးမတ်မျိုးစစ်၊ ရှစ်ယောက်သမီး[၃]၊

ထီးနှင့်ဘွဲ့ရ၊ ဝံသမကွယ်၊ မျိုးရိုးနွယ်နှင့်၊ ပြည့်ကြွယ်စည်းစိမ်၊ ဂုဏ်သိမ်မမှေး၊ ကျော်ပျံမွှေး သား၊ သူဌေးကြီးစစ်၊ ရှစ်ယောက်သမီး[၄]၊

မျိုးကြီးမပျက်၊ စဉ်ဆက်အနွယ်၊ စုံကြီးကျယ်သား၊ သူကြွယ်ကြီးစစ်၊ ရှစ်ယောက်သမီး[၅]၊

နတ်ရွယ်ညီးတို့၊ ဆင်ပြီးတန်ဆာ၊ ဆန်းကြယ်စွာနှင့်၊ ကညာမကြီး၊

မင်းသမီးမှာ၊ ရတနာရွှေအိုး၊ ပုဏ္ဏားမျိုးမူ၊ ငွေအိုး-ဟူပေ၊

မတ်သက်ဝေသော်၊ မြေပြကတော့၊

သူဌေးရင်သွေး၊ မိယဉ်ကျေးကား၊ ကြေးအိုးစင်ကြယ်၊

မျိုးကြီးကျယ်သည့်၊ သူကြွယ်သမီး၊ သံဖြင့်ပြီးသား၊ ပြောင်ညီးအိုးသစ်၊ စုံကိုင်လစ်မှ၊ မျိုးစစ်ထင်ရှား၊ ဘိသိက်ကြားသား၊ ပုဏ္ဏား ၈-ဦး၊ အထူးရာဆိုင်၊ သာသနာပိုင်က၊ စကြဝဠာ၊ ၄-ယောက်ဟူလတ်၊ အမတ်,သူကြွယ်၊ အနွယ်ခိုင်ဖြိုး၊ တောင်သူကြီးတထူး၊ သင်းတော်မှူးတို့၊ ၈-ဦးစီးချည်း၊ ဤသို့နည်းဖြင့်၊ ရိုက်ကြည်းသံသာ၊ ငြိမ့်ငြိမ့်ဩလျှင်၊ တူရိယာ ၅-ပုံ၊ တီးမျိုးစုံ နှင့်၊ ကမ်းခုံမြစ်သာ၊ သွားကြရာသည်။　　။ မင်္ဂလာရေကြည်တော်ခပ် ခြိမ့်မွှန်းတည်း။

၅၁။ ခြိမ့်မွှန်းအစဉ်၊ ရှေးထုံးယှဉ်၍၊ စီလျဉ်အုတ်အော်၊ သွားကြသော်မှ၊ ရွှင်ပျော်ဝမ်းမြောက်၊ မြစ်သို့ရောက်က၊

ဈ-ယောက်မင်းသမီး၊ စီးကြငှက်ဆင်၊ လှေတော်[၁]တွင်တည့်၊

ထို့ပြင် ပုဏ္ဏား၊ သမီးများမူ၊ စီးငြားတုံရှောင်း၊ ရွှေလောင်းလှေတော်[၂]၊

ရှစ်ဖော်ရောင်ငြီး၊ မတ်သမီးကား၊ စီးကြတုံကျင်၊ ပျံမည့်သွင်သို့၊ လွန်းကြင်လှေတော်[၃]၊

နတ်လျော် ပြကတေ့၊ ယဉ်သိမ်မွေ့သည့်၊ ဌေးသမီးများ၊ ဗားမဲ့လှေတော်[၄]၊

ရွှေလှော်ဝင်းလဲ့၊ ဟန်မူနွဲ့နှင့်၊ သူကြွယ့်ဝမ်းအောင်း၊ သမီးပေါင်းကား၊ မိကျောင်းလှေတော်[၅]၊

အကျော်ထင်ရှား၊ မတ် ဈ-ပါးကား၊ ဗားတတ်လှေတော်[၆]၊

အမော်လူဝယ်၊ ဌေးသူကြွယ်မှာ၊ သညာတွင်ခေါ်၊ ခြွတ်လှေတော်[၇]နှင့်၊

နောက်သော်တထူး၊ ဆယ့်ခြောက်ဦးတည့်၊ သင်းမှူး,တောင်သူ၊ နှစ်မျိုးမူကား၊ အတူမကွေ၊ သရေလှေတော်[၈]၊

စီးပြီးသော်လျှင်၊ ပျော်ပျော်တက်ချက်၊ လှေတော် ထွက်သည်။ ။ **ဆော်လျက်တညီ တက်သန်းတည်း။**

၁၂။ ဆော်လျက်တညီ၊ စဉ်တစီဖြင့်၊ ချချီမကျူး၊ ပဠင်ကြူးလျက်၊ ဝမ်းမြူးရွှင်လန်း၊ ယှဉ်ကာတန်းပြီး၊ ရေပန်းဖြော်ဖြော်၊ ကိုယ်စီလှော်၍၊ ပျော်ပျော်တက်ချက်၊ လှေတော်ထွက်က၊ ပြိုင်လျက်ကျော်ချောက်၊ မြေကြီးမှောက်မျှ၊ မီးပေါက် ခုနစ်လုံး၊ သုံးချက်စီမှတ်၊ ပစ်ဖောက်လတ်၍၊ ဟုန်းနတ်သမား၊ ပုဏ္ဏားခပင်း၊ ပူဇော်ခြင်းနှင့်၊ ခရုသင်းမှုတ်ကာ၊ စောင်းဆရာလည်း၊ စောင်းသာပိုက်တီး၊ လိုက်သီးသီးဖြင့်၊ ဟန့်ဆီးစွယ်ပြူး၊ ရေစောင့်မှူးသည့်၊ ဘီလူးတို့နှင့်၊ သင့်တင့် မေး,ဖြေ၊ ခွင့်ပေးစေမှ၊ ရွှေပန်း,ငွေပန်း၊ ကြဖြန်း နဝရတ်၊ ရေနတ်ဒေဝတာ၊ မေခလာ-က၊ ဂဠိစောင့်ငြား၊ နတ်တို့အားလျှင်၊ ပန်ကြားမြှောက်ချီး၊ ထွန်းဆီမီးနှင့်၊ ညီးညီးဝင်းရှိန်၊ မြစ်လုံးထိန်လျက်၊ အချိန်ရောက်ဆစ်၊ ကျသည်ဖြစ်က၊ ခုနစ်မီးပေါက်၊ ခုနစ်ဖောက်၍၊ ဝမ်းမြောက်ညီညာ၊ သူ့ထက်ငါလျှင်၊ ကြော်ငြာကျွက်ညံ၊ မိုးထက်ပျံအောင်၊ အသံ ၁၀-ပါး၊ တပြိုင်အားဖြင့်၊ ချောက်ချားတီးဆော်၊ ရွှင်မြူးပျော်လျက်၊ ရေတော်ခပ်ယူ၊ ပိတ်ဖြူလွှလွှ၊ လွှမ်းအုပ်ရ၏၊ ကမ္ဘာ့လက်သုံး၊ စဉ်မဆုံးသား၊ နန်းထုံးနန်းစံ၊ ပရိကံဖြင့်၊ စီမံဆက်ရှည်၊ နန်းလေ့တည်သည်။ ။ **ရေကြည်တော်ခပ် စည်ညွှန်းတည်း။**

၃၄ ရေကြည်တော်မြွတ်၊ ခပ်ပြီးလတ်၍၊ မချွတ်ထုတ်ချောက်၊ ကမ်းသို့ရောက်သော်၊ မီးပေါက်ခုနစ်၊ သုံးစီပစ်လျက်၊ လမ်းဆစ်တိုင်းသာ၊ ဆောင်ခဲ့လာမှ၊ မင်္ဂလာမဏ္ဍပ်၊ တန်ဆောင်းရပ်သို့၊ သင်းချပ်ရတ်ရတ်၊ တီးဆော်မှုတ်၍၊ အုတ်အုတ်ကျိုက်ကျိုက်၊ စဉ်တစိုက်ဖြင့်၊ ဆိုက်ကပ်ရောက်လျှင်၊ ပန်းတင်ပုဏ္ဏား၊ အစုများက၊ လမ်းကြားအပြည့်၊ ပန်းထည့်ကြဲထား၊ စီရီသားလည်း၊ မြေများမြူနှိပ်၊ ရေသိပ်ဖျန်းဆွတ်၊ ပရိတ်ရွက်မှု၊ ဟောရွတ်ပရိတ်၊ မဆိတ်သံဝါ၊ နေနှင့်ကာဖြင့်၊

သီဟာသန၊ မဏ္ဍပ်မ-၌၊ ခတ္တိယကညာ၊ ဖြဟ္မာသမီး၊ ရှုမငြီးတို့၊ ဆောင်သီးခပ်ရေ၊

တထွေထိုမှ၊ ဂဇာသန၌၊ မတ်လှရင်သွေး၊ ခပ်ပေးသည့်ရေ၊

မောရဗ္ဗေဝယ်၊ မိုးနေနတ်တူ၊ ဟန်မူယဉ်ကျေး၊ ကြွယ်,ဌေးနှစ်ပါး၊ သမီးများတို့၊ ခပ်ငြားဆောင်ရေ၊ အိုး ၅-ထွေကို၊ ညီစေကိုင်လျက်၊ တပြိုင်နက်ဖြင့်၊ ချလျက်တည်ထား၊ မမှားထိုခါ၊ သံဝါမီးပေါက်၊ ခုနစ်လောက်လည်း၊ ပစ်ဖောက် ခုနစ်ချက်၊ မိုး,မြေအက်အောင်၊ နတ်စက်တမျှ၊ ပစ်ကုန်ရ၏၊ ဇေယျမင်္ဂလာ၊ မျိုးဖြဟ္မာသည်။ ။ ဂါထာပရိတ် ရွက်မွန်းတည်း။

၃၅ ထိုမှတုံသော်၊ စံနန်းပေါ်က၊ မဏ္ဍပ်တော်ရောက်၊ လမ်းတလျှောက်ပါ၊ ထက်,အောက်ကုန်စင်၊ ကြွင်းမထင်တိ၊ ရွှေဖျင်,ငွေဖျင်၊ မွမ်းမွမ်းဖြင်မျှ၊ မိုးဆင်ရံကာ၊ နတ်နေရာသို့၊ မင်္ဂလာမျို့ကြီး၊ ထိန်ထွန်းညီး၏၊ မငြီးရှုရာ၊ ဝဲနှင့်ယာလည်း၊ များစွာဝန်းကျင်၊ အုန်း,ကြံပင်နှင့်၊ ညွန့်ရှင်ငှက်ပျော၊ သာပြန့်ပြောအောင်၊ ရှုမောစိုက်လျှင်း၊ မဏ္ဍပ်တွင်းဝယ်၊ နုကင်းဖူးငုံ၊ ပွင့်အမုံတိ၊ ပန်းစုံသီးမျိုး၊ ညွတ်ညွတ်ဖြိုးမျှ၊ ဆွဲးရိုးဆွဲးတမ်း၊ ဆွဲးဖြင့်ပြွမ်းလျက်၊ မြို့လမ်းတွင်း,ပြင်၊ ရပ်တခွင်၌၊ ထို့သွင်မသွေ၊ အိုးပြည့်ရေနှင့်၊ ငါးထွေကြာမျိုး၊ ပွင့်မညှိုးဘဲ၊ စိုက်ထိုးထင်ရှား၊ တည်စေထားမှ၊ ၈-ပါးကမ္ဘာ၊ နတ်တို့မှာလည်း၊ ဆိုင်ရာဆိုင်ရာ၊ ဆင့်ဆိုကာလျှင်၊ ကျန်ဌာမရှိ၊ မကြွင်းဘိအောင်၊ အပရိဟာနိယ၊ စာရိတ္တဖြင့်၊ ကမ္ဘာ့ဓမ္မတာ၊ ပြုမြဲစွာသား၊ ဖွယ်ရာဥသုံ၊ ပြီးကုံလုံသည်။ ။ ပွဲစုံကျင်းပ ပုစ္ဆာန်းတည်း။

၃၆ ယင်းပရိက်၊ စီမံကုံလုံ၊ ပြီးပြည့်စုံက၊ ရွှေဘုံစိုးဘိ၊ ဘုန်းတော်ရှိသား၊ ပြည်ကြီးထွတ်ချာ၊ မဟာမယ၊ လောင်းဒေဝကား၊ ဖြဟ္မာ့သနင်း၊ ဖြဟ္မာမင်းသို့၊ ဝိုင်းဝန်းတောက်ပ၊ ဖြဟ္မာ့တန်းဆာ၊ ဆင်စကာနှင့်၊ တောင်ညာဘုန်းထွတ်၊ ရှစ်သောင်းနတ်မူ၊ ဥက္ကာဌ်စိန်ခဲး၊ ရိုးရဲးနေလား၊ ခုနစ်ပါးရတနာ၊ ဆန်းကြယ်စွာဖြင့်၊ သူဇာဒေဝီ၊ ကန္နာနီသို့၊ တူညီယိုးယီး၊ ရှုမငြီးတည့်၊ ၂-စီး,၂-စီး၊ ယှဉ်မှီးပေါက်မ၊ ဤသို့စသား၊ ဆင်လှ,မြင်းလှ၊ ကြိုးက စုံစွာ၊ ပြင်ဆင်ကာလျှင်၊ နမန္တာ,ဓာတ်၊ နံပူးပွတ်၍၊ ဖက်လတ်တုံပြီး၊ အသီးသီးဖြင့်၊ ဆင်စီး,မြင်းစီး၊

ရဲကြီးယောကျာ်း၊ မတ်ဗိုလ်များလည်း၊ ထူးခြားဂုဏ်ရည်၊ အတည်တည်ဘိ၊ မျဉ်းရှည်,မျဉ်းတို၊ နီ,စိမ်း,ညိုနှင့်၊ မောက်တို,မောက်ရှူ ပါကူလည်ကွေး၊ ကြသေးသေသတ်၊ သံသေနတ်သို့၊ စစ်ဝတ်စုံလင်၊ သိဒ္ဓိယင်၍၊ ဆင်ယင်ကုန်မြောက်၊ ပတ်လျောက်စီကာ၊ ဒိသာပိတ်စပ်၊ ဝင်း ၉-ထပ်က၊ ၄-ရပ် ၈-ခွင်၊ ထက်ဝန်းကျင်၌၊ ဆင်လည်း ဆင်ချင်း၊ မြင်းလည်း မြင်းလျောက်၊ ရံထောက်ထောက်နှင့်၊ ရှေ့ခြောက်,နောက်ခြောက်၊ မြေတုန်းခြောက်မျှ၊ ရှေ့,နောက် ၂-ရပ်၊ ၁၂-တပ်တို့ ထပ်ထပ်ပြင်-က၊ လိုက်ကြရ၏၊ များလှဗိုလ်ခြေ၊ သခ်ျချေဖြင့်၊ ခြွေခြွေ ခပင်း၊ ကြယ့်နှယ်ကျင်း၍၊ လောင်းမင်းမောင်နှံ၊ သရေခံလျက်၊ ထွန်းစံစမွယ်၊ ရွှေများလယ်၌၊ တင့်တယ်နှိုင်းချိန်၊ ဝင်းဝင်းထိန်သည်။ ။ တာရိန်မိုးလ ငွေစန်းတည်း။

၃၆။ အတပ်တပ်ဖြင့်၊ ထပ်ထပ်ပြင်က၊ ရံကျင်းအ(ပ)လျက်၊ လိုက်ကြတုံလျှင်း၊ အတွင်း ကသော်၊ ရှေ့တော်ဝဲ,ယာ၊ မင်္ဂလာဟု၊ တစ်ရာပုဏ္ဏား၊ အခြားမဝေး၊ စကြဝတေးစုံညီ၊ ၂-ယောက်စီနှင့်၊ ဂုဏ်ဆီပြည်လျှိုင်၊ သာသနာပိုင် ၁-ပါး၊ ပုဏ္ဏားပုရောဟိတ်ကြီး၊ ညီးညီး နဝရတ်၊ စီခတ်ဝင်းဝင်း၊ ခရုသင်းကို၊ ထိန်လင်းလျှံမောင်း၊ ရွှေပန်းတောင်းဝယ်၊ ကောင်းမွန် ထည့်လျက်၊ စုံလက်ကိုင်လိုက်၊ နောက်၌ရံပတ်၊ ဟူးရားတတ်အကျော်၊ နတ်ပူဇော်တသီး၊ စောင်းတီးပရိတ်ရွတ်၊ မလွတ်ပန်းတင်၊ သန့်စင်ဝတ်ခြင်း၊ ရာစီကျင်း၍၊ ငါးသင်းငါးရာ၊ မျိုးပြဟ္မာတို့၊ မင်္ဂလာအောင်ဆု၊ အောင်ဇေတုနှင့်၊ ခရုသင်းသံ၊ မှုတ်ညံမဆိတ်၊ မွှမ်းမွှမ်း ထိတ်တည့်၊ ဘိသိက်တော်သွန်း၊ လွန်တည့်ရွှန်းသည့်၊ ပထွန်းဝင်းညီး၊ မင်းသမီးက၊ ပုဏ္ဏား ရင်သွေး၊ သူဌေးသက်လယ်၊ သူကြွယ်သမီး၊ မကြီးရွယ်နေ၊ ပြစ်ချေမရှိ၊ မြတ်ဇာတိတို့၊ နတ်ရှိ တူပြီ၊ ၈-ယောက်စီလည်း၊ အညီလိုက်ရ၊ သမယမြောက်၊ ခါတော်ရောက်က၊ မြှောက်စည်, ဒုံမင်း၊ မောင်း,ကြေးနင်းနှင့်၊ ခွက်ခွင်း,ပတ်သာ၊ ခရာ,စောင်း,ငြင်း၊ တပြိုင်ခြင်းဖြင့်၊ ညောင်း ညင်းညိုးညံ၊ မိုးသို့ပံ့အောင်၊ အသံ ၁၀-ပါး၊ ဆယ့်ငါးမီးပေါက်၊ ခုနစ်ဖောက်၍၊ ဝင်းတောက် ထူးမြတ်၊ နဝရတ်စီမွှာ၊ ကိုးရောင်ဖြာသား၊ ရတနာထမ်းစင်၊ နတ်ယာဉ်ညင်ထက်၊ ဘုရင် သနင်း၊ လောင်းမင်းမဟာ၊ မြတ်ရာဇာလျှင်၊ တောင်ညာထွတ်ဖျား၊ လက်ယာထားနှင့်၊ ၂-ပါးစီးလျက်၊ စမွယ်ထွက်သည်။ ။ ပြိုးပြက်သရေ ကွန့်ရွှန်းတည်း။

၃၇။ ပြိုးပြက်သရေ၊ မွန်းတည့်နေသို့၊ ရွှန်းဝေညီးညီး၊ ယာဉ်တော်စီး၍၊ တပ်ကြီး ခင်းကာ၊ လောင်းရာဇာလျှင်၊ တောင်ညာဖုရား၊ ရှစ်သောင်းဖျားနှင့်၊ ၂-ပါးအတူ၊ ထွက်တော် မူမှ၊ ၄-ဆူသေနင်၊ စစ်အင်ဗိုလ်ပါ၊ ရံဝန်းကာလျက်၊ မင်္ဂလာမဏ္ဍပ်၊ ဆောင်တော်ရပ်သို့၊ ဆိုက်ကပ်ထုတ်ချောက်၊ ကိုယ်တော်ရောက်က၊

- မိုးပေါက်ဆယ့်ငါး၊ ရွှေလား ခုနစ်ချက်၊ ပြိုင်ချက်ပစ်ဖောက်၊
- ယင်းသည့်နောက်ကား၊ တစ်ယောက် သာသနာပိုင်၊ ကိုယ်တိုင်အစစ်၊
- ဆယ့်နှစ်ပုရောဟိတ်၊ ခေါင်ပဏ္ဍိတ်တို့၊ ဘိသိက်ရောင်ဝါ၊
- တင့်တယ်စွာသား၊ ဘာသာ ပိဋကတ်၊ အမြတ်တရား၊ ကျမ်းစာများကို၊ ရွေးဖျား ဆောင်ကာ၊

သီဟာသန၊ မဏ္ဍပ်မ-၌၊ ထားကြတုံပြီး၊ နန်းကြီးထက်ပေါ်၊ တက်ပြီးသော်လျှင်၊ သူတော်မြတ်စစ်၊ တရားရှစ်လည်း၊ အောင်မေတ္တာစိတ်၊ မွှမ်းမွှမ်းထိတ်မျှ၊ ပရိတ်ဂါထာ၊ ဟောရွတ်ကာနှင့်၊

မောရာသန၊ မဏ္ဍပ်လှဝယ်၊ ချမ်းမြရေရှင်၊ ချိုးသန့်စင်လျက်၊

ထို့ပြင်တဖန်၊ ဂဇာသန်ထက်၊ သကြံန်ခေါ်ပြု၊ မင်းရတုဖြင့်၊ မင်းမှုသန္တေး၊ ဦးတော်ဆေးပြီး၊ ငြိမ့်လေးသာပျော်၊ ဂါထာကျော်နှင့်၊ ဂုဏ်တော်ရတနာ၊ ရွတ်၍သာလျှင်၊

သီဟာမည်တပ်၊ ရွှေမဏ္ဍပ်၌၊ ပွင့်ချပ်ဖွေးဖွေး၊ ခြောက်ဆယ့်လေးတီ၊ ဆေးရေးထင်စွာ၊

ငွေကြာဖိတ်ဖိတ်၊ ဘဒ္ဒပိဋ္ဌဟု၊ ဂုဏ်ဟိတ်နာမ၊ ပဝတ္တနှင့်၊ သူကရဇာတ်၊ ဌပွတ်ဖွေလှစ်၊ ဧကရာဇ်တို့၊ မင်းဖြစ်ခံရာ၊ ထုံးတံတွာဖြင့်၊ မင်္ဂလာအစဉ်၊ သဖန်းဖျဉ်ထက်၊ ဖွဲ့ယှဉ်ပလ္လင်၊ ထက်ဝယ်ဆင်လျက်၊ ရွှေခွင်ရွှေရှု၊ စံတော်မူသည်။ ။ နတ်တူတနှုန်း တနှုန်းတည်း။

၁၈။ နတ်နှုန်းသဖွယ်၊ ပလ္လင့်လယ်ထက်၊ တင့်တယ်ထွန်းစည့်၊ ရွှန်းရွှန်းမှည့်နှင့်၊ ရွှေပြည့်သနင်း၊ လောင်းမင်းမြတ်စွာ၊ စံသောခါ၌၊ တန်ဆာဆန်းကြယ်၊ တင့်တယ်ဆင်မြောက်၊ နတ်မအောက်သား၊ ၈-ယောက်ထိန်ညီး၊ မင်းသမီးတို့၊ အနီးရွှေတော်၊ ရပ်ပြီးသော်မှ၊ ကော်ရော်လေးမြတ်၊ နဝရတ်စီနစ်၊ လက်ယာရစ်ဖြင့်၊ ဖြူနှစ်ဝင်းဝင်း၊ ခရုသင်းကို၊ မြစ်မင်းငါးမည်၊ ရေကြည်ထည့်လျက်၊ စုံလက်ကိုင်ပြီး၊ မင်းကြီးထိပ်ပေါ်၊ ဥက္ကောင်းတော်၌၊ တည့်တည့်စိုက်၍၊

"သောင်းတိုက်လကျာ၊ ဇမ္ဗူချာထက်၊ သမ္မာနုဘော်၊ တုမမြော်သည့်၊ ဘုန်းတော်ထိန်ညီး၊ သျှင်မင်းကြီး! ရှေးတီးကမ္ဘာ၊ တည်ဦးစွာက၊ မဟာသမ္မတ၊ စသည်မင်းကောင်း၊ ဘေးတော်လောင်းတို့၊ လမ်းဟောင်းအသင့်၊ လိုက်သဖြင့်လျှင်၊ မင်းကျင့်ဆယ်မည်၊ ကျင့်ဆောက်တည်၍၊ ခိုင်ကျည်မြဲစွာ၊ တည်စေပါလော့။ ပြည်ရွာထောင်ဘက်၊ မင်းများထက်၌၊ အမျက်မလွန်၊ ပြည်ကြီးဝန်ကို၊ အားသွန်ဆောင်ငြား၊ ပြည်သူ့အားလည်း၊ သနားစုံမက်၊ သူ့အသက်၌၊ ကိုယ့်သက်အတူ၊ မှတ်ယူစိတ်မှာ၊ ရည်စေပါလော့။ မိတ္တာဝိသမ၊ ကျင့်ပါပလည်း၊

ကင်းထအမြဲ၊ မိုက်မဲကြီးစွာ၊ အဝိဇ္ဇာ-ဟု၊ ယုတ်မာဆိုးလှ၊ မှောင်မောဟကို၊ ဉာဏ တန်ဆောင်၊ ပညာရောင်ဖြင့်၊ ထွန်းပြောင်လင်းဖြာ၊ ကြည်စေပါလော့။" ခြင်းရာဤသို့၊ စသည်တို့ကို၊ နှစ်လို့ဆိုမြွက်၊ နှုတ်သံသွက်နှင့်၊ ဦးထက်ထိပ်ပြင်၊ တသွင်သွင်သည်။ ။ ရေစင်ဘိသိက် မြှောက်သွန်းတည်း။

၅၉" မင်းသမီး ၈-ပါး၊ သွန်းငြားပြီးမြောက်၊ ထိုမှနောက်သော်၊ ၈-ယောက်မင်္ဂလာ၊ မျိုးပြဟ္မာတို့၊ သင်္ခါဖြူထွား၊ ဘော်သားဝင်းနု၊ ငွေခရုဖြင့်၊ သွန်းပြုရှေးနှယ်၊ ယင်းနောက်ဝယ် ကား၊ သူကြွယ်ကြီးရှစ်၊ ဒွေးကြီးရှစ်တို့၊ ခုနစ်ရတနာ၊ စီခြယ်မြွာသည့်၊ မင်္ဂလာလျှံဝင်း၊ ခရုသင်း ဖြင့်၊ သံညင်းနှုတ်ချို၊ ရှေးတူဆို၍၊ နှစ်လိုဝမ်းမြောက်၊ သွန်းကြမြှောက်က၊ ဘုန်းတောက် မဟာ၊ မြတ်ရာဇာလည်း၊ သာသနာ့ဘေး၊ ပြည့်ရန်လေးမှ၊ အရေးတပါး၊ ခွင့်ပေးငြားလျက်၊ ပတ္တမြားမကိုဋ်၊ ရောင်မြိုက်နေသွင်၊ ရွှေဖူးပြင်ထက်၊ သက်တင်နက်လေး၊ လဝက်ရေးသို့၊ ညွတ်ကွေးပြေပြစ်၊ ရွှေသင်းကျစ်တိ၊ ချစ်ချစ်ရောင်ဖိတ်၊ ကျယိုဖိတ်မျှ၊ ဥဏှိုသ်အက္ခရာ၊ ပုံနှိပ်စာဖြင့်၊ ဗြဟ္မာဆက်နှံ၊ ဖက်မစံသည့်၊ နာမံသရစ်၊ မည်တော်သစ်နှင့်၊ စုံနှစ် နားဍောင်း၊ ရောင်မောင်းမဏိ၊ လောင်လိလိတည့်၊ လျှံညိပြိုးပြိုး၊ ၉-လုံး ကြယ်တပ်၊ ထိန်လျှပ်လက် ကောက်၊ မီးစုံတောက်သို့၊ စိန်ကျောက်များစွာ၊ ရတနာစီခက်၊ ဖိုးအနဂ်ဖြင့်၊ ပြိုးပြက် တောက်ပ၊ ဖြူဆွကိုယ်ဝတ်၊ တုလွတ်စံကင်း၊ သိဒ္ဓိသွင်းလျက်၊ အဆင်း ၇-မျိုး၊ ရိုးရဲရောင် ရှင်၊ လျှပ်နွယ်ထင်သား၊ ဒုယင်ရတနာ၊ ချပ်တန်ဆာကို၊ ကောင်းစွာဆင်ပြီး၊ ဗြဟ္မာကြီးသို့၊ ဘုန်းမီးစက်ရှိန်၊ တိုးတက်ထိန်သည်။ ။ သူရိန်နေမင်း ခင်ပွန်းတည်း

၆၀။ နေမင်းခင်ပွန်း၊ တုမဲ့ကျွန်းအောင်၊ ပွင့်ရွှန်းစက်ရှိန်၊ ဘုန်းအာဟိန်ဖြင့်၊ သီရိန္ဒရ၊ တောက်ပရောင်ရှင်၊ မျက်စုံတင်သား၊ ဒုယင်ရတနာ၊ ချပ်တန်ဆာကို၊ ကောင်းစွာဆင်ပြီး၊ ဗြဟ္မာကြီးသို့၊ ထိန်ညီးလက်လက်၊ ယာဉ်တော်ထက်၌၊ စီးလျက်လည်းကောင်း၊ ရာထီး ဆောင်းနှင့်၊ ဗိုလ်ပေါင်းရံကာ၊ တဩဘာဖြင့်၊ မင်္ဂလာသိဒ္ဓိ၊ ဘုန်းတော်ချီလျက်၊ သီရိပဝရ၊ အဂ္ဂမဟာရာဇာ၊ မဟာစက္ကဝေါ၊ သမိန်ထော,လွတ်တရ၊ ကျူးထငွေနှဲ၊ ပြိုင်တွဲယှဉ်မှီ၊ စည် ၅-လီလည်း၊ ချချီဆော်ရွမ်း၊ သမိန်ဘျမ်း-ဟု၊ မင်းခမ်းသဘင်၊ ရွှေနန်းဝင်ကို၊ လျှောက်တင် မတ်ပေါင်း၊ နာမညောင်းအောင်၊ ငွေမောင်း ၅-ချက်၊ စည်တော်ဆက်၍၊ ငြိမ်သက်ရှေးတူ၊ ဝင်တော်မူပြီး၊ သူဇာနတ်သွင်၊ ရှစ်သောင်းရှင်ကို၊ ညာတင်ပြိုင်ညီ၊ တူယှဉ်မှီလျက်၊ ဒေဝီ ၄-ချက်၊ မင်း ၄-ချက်ဖြင့်၊ ၈-ချက်ပစ္စူ၊ စိုက်ထူမိုးဖွင့်၊ ၉-ဆင့် ရွှေညောင်၊ ရိုး ၁၀-တောင်နှင့်၊ မြင့်ခေါင်ဖြိုးဝှန်၊ ရောင်ခြည်ကွန်သည့်၊ နဗဒဏ္ဍာ၊ မနောဟ-က၊ စသည်လျှပ်လျှပ်၊ ယပ်မားချပ် လျက်၊ ဖြိုးထပ်ဝေလျှမ်း၊ ထွေထွေပြွမ်းသား၊ မင်းခမ်းစုံလင်၊ ထက်ဝန်းကျင်က၊ ဆင်ယင်

ခင်းကျင်း၊ ထိန်ထိန်ဝင်းတိ၊ နတ်ဆင်းရွှေညီ၊ ဒေဝီ ၃-ပါး၊ ခြွေရံများနှင့်၊ မင်းသား,မင်းမြေး၊ တဝေးမတ်ပုံ၊ မျိုးလေးစုံတို့၊ ဝန်းရံညီညာ၊ ကောင်းချီးငြာလျက်၊ မင်္ဂလာအောင်ခွန်း၊ ဩဘာ ညွှန်း၍၊ တုကျွန်းမစံ၊ ကျူးနှုတ်သံဖြင့်၊ ပတ်ခြံညိတ်ညိတ်၊ မွှမ်းမွှမ်းထိတ်၏၊ ဘိသိက်သဘင်၊ ယင်သည့်မရွှေ၊ ထိုနေ့ နံနက်၊ အရုဏ်တက်ဝယ်၊ ၄-ချက်တီးက၊ စ၍ စွဲသုံး၊ ရှေးထုံးအလို၊ သိမ့်သိမ့်ပြုံအောင်၊ ပဟိုရ်,စာတ်စည်၊ ပတ်လည်ဆိုင်လျက်၊ တပြိုင်နက်ဖြင့်၊ တချက်တည်း ဆော်၊ တီးရိုက်ကြော်သည်။ ။ မိုးပေါ်ပျံလု ဘနန်းတည်း။

(ဧညဝတီ၊ ဒသရာဇာမင်း, မန္တလေးရတနာပုံ၊ ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီးတို့ မုဒ္ဓါဘိသိက်ခံနည်းအတိုင်းတည်း။) ။ ဘိသိက်ခံခဏ်း ၁၄-ပုဒ် ပြီး၏။

* * * * * *

## ၂။ မြို့နန်းသိမ်းခဏ်း (၄-ပုဒ်)

၆၁။ ဘိသိက်တော်ကြီး၊ ခံပြီးထိုနောင်၊ ပြိုးပြိုးပြောင်သား၊ ကိုးဆောင်သရစ်၊ ပလ္လင် ၈-နှင့်၊ နန်းသစ်တော်ကြီး၊ လုံးစုံပြီး၍၊ ရှေးတီးမင်းကျော်၊ ဘေးလောင်းတော်သို့၊ အကြော် တငြာ၊ ကြီးကျယ်စွာလျှင်၊ ဒွါရာဘိသေက၊ ဝိသိဋ္ဌဖြင့်၊ မြို့ပြနန်းသိမ်း၊ မြေညွှတ်တိမ်းမျှ၊ မှတ်ထိမ်းဖွယ်ရာ၊ မင်္ဂလာကိစ္စ၊ ယင်ကုန်ကြသို့၊ လောင်းလှဘုန်းမော်၊ အနှုန်းလျော်၍၊ ထုံးမျှော်စံမှန်း၊ အံ့မခန်းအောင်၊ မြို့နန်းသိမ်းမှု၊ မင်းရတုဖြင့်၊ ပြုအံ့ခါဖို့၊ ရောက်ပြန်တို့က၊

ရွှေမြို့တော်မြတ်၊ ဥဒည်းမှတ်သား၊ မီးဓာတ်ဒိသာ၊ မင်္ဂလာရပ်ထူး၊ ရှေးစူးစူးဝယ်၊ အဦးဒွါရ၊ ဗဟိဒ္ဓ၌၊ တံခါးပြင်ထွက်၊ လက်ယာဘက်က၊ မပြက်နေပြောက်၊ ပြိုးပြိုးတောက် သည့်၊ ကွန်းထောက်နန်းတော်၊ ဖောင်ယာဉ်တော်နှင့်၊ တီးဆော်ညိုးညံ၊ ပွဲခံကန္နား၊ ဆောက် ကာထားလျက်၊ တပါးထိုနောင်၊ လက်ဆောင်တော်ဆက်၊

တချက်နောက်သော်၊ တန်ခိုးကျော်သည့်၊ ရွှေမြို့တော်မြတ်၊ နန်းပြာသာဒ်ကို၊ စောင့် တတ်ကုန်ငြား၊ နတ်တို့အားလည်း၊ တင်ကြားပသ၊ ပြုကုန်ကြသား၊ ရှေးကအရိုး၊ တီးမှုတ် မျိုးနှင့်၊ ကွယ်ကိုးကျင်းထား၊ ကန္နားတစ်ဆောင်၊ ကုန်အောင်သီးသီး၊ စီမံပြီးမှ၊

နန်းကြီးတသွန်၊ ဇေတဝန်,လေသာ၊ ပရိတ်နာနှင့်၊ ဝံ,ယာစမုတ်၊ ဆောင်ထုတ် သမိုက်၊ ဗြတိုက်,မြေနန်း၊ လွှတ်,ကြင့်နန်းက၊ ၉-ခန်း တွင်း,ပြင်၊ ၈-ပလ္လင်တည့်၊ ဆင်ယင်ကုန် အောင်၊ ဝင်းဝင်းပြောင်သည်။ ။ မိုက်မှောင်ပယ်လွှင့် လှစ်တွန်းတည်း။ (တွန်း၌ တဝမ်းပူ)

၆၂။ နန်းတွင်း,နန်းပြင်၊ မြို့ဝန်းကျင်ပါ၊ စုလင်ခမ်းနား၊ အပါးပါးကို၊ သိကြားနေဟန်၊ ဝေဇယန်နှင့်၊ သဏ္ဍာန်မယွင်း၊ ယင်ပြီးလျှင်းမှ၊ မင်းသုတသုံ၊ ထွက်သောပုံသို့၊ ဝန်းအုံဗိုလ်ပါ၊ လွန်များစွာတည့်၊ စဉ်လာပညတ်၊

လက်ယာတပ်နှင့်၊ ရှေ့တပ်,ရှေ့ဝင်း၊ ခေါ်ခြင်းတရပ်၊

လက်ဝဲတပ်နှင့်၊ နောက်တပ်, နောက်ဝင်း၊ တပ်ကြီးခင်း၍၊

ထိုဝင်းဆိုင်ရာ၊ စဉ်မကွာဘဲ၊ ဝဲ, ယာ မျှူးမတ်၊ ၄-ဦးနတ်သို့၊ အမှတ်ထင်ရှား ဟန်ကြွားကြွားနှင့်၊

ရွှေဓားကိုယ်စီ၊ စွဲးချီ မကျူး၊ ဝင်းမှူး ၄-ယောက်၊

၂-စီထောက်၍၊ ရှေ့,နောက်စဉ်ပြီး၊ ထွက်တော်ကြီးဖြင့်၊ မှူတ်တီး စည်မောင်း၊ မြေတိမ်းစောင်းမျှ၊ ငြိမ့်ညောင်းကျွတ်ညံ၊ မိုးထက်ပျံသား၊ အလံမှတ်ထိမ်း၊ ဖြူ,စိမ်း,ဝါ,ပြာ၊ ဝင်း ၄-ဖြာနှင့်၊ ဒိသာသေန်၊ ရှေ့မြောက်စွန်က၊ စုံကြန်မချို့၊ တောင်နယ်မို့သည့်၊ အောင်မျှို့ ပေါက်ထီး၊ ဆင်ပြောင်ကြီးထက်၊ တက်စီးကြွားကြွား၊ နတ်ယောကျ်ားသို့၊ ကျိုင်းထွားအင်ပို့၊ သွင်းမချို့သား၊ အောင်မျှို့ရဲဘော်၊ သူရဲကျော်တည့်၊

နောက်တော်ထိုမှ၊ ဆင်မ မုံအာ၊ မည်သာတဝ၊ ဘယရန်အောင်၊ ရဲခေါင်မတ်လှ၊ စီးနေရလျက်၊

အောင်ဘ, ကုလား၊ ဆွေသား, နောင်ရင်း၊ မိတ်ချင်းနံထပ်၊ ၈-ခွင်ရပ်လုံး၊ မလပ် ဥဿုံ၊ ပေါက်မစုံလျှင်၊ ယှဉ်တုံစေပြီး၊

တသီးထို့ပြင်၊ ရှေ့ခွင်မည်မှတ်၊ အန္တောဓာတ်၌၊ ထိုဓာတ်ဆင်တော်၊ ဥပေါ်ထွတ်တင်၊ ပြောင်မာတင်ထက်၊ စီးကျင်မလွဲ၊ မတ်သူရဲတိ၊ ကိုင်စွဲချွန်းချိန်၊ ဝင်းဝင်းထိန်နှင့်၊ ဥတိန်နန္ဒ၊

ဤသို့စသား၊ မိတ်ရ,နံဓာတ်၊ သင့်မြတ်ညီလျော်၊ ယာဉ်ကျော်ဆင်,မြင်း၊ ဘွဲ့ယှဉ်ခြင်း ဖြင့်၊ ခင်းကျင်းစဉ်လာ၊

၈-ဒိသာ၌၊ နမန္တာဘက်၊ ဓာတ်ဘက်မလပ်၊ ဦးလည်စပ်မျှ၊ ဆင်တပ်, မြင်းတပ်၊ အထပ်ထပ်တည့်၊ စည်းကြပ်တည်တည်၊

ကျူးပတ်လည်လည်း၊ စစ်သည်သီးသီး၊ တောင်နှယ်ဆီး၍၊ ရဲကြီးကြွခိုင်၊ ရုံးချင်းဆိုင် လျက်၊ စွဲကိုင်လက်နက်၊ ရောင်ချိုးချက်နှင့်၊ ပြိုးပြက်လျှပ်သွင်၊ နတ်သေနင်သို့၊ တပ်လျှင် ထပ်ထပ်၊ ကြာနှယ်ချပ်သည်။ ။ ပိတ်စပ်ရှစ်ခွင် ကာရန်းတည်း။ (၂)

၆၃။ ကာရန်းထပ်ထပ်၊ ကြာနှယ်ချပ်ပြီး၊ ရေတပ်ကျုံးတွင်း၊ လှေတော်သင်းကား၊

တည်ခြင်းရှေ့ဆုံး၊ နန်းသုံးစဉ်ဆက်၊ မည်မပျက်သား၊ ကြာဘက်ဆောင်းခေါ်၊ လှော်ကားတော်တည့်၊

နောက်တော်တင့်တယ်၊ စလွယ်,နာချောင်း၊ ရွှေဗောင်း,ဝတ်လုံ၊ ဆင်ယင်ခြုံလျက်၊ နှစ်စုံမြို့ဝန်၊ မတ်ယုံကျွန်တို့၊ မလွန်မစား၊ ဝဲ,ယာနားက၊ လှော်ကားတော်နှစ်၊ တလှစ်ထိုးပြီး၊

ရဲးစီးခတ်လှေ၊ များတထွေလည်း၊ မသွေယာ,ဝဲး၊ ခြိမ့်ခြိမ့်သဲးတည့်၊

တကွဲးနောက်သော်၊ မတ်တဖော်တို့၊ လှော်ကားတော်များ၊ စဉ်စီခြားမှ၊

နောက်ပါးမရွေ့၊ ဘုန်းရှိန်ကြွေ့သား၊ အိမ့်ရှေ့မဟာ၊ ဥပရာနှင့်၊

များစွာသီးသီး၊ ကိုယ်စီစီး၍၊ ငယ်ကြီး ယှဉ်မှီ၊ ရာလိုက်စီလျက်၊ မင်းညီမင်းသား၊ ခတ်လှေများတည့်၊

တခြားနောက်မှ၊ ထိန်ပပြောင်ညီး၊ လ,နေမီးသို့၊ စီးတော်ရွှေတောင်၊

ထို့နောင်တူပြိုင်၊ ရွှေတည်ီနှင့်၊ ဒေဝီနတ်ဟန်၊ စီးကြမှန်သား၊

သမ္ဘန်တော်ပေါင်း၊ ရှုမညောင်းမျှ၊ ထပ်လောင်းနောက်မှာ၊ စဉ်မကွာလျှင်၊ ဝဲး,ယာသူရဲး၊ လက်နက်စွဲးတို့၊ စီးမြဲခတ်လှေ၊ အထွေထွေတည့်၊ ဦးနေပဲ့နင်း၊ လှေသင်းထောင်ကဲး၊ အုပ်မြဲးဘောင်ဝန်၊ မလွန်ရှေးတမ်း၊ လှေမှုထမ်းတို့၊ ဖြင်ပြွမ်းထပ်မျှ၊ ရိုးရိုးရွှဖြင့်၊ ရူပဆင်းဝါ၊ နတ်သူရာသို့၊ ဂင်္ဂါဇေယျ၊ ဇလသူရ၊ ဇလသကြ်၊ ဘွဲ့ခံဇမ္ဗူ၊ ဂင်သူက၊ ပြောထူသချာ၊ လွန်များစွာသည်။ ။ ဗိုလ်ပါကောင်ရို ဂဏန်းတည်း။

၆၄။ များလှတွက်ရေ၊ အထွေထွေတည့်၊ ကုဋေကုဋေ၊ ဆယ်ပြန်ရေလည်း၊ ဆုံးလေမရှိ၊ အချိဗိုလ်ခြေ၊ တခဲထွေလျက်၊ မြူတေရောင်ဖိတ်၊ ညီးညီးထိတ်သား၊ ကရဝိက်ကွန့်ပြောင်၊ မြတ်ရွှေဘောင်ကို၊ ရှေ့ဆောင်ငင်စေ၊ ရွှေလှေ ၈-စင်း၊ မွှေမွှေညင်းတည့်၊ ဝင်းဝင်းတင့်တယ်၊ ဝဲး,ယာဝယ်လည်း၊ ရှုဖွယ်မညောင်း၊ ဟန်စုံပြောင်းလျက်၊ ဦးပေါင်းရွှေချည်း၊ ခါးစည်းလည်း ရွှေ၊ လက်ကြပ်ငွေနှင့်၊ သရေထိန်ပြိုး၊ လုလင်ပျိုးတို့၊ ရွှေရိုး,ငွေရွက်၊ တလက်လက်သား၊ ရွှေတက်ပျောင်းပျောင်း၊ ငြိမ့်ငြိမ့်ညောင်းဖြင့်၊ ရွှေလောင်း,ရွှေလှေ၊ များခြွေရွှေနှင့်၊ ရွှေကိုယ်တော်မြတ်၊ ဗြဟ္မာနတ်သို့၊ မင်းဝတ်ဒုယင်၊ မကိုဋ်ဆင်လျက်၊ ညာတင်ကမ္ဗူ၊ နတ်သမုကား၊ ပဒုမမာလာ၊ ပဒုံမာတင့်ဆန်း၊ ငွေကြာပန်းကို၊ ပွင့်လန်းအောင်ဆု၊ စွဲကိုင်ပြုမှ၊ ပြိုင်တုမမြော်၊ ရွှေဘောင်တော်ထက်၊ နှစ်ဖော်စံပြား၊ နတ်မခြားတည့်၊ ၅-ပါး တူရိယာ၊

သံသာဆော်နှိုး၊ မြေမိုးဝှန့်တက်၊ သိကြားထွက်သို့၊ ပတ်ယှက်ညှိုးညိတ်၊ မွမ်းမွမ်းထိတ်အောင်၊ ပိတ်မျှရံကာ၊ မြို့အောင်ချာကို၊ လက်ယာရစ်၍၊ လှည့်ကာစေသော်၊

အရှေ့မျက်နှာ၊ မင်္ဂလာရန်နိုပ်၊ ရွှေတံဆိပ်နှင့်၊ ဦးထိပ်ထင်ရှား၊ ဓာတ်တံခါးက၊ မမှားတူရှူ ဝင်တော်မူလျက်၊ ရှေးရှုဖြောင့်တန်း၊ ဝေယန်ဆန်းသို့၊ မြေနန်းတော်ဦး၊ ရှေ့စူးစူး၍၊ အထူးလွန်ကျော်၊ လှေကားတော်ဖြင့်၊ တက်တော်မူပြီး၊ နေနှယ်ညီးသား၊ နန်းကြီးဘုံပျံ၊ သိမ်းမြန်းစံသည်။ ။ ဘုန်းကံအံ့ဖွယ် လွန်ဆန်းတည်း။

(ပဥ္စမသင်္ဂါယနာတင်မင်းတရားကြီး ရတနာပုံမြို့နန်းသိမ်းတော်မူသည့် အတိုင်းတည်း။)

မြို့နန်းသိမ်းခန်း ၄-ပုဒ် ပြီး၏။

* * * * * *

## ၃။ ဥကင်တော်ဖွင့်ခန်း (၇-ပုဒ်)

၆၅။ ရွှေမြို့နန်းကြီး၊ သိမ်းစံပြီးမှ၊ ထိန်ညီးပြောင်ပ၊ ဆောင်နန်းမ၏၊ သာလှရှေ့ခင်း၊ ရွှေကွန်းတွင်း၌၊ မင်းတို့စံမှတ်၊ ကြေးပြာသာဒ်ဝယ်၊ မင်းမြတ်သိမ်မွေ့ ရက်လည်စေအောင်၊ ချမ်းမြေ့စက်တော်၊ ခေါ်လတ်တုံပြီး၊

တသီးထို့နောက်၊ ဘုန်းတော်တောက်သား၊ ရွှေမှောက်မင်းကျော်၊ ရှေးခါသော်က၊ ခမည်းတော်နတ်၊ ဘိုးတော်မြတ်တို့၊ ဥက္ကဋ္ဌခါကောင်း၊ သင့်လတ်ရှောင်းသော်၊

ထီးဆောင်းမင်္ဂလာ၊ ကြီးကျယ်စွာလျှင်၊ မဟာဥကင်တော်ဖွင့်၊ ရွှေနန်းမြင့်ဝယ်၊ လူမင်းသဘင်၊ ပွဲကြီးယင်သို့၊ ပလ္လင်ဟေမာ၊ ရွှေသီဟာကို၊ စီကာရံပြု၊ ကမ္ဗု,စန္ဒ၊ ပဒုမနှင့်၊ သမုဒ္ဒမည်သီး၊ ၄-ဆူထီးကို၊ လျှံညီးဖြူဝင်း၊ ယာက ကျင်းလျက်၊

ကနက်,သူရိယ၊ ဝိသုကနှင့်၊ သမုဂ္ဂ-ဟူ၊ ထီး ၄-ဆူကို၊ စိုက်ထူ ဝဲထား၊

တနည်းအားမူ၊ ၂-ပါး ကနက်၊ ၂-ချက် တမွတ်၊ ကျင်းလတ်တပုံ၊ ဝဲ,ယာစုံတည့်၊ ၉-ဘုံရောင်ဝှန်၊ နဝဇက်က၊ ထီးမွန်တင့်မော၊ မနောဟရ၊ အာတပပတြ၊ ဝိဇယပတြ၊ မည်ရ ၄-မျိုး၊ မျက်စုံပြိုးသား၊ ညွန့်ဖြိုးဝေမောက်၊ မီးနှယ်တောက်လျက်၊

ဆယ်,ခြောက်,ငါး,လေး၊ တွက်ရေး တောင်သင့်၊ ရိုးနိမ့်,မြင့်နှင့်၊ ဆင့်ဆင့် ၄-စင်း၊ ဘယ်,ညာကျင်း၍၊ စဉ်ခြင်းတဖြာ၊

နည်းထွေလာတွင်၊ လိုရာမမှား၊ စဉ်သောအားဖြင့်၊ သိကြားမိုးနတ်၊ ဘူတပတ်၏၊ ထူးမြတ်အနေ၊ ကျက်သရေသို့၊ မသွေတမျှ၊ တင့်တယ်လှအောင်၊ ဝဲက ၄-စင်း၊ ယာ ၄-စင်းတိ၊ ၈-စင်းကာမိုး၊ ထိန်ထိန်ဖြိုးသည်။ ။ ရွှေရိုး၊ ငွေရွက် ဖြူဝန်းတည်း။

၆၆။ ရွှေရိုး၊ငွေရွက်၊ ဖြူဝန်းကြက်၍၊ ရံယှက်မမှား၊ ၄-စင်းကြားဝယ်၊ ယပ်မားချပ်ကာ၊ စီပြီးကာမှ၊

လက်ယာကျင်းမြဲ၊ နန်းဆွဲရွှေအုပ်၊ အလုပ်တင့်ဆန်း၊ မကာရုံးခံတွင်း၊ ဝင်းဝင်းကရား၊ ရွှေသားအိုးပျစ်၊ တင့်ပြေပြစ်သား၊ ရွှေစစ်ရေတင်၊ ရွှေစင်ထွေးခံ၊ ရွှေလျှံတကောင်း၊ စုံပေါင်းမြူတာ၊ ရွှေဝါဖလား၊ ရှေ့ကထားပြီး၊

နောက်ပါးတကြောင်း၊ ရွှေပန်းတောင်းမှ၊ မစောင်းဖြောင့်ဖြောင့်၊ ၈-ထောင့်ကွမ်းခွက်၊ လက်လက်ဖြိုးလျှံ၊ နဂါးခံကွမ်းခွက်၊ စက်စက်ရောင်ဝါ၊ စလင့်ကြာ ၂-ပွင့်၊ ရှုတင့်ရောင်မောင်း၊ ကွမ်းလောင်းတော်ကြီး၊ ထိန်ညီးကွမ်းကျပ်၊ ထိန်လျှပ်ကွမ်းတောင်း၊

တကြောင်းထိုမှ၊ စဉ်ထ တညီ၊ လက်ဝဲဆီက၊ ကျောက်စီ ခြေနင်း၊ ထိန်ဝင်းလျှံဖြာ၊ ရတနာတောင်ဝေး၊ မဝေးပြိုးပြက်၊ မြမြထက်သား၊ သံလျက်ရွှေဓား၊ သားမြီး စာမြီး သိဂီမင်းစံ၊ ခြသေ့ခံလျက်၊ ညီးလျှံရွှေသား၊ ကရားအိုးပျစ်၊ ရွှေစစ်မေးထောက်၊ ထိန်တောက်ကျိုးခြေ၊ ၂-ထွေရတနာ၊ ရွှေမြူတာကို၊ ရှေ့မှာစဉ်ငြား၊

လက်တင်ကြားနှင့်၊ ပတ္တမြားကွမ်းခွက်၊ ထိန်လက် သလပ်၊ ရောင်လျှပ်မီးနယ်၊ ကွမ်းလောင်းငယ်က၊ တင့်တယ်ပြိုးပြောင်၊ သလင်းမြောင်တည့်၊ ရွှေရောင်တင့်နှိုင်း၊ သစ်တိုင်းကျပ်လျှား၊ နောက်ကထား၍၊ များပြားလှစွာ၊

ယာ ဆယ့်ခုနစ်၊ ဝဲ ဆယ့်ရှစ်ဟု၊ တွက်စစ်မမှား၊ သုံးဆယ့်ငါးတည့်။ ထူးခြား ထိုပြင်၊ ရွှေဥကင်နှင့်၊ ပလ္လင်တော်ရှေ့၊ စဉ်၍ ကျင်းရိုး၊ ဘုန်းရှိန်တိုးလျက်၊ တန်ခိုးတောက်စေ၊ နိမိတ်ထွေဖြင့်၊ ရွှေ၊ဖြူ၊ဝါ၊နက်၊ စိမ်းညက်၊နီဖျော့၊ မှတ်လော့စဉ်ကာ၊ ရတနာခြယ်ဝင်း၊ နန်းလုံးလင်းအောင်၊ မျောက်မင်း တသုန်၊ ဂဠုန် တထူး၊ ဘီလူးလည်းကောင်း၊ ရွှေဥဒေါင်းက၊ သားပေါင်းဆီညစ်၊ သီဟရာဇ်နှင့်၊ မုန်ယစ်မာန်ကြွား၊ ဆင်၊နဂါးဟု၊ ထင်ရှားမယွင်း၊ အောင်မျိုးသွင်း၍၊ ရုပ်ဆင်း ၇-မျိုး၊ ညွှန့်ဖြိုးဝေလျှံ၊ သင့်စီမံသည့်၊ အလံ ၇-ပါး၊ စိုက်ထူလွှားမှ၊ တရားနေနတ်၊ ဘုန်းတော်မြတ်ကြောင့်၊ ရိုညွတ်ကျိုးနွံ၊ ကျွန်တော်ခံ၍၊ နိုင်ငံအဟို၊ မင်းထိုထိုတို့၊ လိုလိုဆက်ငြား၊ မင်းခမ်းများကို၊ ရှေ့ထား၊နောက်လျဉ်၊ ဝဲ၊ယာယှဉ်လျက်၊ နန်းစဉ်စက်ရင်း၊ စီကာကျင်းသည်။ ။ ဝင်း၏ရွှေဘုံ ကြငှန်းတည်း။

၆၇။ ရွှေဘုံဝင်းဝင်း၊ မင်းခမ်းကျင်းလျက်၊ တုကင်းမမြင်၊ မိုးလျှပ်သွင်သို့၊ ဆင်ယင်တန်းဆာ၊ ဒွါဒရာတင့်ဆန်း၊ ရာလိုက်တန်း၍၊ မြောက်နန်း,လယ်နန်း၊ နောက်နန်းစံပျော်၊ အလှကျော်သည့်၊ ၃-ဖော်ဒေဝီ၊ နတ်တပြီလည်း၊ ဝတီ,သီရိ၊ စရှိပြောထူ၊ နန်းသူများစွာ၊ ရံကာနောက်တော်၊ ရွှေတဖော်တည့်၊

ဝင်သော်နောက်မှ၊ ထွက်ကရှေးဦး၊ မကျူးအလေ့၊ ဘုန်းရှိန်ကြွေသား၊ အိမ်ရှေ့နန်းလျာ၊ မဟာဥပရာဇ်၊ သင်းကျစ်ညီးညီး၊ သားတော်ကြီးနှင့်၊

ရာသီးလိုက်သင့်၊ နိမ့်,မြင့်ပြိုင်ယှဉ်၊ အစဉ်မယွင်း၊ ရွှေကွန်းတွင်း၌၊ နီးရင်းစွာဘိ၊ မြတ်ဇာတိဖြင့်၊ သီရိဓမ္မ၊ သုဓမ္မက၊ သီဟသူရ၊ မဟာဓမ္မ၊ ရာဇရွှေဘွဲ့၊ ထိန်လဲ့ရောင်ဖြိုး၊ လွှန်မြတ်နိုးသည့်၊ သတိုးဘွဲ့တော်၊ တဖော်တပ်မြဲ၊ မင်းရဲမည်ထူး၊ မြင်းမှူးရာနေ၊ သက်ဝေရင်သွေး၊ ချစ်မြေးရတနာ၊ မဟာဘွဲ့ပေါင်း၊ ရွှေဖောင်း,ရွှေဖျင်၊ ဝတ်ရုံဆင်လျက်၊ ဒုယင်သင်းကျစ်၊ ဆယ့်နှစ်,ဆယ့်ငါး၊ ဆယ့်ရှစ်အားဖြင့်၊ ထူးခြားတင့်တယ်၊ ရွှေစလွယ်နှင့်၊ ကြီး,ငယ်ရှုအီ၊ နတ်သားစီသို့၊ မင်းညီမင်းသား၊ ရှေ့တော်ပါးတည့်၊

စော်ဘွားနန်းရံ၊ ဘုရင်ခံတို့၊ ဦးဆံချချ၊ ယာ,ဝဲခလျက်၊

အဂ္ဂမဟာ၊ သေနာပတိ၊ ဂုဏ်ထူးရှိသား၊ ခန့်ချိရာခြီး၊ စစ်သူကြီးက၊

ခြားသီးဌာန၊ ပြည်မရေးဆောင်၊ မှူးခေါင်,မတ်လတ်၊ ရှစ်သောင်းမတ်ကား၊ အဝတ်အဆင်၊ အသွင်ဆောင်ရွက်၊ ယုတ်,တက်တန်ဆာ၊ နီ,စိမ်း,ပြာနှင့်၊ တမာရွှေပွင့်၊ ရာနိမ့်,မြင့်တိုင်း၊ ဖောင်းနှင့်ဝတ်လုံ၊ ဘွဲ့ပုံနာမံ၊ ဖဲရံဇာသတ်၊ ပိုင်းခြားမှတ်၍၊ ယုတ်,မြတ် ကြီး,ငယ်၊ ဝဲ,ယာ စွယ်ကား၊ ၅-သွယ်အလွတ်၊ ပြိုင်ခတ်မလွန်၊ အချွန်အဦး၊ တော်,ဒူး,စနည်၊ ၂-မည်ဘဝေါ၊ ပြန့်ပြောကျယ်ဝန်း၊ ကွန်းနှင့်သည်မ၊ သည်ရံစသား၊ ထိုမှတရေး၊ သည်ထွေးတွင်း,ပြင်၊ နန်းကြီးခွင်၌၊ ဝန်းကျင်ထပ်ထပ်၊ စီစဉ်အပ်တိုင်း၊ ၅-ရပ်နေရာ၊ ရွှေသီဟာကို၊ စီကာမယွင်း၊ ဆင့်ဆင့်ကျင်း၍၊ လမင်းအထံ၊ ကြယ်ပေါင်းရံသို့၊ ပတ်ခြံဦးခိုက်၊ ဖူးတိုက်ရှိကြာ၊ ရံဝန်းကာသည်။ ။ ဆယ်ဖြာလက်အုပ် ငုံချွန်းတည်း။

၆၈။ လက်အုပ်ချွန်းငုံ၊ ကြာဖူးရုံသို့၊ မင်းပုံညွတ်ခ၊ ရိုတုပ်ကွလျက်၊ ဦးချညီလာ၊ ရံဝန်းကာပြီး၊

မင်္ဂလာရှေးဦး၊ မိုးစည်မြူးသို့၊ ရိုက်ကြူးကြိုးထစ်၊ ဆယ့်တစ်မြောက်စည်၊

တံရှည်,တံမြွာ၊ သပြေသာတို့၊ သချာသတ္တာ၊

ထိုမှ ခရ၊ ၂-စုမည်မှန်း၊
စည်ဝန်းအစစ်၊ ဆယ့်ခုနစ်နှင့်၊
၂-နှဲတလိုင်း၊ ခြားပိုင်းတရပ်၊
လက်ချ ၅-မျိုး၊ တံပိုး ၂-မည်၊
ဗျောစည်တခြား၊ နှစ်ဆယ့်ငါးတိ၊
မှတ်သားမယွင်း၊ ဒုံမင်း ၂-လီ၊
ချိုအီမယုတ်၊ စည်ပုတ်သံဝါ၊ ပတ်သာ, လင်းကွင်း၊ ၁-စီသွင်းလျက်၊
သံညှင်းနှဲကြီး၊ ပြိုင်မှီး ၅-သွယ်၊
နှဲငယ် ဆယ့်တစ်၊ စင်စစ်မမှား၊ ဆယ့်ငါး ခရာ၊

ကျွန်းဦးညာဝယ်၊ မဟာတရူ၊ ဇမ္ဗူ့သပြေ၊ သမုဒ်ရေထက်၊ သီးကြွေငါးပွက်၊ ကိုင်းခက်ကြိတ်ဟန်၊ သဏ္ဍာန်တူစွာ၊ သံ့ပမာသို့၊ ကမ္ဘာစဉ်ထုံး၊ ကြေမဆုံးသား၊ နန်းသုံးပြကတေ့၊ မင်းတို့လေ့ဖြင့်၊ သိမ်မွေ့ညိုးညံ၊ နန်းလုံးပျံမျှ၊ နန်းသံမြောက်ခြီး၊ နာမငြီးအောင်၊ မှုတ်တီးကျူးယင်၊ သံတော်တင်၍၊

ဗုဒ္ဓကိုဖျား၊ လောင်းဘုရားလျှင်၊ ပတ္တမြားရောင်မြိုက်၊ မကိုဋ်သင်းကျစ်၊ ခုနစ်ရတနာ၊ စီမွှာခြယ်မှတ်၊ ဒုယင်မြတ်ကို၊ ဆင်လတ်တုံမြောက်၊ ဝင်းဝင်းတောက်သား၊ မင်းမြောက်တန်ဆာ၊ လွှန်ထူးစွာဖြင့်၊ တောင်ညာနန်းရှင်၊ မိနတ်သွင်နှင့်၊ ဥကင်ကျည်းရွက်၊ ဖွင့်လျက်သာယာ၊ ဗွေသီဟာထက်၊ မကွာအတူ၊ မုနောယူ၍၊ ထွက်ပြူစမွယ်၊ စံတင့်တယ်သည်။ ။ ကြီးကျယ်ဘုန်းတော် ပွင့်လန်းတည်း။

၆၉။ ပိဋကတ်သုံးပုံ၊ အလုံးစုံတွင်၊ အာဂုံဒေသနာ၊ အထူးလာသား၊ ဒိဝါ တပတိ-အာဒိစ္စော၊ စသော ခြောက်ပဒ၊ သဗ္ဗမင်္ဂလာ၊ တစ်ဂါထာ၌၊

ဒိဝါကရ၊ အာဒိစ္စနှင့်၊ သဟဿ-ရံသီ၊ စချီများစွာ၊ သညာမည်တွင်၊ မိုးကောင်ကင်ထက်၊ စက်ရှင်ဝင်းဝင်း၊ လေးကျွန်းချင်းသည့်၊ နေမင်းရာဇာ၊ သူရိယာကား၊ ၄-ဖြာပဟိုရ်၊ တီးရိုက်ပြိုအောင်၊ နဂိုရ်နေ့ဝယ်၊ ထွန်းတင့်တယ်၏။

ကြယ်များဓိပတိ၊ သသိ,ဣန္ဒု၊ ဥဠုရာဇာ၊ နိသာနာထ၊ စသည်ပညတ်၊ မည်မှတ်တံဆိပ်၊ ငွေယုန်ရိပ်နှင့်၊ မှောင်နှိပ်ပယ်ရှင်း၊ ဧကြည်ဝင်းသည်၊ လမင်းရာဇာ၊ စန္ဒိမာကား၊ ညဥ့်ခါ၌ဝယ်၊ ထွန်းတင့်တယ်၏။

မြတ်နွယ်အမျိုး၊ ဘုန်းရှိန်မိုး၍၊ ပိုင်စိုးရေ,မြေ၊ တန်ခိုးဝေသား၊ ရထေသဘ၊ ဘူဘုဇ နှင့်၊ ဗြဟ္မာဟု၊ မနုဇိန္ဒ၊ စသည်တွင်ခေါ်၊ တေဇော်ထန်ပြင်း၊ ဘုန်းရောင်လင်းသည့်၊ လူမင်း ရာဇာ၊ ခတ္တိယာကား၊ မုဒ္ဒါဘိသေက၊ စသည်မင်းမှု၊ မင်းရတုဖြင့်၊ ဗိုလ်ထုသဘင်၊ ဖွင့်ဥကင် နှင့်၊ ရွှေပလ္လင်ပေါ်၊ ထွက်စံပျော်၍၊ စည်တော်ရှေးဦး၊ ရိုက်ကြူးမလွန်၊ ၃-ဖန်ချီချ၊ ညီတမျှဖြင့်၊ ထိုမှဥဿုံ၊ တီးစုံမှုတ်မျိုး၊ ပင်လယ်တိုးသို့၊ မြေမိုးသိမ့်ဩ၊ စမွယ်ရာတွင်၊ ရာဇဘဏ္ဍ၊ ကကုဓ- ဟု၊ မည်ထ ၅-ဆူ၊ ထီးဖြူ,သင်းကျပ်၊ သားမြီးယပ်နှင့်၊ ဘိနပ်,သန်လျက်၊ စွဲဆောင်လျက် တည့်၊ ပြိုးပြက်ထိန်ဝင်း၊ မင်းခမ်းကျင်း၍၊ မင်းမြှောက်တန်ဆာ၊ ဆင်ခါထိုဝယ်၊ ထွန်းတင့် တယ်ဟု၊

ဘုန်းကြွယ်မိန့်တိုင်း၊ တုမဲ့နှိုင်းအောင်၊ ပြိုင်းခိုင်းမမြင်၊ ရွှေပလ္လင်ထက်၊ စက်ရှင် ဒေဝရာဇ်၊ ဗြဟ္မာစစ်သို့၊ ဘုန်းသစ်ဖွင့်နိုး၊ ထပ်ပွင့်တိုး၍၊ တက်ဖြိုးသရေ၊ ရွှန်းရွှန်းဝေသည်။ **မိုးနေ,လနွယ် တောက်ထွန်းတည်း။** (တုလျယောဂီလင်္ကာမျိုးတည်း။)

၇၀။ **နေမင်း,လမင်း၊ ဝင်းဝင်းမိုးလယ်၊ ထွန်းတင့်တယ်သို့၊ ဘုန်းကြွယ်ရာဇာ၊ လောင်း** မြတ်စွာကား၊ မုဒ္ဒါဘိသေက၊ ခတ္တိယဟိတ်၊ ဘိသိက်တော်ခံ၊ သိမ်းစံနန်းသစ်၊ ဖွင့်လှစ်ဥကင်၊ မင်းပွဲယင်ပြီး၊ အကြွင်ရှေးခါ၊ မင်းတကာတို့၊ ဓမ္မတာတော်၊ မကျော်မကျူး၊ ရာထူးထပ်ကဲ၊ မည်ရည်လွှဲ၍၊ စွန့်ကြဲကြီးစွာ၊ ပြုစဉ်လာတိုင်း၊

မဟာဥပရာဇ်၊ ရင်နှစ်တော်ရင်း၊ အိမ်ရှေ့မင်းက၊ စ၍ကုန်အောင်၊ မှူးခေါင်, မတ် လတ်၊ ယုတ်,မြတ်နွယ်ရိုး၊ ကျွန်တော်မျိုးတိ၊ ပြည်စိုးမြို့ကွပ်၊ အကြပ်ထောင်ပိုင်၊ ခရိုင်ဇနပိုဒ်၊ နိုင်ငံတိုက်၌၊ ထိုက်လိုက်သီးခြား၊ မြို့စား, ပြစား၊ ရွာအများကို၊ အုပ်ငြားသံပျင်၊ ထိုပြင်တမျိုး၊ တရွာစိုးက၊ ခေါ်ရိုး ကလန်၊ မတ်တသွန်အား၊ မကျန်များအောင်၊ စေ့စုံအောင်လျှင်၊ ဆောင် ယောင်ထီးစည်၊ ဘွဲ့မည်ဌာနန်၊ ထိုက်တန်ဂုဏ်လျော်၊ ထပ်ကာလျှောက်မှု၊ ချီးမြှောက် ဖြိုးကဲ၊ လူခပဲအား၊ စွန့်ကြဲပေးကမ်း၊ လွှေလွှေယမ်းနှင့်၊

ထောင်တမ်း ၄-ရပ်၊ မြစောင့်ကြပ်လျက်၊ ကျဉ်းကျပ်ခံသူ၊ လွှတ်တော်မူ၍၊ မပူချမ်း မြေ့၊ လန်းလန်းကြွေ့သား၊ ရေတွေ့ငုံအာ၊ အိုင်ကြီးကြာသို့၊ မျက်နှာအထူး၊ လွန်ကြည်နူးသည်။ **ရွှင်မြူးလူ့ရှင် ရဟန်းတည်း။**

၇၀။ **အချိအချိ၊ ဆုံးမရှိအောင်၊ ပီတိသောမန၊ တက်ကြွထိန်ဆူ၊ သောင်းသောင်းအူမျှ၊** ရှင်,လူဥဒါဟို၊ ထိုထိုနီး,ဝေး၊ ရှုပ်ထွေးထွက်,ဝင်၊ အတင်တင်ဖြင့်၊ သဘင်ဇာတ်ရုံ၊ တီးစုံကမျိုး၊

ဂွမ်းထိုး,တန်းလျှောက်၊ လက်ပမ်းပေါက်က၊ ဝမ်းမြောက်ကြည်နူး၊ အထူးထူးတည့်၊ ရွှင်မြူးနေ့,ည၊ ထိုကာလကား၊ စိတ္တလတာ၊ ဥယျာဉ်သာဝယ်၊ အာသာနွယ်စစ်၊ ကသစ်ရွှေခိုင်၊ ပွင့်ချိန်တိုင်၍၊ လေးစိုင်ရောင်စို၊ ရွှေမြင်းမိုရ်ထက်၊ ထိုထိုဝင်းညီး၊ နတ်သမီး, နတ်သား၊ နတ်အများသို့၊ ရွှင်အားကြီးစွာ၊ သူ့ထက်ငါလျှင်၊ တာဝတိံတိုက်၊ သောင်းလုံးလှိုက်အောင်၊ ကျိုက်ကျိုက်ညိုးညံ၊ ပဥ္စင်သံနှင့်၊ နတ်သံမစဲ၊ နတ်တို့ပွဲသို့၊ ခပဲပြောထူ၊ ၄-ဆူမျိုးပြား၊ အခြားခြားတို့၊ ယောကျာ်း,မိန်းမ၊ ကြီး,ငယ်စသား၊ ထိုမျှ ကြေညာ၊ ၈-ဒိသာလုံး၊ မိထိလာပြည်သူ၊ များရှင်,လူလည်း၊ ဦဦညိတ်ညိတ်၊ မွမ်းမွမ်းထိတ်တိ၊ **ဘိသိက်တော်ပွဲ၊ နန်းသိမ်းပွဲနှင့်၊** တကွဲထို့ပြင်၊ ဥကင်တော်ပွဲ၊ ထပ်ထပ်ကဲ၍၊ မင်းပွဲလျှုပွဲ၊ စဉ်အမြဲဖြင့်၊ မစဲသို့ပင်၊ လွှန်ကြည်လင်လျက်၊ သဘင်နိစ္စ၊ ဆယ်နှစ် လတိုင်း၊ သောကမမြော်၊ မြူးကြပျော်သည်။ ။ ဘုန်းတော်ရေကြည် ဆွတ်ဖျန်းတည်း။

(ဤပိုဒ်ကား ဟဿဋ္ဌာယီဘာဝကို ပြသည်။)

ဤကား ဥကင်တော်ဖွင့်ခဏ်း ၇-ပိုဒ်တည်း။

ဤမျှဖြင့် “မဃဒေဝေါ နာမ ရာဇာ အဟောသိ”၏အရ ပြီး၏။

★★★★★★★

## ၄။ ကပိလဝတ်ပြည်သို့ ဒေသစာရီအကြွ လမ်းမ,လမ်းသွယ်၊ တောမြိုင်လယ်တို့မှ ပူဇော်မှုမင်္ဂလာ အဖြာဖြာပြုချိန် တပေါင်းလ၊ မိန်ရာသီ သာယာပုံပြတေးထပ်

မြသွေးအခံ ပင်ယံတိမ်းမှာ၊ ရွှေလိမ်းပြန့်ကြ ဂုဏ်တပြိုင်။
သွေယိမ်းဟန်ပြ ပုံအကိုင်ငယ်၊ လေသိမ်းမခိုင် ကြွေ စလု။
မရှိတစ်ခါ ရှိတစ်ခါငယ်၊ ပလီပလာ ညိုမင်းလွင်က စု။
ကြိုင်ကြိုင်သင်းပျံ့ အင်ကြင်းချီသည်၊ ပင်မင်းရွှေဖီ ခါရတု။
ပြင်ကွင်းပြီပြီ လောင်စာနုနှင့်၊ တောင်ယာအပြု ခေတ်တစ်ပုံ။
ပုလဲရောင်ဝေ, သောင်ဗွေမော့မှာ၊ အောင်ဆွေ မယ်ကြော့, ငှက်ပေါင်းညီလာ စုံ။
ဖြေမရပ ကြေကွဲကြုံအောင်၊ ငွေသဲစိန်မှုန် စေတီဆင့်လို့၊
ဖလဂ္ဂုနှင့် ယုန်ပွင့်ချိန်တာ၊ မိန်ဦး သာတင့်စွာ။
ထေရ်ကာဠုဒါ ကြောက်ဖွယ်လျှာငယ်၊ ခြောက်ဆယ့်ဂါထာ သီကုံးပေရလေး။

[ ရှစ်ဆယ်ပေါ် တေးထပ်ရာသီဖွဲ့၊ စလေဆရာကြီး ဦးပုည ]

### အမှာ

စလေဆရာကြီး ဦးပုညရေးသည့် ရတနာနဒီဘွဲ့မော်ကွန်း ၁-စောင်နှင့် ကင်းဝန်မင်းကြီးရေးသည့် ရတနာနဒီမော်ကွန်း ၁-စောင်၊ ပေါင်း ၂-စောင်ရှိခဲ့ပါသည်။ ဤရတနာနဒီမော်ကွန်းများမှာ မင်းခမ်းများနှင့် ဆက်စပ်နေသည့် ရသမြောက် လင်္ကာရှည်ကြီးများ ဖြစ်ကြသည်။ သို့အတွက် နောက်ဆက်တွဲ ဖော်ပြထားပါသည်။

### ရှာစည်ရှာစား၊ မင်းလှသင်္ချာ၊ စလေဆရာကြီးဦးပုည

# ရတနာနဒီဘွဲ့မော်ကွန်း

## ၁။ တာဝတိံသာ ဝေဇယန္တာနန်းကဲ့သို့ ရတနာပုံနန်းဖြစ်ပေါ်လာပုံ

ချီးလော့ ကျက်သရေ၊ တက်ဖြိုးဝေစိမ့်၊ ရေကြန္ဒနီ၊ သိန်တညီလျှင်၊ ခုနစ်လီဆင့်၊ ဝန်း၍မြင့်သည်၊ မြေပြင့်ဗိမာန်၊ သွင်္ကာယန်ထက်၊ ဝေယန်သာစွ၊ ထာဝရလည်း၊ မာဃကုသိုလ်၊ ကံနဂိုရ်ဖြင့်၊ အလိုပြီးမြောက်၊ ဘုံကြီးပေါက်သို့၊

မိုးအောက်မျက်နှာ၊ စက္ကဝါကို၊ လက်ယာထုတ်ခတ်၊ တန်ခိုးလွတ်သား၊ ရန်ဖြတ်လွှင့်မှုန်း၊ တို့ရှင့်ဘုန်းကြောင့်၊ အနှုန်းမစံ၊ သပြေယံဝယ်၊ ဝေလျှံညီးလျက်၊ ရာထီးချက်တို့၊ စုံလျက်ရှိဝန်း၊ လက်မုံသွန်းသား၊ မန္တလေးညွန့်၊ မြေအဝှန့်ထက်၊ ရွှေခွန့်အလာ၊ ဗျာဒိတ်မှာနှင့်၊ မဟာပနာဒ၊ သမ္ဘာရကြောင့်၊ မြေမှထွားမြောက်၊ ဖွားဖွားပေါက်သား၊ မြားထောက်တစ်ထောင်၊ နန်းရွှေတောင်သို့၊ ပြောင်ပြောင်ဝင်းဝါ၊ လင်းလင်းဖြာမျှ၊ ရတနာပုံ၊ နန်းနိတုံကို၊ အမုံရင့်သန်၊ ရွှေဘုန်းဖန်သော်၊ ဘုမ္မကြာလာ၊ ဒေဝါရွှေညီ၊ ဧကဝီနှင့်၊ မြေမဟီဆုံး၊ သစ်သစ်ကြုံး၍၊ ခေတ်လုံးညွတ်ယိုင်၊ ခြိမ့်ခြိမ့်အိုင်သည်။ ။ သံပြိုင်ဇေတု ကောင်းချီးတည်း။

## ၂။ မင်းတုန်းမင်းတရား၏ ဂုဏ်ကို ကုန်အောင် မဖွဲ့စီနိုင်ပုံ

တစ်ကမ္ဘာလျှင်၊ မဟာပြဟ္မေ၊ လျာကုဋေဖြင့်၊ ဆန်းနေဂိုဏ်းညီ၊ ဂါထာစီ၍၊ ကျူးချီမြွက်ဖော်၊ ဆိုလှည့်သော်လည်း၊ ဘုန်းတော်ကဲလွန်၊ အနေကန်ကို၊ ဝေဖန်ချီးမြှောက်၊ ပြီးမရောက်လိမ့်၊ မြကျောက်ခါးပန်း၊ စက်နရန်းဖြင့်၊ ဝန်း၍ ရစ်ဝုတ်၊ မြစ်သမုဒ်ကို၊ ချုပ်ချုပ်နှောက်နှည်၊ ပတ်ခေါက်လည်သည်၊ မန်းပြည်တည်ထောင်၊ ဘေးရန်အောင်ကား၊ စက်ရောင်

ရွှေနူတ်၊ ဥက္ကာမုခ်နှင့်၊ ဝိသုဒ္ဓစစ်၊ ထောင်ခြည်ရစ်သည်၊ နေမြစ်မန္ဓတ်၊ ကုန်းဘောင်နတ်၏၊ မြစ်မြတ်ဇနိန်၊ နွယ်သမ္ဘိန်တည့်၊ ထိန်ထိန်တေဇော်၊ သပြေကျော်သည်၊ ဘိုးတော်ရန်လှီး၊ ခမည်း စက္ကဝက်၊ နောင်စောထွတ်သို့ တမွတ်မင်္ဂလာ၊ ပြည်သိင်္ဂါနှင့်၊ ဇေယျာ,အဝ၊ အမရဝယ်၊ မြန်မာ့သရဖူ၊ ကြင့်နှန်းထူ၍၊ မန်းဘူမဟိန်၊ ရည်ခဲ့ချိန်သည်။ ။နာဂိန်ဥက္ကာ၌ တောင်ကြီးတည်း။

## ၃။ မန်းတောင်သို့ ဘုရားအကြွ စန္ဒမုက္ခီ လျှုဒါန်းပုံ

ဘဂဝန္တဂူ၊ သယမ္ဘူလျှင်၊ နှစ်ဆူစကြာ၊ ဒေသစာဖြင့်၊ သုနာပရန်၊ နက်သန်ဌာနီ၊ တမ္ဗဒီသို့၊ ပါရမီရင့်,နှု၊ ဝေနေစုကို၊ မျှော်ရှုရွယ်ရည်၊ ချွတ်အံ့လည်သော်၊ မြန်ပြည်အခေါင်၊ မန်းရွှေတောင်ဝယ်၊ လရောင်စက်ဝါ၊ လက္ခဏာနှင့်၊ မျက်နှာကြည်မြ၊ ရွှန်းရွှန်းပသည်၊ စန္ဒ-မုက္ခီ၊ နတ်နာရီလျှင်၊ သိင်္ဂီဦးသစ်၊ ဇမ္ဗူရဇ်သို့၊ ကျစ်လျစ်ဖွံ့ထွား၊ ရင်ညွှံ့သားကို၊ တရားညွှတ်နှူး၊ ပန်းနှယ်ခူး၍၊ ကျေးဇူးလေးနက်၊ လှူဒါန်းဆက်သော်၊ ရွှေင့်ကက်ကရဝိက်၊ တောင်လုံးညိတ်မျှ၊ ထိတ်ထိတ်သဝှန်၊ ရင့်ကတွန်သို့၊ ဆင်းကြန်အင်ညီ၊ မယ်ဒေဝီအား၊ ဝစီနက်တံ၊ ဗျာဒိတ်သံဖြင့်၊ တောင်ယံနိုးနိမ့်၊ ဖြိုးဖြိုးသိမ့်သည်။ ။ ငြိမ့်ငြိမ့်ပဲ့တင် ခတ်တီးတည်း။

## ၄။ စန္ဒမုက္ခီအား ဗျာဒိတ်ပေးပုံ

ဒီပလင်္ကာ၊ သုမဗ္ဗာနှင့်၊ ခေတ္တရာစံ၊ ပုဂံထောင်တည်၊ ဝရွှေပြည်၌၊ မြိုက်ရည်ဓမ္မစက်၊ ငါ့နူတ်နက်လျှင်၊ မွန်းချက်သူရိန်၊ ထွန်းခဲ့ထိန်ပြီ၊ အာလိန် ခွေညွှတ်၊ သိန္နေထွတ်သို့၊ ဝင်းသဝတ်ရောင်၊ မြခိုးမှောင်သည်၊ မန်းတောင်သမိုက်၊ မြေမကိုင်ငှထက်၊ လှံ့ရိုက်သာသနာ၊ နှစ်ထောင်သာ၍၊ ငါးရာဓွန့်ရှည်၊ အညွှန့်စည်သော်၊ ဤသည် နတ်နှယ်၊ ကလျာမယ်လျှင်၊ နယ်ဇမ္ဗူပြင်၊ ရန်မာန်နှင်၍၊ အိမ်ရှင်စည်ကြီး၊ အလိုတီးလိမ့်၊ ဝှဲချီးကြော်ကြွေး၊ နှစ်ထောင် ရှေးတိ၊ လေးရာအစ၊ ထွန်းသည်ကပင်၊ ဇေယျတေဇ နေ,လရောင်ခြည်၊ မန်းတောင်တည် သား၊ ကြည်သရာန်၊ စက်ပျံစီးလွှတ်၊ လောကဓာတ်ကို၊ ဆုံးဖြတ်ဆော်နှိုး၊ ကုန်းဘောင်ရိုးလျှင်၊ တန်ခိုးပြည့်စုံ၊ တိုက်လုံးခြုံ၍၊ ရွှေဘုံရတနာ၊ ပြည်အောင်ချာကို၊ နိမ္မာနတ်တူ၊ တည်အံ့ဟူသည်။ ရှစ်ဆူရိပ်ကြာ ညီးညီးတည်း။

## ၅။ နန်းဆောင်ဗိမာန်၊ တည်ချိန်တန်သည်၊ မှန်ပြီဘုရား

ဇမ္ဗူမန်းဗွေ၊ ပြဋ္ဌာန်းမြေထက်၊ နူတ်ရွှေမှာတိုင်း၊ ဗျာကရိုဏ်းနှင့်၊ နန်းပိုင်းသိုက်လျော်၊ အကြိုက်တော်သော်၊ ‘တေဇော်ဝရဇိန်၊ စက်နှယ်ထိန်သည်၊ ပြည်သိင်္ဃခေတ်၊ ဘူမရာဇ်ဝယ်၊

ထီးသစ်နန်းဦး၊ စိုးမှူးပိုင်နင်း၊ အလောင်းမင်း၏၊ မြစ်ရင်းတော်မြတ်၊ လောကနတ်လျှင်၊ ဘုံထွတ်အမရ၊ နန်းဌာနထက်၊ စတုတ္ထရွှေအိမ်၊ မာန်နှိမ်တားပြည်၊ စမွယ်စည်တည်း၊ ဈာန်ယာဉ်မိုးယံ၊ နတ်စိုးစံသည်၊ သဟံပြဟ္မာ၊ အရိယာနှင့်၊ ကာမာဝစိုရ်၊ မြင်းမိုရ်မကိုဋ်၊ မဟာရိုက်တို့၊ သိုက်လည်းအမြတ်၊ ဓာတ်လည်းအကျော်၊ စနည်းတော်လည်း၊ အဟော်ဝတာ၊ မွန်ရှည်စွာဖြင့်၊ အလာတညီ၊ အခါဤကား၊ ပါရမီသခင်၊ နတ်ရှင်ဘုန်းခေါင်၊ မန်းရွှေတောင်ဝယ်၊ နန်းဆောင်ဗိမာန်၊ တည်ချိန်တန်သည်၊ မှန်ပြီဘုရား၊' မန်းညာဖျားသို့ ဖဝါးစက်လျှံ၊ ကြာချက်ခံ၍၊ ယာဉ်ပျံစွင့်စွင့်၊ စီးစတင့်-ဟု၊ ချီးပင့်နှုတ်ချို၊ တြင်းဆိုသည်။　　။ နဂိုရ်တည်အံ့ ချိန်နီးတည်း။

## ၆။ ငွေခရုဖြင့် မုဒ္ဒါဘိသိက်သွန်းပုံ

သာသနာလျှင်၊ သုံးရာဖြိုးသစ်၊ ကိုးဆယ့်ရှစ်တည့်၊ အနှစ်နှစ်ထောင်၊ နေနှယ်ပြောင်သော်၊ မြရောင်၅ွန်းဝေ၊ ကျွန်းသပြေထက်၊ ဝေဒိသမျိုး၊ နေက ရိုးသည်၊ သတိုးပဝရ၊ အာသောကတို့၊ အမရသာစည်၊ ဘေးတော်ပြည်ဝယ်၊ ငါးမည်ကိုယ်အမ်း၊ လက်နက်စွမ်းဖြင့်၊ ခုတ်ဖမ်းနှိပ်နှံ့၊ ရိပ်ရိပ်ပျံ့သည်၊ မှင်ဆံဝေသီ၊ ကေသရီလျှင်၊ လည်ချီလှန်ဟောက်၊ ခံစောင့်ရှောက်သား၊ ရန်ထောက်နှင်ဟန့်၊ ပလ္လင်ပြန့်ထက်၊ စင်သန့်ဖြူနစ်၊ ပင်လယ်ဖြစ်သည်၊ ညာရစ်ငွေရောင်၊ ခရုချောင်ဖြင့်၊ သျှောင်ကေတုမာ၊ ရတနာကို၊ ဂင်္ဂါနဝတတ်၊ သုန်သုန်ဆွတ်၍၊ ဘုံထွတ်ဥကင်၊ မုဒ္ဒါယင်သော်၊ ကောင်းကင်,ရေ,မြေ၊ လေအဆုံးရောက်၊ ချွန်းချွန်းပေါက်မျှ၊ ဘုန်းခြောက်ပါးရှင်၊ ရွှေပလ္လင်ဝယ်၊ အောင်မြင်သစ္စာ၊ ပွင့်ဆဲခါသို့၊ ပြဟ္မာသံပီ၊ သာဓုဂီဖြင့်၊ ထိပ်ဆီစုံဆင့်၊ လက်မုံပွင့်သည်။　　။ တို့ရှင့်ဘုန်းရောင် နေမီးတည်း။

## ၇။ နန်းမြေပြင်၌ ပုရောဟိတ်တို့ မန္တန်စုက်ပုံ

ရာဇဗျူဟာ၊ ဘိသေကာ-ဟု၊ မင်္ဂလာမျို့ကြီး၊ အောင်ပွဲပြီးသော်၊ ဝှဲချီးပျံ့ရှား၊ အဝှန့်ကြားသား၊ ဖြူတားချေငံ၊ စံနည်းသံကို၊ ကံပါရမီ၊ ဉာဏ်ဂမ္ဘီဖြင့်၊ လီလီဆယ်ဆယ်၊ ရှာရွေးချယ်လျက်၊ အံ့ဖွယ်အလွန်၊ ဤတောင်မွန်၌၊ ဗိမာန် ပြန့်ပြော၊ တည်အံ့သောဟု၊ သြရောကဝိ၊ မင်္ဂဉာဏ်ရှိနှင့်၊ က္ကတိဟာသ၊ တကွငါးပုံ၊ နှုတ်ဝယ်ငုံသည်၊ အင်စုံပဏ္ဍိတ်၊ ပုရောဟိတ်တို့၊ သန္နိဋ္ဌာန်နှုတ်၊ ဝေဒသုတ်လည်း၊ ဇုပ်ယုဂ်တပြီ၊ လိုတော်ညီသော်၊ တောင်ဂီရိထူး၊ မြေများမှူးထက်၊ နန်းဦးတည်ရန်၊ ဘူနက်သန်ကို၊ ကောင်းကြန်လှစ်ဖွေ၊ စနစ်လေဟု၊ မိန့်ရွှေတော်ခွန်း၊ ညွှန်းပြဋ္ဌာန်းသည်။　　။ ပျံ့မွှန်းနာဖွယ် မငြီးတည်း။

## ၈။ မြေကြွန်လက္ခဏာ ပြည့်စုံပုံ

ထိုအခါဝယ်၊ ဣန္ဒာဘုန်းလျှံ၊ ဝိသုကံနှင့်၊ ဒိသမ္ပတေ၊ ပရမေသူရိန်၊ သီဝိန္ဒရာဇ်၊ နတ်စစ်တေဇော်၊ အာနုဘော်ကြောင့်၊ မတ်ကျော်ကဝိန်၊ သုခမိန်တို့၊ ကာယိန္ဒြေ၊ ကိုယ်တွင်းနေလျက်၊ မြေကို ဉာဏ်လှစ်၊ ဖန်စနစ်သော်၊ ကြွန် ၈-အင်္ဂါ၊ ပထဗျာဝယ်၊ သဘာဝတ္တာ၊ သဏ္ဌာနနှင့်၊ မမျှနိမ့်,မြင့်၊ သစ်ပင့်အနေ၊ မြေရသဂန်၊ ကုန်းစွန်ကျင်းဝှမ်း၊ ရေစမ်းနှိုင်းညှိ၊ ရေရှိရေတည်၊ အင် ၈-မည်လည်း၊ ချမ်းကြည်ပြည့်စုံ၊ ဣဋ္ဌာရုံဖြင့်၊ စုပုံလောက်လွှေ၊ တွင်ချည်းတွေ့၍၊ မြေ့အမြူတော၊ မှန်လှပေရှင့်၊ ၉-ထွေအင်္ဂါ၊ လက္ခဏာမူ၊ ကမ္ဘာဓတ္တရှဉ်၊ ဦးခေါင်းမှတ်လည်း၊ အမြတ်ကိန်းရ၊ ဥသဘနှင့်၊ ဂဇနာဂီ၊ ကေသရီတို့၊ လက္ခီကျက်သရေ၊ ဖြိုးဝေကဲမြင့်၊ ဝှဲဝှဲတင့်သည်၊ အသင့် ၈-ဦး၊ မြိုက်ကျေးဇူးလည်း၊ ရွယ်လူးနရိန်၊ ဘုန်းတော်ရှိန်ကြောင့်၊ ဒေဝိန္ဒရာ၊ ညီညာစွက်ဆောင်၊ ရည်တိုင်းအောင်၍၊ ရွှေတောင်ကြီးအောက်၊ ဘုံကြီးပေါက်သည်။ ။ **အံ့လောက်ပြောပ မပြီးတည်း။**

## ၉။ နတ်များ ကူညီပုံ

ပုရာဏ်ဒေဝီ၊ ကျမ်းအညီတည့်၊ ပထဝီပြင်၊ ရွှေကြေးမှျင်ကို၊ ဝန်းကျင်ဥသဘ၊ တိတိလှသည်၊ တစ်ရာ့ရှစ်ဆယ်၊ တမျဉ်းသွယ်မှ၊ အလယ်ဖြဟ္မာ၊ ၈-မျက်နှာဝယ်၊ ခေတ္တာဓိပတိ၊ အစရှိသည်၊ အဘိတေဇဝန်၊ နတ်မွန် ၈-ကျိပ်၊ ရန်မာန်နှိပ်တို့၊ ဘုန်းရိပ်လွှမ်းခြုံ၊ သပ္ပါယ်တုံပြီ၊

'ဥုံ ဝိသန္တု တေ တလေ နာဂါ၊ လောကပါလာ စ ကာမဒါ။
ဂေဟေ တသ္မိံ စ တိဋ္ဌန္တု၊ အာရက္ခဏကရာ သဒါ'။ ။

ဂါထာဝစီ၊ ခုနစ်ချီဖြင့်၊ သံပီတွတ်တွတ်၊ တောင်းပန်ရွတ်သော်၊ နတ်လည်းမိုးဖျား၊ နဂါးမြေယံ၊ ပတ်ဝန်းခြံလျက်၊ အောင်သံရင့်ရှူ၊ ခါတမူကား၊ ဇမ္ဗူပျံ့,မွှေး၊ မန္တလေးဝယ်၊ စဉ်ရှေးကမ္ဘာ၊ ကြိုက်ခဲစွာသား၊ ရတနာပုံ၊ မျက်စုံရောင်ခြည်၊ နန်းမြို့ပြည်ကို၊ ဇာနည်ဘုန်းခေါင်၊ တိုက်လုံးအောင်သည်၊ ကုန်းဘောင်နတ်ဆွေ၊ ဆယ်ပွင့်နေလျှင်၊ ကျက်သရေကြီးခံ့၊ ပြီးစေအံ့-ဟု၊ ရဲဝံ့မနစ်၊ အားတော်သစ်၍၊ ဓမ္မရာဇ်မင်းဆုံး၊ မြတ်နှလုံးကို၊ ပိုက်ကျုံး နှစ်ထောင်း၊ ရှင်စကောင်း-ဟု၊ နတ်ပေါင်းလျှင်မြန်၊ ပြည်ကြီးဖန်သည်။ ။ **ဝိမာန်တုမဲ့ ဘုံသီးတည်း။**

## ၁၀။ မြို့ရိုး ၄-မျက်နှာ တာ ၆၀၀-စီ ထားပုံ

ခြောက်ရာ-ခြောက်ရာ၊ ၄-မျက်နှာလျှင်၊ သချ်ာတီသ၊ ဥသဘထက်၊ သူ့ရဋ္ဌခတ်၊ ရွှေပြာသာဒ်နှင့်၊ နဝရတ်စီ၊ ကွန့်ကွန့်ချီသည်၊ လောကီ မြေစုံ၊ ဇေယျဘုံလည်း၊ ဝိဇ္ဇုံပြကတိ၊ လျှပ်နွယ်ညိ၏၊ ပဌိမစက်၊ ပါပကွက်ဝယ်၊ တွက်ချက်နဂိုရ်၊ ဖိတ်ဖိတ်ယိုသား၊ တံသိုကွမ်းပြောက်၊ ကြင့်နှန်းပေါက်လျက်၊ မြောက်ဥတ္တရာ၊ စမုတ်ညာထက်၊ ရတနာမြူတော၊ တခဲထွေသည်၊ ဝံသေဦးကိုင်၊ ဖြူးဖြူးမြိုင်မျှ၊ မဏ္ဍိုင်မြင့်သွန်း၊ ဘုံကြီးထွန်း၏၊ ဝန်းခဲ့စကြာ၊ တစ်မျက်နှာ၌၊ ပရိဝါရ်၊ ဝဲ,ယာခြံသည်၊ မြေခံ, ရေနတ်၊ လေဓာတ်, မီးရှိန်၊ ညီးညီးထိန်မျှ၊ ဝရဇိန်ရောင်ရွှန်း၊ ပြောင်ပြောင်ထွန်းသား၊ နန်းဆယ့်နှစ်ဆောင်၊ မိုးခေါင်ကြွားကြွား၊ ရွှေတံခါးလည်း၊ တရားစောင့်တတ်၊ လိုတော်ညွတ်၍၊ နတ်ဣန္ဒမြန်၊ သင့်ကြောင်းရန်သည်။ ။ ဝိဂန်ဘုံနှင့်ရောရီးတည်း။

## ၁၁။ မြို့ရိုးပြာသာဒ် ၄၈-စောင်

ဓာတုမဏ္ဍာ၊ ပတ်လည်ချသား၊ ကွန်းမပြာသာဒ်၊ ဒွါဒရယ်လည်း၊ မျဉ်းခတ်တသွန်၊ စတုကဏ်၌၊ ဗိမာန် ၄-သွယ်၊ ဘဝဂ်ကယ်မှ၊ တနယ်နယ်၊ တလာပယ်မူ၊ ရွှေကြယ်,ငွေကြယ်၊ မျက်စုံခြယ်လျက်၊ တိမ်စွယ်ထဲချောင်၊ ရဲရဲပြောင်သည်၊ ၈-ဆောင်, ၈-ဆောင်၊ ရစ်မြောင်ဝန်းလည်း၊ ရွှန်းရွှန်းကြည်မျှ၊ ရောင်ခြည်တွဲတွဲ၊ ယိုအံ့ကဲ့သို့၊ လေးဆယ့်ရှစ်တန်၊ ဝေဇယန်လည်း၊ ဘုန်းဝှန်သတိုး၊ ရှင့်တန်ခိုးကြောင့်၊ လိုစိုးမျက်မှောက်၊ မြေမှပေါက်၏၊

ပတ်လျောက်ရစ်ခြုံ၊ ခက်ဆစ်ကြုံလည်း၊ မြစ်တုံဇလုတ်၊ ရေတိဝုတ်လျက်၊ ဥသဘတွန်၊ နက်ကျယ်ဝှန်သည်၊ ရွှေပွန်လွှတ်စွန့်၊ မြရည်သန့်နှင့်၊ မကန့်လျှာဖျား၊ တန့်မနားတည့်၊ ပတ္တမြား, မြခဲ၊ မျက်ရှင်ထဲ၌၊ သူရဲပုဏ္ဏက၊ လိုတိုင်းပြသည်၊ သဗ္ဗကိရိယာ၊ ရဖွယ်ရာသို့၊ ရွှေ,ကြာငှက်ခါး၊ အပါးပါးလည်း၊ ဘုန်းအားဘုန်းကံ၊ ဘုန်းစီမံသည်။ ။ ထောက်ခံကုသိုလ်ခိုင်ဖြိုးတည်း။

## ၁၂။ မြေနန်းပြာသာဒ် ခံညားကြီးကျယ်ပုံ

မင်္ဂလာလျှင်၊ အင်္ဂါမချို့၊ ရွှန်းရွှန်းပျို့သား၊ မြို့၏ချက်ငွေ၊ လယ်မရွှေ၌၊ သုမေဓာမြတ်၊ ညာပျော်နတ်ကို၊ လက်တတ်မှုကုံ၊ ဝိသုကြုံနှင့်၊ ရွှေဘုံသခင်၊ နတ်သျှင် နှင်းဆောက်၊ ဆုကြီး

မြောက်သား၊ မြေပေါက်ရတနာ၊ နန်းသိင်္ဂါလျှင်၊ ယူဇနာမြင့်ဖျား၊ နှစ်ဆယ့်ငါးတည့်၊ ဘုန်းအားဖန်ဆန်း၊ ချက်ချင်းထွန်းသို့၊ မြေနန်းလွှတ်စံ၊ ပြာသာဒ်ပျံလည်း၊ တိမ်ယံသီဝေ၊ အထွေထွေလျှင်၊ ရွှေတစ်ခဲတည်း၊ စက်စက်ရည်းမျှ၊ မြလည်း ဣန္ဒနီ၊ ဝဇီရောင်ရှိန်၊ စိန်လည်းပြိုးပြက်၊ မိုးချက်ပျံ့ဝဲ၊ ပုလဲခြည်လျှပ်၊ အထပ်အထပ်၊ ချပ်ကာချပ်ကာ၊ ဆယ်မျိုးဖြာသည်၊ ရတနာမွှန်နစ်၊ သင့်ရာသစ်လျက်၊ မြေဖြစ်,ရေဖြစ်၊ နတ်ဖြစ်လူ့ဘုံ၊ မျက်မြတ်ပုံကို၊ ဥသုံဤတွင်၊ သိကြားရင်ရှင့်၊ ကောင်းကင့်ဗိမာန်၊ ဝေဇယန်ကား၊ ဧကန်မုချ၊ ကြားကာမျှတည့်၊ ဘဝသခင်၊ ရှင်ပင်စောထီး၊ ရွှေနန်းကြီးကား၊ အတီးရှေးကျူး၊ ကုသိုလ်ထူးတွင်၊ နတ်မှူးပြဟ္မာ၊ ကိုယ်တိုင်လာ၍၊ မေတ္တာထပ်ပွါး၊ ဖန်သောအားဖြင့်၊ သိကြားနေတန်၊ ဝေဇယန်ထက်၊ အပြန်ထောင်ရာ၊ လွန်ကဲသာသည်။ ။ သမ္တာစုံပြည့် ရင်းနှီးတည်း။

## ၁၃။ နန်းရဲ့ အဆောင်များ

**အဆန်းအဆန်း၊** ရှုမခန်းတည့်၊ ရံနန်းငါးဆောင်၊ စံရွှေတောင်လည်း၊ မှောင်ကိုလှစ်ခွါ၊ ယုဂန်ချာ၌၊ အာဋ္ဌာနာဋ္ဌ၊ အမည်ရသည်၊ သီတာထိပ်စွန်၊ ရွှေဗိမာန်လျှင်၊ အပြန်လေးဆယ်၊ ဂါဝုတ်ကျယ်၍၊ ၅-သွယ်ချိန်မြင့်၊ အာလိန်ဆင့်ထက်၊ စွင့်စွင့်ထက်ဝန်း၊ ပေါ်ပြိုင်ထွန်းသို့၊ ချီးရန်းတုရင်၊ ရုပ်ရှင်ပြောက်ပြိန်း၊ အကိန်းကိန်းလည်း၊ ပိတ်လိန်းခဲကျို၊ ရွှေစတိဖြင့်၊ မျက်စိမူးနောက်၊ ဟူးဟူးတောက်၏၊ တောင်,မြောက် ဝဲ,ယာ၊ ရံစကာသည်၊ ရတနာရောင်စို၊ ဆောင်တို့ကိုလည်း၊ မြင်းမိုရ်ခွတ်လတ်၊ ခါးပန်းသတ်ဝယ်၊ နက္ခတ်သင့်ဆုံး၊ ရောင်ပြိုးပြုန်းလျှင်၊ မိုးလုံးပြည့်ဝန်း၊ လှည့်၍ထွန်းသို့၊ ရွှေနန်းပရိက်၊ ပတ်သန်းခြံသည်။ ။ **အလျှံဖိတ်မျှ ယိုစီးတည်း။**

## ၁၄။ လေးမျက်နှာတွင် သီတာပတ်လည် ရေကျူးတည်ပုံ

**အဝန်းကိုးရာ၊** မဇ္ဈိမာ-ဟု၊ ကမ္ဘာနဂိုရ်၊ မြေဗဟိုနှင့်၊ သိန်းယိုင်ငှ,သထုံ၊ ရွှေဘုံ, ခေတ္တာ၊ ရိမဒ္ဒထက်၊ ရှေးကကျော်သောင်း၊ ဘေးစောလောင်းတို့၊ ရိုက်ညောင်း ရွှေစည်၊ မြို့နန်းတည်သား၊ ခိုင်ကျည်ကြီးကျယ်၊ အံ့စဖွယ်-ဟု၊ ကျမ်းဝယ်အာဂုံ၊ လာလှည့်တုံလည်း၊ ဘုမ္မန္တရ၊ ဒေသဝေါဟာ၊ နှီးနှောစာသော်၊ ယူဇနာဖွဲ့နည်း၊ အပည်းပည်းတိ၊ လှည်းတမ်းပိုးပြန့်၊ တာအခန့်ကို၊ ရှည်မွှန့် ၁-ယူ,ဇနာဟူ၍၊ လူဥပဒည်၊ များလတ်သည်ကြောင့်၊ မကြည်မလင်၊ ဒုဟဝင်ခဲ့၊ မျက်မြင်ကိုယ်တွေ့၊ ဆိုသရွေ့လည်း၊ ဘုန်းဟေ့မြတ်စွာ၊ တို့ထွတ်ချာ၏၊ ရတနာပုံ၊

အာရုံရှုမျှော်၊ ရွှေပြည်တော်နှင့်၊ စံသော်လက္ခဏာ၊ သိကောင်းရာ၏။ သီတာပတ်လည်၊ ရံကျုံးသည်လည်း၊ မျက်ခြည်ရှုမြင်၊ ဘယ်ပြည်တွင်မှ၊ လေးခွင်ထုတ်ခတ်၊ ရေရဟတ်ဖြင့်၊ မပတ်စတောင်း၊ အင်းမြစ်ချောင်းကို၊ ခနောင်း တစ်ဖက်၊ ကျုံးရေတွက်၍၊ အမြွက်ဝစီ၊ ဆိုရှုဋ္ဌီခဲ့၊ ပါရမီအထုံ၊ ပြည့်လောက်လုံသည်၊ ရွှေဘုံဦးကင်၊ မန်းပြည်ရှင်၏၊ ရဋ္ဌင်မင်္ဂလာ၊ တစ်ပြည်သာသည်။ ။ ယထာဝါဒီ ဂုဏ်ထူးတည်း။

## ၁၅။ "မြေးတော် ၂-ပါးတို့ စံစားတော်မူ"ဟု လျှောက်တင်ကြပုံ

ရတနာပုံ၊ အင်္ဂါစုံသည်၊ မြေခုံနက်သန်၊ ရွှေဗိမာန်ထက်၊ ၈-တန်ပလ္လင်၊ မာရဘင်ဝယ်၊ ငွေစင်ပစ္စူ၊ ၈-ဆိုင်ထူလျက်၊ မြူမရစ်ဘဲ၊ နစ်နစ်လှဲသည်၊ ခြောက်ဆယ့်လေးဦး၊ ကျေးဇူးပို့ပို့၊ အင်မချို့တည့်၊ မြို့ကျက်သရေ၊ မြူတေဝါဝင်း၊ လမင်းသတိ၊ သမာဓိတုံ၊ သီလဂုဏ်တည်း၊ မမှုန်မထင်း၊ ညစ်ကြေးကင်းလျက်၊ မြစ်ရင်း ၂-ဖြာ၊ နေကိုက်ညှာ-ဟု၊ ရိပ်ကြာဝန်းဖြန့်၊ ရေသွန်းသန့်သည်၊ ညာနန့်ကေသိ၊ နတ်ဒေဝီနှင့်၊ ရွှေညီလာရုံ၊ ဗိုလ်ရှုခံလျက်၊ ဘုံပျံဦးကိုင်၊ ရွှေမဏ္ဍိုင်ကို၊ စိုးပိုင်သိမ်းယူ၊ ထိန်းတော်မူ-ဟု၊ လူလည်းလေးမြတ်၊ နတ်လည်းမေတ္တာ၊ ဖြဟ္မာအဟို၊ ကြည်ညိုချီးမြှင့်၊ ရွှေလက်ပင့်၍၊ ရင့်ရင့်ရော်ရော်၊ မန္တန်ကျော်နှင့်၊ ပင့်ခေါ်သွင်းနှံ၊ တြွင်းသံဖြင့်၊ ညင်းညံကြူးရွှင်၊ နန်းဦးတင်သည်။ ။ လူ့ခွင်မကြုံ စဖူးတည်း။

## ၁၆။ ဆင်ဖြူ, အသသတိုရ်မြင်း, အရိန္ဒမာ ဆိုက်ရောက်ပုံ

ရိပ်ပုံဇေယျာ၊ မန်းသိင်္ဂါ-ဟု၊ အောင်ချာတမွတ်၊ ရွှေဘုံထွတ်ကို၊ စက္ကဝက် သတိုး၊ တန်ခိုးကျုံးပြီ၊ ကျင့်သုံးရာဇမံ၊ ဓမ္မကံလည်း၊ တရံမကွေ၊ တည်လတ်ထွေကြောင့်၊ သရေဓမ္မာ၊ စောနရာအား၊ မုဒ္ဓါနိုသင်၊ ဘုန်းကျိုးထင်သို့၊ ဘုရင်ဇကေရာဇ်၊ သိင်္ဂီစစ်တို့၊ ထီးသစ် ဖွေးဖွေး၊ တည်သန္ဓေးသည်၊ ကလေးမည်သာ၊ ပြည်အချာမှ၊ ရုဇာတန်ခိုး၊ ဆဒ္ဒန်မျိုးကို၊ မြတ်နိုးစုံမက်၊ နတ်တို့ဆက်၍၊ ရွှေစက်မဥ္စူ တင်တော်မူရှင့်၊ တိမ်ဖြူပန်းဝတ်၊ လှမ်းကာ ဆွတ်သည်၊ အသသတရ၊ နတ်သယာဉ်ကျော်၊ မိုရသော်ကား၊ ဝေရော်မျက်ရှင်၊ ဘူဇင်္ဂလာ၊ ရတနာတင့်မော၊ ဓာတ်သဘောလည်း၊ မနောမယိဒ္ဓိ၊ ဘုန်းရှိစောထီး၊ လိုတော်ပြီး၏၊ ညီးညီး လျှံထိန်၊ တချက်ချိန်က၊ ဝရဇိန်သွား၊ ရာ,ထောင်ပွါး၍၊ လွှားလွှားဖြတ်စဉ်း၊ ရန်လုံးညှဉ်းသည်၊ ယင်းတရားစကြာ၊ ရိန္ဒမာလည်း၊ သမ္မာတော်ဟုံ၊ လိုပြည့်စုံသည်။ ။ ရွှေဘုံပြည်ကြီး ကျေးဇူးတည်း။

## ၁၇။ ရွှေလောင်းချောင်း ဖောက်ပုံ

တစ်ရံသော်တုံ၊ ဘူပေါ်ဇနိန်၊ အသမ္ဘိန်ကား၊ ပညိန္ဒြေ၊ ဖန်စိတ်ဝေ၍၊ သပြေ မန်းငူ၊ ပြည်ကြီးသူတို့ ငွေကြုပြင်လယ်၊ ရစ်သွယ်ခွေဝန်း၊ ဥတင်ကျွန်း၌၊ မြင့်သွန်းယူဇနာ၊ ပဒေသာမှ၊ လွယ်ကာဆွတ်ရုံ၊ လူမှုကုံသို့ မကြုံမရှား၊ ရေစာများ၍၊ စီးပွါးချမ်းသာ၊ ဖြစ်ကြောင်းရှာသော်၊ ရှေးခါအရှည်၊ မင်းဘုန်းစည်တို့၊ မြရည်ရွှေလောင်း၊ ရေယဉ်ချောင်းကို၊ ဗိုလ်ပေါင်းဝန်းလျား၊ မင်းဘုန်းအားဖြင့်၊ ကြိုးစားကုတ်ကော်၊ တက်ဆည်သော်လည်း၊ ဖျော်ဖျော် ရေကြည်၊ မစီး သည်ကြောင့်၊ ရွှေပြည်ရိက္ခာ၊ လုပ်စာခွန်ထွက်၊ ကျိုးမနက်တည့်၊ ကျွန်းချက် မြန့်ဘောင်၊ မန်းရွှေတောင်၌၊ နန်းဆောင်သမိုက်၊ ကြငှန်းစိုက်၍၊ တည်ထိုက်တုံစွာ၊ ထိုမင်းသာလျှင်၊ သီတာသွယ်မြောင်း၊ ဤရွှေလောင်းကို၊ ပြီးကြောင်းမရှည်၊ စွမ်းနိုင်မည်ဟု၊ ဘုန်းစည်ဗျာဒိတ်၊ သိုက်နိမိတ်နှင့်၊ သန္နိဋ္ဌာန်ကျ၊ ညီမောလှသား၊ ဒသမစကြာ၊ တို့ရှင်သာသည်။ ။ **သမ္ဘာကဲအုံ လွန်ကျူးတည်း။**

## ၁၈။ ရတနာနဒီ၏ ရေညွှာတလျှောက်

သုံးထောင်ယူဇနာ၊ ဟေမဝါဝယ်၊ စုလ္လာသီထွတ်၊ သားသားညွတ်သည်၊ ကျောက် ဓာတ်မပဟီ၊ သေလာဂီလည်း၊ တိမ်ဆီသွန်းသွန်း၊ ခိုက်ဘနန်းမျှ၊ အဆန်းအကြွယ်၊ အံ့ဩဖွယ် ကို၊ မြောက်ဆွယ်စိန့်တိုင်း၊ တောင်ယွန်းခိုင်းလျက်၊ မိုင်းလုံခရိုင်၊ လွန်ဖြိုးခိုင်သည်၊ တောင်ပိုင်ပြည် ကြီး၊ ၁-စင်းထီးမျှ၊ စီးခဲ့အမှန်၊ နတ်လွှတ်ပြွန်လျှင်၊ တောင်စွန်ပိုက်ကြော၊ ရေမလျှောတိ၊ မိုင်းငေါ်၊ မံဝေ၊ ပလောင်နေသည်၊ တောင်သေလာစွန်း၊ **နံ့စင်နီးက**၊ ဖြန်းဖြန်းထွားကွန့်၊ နဂါးလွန့်သို့၊ တွန့်၍ ဝဲ,ယာ၊ ရေယာဉ်လာသော်၊ ခွံခွါထုံခိုး၊ တောင်တစ်ရိုးလည်း၊ မလျှိုးမငုပ်၊ မတိမ်မြုပ်တည့်၊ ဟင်ခုပ်ရွာမြိတ်၊ ပတ်ခဲ့ချိတ်မှ၊ မိုးမိတ်နယ်ကုန်၊ တွေတွေစုန်သည်။ ။ **အမ္ဗုန္ဒရ ရေဦးတည်း။**

## ၁၉။ ရတနာနဒီမြစ် မြေအောက် ငုပ်လျှိုးသွားပုံ

အထွေအထွေ၊ တောင်နှင့်ရေတည့်၊ မြိုင်ခြေရဂုံ၊ သာမျိုးစုံသည်၊ မိုင်းလုံနယ်ပါ၊ နားခါးရွာမှ၊ ဒက္ခိဏာယာဉ်၊ ညာစဉ်ပတ်ချုပ်၊ စီးခဲ့ဟုပ်သော်၊ မံပုပ်နားရော၊ တကြော နားရောင်၊ တောင်အဆုံးရောက်၊ ညောင်ထောက်တသီး၊ မြောက်ခရီးဖြင့်၊ လယ်ကြီးပတ်ကုံး၊

ကျောက်တစ်လုံးကို၊ ကျုံးသို့ရစ်ဝုတ်၊ လွှဲခဲ့ထုတ်၍၊ မိုးကုတ်မြို့နယ်၊ ညောင်ကုန်းဝယ်ကား၊ တသွယ်ခွဲခြား၊ မြောက်သို့ ပါးလျက်၊ စကားတောင်ခြေ၊ မြစ်ကြီးရေလျှင်၊ လေတသုန်သုန်၊ လှိုင်းကြက်ခုန်နှင့်၊ စုန်ခဲ့ဆောလျင်၊ ဖောဖောနှင်မှ၊ ကျပ်ပြင်နယ်မြေ၊ လက်ယာခွေသော်၊ ရေဝေစွန်းကျ၊ ပစ္စိမသို့၊ မြနဒီကြော၊ ယာယီမျှောပြီး၊ မြစ်ရောမြိုင်နှင့်၊ ဂနိုင်တစ်ခွင်၊ ပျော်ပွဲဖြင်သည်၊ လောင်းစင်ရှာ အောက်၊ ဖြိုးဖြိုးမောက်မျှ၊ ကျောက်တစ်ခဲထွေ၊ တောင် အခြေဝယ်၊ မြေကို စုပ်စုပ်၊ လျှိုးဝင် ငုပ်သည်။ ။ ချုပ်ခဲ့ဘယ်,ညာ မကူးတည်း။

## ၂၀။ ငုပ်လျှိုးရေ အရှိန်ဖြင့် ပြန်တက်လာပုံ

အာဝဋ္ဋဂင်္ဂါ၊ ရေသီတာလျှင်၊ ဝေဟာသဓာတ်၊ မိုးခွတ်လတ်မှ၊ ရဟတ်ခေါက်တုံ့၊ ပြန်ကလှုံ့ဖြင့်၊ လျှိုးငုံ့ငုံ့လျှင်၊ ဖြုန်းဖြုန်းနှင်၍၊ တိယင်္ဂဏ၊ ပါသာဏကို၊ ခြခြခြေစွဲ၊ မြေအထဲ၌၊ ရေဝဲရစ်သွန်၊ စီးခဲ့တွန်မှ၊ တစ်ဖန်တက်လာ၊ မြေမျက်နှာဝယ်၊ ငါးရာရစ်ဝန်း၊ မြစ်ကြီးထွန်းသို့၊ နှုန်းနှုန်းတပြိုင်၊ ကြွကြွခိုင်သည်၊ မဏ္ဍိုင်တည်ဆောက်၊ တောင်ကြီးအောက်သို့၊ လျှိုးဖောက် ရေရှင်၊ ကွယ်ငုပ်ဝင်ပြီ၊ ဥမင်္ဂဦး၊ ကမ်းနဖူးထက်၊ ထန်းလူးအမြင့်၊ ရေပန်းပွင့်လျက်၊ မှုတ်လွှင့် ထွက်ပြွန်၊ သဲသဲဝုန်၍၊ လွန်ခဲ့ပြီးသော်၊ ကိုင်းကြီး, အုတ်ဖို၊ အလျှိုလျှိုတည့်၊ နဂိုရ်ရပ်သာ၊ မတ်တရာကို၊ ပတ်ကာခွေခ၊ ရောမနှင့်၊ တကွရောယောင်၊ နှောလာ ပေါင်သည်။ ။ ပလောင်ရေ တက်ဖက်ခူးတည်း။ စသည်. . . . ။

★★★★★★★

မြန်မာသက္ကရာဇ် ၁၂၂၆-ခုနှစ်၊ အလုံမြို့ဝန်၊ သပြေငါးရွာစား၊

## မဟာမင်းကျော်စည်သူ ကင်းဝန်မင်းကြီး

# ရတနာနုဒ်မော်ကွန်း

ကြားပိမ့်မင်္ဂလာ၊ ကောင်းချီးငြာအံ့၊ ဆယ်ရာကုဋေ၊ မရေတွက်သာ၊ ကပ်ကမ္ဘာနှင့်၊ မှာမှာလောကဓာတ်၊ ခြားမှတ်တည်ထွန်း၊ အကျွန်းကျွန်းတွင်၊ သွန်းသွန်းအောင်ဟိတ်၊ ကြာနိမိတ်ကြောင့်၊ အတိဿယ၊ ကမ္ဘာ့တမွတ်၊ တုလွတ်ဉာ်တိုက်၊ မကိုဋ်ဇမ္ဗူ ဉာ်သာ-ဟူ၍၊ မွန်ဆူသံထင်၊ ဗြဟ္မာရင်သည်၊ သို့စင်စုံပေါင်း၊ မကြုံတောင်းသား၊ ခါကောင်းသိဒ္ဓိ၊ တုမရှိတွင်၊ ဇာတိမဏ္ဍာ၊ ကပ်ဦးစထက်၊ သမ္မတနွယ်စဉ်၊ လျဉ်ခဲ့နေမြစ်၊ သရေခေတ်မှ၊ သစ်သစ်ပွါးစံ၊ ပုဂံ, မြင်စိုင်း၊ စစ်ကိုင်း,ပင်းယ၊ ပြည်ရွှေဝနှင့်၊ သိယ်,အမရ နန်းဌာနဝယ်၊ သကျနွယ်ရိုး၊ စိုးမိုး ဇမ္ဗူ ရွှေဘုန်းယူလျက်၊ ရိပ်ဖြူပလ္လင်၊ ဥကင်ဘုံပျံ၊ နှုန်းစံမမျှ၊ ထိန်ထိန်ပသား၊ သာကီယဝင်၊ သို့နှင်နှင်တည့်၊ ကြီးအင်တေဇဂုဏ်၊ နေရုဏ်ဆယ်ဆိုင်၊ အပြိုင်မွန်းချက်၊ ထွန်း၍တက်သို့၊ ဘုန်းစက်လျှံခြည်၊ ဝင်းဝင်းကြည်သည်။ ။ **အောင်စည်ဆင့်ဆင့်ဆော်ကြူးတည်း။**

နဗဒဏ္ဍာ၊ စသည့် ၄-ပါး၊ အပြား ၈-ဆူ၊ ရိပ်ဖြူဥကင်၊ မင်းခမ်းယင်လျက်၊ ထွန်းတင်တေဇာ၊ ထိန်ထိန်ဖြာသည်၊ မဟာသမတ်၊ နွယ်တော်မြတ်မှ၊ တုလွတ်ပွါးဆင့်၊ သားသားတင့်သား၊ ရာမင့်းတမွတ်၊ တို့စောထွတ်မူ၊ ဝိဝဋ္ဋဌာယီ၊ ဉာ်ကပ်မဟာ၊ လက်မွန်ခါ၌၊ များစွာရမွက်၊ တိုင်းထက်ပွါးစည်၊ သို့ဖြစ်သည်တွင်၊ သာကြည်ဆုယူ၊ ကပ်ဦးသူတို့၊ အကျုံနရိန်၊ ဇေယျသိန်အား၊ စိန်ဝဇီမျက်၊ ၉-မည်ယှက်သည်၊ ပြိုးပြက်လျှံဖြာ၊ ဘုံသီဟာဝယ်၊ ရှစ်ကြာရိပ်ဖြူ ဖွင့်တော်မူဟု၊ နတ်လူရှိဝန်၊ ခွင့်တောင်းပန်သို့၊ ကျော်ဝှန်လွှံပတ်၊ ဘုန်းတော်မြတ်လည်း၊ လောကဓာတ်ကုန်အောင်၊ အခေါင်ဓမ္မရာဇ်၊ ဖွင့်မည်ဖြစ်၍၊ ခေတ်သမယ၊ ကာလမြေးယှက်၊ ရှေးအထက်က၊ ဆန်း, ပျက် စုက်, ဓာတ်၊ ယုတ်မမြတ်သား၊ ဝိပ္ပတ္တိသူ၊ ကိုးရာမူလျက်၊ "ယူလော့နိုင်ငံ၊ စံလော့ရွှေနန်း၊ မြန်းလော့ဘုရား၊ လူတလွှားအား၊ သနားသဖြင့်၊ အသင့်ထောက်ကူ၊ ရှုတော်မူ"ဟု၊ နတ်,လူညီညာ၊ တောင်းပန်ထွာသည်။ ။ ရှိကြာလက်ဝန်း စုံပူးတည်း။

ဆန်း,ပျက် သိုက်,ဓာတ်၊ ကိန်းအမှတ်-ဟု၊ ဝိပတ္တိစင်၊ မြေအပြင်၌၊ သံရှင်မြူးဟစ်၊ ကြူးရစ်သုန်သုန်၊ နတ်ပဇ္ဇုန်-ဟု၊ ဗြဟ္မစုံမိုး၊ သွန်းကာကြိုးတည့်၊ ဝှန်ဖြိုးခါသင့်၊ မရွာလင့်၍၊

ဖြာဆင့်မုံအာ၊ ပဒုမ္မာလျှင်၊ ဘမရာငှက်၊ အာသာမက်သား၊ ပန်းရက်ဝတ်မဲ့၊ ဖြစ်သကဲ့သို့၊ ပြည်ထဲ့စီးပွါး၊ မွန်ထွားမလန်း၊ ညှိုးနွမ်းဆာပူ၊ ပြည်သူလုံးစုံ၊ ရွှေပဒုံလို၊ ဝိဋ္ဋိမာလာ၊ အဝါသောင်းထောင်၊ ဘုန်းရောင်လျှပ်ခြည်၊ တရားမည်သား၊ နတ်စည်သံသာ၊ ဆော်ရွှမ်းငြာလျက်၊ မဟာကရုဏာ၊ တိမ်လွှာ,တိမ်ခိုး၊ မေတ္တာမိုးဖြင့်၊ ဖြိုးဖြိုးရွာသွန်း၊ လူရဟန်းအား၊ ရွှင်လန်းစိမ့်ငှာ၊ ဒီပါဇမ္ဗူ၊ ရွှေဘုန်းယူသော်၊ မရှုသင်းကျစ်၊ ကသစ်သနင်း၊ မင်း၏ကမ္ဗလာ၊ မြတ်နေရာလျှင်၊ ကြောင်းချာစေ့ငုံ၊ နတ်ရှင်ရှု-ဟု၊ ဓမ္မပဒေသ၊ ဘုန်းကျိုးပြလျက်၊ လောကတည်ထောင်၊ နောင်သာသနာ၊ ရောင်ဝါပွါးမှု၊ ပြုလိမ့်အောင်ဟိတ်၊ ဗျာဒိတ်ခံရင်း၊ မင်းထက်မင်းလျှင်၊ သောင်းတွင်းမြေချာ၊ မြေလက်ယာ၌၊ သမ္မာလျှံတောက်၊ ပွင့်တုံမြောက်-ဟု၊ မြကျောက်ခင်းသာ၊ တင်းတင်းမာသည်။ ။ ခြင်းရာတော်ပြ ခါထူးတည်း။

ဝေတ္တရဘူ၊ နတ်မှန်ကူလျှင်၊ ရှိန်ပူခက်မာ၊ လက္ခဏာဖြင့်၊ ကမ္ဗလာမွန်၊ ပြဋ္ဌန်တုံမြို့၊ အကြောင်းတို့ကို၊ ပျို့ပျို့ရောင်ရွှင်၊ တစ်ထောင်မြင်ဖြင့်၊ သောင်းခွင်ဇမ္ဗူ ရှုတော်မူသော်၊ "သယမ္ဘူဖျား၊ တရားစက္ကရတ်၊ သုံးလူနတ်၏၊ မြတ်သာသနာ၊ ရာနှစ်ဆယ့်လေး၊ နောင်လာရေး၌၊ စွေးစွေးလျှံလန်း၊ အသန်းနေ,လ၊ စံမမှုတည့်၊ ထွန်းပတည်ရာ၊ ရတနာပုံ၊ ပြည်ရန်လုံကို၊ အစုံရရွှင်၊ ခုနစ်အင်ဖြင့်၊ နတ်ရှင်ကေသရာ၊ တည်အံ့သာ"ဟု၊ ရွှေဗျာဒိတ်လျှောက်၊ ရောက်လတ်ရကား၊ ရှေးဖျားပုံယင်၊ မင်းနှင်နှင်တို့၊ ဥကင်ဖွင့်ထိုက်၊ ကိန်းမကြိုက်သား၊ မကိုင်နိုမ်နှင်ညာ၊ မြေမျက်နှာထက်၊ ဤမှာကားမြို့၊ ဤသို့ရွှေနန်း၊ ကြင့်နန်းလူလူ၊ စိုက်ထူပြီးကာ၊ သာသနာကို၊ ဓမ္မာ,ပစ္စယ၊ ဖြင်မျှသီးသီး၊ မြောက်ချီးစေရန်၊ နတ်ရှင့်ဝန်-ဟု၊ ပြဋ္ဌန်းအိပ်မက်၊ သိကြားဆက်သည်။ ။ **မန်းနက်သန်သို့ ရည်စူးတည်း။**

သိကြားနတ်ဆက်၊ မြတ်အိပ်မက်ကို၊ ပြက်ပြက်ရွှေဉာဏ်၊ ဝေဖန်သည်မှာ၊ ရှေးလွန်ခါ၌၊ ကမလာသန၊ တိဿမည်ရင်း၊ ဗြဟ္မာမင်းလျှင်၊ "လင်းလင်းလျှံဖြာ၊ သာသနာကို၊ ငါသာဦးကိုင်၊ ချီးမြောက်နိုင်အံ့" အပြိုင်မဟူ၊ နတ်နှင့်လူတွင်၊ မတူနိုင်းထောက်၊ ဝမ်းမြောက်သော့အား၊ သံကြိုးဝါးသို့၊ တရားဓမ္မရာဇ၊ တို့စောစစ်လျှင်၊ ကသစ်မဟာရိုက်၊ ထီးစိုက်နန်းတည်၊ နှစ်ပြည်လုံးဖျား၊ မြွက်စကားတွင်၊ "ငါလျှင်သော်တာ၊ မာရာဝိဇည်း၊ မာရ်လှည်းမကိုင်နိုင်၊ ရာတော်ရိုက်ကို၊ ချီးထိုက်မြောက်တန်၊ ဋ္ဌန်ခဲ့ထင်ထင်၊ မော်ကွန်းတင်၏၊ သောင်းခွင်တိုက်ခန်း၊ လက်ယာကျွန်း၌၊ ဖြူဝန်းကာရံ၊ အသွာဂဇ၊ နရပတိ၊ အရှိပုံယင်၊ မင်းတို့တွင်မူ၊ ငါလျှင်ဥက္ကဋ္ဌ၊ ပဝရဟိတ်၊ ဗျာဒိတ်ရရင်း၊ မင်းထက်မင်း"ဟု၊ တင်းတင်းမရွံ့၊ ကြုံးသံရဲရင့်၊ ကျူးမြွက်လင့်ပြီ၊ သိုက်နှင့်ဗျာဒိတ်၊ နိမိတ်ထွေလာ၊ ဇေယျာဘူမိ၊ ဗောဓိမဏ္ဍာ၊ ကပိလနှင့်၊ သဒိသနန်း၊ အောင်မြေမန်း၌၊ ကြင့်နန်းရိပ်ကြာ၊ ၈-ဆိုင်ကာလျက်၊ ရတနာပုံပြည်၊ ထောင်တည်ပြီးခါ၊ သာသနာကို၊ ရန်လွှာဖျောက်လွှင့်၊ ချီးမြောက်လင့်သည်။ ။ **ဖြာဆင့်လျှံခြည် ကွန့်မြူးတည်း။** စသည်. . . ။

* * * * * *

# မြဝတီမင်းကြီးဦးစ

# ပလ္လင်တော် ၈-ခန်းနှင့် ဉကင်တော်ဘွဲ့

ဉကင်ဘုံမြင့် သီဟာဇွေ၊ စိန်ကြောင်ရောင်လင်း၊ သစ်မင်း ယမနေ။

မှန်ရဝေငယ်မှာ၊ ကြိုင်သင်းပျံမွှေး၊ ဘမရာသန၊ တောက်ပဝေသဝဏ်ငယ်လေး၊ မုနောတင့်လွန်၊ သစ်မွန် ကရဝေးငယ်နှင့်လေး။

ဆက်စဉ်မည်ရှေး၊ ဗြတိုက်မှာ၊ ဂဇာငွေသား၊ စကားသစ်မြတ်စွာ၊

တောင်လေသာမှာလေ၊ တောင်ပိန္နဲ၊ သခ်ငယ်သိင်္ဂါ၊ ရစ်လက်ကျာ၊ မြင့်ကြာတုလွတ် ကဲပါ လို့လေး။

မျက်မြှာပုလဲ၊ ချယ်စီကာ၊ ဇေတဝန်နန်း၊ သက်န်းမြတ်ဟံသာ။

ရွှေမိဂါငယ်လေ၊ မြသဖန်း၊ စမုတ်ကယ်ဘုံမော်၊ လက်ယာတော်၊ ရှုမျှော်အံ့မခန်း သည်နှင့် လေး။

နောက်ဝေယန်နန်း၊ ဇေတဝန်၊ ပြဒ့်ကြာခွက်၊ သရက်မြက်သစ်မွန်၊

မြောက်သလွန်မှာလေ စမုတ်ဦး၊ ပေါက်သစ်ကယ်လျှံဝါ၊ မယုရာ၊ ရှစ်ဖြာထိန်ဝင်း၊ မြူး သည်နှင့်လေး။

စံပြန့်ပြူးသည်မို့၊ ရှည်ကြူးငယ် သက်တော်၊ ရာကျော်ဖြိုးရလေ၊ ဆောင်ဆောင်နန်းငယ်နှင့်၊ လေးခန်းငယ်ဒီပါ၊ ချုပ်ကာစိုးရလေး။

| | | |
|---|---|---|
| ဥကင်ဆောင် | သီဟာသန | ယမနေသား |
| မှန်နန်းဆောင် | ဘမရာသန | ကရဝေး |
| ဖြတ်ကိုက်ဆောင် | ဂဇာသန | စကား |
| တောင်လေသာ | သခ်ီသန | တောင်ပိန္နဲ |
| ဇေတဝန် | ဟံသာသန | သက်န်း |
| လက်ျာစမုတ် | မိဂါသန | သဖန်း |
| ဝေယန် | ပဒုမာသန | သရက် |
| မြောက်သလွန် | မယုရာသန | ပေါက်သစ် |

မုဒ္ဒါဘိသေကာဒိပဒ္ဒက (၅-ကျမ်းတွဲ) ပြီး၏။

✪ ✪ ✪ ✪ ✪ ✪ ✪ ✪

## စာဒါယကာကြီး ဦးကျော်ညွန့်နှင့် မိတ်ဆွေများ
## ပုံနှိပ်လှူဒါန်းပြီးသော ကျမ်းဂန်များ

| | | |
|---|---|---|
| ၁။ | တိပိဋက ပါဠိမြန်မာ အဘိဓာန် | အတွဲ- ၁ |
| ၂။ | တိပိဋက ပါဠိမြန်မာ အဘိဓာန် | အတွဲ- ၂ |
| ၃။ | တိပိဋက ပါဠိမြန်မာ အဘိဓာန် | အတွဲ- ၃ |
| ၄။ | တိပိဋက ပါဠိမြန်မာ အဘိဓာန်(အပိုင်း- ၁) | အတွဲ- ၄ |
| ၅။ | တိပိဋက ပါဠိမြန်မာ အဘိဓာန် | အတွဲ- ၅ |
| ၆။ | တိပိဋက ပါဠိမြန်မာ အဘိဓာန် | အတွဲ- ၆ |
| ၇။ | တိပိဋက ပါဠိမြန်မာ အဘိဓာန် | အတွဲ- ၇ |
| ၈။ | တိပိဋက ပါဠိမြန်မာ အဘိဓာန် | အတွဲ- ၈ |
| ၉။ | တိပိဋက ပါဠိမြန်မာ အဘိဓာန် | အတွဲ- ၉ |
| ၁၀။ | တိပိဋက ပါဠိမြန်မာ အဘိဓာန် | အတွဲ- ၁၀ |
| ၁၁။ | တိပိဋက ပါဠိမြန်မာ အဘိဓာန် | အတွဲ- ၁၁ |
| ၁၂။ | တိပိဋက ပါဠိမြန်မာ အဘိဓာန် | အတွဲ- ၁၃ |
| ၁၃။ | တိပိဋက ပါဠိမြန်မာ အဘိဓာန် | အတွဲ- ၁၄(ပ-ပိုင်း) |
| ၁၄။ | တိပိဋက ပါဠိမြန်မာ အဘိဓာန် | အတွဲ- ၁၅ |
| ၁၅။ | တိပိဋက ပါဠိမြန်မာ အဘိဓာန် | အတွဲ- ၁၆ |
| ၁၆။ | တိပိဋက ပါဠိမြန်မာ အဘိဓာန်(ရိုက်ပြီးချုပ်ဆဲ) | အတွဲ- ၁၇ |
| ၁၇။ | တိပိဋက ပါဠိမြန်မာ အဘိဓာန် | အတွဲ- ၁၈ |
| ၁၈။ | တိပိဋက ပါဠိမြန်မာ အဘိဓာန် | အတွဲ- ၁၉ |

၁၉။ လူသေလူဖြစ်ဝိနိစ္ဆယကျမ်း ၂၀။ မူလဓမ္မဝိသောဓနီကျမ်း

၂၁။ ဝိနယပုစ္ဆာဝိသဇ္ဇနာ(ထိမ်တော) ၂၃။ ပုစ္ဆာနယပကာသနီကျမ်း

၂၂။ ဒွါစတ္တာလီသပုစ္ဆာဝိသဇ္ဇနာကျမ်း, ၉-၄၁နဝိနိစ္ဆယကျမ်း(၂-ကျမ်းတွဲ)

၂၄။ သာသနာလင်္ကာရစာတမ်း၊ သာသနဝံသပ္ပဒီပိကာကျမ်း၊

THE HISTORY OF THE BUDDHA'S RELIGION(မြန်မာ,ပါဠိ,အင်္ဂလိပ် ၃-ဘာသာ)

## ဗုဒ္ဓစာပေအဖွဲ့၏ ပုံနှိပ်ပြီး ကျမ်းစာများ


၁။ ဝိသုဒ္ဓါရုံသုတ်နက်ကြီး

၂။ ဝိသုဒ္ဓါရုံကစ္စည်းသုတ်နက်ဋီကာ  ၃။ ဝိသုဒ္ဓါရုံသင်္ဂြိုဟ်နိဿယ

၄။ ဝိသုဒ္ဓါရုံပုဒ်စစ်ဂဏ္ဌိကျမ်း  ၅။ ဝိသုဒ္ဓါရုံအဆုံးအဖြတ်

၆။ နှုတ်ငုံဆောင် ဝိသုဒ္ဓါရုံပရမတ္ထသရုပ်ဆိုရိုး

၇။ သိရီမဟာမာယာဒေဝီဝတ္ထုနိဿယ  ၈။ ဝိသုဒ္ဓါရုံထေရုပ္ပတ္တိကထာ

၉။ ဓာတွတ္ထသင်္ဂဟပါဠ်+နိဿျ  ၁၀။ လင်္ကာဒီပဂ္ဂဒီပနီ

၁၁။ ဆဒ္ဒပိဓာနနီကျမ်း  ၁၂။ ဝိစိတြဝဏ္ဏနာ

၁၃။ မနောဒွိဌဝဏ္ဏနာ  ၁၄။ မင်္ဂလာ့အမြုတေ

၁၅။ မဟာဗောဓျာဒိမဂ္ဂဒီပနီ  ၁၆။ အမေးတော်ဖြေ

၁၇။ မဟာဝိသုဒ္ဓါရာမတိုက်အုပ်ဆရာတော်ထေရုပ္ပတ္တိ

၁၈။ ဝိမိဿမဝုရရစနာ၊ အရှင်စန္ဒဇောတိ

၁၉။ သတိသမ္ဗုဋ္ဌနိဂ္ဂဟာစာတမ်း  ၂၀။ လူနှင့်တူသောလူ

၂၁။ တထာဂတဥဒါနဒီပနီ(ပ-တွဲ)  ၂၂။ တထာဂတဥဒါနဒီပနီ(ဒု-တွဲ)

၂၃။ စွယ်စုံကျော်ထင်ဂဏ္ဌိကျမ်း  ၂၄။ ဗုဒ္ဓနိုင်ငံတော်(ပ-တွဲ)

၂၅။ ဗုဒ္ဓနိုင်ငံတော်(ဒု-တွဲ)  ၂၆။ ဗုဒ္ဓနိုင်ငံတော်(တ-တွဲ)

၂၇။ ဝိမတိစ္ဆေဒနီ(ကျီးသဲ)  ၂၈။ သမ္ဗာဒိဋ္ဌိကထာကျမ်း

၂၉။ သာသနာလင်္ကာရစာတမ်း၊ သာသနဝံသပ္ပဒီပိကာကျမ်း၊ THE HISTORY OF THE BUDDHA'S RELIGION (၃-ကျမ်းတွဲ)

၃၀။ မဟာဗောဓိဝံသပ္ပတ္တိကထာကျမ်း  ၃၁။ ဘူမိစာလနိဒါန်းကျမ်း(ဒု-ကြိမ်)

၃၂။ သီလက္ခန်အဌကထာ မြန်မာပြန်  ၃၃။ ဘူမိစာလနိဒါန်းကျမ်း(တ-ကြိမ်)

၃၄။ ချောင်းဦး၊ရွှေတောင်ဆရာတော်ဝိနိစ္ဆယ  ၃၅။ တွံတေး၊ ပရိတ်ကြီးပါဠိတော်နိဿယ

၃၆။ ပြက္ခဒိန်အကြောင်းသိကောင်းစရာ  ၃၇။ မုဒ္ဒါဘိသေကာဒိပဉ္စက (၅-ကျမ်းတွဲ)

## အမြတ်ဆုံး ၄-ပါး

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊
သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။
သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊
တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။ ။

သဗ္ဗဒါနံ၊ အလုံးစုံသော ပေးလှူခြင်း-ဟူသမျှကို။ ဓမ္မဒါနံ၊ တရားအလှူတော်သည်။ ဇိနာတိ၊ အမြတ်ဆုံးဖြစ်၍ အောင်နိုင်၏။ သဗ္ဗရသံ၊ အလုံးစုံသော အရသာ-ဟူသမျှကို။ ဓမ္မရသော၊ တရားအရသာသည်။ ဇိနာတိ၊ အမြတ်ဆုံးဖြစ်၍ အောင်နိုင်၏။ သဗ္ဗရတိံ၊ အလုံးစုံသော မွေ့လျော်ခြင်း-ဟူသမျှကို။ ဓမ္မရတိ၊ တရား၌ မွေ့လျော်ခြင်းသည်။ ဇိနာတိ၊ အမြတ်ဆုံးဖြစ်၍ အောင်နိုင်၏။ တဏှက္ခယော၊ တပ်မက်မှုတဏှာ ကုန်ခန်းခြင်းသည်။ သဗ္ဗဒုက္ခံ၊ အလုံးစုံသော ဆင်းရဲ-ဟူသမျှကို။ ဇိနာတိ၊ နှိမ်နင်း အောင်နိုင်ပေရာ၏။

## ဆုတောင်းအမျှဝေ

ဤသို့ပြုရ၊ မြတ်ပုညကြောင့်၊ ချမ်းမြအေးကြည်၊ ဘေးမဲ့မည်သည်၊ ရွှေပြည်ထုတ်ချောက်၊ လမ်းမကောက်ဘဲ၊ ရောက်ရပါလို၊ ထိုထိုဘဝ၊ ကျင်လည်ရလည်း၊ ဒုက္ခဘေးဒဏ်၊ ရန်မာန်အပေါင်း၊ မကောင်းဟူသမျှ၊ မတွေ့ရဘဲ၊ သဗ္ဗဏ္ဏုဉ်ာ မင်္ဂလာကို ရွယ်ကာတတိုင်း ရစေသောဝ်။ ။

ယနေ့ယခု၊ ပြုပြုသမျှ၊ မြတ်ဘာဂကို၊ မိဘ,ဆရာ၊ မျိုးသဟာနှင့်၊ ကိုယ်မှာစောင့်ကြပ်၊ ကိုယ်စောင့်နတ်က၊ အရင်းစ၍၊ ရှိသမျှအလုံးစုံ၊ ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်သမျှ၊ ဝေနေယျတို့၊ ရကြပါစေ၊ ပေးငှဝေသည်၊ များထွေသာဓု ခေါ်စေသောဝ်။ ။

**အမျှ. . . အမျှ. . . အမျှ. . . ယူတော်မူကြပါကုန်လော့။**

**သာဓု. . . သာဓု. . . သာဓု**

ထွက်ပြီ

ထွက်ပြီ ထွက်ပြီ

အလွယ်ကူဆုံး, အလျင်မြန်ဆုံး, စံနစ်အကျဆုံး

# ဆယ့်နှစ်လရာသီပြ ကြယ်တာရာပုံများ

[ ညစဉ်,အချိန်မရွေး မြန်မာနှင့် ကမ္ဘာသုံးနက္ခတ်,ကြယ်တာရာ ကြည့်ရှုနည်း]

-ရှေးဦးသင်တို့အတွက် အသင့်လျော်ဆုံး, အလွယ်ကူဆုံးနှင့် အလျင်မြန်ဆုံး၊ မိုးကောင်းကင်နှင့် လက်တွေ့တိုက်ဆိုင်ကြည့်လိုက်တိုင်း ကွက်တိ မှန်ကန်နေမည်။ ပျော်ရွှင်စိတ်ဝင်စားလာစေမည်။

-ဝါသနာရှင်များအတွက် စံနစ်အကျဆုံး၊ ဤကြယ်ပုံများကို ရန်ကုန်မြို့ (N.16° 47') မှ တိုင်းတာဆွဲပြထားသော်လည်း မည်သည့်နေရာကမဆို ကြည့်နိုင်,ဆွဲနိုင်အောင် မထိန်မချန် (ဟင်းစားသာမက ကွန်ချက်ပါမကျန်) ရှင်းပြထားသည်။

-စိုက်ပျိုးချိန်, သီးပွင့်ချိန်နှင့် ဥတုရာသီပြ ကြယ်တာရာများအကြောင်းကို စုံလင်စွာ ဖော်ပြထားသည်။

-ရေကြောင်းနှင့် လေကြောင်းသုံး လက်ရွေးစင် ကြယ်တာရာများကို သီးသန့် ပြထားသေးသည်။

-တောကျောင်းနေတို့အတွက် အချိန်နှင့် အရပ်မျက်နှာပြ နက္ခတ်တာရာများကို တိတိကျကျ ရှင်းပြထားသည်။

-ဓာတု, ရူပ, ရုက္ခဗေဒ သိပ္ပံပညာရှင်များ၊ လောကီပညာဝါသနာရှင်များနှင့် ဆက်သွယ်နှီးနွယ်နေသည့် ကြယ်တာရာအကြောင်းရပ်များ ပါဝင်သည်။

-မြန်မာ့ကြယ်တာရာ အမည်များနှင့် သင်္ကရိုက် ပါဠိ, လက်တင်, အင်္ဂလိပ်အမည်များကို နှိုင်းယှဉ်ပြထားသည်။

-သဘာဝပြက္ခဒိန်နှင့် သဘာဝနာရီများကို မှန်ကန်စွာ ကြည့်တတ်စေမည်။ ၁၂-လနှင့် ၁၂-ရာသီတို့ ဆက်စပ်ဖြစ်ပေါ်လာပုံ-စသည်များကို လွယ်ကူစွာ သိစေသည်။

-နေစကြဝဠာ, နဂါးငွေ့တန်းစကြဝဠာ, အနန္တစကြဝဠာတို့အကြောင်းနှင့် ကမ္ဘာ့ဝင်ရိုးယိုင်စောင်းလျက် လှည့်ဝိုက်လည်ပတ်သဖြင့် အယန(Precession) ဖြစ်ပေါ်လာပုံကို ရှင်းလင်းစွာ ပြထားသည်။

# မုဒ္ဒါဘိသေကာဒိပဋ္ဌက(၅–ကျမ်းတွဲ)

## မာတိကာ


၁။ မုဒ္ဒါဘိသေကဒီပနီ [၇]

၂။ မြန်မာမဟာမင်္ဂလာမင်းခမ်းတော် ၁၂၁

၃။ မြသိန်းတန်စေတီ၊ ရွှေထီးတော်တင်မဟာမင်္ဂလာ
အခမ်းအနား ၃၄၅

၄။ မယ်တော်မာယာဝတ္ထုမှ မင်းခမ်းတော်များ ၃၇၁

၅။ မင်းခမ်းစပ်သွယ်၊ မှတ်ဖွယ်အထွေထွေ ၄၁၇

- ဘိသိက်ခဏ်း နှာ- ၄၁၈။ - ရတနာနဒီဘွဲ့မော်ကွန်း (ဦးပုည) - ၄၃၆

- ရတနာနဒီမော်ကွန်း(ကင်းဝန်)-၄၄၆။ - ပလ္လင်တော် ၈-ခန်းဘွဲ့- ၄၄၈။

ဤမုဒ္ဒါဘိသေကာဒိပဥ္စက(၅-ကျမ်းတွဲ)ကျမ်းကြီးကို
အဆက်မပြတ် ထုတ်ဝေနိုင်ရန် ရည်သန်၍ ငွေပဒေသာပင်
စိုက်ထူကာ ပညာသံဝဏ္ဏနိကကုသိုလ်ပြုကြသော
ဓမ္မဒါန ဒါယကာများ

------

ရန်ကုန်မြို့၊ ရွှေသုဝဏ်ကျောင်းတိုက်

၁၂-ကြိမ်မြောက်

**အေးမြစိုးဖောင်ဒေးရှင်း**

**ကထိန်အလှူတော်ကြီး၏**

ကထိနပရိဝါရ (ကထိန်နောက်ဆက်တွဲ အခြံအရံအလှူ)

ကထိန်ဒါယကာ, ဒါယိကာမများ

မိသားစုတို့ ကောင်းမှု

နတ်လူသာဓုခေါ်စေသောဝ်။

ဤမုဒ္ဒါဘိသေကာဒိပဥ္စက(၅-ကျမ်းတွဲ)ကျမ်းကြီးကို
အဆက်မပြတ် ထုတ်ဝေနိုင်ရန် ရည်သန်၍ ငွေပဒေသာပင်
စိုက်ထူကာ ပညာသံဝတ္တနိကကုသိုလ်ပြုကြသော
ဓမ္မဒါန ဒါယကာများ

------

ရန်ကုန်မြို့၊ ရွှေသုဝဏ်ကျောင်းတိုက်

၁၂-ကြိမ်မြောက်

**အေးမြစိုးဖောင်ဒေးရှင်း**

**ကထိန်အလှူတော်ကြီး၏**

ကထိနပရိဝါရ (ကထိန်နောက်ဆက်တွဲ အခြံအရံအလှူ)

ကထိန်ဒါယကာ, ဒါယိကာမများ

မိသားစုတို့ ကောင်းမှု

နတ်လူသာဓုခေါ်စေသော်၊